
www.burmeseclassic.com

# တစ်ကျော့ပြန် ဖုန်ကျားရှင်

**မန်းပိုးအေး**

(ဝါးခယ်မ)

စုစည်း
ပြန်ဆိုသည်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ဖြန့်ချိရေး - လွင်ဦးစာပေ (လှည်းတန်း)

ပထမအကြိမ်၊ ၂၀၁၅၊ အောက်တိုဘာလ

အုပ်ရေ - ၅၀၀

မျက်နှာဖုံးဒီဇိုင်း

ဇော်မောင်

ကွန်ပျူတာစာစီ

Dream City - 0973052433

ထုတ်ဝေသူ

ဦးလွင်ဦး (မြဲ-၀၀၇၉)

အမှတ် (၁၆-အေ)၊ လှည်းတန်း (၂)လမ်း၊

ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးကျော်ညွန့်၊ လမင်းပုံနှိပ်တိုက်၊ (မြဲ- ၀၀၄၆၀)

အမှတ် (၄၉)၊ ၈၇ လမ်း၊ ရန်ကုန်မြို့။

တန်ဖိုး - ၃၀၀၀ ကျပ်

၉၂၃.၂

မန်းဖိုးအေး (ဝါးခယ်မ)

တကျော့ပြန်ဖုန်ကျားရှင် /မန်းဖိုးအေး (ဝါးခယ်မ)။- ရန်ကုန်။

လွင်ဦးစာပေ (လှည်းတန်း)၊ ပထမအကြိမ်၊ ၂၀၁၅။

၂၅၀ - စာ၊ ၁၃.၃ X ၂၀.၉ စင်တီ။

(၁) တကျော့ပြန်ဖုန်ကျားရှင်

BURMESE CLASSIC .com

# တကျော့ပြန် ဖုန်ကျားရှင်

## မန်းဖိုးအေး (ဝါးခယ်မ)

စုစည်းပြန်ဆိုသည်

သန်းဝင်းလှိုင်
(တည်းဖြတ်သည်)

www.burmeseclassic.com

www.burmeseclassic.com



## လွှင်ဦးစာပေ (လှည်းတန်း)မှ မှာယူနိုင်သော စာအုပ်များ

၁။ ကျွန်ုပ်တို့နှင့် ဦးကျော်ငြိမ်း (ကလောင်စုံ) (မြောင်းမြဗဆွေ) စီစဉ်သည်
၂။ ပါလီမန်ဒီမိုကရေစီနှင့် ကျွန်တော် ဦးသုဝေ
၃။ ဗုဒ္ဓအလိုကျ ဘောဂဗေဒ ကျော်ဝင်း
၄။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြောင်းမြဗဆွေ စီစဉ်သည်။
ဗဟိုအဖွဲ့ဝင်များ၏ (၆၈)နှစ်မြောက်
ဖက်ဆစ်တော်လှန်ရေးနေ့ အထိမ်းအမှတ် စာစုများ
၅။ ဒေါမာန်ဟုန် (ဗမာပြည် ဒီမိုကရေစီတိုက်ပွဲ) စံဝင်းမောင်နှင့် မင်းမျိုးနိုင်
မြန်မာပြန်၍ မောင်ကြည်သစ် စီစဉ်တည်းဖြတ်သည်။
Outrage (Burma's Struggle For Democracy) By Bertil Lintner
၆။ နိုင်ငံရေးအာပတ်သက်ခြင်းနှင့် မြောင်းမြဗဆွေ အခြားဆောင်းပါးများ
၇။ ဗမာပြည်ကွန်မြူနစ်ပါတီ၏ နေထွက်ချိန်နှင့် နေဝင်ချိန်
The Rise and Fall of the Bertil Lintner ရေး၍
Communist party of Burma By ကျော်ဝင်း ဘာသာပြန်သည်။
၈။ အာဏာရှင် ဗိုလ်နေဝင်း၏ ဇာတ်သိမ်းခန်း သန်းဝင်းလှိုင်
၉။ သမိုင်းမှန်ကူကွက်များ ပြည်သူ့ဘက်တော်သား
၁၀။ ဦးသန်းရွှေ (သို့မဟုတ်) နေပြည်တော်မင်းသားကြီး သန်းဝင်းလှိုင်
၁၁။ ကုန်းဘောင်ခေတ် ဆောင်ကြာမြိုင်မှတ်တမ်း ချစ်စိန်လွင်
၁၂။ ကျောက်စိမ်းမြေ (Land of Jade by Bertil Lintner) နိုင်ဦး
၁၃။ ဦးခင်ညွန့်(သို့မဟုတ်)ရက်စက်မှုအပေါင်းသရဖူဆောင်းခဲ့သူ သန်းဝင်းလှိုင်
၁၄။ ငါတို့ဗိုလ်ချုပ်ဘာတွေလုပ်ခဲ့သလဲ သတင်းစာဆရာ ဦးပုကလေး
၁၅။ ရတနာနတ်မယ် (သို့) တစ်ခါတုန်းက သမ္မတကတော် သန်းဝင်းလှိုင်
၁၆။ ဘူးလက်လှဆွေ၏ ဦးလှဆွေ
ဖေ့(စ်)ဘုတ်...စာများ (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)
၁၇။ သက်နိုင် (၁) မင်းဒင်
၁၈။ သက်နိုင် (၂) မင်းဒင်
၁၉။ ဖြစ်ပျက်ရာပုံတော်ခရီးသည် မင်းဒင်
၂၀။ ရာဇဝင်ထဲမှာ ဘူးသီးတွေကို ထားရစ်ခဲ့နှင့် အခြားလက်ရွေးစင်စာများ မင်းဒင်
၂၁။ သရေစည်သူ ဆြာဒင်နှင့် ရွှေပင်ရွာတပ်းချင်းများ မင်းဒင်
၂၂။ ရပ်ကျော်ရာကျော် သရော်စာများ မင်းဒင်
၂၃။ နွားရိုင်းသွင်းချိန်စစ်တမ်း အတွေးအမြင်စာစုများ မင်းဒင်
၂၄။ ချစ်လွှန်းသူသို့ သရော်စာများ မင်းဒင်
၂၅။ သူတို့တိုက်ခဲ့ရသောစစ်နှင့် သူတို့ရှာနေသော ငြိမ်းချမ်းရေး သန်းဝင်းလှိုင်
၂၆။ ထို့ကြောင့် .... ဤသို့ ရဲဘော်ဇင်ထက်၊ ရဲဘော်ထွန်းသိန်း၊
(အရှေ့မြောက်တောင်တန်းများပေါ်က ရဲဘော်အောင်မင်း၊
ဗမာပြည်ကွန်မြူနစ်ပါတီ) ဗိုလ်မှူးကြီးဟောင်းစန်းပွင့်
၂၇။ ပုဂံသုတေသနလမ်းညွှန် ဦးဗိုကေ
၂၈။ တကျော့ပြန် ဖုန်ကြားရှင် မန်းဖိုးအေး (ဝါးခယ်မ)

BURMESE CLASSIC .com

## မာတိကာ

နိဒါန်း က
က။ ကိုးကန့်တိုင်းရင်းသားဆင်းသက်လာပုံ ၁
ခ။ ဖုန်ကျားရှင်နှင့် လော်စစ်ဟန်
၁။ လော်ရယ်၊ ဖုန်ရယ်၊ ဘိန်းရယ် ၆
၂။ ကျောင်းအတူတက်ခဲ့ကြတယ် ၈
၃။ တစ်ယောက်တစ်နေရာဆီ။ ၉
၄။ စော်ဘွားတပ်ဖွဲ့၊ လော်စစ်ဟန်တပ်ဖွဲ့၊ ၁၀
ဖုန်ကျားရှင်တပ်ဖွဲ့။
၅။ တစ်ခန်းထလာတဲ့ ရန်ကျဲန့်ယဲန့် ၁၄
ဂ။ ဘိန်းနှင့်ဗမာပြည်ကွန်မြူနစ်ပါတီ
၁။ ဘိန်းအစ ဗြိတိန်က ၁၆
၂။ ဘိန်းလုပ်ငန်း အတန်သင့် ကင်းခဲ့တဲ့ ဗကပ ၁၈
၃။ ဗကပတို့ ဘိန်း စတင်သယ်ဆောင်ပြီ ၁၉
၄။ ဗကပတို့ ဟီးရိုးအင်း စတင် ထုတ်လုပ်ပြီ ၂၃
ဃ။ ဗကပတော်လှန်ရေးနှင့် တရုတ်ကွန်မြူနစ်ပါတီ
၁။ ရခိုင်ဆန်လုပွဲမှသည် တရုတ်ဗမာအရေးအခင်းသို့ ၂၈
၂။ ဗကပတို့ကို အားပေးခြင်း အစပြုပြီ ၃၂
၃။ ပထမဦးဆုံး စခန်းသိမ်းထိုးစစ်– မုန်းကိုးတိုက်ပွဲ ၃၇
၄။ နော်ဆိုင်းဖက် နည်းနည်းလှည့်မယ် ၃၇
၅။ ဗကပထဲ ဝင်ရောက်လာမယ့် ကိုးကန့်တပ်ဖွဲ့ ၃၉
၆။ ဗကပတို့ရဲ့ အရင်းခံစွတ်ချွမ်းတပ်ဖွဲ့ ၄၁

www.burmeseclassic.com

www.burmeseclassic.com


**င။ နိုင်ငံတကာ အမျိုးသားလွတ်မြောက်ရေးနှင့် တရုတ်ကွန်မြူနစ် ပါတီခံယူချက် သဘောထားနှင့် လက်တွေ့ဆောင်ရွက်ချက်**

၁။ ငယ်နိုင် ဗကပ ကိုပြန်တိုက်ပြီ ၄၅
၂။ တရုတ်တို့ လက်ဝဲကူညီရေးတပ် စေလွှတ်ပြီ ၄၈
၃။ အပြတ်အသတ် နိုင်လိုက်တဲ့ တောင်လုံးတိုက်ပွဲ ၄၉

**စ။ တရုတ် - ဗမာ ကွန်မြူနစ်ပါတီနှစ်ရပ်အေးခဲစပြုပြီ**

၁။ တရုတ်ဖက်က စပြောပြီ ၅၈
၂။ တိန့်ရှောင်ဖိန်နှင့် သခင်ဗသိန်းတင် မချေမငံဖြစ်ကြပြီ ၆၁
၃။ ဗကပနှင့်အစိုးရတို့ ငြိမ်းချမ်းရေး ဆွေးနွေးခဲ့တယ် ၆၆
၄။ သခင်ဗသိန်းတင် ရှင်းပြပါတယ် ၆၇
၅။ သခင်ဗသိန်းတင်နှင့် ဟူရောက်ပန်းတို့ရဲ့ အဖုအထစ် ၇၁
၆။ မြန်မာပြည်အပြန်ခရီး လေဆိပ်မှာ ဦးနေဝင်းရဲ့ အမှာစကား ၇၃
၇။ ဗကပကို ဝေဖန်ခြင်း ၇၅
၈။ ဗကပတွင်းမှာ စစ်ပွဲကို ဦးဆောင်နိုင်တဲ့ စစ်ဗိုလ်မရှိဆိုတဲ့ ဝေဖန်ချက်ဂယက် ၇၈

**ဆ။ ကိုးကန့်တပ်ဖွဲ့ပုန်ကန်ခြင်း**

၁။ "၃.၁၁" အရေးအခင်း ၈၁
၂။ တော်လှန်ပုန်ကန်ခြင်းနှင့် မြစ်နောက်ဖက်ကမ်း ၉၃
၃။ အကောက်ကြံမှု ထမြောက်အောင်မြင်ခြင်း ၁၂၇
၄။ ဖုန်နှင့်လော် တိတ်တဆိတ် ချိတ်ဆက်ကြပြီ ၁၅၁

**ဇ။ ငုပ်ချည်ပေါ်ချည် ဖုန်ကျားရှင် နိုင်ငံရေးရာသီ**

၁။ ဖုန်နှင့် သူ့လက်အောက်ခံ ရန်းညီနောင်တို့ရဲ့ ရန်ပွဲ ၁၆၁
၂။ သတင်းထောက်တွေ သုံးသပ်ကြတဲ့ ကိုးကန့် ၁၉၁
၃။ သတင်းထောက်တွေ တွေ့မြင်နေ ဘဲ့ လောက်ကိုင် ၁၉၂
၄။ ကိုးကန့်တို့ရဲ့လူနေမှုစနစ် ယဉ်ကျေးမှုရေးရာနှင့် လူမျိုးရေးအစွဲအလန်း ၁၉၈
၅။ သမိုင်းကြောင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် ကိုးကွယ်မှုဆိုင်ရာ ယုံကြည်မှု ၁၉၉
၆။ ကိုးကန့်နှင့် ဘိန်း ၂၀၄
၇။ ကိုးကန့်ပညာရေး ၂၀၇

**ဈ။ ဟွမ်တို့မီ ပြောတဲ့ ဖုန်ကျားရှင်**

၁။ ဖုန်ကျားရှင်ရဲ့ ဇာမဏီမြို့နှစ်မြို့ ၂၁၂
၂။ ဖုန်ကျားရှင်ရဲ့ ပုံပန်းသဏ္ဌာန် ၂၁၇
၃။ ဖုန်ရဲ့ ဧည့်ခံညစာစားပွဲ ၂၂၀
၄။ ဟွမ်တို့မီကလောင်စွမ်းအောက်က ဖုန်ရဲ့ကေသာ ၂၂၂
၅။ ဘိန်းအကြောင်း ဖုန်ကျားရှင် နှုတ်ထွက်စကား ၂၂၄
၆။ ဟွမ်တို့မီ ပြောတဲ့ ဖုန်ကျားရှင် ဇနီးများ ၂၄၀


www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

အမှန်တကယ်တော့ ''တကျော့ပြန်ဖုန်ကျားရှင်'' ဆိုရင်ပိုပြီးမှန်ကန်ပါလိမ့်မယ်။ သူနဲ့ခေတ်ပြိုင်ကြီးတွေဖြစ်ကြတဲ့ ဘိန်းဘုရင် ခွန်ဆာ၊ လော်စစ်ဟာန်တို့ကတော့ အသီးသီး ဘဝနိဂုံးချုပ်ကုန်ကြပါပြီ။ မောင်ကျန်ရစ် ဖုန်ကျားရှင်ကတော့ မြုပ်ချည်၊ ပေါ်ချည်၊ ပြန်မြုပ်ချည် အလီလီဖြစ်ရာကနေ ၂၀၁၅ နှစ်ဆန်းပိုင်းမှာ ငုပ်လျှိုးပျောက်ကွယ်ရာ ''ဘွား''ကနဲမှ တကယ့် ရုတ်တရက်ကြီး ပေါ်ထွက်လာခဲ့ပါတယ်။

ဒီတစ်ချီ စတင်ထွက်ပေါ်လာတယ်ဆိုရင်ပဲ ဒေါသတကြီးနဲ့ မြန်မာအစိုးရကို အမြစ်ကနေတွန်းလှန်ပစ်မယ် ကြုံးဝါးစိန်ခေါ်လိုက်ပါတယ်။

စာရေးသူ မြန်မာပြန်ဆို ထုတ်ဝေပြီးဖြစ်တဲ့ **''အဆိပ်အတောက် ရွှေတြိဂံ''** စာအုပ်ထဲက ဖုန်ကျားရှင်အကြောင်း ဖတ်ခဲ့ရသူတို့က စာရေးသူကို ဖုန်ကျားရှင်အကြောင်း ထပ်မံရေးသားဖို့ တိုက်တွန်းခဲ့ကြပါတယ်။ စာရေးသူလည်း တရုတ်ဘာသာနဲ့ ရေးသားထားတဲ့ ဖုန်ကျားရှင်အကြောင်း ရေးသားချက် စာအုပ်တွေကို လက်လှမ်းမီသလောက် မွှေနှောက်ပြီး ဤစာအုပ်ကို ရေးသားလိုက်ပါတယ်။

❐

www.burmeseclassic.com

www.burmeseclassic.com

## (က) ကိုးကန့်တိုင်းရင်းသား ဆင်းသက်လာပုံ

ဖုန်ကျားရှင်၊ လော်စစ်ဟန်တို့ဆိုတာ ကိုးကန့်တိုင်းရင်းသားတွေပါ။ ခွန်ဆာကတော့ ဖခင်တရုတ်နှင့် မိခင်ရှမ်းတိုင်းရင်းသားတို့က ပေါက်ဖွားလာတာဖြစ်ပါတယ်။

သူတို့အကြောင်းသိဖို့ရာမှာ ရှေးဦးစွာ ကိုးကန့်တိုင်းရင်းသားတို့ မြန်မာနိုင်ငံဆီ ဘယ်ပုံဘယ်နည်း ဆင်းသက်လာရတဲ့သမိုင်းကြောင်းကို သိထားဖို့ လိုအပ်ပါတယ်။

စေ့စေ့ငုငု နောက်ကြောင်းပြန်လှေ့လာပါက-

ကိုးကန့်တိုင်းရင်းသားတို့ရဲ့ သမိုင်းအစကနဦးပိုင်းတုန်းက တရုတ်ပြည်၊ ယူနန်ပြည်နယ်မြို့တော် ခွန်မင်းမြို့ရဲ့ ပိစူပိုး (အဓမ္မလူသတ်ကုန်း) ကနေ အစချီတာ ဖြစ်ပါတယ်။ ဒါ့အပြင် တရုတ်ပြည်၊ မင်(Ming)မင်းဆက်ခေတ် (ခရစ်သက္ကရာဇ် ၁၃၆၈-၁၆၄၄) နှောင်းပိုင်း၊ ယုံလီမင်းကောခေ်နှင့် တော်တော်လေးကို ဆက်စပ်မှုရှိနေပါတယ်။ ကနေ့ဆိုရင် ကိုးကန့်တိုင်းရင်းသား အများအပြားက ကိုယ့်ကိုယ်ကိုယ် တော်ဝင်မျိုးနွယ်စုတို့ရဲ့ သား၊ မြေး၊ မြစ်တွေရယ်လို့ သတ်မှတ်ကြတယ်။ ဂုဏ်လဲ ယူကြပါတယ်။

ပိစူပိုးကုန်းက ခွန်မင်းမြို့၊ ဝူဟွာစန်းတောင်၊ အနောက်ဘက်တောင်ခြေ ဟွာစန်းတောင် အနောက်ဘက်လမ်း၊ မြောက်ဘက်အပိုင်းနဲ့ မတ်စောက်တဲ့ တောင်ကုန်းတွေ ဖြစ်ပါတယ်။ မင်မင်းဆက်ခေတ် (ခရစ်သက္ကရာဇ်

www.burmeseclassic.com

www.burmeseclassic.com



၁၃၆၈–၁၆၄၄)နှင့် ကျင်(Qing)မင်းဆက်ခေတ် (ခရစ်သက္ကရာဇ် ၁၆၄၄–၁၉၁၁) ခေတ် နှစ်ခေတ်စလုံး ဒီနေရာမှာပဲ မင်းမှုထမ်းအရာရှိ ရွေးချယ်ရေး စာမေးပွဲဝင် (ယနေ့ယူနန်တက္ကသိုလ်)နှင့် မြောက်ပိုင်းတံခါးအပြင် မြို့ဆင်ခြေဖုံးမြောက်ပိုင်းနှင့် လမ်းပေါက်တဲ့ အကယ့်အရေးပါတဲ့ ဆယ်သွယ်ရေးလမ်းမကြီး ဖြစ်နေပါပြီ။ ဟိုတုန်းကတော့ အဲဒီနေရာမှာ ကြက်ဆူဆီရောင်းတဲ့ဆိုင်တွေ ရှိခဲ့တယ်လို့လဲ ပြောကြပါတယ်။ ကြက်ဆူဆီကုန်းရယ်လို့လည်း တွင်ကျယ်ခဲ့ဖူးပါတယ်။

ခရစ်သက္ကရာဇ် ၁၆၅၈ ခုနှစ်၊ မတ်လ သမိုင်းရာဇဝင်မှာ ကွေ့ဘုရင်ရယ်လို့ နာမည်တွင်တဲ့ ယုံလိမင်းဧကရာဇ်ကျူးယို့လန်လက်ထက်၊ ထိုစဉ်က မင်မင်းဆက်ပျက်သုန်းလုနီးနီး အချိန်မှာ လယ်သမားသူပုန်ထမှုကြီး ပေါ်ပေါက်လာပါတယ်။ သူပုန်ခေါင်းဆောင်ပိုင်း ကျန်းရှဲန့်ကျုံးက အကြွင်းအကျန်တပ်သား ဗိုလ်လီတင့်ကို၊ ဗိုလ်ပိုင်ဝံရှန်းတို့ကို ဦးဆောင်ပြီး၊ အနောက်ဘက်ကနေ စုန်ဆင်းလာပါတယ်။ ၄င်းတို့က မင်မင်းဆက် တောင်ပိုင်းဘုရင်ရဲ့ အလံကိုလွှင့်ထူပြီး မန်ချူးတပ်နှင့် ရင်ဆိုင်စစ်ထိုးပါတယ်။

၁၆၅၈ခုနှစ်၊ အောက်တိုဘာလမှာ မင် (တောင်ပိုင်း) အကြွင်းအကျန်မှူးမတ်အနည်းငယ်တို့က ကိုယ်ရံတော်တပ်သားတို့ရဲ့ အစောင့်အရှောက်ကိုယူပြီး ဆင်းချလာကြပါတယ်။ ၄င်းတို့က နန်ကင်းလမ်းကြောင်းအတိုင်း၊ သုတ်ခြေတင် ပြေးဆင်းလာပြီး ယူနန်ရဲ့ကျူးယို့လန်ဆီကို ဆိုက်ရောက်လာကြပါတယ်။ နောက်ဆုံးတော့ ခွန်မင်းမြို့မှာမင်(တောင်ပိုင်း)ကို တည်ထောင်လိုက်ပါတယ်။ ဒါ့အပြင် ဝူဟွာစန်းတောင်ပေါ်မှာ ဘုရင့်နန်းတော်တည်ဆောက်လိုက်ပါတယ်။ ပိစူပိုးကြက်ဆူဆီကုန်းက စည်းကားသိုက်ဝန်းလာပါတယ်။

ကျင်မင်းဆက်၊ စွန့်ကျူဘုရင် (၁၆) နှစ်မြောက် (သက္ကရာဇ် ၁၆၅၉) ပထမလ၊ လဆန်း ၃ရက်မှာ မန်ချူးဗိုလ်ချုပ် ဝူစန်းကွေ့က စစ်သည်အင်အားတစ်သိန်းဖြင့် ခွန်မင်းဆီ စစ်ချီလာပါတယ်။ နန်မိန် (တောင်ပိုင်းမင်) နန်းတွင်းအင်အားစုက ခွန်မင်းမြို့ကို လက်လွှတ်လိုက်ရပါတယ်။ ခွန်မင်းကို စွန့်လွှတ်လိုက်ပြီး ပေါင်စန်း ထိန်ချုန်းမှာ စစ်ရှုံးပြီး ဆုတ်ခွာလာပါတယ်။ ဒီလိုနဲ့ စုန်ဆင်းဆုတ်ခွာရင်းက မြန်မာနိုင်ငံထဲဆီ ဝင်ရောက်လာကြပါတယ်။



စစ်ရေးရှုံးနိမ့်လာတဲ့ နန်မင်(မင်တောင်ပိုင်း) မြင့်စီးကျွမ်းစစ်တပ်ကြီးက စစ်ရေးတရှုံးတည်း ရှုံးနိမ့်နေပေမယ့်လည်း အင်မတန် တိုက်ရည်ခိုက်ရည်ရှိပြီး ရဲစွမ်းသတ္တိရှိတဲ့ "လို" (လော်စစ်ဟန်နှင့် မျိုးနွယ်တူ) ဆွေမျိုးစုတပ်မှူးတစ်ယောက် ပေါ်ထွန်းလာပါတယ်။ အဲဒီတပ်မှူးကြီးရဲ့ မျိုးနွယ်စု ဆယ်ဆက်မြောက်ကဖြင့် နောင်တစ်ချိန်ရွှေတြိဂံမြေမှာ ဘိန်းရာဇာအဖြစ် ထင်ရှားလာမယ့် လော်စစ်ဟန်ပါပဲ။

"မင်သမိုင်းမှတ်တမ်း" အရ၊ မင်တပ်မှူးကြီး ကျူးယိုလန်ဟာ၊ နောက်လိုက်နောက်ပါ လူသူအယောက် ၁၅၀၀ ကျော်ကို ဦးဆောင်ပြီး တိန်ယွဲ့ (ယခု- ထိန်ချုန်း)ကို ကျော်ဖြတ်ပြီး အနောက်ဘက်ဆီ ထွက်ပြေးတိမ်းရှောင်လာပါတယ်။ မြန်မာနိုင်ငံ မင်းနေပြည်တော် (ထိုစဉ်က အင်းဝမြို့တော်ဟောင်း)ဆီ ဝင်ရောက်လာပြန်တယ်။ အခြေအနေကိုကြည့်ပြီး မြန်မာဘုရင်က ၄င်းတို့ကို မြန်မာနိုင်ငံမြောက်ဘက်က တောင်တန်းဒေသတွေမှာ နေထိုင်ခွင့်ပေးလိုက်ပါတယ်။

သက္ကရာဇ် ၁၆၆၁ခုနှစ်၊ မြန်မာ့ထီးနန်း အပြောင်းအလဲမှာ ဘုရင်သစ် မန်ပိုင် (မန်ပိုင်ဘုရင်ဆိုတာ မြန်မာ့သမိုင်းမှာ တောင်ငူခေတ်၊ ပြည်မင်းလို့ ယူဆရပါတယ် မြန်မာပြန်ဆိုသူ) မင်း နန်းတက်လာတော့ အနေအထားကို ရှုမြင်သုံးသပ်မိပြီး လက်ရွေးစင်တပ်သားတွေနဲ့ ညဥ့်ဦးပိုင်းမှာ ဝင်တိုက်ပါတယ်။ စစ်ရှုံးပြီး ဝင်ရောက်လာတဲ့ နန်မင် (တောင်ပိုင်းမင်) မှူးမတ်၊ စစ်သည်၊ တပ်မှူး တစ်ဆယ်ကျော်ကို ခုတ်သတ်ရှင်းလင်းလိုက်ပါတယ်။ မင်မင်းဆက် နောက်ဆုံးဘုရင်ကို ဖမ်းဆီးအကျဉ်းချလိုက်ပါတယ်။

၁၆၆၂ ခုနှစ်၊ နန်းမင် (တောင်ပိုင်းမင်) ဝူစန်းကွေ့က လူအင်အား တစ်သိန်း မြင်းတပ်နှင့်ပါ နကျန်း (မြန်မာနိုင်ငံဘက်ဆီ ရောက်တော့ သံလွင်မြစ် မြန်မာပြန်ဆိုသူ)ကြီးကို ဖြတ်ကျော်ပြီး မြန်မာနိုင်ငံ မန္တလေးဆင်ခြေဖုံးဆီ တိုက်ရိုက်ရောက်ရှိလာပါတယ်။ မန်ပိုင်မင်း (ပြည်မင်း)က ယုံလိဘုရင်မင်းမြတ်ရယ်၊ ၄င်းရဲ့ မယ်တော်၊ မိဖုရား၊ မောင်းမမိသံတို့ကို ဖမ်းဆီးပြီး မန်ချူးမင်းလက်ထဲ ဝကွက်အပ်နှင်းလိုက်ပါတယ်။ ဒါက နှစ်နိုင်ငံ အေးချမ်းရေးအတွက် မြန်မာတို့ဘက်က လုပ်ဆောင်လိုက်တာ ဖြစ်ပါတယ်။ နန်းမင် (တောင်ပိုင်းမင်) ဘုရင်ကို ခွန်မင်းမြို့ဆီ ချုပ်နှောင်ခေါ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



သွားပါတယ်။ မြန်မာဘုရင်က မန်ချူးဘုရင်ရဲ့ ငြိငြင်မှုကို မခံရလေအောင် လုပ်ဆောင်လိုက်ခြင်း ဖြစ်ပါတယ်။ တရားခံ ကျူးယိုလန်ကို ပီစူပိုးကုန်းရဲ့ ကျွန်းချန်ဘုရားကျောင်း (ယနေ့ လိမင်ရှန့်)မှာ ချုပ်နှောင်ထားလိုက်ပါတယ်။ မန်ချူးဘုရင်က ခန်းရှီးခုနှစ် လေးလပိုင်း (၁၆၆၂ခုနှစ်)မှာ နန်းမိန်ဘုရင်ကို မန်ချူးစစ်သူကြီး ဂူစန်းကွေ့က လေးညှို့ကြိုးနဲ့ ပီစူပိုးကုန်းထက်မှာ အတင်းအဓမ္မပဲ လည်မျိုကိုညှစ် သတ်လိုက်ပါတယ်။ မင်မင်းဆက်ခေတ် အပြီးသတ် ပျောက်ကွယ်သွားပါပြီ။

လည်မျိုညှစ်အသတ်ခံလိုက်ရတဲ့ နန်းမိန်မင်းရဲ့ အခြွေအရံများဖြစ်တဲ့ အကြွင်းအကျန်တပ်သား အရေအတွက် ထောင်ချီရှိတဲ့ စစ်ပြေးဒုက္ခသည်ဆီတွေက မာလီပါးဆည့်ရှိရာဆီ ပြေးလာကြပါတယ်။ ဒီနေရာ၊ ဒီဒေသ၊ အမည်နာမရဲ့ မြန်မာလို အဓိပ္ပာယ်က ``အရိုင်းအစိုင်းဆုံး နယ်မြေ'' ဖြစ်ပါတယ်။ ယခုအခါ ``မြန်မာနိုင်ငံ ကိုးကန့်ခရိုင်'' ဆိုပြီး တွင်ကျယ်နေပါပြီ။ ပိုင်းခြားထားတဲ့ ကိုးကန့်နယ်မြေပိုင်းပိုင်းကြီးဟာ မြင့်မားများပြားလှတဲ့ တောင်ကုန်းတွေက အနှံ့အပြားပါ။ အဓိကကျတဲ့ တမန်တာရိုးကြီးသုံးခုနဲ့ ဖွဲ့စည်းထားပါတယ်။ ဒီအထဲမှာ အကျော်ကြားဆုံးကတော့ ဘိန်းအမြောက်အများထွက်ရှိတယ်လို့ တွင်ကျယ်နေတဲ့ မာလီပါး ဖြစ်ပါတယ်။ ပျမ်းမျှခြင်း ပင်လယ်ရေမျက်နှာပြင်အထက် ၁၂၁၆မီတာ အမြင့်ရှိပြီး၊ နှစ်စဉ်ပျမ်းမျှအပူချိန် ၁၆.၈၁ရှိပြီး မိုးရေချိန်ကတော့ ပျမ်းမျှ ၁၆၇၄မီလီမီတာ ရှိပါတယ်။

ဘဝဇာတိရင်းမြစ်ကို ဖုံးကွယ်ထားပြီး မထင်မရှား အခြေချနေထိုင်ခဲ့ကြတဲ့ ကနေ့ကိုးကန့်နယ်မြေက ဟန်တရုတ်မျိုးနွယ်ဖွားတို့က တကယ်တော့ တရုတ်ပြည် မင်နောက်ဆုံးမင်းဆက်တုန်းက မှူးမတ်တပ်၊ ဗိုလ်တပ်သားတို့ရဲ့ ဆင့်ပွားမျိုးဆက်များကို အချက်အချာ မဏ္ဍိုင်ထားကြခြင်း ဖြစ်ပါတယ်။ အဲဒီသူတွေထဲက ကွန်ဖူးသိုင်းပညာ အဆင့်မြင့်မားလှတဲ့ ``ရန်'' ဆွေမျိုးမိသားစု တစ်စု ရှိပါသေးတယ်။ သူ့အဘိုး စစ်သူကြီး မုရင်းဆိုတာ ယူနန်ဒေသကို အခြေချ ရောက်ရှိစဉ်ကာလတုန်းက အားထားရတဲ့ သူရသတ္တိရဲစွမ်းမှုရှိတဲ့ စစ်သူကြီး ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာလဲ ယူနန် အနောက်တောင်ပိုင်းမှာ သမိုင်းစဉ်တစ်လျှောက်လုံး ကြံ့ကြံ့ခံ စောင့်ကြပ်ခဲ့တဲ့ စစ်



သူကြီးလည်း ဖြစ်ပါတယ်။ အနောက်တောင်ပိုင်း နယ်မြေဒေသ၊ ပထဝီအနေအထားရော၊ ပြည်သူပြည်သားတို့ရဲ့ စိတ်နေသဘောထားကိုပါ နှံ့နှံ့စပ်စပ် သိမြင်တဲ့သူလည်း ဖြစ်ပြန်တယ်။ အကြီးအကဲ ရန်ဟာ ယင်းနယ်မြေရဲ့ စော်ဘွားအဖြစ် လေးစားအသိမှတ်ပြုခံရပါတယ်။ နန်းမိန်မင်းဘက်တော်သား စစ်ပြေးဒုက္ခသည် ပြည်သူပြည်သားများကို ဦးစီးဦးဆောင်ကွပ်ကဲ အုပ်ချုပ်ပြီး မန်ချူးတပ်ဖွဲ့ရဲ့ လိုက်လံသတ်ဖြတ်မှုကို ခုခံကာကွယ်ပေးနေရပါတယ်။ မူလဌာနေ တိုင်းရင်းသားတို့နှင့် အချင်းများပြီး ငြိုးသူရန်ဘက်တွေ ဖြစ်ကုန်ကြရပါတယ်။ ရိုးသားဖြောင့်မတ်ပြီး သဘောထားကောင်းလှတဲ့ မူလဌာနေ တိုင်းရင်းသားတို့က ကြမ်းကြမ်းတမ်းတမ်း ဒရကြမ်း ထိုးနှက်တိုက်ခိုက်လာကြတဲ့ ဧည့်နိုင်ငံသားတို့နှင့်က ဘယ်လိုမှ ယှဉ်ပြိုင်တိုက်ခိုက်နိုင်စွမ်း မရှိချေ။ တွန်းလှန်တိုက်ခိုက်ရင်းက တစစဖြင့် တောနက်ရိုင်းကြီးထဲဆီ ဆုတ်ခွာလာကြရပါတယ်။ တရုတ်အမျိုးသား ဘုံကျောင်းအဖွဲ့အစည်းတစ်ခုက မြန်မာပြည်မြောက်ဘက် ကုန်းပြင်မြင့်မှာ အရေအတွက် သိန်းချီများပြားလှတဲ့ သမိုင်းအထောက်အထားကို တူးယူရရှိခဲ့ဖူးပါတယ်။ ဒီနောက်ပိုင်းမှာ ကိုးကန့်စော်ဘွားများနှင့် လှိုင်ကော်စော်ဘွားတို့က တရုတ်ပဒေသရာဇ်မင်းဧကရာဇ်အုပ်ချုပ်မှု အမွေအနှစ်ကို ဆက်ခံလိုက်ကြပါတယ်။ တစ်လျှောက်လုံး အုပ်ချုပ်လာခဲ့တာမှာ ၁၉၆၂ ခုနှစ် ရောက်လေတော့မှ ရန်မိသားစုနှင့် ဗိုလ်ချုပ်နေဝင်းတို့ ညှိနှိုင်းသဘောတူညီချက် ရရှိသွားပါတယ်။

❒

www.burmeseclassic.com

www.burmeseclassic.com



သွားပါတယ်။ မြန်မာဘုရင်က မန်ချူးဘုရင်ရဲ့ ငြိုငြင်မှုကို မခံရလေအောင် လုပ်ဆောင်လိုက်ခြင်း ဖြစ်ပါတယ်။ တရားခံ ကျူးယိုလန်ကို ပိစုပိုးကုန်းရဲ့ ကျုန်းချန်ဘုရားကျောင်း (ယနေ့ လိမင်ရှန့်)မှာ ချုပ်နှောင်ထားလိုက်ပါတယ်။ မန်ချူးဘုရင်က ခန်းရှီးခုနှစ် လေးလပိုင်း (၁၆၆၂ခုနှစ်)မှာ နန်းမိန်ဘုရင်ကို မန်ချူးစစ်သူကြီး ဝူစန်းကွေ့က လေးညှို့ကြိုးနဲ့ ပိစုပိုးကုန်းထက်မှာ အတင်းအဓမ္မပဲ လည်မျိုကိုညှစ် သတ်လိုက်ပါတယ်။ မင်မင်းဆက်ခေတ် အပြီးသတ်ပျောက်ကွယ်သွားပါပြီ။

လည်မျိုညှစ်အသတ်ခံလိုက်ရတဲ့ နန်းမိန်မင်းရဲ့ အခြွေအရံများဖြစ်တဲ့ အကြွင်းအကျန်တပ်သား အရေအတွက် ထောင်ချီရှိတဲ့ စစ်ပြေးဒုက္ခသည်ဆီတွေက မာလိပါးဆည်ရှိရာဆီ ပြေးလားကြပါတယ်။ ဒီနေရာ၊ ဒီဒေသ၊ အမည်နာမရဲ့ မြန်မာလို အဓိပ္ပာယ်က "အရိုင်းအစိုင်းဆုံး နယ်မြေ" ဖြစ်ပါတယ်။ ယခုအခါ "မြန်မာနိုင်ငံ ကိုးကန့်ခရိုင်" ဆိုပြီး တွင်ကျယ်နေပါပြီ။ ပိုင်းခြားထားတဲ့ ကိုးကန့်နယ်မြေဝိုင်းဝိုင်းကြီးဟာ မြင့်မားများပြားလှတဲ့ တောင်ကုန်းတွေက အနှံ့အပြားပါ။ အဓိကကျတဲ့ တမန်တာရိုးကြီးသုံးခုနဲ့ ဖွဲ့စည်းထားပါတယ်။ ဒီအထဲမှာ အကျော်ကြားဆုံးကတော့ ဘိန်းအမြောက်အများထွက်ရှိတယ်လို့ တွင်ကျယ်နေတဲ့ မာလိပါး ဖြစ်ပါတယ်။ ပျမ်းမျှခြင်း ပင်လယ်ရေမျက်နှာပြင်အထက် ၁၂၁၆မီတာ အမြင့်ရှိပြီး၊ နှစ်စဉ်ပျမ်းမျှအပူချိန် ၁၆.၈၁ရှိပြီး မိုးရေချိန်ကတော့ ပျမ်းမျှ ၁၆၇၄မီလီမီတာရှိပါတယ်။

ဘဝဇာတိရင်းမြစ်ကို ဖုံးကွယ်ထားပြီး မထင်မရှား အခြေချနေထိုင်ခဲ့ကြတဲ့ ကနေ့ကိုးကန့်နယ်မြေက ဟာန်တရုတ်မျိုးနွယ်ဖွားတို့က တကယ်တော့ တရုတ်ပြည် မင်နောက်ဆုံးမင်းဆက်တုန်းက မှူးမတ်တပ်၊ ဗိုလ်တပ်သားတို့ရဲ့ ဆင့်ပွားမျိုးဆက်များကို အချက်အချာ မထွိုင်ထားကြခြင်း ဖြစ်ပါတယ်။ အဲဒီသူတွေထဲက ကွန်ဖူးသိုင်းပညာ အဆင့်မြင့်မားလှတဲ့ "ရန်" ဆွေမျိုးမိသားစု တစ်စု ရှိပါသေးတယ်။ သူ့အဘိုး စစ်သူကြီး မုရင်းဆိုတာ ယူနန်ဒေသကို အခြေချ ရောက်ရှိစဉ်ကာလတုန်းက အားထားရတဲ့ သူရသတ္တိရဲစွမ်းမှုရှိတဲ့ စစ်သူကြီး ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာလဲ ယူနန် အနောက်တောင်ပိုင်းမှာ သမိုင်းစဉ်တစ်လျှောက်လုံး ကြံ့ကြံ့ခံ စောင့်ကြပ်ခဲ့တဲ့ စစ်



သူကြီးလည်း ဖြစ်ပါတယ်။ အနောက်တောင်ပိုင်း နယ်မြေဒေသ၊ ပထဝီအနေအထားရော၊ ပြည်သူပြည်သားတို့ရဲ့ စိတ်နေသဘောထားကိုပါ နှံ့နှံ့စပ်စပ် သိမြင်တဲ့သူလည်း ဖြစ်ပြန်တယ်။ အကြီးအကဲ ရန်ဟာ ယင်းနယ်မြေရဲ့ စော်ဘွားအဖြစ် လေးစားအသိမှတ်ပြုခံရပါတယ်။ နန်းမိန်မင်းဘက်တော်သား စစ်ပြေးဒုက္ခသည် ပြည်သူပြည်သားများကို ဦးစီးဦးဆောင်ကွပ်ကဲ အုပ်ချုပ်ပြီး မန်ချူးတပ်ဖွဲ့ရဲ့ လိုက်လံသတ်ဖြတ်မှုကို ခုခံကာကွယ်ပေးနေရပါတယ်။ မူလဌာနေ တိုင်းရင်းသားတို့နှင့် အချင်းများပြီး ငြိုးသူရန်ဘက်တွေ ဖြစ်ကုန်ကြရပါတယ်။ ရိုးသားဖြောင့်မတ်ပြီး သဘောထားကောင်းလှတဲ့ မူလဌာနေတိုင်းရင်းသားတို့က ကြမ်းကြမ်းတမ်းတမ်း ဒရကြမ်း ထိုးနှက်တိုက်ခိုက်လာကြတဲ့ ဧည့်နိုင်ငံသားတို့နှင့်က ဘယ်လိုမှ ယှဉ်ပြိုင်တိုက်ခိုက်နိုင်စွမ်း မရှိချေ။ တွန်းလှန်တိုက်ခိုက်ရင်းက တစစဖြင့် တောနက်ရှိုင်းကြီးထဲဆီ ဆုတ်ခွာလာကြရပါတယ်။ တရုတ်အမျိုးသား ဘုံကျောင်းအဖွဲ့အစည်းတစ်ခုက မြန်မာပြည်မြောက်ဘက် ကုန်းပြင်မြင့်မှာ အရေအတွက် သိန်းချီများပြားလှတဲ့ သမိုင်းအထောက်အထားကို တူးယူရရှိခဲ့ဖူးပါတယ်။ ဒီနောက်ပိုင်းမှာ ကိုးကန့်စော်ဘွားများနှင့် လှိုင်ကော်စော်ဘွားတို့က တရုတ်ပဒေသရာဇ်မင်းဧကရာဇ်အုပ်ချုပ်မှု အမွေအနှစ်ကို ဆက်ခံလိုက်ကြပါတယ်။ တစ်လျှောက်လုံး အုပ်ချုပ်လာခဲ့တာမှာ ၁၉၆၂ ခုနှစ် ရောက်လေတော့မှ ရန်မိသားစုနှင့် ဗိုလ်ချုပ်နေဝင်းတို့ ညှိနှိုင်းသဘောတူညီချက် ရရှိသွားပါတယ်။

❐

www.burmeseclassic.com

www.burmeseclassic.com

# (၁) ဖုန်ကျားရှင်နှင့် လော်စစ်ဟန်

## (၁–ခ) လော်ရယ်၊ ဖုန်ရယ်၊ ဘိန်းရယ်

အကြောင်းမသိသူတွေရဲ့ အမြင်က ဖုန်ကျားရှင်ဟာ လော်စစ်ဟန်ရဲ့ ရန်သူဟောင်းဖြစ်တယ်ရယ်လို့ ထင်ကြပါတယ်။

အမှန်ကတော့ တစ်ချိန်က ဖုန်ကျားရှင်ဟာ လောစစ်ဟန်နှင့် တွဲဖက်ပြီး ကိုးကန့်အရေးတော်ပုံကြီးကို အခြေပြုခဲ့တဲ့သူတွေ ဖြစ်ကြပါတယ်။ ရွှေတြိဂံနယ်မြေဒေသမှာ သူတပိုလ်ငါတမင်းအဖြစ် စိုးမိုးခဲ့ပါတယ်။ ကမ္ဘာ့မူးယစ်ဆေးဝါး ဘိန်းရာဇာကြီးတို့ရဲ့ ထင်ရှားကျော်ကြားတဲ့ သမိုင်းတစ်ခု ပေါ်ပေါက်ခဲ့ပါတယ်။ သူတို့နှစ်ဦးသားက တစ်ရပ်တစ်ခွေတည်း ဖြစ်ကြပါတယ်။ ရေကို ပိုင်းခြားမရသလို သူတို့နှစ်ဦးကလည်း ဖြတ်တောက်မရတဲ့ မေတ္တာသံယောဇဉ်တွေက မတူခြားနား ပဋိပက္ခတွေများ လျော့ပါးသွားတဲ့အခါမျိုးတွေမှာ ရင်းနှီးကျွမ်းဝင်ကာ အကြင်နာတရားတွေ ရှင်သန်လာပြန်တယ်။ ဆက်ဆံရေးတွေက အေးစက်ရာကနေ တရင်းတနှီး နွေးထွေးရှင်သန်လာပြန်တယ်။ ဒါတွေက သူတို့ကြားမှာ ဘယ်လိုမှ ဖြတ်တောက်လို့ မရနိုင်တဲ့ အခိုင်မာဆုံး သံယောဇဉ်ကြိုးတစ်မျှင် ဖြစ်နေတာကြောင့်ပါပဲ။ အဲဒါက မာလိပါးတို့ရဲ့ ထူးခြားချက် ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ မိတ်ဆွေအပေါင်းအသင်းတို့အပေါ်မှာတော့ နေဝန်းထွက်စနံနက်ခင်း ဖြစ်ပြီး၊ ရန်သူအဖို့ကတော့ ဝင်တော့မယ့်



နေမင်းရဲ့ ညနေဆည်းဆာအချိန်လိုပါပဲ ကိုးကန့်တို့အချင်းချင်း အတွင်းရေး ပဋိပက္ခ တွေများပြားလှပါတယ်။ အတွင်းရေး ပဋိပက္ခကနေ မညှာမတာ သတ်ကြဖြတ်ကြတာကလည်း မကြာခဏပါပဲ။ ကိုးကန့်ကို လူတွေက စိုးရိမ်ကြောင့်ကြပြီး ပြောဆိုခဲ့တဲ့ စကားတစ်ခွန်း ရှိပါတယ် "အကြိမ်ကြိမ်အဖန်ဖန် ဆန့်ကျင်တိုက်ခိုက်တဲ့နယ်မြေ"တဲ့။ ဒီလိုမျိုး သဘောသဘာဝ ရှိနေတယ် ဆိုပေမယ့်လည်း သူတို့ဟာ "ကျောချင်း" ကပ်ကြတဲ့ တစ်ချိန်တည်းမှာတော့ တောင့်တင်းခိုင်ခန့်တဲ့ အစုကြီးတစ်ခုအဖြစ် ပြန်လည် ပေါင်းစည်း သွားကြပြန်တယ်။ ဒါကို မျက်ကွယ်နေလို့ မရပါ။

တကယ်လည်း ဟုတ်မှန်နေပါတယ်။ ဒီလိုမျိုးနွယ်စုတစ်ခုက အချင်းများလိုက် ပြန်တည့်လိုက် ခွာပြဲလိုက် သံသရာလည်နေပါတယ်။ အတွင်းရေး ရှုပ်ထွေးလွန်းလှတဲ့ သူတို့ရဲ့ဘုရင် ရာဇပလ္လင်ကို ဘယ်သူတိုင်ထိုင် ခိုင်မြဲမှုက ရှိစမြဲပါ။ နေရာထိုင်ခင်း မြဲမြံရုံတင် မကသေးပါ ပြင်ပလောကအထိ ဩဇာသက်ရောက်မှု ရှိနေပြန်ပါသေးတယ်။ ကိုးကန့်နယ်မြေရဲ့ ပြင်ပအထိ ဩဇာကျယ်ပြန့်ခဲ့တာကတော့ ရန်စော်ဘွားမျိုးနွယ် လက်ထက်ကတည်းက မာလိပါးသားက နယ်မြေအတိုင်းအတာတစ်ခုကို စိုးမိုးအုပ်ချုပ်ပါတယ်။ စော်ဘွားတွေ ပျက်သုန်းပျောက်ကွယ်သွားတော့ စော်ဘွားမျိုးဆက်ဖြစ်တဲ့ မမလေး အောလစ်ရန်းက သံလွင်မြစ် အရှေ့ဘက်ကမ်းကို ကိုးကန့်သားတို့ရဲ့ စီးပွားရေး လက်သဲရှည်ကြီးနဲ့ ရွှေတြိဂံရဲ့ လည်မျိုဒေသတဝိုက်ကို ထိုးစိုက်ပစ်လိုက်ပါတယ်။ ဒါ့အပြင် အဲဒီစီးပွားရေး အဓိက ပင်မသွေးကြော နယ်မြေကြီးကို ကြီးစိုးချုပ်ကိုင်လိုက်ပါတယ်။ အဲဒီ စီးပွားရေးသွေးကြော အကြီးကတော့ ဘိန်းကုန်သွယ်မှုပါပဲ။

အရိုက်အရာ ဆက်ခံခဲ့တဲ့ လော်စစ်ဟန်လက်ထက်က မြင်းခွာနေရာမှာ ကားဘီးရာတွေ အစားထိုး နင်းချေလိုက်ပါတယ်။ မမလေး အောလစ်ရန်းရဲ့ ကြွယ်ဝတဲ့ စည်းစိမ်ဥစ္စာတွေနဲ့ ဒေသခံ ဘုရင်အရိုက်အရာကို ဆက်ခံလိုက်ပြီး အရှိန်အဟုန် မြန်မြန်သွက်သွက်နဲ့ ရွှေတြိဂံဒေသတစ်ခုလုံးအထိ ချဲ့ထွင်လိုက်တယ်။ တြိဂံ သေးသေးကွေးကွေးလေးကို ဧရာမပိရမစ်ကြီးတွေ ဖြစ်အောင် အကြီးအကျယ် ချဲ့ထွင်လိုက်ပါတယ်။

လော်စစ်ဟန် နှောင်းပိုင်းကာလရဲ့ ကိုးကန့် ဘိန်းဘုရင် အရိုက်အရာမှာ

www.burmeseclassic.com

www.burmeseclassic.com



အလှည့်ကျသူကတော့ ဖုန်ကျားရှင်ပါပဲ။ အောလစ်ရန်းနှင့် လော်စစ်ဟန်တို့ နှစ်ဦးသား ပေါင်းစည်းရာမှ တဖန် အကျိုးတူ ပူးပေါင်းမှုတွေ ပြန်ဖြစ်လာကြပြန်တယ်။ ဘယ်သူ ဘယ်ဝါကပဲ ကိုးကန့်ဘုရင် တက်လုပ်လုပ် ဟောဒီ ရှမ်းပြည်နယ် တောင်ပေါ်မြေတပြင်လုံးမှာ ပေါ်ပီပန်းတွေ အလှကြွယ်ကြွယ်နဲ့ ဝေဆာပွင့်လန်းနေမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဟောသလိုမျိုး တင်စားလို့ရနိုင်ပါတယ်။

ဒီခေတ်၊ ဒီကာလ၊ ဒီကိုးကန့်မင်းရဲ့ ရာဇပလ္လင်က ပေါ်ပီမြေပြင်ပေါ်မှာ တည်ရှိနေပါတယ်။ ကိုးကန့် မင်းဧကရာဇ်က ပေါ်ပီပန်းခင်းထဲမှာ လမ်းသလားနေမှာ ဖြစ်တယ်။ ဘုရင်မင်းမြတ်ရဲ့ ခြေထောက်နင်းထားတာက ဘိန်းစီးပွားရေး မြေသားလျှင် ဖြစ်ပေတယ်။

အောလစ်ရန်း ခေတ်တွေတုန်းက ဖုန်ကျားရှင်ဆိုတာ ပမွှားလေး တစ်ယောက်ပါ။ ဖုန်က လော်ထက် အသက်နှစ်နှစ်ကြီးပါတယ်။ သားအကြီးဆုံးဖြစ်တယ်။ ဘိုးစဉ်ဘောင်ဆက် ချမ်းသာကြွယ်ဝတဲ့ လော်စစ်ဟန်လိုမျိုး မဟုတ်ပါ။ သူ့ရဲ့ ဘိုးဘေးစဉ်ဆက်က အတော်လေး ချို့တဲ့ရှာပါတယ်။ ဒါပေမယ့် သူ့အဘိုးက စာပေမြတ်နိုးတဲ့သူ ဖြစ်တယ်။ သားသမီး၊ မြေး၊ မြစ်တွေကို စာပေမှာ မွေ့လျော်နိုင်ဖို့အတွက် ဖုန်မျိုးနွယ်စုတို့က အလေးထားပါတယ်။

## (၂-ခ) ကျောင်းအတူ နေခဲ့ကြတယ်

ကိုးကန့်မှာ အစိုးရ (ကိုးကန့်အစိုးရဆိုတာကို ရည်ညွှန်းတာပါ) မူလတန်းကျောင်း ဖွင့်လှစ်တော့ ဖုန်ကျားရှင်ကို တရုတ်ပြည် ကျဲန့်ခန်းမြို့ တက်တန်းရွာရဲ့ မူလတန်းကျောင်းကို ပို့ထားပါတယ်။ တက်တန်းရွာက ကျောင်း အတူတက်တဲ့ ကျောင်းသားတစ်ယောက်ရဲ့ အိမ်မှာ ဖုန်ကျားရှင် နေထိုင်ပြီး ကျောင်းတက်ပါတယ်။ ဒီတုန်းက သင်ကြားရတဲ့ စာတွေက ရှေးဟောင်းတရုတ်စာပေတွေပါ။ သင်ရိုးညွှန်းတန်းအားလုံး (သုံးလုံး ဆက် သံပေါက် သတ်ပုံကျမ်း) လိမ္မာမှု၊ မဈ္ဈိမပဋိပဒါတရား၊ ကွန်ဖြူးရှပ်သြဝါဒကျမ်း၊ အဲဒီ ကွန်ဖြူးရှပ်အယူဝါဒ ပညာရေး ဖြစ်ပါတယ်။ ဖုန်ကျားရှင်က စာပေ ဖတ်ရှုရာမှာ အင်မတန်ဝါသနာပါတဲ့ ကျောင်းသား ဖြစ်ပါတယ်။



၁၉၄၆ခုနှစ်၊ ကိုးကန့်မှာ အစိုးရ (ကိုးကန့် အုပ်ချုပ်ရေးကို ရည်ညွှန်းခြင်း ဖြစ်ပါတယ်)က မူလတန်းကျောင်း ဖွင့်လှစ်လိုက်တယ်။ ဖွင့်လှစ်ပြီး မကြာခင်မှာ အဲဒီမူလတန်းကျောင်းကို စစ်သင်တန်းပေးတဲ့ စစ်ရေးလေ့ကျင့်ပျိုးထောင်တဲ့ ကျောင်းအဖြစ် ပြောင်းလဲဖွင့်လှစ်လိုက်တယ်။

ဖုန်ကျားရှင် ကိုးကန့်ဆီကို ပြန်ရောက်လာပါတယ်။ စစ်သင်တန်းကျောင်းတက်ဖို့ အမည်စာရင်းပေးသွင်းလိုက်ပါတယ်။ လော်စစ်ဟန်နဲ့က တစ်ကျောင်းတည်းနေတဲ့ ပညာသင်ဖက် ဖြစ်လာပါတယ်။ ကျောင်းနေဖက်သူတို့နှစ်ယောက်သားဟာ ကြမ်းကြမ်းတမ်းတမ်း လေ့ကျင့်သင်ပေးတဲ့ စစ်ပညာကို ပင်ပင်ပန်းပန်း ခွဲလုံ့လနဲ့ အတူတက်ရောက်ခဲ့ကြပါတယ်။ ဝမ်ပူစစ်ကျောင်းကြီးက အောင်မြင်ခဲ့တဲ့ ကူမင်တန် စစ်သင်တန်းဆရာက ငယ်ရွယ်တဲ့ လော်စစ်ဟန်ကို ထက်မြက်တဲ့ စစ်သားတစ်ယောက် ဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးခဲ့သလို ဖုန်ကျားရှင်ကိုလဲ လျှမ်းလျှမ်းတောက် ပြောင်မြောက်တဲ့ တပ်မှူးတစ်ယောက်ဖြစ်အောင် မြေတောင်မြှောက်ပေးခဲ့ပါတယ်။ နှစ်ယောက်သား စစ်ကျောင်းတံခါးဝထဲ ပြိုင်တူဝင်ခဲ့ကြပြီး အဲဒီတံခါးကပဲ ပြိုင်တူထွက်လာခဲ့ကြပါတယ်။ စော်ဘွားတွေ ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ ကိုးကန့် ကာကွယ်ရေးတပ်ဖွဲ့ထဲမှာ လော်စစ်ဟန်နှင့် ဖုန်ကျားရှင်တို့ တပ်ဖွဲ့မှူးတွေအဖြစ် အသီးသီး ထမ်းဆောင်ကြပါတယ်။ အဲဒီအချိန်က အစပြုပြီး အသက် (၁၄) နှစ်နှင့် (၁၆) နှစ်အရွယ် ချာတိတ်ငယ်လေး နှစ်ယောက် တစ်ယောက် တစ်နေရာဆီမှာ စစ်မှုထမ်းလာခဲ့ကြပါတယ်။

## (၃-ခ) တစ်ယောက်တစ်နေရာစီ

အစဦးပိုင်းမှာ လော်စစ်ဟန်ကတော့ ဖုန်ကျားရှင်လောက် ဆန္ဒမပြည့်ခဲ့ပါ။ စော်ဘွားတွေတပ်လျော့ချရာမှာ သူပါ အလျော့ခံလိုက်ရပါတယ်။ အလုပ်လက်မဲ့ဘဝမှာ ဖဲသမားကြီးလုံးလုံး ဖြစ်သွားပါတယ်။ နေ့ရောညပါ လောင်းကစားဝိုင်းမှာပဲ ကျင်လည်နေပါတယ်။ ပြိုင်ဘက်ဖုန်ကျားရှင် [illegible] ကြမ္မာက ဘဝနိဂုံးချုပ်ရတော့မယ့် စော်ဘွားခေတ်က ကံကြမ္မာနှင့် [illegible] တည်း ဆက်စပ်နေပါတယ်။ လော်စစ်ဟန်က မမလေး အောလစ်[illegible]နောက်ကို လိုက်ပါပြီး လာအို၊ ထိုင်းနိုင်ငံတို့မှာ မျက်စိဖွင့် နား[illegible]နေခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးမနှောင်းမှာတင်ပဲ သူ့မှာကိုယ်ပိုင်မြင်းဝန်တင်တပ်ဖွဲ့နှင့် လက်နက်ကိုင် တပ်ဖွဲ့ ရှိလာပါတယ်။ ဘိန်းတင်ဆောင် ရောင်းဝယ်ဖောက်ကားတဲ့ တပ်ဖွဲ့ကြီးကို ခေါင်းဆောင်ပြီး ရွှေတြိဂံ ဝမ်းဗိုက်ထဲကို ထိုးဖောက်ဝင်ရောက်လာပါတယ်။

ဘိန်းလုပ်ငန်းနဲ့ လော်စစ်ဟန် ဟန်ကျပန်ကျ ဖြစ်နေချိန်မှာ ဖုန်ကျားရှင်ခမျာ တစ်လျှောက်လုံး စော်ဘွားတွေရဲ့သေနတ်ကို ထမ်းနေရပြီး ကိုးကန့်မှာပဲ ခြေကုပ်မြဲနေပါတယ်။ တရုတ်ပြည်သားတွေကတော့ ဖုန်းကျားရှင်ရဲ့ စွမ်းရည်သတ္တိကို ကောင်းကောင်းကြီး သိထားကြပါတယ်။ အကြောင်းအရာ တစ်ခုကို သာဓက ထောက်ပြရရင်-

၁၉၅၀ ပြည့်နှစ်မှာတုန်းက ကျဲန့်ခန်းခရိုင်မြို့ဟောင်းဆီကို ဖုန်ကျားရှင်ရဲ့ အစွမ်းအစနဲ့ ပထမဦးဆုံးသော ဂျစ်ကားတစ်စီးကို မရ ရအောင် ရယူခဲ့ပါတယ်။ ထိုစဉ်ကာလတုန်းက ဂျစ်ကားတစ်စီး ရယူနိုင်တဲ့ အရည်အချင်းက အံ့မခန်းလောက်တဲ့ အစွမ်းသတ္တိ ဖြစ်နေပါတယ်။

လော်စစ်ဟန်နှင့် စော်ဘွား ဂျင်မီရန်းတို့ရဲ့ ဆက်ဆံရေးက ပူးတုံ့ခွာတုံ့ ဖြစ်နေပါတယ်။ ရှုပ်ထွေးပွေလီတဲ့ လောကထဲမှာ လော်စစ်ဟန်က ဖုန်ကျားရှင်ထက် အရင်ရောက်နေပါတယ်။ ဖုန်ကျားရှင်ဘဝက စော်ဘွားတွေ နောက်တစ်သားတည်း ကပ်နေလိုက်ရရှာပါတယ်။ တရုတ်ပြည်နှင့်လည်း ဆက်ဆံရေး အင်မတန် ကောင်းနေပါတယ်။ ထိုထိုသော မတူကြတဲ့ ခြယ်လှယ်မှု အကြောင်းရင်း အချက်အလက်တွေက လော်နှင့် ဖုန်နှစ်ဦးသား လျှောက်လှမ်းကြတဲ့ လမ်းက တစ်စ၊ တစ်စ ပိုပိုပြီး ဝေးကွာသွားပါတော့တယ်။

## (၄-ခ) စော်ဘွားတပ်၊ လော်စစ်ဟန်တပ်၊ ဖုန်ကျားရှင်တပ်

လော်စစ်ဟန်ခမျာ အတက်က ကြမ်းသလောက် အကျကလည်း မသက်သာလှပါဘူး။ ဖုန်ကျားရှင်ကတော့ တည်တံ့ငြိမ်သက်လို့နေပါတယ်။ ၁၉၆၂ ခုနှစ်မှာ ဗိုလ်ချုပ်ကြီးနေဝင်းက အာဏာသိမ်းလိုက်ပါတယ်။ နယ်စပ်ခြံစည်းရိုးက နေရာထိုင်ခင်းအားလုံးကို ချိုးဖျက်လိုက်တယ်။ ထောင်သွင်းအကျဉ်းချခံနေရတဲ့ လော်စစ်ဟန်က အစိုးရရဲ့ အသုံးချမှုကို ပွဲဆော်ဦးခံရပါတယ်။ လော်စစ်ဟန်ကို လွှတ်ပေးလိုက်ပြီး။ ကိုးကန့်ဆီ ပြန်သွားခိုင်းကာ အစိုးရအလိုကျ အထူးကာကွယ်ရေးတပ်ကို ဖွဲ့စည်းခဲ့ရပါတယ်။ နေဝင်းချိန် ရောက်နေတဲ့



စော်ဘွားအုပ်စု စိတ်ဝမ်းတွေကွဲကုန်ကြပါတယ်။ ဖရိုဖရဲဖြစ်ပြီး ကိုယ့်လမ်းကိုယ်လျှောက်ကြတယ်။ ဖုန်ကျားရှင်က ကိုယ့်ဘဝတောင် ကိုယ်မပိုင်တော့တဲ့ အခြေအနေမှာ သူတို့ရဲ့ လက်နက်ကို စော်ဘွားတွေရဲ့ လက်ထဲ ပြန်အပ်လိုက်ပါတယ်။

စော်ဘွားတွေလက်ထဲ လက်နက်ပြန်အပ်လိုက်တဲ့ ဖုန်ကျားရှင်က သူ့ရဲ့ တတိယညီဖြစ်တဲ့ ဖုန်ကျားဖုနှင့် တွဲဖက်ပြီး ကိုယ်ပိုင်လက်နက်ကိုင် တပ်ဖွဲ့ ဖွဲ့စည်းလိုက်ပါတယ်။ သူ့တပ်ဖွဲ့သားအားလုံးက အားကောင်းမောင်းသန် လူငယ်လူရွယ်တွေ ဖြစ်ကြပါတယ်။ သူ့တပ်ဖွဲ့က နောင်တစ်ချိန်မှာ မြန်မာနိုင်ငံအစိုးရကို တော်လှန်တိုက်ခိုက်တဲ့ တပ်ဖွဲ့ ဖြစ်လာပါတယ်။

နိုင်ငံရေးလက်နက်ကိုင် သမိုင်းဇာတ်ခုံပေါ်မှာ လော်နှင့် ဖုန်တို့ နှစ်ယောက် ထိပ်တိုက်တိုးလာကြပြန်ပါတယ်။ မတူ၊ ဆန့်ကျင်ဘက် တပ်နှစ်တပ် ဖြစ်နေပါပြီ။ ဒါပေမယ့် စစချင်းမှာ မတည့်အတူတူ နေကြပါသေးတယ်။ နောင်နှစ်အတန်ကြာတော့မှ အပြန်အလှန် တိုက်ခိုက်ကြတဲ့ ဇာတ်ရှုပ်ကြီးကို ခင်းကျင်းကြပါတယ်။ အစဦးပိုင်း အချိန်ကတော့ အစပျိုးရေးကို နှစ်ဖက်တပ်ဖွဲ့ ကြိတ်ပြီး စီမံစိုင်းပြင်းနေကြပါတယ်။

နှစ်နှစ်ကာလကို ကျော်လာပါတယ်။ ကိုးကန့်မှာအသင်းအပင်းတပ်ဖွဲ့တွေ မှိုလိုပေါက်နေပါတယ်။ တချို့ တပ်ဖွဲ့က အင်အားအများဆုံး ရှိသလို သုံးလေးငါးယောက်နဲ့လည်း တပ်ဖွဲ့ဆိုပြီး ရှိနေပါတယ်။ အင်အားရာချီတဲ့ တပ်တွေလည်း ရှိနေပါတယ်။ တပ်အားလုံးက လွတ်မြောက်ရေးအတွက် ဖွဲ့စည်းကြရင်း အပြန်အလှန် တိုက်ခိုက်ကြပြန်တယ်။ ပြိုကွဲလိုက်၊ ပြန်တွဲလိုက်၊ ပျက်စီးလိုက်၊ ပူးပေါင်းဆောင်ရွက်လိုက်နဲ့ ရှုပ်ယှက်ခတ်နေတာပါပဲ။ နောက်ဆုံးမှာ အင်အားစုကြီး သုံးစုကွဲပြီး ကိုးကန့်မှာ ရပ်တည်နေကြပါတယ်။

၁။ စော်ဘွားဦးစီးတဲ့ မြန်မာအစိုးရဆန့်ကျင်တဲ့ လက်နက်ကိုင် တပ်။

၂။ လော်စစ်ဟန်ရဲ့ မြန်မာအစိုးရ လက်အောက်ခံ ကာကွယ်ရေး တပ်။

၃။ ဖုန်ကျားရှင်ရဲ့ မြန်မာအစိုးရ ဆန့်ကျင်ရေးတပ်။

မြန်မာအစိုးရက ကိုးကန့်စော်ဘွား လက်နက်ကိုင်တပ်တွေကို၊ အချိန်ကနေ မြေလှန်ပစ်ချင်နေကြပါတယ်။ ၁၉၆၃ ခုနှစ် ကိုးကန့်ခေါင်းဆောင် အသီးသီးကိုဖမ်းဆီးလိုက်သည်။ အောလစ်ရန်း အစရှိတဲ့ စော်ဘွားဂျင်မီရန်း

www.burmeseclassic.com

www.burmeseclassic.com



မိသားစုတွေကို ဖမ်းဆီးရုံတင်မကသေးပါ လောစစ်ဟန်ပါအဆစ်ပါသွားသည်။ ဒါကိုကြည့်လိုက်ရုံနဲ့ ကိုးကန့်လက်နက်ကိုင်တပ်ဖွဲ့မှန်သမျှကို နယ်နမိတ်ပိုင်းခြားမှုတွေမှာ ပိုင်းခြားမထားဘဲ ဝါးလုံးရှည်နဲ့ သိမ်းရိုက်လိုက်တဲ့ ရိုက်ချက်လို့လဲ ပြောရမှာပါ။

အဲဒီရိုက်ချက်က မူလကစိတ်ဝမ်းကွဲနေတဲ့ ကိုးကန့်လက်နက်ကိုင်အသီးသီးကို တစ်ပေါင်းတစ်စည်းတည်း ဖြစ်အောင် ဆောင်ရွက်ပေးသလိုမျိုးဖြစ်သွားပါတယ်။ ကိုးကန့်လက်နက်ကိုင်တပ်တွေက အချင်းချင်း တိုက်ခိုက်နေတာတွေကို ရပ်စဲလိုက်တယ်။ ချက်ချင်းပဲ တညီတညာတည်း စည်းလုံးသွားကြပါတယ်။ အစိုးရကို ပြောင်ဆန့်ကျင်ကြတယ်။ တပ်ဖွဲ့အင်အားကို သံလွင်မြစ်အနောက်ဘက်ဆီ အလုံးအရင်း ရွှေ့ပြောင်းလိုက်ကြတယ်။ တိုက်ပွဲဝင်ရေးကို အစစအရာရာ အသင့်ပြင်ထားကြပါတယ်။ အစိုးရတပ်က ကိုးကန့်တပ်ဖွဲ့ကို အထင်မသေးဝံ့ပါ။ ဒါဟာဖြင့် ကိုးကန့် လက်နက်ကိုင်တပ်ဖွဲ့ရဲ့ အကြီးမားဆုံးဖြစ်တဲ့ သွေးစည်းညီညွတ်ခြင်း ဖြစ်ပါတယ်။ နောက်ပြီး ဒါကလည်း နိုင်ငံရေးအတွက်နဲ့ ရှုပ်ယှက်ခတ်တဲ့ အချိန်ကာလ နိဂုံးချုပ်ခြင်းရဲ့ အစကနဦးပိုင်း ဖြစ်ပါတယ်။

အထိန်းသိမ်းခံထားရတဲ့ လော်စစ်ဟန်က မြန်မာအစိုးရရဲ့ ယုံကြည်အားထားမှုကို တဖန် ပြန်လည် ရရှိခဲ့ပါတယ်။ မြန်မာအစိုးရ ကမကထပြုပေးမှုနဲ့ ကိုးကန့် လက်နက်ကိုင်ကာကွယ်ရေးတပ်ကို ဖွဲ့စည်းလိုက်ပါတယ်။ စော်ဘွားအုပ်ချုပ်မှုကို ပြတ်ပြတ်သားသား တွန်းလှန်ဖြိုဖျက်လိုက်တယ်။ ဒါနဲ့ပဲ ကိုးကန့်မှာ အင်အားစုတပ်ဖွဲ့ကြီး နှစ်ဖွဲ့ ဖြစ်ပေါ်လာပါတယ်။

(၁)မြန်မာနိုင်ငံ အစိုးရက ကျောထောက်နောက်ခံ ပေးထားတဲ့ လက်နက်ကိုင်တပ်။

(၂)စော်ဘွားမိသားစုက အမြဲတေ ဖွဲ့စည်းထားတဲ့ လက်နက်ကိုင်တပ်။

ဒုတိယတပ်ဖွဲ့ရဲ့ တကယ့်အစစ်အမှန်က အင်အားစု အသီးသီးတွေစုပေါင်းထားတဲ့ မဟာမိတ်အင်အားစုတွေပဲဖြစ်တယ်။ ဒီလိုနဲ့ တစ်နှစ်ကျော်လာပါတယ်။ နှစ်ဖက်အင်အားချင်း ယှဉ်ပြိုင်စစ်ခင်းကြတယ်။ နောက်ဆုံးမှာ စော်ဘွားအုပ်စုဟာ သမိုင်း နိဂုံးချုပ်သွားပါတယ်။ လော်စစ်ဟန်က



ကိုးကန့်တစ်ခွင်လုံးကို ချုပ်ကိုင်စိုးမိုးပြီးတဲ့နောက် စော်ဘွားစနစ်ဟာ ဇာတ်သိမ်းသွားပါတော့တယ်။

မှီခိုအားထားရတဲ့ သစ်ပင်ကြီး လဲပြိုသွားပါပြီ။ မှီတင်းနေထိုင်ကြတဲ့ ကျေးငှက်သာရကာတွေ၊ ရှဉ့်တွေ၊ မျောက်တွေမှာ မမှီအခိုကင်းမဲ့သွားပါတယ်။ လက်နက်ချသူကချ၊ ထွက်ပြေးသူကပြေး၊ တိမ်းရှောင်သူက တိမ်းရှောင် ဝါးအစည်းပြေသလို ပြိုကွဲသွားခဲ့ပါတော့တယ်။

တကယ်လို့များ ဖုန်ကျားရှင်က လူသူစုရုံးပြီး တစ်စင်ထောင်တာမျိုးကိုမလုပ်ဘဲ၊ လော်စစ်ဟန်လက်အောက်မှာ ဝပ်တွားခယ အမှုတော်ထမ်းမယ်ဆိုရင် "ဘိန်းဘုရင်နိုင်ငံတော်"ရဲ့ သမိုင်းကို ဘယ်လိုမျိုး ရိုက်ခတ်နိုင်ပါသလဲတဲ့။ ဒီလိုမေးခွန်းမျိုး ပေါ်ထွက်လာပါတယ်။ ဒါလဲပဲ သိပ်ပြီးတော့ ကြီးကြီးကျယ်ကျယ်ကြီးတော့ ရိုက်ခတ်လာမှာ မဟုတ်ပါဘူး။ လော်စစ်ဟန်ဆီလက်အောက်ခံ ဝင်လာကြတဲ့ အားထားရတဲ့ ဗိုလ်တွေရှိပါတယ်။ ဥပမာဆိုရင် ကိုးကန့်မှာ မိသားစုကြီးတွေ ဖြစ်ကြတဲ့ စူးဝံလုန်းတို့ ဒုစရိုက်လောကတောပုန်းကြီးကျုန်းစိန့်၊ ဟွမ်ရှင်းဟို စတဲ့ အုပ်စုခေါင်းဆောင်ကြီးတွေက လော်စစ်ဟန်နောက်လိုက် အစုအဖွဲ့ကြီးတွေဖြစ်လာကြတယ်။ သူတို့အသီးသီး လျှမ်းလျှမ်းတောက် တန့်ခိုးထွားခဲ့ကြပါတယ်။ နောက်ဆုံးတော့လည်း ကျဆုံးပျောက်ကွယ်သွားကြပါတယ်။ အသေဖြောင့်ကြတာ ရှိသလို၊ အသေဆိုးနဲ့သေကြသူတွေလည်း ဒုနဲ့ဒေးပါ။ ကိုယ့်အုပ်စုကို ဘယ်အဖွဲ့ကမှ ခိုင်မာအောင်ထိန်းမထားနိုင်ကြပါဘူး။

ဖုန်ကျားရှင်ကလဲ ဖုန်ကျားရှင်ပါပဲ။ သူလဲပဲ လော်စစ်ဟန်လိုမျိုး ဗိုလ်ကျမင်းမူလိုတဲ့သူပါ။ တစ်ဂူတည်းမှာ ခြင်္သေ့နှစ်ကောင် အောင်းရိုး မရှိပါ။ တစ်ဦးက အစိုးရကို တော်လှန်သူ၊ ကျန်တစ်ဦးက အစိုးရအလိုကျ လိုက်နာဆောင်ရွက်သူ။ မတူညီကြတဲ့ နိုင်ငံရေးလမ်းကြောင်းကနေ ကိုယ့်ကြမ္မာကိုယ်ဖန်တီးကြရမှာပါ။ ကိုးကန့်ဘုရင် ဖြစ်လိုကြတဲ့ အာသာဆန္ဒချင်းကတော့ ထပ်တူထပ်မျှ တူနေကြတယ်။

လော်စစ်ဟန်အာဏာစွဲကိုင်ပြီး ကိုးကန့်ကို အုပ်ချုပ်မင်းမူတဲ့ အချိန်တုန်းက စော်ဘွားလက်နက်ကိုင်တပ်ဖွဲ့တွေ၊ အရပ်လေးမျက်နှာမှာ ပြန့်ကြဲနေပါတယ်။ ကိုးကန့်နယ်မြေ အရပ်ရပ်မှာ တောပုန်းဓားပြကြီးတွေအဖြစ် သူတလူ

www.burmeseclassic.com

www.burmeseclassic.com



ငါတမင်း မင်းမူ သောင်းကျန်းနေကြပါတယ်။ သေနတ်လက်နက် ကိုင်မှ ထမင်းစားနေရတဲ့ ဖုန်းကျားရှင်က၊ ပြန့်ကျဲသွားတဲ့ လူသူလက်နက်တွေကို အားသွန်ခွန်စိုက် ကြိုးပမ်းပြီး ကိုယ်ပိုင်အလံကို ငွားငွားစွင့်စွင့် လွှင့်ထူလိုက်ပါတယ်။ ဖုန်ကျားရှင်က တရားနည်းလမ်းကျကျ၊ သစ္စာသမာဓိ ရှိရှိ လုပ်ကိုင်ဆောင်ရွက်တတ်တဲ့ လူတော်လူကောင်းတစ်ယောက် ဖြစ်တယ်လို့ ထင်ပေါ်ကျော်ကြားပါတယ်။ သူက တတိယမြောက် ညီတော်မောင် ဖုန်ကျားဖုနှင့် လှိုု့ဝှက်ပြီး သေနတ်သုံးလေးလက်နဲ့ စတင် လှုပ်ရှားပါတယ်။ ကိုးကန့်သားစစ်စစ်တွေနဲ့ ဖွဲ့စည်းထားတဲ့သူ့ရဲ့ လက်နက်ကိုင်တပ်ဖွဲ့က အစိုးရ ဆန့်ကျင်ရေး ကြွေးကြော်သံတွေ ဟစ်ကြွေးလိုက်ပါတယ်။ အဲ့ဒီတုန်းက အစိုးရ ကို ဆန့်ကျင်တဲ့ အလံကို လွှင့်ထူတဲ့ လက်နက်ကိုင်အင်အားစု ကြီးကြီးငယ် ငယ်ရဲ့ ကိန်းဂဏန်းက မရေမတွက်နိုင်အောင်ပါဘဲ။ အချင်းချင်းထဲမှာလည်း အဆက်မပြတ် ပြဿနာတွေ ပေါ်ပေါက်လာပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ တိုက်ခိုက် ရှင်းလင်းနေကြရပါတယ်။ ဖုန်ကျားရှင်ရဲ့ လက်နက်ကိုင်တွေအထဲက ကျန် စွတ်ကျုံး၊ ဟိုစန်းချီ၊ သူပုန်ခေါင်းဆောင် နှစ်ယောက်ကို ဖယ်ထားလိုက် ရင်တောင် သူ့တပ်အင်အားက မြန်မြန်ဆန်ဆန်ပဲ အင်အားရှစ်ရာကျော် ပြောက် ကျားစနစ်နဲ့ တိုးချဲ့နိုင်ပါတယ်။ သူတို့တပ်ဖွဲ့တွေက တောနက်တောင်တန်း တွေထဲမှာ ဖျတ်ကနဲ ပေါ်လာလိုက်၊ ဖျတ်ကနဲ ပျောက်သွားလိုက်နဲ့ မကြာ ခဏဆိုသလို တိုက်ခိုက်နှောင့်ယှက်လေ့ရှိပါတယ်။ ဒါပေမယ့် တိုက်လေ တိုက်လေ အနေအထားက မဟန်လေ ဖြစ်ဖြစ်လာပါတယ်။ ကျည်ဆံတွေ၊ စားနပ်ရိက္ခာတွေ ပြတ်တောက်သွားပါတယ်။ ဘေးဒုက္ခအန္တရာယ်တွေက သူတို့ကို ပတ်လည် ဝိုင်းရံထားပါတယ်။

## (၅-ခ)တစ်ခန်းထလာတဲ့ ရန်ကျဲန့်ယဲန့်

ဒီအချိန်အခါမှပဲ ထိုင်းနိုင်ငံထဲဆီ ဆုတ်ခွာသွားတဲ့ ကိုးကန့်စော်ဘွား မျိုးဆက်သစ် ရန်ကျဲန့်ယဲန့်စုစည်းဖွဲ့စည်းတဲ့ ကိုးကန့်တပ်ဖွဲ့က အင်အားရာချီ တိုးပွားများပြားလာပါတယ်။ လူသူလက်နက်ရော၊ မြင်းကောင်ရေပါ အလုံး အရင်းနှင့် တိုးတက်လာပါတယ်။ အခွင့်အခါကြုံကြိုက်လာတာနဲ့ ကိုးကန့်ထဲ ဝင်လာပြီး ထိုးစစ်ဆင်တိုက်ခိုက်ပါတယ်။ ဖုန်ကျားရှင်နှင့် ပူးပေါင်း လက်တွဲ



လိုက်ကြတယ်။ မြန်မာအစိုးရတပ်တွေကို ကိုးကန့်နယ်မြေထဲက နှင်ထုတ်ဖို့ သစ္စာဆိုကြပါတယ်။

ရွှေချောင်းတို့၊ သေနက်လက်နက်တို့၊ မြင်းလားတို့ကပါ ကုံလုံပြည့်စုံ နေတဲ့ ဒီတပ်ဖွဲ့ကြီးက ပူးပေါင်းဆောင်ရွက်လိုက်ကြတဲ့ အစဦးပိုင်း လတွေ ထဲမှာပဲ ဘိန်းကို မပြတ်တမ်း သယ်ယူပို့ဆောင်ပြီး ရောင်းဝယ်ဖောက်ကားကြ ပါတယ်။ အမြတ်အစွန်း ခွဲဝေမှုနှင့်စပ်လျဉ်းပြီး ရန်ကျဲန့်ယဲန့်နှင့် (အဖေဖက်) အစ်ကိုဝမ်းကွဲ ရန်ကျဲန့်ရွှမ်တို့ အချင်းချင်း စိတ်ဝမ်းကွဲပြီး ရန်ညှိုးဖွဲ့ကြပါ တယ်။ မြန်မာအစိုးရတပ်ကို တိုက်ထုတ်မယ့် ရန်ကျဲန့်ယဲန့်က မြန်မာအစိုးရ တပ်ဖွဲ့ရဲ့ တပ်ရင်းတစ်ရင်းကိုပါ ခေါင်းဆောင်လာပြီး အစ်ကိုဝမ်းကွဲကို တိုက် ခိုက်ပါတယ်။ ညီအစ်ကိုရန်ပွဲမှာ ဖုန်ကျားရှင်က ကံနိမ့်နေတဲ့ အစ်ကိုတပ်ဖွဲ့ ဖက်ကနေ ဝင်ကူတိုက်ပေးပါတယ်။ အကြိတ်အနယ် တိုက်ပွဲမှာ ဖုန်ကျားရှင် ဖက်က အကြီးအကျယ် ရှုံးနိမ့်သွားပါတယ်။

လက်နက်လူသူတွေ၊ ခွေးပြေးဝက်ပြေး ဆုတ်ခွာပြေးရရုံတင်မကသေး ပါ။ ဘိန်းစိမ်းရှစ်တန်နှင့် မြင်းလား အကောင်ရေ ရာချီပြီး တဖက်ရန်သူ လက်ထဲ ရောက်ရှိသွားပါတယ်။ဒါ့အပြင် တပ်ဖွဲ့အင်အားရှစ်ရာကျော် သုတ် သင်ရှင်းလင်းခံရပါတယ်။ တကယ့်ကို ဝမ်းနည်းကြေကွဲစရာ ဖြစ်အင်ပါ။ ဖုန်ကျားရှင်လဲ မြန်မာနိုင်ငံမှာ ခြေကုပ်ယူမရတဲ့အဆုံး တရုတ်ပြည်ထဲ ထွက်ပြေးခိုလှုံရပါတယ်။

ဖုန်ကျားရှင်အကြောင်း ဒီနေရာမှာတင် ခေတ္တ ရပ်ထားပြီး မူယစ်ဆေး ဝါးဖက်ဆီ လှည့်ကြည့်ရအောင်။

အထက်ပါ အချက်အလက်တွေက တရုတ်စာရေးဆရာမ ဟွမ်တို့မီ ရေးသားထားတဲ့ ''မိန်းမသားများလည်း ရွှေတြိဂံထဲကို ထိုးဖောက်ဝင်ရောက် ခဲ့တယ်'' (မော်ကွန်းမဂ္ဂဇင်း အခန်းဆက်ဆောင်းပါးရှည် ''မာယာဝက်ဘာ ရွှေတြိဂံ'') စာအုပ်ထဲက ဖြစ်ပါတယ်။ ရှေ့ဆက်ရေးမယ့် အချက်အလက် တွေကတော့ ဗမာပြည် ကွန်မြူနစ်ပါတီထဲ ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့ တရုတ် စာရေးဆရာ ကျမ်းကျဲန့်ကျန်းရဲ့ ''တနယ်တခြားက သွေးခင်းလမ်း'' စာအုပ် ထဲက ရွေးချယ်ကောက်နုတ်ထားတဲ့ အချက်အလက်တွေ ဖြစ်ပါတယ်။

❐

www.burmeseclassic.com

www.burmeseclassic.com

# (၈) ဘိန်းနှင့် ဗမာပြည်ကွန်မြူနစ်ပါတီ

## (၁–၈) ဘိန်းအစ ဗြိတိန်က

မြန်မာနိုင်ငံမြောက်ပိုင်းရဲ့ မူးယစ်ဆေးဝါးပြဿနာက ဗြိတိန်ကိုလိုနီနယ်ချဲ့တို့ ထားရစ်ခဲ့တဲ့ အမွေအနှစ်တစ်ခု ဖြစ်ပါတယ်။

တစ်ဆင့်ပြီးတစ်ဆင့် ပြောကြတဲ့စကားအရ သိရှိရတာကတော့ လူသားတွေ ကျောက်ခေတ်သစ်တုန်းက အရှေ့အလယ်ပိုင်း မြေထဲပင်လယ်ဒေသမှာ ပေါ်ပီအရိုင်းပင်ကို ဗွေဆော်ဦး တွေ့ရှိခဲ့ကြတယ်။ အဲဒီနောက်ပိုင်း ဆေးဝါးပင်အဖြစ် ဥရောပဆီသို့ ဆင့်ပွားရောက်သွားပါတယ်။

၁၈၂၅ ခုနှစ်၊ အင်္ဂလိပ်တို့က အောက်မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်ပါတယ်။ အင်္ဂလိပ်တို့က ဘုံဘေဘားမား ကုမ္ပဏီက ပေါ်ပီ (ဘိန်း) မျိုးစေ့တို့ကို သယ်ဆောင်လာပါတယ်။ စိုက်ပျိုးဖို့ အသင့်တော်ဆုံးဖြစ်တဲ့ ရှမ်းကုန်းပြင်မြင့်မှာ ဘိန်းကို စတင် စိုက်ပျိုးလိုက်တယ်။

၁၈၈၅ ခုနှစ်မှာ၊ အင်္ဂလိပ်တို့က မြန်မာနိုင်ငံ အထက်ပိုင်းကို တိုက်ခိုက်သိမ်းပိုက်လိုက်ပါတယ်။ မြန်မာနိုင်ငံ ပြည်နယ်အသီးသီးက လူနည်းစုတိုင်းရင်းသားတိုင်းကို ဘိန်း စတင် စိုက်ပျိုးဖို့ကို အစွမ်းကုန် မြူဆွယ်တိုက်တွန်းပါတယ်။ အင်္ဂလိပ်တို့က ဘိန်းကို မှီခိုအားထားပြီး ချမ်းသာကြွယ်ဝလာကြပါတယ်။ ဒီဘိန်းကိုပဲ မှီခိုအားထားပြီး စစ်မက်တိုက်ခိုက်ပါတယ်။



ဘိန်းစစ်ပွဲကနေ အင်မတန် ခိုင်မာတောင့်တင်းတဲ့ မန်ချူးအင်ပါယာကြီးကို ချိုးနှိမ် အနိုင်ယူလိုက်ပါတယ်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးတားဆီးရေး ယန္တယားအဖွဲ့ကြီးရဲ့ အဆိုအရ- ၁၉၂၆ခုနှစ် ရှမ်းပြည်နယ်ရဲ့ ဘိန်းထုတ်လုပ်မှုက တန် (၃၇၀) ရှိပါတယ်။ (၁၉၇၀) ပြည့်နှစ်ကာလ၊ ရွှေတြိဂံမှာ နှစ်စဉ်ဘိန်းထွက်ရှိမှုက တန် (၆၀၀) ကနေ၊ တန် (၇၀၀) ရှိပါတယ်။ ကမ္ဘာ့မူးယစ်ဆေးဝါးထုတ်လုပ်မှုရဲ့ (၅၀)% ခန့် ရှိပါတယ်။

၁၉၈၂ ခုနှစ် ရွှေတြိဂံ မူးယစ်ဆေးဝါးထုတ်လုပ်မှုက ရုတ်တရက်စံချိန်ချိုးပြီး တန် (၁၀၀၀) ရှိပါတယ်။

၁၉၈၇ ခုနှစ် ထုတ်လုပ်မှုက တန်ချိန် (၁၅၇၅၀)ကို ရောက်လာပါတယ်။ ကမ္ဘာ့ထုတ်လုပ်မှုပေါင်းရဲ့ (၇၅)% ဖြစ်ပါတယ်။

၁၉၉၀ ပြည့်နှစ် ထုတ်လုပ်မှုက တန် (၂၅,၀၀၀) ရှိပြီး ကမ္ဘာ့ထုတ်လုပ်မှု (၉၀)% ရှိပါတယ်။ အဲဒီ ပမာဏက မီးရထားအတွဲပေါင်း (၅၀) ထဲ ထည့်သွင်းတဲ့ ပမာဏနဲ့ ညီနေပါတယ်။

နှစ်ဆယ်ရာစုခေတ် (၈၀)ခုနှစ် ခေတ်ကာလတွေမှာ တစ်ကမ္ဘာလုံးမူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုက အမေရိကန်ဒေါ်လာ သန်းပေါင်း (ငါးသိန်း) ဖြစ်တယ်။ ဒီကိန်းဂဏန်းက လက်နက်ရောင်းချခြင်း ငွေကြေးကိန်းဂဏန်းပြီးရင် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းက ဒုတိယလိုက်ပါတယ်။ ရေနံရောင်းရငွေထက်တောင် မြင့်မားနေပါသေးတယ်။

ငွေကြေးကိန်းဂဏန်း အချက်အလက် အထင်အရှား ရှိနေပြန်ပါသေးတယ်။

၁၉၈၁ခုနှစ်မှာ (တစ်) ကီလိုဂရမ် ဘိန်းစိမ်းက ရွှေတြိဂံမှာ ဝယ်လက်ရဲ့ ဈေးနှုန်းက အမေရိကန်ဒေါ်လာ (၇၀)ကနေ၊ ဒေါ်လာ (၄၀၀) ရှိပါတယ်။ ပြုပြင်မွမ်းမံပြီး ဖြစ်ပေါ်လာတဲ့ ဟီးရိုးအင်း (တစ်) ကီလိုဂရမ် ဖြစ်လာဖို့ ဘိန်းစိမ်း (၁၀) ကီလိုဂရမ် လိုအပ်ပါတယ်။

ထိုင်းနိုင်ငံမှာ (တစ်) ကီလိုဂရမ် ဟီးရိုးအင်းတန်ဖိုး ဝယ်လက်ဈေးက အမေရိကန်ဒေါ်လာ (၈၀၀၀) ရှိပါတယ်။ အနောက်ဥရောပဆီကိုရောက်ရင် (တစ်) ကီလိုဂရမ် ဟီရိုးအင်းတန်ဖိုးက အဆပေါင်း (၃၇၅၀)% အကျိုးအမြတ် ရရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကားလ်မာ့က်စ် ပြောခဲ့ဖူးတဲ့ စကားတစ်ခွန်း ရှိပါတယ်။ ''ရာခိုင်နှုန်း သုံးရာသာ အကျိုးအမြတ် ရရှိလိုက်တာနဲ့ သက်စွန့်ကြိုးပမ်းလုပ်ဆောင်ကြသူတွေက ရာဇဝတ်မှု ဖောက်ဖျက်ကျူးလွန်ရမှာကို မကြောက်မရွံ့တော့ပါဘူး။ ကြိုးစင်တက်ရမှာကိုလည်း စိုးရိမ်ထိတ်လန့်ခြင်း အလျှဉ်းမရှိတော့ပါဘူးလို့ ဆိုခဲ့ပါတယ်။

မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားကြတဲ့ အစုအဖွဲ့ အကြီးကြီးပဲ ဖြစ်စေ၊ အသေးအမွှားပဲဖြစ်စေ၊ သူတို့ဟာ နည်းမျိုးစုံ ရှာကြံသုံးပြီး အန္တရာယ် စက်ဝန်းထဲမှာ မကြောက်မရွံ့ လျှောက်လှမ်းနေကြသူတွေပဲ ဖြစ်ပါတယ်။

## (၂-ဂ)ဘိန်းလုပ်ငန်း အတန်သင့်ကင်းခဲ့တဲ့ ဗကပ

ဗကပတို့ မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းဒေသကို ထိမ်းသိမ်းစိုးမိုးတဲ့ အစဦးပိုင်းကာလမှာတုန်းက နိုင်ငံရေးပိုင်းမှာ အတော်လေး မာ့က်စ်လီနင်ဝါဒ ရှိနေပါသေးတယ်။ အတော်လေး ဖြောင့်မတ်မှန်ကန်ပါသေးတယ်။ အဖွဲ့စည်းမျဉ်းစည်းကမ်းပိုင်းကလဲ အတော်လေး တင်းကြပ်မှုတွေ ရှိနေပါသေးတယ်။ နိုင်ငံရေးပိုင်း လမ်းပေါက်တော့ လူနှင့်လူချင်း သင့်မြတ်နေကြပါသေးတယ်။ တောတောင်ရေမြေတွေမှာ ပြင်းထန်တဲ့ တိုက်ခိုက်မှုတွေ အလုံးစုံက ''တော်လှန်ရေးရာသီ တောင့်တင်းခိုင်မာရေး'' ရှိနေပါသေးတယ်။ ဒါ့ကြောင့်လည်းပဲ မူးယစ်ဆေးဝါးဆိုတာ ''အနိမ့်ကျဆုံး''လို့ သဘောထားကြပါသေးတယ်။

၁၉၆၉ ခုနှစ် ပြည်သူ့တပ်မတော် အရှေ့မြောက်ပိုင်းဒေသ၊ နောက်တန်းထောက်ပို့တပ်ဖွဲ့က ကုန်သွယ်ရေး အဖွဲ့အစည်း ဖွဲ့စည်းပြီးတဲ့နောက် ဘိန်းကို ''အထူးကုန်''အဖြစ် သတ်မှတ်လိုက်ပါတယ်။ ''အကုန်လုံး ဝယ်၊ အကုန်လုံးရောင်း''မှုကို ကျင့်သုံးခဲ့ပါတယ်။ လက်အောက်ငယ်သားတို့ တစ်ဦးချင်း ရောင်းဝယ်ရေးလုပ်တာမျိုးကို တင်းတင်းကြပ်ကြပ် တားမြစ်ထားပါတယ်။ ဒါ့အပြင် တရုတ်ဖက်က ဘိန်းကိုဆေးဝါးအဓိက ထုတ်ကုန်အဖြစ်ပါ သတ်မှတ်ထားပါတယ်။ အရပ်သူအရပ်သားများကိုတော့ ပေါ်ပီပင်ကို ဓလေ့ထုံးတမ်း အစဉ်အလာအရ စိုက်ပျိုးတာကိုသာ ခွင့်ပြုထားပါတယ်။ ဗကပဗဟိုကလည်း အခြေခံစခန်းကနေ အစချီပါတယ်။ သက်ညှာတဲ့ သဘောကို



တစ်ဖက်တစ်လမ်းက ပြသထားခြင်း ဖြစ်တယ်။ ''အထူးကုန်'' အကောက်အခွန်ကိုသာ စည်းကြပ်ကောက်ခံပါတယ်။ ကောက်ခံရရှိတဲ့ ငွေကြေးဖြင့် တော်လှန်ရေး အသုံးစရိတ်အဖြစ် ဖြည့်ဆည်း ပေးပါတယ်။

ဗကပနှင့် ထိုင်းနိုင်ငံ ဘိန်းကူးသန်းရောင်းဝယ်ရေး စတင် လုပ်ကိုင်တာက ၁၉၇၄ ခုနှစ် ခြောက်သွေ့ရာသီက ဖြစ်တယ်။ အရှေ့မြောက်ပိုင်း စစ်ဒေသတပ်မှူး ဇော်မိုင် ကိုယ်တိုင် သယ်ယူပို့ဆောင်ရေးတပ်ကို ဦးစီးပြီး ထိုင်းမြန်မာနယ်နိမိတ်မှာ ဘိန်းကုန်သည်တွေနှင့် ဆက်သွယ်ပြီး ရောင်းဝယ်ဖောက်ကားကြပါတယ်။ ''စွတ်ချွမ်းတပ်သားဟောင်းကြီးတွေ'' ''ကွေ့ကြိုးတပ်သားဟောင်းကြီးတွေ'' အားလုံးက အသက်ငါးဆယ်ကျော်တွေ ရှိတဲ့ အဖိုးအိုလေးတွေ ဖြစ်ကုန်ကြပြီဆိုတဲ့ အချက်ကို ဇော်မိုင် တွေးဆလိုက်တယ်။ အမြင်အာရုံတွေ ဆုတ်ကုန်ပြီ၊ မျက်လုံးတွေ ဝါးကုန်ပြီ။ ဒါနဲ့ပဲ ဇော်မိုင်က အဖိုးအိုတွေ တပ်လေ့ရှိတဲ့ မျက်မှန်တွေကို ဝယ်ခြမ်းလိုက်တယ်။ ပြန်လာပြီး အဘိုးအိုတွေကို လက်ဆောင်အဖြစ် တပ်ဆင်ပေးလိုက်တယ်။ အဲ့ဒီနောက်ပိုင်း စစ်ဒေသရုံးလုပ်ငန်း တာဝန်ခံ ကျဲန်းဖိန် (overseas chunisi)နှင့် ၄၀၄ဖ ဒု်တပ်ရင်းမှူး ကျမ်းတက်ဝန်း (ကိုးကန့်တပ်သားဟောင်း)တို့က အစောင့်တပ်သားကို ခေါ်ဆောင်ပြီး လားအကောင်ရေ နှစ်ဆယ်ကျော်၊ သုံးဆယ်စာ ဘိန်းစိမ်းတွေကို တင်ဆောင်ပြီး အချိန်သတ်မှတ်ချက်မထားဘဲ တောင်ပိုင်းဆီ ဆင်းချသွားပါတယ်။ တပ်မဟာ (၅) လှုပ်ရှားတဲ့ နယ်မြေကို ရောက်ရှိပြီးတဲ့နောက် သံလွင်မြစ် အရှေ့တစ်ဖက်ကမ်း မော်ဖရွာမှာ၊ ကူမင်တန် အကြွင်းအကျန် တပ်ဖွဲ့ တပ်မတော် (၃)က ဗိုလ်နှင့် ဆုံတွေ့ကြပါတယ်။

## (၃-ဂ) ဗကပတို့ ဘိန်း စတင် သယ်ဆောင်ကြပြီ

(၇၀)ပြည့်နှစ် နှောင်းပိုင်းကာလ လားတပ်ဖွဲ့ဖြင့် သယ်ဆောင်မှု လွယ်ကူချောမွေ့ရေးအတွက် ပြည်သူ့တပ်မတော်တို့ဘက်က ဘိန်းစိမ်း (ဘိန်းရိုင်း)ကို လျှို့ဝှက်နည်းစနစ်ဖြင့် စိန်ဝါဖြစ်သွားအောင် မွန်းမံလိုက်ပါတယ်။ ထုထည် ပမာဏသေးကျုံ့သွားပါတယ်။ စိန်ဝါကို ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ နယ်စပ်ဆီ သယ်ဆောင်သွားပြီး အလဲအလှယ် လုပ်ပါတယ်။ ၁-၅-၁၉၇၆ ခုနှစ် အရှေ့မြောက်ပိုင်း စစ်ဒေသက ရှေးဦးစွာ ''အထူးကုန် ကုန်သွယ်

www.burmeseclassic.com

www.burmeseclassic.com



ရေးအဖွဲ့" ကို ဖွဲ့စည်းလိုက်တယ်။ ကိုယ်စားပြုနံပါတ်က "၅.၁" (မေဒေး) အဖွဲ့ဆိုပြီး ခေါ်တွင်လိုက်တယ်။ ကိုးကန့်တပ်သားဟောင်းကြီး ကျန့်တက်လန်က အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူထားပါတယ်။ ဒုခေါင်းဆောင် လျူကို့စီးက တာဝန်ခွဲယူပါတယ်။ ထိုစဉ်တုန်းက "၅.၁" (မေဒေး) အဖွဲ့က အရှေ့မြောက်စစ်ဒေသရဲ့ "ရတနာသိုက်"ကြီး ဖြစ်သွားပါတယ်။ အရှေ့မြောက်စစ်ဒေသ အရေးပါတဲ့ စစ်အသုံးစရိတ်ရှာဖွေရာ ရင်းမြစ် ဖြစ်ပါတယ်။ သယ်ယူပို့ဆောင်ရာမှာလဲ အဆင်ပြေချောမွေ့ရသလို အခြေခံစခန်းက အရပ်သူ၊အရပ်သားနှင့် စစ်သည်တော်များကို ဘိန်းမှူးယစ်ဆေးက ဘေးဥပဒ်ကင်းဝေးစေရေးအတွက် သူတို့ ထိုင်းနိုင်ငံကနေ ဆရာသမားတို့ကို ဖိတ်ခေါ်လာပါတယ်။ ဘိန်းစိမ်း (ဘိန်းရိုင်း)ကို မွန်းမံလိုက်ပြီး တန်ဖိုး မြှင့်တင်လိုက်ပါတယ်။ လွတ်မြောက်နယ်မြေကနေ လျှို့ဝှက်ပြီး ထိုင်း- မြန်မာနယ်စပ်မှာ ရောင်းထုတ်ပါတယ်။

အဲဒီနှစ် ဆောင်ဦးအကြိုကာလ လားအကောင်တစ်ဆယ်ကျော်ရဲ့ကျောထက်မှာ စိန်ဝါတွေ တင်ဆောင်ထားပါတယ်။ ပြည်သူ့တပ်မတော် တပ်စိတ် (၁)စိပ်က သယ်ဆောင်သွားပါတယ်။ မုန်းကိုးကနေ စတင် ထွက်ခွာလာပါတယ်။ တရုတ်ပြည်နယ်နိမိတ်ထဲကနေ "လမ်းငှားရမ်း" ဖြတ်သန်းပြီး "ဝ" ပြည်နယ်မှာ ရောင်းချရမှာ ဖြစ်ပါတယ်။ ခရီးလမ်းမှာ လုံလိမ်ခရိုင် ဖိန်တာ့ရွာကို ဖြတ်သန်းတဲ့အခါ၊ ကြိုတင်သတင်းရထားတဲ့ အတွင်းပိုင်းသတင်းဌာနက တရုတ်ပြည်လက်နက်ကိုင်နယ်ခြားစောင့် ရဲတပ်ဖွဲ့ရဲ့ ဝိုင်းရံမှုကို ခံလိုက်ရပါတယ်။ ပြင်းထန်တဲ့ တိုက်ပွဲမိနစ်ပိုင်းလောက် ဖြစ်သွားပြီးတဲ့နောက် တရားဥပဒေကြောင်းဖြင့် အရေးယူဖို့ သူတို့ကို ဖမ်းဆီးလိုက်ပါတယ်။ ဒါက တရုတ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့က ဖမ်းဆီးရရှိသွားတဲ့ ပထမဆုံးအကြိမ် ဗကပတို့ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားခြင်း အမှုအခင်း ဖြစ်ပါတယ်။

အလားတူ နှစ်မှာပဲ ဗကပ ဗဟိုအဖွဲ့ကြီးက အစည်းအဝေး ခေါ်ယူပြီး အခြေခံဒေသအတွင်း ဘိန်းကို အကုန်အစင် ဝယ်၊ အကုန်အစင် ရောင်းချ ပြဿနာရပ်ပေါ်မှာ ဆွေးနွေးတိုင်ပင်ကြမှာ ဖြစ်ပါတယ်။ ရဲဘော်စိုးသိမ်းက ဒီသဘောထားကို ကန့်ကွက်လိုက်တယ်။ ဘာ့ကြောင့်ဆို ဒါက အထင်အရှား



ပြဿနာ ဖြစ်တယ်။ သူတင်ပြလိုက်တဲ့အဆိုက အထူးတလည် ကုန်ပစ္စည်း ရောင်းဝယ်ဖောက်ကားမယ်ဆိုရင် ဈေးကွက်စီးပွားရေးစနစ်မျိုးပဲ ဖြစ်စေရမယ်။ လွတ်လပ်တဲ့ ကုန်သွယ်ရေးပဲ ဖြစ်ရမယ်။

အကုန်အစင် ဝယ်၊ အကုန်အစင်ရောင်းမှုအတိုင်း လုပ်ကိုင်ကြပြီးဖြစ်တဲ့နောက် တချို့ဌာနတွေက အကျိုးအမြတ် နှိုက်ယူလို့ရမှန်း တွေ့မြင်လိုက်ကြတယ်။ သူတို့လည်းပဲ တိုးတိုးတိတ်တိတ်၊ ခိုးကြောင်ခိုးဝှက်နဲ့ ဘိန်းအရောင်းအဝယ်အဖွဲ့ထဲ တဖွဲဖွဲ တသဲသဲ ပါဝင်လာကြပါတယ်။ ဒီလိုနဲ့ ဘိန်းတန်ဖိုးက ပေါက်ကွဲမြင့်တက်လာပါတယ်။ စစ်ဒေသ ခရိုင်အသီးသီးက လက်အောက်ခံတွေက အတင်းကာရော လုယူဝယ်ခြမ်းဖို့ကို ညွှန်ကြားလိုက်ပါတယ်။ ဒီတော့လည်း ခရိုင် အဆင့်ဆင့်၊ အလွှာအသီးသီးတို့က ကိန်းဂဏန်းတွေ ထပ်ဆင့် တိုးဖြည့်လိုက်ကြတယ်။ နယ်မြေခံ တပ်ဖွဲ့တွေမှာလည်း "ရေစပ်နှင့် နီးကပ်လေ၊ လစန္ဒာကို အရင် ရရှိလေ" ဆိုရိုးစကားနှင့် ကိုက်ညီနေပါတယ်။ အချိုကြီး တစ်ထောကြီး သိမ်းပိုက်ရရှိပါတယ်။ မရိုးမဖြောင့်လေ ပို၍ပို၍ ချမ်းသာကြွယ်ဝလေ ဖြစ်နေပါတယ်။ စစ်ဒေသက စည်းကမ်းချိုးဖောက်သူတွေကို အရေးယူ အပြစ်ပေးတယ်ဆိုပေမယ့်လည်း ဘိန်းနှင့်ရွှေငွေတို့က သူတို့ရဲ့ ဘေးကင်းလုံခြုံတဲ့ ထီးရိပ်တွေလို ဖြစ်ကုန်ပါတယ်။ အရှေ့မြောက်ပိုင်း စစ်ဒေသက အခြေခံစခန်းမှာ ဘိန်းစိုက်ပျိုးရေး တားမြစ်ဖို့အတွက် ဘိန်းကို ဈေးကြီးကြီးဖြင့် တင်ပေးပြီး၊ ဝယ်ခြမ်းသိမ်းဆည်းလိုက်ကြတယ်။ ဘိန်းခွန် ကောက်ခံမှုမှာ ၂၅% ရှိရမယ်ဆိုပြီး သတ်မှတ်လိုက်တယ်။ ဒါပေမယ့် အကုန်ဝယ် အကုန်ရောင်း မူဝါဒကို ချမှတ်ပြီးတဲ့နောက် စစ်ဒေသက နှစ်စဉ်ဘိန်းကနေ သိမ်းယူရရှိတဲ့ ငွေကြေးက ရင်မင်ပိယန်း (တစ်)သန်းတောင် မရှိပါ။

၁၉၈၀ ခုနှစ် မတိုင်ခင်က၊ အထူးကုန်ပစ္စည်း ရောင်းဝယ်ဖောက်ကားမှုက စစ်ဒေသနောက်တန်း ထောက်ပို့တပ် ကုန်သွယ်ရေးအဖွဲ့ရဲ့ အဓိက စီးပွားရေးလုပ်ငန်း ဖြစ်နေပါတယ်။ ခေါင်းပုံဖြတ် လက်ဝါးကြီးအုပ်သဘောမျိုး ဖြစ်တဲ့အတွက် ပြိုင်ဖက်ကင်းမဲ့နေပါတယ်။ အရောင်းအဝယ်လုပ်ငန်း လွှဲရကိုင်ရ ကောင်းမွန်ပါတယ်။ ကုန်သွယ်ရေးအဖွဲ့ရဲ့ ကုန်စည်မျိုးစုံကုန်ပစ္စည်း တရုတ်ဘက်က သက်ဆိုင်တဲ့ ကုန်သွယ်ရေး အချက်အလက်ကနေပြီး

www.burmeseclassic.com

www.burmeseclassic.com



ခေါက်ပြန်ချေ စနစ်ဖြင့် ရောင်းချပေးတာ ဖြစ်တယ်။ ရောင်းချပေးပြီးရင် စာရင်းမှတ် ထားလိုက်ပါတယ်။ (၈၀)ပြည့်နှစ်နှောင်းပိုင်း၊ တရုတ်ပြည် နိုင်ငံရေးမူဝါဒ တံခါးဖွင့်လိုက်ပါတယ်။ စီးပွားရေးပြိုင်ဖက်တွေ များပြားလာပါတယ်။ ဈေးနှုန်းကိုလည်း အပြန်အလှန် ဖိချကြတယ်။ ဆိုးရွားတဲ့ ယှဉ်ပြိုင်မှုမျိုး ကျင့်သုံးကြတယ်။ ယခင်မူလက အမြတ်သာရှိပြီး အရှုံးမပေါ်တဲ့ စစ်ဒေသ ကူးသန်းရောင်းဝယ်ရေးအဖွဲ့က ရပ်တည်ဖို့ရာ အကြပ်အတည်း တွေ့လာရပါတယ်။ ၁၉.၈.၁၉၈၀ ခုနှစ် ဗကပ ဗဟိုစစ်ဗိုလ်နယ်မြေ "အထူးကုန်စည် ကူးသန်းရောင်းဝယ်ရေး" ဗဟို လက်အောက်ခံအဖွဲ့က သိမ်းကျုံးဝယ်ယူရမှာ ဖြစ်တယ်။ အဲဒီအဖွဲ့က "၅.၁၉" အဖွဲ့ဆိုတဲ့ အထူးကူးသန်းရောင်းဝယ်ရေးအဖွဲ့ ဖွဲ့စည်းလိုက်ပါတယ်။ တာဝန်ခံချုပ်က ဗကပ ဗဟိုဒုဥက္ကဋ္ဌ သခင်ဖေတင့် ဖြစ်ပါတယ်။ "အထူးကုန်ပစ္စည်း"ကို ယခင်မူလကအတိုင်း ခေါင်းပုံဖြတ် လက်ဝါးကြီးအုပ် စီးပွားရေးစနစ်အတိုင်းကိုပဲ ကျင့်သုံးပါတယ်။ ကျမ်းတက်ဝံက အဖွဲ့ဦးစီးမှူး ဖြစ်တယ်။ ကိုးကန့်သား စူးခန်းချဲန်ရဲ့ ယောက်ဖကို စက်မှုလက်မှု ပညာရှင်အဖြစ် ဖိတ်ခေါ်ခန့်အပ်ပါတယ်။ မုန်းမမှာ နံပါတ် (ဖိုး) ဟီးရိုးအင်း ထုတ်လုပ်မှုစက်ရုံ တည်ဆောက်လိုက်တယ်။ ၁၉၈၉ခုနှစ် နှစ်ကုန်ပိုင်း အဲဒီအလုပ်ရုံကနေ စစ်ဒေသကို အမြတ်အစွန်းထဲက ရင်မင်ပီငွေကြေးယွမ်ငွေ (၅)သိန်း ပေးအပ်ပါတယ်။ ၁၉၈၄ ခုနှစ်မှာ အမြတ်ငွေ ယွမ် (၈) သိန်း ပေးအပ်ခဲ့ပါတယ်။ ၁၉၈၄ ခုနှစ် မတ်လ မြောက်ပိုင်းဌာနက ကွတ်ခိုင်ခရိုင် ဘဏ္ဍာရေးဌာနမှူး လျူကို့စီးကို ဟီးရိုးအင်းထုတ်လုပ်မှု အလုပ်ရုံ တည်ဆောက်ခွင့်ပြုလိုက်ပါတယ်။ လျူကို့စီးနှင့် ရီပေါင်ကျူတို့က လက်နက် တပ်ဆင်ထားတဲ့ တပ်စိပ်နှစ်စိပ်ကို ခေါင်းဆောင်ခေါ်လာပြီး တောနက်ကြီးထဲက မြစ်အနောက်ဘက်ကမ်း အခြေစိုက်စခန်းမှာ ဟီးရိုးအင်း အလုပ်ရုံတစ်ရုံကို တည်ဆောက်လိုက်ပါတယ်။ စက်မှုအတတ်ပညာသည်ကတော့ ထိုင်းနိုင်ငံ ဝင်းထကနေ ဖိတ်ခေါ်ငှားရမ်းလားတဲ့ မာလိနှင့် လျူလိုက်ယင်းတို့ ဖြစ်ကြပါတယ်။ အဲဒီတည်ဆောက်တဲ့ ခုနှစ်မှာပဲ "၃၅ တံဆိပ်" ဟီးရိုးအင်းအထုပ် (၅၀၀) ကျော် ထုတ်လုပ်ပါတယ်။ (တစ်ထုပ်လျှင် (၇၀၀) ဂရမ် ပါဝင်ပါတယ်) မူးယစ်ဆေးကုန်ချောတို့က အိန္ဒိယနိုင်ငံထဲဆီ အဓိက လက်ဆင့်ကမ်း တင်သွင်းပါတယ်။



၁၉၈၄ခုနှစ် တရုတ်ပြည်က စစ်ဘက်ဆိုင်ရာ အကူအညီရပ်ဆိုင်းသွားပြီးတဲ့နောက်ပိုင်း အသုံးစရိတ်ပြဿနာကို ပြေလည်စေရေးအတွက်၊ အဖွဲ့အစည်းအသီးသီးက လုပ်ငန်းပိုင်းမှာ သွက်လက်မြန်ဆန်မှု ရှိလာပါတယ်။ အကျိုးအမြတ်ကြီးမားတဲ့ ကိုယ့်ဒူးကိုယ်ချွန် မြင်ကွင်းအကွက်ကို အထူးတလှယ် ရွေးခြယ်လိုက်ပါတယ်။

## (၄-၁) ဗကပတို့ ဟီးရိုးအင်း စတင် ထုတ်လုပ်ပြီ

ဗကပတို့က "ကိုယ်ဒူးကိုယ်ချွန် သိမ်းဆည်းရေး ကြံဆမှုကို ကောင်းအောင်လုပ်၊ တပ်ကိုတောင့်တင်းအောင် ကျွေးမွေး၊ မြန်မာနိုင်ငံ လွတ်လပ်ရေးကို အစွမ်းကုန် လုပ်ဆောင်" အစရှိတဲ့ ကိန်းကြီးခန်းကြီး အလံတလူလူ ကြွေးကြော်လွှင့်ထူလိုက်တယ်။ ဗကပ ဗဟိုက စင်မြင့်ပေါ်မှာ ထွက်ပေါ်လာပြီး "သိမ်းဆည်းခြင်း၊ တည်ထွင်ကြံဆရေး" မူဝါဒကို အားတက်သရော ကူညီအားပေးလိုက်ပါတယ်။ ဒါ့ကြောင့် ဌာနအသီးသီးဆီကို "သိမ်းဆည်းခြင်း တည်ထွင်ကြံဆရေး"ကို ညွှန်ကြားထုတ်ပြန်လိုက်တယ်။ စစ်ဒေသအသီးသီးက အစွမ်းအစတွေကို ထုတ်ဖော်ပြသကြပါတယ်။ တပ်စခန်းချထားတဲ့ နေရာတိုင်းလိုလိုမှာ မူးယစ်ဆေးပြုပြင် မွမ်းမံရေးမိစ္ဆာအယူဝါဒ လမ်းကြောင်းကို လျှောက်လှမ်းနေကြပါတယ်။ ဒီအချက်အလက်ကို တရားဝင် ယူဆောင်လာပြီး ဗဟိုနိုင်ငံရေး အစည်းအဝေးမှာ ချပြဆွေးနွေးပါတယ်။ ရဲဘော်စိုးသိမ်းက ဒါကို ဆန့်ကျင်တဲ့ အဖွဲ့ထဲက တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမယ့် လက်ထောင်ပြီး အဆုံးအဖြတ် မဲယူတဲ့အခါမှာ အများစုက သဘောတူညီတဲ့ လက်ချောင်းတွေ ထောင်ပေးကြပါတယ်။ ခွင့်ပြုချက် ရရှိသွားပါတယ်။

၁၉၈၆ ခုနှစ် တပ်မဟာ (၆) နိုင်ငံရေးမှူးချုပ်ကြီး (ခွန်မင်း ပညာတက်လူငယ် မြောက်တိုင်းရင်းသားလူမျိုးစု ဘုရင်မျိုးဆက်) က "ဘုံပိုင်ဆိုင်မှု" အမည်နာမယူသုံးပြီး ထိုင်းမြန်မာနယ်စပ်က နန်းမောမှာ "နံပါတ်ဖိုး" အလုပ်ရုံတည်ဆောက် လိုက်ပါတယ်။ တပ်မဟာ (၂)ကလဲ "နံပါတ်ဖိုး" အလုပ်ရုံတည်ဆောက် လိုက်ပြန်တယ်။ ရဲဘော်စိုးသိမ်းက တပ်မဟာ (၂)

www.burmeseclassic.com

www.burmeseclassic.com



က တပ်မှူးဆိုပေမယ့်လည်း သူ့ရဲ့ လက်အောက်ငယ်သားတို့က သတင်းအချက်အလက်တွေကို ဖုံးဖိထားပါတယ်။ တင်းတင်းကြပ်ကြပ် လျှို့ဝှက်ထားပါတယ်။ နောက်ပိုင်းမှာ လေသံသဲ့သဲ့ ကြားတယ်ဆိုပေမယ့် အဲဟိုလူတွေက သူခိုးလူပြန်ဟစ်တာမျိုး လုပ်ကြပါတယ်။ ခြေရာလဲပျောက်၊ ရေလဲနောက်ချေလေပြီပေါ့။ အကြားအမြင်အားလုံးကို အတင်း လိုက်လံဖုံးဖိပိတ်ဆို့ထားကြပါတယ်။ ရဲဘော်စိုးသိမ်းဟာ ဘဝတစ်လျှောက်လုံး သတင်းအဖြစ်မှန်ကို တစိုးတစိမှ မရရှိပါ။ ဗဟိုရဲ့ ထင်မြင်ယူဆချက်က ရဲဘော်စိုးသိမ်းသိရဲ့သားနဲ့ အစီရင်မခံတာလို့ ထင်ကြပါတယ်။ တစ်ကြိတ်တည်း တစ်ဉာဏ်တည်းပေါင်းစုံနေတယ်လို့ပါ ထင်ကြပါတယ်။ ဒီအကြောင်းကိစ္စနှင့် စပ်လျဉ်းပြီး ရဲဘော်စိုးသိမ်းကို ဝေဖန်အပြစ်တင်ကြပါတယ်။ နှစ်နှစ်တောင် ကြာသွားပြီးတဲ့ နောက်ပိုင်းမှာ တိုးတိုးတိတ်တိတ်ကြိတ်ပြီး လုပ်လိုကြသူတွေချင်း ဝေစုမတဲ့တော့ပါ။ ဒီတော့မှ ပေါက်ထွက်လာပါတော့တယ်။

၁၉၈၆ ခုနှစ် နွေဦးရာသီပွဲတော် (တရုတ်နှစ်ကူးပွဲ) ကာလအတွင်းမှာ "တနယ်တကျေးက သွေးခင်းလမ်း" စာအုပ်ထုကြီးကို ရေးသားတဲ့ တရုတ်စာရေးဆရာ ကျန်းကျဲန့်ကျန်းက ဝမ်တိန်းမြို့ငယ်လေးရဲ့ (၁) ကီလိုမီတာအကွာကနေ ပန်ဆိုင်းဆီ ခိုးကူးလာပါတယ်။ သူ့ရဲ့ ရဲဘော်ရဲဘက်ဟောင်းကို လာတွေ့ခြင်း ဖြစ်တယ်။ သူတို့ကွဲကွာသွားကြတာ (၁၄) နှစ် ရှိသွားပါပြီ။

သူသွားတွေ့မယ့်သူ့ရဲ့ ရဲဘော်ရဲဘက်ဟောင်းက တစ်ချိန်တုန်းက သူ့ရဲ့အထက်အရာရှိလည်းဖြစ် လုပ်ဖော်ကိုင်ဖက်လည်း ဖြစ်ခဲ့ပါတယ်။ အဲဟိုတော်လှန်ရေးကနေ တွဲဖက်လာကြတဲ့ ရဲဘော်ရဲဘက်တွေပါ။ အခုတော့အားလုံးဟာ လက်နက်ကိုင် ကာကွယ်ကြတယ်ဆိုတာက မူးယစ်ဆေးကိုကာကွယ်တာ ဖြစ်နေပါတယ်။ ဟီးရိုးအင်းကို အလုံးအရင်း ထုတ်လုပ်ကြတယ်။ ရောင်းချကြတယ်။ တပ်ဖွဲ့ရဲ့ အရံစစ်အသုံးစရိတ်အဖြစ် သက်ရောက်သွားတဲ့တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပဲ လူတိုင်းရဲ့ ကိုယ်ပိုင်အိတ်ထောင်တွေ ဖောင်းကားကုန်ကြပါပြီ။ တချို့တပ်ရင်းအဆင့် ကေဒါတွေများဆိုရင် လောင်းကစားဝိုင်းကြီးတွေမှာ ယွမ်ငွေ (နှစ်သိန်းရှစ်သောင်း) လောင်းကြေးတွေ ရှုံးကုန်ကြပါတယ်။ မြစ်ကမ်း အနောက်ဘက်တန်းက မုန်းကိုး၊



မုန်းဟာန်၊ ပန်ဖိုင်း၊ မိုင်းခမ်း၊ ဖေချိုက်လွင်ပြင်၊ ကျင်းကျူလင် (ရွှေဝါးရုံတော)၊ ဟေးမုန်လုံတစ်ကြောမှာ အားလုံးပဲ မူးယစ်ဆေး မွမ်းမံ အလုပ်ရုံပေါင်းနှစ်ဆယ်ကျော် ဖြန့်ကျက်တည်ဆောက်ကုန်ပါပြီ။

စာရေးဆရာ ကျမ်းကျဲန့်ကျန်း၊ ရေချိုးဆိပ်နားက အိမ်တစ်အိမ်ရဲ့အနောက်ဘက်ဝင်းမှာ ရဲဘော်ဟောင်းကြီး တစ်ယောက်ရဲ့ နောက်လိုက်ပါပြီး လှေ့လာလိုက်တော့ ဟီးရိုးအင်း လျှို့ဝှက်မွမ်းမံထုတ်လုပ်တဲ့ အလုပ်ရုံကို မြင်တွေ့လိုက်ရပါတယ်။ ပစ္စည်းကိရိယာ တပ်ဆင်ထားမှုက ရိုးရိုးရှင်းရှင်းလေးသာရှိပါတယ်။ ဓာတုဗေဒ ဓာတ်ပြုစမ်းသပ်တဲ့ ပလတ်စတစ် အသုံးအဆောင်ပစ္စည်းတွေ အင်တီမိုနီ (Anti Mony) အိုးနှင့် ကြွေဇလုံကြီးတွေနောက်ပြီး အပူငွေ့ထိန်းစက် စည်နှစ်လုံးကို တွေ့မြင်ရပါတယ်။ စစ်သည်တော် လေးငါးယောက် အလုပ်ကို တပင်တပန်း လုပ်ကိုင်နေကြရပါတယ်။ ဖြူကျင့်ကျင့် ဟီးရိုးအင်း အလုံးလေးတွေကို ကြွေဇလုံကြီးထဲမှာ ထည့်ပြီးမပြတ် မွှေနေကြပါတယ်။ နောက်ပြီး သစ်သားဖြင့် ပြုလုပ်ထားတဲ့ အမှုန့်ကြိတ်စက်ထဲ ထည့်လိုက်ပါတယ်။ ဒုန်းကုလားစက် (hoistingJack) ပါဝါအားကို အသုံးပြုပါတယ်။ (၁၅) မိနစ်အကြာမှာ ဖိသိပ်ထားတဲ့ လက်ဖဝါးလောက်ရှိတဲ့ ဟီးရိုးအင်းအပြား ထုတ်လုပ်ပြီးစီးသွားပါပြီ။ တစ်ဆက်တည်းမှာပဲ ခြသေ့်နှစ်ကောင် အမှတ်တံဆိပ်ပါ ခြေချနင်း တံဆိပ်ကပ်လိုက်ပါတယ်။ လုပ်ကိုင်နေတဲ့ ရဲဘော်ဟောင်းကြီးက ကျမ်းကျဲန့်ကျန်းကို ရယ်ကာမောကာနောက်ပြောင်ပြောလိုက်ပါတယ်။ "ဟေ့လူ ဒါ သန့်စင်နှုန်းထားက (၉၉%) မှာရှိတာဗျ။ ရဲဘော်ပြန်ရောင်းဖို့ သုံးလေးတုံးလောက် ဝယ်သွားဦးမလားဟေ့။ အတုအပ ဖြစ်နေရင် ဆယ်ဆ ပြန်လျော်မယ်ဗျ"

ကျမ်းကျဲန့်ကျန်းကလဲ ရယ်ကာမောကာနဲ့ ပြန်ပြောလိုက်ပါတယ်။ "ခေါင်းပြုတ်မယ့် အရောင်းအဝယ်မျိုးက မင်းတို့လို တောဘုရင်၊ တောင်ဘုရင်တွေကပဲ လုပ်ဝံ့တာပါဗျာ"

၃၁-၃-၁၉၈၈ ဝမ်းတိန်မြို့ မူးယစ်ဆေးဝါး ဖမ်းဝရမ်းအဖွဲ့က တွမ်ကျဲ့စုံလမ်းဝကို ပိတ်ဆို့လိုက်တယ်။ မူးယစ်ဆေးရောင်းဝယ် ဖောက်ကားရေးအဖွဲ့နှင့် ရင်ဆိုင်ပစ်ခတ်ကြပါတယ်။ မူးယစ်ဆေး ရာဇဝတ်သားတွေကတော့ ပြည်သူ့တပ်မတော် တပ်မဟာ (၂)၊ နိုင်ငံရေးဌာန၊ ဒုဌာနမှူး ကျောက်ဝံချိုင်

www.burmeseclassic.com

www.burmeseclassic.com



နှင့် တပ်သားသားကိုစုတို့ ဖြစ်ကြပါတယ်။ "တက်ဟန်ကျိုး ရဲစခန်းမှတ်တမ်း" အရ ၁၉၈၃ ခုနှစ်နောက်ပိုင်း တက်ဟုန်နယ်မြေဒေသမှာ ကြိုကြား ကြိုကြား ဟီးရိုးအင်းတွေ ရှာဖွေဖမ်းဆီးမိပါတယ်။ နောက်ပိုင်းမှာ တစစ ရုတ်တရက် တိုးပွားများပြားလာပါတယ်။ ၁၉၉၀ ပြည့်နှစ်ရောက်တော့ အဲဒီနှစ်မှာ ဟီးရိုးအင်းဂရမ် (၄၇၀၀၀၀) ရှာဖွေ ဖမ်းမိပါတယ်။

အထူးကုန်ပစ္စည်းကူသန်းရောင်းဝယ်ရေးအဖွဲ့က ထိပ်သီးပိုင်းနှင့် စစ်ဗိုလ်တွေ ချမ်းသာကြွယ်ဝကုန်ပါပြီ။ "စိတ်ဓာတ်ရေးရာပိုင်း" စတင် ရှုပ်ထွေးကုန်ပါတယ်။ တစ်ချိန်လုံး သူတို့အတွေးမှာက,စားမယ်၊ သောက်မယ်၊ ဖဲရိုက်မယ်၊ လောင်းကစားမယ်၊ လယ်ယာအိမ်မြေတွေဝယ်မယ်၊ မယားငယ် အချောအလှတွေယူမယ်၊ တချို့များဆိုရင် သူတို့ကိုယ်၌က မူးယစ်ဆေးစွဲ သူတွေ ဖြစ်ကုန်ကြတယ်။ အဲဒီနောက်ပိုင်း ဟီးရိုးအင်းထုတ်လုပ်တဲ့ အလုပ်ရုံ တွေက မိုးတွင်းကာလက မှိုစ်စို့တွေလိုမျိုး ဟိုနေရာ ထိုးထိုးထောင်၊ ဒီနေရာ ထိုးထိုးထောင်၊ နေရာအနှံ့ ပျံ့နှံ့နေပါတယ်။ (၈၀) ပြည့်နှစ် ကုန်ဆုံးလုခင်လေးမှာ သိပ်ပြီး မပြည့်စုံတဲ့ကိန်းဂဏန်းအရတောင် ဗကပအခြေခံစခန်းနယ်မြေ ဒေသမှာ ဟီးရိုးအင်း မွှန်းမံထုတ်လုပ်မှု အလုပ်ရုံက (၈၅) ရုံ ရှိပါတယ်။ ဗကပအတွင်းပိုင်းမှာ အဆင့်အသီးသီးကေဒါပိုင်း အသီးသီးတို့က ငွေကိုမြင် လျှင် မျက်လုံးတွေပြူးကျယ် ကုန်ကြတယ်။အားလုံးနီးပါး မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု မုန်တိုင်းထဲလိမ့်ဝင်သွားကုန်ကြပါတယ်။ ပေါက်ကွဲ မှုကြီးအဆင့် အကျိုးအမြတ်ရှေ့မှောက်မှာ သူတို့တွေရဲ့ယုံကြည်ကိုးကွယ်မှု တွေ ပါတီစိတ်ဓာတ် ဗီဇအကျင့်စရိုက်တွေ မူဝါဒအကျင့်စရိုက်တွေ တော်လှန် ရေးစစ်သည်တော်အသွင် ရုပ်ပုံကားချပ်တို့က ရွှံ့မြေတို့ဖြင့်ပန္နက်ရိုက်ထားတဲ့ မြေသားအုတ်မြစ်လို ဖြစ်နေပါတယ်။ ရေနဲ့ထိတွေ့လိုက်တဲ့အခါမှာ ပျော်ဆင်းပြီး ပြိုပျက်ကုန်ပါတော့တယ်။ ဒါကို အတွင်းသိ၊ အဆင်းသိ သူတို့ရဲ့ ပြောပြချက်အရ ဗကပဥက္ကဋ္ဌ သခင်ဗသိန်းတင်ကလွဲပြီး မူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားမှု မကင်းတဲ့သူ မရှိချေလို့ ပြောကြဆိုကြပါတယ်။ အဆင့်မြင့် ကေဒါခေါင်းဆောင်တိုင်း အားလုံးမူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားမှုထဲကနေပြီ အကျိုးအမြတ်တွေ ရရှိကြပါတယ်။ ဗကပတို့ မူးယစ်ဆေးဝါးထုတ်လုပ်ကြတယ်။ ရောင်းဝယ်ဖောက်ကား ပြုလုပ်ကြတဲ့ ကိစ္စ



နှင့်စပ်လျဉ်းပြီး စာရေးဆရာ ကျမ်းကဲ့နို့ကျန်းရဲ့ အဆိုအရကတော့ "ဝက် ဖြစ်မှတော့ ချီး ဘယ်လာကြောက်တော့မှလဲဗျာ" တဲ့။

ထိုစဉ်ကာလတုန်းက၊ ဗမာပြည်ကွန်မြူနစ်ပါတီက အခွဲကျွတ်ပြီး "အနက်ရောင် လက်ကြီးပါတီ" အဖြစ် ပြောင်းလဲသွားပြီ ဖြစ်တယ်။ ပြည်သူ့တပ်မတော်လဲပဲ အခွဲကျွတ်ကာ "အနက်ရောင်ဂိုဏ်း" အဖြစ် ပြောင်းလဲသွားပါပြီ။ အစစ်အမှန်ရေမရောတဲ့ လက်နက်ကိုင်အဖွဲ့ကြီးအဖြစ် ပြောင်းလဲ သွားချေပြီ။ ရှေ့တန်းစစ်မြေပြင်တပ်ဖွဲ့က သဘောမကျကြပါ။ တပ်မဟာ (၂) က သဘောထားကို ထုတ်ပြန်ပါတယ်။ "လက်ရှိ စစ်ရေး အရ ထိုးနှက် ရမယ့်ပစ်မှတ်က မုန်းကိုးကို အရင်ဆုံး တိုက်၊ ထပ်ဆင့်ပြီး ပန်စန်းကိုဆော်ပစ် ပြီးတော့မှ ရန်ကုန်ကို တိုက်မယ်"

၁၉၈၆ ခုနှစ်၊ ဧပြီလ၊ ဗကပတို့ ဗဟိုညီလာခံမှာ ကန့်ကွက်တဲ့ အုပ်စုက အပေါ်စီးရသွားပါတယ်။ ကန့်ကွက်တဲ့အုပ်စု အကြောင်းပြချက်က အများဖို့ဆိုပြီး ပိုက်ဆံဘယ်လောက်မှ မရပါ။ ဗကပရဲ့ နာမည်ပျက်တာပဲ ရှိတယ်။ အောက်မြန်မာပြည်က မြေအောက်လှုပ်ရှားသူတွေတွေးလို့ကို အခိုပွာယ် မပေါက်တော့ပါ။ ကွန်မြူနစ်ပါတီက ဘာကြောင့် မူးယစ်ဆေးဝါး လုပ်ကြရတာလဲတဲ့။ သူတို့ထင်မြင်ယူဆတာက ဒါဟာရန်သူရဲ့ ကောလာ ဟလ သတင်းလွှင့်ချက်ပဲဖြစ်မယ်။ ဒါမှမဟုတ်ရင်လဲ အကျင့်ပျက်သူတွေက ဗကပအလံလွှင့်ထူပြီး ရှုပ်ထွေးအောင်လုပ်တာပဲ ဖြစ်မယ်။ တမင် ဗကပ နာမည်ကိုဖျက်တာပဲ ဖြစ်မယ်။ ဒီတော့ ညီလာခံကြီးကနေပြီး "မူးယစ်ဆေး ဖြင့် တပ်ဖွဲ့ကို မွေးမြူခြင်း" ဆိုတာကို တားမြစ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမယ့် မူးယစ်ဆေးဝါးရဲ့ ပေါက်ကွဲမှုအသွင် အမြတ်အစွန်းက မြူဆွယ် ညှို့ယူအား ကောင်းလွန်းနေပါတယ်။ တပ်မဟာ အသီးသီးနှင့် နယ်ခံအစိုးရ တို့အားလုံး အရှိန်အဟုန်ပြင်းပြင်း မောင်းနှင်နေတဲ့ကားကို ဘရိတ်အုပ်လို့မရ နိုင်တော့ပါ။

❐

www.burmeseclassic.com

www.burmeseclassic.com

## (ဃ) ဗကပတော်လှန်ရေးနှင့် တရုတ်ကွန်မြူနစ်ပါတီ

### (၁–ဃ) ရခိုင်ဆန်လုပွဲမှသည် တရုတ်–ဗမာအရေးအခင်းသို့

မြန်မာနိုင်ငံ သမိုင်းမှာ အင်္ဂလိပ်ကိုလိုနီလက်ထက်မှာကတည်းက အုပ်ချုပ်သူ လူတန်းစားဖြစ်တဲ့ သူတို့ ရင်ဆိုင်ကြုံတွေ့လာတဲ့ အကြပ်အတည်းဖြစ်ပေါ်လာတိုင်း လူမျိုးရေး အဓိကရုန်း ဖြစ်အောင် ဖန်တီးပါတယ်။

သူ့ရဲ့ မသမာမှုလုပ်ရပ်တို့ကြောင့် ဝန်ကြီးချုပ်ဦးနုက သူ့ကိုချောင်းထိုးတော့မှာကိုသိတဲ့ ဗိုလ်ချုပ်နေဝင်းက ၂-၃-၁၉၆၂ ခုနှစ်မှာ တိုင်းပြည်အာဏာကို သိမ်းပိုက်လိုက်ပါတယ်။ တော်လှန်ရေးကောင်စီအစိုးရဆိုပြီး တည်ထောင်လိုက်ပါတယ်။ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ စစ်အစိုးရက သူ့ရဲ့ခါးပိုက်ဆောင်တပ်ကို အားထားပြီး ပြည်သူပိုင်ပစ္စည်းတွေကို အဓမ္မလုယူ သိမ်းပိုက်ပါတယ်။ ''ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံ'' ဆိုပြီး ပေါများကြွယ်ဝမှုကို သရုပ်ဆောင်တဲ့ မြန်မာနိုင်ငံဟာ အစစ အရာရာ ချို့တဲ့ချို့ငဲ့တဲ့အခြေကို ထိုးဆင်းကျသွားပါတယ်။ ပြည်တွင်းစားသောက်မှု ပေါပေါများများ ဖူဖူလုံလုံ ရှိရုံတင်မကသေးပါ။ နိုင်ငံခြားသို့ပင် အလုံးအရင်း တင်ပို့ရတဲ့



မြန်မာ့ဆန်စပါးက တပ်ဂိုထောင်ထဲမှာ စုပုံကုန် ပျက်စီးကုန်တဲ့ အခြေကို ဆိုက်ရောက်သွားပါတယ်။ နှစ်စဉ်စပါးဟောင်းပြတ်၊ စပါးသစ်ပေါ်စ မေ-ဇွန်တွေမှာ ဗိုလ်ချုပ်နေဝင်းနဲ့ စစ်အစိုးရက သိမ်းဆည်းထားတဲ့ ဆန်စပါးတွေကို ပြည်သူတွေဆီ ဖြန့်ဝေမကျွေး ဂျုံမှုန့်တွေကိုသာ ပြည်သူ့ဆိုင်ကကိုတာစနစ်ဖြင့် မလောက်မင ထုတ်ပေးပြီး ချာပါတီလုပ်စားနိုင်းပါတယ်။ မြို့တော်ဖြစ်တဲ့ ရန်ကုန်မှာတင်ဒါလောက် အဖြစ်ဆိုးချေတော့ နယ်ရဲ့အနေအထားက ပြည်သူပြည်သားတွေ မခံမရပ်နိုင်တဲ့အထိ ဖြစ်လာပါတယ်။ ၁၉၆၇ ခုနှစ် မေလပိုင်းမှာ ရခိုင်ပြည်နယ်မြို့တော် စစ်တွေမှာ အငတ်ဘေးကို မခံနိုင်တော့တဲ့ ပြည်သူတွေ အုံကြွမှုဖြစ်ပြီး ဆန်လုပွဲကြီး ပေါ်ပေါက်လာပါတယ်။

ဆန်လုပွဲကြီးက အုပ်မနိုင် ထိန်းမရ ဖြစ်လာတော့တဲ့အဆုံး ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ တော်လှန်ရေးကောင်စီ စစ်အစိုးရက ပြည်သူလူထုကို အကြမ်းဖက် နှိမ်နင်းရတဲ့အထိ အခြေအနေ ဆိုးရွားလာပါတယ်။

ဗိုလ်နေဝင်းအစိုးရရဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး အကြပ်အတည်း ကြီးထွားသထက် ကြီးမားလာပါတယ်။ ကျန်မြန်မာနိုင်ငံဒေသတွေဆီ ကူးစက်လာမှာကို ဗိုလ်နေဝင်း အထိတ်တလန့် ဖြစ်နေပါတယ်။

တစ်ချိန်တည်းမှာပဲ တရုတ်နိုင်ငံက အစပျိုးလာတဲ့ ''ယဉ်ကျေးမှု'' တော်လှန်ရေးက ပြည်သူပိုင်သိမ်းထားတဲ့ ဟွာကျုံးတရုတ်ကျောင်း (ကြည့်မြင်တိုင် အမှတ်-၃ အထက) ဆီ ဂယက်ရိုက်လာပါတယ်။ တရုတ်ကျောင်းသားငယ်လေးတွေရဲ့ လက်ဝဲဘက်ရင်အုံထက်မှာ သူတို့လေးစားမြတ်နိုးတဲ့ ဥက္ကဋ္ဌမော်စီတုန်းရင်ထိုးကို ကိုယ်စီထိုးထားကြပါတယ်။ ငယ်ရွယ်တဲ့ တရုတ်နွယ်ဖွား ကျောင်းသားလေးများရဲ့ လုပ်ရပ်က ဗိုလ်နေဝင်းအတွက် အကွက်ဆိုက်သွားပါပြီ။

ကျောင်းအုပ်ကြီးက ကျောင်းသားတို့ကို ခေါ်ယူပြီး မော်စီတုန်း ရင်ထိုးကို ဖြုတ်ခိုင်းပါတယ်။ ကျောင်းသားငယ်လေးတွေက ပြန်လည်ရှင်းပြပါတယ်။ ''ကျွန်တော်တို့က ကျောင်းစည်းကမ်းကို လိုက်နာကြပါတယ်ခင်ဗျား၊ ကျောင်းစည်းကမ်းမှာက မည်သည့်ရင်ထိုးမထိုးရဆိုတဲ့ အချက် မပါဘူး ခင်ဗျား'' တရုတ်ကျောင်းသားလေးတို့ရဲ့ ဆန္ဒပြပွဲက အရှိန်အဟုန်ထွက်လာပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျောင်းအာဏာပိုင်တွေက ခေတ္တလွှတ်ထားလိုက်တယ်။ ပြည်သူပိုင်သိမ်းစဉ်က အမျိုးသားမှတ်ပုံတင်ကိုင်ဆောင်ထားတဲ့ တရုတ်နွယ်ဖွားကျောင်းဆရာတွေနဲ့ လှည့်တိုက်ခိုင်းလိုက်ပါတယ်။ အဲဒီကျောင်းဆရာတို့က သခင့်အလိုကျ ပိုလို့တောင် ကြိုးစားပြပါတယ်။ ကျောင်းသားလေးတို့ရဲ့ ရင်ဘတ်မှာ ထိုးချိပ်ထားတဲ့ မော်စီတုန်းရင်ထိုးကို အတင်းအဓမ္မ ဆွဲဖြုတ်လိုက်တယ်။ အခြေအနေကို ပိုဆိုးစေအောင် တရုတ်ကျောင်းဆရာတို့က ကျူးလွန်ကြပါတယ်။ အတင်းအဓမ္မ ဆွဲဖြုတ်လိုက်တဲ့ မော်စီတုန်းရင်ထိုးကို အိမ်သာဇလားထဲ ပစ်ထည့်လိုက်ပါတယ်။ တရုတ်ကျောင်းသားလေးတို့ရဲ့ ဒေါသအထွဋ်အထိပ်ဆီ ရောက်ရှိသွားပါပြီ။ နေဝင်းစစ်အုပ်စုရဲ့ ထောင်ချောက်ထဲသွတ်သွင်းဆိုက်ရောက်သွားပါတယ်။ ပိတ်လှောင်ခံထားရတဲ့ ကျောင်းဝင်းကြီးထဲမှာ ကျောင်းသားထုအားလုံး နေဝင်းစစ်အစိုးရ ဆန့်ကျင်ဆန္ဒပြတဲ့ကြွေးကြော်သံတွေ ဘဝဂ်ညံပါတော့တယ်။ ကျောင်းဝင်းပြင်ပ ရန်ကုန်မြို့ရဲ့ နေရာအနှံ့အပြားမှာ စစ်အစိုးရရဲ့ ကောလဟလသတင်း တမဟုတ်ချင်း ပျံ့လွင့်သွားပါပြီ။

"တရုတ်ကျောင်းသားလေးတွေကို မော်စီတုန်းရင်ထိုးဖြုတ်ခိုင်းရာကနေ ဆရာ၊ ဆရာမတို့ရဲ့စကားကို မနာခံပဲ အကြမ်းဖက်မှုတွေ ပေါ်ပေါက်လာပါတယ်။ ချောမောလှပတဲ့ မြန်မာအမျိုးသမီး ကျောင်းဆရာမလေးကိုဝိုင်းဝန်းကာ ဘလက်ကာယ အဓမ္မ ပြုကျင့်ကြပါတယ်။ ကျောင်းဆရာမလေး အချိမဆန့် ခံစားရပြီး အသက်ပျောက်သွားပါတယ်။ တရုတ်ကျောင်းသားတို့က ဆရာမလေးရဲ့ အလောင်းကို နာရီစင်မှာ တွဲလောင်းချိတ်ဆွဲထားပါတယ်။

ဖြန့်လွှတ်လိုက်တဲ့ ကောလာဟလဟာ အတော့်ကို ထိရောက်သွားပါတယ်။ ရန်ကုန်မြို့နယ် အသီးသီးက မြန်မာတို့ အမျိုးသားရေး ဒေါသမာန်ဟုန်တွေ ပေါက်ကွဲသွားပါပြီ ဟွာကျုံး (ကြည့်မြင်တိုင် အထက- ၃ ကို ရေပက်မဝင်အောင် ဝိုင်းရံထားလိုက်ကြတယ်။ တရုတ်အမျိုးသား ဆန့်ကျင်ရေးလှိုင်းလုံး ပြင်းထန်လာပါတယ်။ မှောင်ရီပျိုးစမှာ စစ်ကားတွေ မောင်းဝင်လာပြီး တရုတ်ကျောင်းသားလေးတွေကို ကားထဲအတင်းမောင်းသွင်းပြီး ရေကြည်အိုင်ငရဲစခန်းဆီ မောင်းနှင်ခေါ်ဆောင်သွားပါတယ်။

နောက်တစ်နေ့ ၂၇-၆-၁၉၆၇နေ့မှာ၊ ရန်ကုန်မြို့အနှံ့ တရုတ်အမျိုး



သား ဆန့်ကျင်ရေး ရှေ့ဆက်သွားပါတယ်။ အထူးသဖြင့် လသာတဝိုက်တရုတ်တန်းမှာ မြန်မာအမျိုးသားတစ်စု၊ ပြည်ထောင်စုအလံကို လွှင့်ထူပြီးစီတန်းဆန္ဒပြ ကြပါတယ်။ လူသူအစောင့်အရှောက်ကင်းမဲ့သွားတဲ့ တရုတ်ဘုရားကျောင်း၊ ဘုံကျောင်းထဲဆီ ဝင်ရောက်ကြပြီး ဖျက်ဆီးမီးရှို့ကြပါတယ်။

အထူးသဖြင့် အနော်ရထာလမ်းနှင့် လမ်းမတော်အလယ်အလောက်ဒေါင့်က "တရုတ်ကျောင်းဆရာများသမဂ္ဂ" အဆောက်အဦ ရှိပါတယ်။ သုံးထပ်တိုက်ရဲ့ လက်ဝဲဘက်အခန်းမှာပါ ရှေးကိုလိုနီခေတ်တွေတုန်းက တည်ဆောက်ထားတဲ့ သုံးထပ်တိုက်ကြီး ဖြစ်ပါတယ်။ လှေကားထစ်က မတ်စောက်လှပါတယ်။ တရုတ်ဆန့်ကျင်ရေး လက်မရွံ့ အကြမ်းဖက်အုပ်စုတွေ စုရုန်းပြီး တရုတ်ကျောင်းဆရာများသမဂ္ဂအခန်းကို အင်အားသုံးပြီး အတင်းထိုးတက်ပါတယ်။ မတ်ဆောက်ကျဉ်းမြောင်းလွန်းတဲ့ လှေကားထစ်ကြောင့် တရုတ်ဆန့်ကျင်ရေးအုပ်စု ဘယ်လိုနည်းနဲ့မှာ ထိုးဖောက်တက်ရောက်လို့မရပါ။ နောက်ဆုံးမှာ အဲဒီဆူပူအကြမ်းဖက်သူလူတစ်စုက၊ လက်ယာဘက်က ဒုတိယအခန်းကို အတင်းရိုတ်နှက်ဖွင့်ခိုင်းပါတယ်။ ဒုတိယ (လက်ျာဘက်) အခန်းထဲကို ဝင် ဝရံတာကနေ ယာဘက်တတိယထပ်ဆီတက်ကြပြန်တယ်။ တဖန် လက်ျာဘက် တတိယအခန်းကနေ အိမ်ခေါင်ထက်ဆီ ကြံဖန်တက်သွားကြပြန်တယ်။ အိမ်ခေါင်ထက်ဆီရောက်ကြတော့ အိမ်ခေါင်ကိုခွာပြီး လက်ဝဲဘက်အခန်းဖြစ်တဲ့ "တရုတ်ကျောင်းဆရာများသမဂ္ဂ" အခန်းဆီအပေါ်စီးကနေ ခဲနှင့်ပစ်ချပါတယ်။ အောက်ဘက်လှေကားကလဲ ဆူပူအကြမ်းဖက်အုပ်စုတို့ အလုံးအရင်း တက်လာကြပါတယ်။ အပေါ်အောက်နှစ်ဘက် ညှပ်ပိတ်ပြီး တိုက်ခိုက်တာမှာ တရုတ်ကျောင်းဆရာများနှင့် တရုတ်ကျောင်းသားငယ်လေးတို့ ညှပ်ပူးညှပ်ပိတ် ရိုက်နှက်ခံကြရပါတယ်။ တချို့ကျောင်းဆရာတို့က "တရုတ်ကွန်မြူနစ်ပါတီ အဓွန့်ရှည်ပါစေ" "မော်စီတုန်း ဝမ့်ဆွေ" ဆိုပြီး တိုက်ပေါ်က ခုန်ချပြီး မိမိကိုယ်ကို သေကြောင်းကြံစည်လိုက်ကြပါတယ်။

တရုတ်ကျောင်းသူကျောင်းသားငယ်တွေ ရိုက်နှက်သတ်ဖြတ်တာကိုခံလိုက်ကြရပါတယ်။ မြန်မာနိုင်ငံ နယ်အချို့မှာလဲ တရုတ်ဆန့်ကျင်ရေးလှိုင်းပြင်းထန်ပါတယ်။ ထူးခြားတာက အဲဒီ တရုတ်ဆန့်ကျင်ရေးသမားဆိုတာက

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ ပြည်သူလူထု မဟုတ်ပါ။ ဗိုလ်နေဝင်းတို့ လက်ရွေးစင် မွေးထုတ်လိုက်တဲ့ သူရဲ့လက်မရှိတပ်သားတွေသာ ဖြစ်နေပါတယ်။ အဲဒီ ဗိုလ်နေဝင်းရဲ့လက်မရှိတပ်သားတို့က တရုတ်တန်းရပ်ကွက်၊ လမ်းတွေထဲမဝင်ရဲကြပါ။ ဆင်ခြေဖုံးရပ်ကွက် ဗမာရပ်ကွက်တွေထဲ ဝင်ရောက်ပြီး တရုတ်အိမ်တွေကို ချိုးဖျက်သတ်ဖြတ်ဖို့ အတင်းဝင်ရောက်လာပါတယ်။ ဒါပေမယ့် ရပ်ကွက်နေ မြန်မာပြည်သူလူထုတို့ကလည်း တုတ်၊ ဓား၊ လှံ၊ လက်နက်ကိုင်ဆောင်ပြီး လမ်း၊ ရပ်ကွက်ထိပ်ကနေ အဓမ္မဝင်ရောက်လာကြမယ့် အကြမ်းဖက်အုပ်စုကို တန်ပြန်တားကြပါတယ်။ ဗိုလ်နေဝင်းလက်ရွေးစင်တပ်ဖွဲ့ အရမ်းကာရော မဝင်ဝံ့ကြပါ။ ဒီအချင်းအရာကို တွေ့မြင်ခဲ့ရတဲ့ စာရေးသူအနေနဲ့ ရှုမြင်သုံးသပ်မိတာက အဲဒီ ၁၉၆၇ ခုနှစ် ဇွန်လကုန်လောက်မှာ ပေါ်ပေါက်တဲ့ တရုတ်အမျိုးသားဆန့်ကျင်ရေး လှုပ်ရှားမှုက မြန်မာပြည်သူတွေနဲ့ တရုတ်အမျိုးတို့ရဲ့ လူမျိုးရေး အဓိကရုန်းလုံး၀ မဟုတ်ပါ။ နေဝင်းစစ်အစိုးရက မြှောက်ထိုးပင့်ကော် ရှူးတိုက်လို့ကိုက်တဲ့ခွေးသရမ်းတွေသာ ဖြစ်ပါတယ်။ မြန်မာပြည်သူလူထုကတောင် နှစ်ရှည်လများ လက်တွဲအတူချစ်ခင်ရင်းနှီးကြတဲ့ တရုတ်အမျိုးသားတို့ကိုတောင် ကာကွယ်သမှု ပြုကြပါသေးတယ်။

၁၉၆၇ ခုနှစ်၊ နေဝင်းအုပ်စုက ဆန့်ပြတ်လပ်မှု အကြပ်အတည်းကို တရုတ်-မြန်မာ အရေးတော်ပုံကြီးကို အတုအယောင်ဖန်ဆင်းပြီး၊ သူ့ရဲ့နိုင်ငံရေး အကြပ်အတည်းကို ထွက်ပေါက်ရှာ အလွတ်ရုန်းထွက်နိုင်ခဲ့ပါတယ်။

တရုတ်စာရေးဆရာ ကျမ်းကျဲန့်ကျန်း ရေးသားတဲ့ “တနယ်တကျေးက သွေးခင်းလမ်း” စာအုပ်အဖွင့်မှာ တရုတ်ကွန်မြူနစ်ပါတီရဲ့ တုန့်ပြန်ချက်ကို အောက်ပါအတိုင်း ရေးသားထားပါတယ်။

## (၂-ဃ) ဗကပတို့ကို အားပေးခြင်း စတင်ပြီ

၁၉၆၇ ခုနှစ် နွေရာသီ၊ မြန်မာနိုင်ငံ နေဝင်းစစ်တပ်အစိုးရ သွေးရူးသွေးတန်းနဲ့ တရုတ်ဆန့်ကျင်ရေး အရေးတော်ပုံကြီးဖြစ်အောင် ဆွပေးလိုက်တယ်။ နေဝင်းစစ်တပ်အစိုးရရဲ့ ရက်စက်ကြမ်းကြုတ်မှုကို ဆန့်ကျင်ဖို့အတွက် ယူနန်ပြည်နယ်၊ မန်စီဒေသမှာ စုဝေးကြပြီး အင်မတန်ကြီးမားတဲ့ စီတန်းလှည့်လည်ပွဲကြီး ကျင်းပပါတယ်။ နာကျည်းမှုပြင်းပြတဲ့ ဒေါသသံတွေထဲမှာ ကျမ်းကျဲန့်ကျန်း (တရုတ်စာရေးဆရာ)နှင့်၊ တက်ဟုန်ဝေ့ကျောင်းက၊ ကျောင်း



သူ၊ ကျောင်းသားတွေက စုရုန်းကြပြီး စက္ကူလုပ်နေဝင်းပုံတူရုပ်အလောင်းကို မီးလောင်တိုက်သွင်းလိုက်ကြတယ်။

မိုးလေးတဖြိုက် ရွာသွန်းပြီးနောက်၊ ကြည်လင်တဲ့နံနက်ခင်း ကျောင်းဝင်းစောင့်ရှောက်ရေး ဆရာ၊ ဆရာမများ၊ ကျောင်းသူကျောင်းသားများ အားလုံး ကျွန်းတောကြီးထဲမှာ စုဝေးကြပြီး အစည်းအဝေးပွဲကြီး ကျင်းပပါတယ်။ “စည်းလုံးညီညွတ်ခြင်း”အကြောင်း အမြဲတမ်းပြောတဲ့ စစ်တပ်ကိုယ်စားလှယ် ရဲဘော်လင်းက တက်တက်ကြွကြွဖြင့် နိုင်ငံခေါင်းဆောင်တွေ ပြောကြတဲ့ အရေးပါတဲ့ အချက်အလက်တွေကို ပြန်လည်ကာပြောနေပါတယ်။ “နေဝင်းဆိုတာက မြန်မာနိုင်ငံရဲ့ ချန်ကေရှိတ်ပဲပေါ့။ သူက အရင်းရှင်နယ်ချဲ့ အမေရိကန်ရယ် ပြန်လည်ပြင်ဆင်ရေးဝါဒီ၊ ရုရှားနှင့် တကြိတ်တည်း၊ တဥာဏ်တည်းပါ။ သူဟာ စစ်မက်လိုလားသူ ဖြစ်တယ်။ တရုတ်ဆန့်ကျင်ရေး အထွဋ်အထိပ်ရောက်အောင် သွေးထိုးလှုံ့ဆော်နေပါတယ်။ မြန်မာနိုင်ငံဟာ ဒုတိယဗီယက်ကောင်း ဖြစ်သွားနိုင်ပါတယ်။ မြန်မာတို့ရဲ့ ပိုင်နက်နယ်မြေက ကျယ်ပြန့်ပါတယ်။ စစ်ဖြစ်ရေးမှာ၊ ဗီယက်နမ်လိုမျိုး အကြောင်းပြချက်၊ ကွေ့ဝိုက်နေစရာမလိုပါ။ မြန်မာနိုင်ငံဟာ အရင်းရှင်နယ်ချဲ့နှင့် ပြုပြင်ပြောင်းလဲရေးဝါဒီတွေကို မှုပ်နှံစတေးပစ်ရေးအတွက် ခင်းကျင်းရမယ့် စစ်တလင်းပြင်အသစ်၊ အရေးပါတဲ့ စစ်တလင်းပြင်အသစ်ပဲပေါ့” ငါတို့ တော်လှန်ရေး ဆရာ၊ဆရာမတွေ၊ ကျောင်းသူ၊ကျောင်းသား အားလုံး အသင့်ပြင်ထားကြပါ။ ပါတီရဲ့ တပ်လှန့်သံဖြစ်တဲ့ ဥက္ကဋ္ဌမော်စီတုန်း လမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်ကြပါစို့။

ဒေါသ၊ အမျက်ချောင်းချောင်း ထွက်နေတဲ့ တရုတ်ပြည်ကြီး လက်စားချေရေးကို ဆောင်ရွက်ချေလေပြီ။ လက်စားချေရေးဆိုတာ ရှေးရှေးရာဇဝင်အစဉ်အဆက်ကတည်းက သုံးမျိုးသုံးစား ရှိပါတယ်။ (၁) အာဘော်ထုတ်လွှင့်ပြီး ထိုးနှက်တိုက်ခိုက်ခြင်း။ ကန့်ကွက်ချက် အကြောင်းအရာတွေကို ပြင်းပြင်းထန်ထန် ဖော်ပြရမှာဖြစ်ပါတယ်။ ပါးစပ်လေကြောင်း ထိုးစစ်ပေါ့။ (၂) နိုင်ငံခြားရေးကို ဖြတ်တောက်ခြင်း၊ ပိတ်ဆို့တာတွေ၊ အရေးယူအပြစ်ပေးတာတွေ ပြုလုပ်ခြင်း။ (၃) လက်နက်ဖြင့် ဖြေရှင်းခြင်း “ဖျံ့နှစ်ကောင် ငါးကြင်းငါးကို လု မြေခွေးကြားက အချောင်ရ” ဆိုရိုးစကားအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဗမာပြည်ကွန်မြူနစ်ပါတီက တရုတ်တို့ဘက်လက်စားချေလိုစိတ် ပြင်းပြနေတာကို တွေ့မြင်လိုက်တယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ လက်နက်ကိုင်တိုက်ပွဲကလည်း သန်းပေါင်း (၇၀၀) သော တရုတ်ပြည်သူလူထုရဲ့ တခဲနက်ကြင်နာမှုနှင့် အားပေးထောက်ခံမှုကို ရယူထားပြီး ဖြစ်တယ်။ ဒီလို အပြည့်အဝ ရယူထားတဲ့ အခွင့်အရေးကို အမိအရ ဆုပ်ကိုင်လိုက်တယ်။ နှစ်နိုင်ငံအစိုးရရဲ့ ပဋိပက္ခထဲ အခွင့်အရေးယူ တက်လာလိုက်တယ်။ တုန့်ဆိုင်းမနေဘဲ တရုတ်ပြည်က ဗမာအစိုးရဆန့်ကျင်ရေး အင်အားစုအားလုံးကို လှုံ့ဆော်ဖို့ကို ဆုံးဖြတ်လိုက်တယ်။ ဗမာကွန်မြူနစ် ပါတီရဲ့ ပုံမှန်စစ်တပ် ဖွဲ့စည်းရေးကို ကူညီဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါကို ဗမာပြည် ကွန်မြူနစ်ပါတီ ပြည်သူ့တပ်မတော်လို့ ခေါ်တွင်ပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)က အနီရောင် တရုတ်ပြည်ကို ကျောထောက်နောက်ခံ ထားလိုက်ပါတယ်။ တရုတ်မြန်မာ နယ်ခြားမျဉ်းရဲ့ မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းမှာ အခြေစိုက်စခန်းအဖြစ် အရယူလိုက်တယ်။ ဒီလိုနဲ့ ပေကျင်းအခြေစိုက် ဗကပကိုယ်စားလှယ်အဖွဲ့က တရုတ်ပြည်ကွန်မြူနစ်ပါတီထံ အကူအညီတောင်းခံပါတယ်။ တရုတ်ကွန်မြူနစ်ပါတီက ဗကပကို စစ်ရေးအကူအညီပေးရေး စစ်ရေးအကြံပေး ပုဂ္ဂိုလ်တွေ တိုက်ပွဲကေဒါတွေကိုပါ စေလွှတ်ပေးဖို့ကို တောင်းခံပါတယ်။ တရုတ်ကွန်မြူနစ်ပါတီက ချက်ချင်းပဲ ဗကပကို ကူညီရိုင်းပင်းမယ့် ခေါင်းဆောင်သုံးဦးကော်မတီကို ဖွဲ့စည်းလိုက်ပါတယ်။ ချူအင်လိုင်းက အဖွဲ့ခေါင်းဆောင်၊ အဖွဲ့ဝင်တစ်ယောက်က တရုတ်ပြည်ကွန်မြူနစ်ပါတီ၊ နိုင်ငံရေးဌာန၊ အမြဲတမ်း ကော်မတီ ဝင်ခန်းစိန်း (တွဲဖက်အဖြစ် ဗဟိုဆက်သွယ်ရေးဌာန နောက်ပိုင်းမှာ ဒုဥက္ကဋ္ဌ တာဝန်ကိုယူပါတယ်) တတိယတစ်ယောက်ကတော့ ကာကွယ်ရေးဌာန ဒုဝန်ကြီး လီတာ့ဖြစ်ပါတယ်။ အဘက်ဘက်လုပ်ငန်းကို လီတာ့က တာဝန်ယူပါတယ်။ မူပိုင်းဆိုင်ရာ ပြဿနာကို မော်စီတုန်းကို ဖိတ်ကြားခေါ်ပြီး ပါဝင်ရေးဆွဲခိုင်းပါတယ်။ အရေးတကြီး အကြောင်းအရာတွေကိုတော့ ချူအင်လိုင်းကိုယ်တိုင် မေးမြန်းဆောင်ရွက်ပါတယ်။ စစ်မက်ရေးရာပိုင်းကို ခွန်းမိန်စစ်ဒေသက တာဝန်ယူပါတယ်။

၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ၊ ယူနန်ပြည်နယ် ပေါင်စန်းခရိုင်၊ နကျန်း



မြစ်ဝှမ်း မြေပြန့်ဒေသနှင့် ကျဲန့်ခန်းခရိုင်၊ ထျဲ့ဖွတ်ကုန်းမှာ မြန်မာနိုင်ငံ ဗကပ ပြည်သူ့တပ်မတော်တပ်ဖွဲ့ကို တရားဝင်ဖွဲ့စည်း တည်ထောင်လိုက်ပါတယ်။ စစ်သည်အင်အား အရင်းအမြစ်ကို အစိတ်အပိုင်း သုံးရပ်ကနေ ဖွဲ့စည်းလိုက်တာ ဖြစ်ပါတယ်။ (၁) ဗကပတွေ တရုတ်ပြည်မှာ ပညာတော်သင်အဖြစ် ရောက်ရှိနေတဲ့ အင်အား။ (၂) တရုတ်ပြည်ထဲမှာ လေလွင့်နေတဲ့ နော်ဆိုင်းတပ်ဖွဲ့ (၃) ဖုန်ကျားရှင်တပ်ဖွဲ့တို့ ဖြစ်ပါတယ်။

၂၆-၁၁-၁၉၆၇ ခုနှစ်၊ ပေကျင်းမှာ အခြေစိုက်နေထိုင်တဲ့ ဗကပ ခေါင်းဆောင်ပိုင်းနှင့် ပြည်သူ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့တို့က တရုတ်ကွန်မြူနစ်ပါတီ ခေါင်းဆောင်မော်စီတုန်းနှင့် ပေကျင်းမှာ တွေ့ဆုံကြပါတယ်။ လျှို့ဝှက်သဘောတူညီချက်ကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ချူအင်လိုင်း၊ ခန်းစိန်းနှင့် လီတာ့တို့ဟာ ပြည်သူ့ကွန်ဂရက် ယူနန်ပြည်နယ်ခန်းမမှာ ဗကပ ဥက္ကဋ္ဌ၊ ဗကပ ပေကျင်း အခြေစိုက် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် သခင်ဗသိန်းတင်နှင့် သခင်ဖေတင့်အစရှိတဲ့ ခေါင်းဆောင်တို့က သုံးရက်လုံးလုံး နေ့ညဉ့်မပြတ် အထူးခေါင်းစဉ်အောက်မှာ၊ အဆက်မပြတ် ဆွေးနွေးညှိနှိုင်းကြပါတယ်။ မူလအစဦးပိုင်းမှာတုန်းက ဗကပအနေနဲ့ တပ်ဖွဲ့စည်းတည်ထောင်စဉ်တုန်းက တပ်ဖွဲ့နာမည်ကို "ဗမာပြည်လွတ်လပ်ရေး တပ်မတော်" ဆိုပြီး အမည်မှည့်ခေါ်ဖို့ကို တင်ပြပါတယ်။ ဒါကို ချူအင်လိုင်းက "လွတ်မြောက်ရေးတပ်" ရယ်လို့ မှည့်ခေါ်လိုက်ရင် နိုင်ငံတကာရဲ့ သဘောမှဲ့ခြင်းဆိုတဲ့ အာရုံစူးစိုက်လာမှာကို စိုးရိမ်တဲ့အကြောင်း ရှင်းပြပါတယ်။ "မြန်မာနိုင်ငံ ပြည်သူ့တပ်မတော်" ရယ်လို့ မှည့်ခေါ်ဖို့ကို အကြံပြုတိုက်တွန်းပါတယ်။ တရုတ်ပြည်ဘက်က စေလွှတ်တဲ့ စစ်ရေးအကြံပေးအဖွဲ့ကို ကိုယ်စားပြုခေါ်ရမှာက "အရှေ့တိုင်း ပျံလွှား ၈၀၈" နှင့် "အရှေ့တိုင်းပျံလွှား ၉၀၉" ဖြစ်ပါတယ်။ ဒီလိုမျိုး ချင့်ချိန်တွေးဆပြီး ပြင်ပအမြင်မှာ ရှင်းအောင် "ကူညီမေးမြန်းရေးအဖွဲ့" ရယ်လို့ ခေါ်တွင်စေရမယ် ဆိုပြီး ချူအင်လိုင်းက အဆိုပြုပါတယ်။ "၈၀၈ ကူညီမေးမြန်းရေးအဖွဲ့" အတွင်းမှာ ပြည်သူ့တပ်မတော် (၃၀၃) တပ်ဖွဲ့ ပါဝင်ပါတယ်။ အဖွဲ့ခေါင်းဆောင်က အန်းယွိဖုန်း (တပ်မတော် ၁၃၊ တပ်မ ၃၇၊ ဒုတပ်မမှူး) ဒု-ခေါင်းဆောင်က လို့ကွမ်းယိ (၇၆၈၈ တပ်ဖွဲ့ ဒုနိုင်ငံရေးမှူး)

www.burmeseclassic.com

www.burmeseclassic.com



"(၉၀၉)ကူညီမေးမြန်းရေးအဖွဲ့" က (၄၀၄)တပ်ဖွဲ့နှင့်တွဲဖက်ဖွဲ့စည်းထားပါတယ်။ အဖွဲ့ခေါင်းဆောင်က လီကျင်းချောင် (ပေါင်စန်းစစ်ဒေသ၊ ဒု-စစ်ဦးစီးမှူး) ဒု-အဖွဲ့ခေါင်းဆောင်က ကျန်းရှင်းပန်း (ပေါင်စန်းခရိုင်ဇာတိသား) တပ်ဖွဲ့အကြီးအကဲတို့ ဖြစ်ပါတယ်။ ဒါ့အပြင် ထိုးစစ်ဦးတည်ချက်နေရာနှင့် အတင်းထိုးဖောက်ရမယ့်နေရာပိုင်းမှာ ပြီးပြည့်စုံတဲ့ မြေနေရာအားလုံးကို ဝန်ကြီးချုပ် ချူအင်လိုင်းကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲပါတယ်၊ ဆုံးဖြတ်ပါတယ်။

ဗကပတို့ တရုတ်ပြည်ကနေ မြန်မာနိုင်ငံနယ်နိမိတ်ထဲ စစ်ချီရေးအဆင်ပြေရေးအတွက်၊ မြန်မာနိုင်ငံ နယ်နိမိတ်ထဲက ကျဲဖုန့်ဆီ ချီတက်ရေးလမ်းကြောင်းတစ်ကြောင်း အမြန်ဖောက်လုပ်ပါတယ်။ အလယ်တန်းကျောင်းအုပ်တစ်ယောက် ပြောပြတာကတော့-

"၁၉၆၈ ခုနှစ်၊ နှစ်ဆန်း (၁)ရက်နေ့ မတိုင်ခင် ဈေးနေ့မှာ ကျွန်တော်လုံချူးမူလတန်းကျောင်းကနေ ကျဲဖုန့်ဈေးနေ့အမီ သုတ်ခြေတင်လာပါတယ်။ အတော်အံ့အားသင့်သွားပါတယ်။ တစ်လျှောက်လုံး သွားရလာရ ခက်ခဲကြမ်းတမ်းတဲ့လမ်းက နေ့ချင်းညချင်း ဖြူးနေအောင်ပြင်ထားပါတယ်။ လျှိုနှစ်ခုကို သစ်သားတံတားတစ်ချောင်းက ပေါင်းကူးဆက်သွယ်ထားပါတယ်။ ချိုင့်တွေကမူတွေ၊ ချုံပုတ်အားလုံးကို ပိတ်ဆို့ကာဆီးထားတဲ့ အပင်ကြီး အပင်ငယ်မှန်သမျှအားလုံးကို သဲတို့ ကျောက်ခဲတို့နဲ့ ဖို့ညှိထားပြန်ပါသေးတယ်။ ကျွန်တော်အစပိုင်းထင်တာက ဒီနယ်မြေမှာ တပ်စွဲထားတဲ့ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က လွေဖုန်းကို အတုယူလုဆောင်တာများလာဆိုပြီ တွေးဆမိပါသေးတယ်။ နောက်တော့ အခြေမှန်သိလာတော့မှ အို့ဟိုး··· ဒါ့ကြောင်းကိုးဆိုတာကို သိလိုက်ရပါတယ်။ ဗကပတို့ရဲ့ မုန်းကိုးတိုက်ပွဲအတွက်စစ်ပြင်ဆင်ရေး တစ်ခုဖြစ်နေတာကိုး။ မုန်းကိုးကို သိမ်းပိုက်လိုက်တော့မှသိလိုက်ရတာက တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်သားတွေဖြစ်တဲ့ လုံချူးတပ်ခွဲက လမ်းကို အမိန့်အရ ဖုတ်ပူမီးတိုက် ပြုလုပ်လိုက်တာဖြစ်တယ်။ ဒါဟာ ဗကပ ပြည်သူတပ်မတော်သားတွေ ညဥ့်ကာလပိုင်းခရီးပြင်းစစ်ချီရာမှာ ဖြောင့်ဖြူးအောင် ကူညီလုပ်ဆောင်ပေးတာ ဖြစ်တယ်။



## (၃-ဃ) ပထမဆုံး စခန်းသိမ်းထိုးစစ် မုန်းကိုးတိုက်ပွဲ

၁၉၆၈ ခုနှစ်၊ နှစ်ဆန်း (၁) ရက်၊ မှောင်မိုက်တဲ့ ညဥ့်၊ ထျဲန့်စီး (ယူနန် အနောက်ပိုင်း) တရုတ် မြန်မာ လမ်းမလမ်းကို အုပ်စီးထားပါတယ်။ "ဝုန်း" ဆို ဆိုင်းမဆင့် ဗုံမဆင့်ဘဲ မုန်းကိုးဆီက ပြင်းထန်တဲ့ သေနတ်သံ၊ အမြောက်သံတွေ၊ သတ်ဖြတ်အော်ဟစ်သံတွေက ဆူညံနေပါတယ်။ ···

နေထွက်စပြုအချိန်ရောက်တော့ ရဲရဲတောက်နီလွင်တဲ့ ဗကပ ပြည်သူ့တပ်မတော် အလံတော် (အလံနီကြီးရဲ့ ဗဟိုချက်မ၊ အလယ်တဲ့တဲ့မှာ ရွှေဝါရောင်ငါးထောင့်ကြယ်ကြီးတစ်လုံး၊ ဗီယက်နမ်အလံနှင့် တစ်ပုံစံတည်းပါ) အဲဒီ ဗကပအလံနီကြီးက မြန်မာအစိုးရတပ်စခန်းချတဲ့ သွပ်အိမ် ခေါင်မိုးထက်မှာ လွှင့်ထူထားပါတယ်။ နှင်းငွေ့ရည်ထဲမှာ အလံနီကြီး ကွန့်မြူးနေပါတယ်။

မုန်းကိုး- မြန်မာပြည်မြောက်ဘက်၊ ရှမ်းပြည်နယ် တောအထပ်ထပ်၊ တောင်အသွယ်သွယ်တွင်းမှာ မြုပ်နံ့နေတဲ့ ရွာလေးတစ်ရွာ၊ ခုတော့ ရေဒီယိုလှိုင်းတို့ရဲ့ လွှင့်မြူးချက်နဲ့တမဟုတ်ချင်း ကမ္ဘာမှာ ဟိုးဟိုးကျော်သွားပါတယ်။ ကမ္ဘာတခွင်က အာရုံစူးစိုက်ရတဲ့ ဆုံချက်ကလေး ဖြစ်သွားပါပြီ။

## (၄-ဃ) နော်ဆိုင်းဖက် နည်းနည်း လှည့်လိုက်မယ်

နော်ဆိုင်းရဲ့ ဘိုးဘေးတွေက ယူနန်ပြည်နယ် လုန်ချွန်းကနေ ဆင်းသက်လာကြပါတယ်။ ၁၉၂၀ ပြည့်နှစ်၊ မိုးတွေလေတွေ၊ လျှပ်ရောင်တွေဟာ လက်လက်၊ မိုးချုန်းသံ တဂျိမ်းဂျိမ်း ဆူညံနေတဲ့ ညဥ့်ကာလ။ မြန်မာပြည်မြောက်ပိုင်း၊ လားရှိုးမြို့မှာ နော်ဆိုင်း မွေးဖွားလာပါတယ်။ မွေးဖွားတဲ့ရွာကတော့ မန့်ကောင်းရွာလေးပါ။ နော်ဆိုင်း ၁၅နှစ်သားအရွယ်မှာ၊ ဗြိတိသျှကိုလိုနီတပ်ထဲမှာ စစ်မှုထမ်းပါတယ်။ ဒုတိယကမ္ဘာစစ်မှာ ကချင်ပြောက်ကျားတပ်ဖွဲ့ကို ဦးစီးပြီး ဖက်ဆစ်ဂျပန်တို့ကို ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ခဲ့တဲ့ သူရဲကောင်းအယောက် ၂၀ထဲက တစ်ယောက်ဖြစ်ပြီး ချီးမြင့်ခံခဲ့ရသူဖြစ်တယ်။ ပြည်တွင်းစစ်ဖြစ်တော့ ဖဆပလ အစိုးရတပ်ဖွဲ့ထဲမှာ ဝင်ရောက်တိုက်ခိုက်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါအတီ အခြေခံစခန်းကို ရက်ရက်စက်စက်ဝိုင်းရံပိတ်ဆို့ပြီး လူမဆန်သတ်ဖြတ်တာကို နော်ဆိုင်း မြင်တွေ့ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ အဲဒီအချိန်က အစပြုပြီး မြန်မာအစိုးရရဲ့ လူမဆန်တဲ့ လူသတ်သမားအဖြစ် မခံယူလိုတော့တဲ့အတွက် ၁၉၄၉ ခုနှစ် ဇန်နဝါရီလမှာ သူ့တပ်ဖွဲ့ကို ဦးဆောင်ပြီး မြန်မာအစိုးရကို တော်လှန်ပုန်ကန်ပါတယ်။ ကချင်အမျိုးသားတပ်ဖွဲ့ကို ဦးဆောင်ဖွဲ့စည်းလိုက်တယ်။

၁၅-၄-၁၉၅၀ နေ့၊ လူသူတပ်ဖွဲ့အင်အား (၄၁၄) ယောက်ကို နော်ဆိုင်းဦးဆောင်ပါတယ်။ ဒီအထဲက အမျိုးသမီးတပ်သား (၁၃) ယောက် ပါဝင်ပြီး နို့စို့ကလေးအရွယ် နှစ်ယောက်လည်း ပါဝင်ပါတယ်။ နောက်ပိုင်းမှာ တပ်ပျက်ပြီး တရုတ်ပြည် လုစီးခရိုင်မှာ ခိုလှုံပါတယ်။ နော်ဆိုင်းရဲ့ ပြောစကားအတိုင်း ပြောရင်တော့ "တရုတ်ပြည်ထဲ ဝင်ရောက်ပြီး နွားဦးချိုသစ်ကို တပ်ဆင်ခြင်း ဖြစ်တယ်။ တရုတ်ပြည်သူ့ လွတ်မြောက်ရေးအဖွဲ့က ဖာ့ပေါ့ရွာမှာ နေရာချထားပါတယ်။ ဒါကို လျှို့ဝှက်ထားရေးအတွက် ၄င်းတို့ကို ပေါင်စန်းခရိုင်၊ ပန်ချောင်းရွာဆီ (၁၉၅၈) ခုနှစ်မှာ ရွှေ့ပြောင်းလိုက်ပါတယ်။ ၁၉၅၃ ခုနှစ်မှာတုန်းက တာ့လီဟိုင်တုန်း၊ ၁၉၅၇ ခုနှစ်မှာ တော်တော်ချောင်ကျတဲ့ ကွေ့ကြိုးပြည်နယ်၊ ဟွမ်မိန်ခရိုင်ဆီ ရွှေ့ပြောင်းလိုက်ပါတယ်။ နော်ဆိုင်းတို့တပ်ဖွဲ့ကို ၁၉၅၀ ခုနှစ်အစဦးပိုင်းကနေ ၁၉၇၀ခုနှစ် အစဦးပိုင်းတွေအထိ တရုတ်ကွန်မြူနစ်ပါတီဝင်ဟောင်းကြီးလည်း ဖြစ်တယ်။ တပ်သားဟောင်းကြီးအပြင် အကြီးအကဲဟောင်းကြီးက တစ်နယ်တစ်ကျေးက သူတို့တပ်ဖွဲ့ကို ပြုစုပျိုးထောင်ထားပါတယ်။ အဲဒီ ပါတီဝင်ဟောင်း တပ်သားဟောင်း ခေါင်းဆောင်ကြီးကို နော်ဆိုင်းတို့က သူတို့ရဲ့ နှလုံးသားထဲမှာ အကိုကြီးလို တသွယ်၊ မိဘလိုတသွယ် တွယ်တာအားထားပါတယ်။ အဲဒီပုဂ္ဂိုလ်ကတော့ နော်ဆိုင်းတို့တပ်ဖွဲ့ရဲ့ ဘုရားတစ်ဆူ ဂူတစ်လုံးလို အားထားရတဲ့ ကို့ကွမ်းယိ ဖြစ်ပါတယ်။ ကလေးတပ်သားလေးဖြစ်တဲ့ ချာတိတ်မလေး ကို့အိုက်ယွင်ရဲ့ မွေးစားအဖေလည်း ဖြစ်ပါတယ်။ တပ်သားဟောင်းကြီး ကို့ကွမ်းယိက နော်ဆိုင်းရဲ့ တပ်ကို ဦးဆောင်ပြီး ဟွမ်းမိန်ရွာဆီကို ရောက်လာကြတယ်။ အရင်ဆုံး "ယဉ်ကျေးမှု အတတ်ပညာကျောင်းမှာ ဆက်လက်ပြီး မွန်းမံသင်တန်း တက်ရပါတယ်။ နှစ်ဝက်အကြာမှာ သတ္တုတွင်းမှာ ပြောင်းရွှေ့ နေရာချထားပါတယ်။ အနည်းစုကို လယ်ယာလုပ်ငန်း လုပ်ကိုင်ခိုင်းပါတယ်။ ၁၉၆၀ခုနှစ် တရုတ်နိုင်ငံဖက်က၊ သူတို့ကို တရုတ်နိုင်ငံသားအဖြစ်



ဝင်ရောက်ခွင့်ပြုလိုက်ပါတယ်။ ဒါ့အပြင် မိမိရောက်ရှိရာဒေသက အမျိုးသမီးနှင့် အိမ်ထောင်ပြုခွင့်ကိုလဲ ပေးထားပါတယ်။ နော်ဆိုင်းတို့ မိသားစုတစ်လျှောက်လုံး ကွေ့ကြိုးမှာ နေထိုင်ကြပါတယ်။ နော်ဆိုင်းရဲ့ အလုပ်တာဝန်က ကွေ့ကြိုးပြည်နယ် ကာယကော်မတီ ဒုတိယတာဝန်ခံ ဖြစ်တယ်။ ဒါကတော့ တာဝန်ပိုင်း တစ်ရပ်အဖြစ် ခန့်အပ်ထားတာသာ ဖြစ်တယ်။ တကယ်တော့ ဘာတစ်ခုမှ မလုပ်မကိုင်ရဘဲ လစာပေးထားတာ ဖြစ်ပါတယ်။ သူ့ရဲ့ အဓိကအလုပ်က ပေကျင်းဂျစ်ကိုမောင်းမယ်၊ သေနတ်တစ်လက် ထမ်းပြီး အမဲပစ်မယ်၊ ပစ်ရတဲ့ဟင်းလျာကို မိသားစု ချက်ကြ၊ ပြုတ်ကြ၊ စားသောက်ကြမယ်ပေါ့။ ကြာလာတော့ နောက်ပိုင်းမှာ သူသူငါငါက နော်ဆိုင်းတို့ပြည်သူ့တပ်မတော်တပ်ဖွဲ့ကို "ကွေ့ကြိုးတပ်သားဟောင်းကြီး"တွေလို့ ကပ်ပွန်းတပ် ခေါ်ဝေါ်ကြပါတယ်။

၁၉၆၇ ခုနှစ်၊ တရုတ်- မြန်မာ ဆက်ဆံရေးဆိုးရွားပြီးနောက် နော်ဆိုင်းတပ်ဖွဲ့ကို ဗကပထဲ ထည့်သွင်းလိုက်ပါတယ်။ အမှတ် (၃၀၃) ပြည်သူ့တပ်မတော် ဖြစ်လာပါတယ်။ ဒါ့အပြင် ပေါင်စန်းရိုင်၊ နကျန်းတာရိုး တစ်လျှောက်မှာ အခြေစိုက်စခန်းဖွင့်ပြီး စုစည်း စစ်သင်တန်းပေးပါတယ်။ ကြားသိရသလောက်ကတော့ ဥက္ကဋ္ဌမော်က နော်ဆိုင်းနှင့် နှစ်ကြိမ် တွေ့ဆုံခဲ့ပါတယ်။ မော်ကနော်ရဲ့ သူရသတ္တိရှိမှု၊ ရိုးသားဖြောင့်မတ်မှု၊ တက်တက်ကြွကြွ စိတ်အားထက်သန်မှုနှင့် စိတ်ဓာတ်ကြံ့ခိုင်ပြီး သစ္စာစောင့်သိမှုကို မော်- တော်တော်လေး သဘောကျပါတယ်။ မော်လက်အောက်က သူချစ်ခင်မြတ်နိုးတဲ့ စွီစွတ်ယိုလိုမျိုး၊ တန်ဖိုးထားပါတယ်။ လူသူအမျိုးမျိုး အဖုံဖုံကို တွေ့ခဲ့၊ မြင်ခဲ့၊ ဆက်ဆံခဲ့တဲ့ မော်စီတုန်းက နော်ဆိုင်းလို အရည်အချင်းရှိတဲ့ လူမျိုးကို အလေးထားပြီး တာဝန်ချထားပေးဖို့ ဗကပကို မော်စီတုန်း အကြံပြု တိုက်တွန်းပါတယ်။

ဒါက မကြာခင် ဗကပတပ်ထဲ ပူးပေါင်းဝင်ရောက်လာမယ့် နော်ဆိုင်းရဲ့ "ကွေ့ကြိုးတပ်ဖွဲ့" ဖြစ်ပါတယ်။

## (၅-ဃ) ဗကပထဲ ရောက်လာတဲ့ ကိုးကန့်တပ်ဖွဲ့

လိန်ချုန်းဒေသ၊ ကျဲန့်ခန်းခရိုင် ထျဲ့ဇွတ်ကုန်းမှာ အသစ် ဖွဲ့စည်းလိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူ့တပ်မတော် (၄၀၄) တပ်ဖွဲ့ ဖြစ်တယ်။ သူတို့တပ်ဖွဲ့လည်းပဲ ၁၉၆၈ ခုနှစ် နှစ်ဆန်း (၁) ရက်နေ့မှာ ဌာနေပဟောင်းကိုးကန့်ကို ပြန်လည် တိုက်ခိုက်ကြပါတယ်။ မြစ်အရှေ့ပိုင်း (သံလွင်မြစ်အရှေ့ဘက်ကမ်း) အခြေခံစခန်းကို တိုက်ယူလိုက်တယ်။ ကိုးကန့်နယ်မြေဆိုတာ တရုတ်ပြည်ပိုင်နက်မြေပါ။ ၁၉၆၀ ပြည့်နှစ်၊ တရုတ်မြန်မာ နှစ်နိုင်ငံ နယ်စပ်စည်းမျဉ်းပိုင်းခြားလိုက်တော့ မြန်မာပိုင်နက်နယ်မြေ ဖြစ်သွားပါတယ်။ တစ်ချိန်က ကူမင်တန်အကြွင်းအကျန် တပ်ဖွဲ့တွေရဲ့ နှစ်ရှည်လများ သိမ်းပိုက်တာကို ခံခဲ့ရတဲ့ နယ်မြေဖြစ်ပါတယ်။ ကိုးကန့်ဆိုတာကလည်း သမိုင်းအစဉ်အဆက်ကတည်းက မြန်မာတို့ရဲ့ စိုးမိုးအုပ်ချုပ်တာကို မခံလိုကြသူတွေပါ။ ဗမာလူမျိုးတွေကို အညှိုးအတေး ရန်မူလေ့ရှိပါတယ်။ သူတို့က ဗမာတွေကို "အသားမဲ" လို့ ခေါ်ကြပါတယ်။

ဖုန်ကျားရှင်ဘိုးဘေးစဉ်ဆက်က ကိုးကန့်ဟုန်စွတ်ထိုပ်ဟို (ကျောက်တုံးနီမြစ်)ကမ်းမှာ မွေးဖွားပါတယ်။ ၁၉၄၉ ခုနှစ်မှာတုန်းက ဓော်ဘွားရဲ့တပ်ဖွဲ့ခွဲတစ်ခုမှာ တပ်မှူးဖြစ်ပြီး ၁၉၆၄ ခုနှစ်မှာ ဒုတပ်ဖွဲ့မှူး ဖြစ်လာပါတယ်။ ၁၉၆၅ ခုနှစ်၊ ဇူလိုင်လ မြန်မာစစ်တပ်တွေ ကိုးကန့်ထဲ ဝင်ရောက်လာကြပါတယ်။ ဖုန်ကျားရှင်က သူ့တပ်ကိုဦးစီးပြီး ဗမာအစိုးရတပ်ကို ဆန့်ကျင်တိုက်ခိုက်ပါတယ်။ ကိုးကန့်ပြည်သူ့တော်လှန်ရေး တပ်ဖွဲ့ကို တည်ထောင်ဖွဲ့စည်းလိုက်တယ်။ မြန်မာအစိုးရနဲ့ ပလဲနံပသင့်တဲ့ ရန်ကျဲန့်ရှန့် ဦးဆောင်တဲ့ လက်နက်ကိုင်တပ်ဖွဲ့နှင့် အချင်းချင်း တိုက်ခိုက်ကြပါတယ်။ ဖုန်ကျားရှင် အရေးနိမ့်သွားပါတယ်။ ၁၉၆၇ ခုနှစ် ဖွန်လမှာ တရုတ်ပြည် ကျဲန့်ခန်းခရိုင်ဆီ ဆုတ်ခွာပေးလိုက်ပါတယ်။ တရုတ်ပြည်ဘက်က စေ့စပ်ပေးလိုက်ပြီး ဖုန်ကျားရှင် တပ်ဖွဲ့ကို ဗကပပြည်သူ့တပ်မတော်ထဲ ထည့်သွင်းလိုက်ပါတယ်။ တပ်သားအင်အား နှစ်ရာ့နှစ်ဆယ်ကျော် ရှိပါတယ်။

ဖုန်ကျားရှင်ဆိုတာက "တရုတ်နီ" "တရုတ်ဖြူ" အုပ်စုနှစ်ခုထဲက လူးလိမ့်ကာ ထွက်ပေါ်လာရတဲ့ ပုဂ္ဂိုလ်တစ်ဦးပါ။ ကူမင်တန် တရုတ်ဖြူတို့ရဲ့ ပြုစုပျိုးထောင်တာကိုခံရသလို ကွန်မြူနစ်တရုတ်နီတို့ရဲ့ ပြုစုပျိုးထောင်တာကိုလည်းပဲ လက်သင့်ခံခဲ့တဲ့သူ ဖြစ်ပါတယ်။ တစ်ပြိုင်တည်းမှာပဲ ဓော်ဘွားတို့ရဲ့ ဖြောင်ကျကျ တိုက်ကြခိုက်ကြတာတွေ၊ ခြေပုန်းခုတ်



သတ်ကြ၊ဖြတ်ကြ၊ သွေးညှီနံ့သင်းတဲ့အထဲမှာလည်း လူးကားလိမ့်ကာ ပါဝင်ခဲ့တဲ့လူဖြစ်နေပြန်ပါသေးတယ်။ မိုးထဲလေထဲ၊ ချမ်းအေးလှတဲ့ဆောင်း နှင်းခဲတွေထဲမှာ၊ ထုသားပေသားခံ အကြမ်းပတမ်း လေ့ကျင့်လာခဲ့တဲ့သူ တစ်ယောက်ပါ။ သူ့ရဲ့ တစ်ဗိုလ်တစ်မင်း ဖြစ်လိုတဲ့ ချင်ခြင်းကလဲ စဉ်ဆက်မပြတ် ရှင်သန်ကြီးထွားနေလေ့ ရှိပါတယ်။ တောဂနိုင်တွေ မြိုင်တွေထဲကနေ အတင်းထိုးထွက်လာတဲ့ လူသူယောင်တစ်ယောက်နှင့် အလားသဏ္ဌာန်တူနေပါတယ်။ ဖုန်ကျားရှင်ရဲ့ ဒီလို စိတ်ဓာတ်အချက်အချာကို သိထားရင်တော့ ၁၉၈၉ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့က "ဖုန်ညီနောင်" (ဖုန်ကျားရှင်၊ ဖုန်ကျားဖု)တို့ စတင် လှုံ့ဆော်လိုက်တဲ့ တပ်တွင်း ပုန်ကန်အာဏာသိမ်းမှု အဖြစ်အပျက်က ဘာတစ်ခုမှ အံ့အားသင့်စရာ မဟုတ်ဘူးလို့ ခံစားနေကြရမှာပါ။

## (၆–ဃ) ဗကပတို့ရဲ့အရင်းခံ စွတ်ချွမ်းတပ်

ရဲဘော် ဗိုလ်သန်းရွှေ (တရုတ်နာမည် ဟိုကောင်း) ရဲဘော် တင်ရီ (တရုတ်နာမည် ရန်းကွမ်း)တို့ပါ ပြန်လည်ဖွဲ့စည်းတဲ့ မြန်မာအစိုးရကို တော်လှန်ပုန်ကန်တဲ့ တိုင်းရင်းသားလူနည်းစုကို ကိုယ်စားပြုတဲ့ လက်နက်ကိုင်တပ်ဖွဲ့ ဖြစ်တယ်။ သံလွင်မြစ်ရှေ့ဘက်ဆီက အင်အားစု ဖြစ်ပါတယ်။ ဗကပဥက္ကဋ္ဌကြီး သခင်သန်းထွန်း ၁၉၄၀ ပြည့်နှစ်တွေလောက်ကတည်းက "အရှေ့ကို ဦးတည် မော်စီတုန်းအတွေးအခေါ်ကို လေ့လာအတုယူ၊ တရုတ်ပြည်တော်လှန်ရေးလမ်းကြောင်းအတိုင်း လျှောက်လှမ်း" ဆိုတာကို လမ်းညွှန်ခဲ့ဘူးပါတယ်။ ၁၉၅၀ ပြည့်နှစ်ထဲ ချဉ်းနင်းဝင်ရောက်လာပါပြီ ဗကပတို့ အရေးနိမ့်သွားပါတယ်။ ဗဟိုကော်မတီက ပဲခူးရိုးမ တောတောင်တွေထဲ ဆုတ်လာပြီး လက်နက်ကိုင်တိုက်ပွဲ ဆက်လက်ဆင်နွှဲပါတယ်။ ဒီအချိန်တုန်းက လူငယ်တော်တော်များများကို တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံကို ပို့ပါတယ်။ ဆိုရှယ်လစ်နိုင်ငံတွေမှာ မာ့က်ခ်ဝါဒနှင့် လက်နက်ကိုင်တိုက်ပွဲ၊ အောင်မြင်မှုအတွေ့အကြုံတွေကို လေ့လာသင်ယူခိုင်းပါတယ်။ ၁၉၅၀ ခုနှစ်ကနေ၊ ၁၉၅၄ ပြည့်နှစ်ရောက်လာတော့ ဗကပ လူသူအင်အား ကိုးသုတ် ခွဲပြီး တရုတ်ပြည်ထဲဝင်ရောက်လာကြပါတယ်။ စုစုပေါင်း (၁၅၄) ယောက်ရှိပါတယ်။ ဒီအထဲက

www.burmeseclassic.com

www.burmeseclassic.com



(၁၀) ဦးကို ရုရှား၊ ချက်နိုင်ငံတွေဆီ ပညာတော်သင် စေလွှတ်ပါတယ်။ သူတို့ လူသူအနည်းစုက ပေကျင်းမှာ နေကျန်ရစ်ပြီး အများစုကို စွတ်ချွမ်းနယ်မြေဆီ စေလွှတ်ပါတယ်။ အရေအတွက် အများစုက ဗမာတိုင်းရင်းသား ပညာတတ်ယောကျ်ားလေးတွေ ဖြစ်ကြပါတယ်။ တရုတ်ပြည်ဆီရောက်ရှိပြီးတဲ့နောက် အားလုံးကို တရုတ်နာမည် မှည့်ခေါ်ကြပါတယ်။ အချို့သူတွေက စက်ရုံအလုပ်ရုံထဲ ဝင်ရောက်ပြီး အလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်ကြတယ်။ အချို့လည်းပဲ အောက်ခြေဆီ ဆင်းပြီး ကေဒါတွေ ဖြစ်ကုန်ကြတယ်။ အချို့က ချဲန်ထူး (ချင်တူး) စစ်ဒေသ ခြေလျင်တပ်ရင်းကျောင်းတို့၊ ကွေ့ရန်၊ ချုန်ချင့် (ချုန်ကင်း) အစရှိတဲ့ ပြည်သူ့လွတ်မြောက်ရေးလုပ်ငန်း တပ်ဖွဲ့မှာ တက်ရောက်သင်ကြားကြပါတယ်။ သူတို့လေးတွေကို ပြည်သူ့လွတ်မြောက်ရေးတပ်ဖွဲ့၊ တပ်ရင်း၊ တပ်ခွဲ၊ တပ်မတွေမှာ အသီးသီး နေရာ ခန့်အပ်ပြီး၊ စစ်ပညာ လေ့လာသင်ကြားကြပါတယ်။ ဗိုလ်ဇေယျ (တရုတ် နာမည် လီမိန်)က အမှတ် (၄၅) တပ်မတော်နဲ့ ဒုတိယ စစ်ဦးစီးမှူး အရာ ခန့်အပ်ပါတယ်။ သင်ကြားတက်မြောက်သွားပြီးတဲ့နောက် (သုံး)သုတ်ခွဲပြီး မြန်မာနိုင်ငံဆီကို ပြန်ကြပါတယ်။

၁၉၅၀ ခုနှစ်၊ စက်တင်ဘာလ၊ ပထမဦးဆုံးအသုတ် တရုတ်ပြည်ထဲ ဝင်ရောက်တဲ့ ဗိုလ်ဇေယျ (လီမိန်) က မြန်မာနိုင်ငံသမိုင်းမှာ ထင်ပေါ်ကျော်ကြားတဲ့ "ရဲဘော်သုံးကျိပ်" ဝင်ထဲက ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး၊ ပြည်သူ့တပ်မတော် ဒုစစ်ဦးစီးချုပ် ဖြစ်ပါတယ်။ ဗကပ ဗဟိုကော်မတီဝင် ပြည်သူ့တပ်မတော်ကျောင်း၊ ကျောင်းအုပ်ကြီး သန်းရွှေ၊ အစရှိသူတွေမှာ၊ ဗိုလ်ဇေယျက ဗကပ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဖြစ်ပြီ၊ ရဲဘော်သန်းရွှေက ဒု-ခေါင်းဆောင်အဖြစ် ပေကျင်းမှာ မော်စီတုန်းနှင့် သွားရောက်တွေ့ဆုံကြပါတယ်။ မော်စီတုန်းက လာရောက်တဲ့ ဗကပ ကိုယ်စားလှယ်အဖွဲ့နှင့် လိုက်လိုက်လှဲလှဲ လက်ခံတွေ့ဆုံပါတယ်။ ဆွေးနွေးပွဲမှာ ဗကပတို့စေလွှတ်မယ့် ပညာတော်သင်တွေကို တရုတ်ဖက်ကသဘောတူ လက်ခံပါတယ်။ ပညာတော်သင်ကာလက (၃) လကနေ (၂) နှစ် ဖြစ်ပါတယ်။ ဒါ့အပြင်တရုတ်ပြည်နယ်စပ် တစ်လျှောက်မှာ ချဉ်းကပ်အမှီအဟဲပြုထားဖို့ကို အကြံပြုပါတယ်။ တရုတ်တို့ဖက်က အကူအညီပေးရေး အဆင်ပြေလွယ်ကူရေးအတွက် ဖြစ်ပါတယ်။ နိုင်ငံတကာ အနေအထား အပြောင်းအလဲတွေကြောင့် ဗကပ



ပညာတော်သင်တွေ တရုတ်ပြည်ထဲမှာ နေထိုင်ကြရပါတယ်။ အရေအတွက် အများစုက စွတ်ချွမ်းပြည်နယ်မှာ နေထိုင်ကြတဲ့အတွက် ကာလ ကြာညောင်းလာတော့ သူတို့ကို "စွတ်ချွမ်းတပ်သားဟောင်းကြီးများ" လို့ ခေါ်တွင်ကြပါတယ်။ ၁၉၆၀ ခုနှစ်က အစပြုပြီး သူတို့ကို တရုတ်ပြည်မှာ အိမ်ထောင်ပြုခွင့်ပေးလိုက်ပါတယ်။ (၆၃) ဦးက တရုတ်အမျိုးသမီးတွေနဲ့ အိမ်ထောင်ကျသွားကြပါတယ်။ ဒီအထဲက အစောဆုံး အိမ်ထောင်ကျသွားသူကတော့ ဗိုလ်ဇေယျ ဖြစ်ပါတယ်။ ဒီတပ်သားဟောင်းကြီးတွေ အများစုက ပါတီဖွဲ့စည်းမှု အဆင့်အသီးသီးရဲ့ ခေါင်းဆောင်ပိုင်းတာဝန်နှင့် နိုင်ငံရေးတာဝန် ကေဒါအပိုင်းမှာ အဓိက တာဝန်ထမ်းဆောင်ကြပါတယ်။ ဥပမာ အရှေ့မြောက်ပိုင်းစစ်ဒေသ နိုင်ငံရေးမှူး ဗိုလ်သန်းရွှေ၊ ရဲဘော်တင်ရီ၊ ဒုနိုင်ငံရေးမှူး ရဲဘော်စိုးသိမ်း (တရုတ်နာမည် လင်းထျန်း)၊ ရဲဘော်ခင်မောင်ကြီး (တရုတ်နာမည် ကူဖုန်း)၊ နိုင်ငံရေးဌာန တာဝန်ခံ ရန့်ကျဲန့်ရှန်၊ ကွက်ခိုင်ခရိုင်ကော်မတီ အတွင်းရေးမှူးက ဦးရဲဒင် ဖြစ်ပြီး၊ ဦးမြသောင်း (တရုတ်နာမည် ကို့ကျွတ်မိန်) အစရှိသူတို့ ဖြစ်ကြပါတယ်။

ပြန်ပြီး ချုပ်လိုက်ရရင်၊ ဗကပတို့ အဓိက အားထားပြီး တော်လှန်ရေး ဆင်နွှဲရတဲ့ အင်အားသုံးရပ်က-

(၁) ဗမာနွယ်ဖွား အများစုဖြစ်ပြီး ရေးအစဉ်အဆက်ကပါတီဝင်အဖြစ် ပါဝင်လာကြပြီး၊ တရုတ်ပြည်တွင်းမှာ နှစ်ကာလရှည်ကြာခဲ့တဲ့ "စွတ်ချွမ်းတပ်သားဟောင်းကြီးများတပ်ဖွဲ့"

(၂) တရုတ်ပြည်တွင်းမှာ နှစ်ကာလရှည်ကြာစွာနေထိုင်ခဲ့တဲ့ နော်ဆိုင်း (ကချင်၊ ကရင်တိုင်းရင်းသားများ)ရဲ့ "ကွေ့ကြိုးတပ်သားဟောင်းကြီးများ တပ်ဖွဲ့"

(၃) ဗိုလ်ချုပ်နေဝင်း အစိုးရတပ်ဖွဲ့နှင့် လော်စစ်ဟန်ကာကွယ်ရေး တပ်ဖွဲ့တို့ ပူးပေါင်းတိုက်ခိုက်တဲ့ ဒဏ်ကို မခံနိုင်ပဲ ဖုန်ကျားရှင်တပ်ဖွဲ့ စစ်ရေးအကြီးအကျယ် ရှုံးနိမ့်သွားပါတယ်။ အဲဒီစစ်ရှုံးတပ်ဖွဲ့ကို ကိုးကန့်သားစစ်စစ်ဖြစ်တဲ့ ဖုန်ကျားရှင်က သူ့ရဲ့ ကိုးကန့်သားစစ်စစ်ဖြင့် ဖွဲ့စည်းထားတဲ့တပ်ဖွဲ့က တရုတ်ပြည်တွင်း ဝင်ရောက်ခိုလှုံပါတယ်။ တရုတ်ကွန်မြူနစ်ပါတီက

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမွန်စွာစည့်ခံပြီး ခိုလှုံခွင့်ပေးထားပါတယ်။ ပြင်ပဆီ သတင်းမပေါက်ကြား ရအောင်လည်း သိုသိုသိပ်သိပ် ဖုံးဖိထားပါတယ်။

အရှေ့ပိုင်းမှာ ပြောခဲ့တဲ့အတိုင်း ၁၉၆၇ ခုနှစ်၊ နေဝင်းအုပ်စု ဖော်ဆောင်တဲ့တရုတ်ဆန့်ကျင်ရေး မုန်တိုင်းကြီး တိုက်ခိုက်လာတဲ့အခါမှာ ဗကပတို့အတွက် အခွင့်ထူးတစ်ရပ် ပေါ်ပေါက်သွားပါတယ်။ တရုတ်ကွန်မြူနစ်ပါတီနှင့် ချိတ်ဆက်ပြီး နေဝင်းစစ်အုပ်စု ဆန့်ကျင်ရေးကို ပူးပေါင်းဆောင်ရွက်လာကြပါတယ်။ တရုတ်ကွန်မြူနစ်ပါတီက တစ်ချိန်လုံး မြှုပ်နှံထားတဲ့ နော်ဆိုင်းရဲ့ "ကွေ့ကြိုးတပ်ဖွဲ့ဟောင်း" နှင့် ဖုန်ကျားရှင်ရဲ့ကိုးကန့်တပ်ဖွဲ့ဟောင်းတွေဆီချဉ်းကပ်ပြီး အဲဒီတပ်ဖွဲ့နှစ်ဖွဲ့က ဗကပနှင့် ပူးပေါင်းပြီး မြန်မာ့တော်လှန်ရေးတိုက်ပွဲမှာ ပါဝင်ဖို့ကို စည်းရုံးလိုက်ပါတယ်။ နော်ဆိုင်းနှင့် ဖုန်ကျားရှင်တို့ လှိုက်လှိုက်လှဲလှဲသဘောတူကြပြီး၊ ဗကပရဲ့ "ပြည်သူ့တပ်မတော်" မှာ ရွှပ်ရွှပ်ချွံချွံ အားကြိုးမာန်တက် ပါဝင်တိုက်ခိုက်ပါတယ်။ ဖွင့်ဆော်ဦးဖြစ်တဲ့ "မုန်းကိုးတိုက်ပွဲ" မှာ အောင်ပွဲကြီး ခြိမ့်ခြိမ့်သဲသဲခံလိုက်ရပါသည်။ မုန်းကိုးမြို့ကလေးကို သိမ်းပိုက်လိုက်ပြီး ဗကပတို့ရဲ့ ပထမဦးဆုံးသော အခြေခံစခန်းကို စတင်တည်ဆောက်နိုင်ခဲ့ပါသည်။

❒



ကိုးကန့်ခေါင်းဆောင် ဖုန်ကျားရှင်




လောက်ကိုင်မြို့အဝင်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလိချုပ်မှူးကြီးစောမောင်နှင့် ဖုန်ကျားရှင်



ဗိုလ်ချုပ်ကြီးဟောင်း ခင်ညွန့်နှင့် ဖုန်ကျားရှင်



ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဗိုလ်ချုပ်ကြီးဟောင်း ခင်ညွန့်နှင့်ဖုန်ကျားရှင်



ကေအိုင်အေ ဗိုလ်ချုပ်တစ်ဦးနှင့်ဖုန်ကျားရှင်

www.burmeseclassic.com


www.burmeseclassic.com



လော်စစ်ဟန်၊ သီဟသူရတင်အောင်မြင့်ဦး၊ ဖုန်ကျားရှင်နှင့်
ဗိုလ်ချုပ်ကြီးဖေဟောင်းခင်ညွန့်



ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူတွေ့ရသည့် ဖုန်ကျားရှင်





ဖုန်ကျားရှင် ခေါင်းဆောင်နေသော သူ၏တပ်

www.burmeseclassic.com

www.burmeseclassic.com





လောက်ကိုင်တိုက်ပွဲသတင်းကို ဖတ်ရှုနေသည့် ဖုန်ကျားရှင်



ဒေသခံတိုင်းရင်းသားများနဲ့ တွေ့ရသည့် ဖုန်ကျားရှင်



ဖုန်ကျားဖူးကို စစ်အစိုးရအခမ်းအနားတစ်ခုတွင်တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဖုန်ကျားရှင်နှင့် သမက်ဖြစ်သူ စိုင်းလင်း



လော်စစ်ဟန်၏ သားဖြစ်သူ စတီဖင်လော (ခေါ်) ထွန်းမြင့်နိုင်ကို
စစ်အစိုးရ အခမ်းအနားတစ်ခုတွင်တွေ့ရစဉ်





ဖုန်ကျားရှင်နှင့် ဒေသခံ ကလေးများ

www.burmeseclassic.com

www.burmeseclassic.com






တရုတ်နိုင်ငံ ကူမင်းရုပ်သံလိုင်းတွင် တွေ့ရသည့် ဖုန်ကျားရှင်

# (င)နိုင်ငံတကာအမျိုးသားလွတ်မြောက်ရေးနှင့် တရုတ်ကွန်မြူနစ်ပါတီခံယူချက်သဘောထား နှင့် လက်တွေ့ဆောင်ရွက်ချက်

## (၁-င) ငယ်နိုင် ဗကပကို ပြန်တိုက်ပြီ

၁၉၆၇ ခုနှစ် ဇွန်လမှာ ဗိုလ်ချုပ်ကြီးနေဝင်းစစ်အုပ်စုက တရုတ်ဆန့်ကျင်ရေး မှိုင်းလုံး ဖော်ဆောင်လိုက်တယ်။ ဩဂုတ်လမှာ တရုတ်ပြည်သူတွေက နေဝင်းဆန့်ကျင်ရေး ဆန္ဒပြပွဲကြီး ခြိမ့်ခြိမ့်သဲ ဆင်နွှဲလိုက်ကြတယ်။ တရုတ်ကွန်မြူနစ်ပါတီရဲ့ ဆုံးဖြတ်ချက်ဖြင့် နေဝင်းတိုက်ဖျက်ရေး မြန်မာတော်လှန်ရေး ကူညီရေးကို လက်တွေ့အကောင်အထည် ဖော်လိုက်ပါတယ်။ ကော်မတီဥက္ကဋ္ဌက ထိုစဉ်က နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်တဲ့ ဝန်ကြီးချုပ် ချူအင်လိုင်းက အဖွဲ့ခေါင်းဆောင် ဖြစ်ပါတယ်။ တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံရေးဌာန၊ အမြဲတမ်းကော်မတီဝင် ခန်းစိမ်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုဝန်ကြီးလီတာ့တို့က အဖွဲ့ဝင်တွေ ဖြစ်ကြပါတယ်။ အဘက်ဘက်လုပ်ငန်း ကိုလီတာ့က တာဝန်ယူပါတယ်။ မူပိုင်းဆိုင်ရာ ပြဿနာကို မော်စီတုန်းက ဖိတ်ခေါ်ပြီး ပါဝင်ရေးဆွဲခိုင်းပါတယ်။ အရေးတကြီး အကြောင်းအရာကို

www.burmeseclassic.com

www.burmeseclassic.com



တော့ ချူအင်လိုင်းကိုယ်တိုင် မေးမြန်းဆောင်ရွက်ပါတယ်။ စစ်မက်ရေးရာ ပိုင်းကို လက်တကမ်းမှာ ရှိနေတဲ့ ခွန်မင်း စစ်ဒေသက တာဝန်ယူပါတယ်။

၁၉၆၇ ခုနှစ် အဲဒီနိုဝင်ဘာလထဲမှာ ယူနန်ပြည်နယ်၊ ပေါင်စန်းခရိုင်၊ နကျန်း (မြန်မာပြည်နယ်နိမိတ်ထဲရောက်တော့ သံလွင်မြစ် ဖြစ်သွားပါတယ်) မြစ်ဝှမ်း မြေပြန့်ဒေသနဲ့ ကျဲန့်ခန်းခရိုင်၊ ထျဲ့စွတ်ကိုးချိုင့်ဝှမ်းမှာ မြန်မာနိုင်ငံ "ဗကပပြည်သူ့တပ်မတော်တပ်ဖွဲ့" ကို တရားဝင်ဖွဲ့စည်းတည်ထောင်လိုက်ပါတယ်။ ၁၉၆၈ ခုနှစ်၊ နှစ်ဆန်း (၁)ရက်နေ့မှာ ဗကပပြည်သူ့တပ်မတော်တပ်ဖွဲ့ တရုတ်ပြည်နယ်နိမိတ်ထဲကနေ မုန်းကိုးမြစ်ကို ကျော်ဖြတ်လိုက်တယ်။ မုန်းကိုးမြို့ကို တိုက်ခိုက်သိမ်းပိုက်ပြီး ပထမဦးဆုံး ဗကပ အခြေခံစခန်းကို အခိုင်အမာ တည်ဆောက်လိုက်ပါတယ်။

အဲဒီ ၁၉၆၈ ခုနှစ်၊ နှစ်ဆန်းပိုင်းနှစ်လတာကာလအတွင်းမှာ မြန်မာ အစိုးရတပ်ဖွဲ့က ရုတ်တရက် ဆိုင်းမဆင့် ဗုံမဆင် ထိုးစစ်ဆင်တိုက်ခိုက်လာတဲ့ ဗကပပြည်သူ့တပ်မတော်တို့ရဲ့ ထိုးစစ်ကြောင့် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ပြီး တရှုံးတည်းရှုံးနိမ့်နေပါတယ်။ မြန်မာအစိုးရတပ်ဖွဲ့ အငိုက်သာခံနေရတယ်။ သူတို့ကိုလာတိုက်တဲ့တပ်ဖွဲ့က ဘယ်ဆီက ဘယ်သူ့တပ်မှန်း မသိရပါ။ သူတို့ထင်မှတ်နေတာက မြန်မာအစိုးရရဲ့တရုတ်ဆန့်ကျင်ရေးကြောင့် တရုတ်ပြည်ဘက်ကလာရောက် လက်တုန့်ပြန်တယ်လို့ ထင်မှတ်မှားနေပါတယ်။ ဒါဟာ တရုတ်ပြည်ဘက်က လက်စားချေတယ်ရယ်လို့ ထင်ကြပြီး ကတုတ်ကျင်းထဲမှာသာ အတွင်း ဝပ်နေပြီး ထွက်မတိုက်ဘဲ ငြိမ်ခံနေကြသည်။

နောက်တော့ သတင်းအချက်အလတ်တွေ ရလာပါတယ်။ သူတို့မြန်မာအစိုးရတပ်ကို လာတိုက်တာက သူတို့ကြောက်ရွံ့နေရသလိုမျိုးမဟုတ်ဘဲ ဘာမှမဟုတ်တဲ့ အင်အားစုလေးတွေ ဖြစ်မှန်း အတိအလင်းသိလိုက်ရတယ်။ တရုတ်ပြည်မှာသွားပြီး သောင်တင်နေတဲ့ ဗကပနှင့် နော်ဆိုင်း၊ ဖုန်ကျားရှင်တို့ရဲ့ စုပေါင်းစပ်ပေါင်း တပ်ဖွဲ့မှန်း အတိအကျ သိလိုက်ပါတယ်။

ဗကပ ပြည်သူ့တပ်မတော်ကို တရုတ်ကွန်မြူနစ်ပါတီက မြှောက်စားပြီး ပြုစုပျိုးထောင်ပေးလိုက်တယ်။ တိုက်ရည်ခိုက်ရည် မြင့်မားလာပါတယ်။ ဒါပေမယ့် "စားပြ" သာသာမျှသာ ဖြစ်တ'ာ်။ ဒါ့အပြင် တပ်သားအရေ



အတွက်က ရာဂဏန်းမျှသာ အာဏာကုန် ရှိနေပြန်သေးသည်။ သူ့အကြောင်းကိုယ့်အကြောင်း ကောင်းကောင်းသိတဲ့ မြန်မာအစိုးရစစ်တပ်တို့ ပြန်လည်အားတက်လာကြတယ်။ တပ်ကို ပြန်လည်ဖွဲ့စည်းလိုက်တယ်။ အသစ်မွေးဖွားစ ဗကပ ပြည်သူ့တပ်မတော်ကို ပုခက်ထဲမှာ တင်၊ အပြတ် ရှင်းပစ်ဖို့ ဆုံးဖြတ်လိုက်တယ်။

မြန်မာအစိုးရက ကိုယ့်တပ်ဖွဲ့ကို အမြန်ဆုံး ပြန်လည် ပြုပြင်ဖွဲ့စည်းလိုက်တယ်။ တပ်အင်အား အလုံးအရင်းဖြင့် မြောက်ပိုင်းကို ထိုးစစ်ဆင်လိုက်တယ်။ တလှမ်းချင်း ဖိတိုက်ပါတယ်။ ပြည်သူ့တပ်မတော်တပ်ဖွဲ့ကို တောထဲတောင်ထဲတွေဆီ အတင်းမောင်းပို့ပြီး တစ်ယောက်မကျန်အောင် သုတ်သင်ပစ်ဖို့ ထိုးစစ်ဒလကြမ်း ဆင်ပါတယ်။

ဗကပ ပြည်သူ့တပ်မတော် (၃၀၃) တပ်ဆွယ် ဆုတ်ခွာပေးလိုက်ရပါတယ်။ တောတန်းကြီးကို နောက်ခံထားပြီး ခံစစ်ပြင်ဆင်လိုက်တယ်။ နော်ဆိုင်းနှင့် ဗိုလ်သန်းရွှေတို့ရဲ့ ပေါင်းစည်းထားတဲ့ ဗကပပြည်သူ့တပ်မတော်တို့တိုက်ပွဲ တစ်ပွဲပြီး တစ်ပွဲ ရှုံးနိမ့်သွားပါတယ်။ ဗကပ ပြည်သူ့တပ်မတော်တပ်ဖွဲ့ တရှုံးတည်း ရှုံးနိမ့်တာကြောင့် စိတ်ဓာတ်တွေ ခြောက်ချားကုန်ကြတယ်။ တောနက်ကြီးထဲမှာ တစ်ဖက်နှင့်တစ်ဖက် အပြစ်ဖို့သံ စကားများရန်ဖြစ်သံတွေက ဆူညံကုန်ပါတယ်။ လူတွေရဲ့စိတ်ကို ပိုပြီးညစ်ညူးစေတာက ဝိုင်ယာလက် အသံလွှင့်စက်က ချို့ယွင်းသွားပြန်တယ်။ ရှေ့တန်းဌာနချုပ်နှင့် နေရာဝေးလံတဲ့ တရုတ်ပြည်ထဲမှာရှိတဲ့နောက်တန်းက ဗကပ ဗဟိုဌာနချုပ်နဲ့ အဆက်အသွယ် ပြတ်တောက်သွားပြန်တယ်။ ချက်ချင်းပဲ ခြေမြန်ဆက်သွယ်ရေးတပ်သားကို တရုတ်ပြည်ဘက်ဆီအပြေးနှင်ခိုင်းပြီး ဝိုင်ယာလက်စက် ပို့ပေးဖို့ အကူအညီတောင်းခံလိုက်တယ်။ တရုတ်ပြည်သူ့ လွတ်မြောက်ရေးအဖွဲ့က တုန့်ဆိုင်းမနေဘဲ၊ ချက်ချင်းပဲ လာရောက်တဲ့ ဗကပ ပြည်သူ့တပ်မတော်ဆက်သွယ်ရေး တပ်သားနှင့်အတူ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်ဖွဲ့ တပ်စိပ်တစ်စိပ်ကိုပါ စေလွှတ်ပြီး ဝိုင်ယာလက်ဆယ်သွယ်ရေးစက်ကို အမြန်ဆုံး ပို့လိုက်ပါတယ်။

နေဝင်းစစ်အုပ်စုက သူ့တပ် အလုံးအရင်းကို မြန်မာပြည် မြောက်ပိုင်းဆီ အလုံးအရင်းပို့နေပါတယ်။ အစိုးရ တပ်အင်အား တောင့်တင်းပြီးရင်း တောင့်

www.burmeseclassic.com

www.burmeseclassic.com



တင်းလာပါတယ်။ တိုက်ပွဲတွေမှာ ဗကပ ပြည်သူ့တပ်မတော်သားတို့ရဲ့ သူရသတ္တိရှိရှိ တိုက်ရည်ခိုက်ရည် ရှိရှိဖြင့် မဆုတ်မနစ်တိုက်ခိုက်တာကြောင့် အစိုးရတပ်ဖွဲ့ ထိခိုက်ကျဆုံးမှုတွေ များသထက်များပြားလာပါတယ်။ အထိခိုက်ကျဆုံးမှုတွေ ဘယ်လောက်များများ အစိုးရတပ်ဖွဲ့ကတော့ တပ်ကူအလုံးအရင်း ပို့မစဲ တဖွဲဖွဲပါ။ ဗကပ ပြည်သူ့တပ်မတော်ဖက်က အကျဆုံးနည်းပါးတယ်ဆိုပေမယ့် အစားထပ်ဖြည့်ဖို့ တပ်သားသစ်ဝင်ရောက်မှု နည်းပါးနေပါတယ်။ တစစနဲ့ ဗကပတို့ဖက်က အင်အား ချိနဲ့လာပါတယ်။ ပြည်သူ့တပ်မတော်ရဲ့ အနေအထားက လိပ်လိုမျိုး ကတုပ်ကျင်းထဲ အောင်းနေရပါတယ်။ ဟိုမှာပုန်းလိုက်၊ ဒီမှာလျှိုလိုက်၊ တချိန်လုံး ပုန်းလျှိုနေကြရပါတယ်။ ကိုယ်က ပြန်တိုက်ရမယ့် အလှည့်ဆိုကို ပြည်လှည့်မလာပါ။ မတက်သာတဲ့အဆုံး ဗကပတို့က တရုတ်ကွန်မြူနစ်တို့ထံ စစ်ကူတောင်းရပါတယ်။ ဒီလိုနဲ့ တရုတ်ဖက်ကလည်း သဘောတူလိုက်ပါတယ်။ တရုတ်ပြည်အကူတပ်ဖွဲ့ နိုင်ငံပြင်ပထွက်ပြီး ဗကပကို စစ်ကူပေးပါတယ်။ ဒီလိုနဲ့ စစ်ရေးအနေအထားကို ပြောင်းလဲပစ်လိုက်ပါတယ်။

## (၂–င) တရုတ်တပ်ဖွဲ့ စေလွှတ်ပြီ

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်ဖွဲ့က လက်ရွေးစင်တပ်သားတွေကို စီစစ်ရွေးခြယ်လိုက်တယ်။ ဒီဘော်လံတီယာတပ်ဖွဲ့ကို ဗကပ ပြည်သူ့တပ်မတော်အသွင်ပြောင်းလဲလိုက်ပါတယ်။ သူတို့ကို "လက်ဝဲအကူအညီပေးရေးတပ်ဖွဲ့" လို့ ခေါ်တွင်ပါတယ်။ သူတို့ကို ကွပ်ကဲအုပ်ချုပ်တဲ့ တပ်မှူးကြီးအဖွဲ့ကို "စုံစမ်းမေးမြန်းရေးအဖွဲ့" လို့ ခေါ်တွင်ပါတယ်။ အဲဒီတပ်ဖွဲ့က မြန်မာနိုင်ငံ ဗကပ ပြည်သူ့တပ်မတော်တပ်ဖွဲ့ (၃၀၃) တပ်ဆွယ်ကို အကူအညီပေးနေတဲ့ အပြည်ပြည်ဆိုင်ရာ လက်ဝဲအင်းအားစု ကူညီထောက်ပံ့ရေးတပ်ဖွဲ့က ၁၇-၃-၁၉၆၈ ည (၉း၃၀) နာရီမှာ နှစ်နိုင်ငံနယ်မြေကို ပိုင်းခြားထားတဲ့ မုန်းကိုးဖြစ်ကို ကျော်ဖြတ်လိုက်ပါတယ်။ ထိုစဉ်ကာလတုန်းက မြန်မာအစိုးရစစ်တပ်က ပြည်သူ့တပ်မတော်သိမ်းပိုက်ထားတဲ့ မုန်းကိုးကို ဝန်းရံဖို့အတွက် မြန်မာနိုင်ငံ အနောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်းဆီကို ပေါက်ရောက်နိုင်တဲ့ တောင်ရိုးလမ်းပေါက်ဝကနေ မန်ကန်း၊ ဖေါင့်ကျုန်းနှင့်



ဖောင်းဆိုင်သုံးနေရာမှာ တပ်အင်းအား အလုံးအရင်း ချထားလိုက်တယ်။

ဖောင့်ကျုန်းရဲ့ နယ်မြေအနေအထားက ဘေးအန္တရာယ် များလှပါတယ်။ မုန်းကိုးကနေ မုန်းယာ့ဆီရောက်နိုင်တဲ့ တောလမ်းခွဆုံကို ကျော်ဖြတ်ရပါတယ်။ ရန်သူ့စခန်းက ရှာ့တောင်ဘက် တောင်ကုန်းထက်မှာ ဆောက်လုပ်ထားပါတယ်။ မြန်မာ့ခြေလျင်တပ်ရင်း (၄၅) ရဲ့တပ်ခွဲတစ်ခွဲက စောင့်ကြပ်နေပါတယ်။ ခိုင်လုံတဲ့သတင်းအရ အဲဒီတပ်ဖွဲ့ရဲ့ တပ်သားအင်အားတချို့ကို တမြန်နေ့ကပဲ ရွှေ့ပြောင်းလိုက်ပါတယ်။ အခု တပ်စုတစ်စုသာ ရှိနေပါတယ်။ ပြည်သူ့တပ်မတော်တို့က တောင်ဘက်ဆီကနေ မုန်းယာ့၊ မန်ပိုင်းတကြောကို ဖောက်ထွက်နိုင်တဲ့ လမ်းကြောင်းဖော်ရေးအတွက် ခုနက စခန်းသုံးခုကို ရှင်းပစ်ရမှာ ဖြစ်တယ်။

၁၉-၄-၁၉၆၈ နေ့မှာ ဖောင့်ကျုန်းထိုးစစ်ကို စတင်လိုက်တယ်။ တရုတ်ပြည်ဖက်က နိုင်ငံပြင်ပ ထွက်တိုက်တဲ့ အကူတပ်ဖွဲ့က ပထမဦးဆုံးတိုက်ပွဲထဲမှာ ပါဝင်လာပါတယ်။

အင့်အားဖြည့်ဆည်းလိုက်တဲ့ ဗကပ ပြည်သူ့တပ်မတော် (၃၀၃) တပ်ဆွယ် ရှုံးကြွေးပြန်ဆပ်လိုက်ပါပြီ။ အောင်လံတလူလူလွှင့်ထူ လိုက်ပါတယ်။ အနေအထားကို လုံးဝပြောင်းလဲ ပစ်လိုက်ပါတယ်။

နှစ်ဝက်ကြာ ပြင်းထန်တဲ့ တိုက်ပွဲတွေ တိုက်ခိုက်ပါတယ်။ (၃၀၃) တပ်ဆွယ်က တိုက်ပွဲအချီပေါင်း ဆယ်ချီကျော်ကျော် တိုက်ခိုက်လိုက်တယ်။ ပြောက်ကျားနယ်မြေဒေသကို ချဲ့ထွင်လိုက်တာမှာ စတုရန်းကီလိုမီတာ (၁၀၀၀) ကျော်ရရှိသွားပါတယ်။ ရွာပေါင်း (၇၀၀) ကျော်ပိုင်ဆိုင်ပြီး၊ လူဦးရေသောင်းချီပြီး ရှိပါတယ်။ လက်နက်ကိုင်တပ်သားအင်အားက အစဦးပိုင်း အယောက် (၃၀၀) ကျော်ကနေပြီး (၆၀၀) ကျော် တိုးတက်များပြားလာပါတယ်။

## (၃–င) အပြတ်အသတ်နိုင်လိုက်တဲ့ တောင်လုန်းတိုက်ပွဲ

တောင်လုန်းစစ်ဆင်ရေးပုံစံက တပ်ရင်း (၁) ကို အရံတပ်ဖွဲ့ အဖြစ်ထားကာ၊ တပ်ရင်း (၂) နှင့် တမြန်နေ့က ဟေးမုန်လုံမှာ အသစ်ဖွဲ့စည်းလိုက်တဲ့ အထူးတပ်ခွဲကို ပင်မထိုးစစ်တပ်ဖွဲ့အဖြစ် စီမံပါတယ်။ ထိုးစစ်ဆင်တပ်ဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



က အမြန်တိုက်၊ အမြန်သိမ်း နည်းဗျူဟာသုံးတိုက်ရမှာ ဖြစ်တယ်။ တံတားစောင့်ကြပ်ရေးနေရာကို အရသိမ်းပိုက်ပြီးစီးတာနဲ့ တပ်ရင်း (၁) က ရှေ့တန်းထိုးစစ်နေရာကို ပြောင်းလဲယူရမှာ ဖြစ်တယ်။ အထူးတပ်ခွဲက ဌာနချုပ်အပြင်ထောက်ပံ့ရေးဌာနကို ကာကွယ်ရမှာ ဖြစ်တယ်။ အမှတ် (၂) တပ်ရင်းကနောက်ကနေ ချန်ရစ်နေမယ်။ ရန်သူ ပြင်ပစည်းကြောင်း လှစ်ဟာခိုက်ကိုအခွင့်ကောင်းယူပြီး မုန်းဝေတကြောကို နယ်မြေသစ်အဖြစ် တည်ထောင်ရပါမယ်။

၁၅-၆-၁၉၆၈၊ ညနေ (၆) နာရီ၊ "တစ်နယ်တစ်ကျေးက သွေးခင်းလမ်း" စာအုပ်ကိုရေးသားတဲ့ တံရုတ်စာရေးဆရာ ကျမ်းကျဲန့်ကျန်းကဆေးမှူးအဖြစ်ပါဝင်တဲ့ ဗကပ ပြည်သူ့တပ်မတော်တပ်ဖွဲ့ကြီးက မိုးသဲသဲမဲမဲရွာနေခိုက် ပေါးမုန်လုန်ကနေ စစ်ထွက်ပါတယ်။ (၂၁) နာရီကြာ ခြေလျင်ခရီးရှည်ချီတက်ကြပြီး နောက်နေ့ (၂၆-၆-၁၉၆၈) နေ့လယ် (၂း၄၀)မှာ တောင်ကုန်းရွာနားဆီ ချဉ်းကပ်သွားပါပြီ။ ဦးတည်ချက်ကို နန့်ယန်တံတားအရှေ့ဖက်ကမ်း၊ မြောက်ဘက်ခြမ်းက တောင်ကုန်းပေါ်ကို ဖြစ်ပါတယ်။ ရန်သူတပ်စု တစ်စုက တံတားကိုစောင့်ကြပ်နေပါတယ်။ မြန်မာအစိုးရတပ်သားတွေ တော်တော်လေးကို ပေါ့လျော့နေပါတယ်။ ခြံစည်းရိုးမှာစောင်ကိုတောင် ဖြန့်လှန်းထားပါသေးတယ်။ ဟန်းကောချိုင့်ထဲက အမဲသားဟင်း ချက်ထားတဲ့ အနံ့က သင်းနေတာပါပဲ။ ရေဒီယိုကလည်း ငြိမ့်ညောင်းတဲ့တေးသံတွေ မယ်ဒလင်သံတွေကိုတောင် ကြားနေရပါတယ်။

ပြည်သူ့တပ်မတော် တပ်ရင်း (၂) က ကွန်မန်ဒိုတပ်စု ရန်သူ့စခန်းနားကို အသာလေး ချဉ်းကပ်သွားပါတယ်။ တောင်ထိပ်နှင့် မီတာ (၃၀) ကျော်အကွာအဝေးကို ရောက်သွားပါပြီ။ ဒီတစ်ခါမှာ ကတုပ်ကျင်းအပြင်ဖက်ဆီ သေးထွက်ပေါက်တဲ့ ရန်သူကင်းတပ်သား တွေ့မြင်သွားပါတယ်။ ကွန်မန်ဒိုတပ်ဖွဲ့ကို စတင်ပစ်ခတ်ပါတယ်။ ကွန်မန်ဒိုတပ်ဖွဲ့ကလည်း ဒလစပ်ပြန်လည်ပစ်ခတ်ပါတယ်။ နောက်က စောင့်ဆိုင်းနေတဲ့ ပြည်သူ့စစ်တွေအလုံးအရင်း မီးကုန်ယမ်းကုန် ဝိုင်းကူပစ်ခတ်ပေးပါတယ်။ အချိန်တိုလေးမှာပေါက်ကွဲအား အင်မတန်ပြင်းထန်တဲ့ တရုတ်လုပ်သစ်သား လက်ကိုင်ရိုးတပ်လက်ပစ်ဗုံးတို့ကိုပါ အလုံးအရင်း ပစ်သွင်းလိုက်တယ်။ အချိန်တိုလေးမှာ



ပေါက်ကွဲသံတွေ ဆူညံသွားပါတယ်။ ပေါက်ကွဲသံတွေ၊ မီးခိုးယမ်းငွေ့တွေဖုံးလွှမ်းသွားပါတယ်။ ညာသံပေးပြီး ထိုးစစ်ကပါ တစ်ပြိုင်တည်း တွဲဖက်လိုက်တယ်။ သေနက်သံတွေ သတ်ဖြတ်သံတွေ တောလုံးညံကုန်ပါတယ်။ ဗကပ ပြည်သူ့တပ်မတော်သားတို့ တုံ့ဆိုင်းမနေကြဘဲ၊ ရန်သူ့စခန်းကို မျှားပစ်သလို ထိုးပစ်ထိုးတက် တိုက်ခိုက်ကြပါသည်။

သေနက်သံ အမြောက်သံတွေဘက်ဆီ စာရေးဆရာ ကျမ်းကျဲန့်ကျန်းနှင့် ထောက်ပံ့ရေးတပ်မှူး လီတုန်း (နော်ဆိုင်း တပ်သားဟောင်းကြီး)အစရှိသူတို့က ဝန်တင်မြင်း လားတို့ကိုဆွဲပြီး ခေါင်းတုံးဖြစ်နေတဲ့ တောင်ရိုးထက်မှာ သုတ်သုတ်နှင်နေပါတယ်။

"ရှီး" ခနဲ လေထဲမှာ ပျံသန်းလာတဲ့ အမြောက်ကျည်ဖူးက စာရေးဆရာကျမ်းကျဲန့်ကျန်း ခြေဖဝါးနားမှာ မြေစိုင်ထဲကို ထိုးစိုက်ဝင်သွားပါတယ်။ သူ့ခြေထောက် တုန်ခါသွားတယ်။ သူ့ဖိနပ် အောက်ခြေဖက်ဆီက ရော်ဘာညှော်နံ့နှင့် ယမ်းနံ့တို့က သူ့နှာခေါင်းထဲဆီ ရူးရူးရှရှ ထိုးဝင်လာပါတယ်။ စစ်တလင်းမြေပြင်ထဲ စတင်ဝင်ခြင်း စစ်ရဲ့ လက်စွမ်းပြမှုကို ကြောက်စရာလန့်စရာ ခြိမ်းခြောက်မှုကို သူ ပထမဦးဆုံး မြည်းစမ်းမိပါပြီကော။

အတင်းတိုက်၊ အတင်းတိုက် ဆယ်မိနစ်ပင် မကြာလိုက်ပါ၊ စစ်မြေပြင်မှာ တပ်ရင်း (၂) ကွန်မန်ဒိုတပ် အောင်ပွဲခံစခန်းသိမ်းပိုက်လိုက်တဲ့ အားရဝမ်းသာ ကြွေးကြော်သံတွေ ပျံ့လွင့်လာပါတယ်။

မူလက သတ်မှတ်ထားတဲ့ စီမံချက်အတိုင်း ရှေ့တန်းတပ်ရင်း (၁)က ချက်ချင်းပဲ တောင်ဘက်နမ့်ဖက်ကာဆီ ချီတက်ကြပါတယ်။ ချီတက်ရာစစ်ကြောင်းမှာ မြန်မာအစိုးရစစ်သားတွေ တင်ဆောင်လာတဲ့ စစ်ကားလေးစီးအပြင်းမောင်းနှင်လာတာကို တွေ့လိုက်တယ်။ ရန်သူရဲ့ စစ်ကူတပ်ဖွဲ့အလုံးအရင်းဖြင့် အပြင်းမောင်းနှင်လာချေပြီ။ တပ်ရင်း (၂) တပ်ရင်းမှူး အင်းဖန်းနှင့် အကြံပေးလီဖုတ်ချီ (ဒု-တပ်ရင်းမှူး) တို့ ချက်ချင်းပဲ ဆုံးဖြတ်ချက်ချလိုက်တယ်။ ကားလမ်းမကြီးနောက်ဘက်ခြမ်းက ကုန်းမြင့်ကို လက်ဦးမှုယူအမြန်ဆုံး သိမ်းပိုက်ဖို့ တပ်ဖွဲ့ကို အမိန့်ပေးလိုက်တယ်။

တပ်စု (၂) တပ်စုမှူး ချဲန်ယိုစင်း (တရုတ်ပြည် လက်ဝဲကူညီရေးတပ်သား)တစ်စုက အပြေးတက်လာပြီး တောင်ထိပ်ကို လက်ဦးမှုယူ သိမ်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်နိုင်ရုံလေးမှာ မြန်မာအစိုးရတပ်ဖွဲ့ အသေခံတပ်သားတွေက ဗကပ ပြည်သူ့တပ်မတော် တပ်စု (၂) ရဲ့ အနားရောက်နေပါပြီ။ တပ်စိတ် (၂) တပ်စိတ်မှူး လဲ့ဖိန် (ဂျင်းဖော တိုင်းရင်းသား၊ တရုတ်ပြည် လက်ဝဲကူညီရေး တပ်သား) ခြေမြန်လက်မြန်ဖြင့် သေနတ်ခလုတ်ကို မွှေ့လိုက်တယ်။ ပြေးတက်တဲ့ မြန်မာအစိုးရတပ်ရှေ့က တပ်သား တစ်သီကြီး ထိမှန်လဲကျသွားတယ်။ တိုက်ရဲသူတို့ရဲ့ အောင်မြင်ခြင်းဆိုတာ ဒီလိုအခါမှာ အထင်အရှားပါ။ ဗကပ ပြည်သူ့တပ်မတော်တို့ရဲ့ မနားတမ်း ပစ်အားက အစိုးရတပ်ကို ခဏသာ ဝပ်ဆင်းသွားစေပါတယ်။ ရန်သူတို့ ဆုတ်ခွာပေးလိုက်တယ်။ မိနစ်ပိုင်းလောက်ပဲ အပစ်အခတ် ရပ်သွားတယ်။ မကြေပွဲ ထပ်နွှဲလိုတဲ့ အစိုးရတပ်တွေက စစ်ဗိုလ်တွေရဲ့ ကြီးကြပ်မှုအောက်မှာ ဒေါနဲ့မောနဲ့ ဟစ်အော်ပြီး အတင်း ထိုးတက်လာကြတယ်။ တစ်ချိန်လုံး ငြိမ်သက်နေပြီး မြက်ရိုင်းပင်တွေ ဖုံးလွှမ်းနေတဲ့ တောင်ကုန်းထက်မှာ ငရဲတမျှ ပစ်ခတ်သံ သတ်ဖြတ်သံတွေ ဖုံးလွှမ်းသွားပါတယ်။ တပ်နှစ်တပ်က လှိုင်းလုံးကြီးတွေလို အတင်းတက်၊ အတင်းတိုက် အတင်းဖိ ဒလစပ် မနားတမ်း ပစ်ခတ်ကြပါတယ်။ တောင်ကုန်းကို လက်မလွှတ်ရအောင်၊ အသေခံ တိုက်ခိုက်ကြပါတယ်။ တိုက်ပွဲတစ်ခုလုံးရဲ့ အနိုင်အရှုံးက တောင်ကုန်းရရှိရေးမှာ မူတည်နေပါတယ်။ တိုက်ပွဲက ထူးထူးခြားခြားကို ပြင်းထန်နေပါတယ်။ အသေအကြေ တိုက်ကြခိုက်ကြတဲ့ ပွဲကြီးပွဲကောင်း တစ်ခုပါ။

မိုးသောက်လို့ ရောင်နီသန်းချိန်မှာ တိုက်ပွဲပြီးဆုံးသွားပါတယ်။ ဗကပ ပြည်သူ့တပ်မတော် အောင်ပွဲခံသွားပါတယ်။

မြန်မာအစိုးရတပ် ရှေ့တန်းစစ်ရေး ညွှန်ကြားနေသူက ပြည်သူ့တပ်မတော်ရဲ့ အကြံကိုရိပ်စားမိပြီး သူ့တပ်ကိုပြန်လည်ကာ စုစည်းလိုက်ပြန်တယ်။ ဒါကို ဗကပ ပြည်သူ့တပ်မတော် (၃၀၃) တပ်က ဌာနချုပ်ကလည်း စစ်သေနင်္ဂဟာနည်းဗျူဟာကို လိုက်ပါပြောင်းလဲလိုက်တယ်။ အေးအေးဆေးဆေးပဲ မြောက်ဘက်ဆီကို ဆုတ်ခွာလိုက်တယ်။ တရုတ်-မြန်မာနယ်စပ်က (၁၀၇) အခြေစိုက်စခန်းဆီ တပ်ကို ရွှေ့ပြောင်းလိုက်တယ်။

မိုင်းရှတောင်ဆီ ဆုတ်ခွာလာကြတဲ့ လမ်းကြောင်းမှာ တရုတ်စာရေးဆရာ ကျမ်းကျဲ့ကျန်းနှင့် ပြည်သူ့တပ်မတော်တပ်ရင်း (၁) တပ်စိတ်သုံးက တပ်စိတ်မှူးလီလလုံ (ကချင်တိုင်းရင်းသား လက်ဝဲအကူညီပေးရေးတပ်ဖွဲ့)



တို့ မိတ်ဆွေ ဖြစ်သွားကြတယ်။ လီလလုံက တိုက်ပွဲအခြေအနေကို ပြောပြပါတယ်။

"ဒီပွဲက အမြစ်ပြတ် ချေမှုန်းတဲ့ပွဲဗျ။ လှမ်းလှလိုက်တဲ့ ပွဲဗျို့။ တပ်ရင်း (၂) အထူးတပ်စိတ်က တံတား အဓိကပွိုင့်ချက်ကို တိုက်တယ်။ တပ်ရင်း (၁) က အရံတပ်အဖြစ် အသင့်ပြင်ထားတယ်။ တပ်ရင်း (၂) တပ်ရင်းမှူးက "ကွေ့ကြိုးတပ်သားဟောင်း" ကချင်တိုင်းရင်းသား ပေါက်ဆအတီး (နော်ဆိုင်းတပ်ဖွဲ့)ပေါ့ဗျာ။ စစ်ရေးအကြံပေးက ဒုတပ်ရင်းမှူး ဝမ်းယုံချွမ်း (တရုတ်လက်ဝဲကူညီရေးတပ်) တပ်သားဟိုလုန်းက အထူးတပ် တပ်စိတ်မှူး ကိုယ်စား ဝင်တိုက်ပေးတယ်။ တံတားထိပ်စခန်းကို အတင်း ဝင်သိမ်းလိုက်တယ်။ စစ်မြေပြင် ရှင်းလင်းရေး တိုက်ခိုက်ကြတော့ ဒု- တပ်ရင်းမှူး ဝမ်ယုံချွမ်းနှင့် သူ့ရဲ့ သက်တော်စောင့်တပ်သားလေး ပြေးတက်လာကြတယ်။ ပုန်းနေတဲ့ သေနတ်မှန်ထားတဲ့ ဗမာတပ်သားက ထပစ်လိုက်တယ်။ ဒု- တပ်ရင်းမှူးနှင့် သက်တော်စောင့်တပ်သား နှစ်ယောက်စလုံး ကျည်သင့်ပြီး ကျဆုံးသွားကြပါတယ်။ သူတို့နှစ်ဦးက တရုတ်ပြည်က စေလွှတ်တဲ့ လက်ဝဲ ကူညီရေးတပ်ဖွဲ့ထဲက ပထမဦးဆုံးတိုက်ပွဲမှာ ကျဆုံးသွားကြသူတွေ ဖြစ်ပါတယ်။ တံတားထိပ်စခန်းကို သိမ်းပိုက်လိုက်ပြီး၊ တပ်ရင်း (၁) က တံတားကို ဖြတ်ဖို့ ပြင်ဆင်လိုက်ချိန်မှာ တချို့က တံတားထိပ်မှာ မြန်မာအစိုးရတပ်ဖွဲ့က မြေမြှုပ်မိုင်း မြှုပ်ထားတယ် ပြောလိုက်ပါတယ်။ အပြေးတက်လာကြတဲ့ တပ်ဖွဲ့ တုန့်ခနဲ ရပ်ဆိုင်းလိုက်တယ်။ ဒုတပ်ရင်းမှူး လီဖုတ်ချီက ဆဲဆိုကြိမ်းမောင်းလိုက်တယ်။ "ရမ်းသန်းမပြောနဲ့ဟေ့၊ တိုက်ပွဲက ရုတ်တရက်ကြီး ဝင်တိုက်တာ ရန်သူတွေ ဘယ့်နှယ့်လုပ်ပြီး၊ မိုင်းမြှုပ်ချိန် ရှိမှာလဲ "ဖြတ် တံတားဖြတ်ကူးကြ" အမိန့်လဲပေး သူကိုယ်တိုင် တပ်ကို ဦးဆောင်ပြီး တံတားထိပ်ဆီ အပြေးအလွှား တက်သွားလိုက်တယ်။ တပ်ရင်း (၁) တာဝန်ခံက တံတားအောက်ဖက်ပိုင်းက နန့်အုန်းတကြောက တောင်ပေါ်တွေကို လက်ဦးမှု အရယူ သိမ်းပိုက်လိုက်တယ်။ မြန်မာအစိုးရဘက်က တပ်ကူ ရောက်လာမယ့် ရန်သူအားကို ပိတ်ဆို့တားဆီးထားလိုက်တယ်"

"နန့်အုန်းတောင်ထိပ် ရောက်ရုံလေးပဲရှိတယ်။ နန့်ဖတ်ကာဖက်အကြ ရန်သူ့အကူတပ် တသီတတန်းကြီး စီတန်းလာနေကြတာကို တွေ့လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ကိုယ့်တပ်သားတွေလို့ထင်လိုက်တယ်။ ဒုတပ်ရင်းမှူး လီချိဖုတ် မှန်ပြောင်းနဲ့ ကြည့်လိုက်ပါတယ်။ အစိုးရဖက်က ရန်သူ့တပ်ကူ ဖြစ်နေတယ်။ ချက်ချင်း တောင်ထိပ်ဆီကို ပြေးတက်ခိုင်းလိုက်တယ်။ တောင်ထိပ်မှာဂျပန်တော်လှန်ရေးတုန်းက ကြွင်းကျန်ရစ်တဲ့ ကတုပ်ကျင်းဟောင်းတွေ ရှိနေပါတယ်။ ပြည်သူ့တပ်မတော်သားတွေ ကတုတ်ကျင်းထဲ ခုန်အဆင်းမှာ ရန်သူ့ရှေ့ပြေးတပ်ဖွဲ့ကလဲ ရှေ့ဘက်က ကတုတ်ကျင်းထဲ ခုန်ဆင်းကြပါတယ်။ တစ်ဖက်နှင့် တစ်ဖက် လက်ပစ်ဗုံးမိုး ရွာပစ်လိုက်ကြတယ်။ တရုတ်ပြည်က စေလွှတ်တဲ့ လက်ဝဲကူညီရေးတပ်က လီဆူးတိုင်းရင်းသားလေး ဟူရှောင်ဖုက ထရပ်လိုက်တယ်။ လက်ထဲက လက်ပစ်ဗုံးကို ရန်သူ့ဘက်ဆီ ပစ်လိုက်တယ်။ တစ်ဖက်တောင်ထိပ်က ဒလစပ်ပစ်ခတ်လိုက်တဲ့ စက်သေနတ်ကျည် ထိမှန်ပြီး လဲကျသွားပါတယ်။ နောက်ဘက်ဆီက ဝက်အော်သံကြီးလိုမျိုး ကြားလိုက်ပါတယ်။ လှည့်ကြည့်လိုက်တယ်။ လက်ဝဲကူညီရေးတပ်သား ကျမ်းလောင်စွတ် မြက်ဖုတ်ထဲ လဲကျနေပါတယ်။ နောက်စေ့ ပွင့်သွားပါတယ်။ ဗကပ ပြည်သူ့တပ်မတော်ဖက်ကလည်း ရဲရဲဝံ့ဝံ့ တုန့်ပြန်ပစ်ခတ်ကြတယ်။ ရန်သူ့တပ်အထိနာပြီး ပြန်ဆုတ်ကြတယ်။ တပ်ရင်း (၁) က၊ တပ်ခွဲ (၁) နှင့် အထူးတပ်ခွဲတို့လည်း တစ်ဖက်နှင့် တစ်ဖက်တောင်ကုန်းကို သိမ်းပိုက်ဖို့ ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြပါတယ်။ ဒလကြမ်းပစ်ခတ်နေတဲ့ ရန်သူ့စက်သေနတ်သံ ရုတ်တရက်ရပ်သွားပါတယ်။ နောက်ဖက်လှည့် ကြည့်လိုက်တော့ တက်ဖက်တောင်ထိပ်ကို ဗကပ ပြည်သူ့တပ်မတော်တပ်ဖွဲ့က သိမ်းပိုက်လိုက်တာကို တွေ့လိုက်ပါတယ်။ တပ်ခွဲ (၁)၊ တပ်စု (၁)၊ တပ်စိတ် (၁) က လက်ဝဲကူညီရေးတပ် လီစူးတပ်သားလေးက ရှောင်ယီဟာ သူ့တပ်စုကို ဦးဆောင်ပြီး တောင်ပေါ်က ပြေးဆင်းလိုက်တယ်။ ကားလမ်းမပေါ်က ရန်သူ့တပ်ကို တိုက်ခိုက်ရာမှာ ကျဆုံးသွားပါတယ်။ ယမ်းငွေ့တွေ မိုင်းလုံးတွေ ပိတ်ဖုံးနေချိန်မှာပဲ ညဦးအမှောင်ထုထဲ ဝင်ရောက်လာပါပြီ။ မရှင်းဂန်းကိုင်ဆောင်ပြီး တပ်စိတ် (၁)ကို ဦးဆောင်လိုက်တယ်။ ကားလမ်းမပေါ်တွေမှာ လိုက်လံကြည့်ရှုလိုက်တယ်။ စစ်လော်လီကားကြီး လေးစီး ရပ်ထားပါတယ်။ ရန်သူ့စက်သေနက်က ကားပေါ်ကနေ ပစ်ခတ်နေပါတယ်။ လီဖုတ်ချိရဲ့ သက်တော်စောင့် ကုန်စိချွန်း (ရှမ်း တရုတ်တိုင်းရင်းသား၊ တရုတ်ပြည်လက်ဝဲကူညီရေးတပ်ဖွဲ့)ရဲ့ နဖူးကို ထိမှန်သွားပါတယ်။ တစ်ခါတည်း



အသက်ပျောက်သွားပါတယ်။ တပ်စု (၃) တပ်စုမှူး ရှန့် (တိုင်တိုင်းရင်းသား၊ လက်ဝဲကူညီရေးတပ်ဖွဲ့) တောင်ပေါ်က ပြေးဆင်းလာပါတယ်။ ဟောဟဲဆိုက်နေခိုက် ရန်သူ့ကျည်တစ်တောင့်က သူ့ပါးပြင်ကို ထိုးဖောက်ထွက်သွားပါတယ်။ သွားတို့၊ အရိုးတို့ကို ထိမှန်မသွားတာ ကံကောင်းတယ်ဆိုရမှာဖြစ်တယ်။ ဘော်လံတီယာ လက်ဝဲကူညီရေးတပ် သားလေး လီလလုန်နာ ကျဆုံးသွားပါတယ်။ ရန်သူ့စစ်လော်လီကားကြီး နှစ်စီးကို ဒီဇယ်ဆီ လောင်းပြီး မီးတင်ရှို့လိုက်တယ်။ တပ်ရင်းမှူးကြီး အင်ဖန် (နော်ဆိုင်း အားထားရတဲ့ ကချင်တိုင်းရင်းသား စွတ်ချွမ်းတပ်သားဟောင်းကြီးတပ်ဖွဲ့) ကိုယ်တိုင် ကျန်ကားတစ်စီးကို မောင်းနှင်ပါတယ်။ ကားလမ်းမအတိုင်း တံတားမြောက်ဘက်က ဆုတ်ခွာပြီး စစ်မြေပြင်ကနေ ဆုတ်ခွာလာကြပါတယ်။ မှောင်စပျိုးနေပါပြီ။ ပြည်သူ့တပ်မတော်တပ်ဖွဲ့ တောင်ပေါ် တက်ရပါတော့မယ်။ သိမ်းဆည်းရမိတဲ့ ကားနှင့် ပစ္စည်းတွေကို ဘယ်လိုမှ နှမြောမနေတော့ပဲ၊ ကားထဲမှာ တင်ဆောင်လာတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဆီတွေကို သွန်ချလိုက်တယ်။ စွန့်ပစ်ထားခဲ့ရမယ့် တပ်ရင်းမှူးကြီး အင်ဖန် မောင်းနှင်လာတဲ့ ကားကို မီးတင်ရှို့လိုက်ရပြန်တယ်။ ရန်သူတွေ သယ်ဆောင်လာတဲ့ သေနတ်ခဲယမ်းမီးကျောက်တွေ၊ ဆေးပစ္စည်းတွေ၊ စားသောက်စရာတွေ အစရှိတဲ့ ဥစ္စာတွေ အားလုံး မီးထဲ ပါသွားပါတယ်။

"ဝုန်း" ရုတ်တရက် ထွက်ပေါ်လာတဲ့ အသံ တောင်ဘက်ဆီက ကြည့်လိုက်ပါတယ်။ ရပ်ထားတဲ့ ကားဆီက ပေါက်ကွဲသံကြီး ဖြစ်တယ်။ မီးတောက်ရဲရဲကြီး ကောင်းကင်ထက်ဆီ တဟုန်ထိုး ထိုးတက်သွားပါတယ်။

ဖန်ရှန့်၊ ပလောင်ရွာခရီးလမ်းမှာ ဗကပ ပြည်သူ့တပ်မတော်ဖက်က စစ်သုံ့ပန်းကို သုတ်သင်သတ်ဖြတ်တဲ့ လုပ်ရပ်ကို (၃၀၃) တပ်ဖွဲ့က ပထမဦးဆုံးအကြိမ် ချိုးဖောက်လိုက်တယ်။ တပ်ရင်း (၁)၊ တပ်စိတ် (၂) က၊ တပ်စု (၁) တပ်စုမှူး လမိန်တို့လူသိုက်က ဒဏ်ရရထားတဲ့ မြန်မာအစိုးရစစ်သားသုံ့ပန်းကို လူနာတင်စင်ဖြင့် ထမ်းပြီး ဆုတ်ခွာလာကြပါတယ်။ သယ်ဆောင်လာကြတာ ကြာလေ ကြာလေ၊ မခံချိမခံသာ ဒေါကန်လေဖြစ်လာတယ်။ တစ်နေကုန် တစ်နေခန်း ပြေးလွှားစစ်တိုက်ရတယ်။ ဝမ်းဗိုက်ထဲ ထမင်းတလုတ်လေးတောင် မထည့်ကြရသေးပါ။ တောင်ကမတ် ခရီးလမ်း

www.burmeseclassic.com

www.burmeseclassic.com



ကရှည်လျား၊ ရွံ့နွံတောက ခြေကုပ်ရတာက မမြဲပါ။ တဘိုင်းဘိုင်းလဲကျဒေါ့လောက်ပင်ပန်းကြမ်းတမ်းနေတာမှာ ဒီမြန်မာစစ်သား နောကောင်ကိုဂရုတစိုက်ထမ်းစင်ထက်တင်ပြီး နောက်ထပ်အပန်းတကြီး ထမ်းရပိုးရ အပန်းတကြီးထမ်းရ အပန်းတကြီး ဆုတ်ခွာပြေးလွှားရပြန် တပ်စုမှူးလဖိန်ခေါင်းထဲကို ဒုတပ်ရင်းမှူး ဝမ်ယုန်ချမ်၊ ကုန်စီချွန်း၊ ဂူရှောင်ဖုတို့ကို တိုက်ပွဲမှာ ကျဆုံးသွားပုံတွေ တရေးရေးပြန်ကာ တွေးမြင်လိုက်တယ်။ ဒီရဲဘော်တွေကို ယောဒီမြန်မာစစ်တပ်က သတ်ဖြတ်လိုက်တာဖြစ်တယ်။ လဖိန်တော်တော်နာကျည်းသွားတယ်။ ဒီလိုအချိန်မှာ ဒဏ်ရာရမြန်မာစစ်သားက လက်ဟန်ခြေဟန်နဲ့ သူ့ရဲ့လည်ချောင်းကို ပြပြီး ပြောပြနေတာကို တပ်စုမှူးလဖိန်တွေ့မြင်နေရတယ်။ မြန်မာတပ်သား ပြောတာက သူ ရေသောက်ချင်တာကိုအတွင်းသား ပူဆာနေတာဖြစ်တယ်။ စကားမပေါက်တော့ လဖိန် နားမလည်၊ ဒါဟာ မြန်မာစစ်သားက အညှဉ့်မခံသေးဘဲ နောက်ထပ် လူသတ်ဦးမယ်ပြောနေတယ်လို့ တလွဲထင်သွားတယ်။ ထွက်နှင့်နေတဲ့ ဒေါသ ပေါက်ကွဲထွက်သွားပါတယ်။ ဓားရှည် ဆွဲထုတ်လိုက်တယ်။ မြန်မာတပ်သား ဦးခေါင်းကို အားကုန် ခုတ်ဖြတ်လိုက်တယ်။ ဒီလုပ်ရပ်ကြောင့် တပ်စုမှူးလဖိန်ကိုတပ်စုမှူးကနေ ဖြုတ်ပစ်လိုက်တယ်။

ကြားသိချက်အရ တပ်ရင်း (၂)၊ တပ်စိတ် (၃)၊ ကချင် ဂျင်းဖောတိုင်းရင်းသား လက်ဝဲကူညီရေး တပ်ဖွဲ့သားဟောင်း လီတက်ကျုန်းလဲပဲသုံ့ပန်း ငါးယောက်ကို စစ်မြေပြင်မှာ သတ်လိုက်ပါတယ်။ စစ်ဦးစီးမှူးကသူ့ကို အပြစ်တင်ဝေဖန်လိုက်တယ်။ သူ လက်သင့်မခံဘဲ စောဒကတက်လိုက်တယ်။ ''ကျွန်တော်တို့ လူတွေကို သူတို့ သတ်တယ်လေဗျာ၊ ကျုပ်တို့ကလည်း သူတို့ကို ပြန်ပြီး လက်စားချေ သတ်သင့်တာပေါ့ဗျ''

နောက်ပိုင်းမှာ စစ်ဦးစီးမှူးက စစ်ပွဲအခြေအနေ ပြန်လည်သုံးသပ်ပြီး၊ ဂုဏ်ပြုတဲ့ပွဲမှာပြောပါတယ်။ ''တောင်လုန်စစ်ပွဲပြီးတဲ့နောက်။ အစိုးရစစ်ဗိုလ်တွေရယ် ဂျာမန်နိုင်ငံ စစ်အကြံပေးပုဂ္ဂိုလ်တွေ၊ စစ်မြေပြင်ဆီသွားရောက်ကြည့်ရှုကြတယ်။ သေနေတဲ့ အလောင်းတွေကို ကြည့်ပြီး ဒါဟာ နှစ်ဖက်တပ်ဖွဲ့ အနီးကပ်လုံ့စွပ်ထိုး တိုက်ပွဲဖြစ်ပြီး သတ်ကြဖြတ်ကြတာ ဖြစ်တယ်'' ဆိုပြီး သုံးသပ်ပြပါတယ်။

❐

## (၈) တရုတ်-မြန်မာ ကွန်မြူနစ်ပါတီနှစ်ရပ် အေးခဲလာပြီ

### (၁-၈) တရုတ်ဖက်က စပြောပြီ

၂-၁၀-၁၉၈၂၊ ညနေ (၈း၀၀) နာရီကနေ (၉း၀၀) နာရီအထိ တရုတ်ပြည်မြို့တော် ပေကျင်းဆက်သွယ်ရေးစခန်းမှာ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် နိုင်ငံခြားရေးဝန်ကြီးနှင့် ဗဟိုဆက်သွယ်ရေးဝန်ကြီး မစ္စတာချောစွတ်၊ ဗဟိုဆက်သွယ်ရေးဌာန၊ ပထမ ဒုဌာနမှူး ချဲန့်ကျိဖူး (၁၉၄၉ ခုနှစ် မတိုင်ခင်ကတည်းက အရှေ့တောင်အာရှ ပင်လယ်ရပ်ခြား ကွန်မြူနစ်ပါတီ အတွင်းရေးမှူး ဖြစ်ခဲ့တဲ့သူ)တို့က ဗကပကိုယ်စားလှယ်အဖွဲ့နှင့် လက်ခံတွေ့ဆုံကြပါတယ်။ တရုတ်ကွန်မြူနစ်ပါတီ အဖွဲ့ခေါင်းဆောင်က ပေကျင်းမှာ အခြေစိုက်နေထိုင်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင် ရဲဘော်ရဲထွန်း။ ဒုခေါင်းဆောင် ကောင်းလျှံ့ (တပ်မဟာ နိုင်ငံရေးကော်မတီ၊ ပေါင်စန်း ပညာတတ်လူငယ်တပ်သား)နှင့် အဖွဲ့ဝင် (၁၈) ဦးနှင့် တွေ့ဆုံကြပါတယ်။

တရုတ်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်၊ ခေါင်းဆောင်ချောင်စွတ်က စကားလုံး ကြမ်းကြမ်းနဲ့ ဖိပြီး ဝေဖန်လိုက်ပါတယ်။ ''ရဲဘော်တို့ ကျွန်တော်တို့ တရုတ်ပြည်သူလူထုက သူတို့ခါးပတ်ပြားကို တင်းကြပ်အောင် ပတ်ထားကြပါတယ်။ မြန်မာနိုင်ငံတော်လှန်ရေးလုပ်ငန်းကို အားပေးထောက်ခံကြပါတယ်။ ရင်မင်ပိငွေကြေး ယွမ်ပေါင်း (သန်းနှစ်ထောင်တစ်ရာ) စီးပွားရေး

www.burmeseclassic.com

www.burmeseclassic.com



အကူအညီပေးခဲ့ပါတယ်။ နောက်ပြီး တပ်မ (၅) တပ်စာ လက်နက်ခဲယမ်းမီးကျောက်တပ်ဆင်ပေးမှုကလည်း ရှိနေပြန်ပါသေးတယ်။ အခုတဖန် တပ်မ (၁၀) တပ်ရင်းစာကို တပ်ဆင်ပေးဖို့ ရဲဘော်တို့က တောင်းခံလာပြန်တယ်။ ဒီနှစ်တွေမှာ ရဲဘော်တို့က လက်လွတ်စပယ်နဲ့ တရုတ်ပြည်သူတို့ရဲ့ သွေးစက်နဲ့ ချွေးသီးချွေးပေါက်တို့ကို ဘာကြောင့်များ ဒါလောက် သုံးဖြုန်းနေကြတာလဲ ခင်ဗျားတို့ဟာ စစ်ဝတ်စစ်စားတွေ သုံးတယ်ဗျာ။ လက်နက်ခဲယမ်းမီးကျောက်တွေ သုံးတယ်ဗျာ။ ဒီအရာတွေက အရပ်သူအရပ်သားတွေနှင့် ကုန်သည်တွေဆီကနေပြီး ဆီတို့၊ ဆားတို့၊ ဆန်တို့နဲ့ အလဲအလှယ် လုပ်ရပါတယ်။ မိုးကာဖျဉ်စကြီးနဲ့ ရဲဘော်တို့ အိမ်သာမိုးကြတယ်။ အဲဒီမိုးကာဖျဉ်စတွေနဲ့ပဲ၊ ဟင်းသီးဟင်းရွက်စိုက်ခင်းကို ဖုံးအုပ်မိုးကာကြတယ်၊ ကျည်ဆံကို သုံးပြီး အမဲသားကောင်ကို ပစ်တယ်၊ လက်ပစ်ဗုံးသုံးပြီး ငါးဗုံးခွဲဖမ်းတယ်။ ဒါ့အပြင် ဘဇူကာ အမြောက်ကျည်သုံးပြီး ငါးဗုံး ဖောက်ခွဲတယ်။ ကဲ··· ရဲဘော်တို့ ပြောကြစမ်းဗျာ။ ဒီအချက်အလက်တွေ ရှိနေသလား။ ရှိမနေဘူးလားဆိုတာကို ပြောစမ်းဗျာ''

အားလုံး ငြိမ်ဝပ်နေကြတယ်။ ဘာအသံဗလံမှ မထွက်ကြပါ။ ကောင်းလျန့်က ပြင်းထန်တဲ့ဝေဖန်မှုတွေ အပြစ်တင်သံတွေကို ကြားနေရတော့ တော်တော်လေး အေးတိအေးစက် ဖြစ်သွားတယ်။ သူ တွေးလိုက်ပါတယ်။ ''ဒီသတင်းအချက်အလက်တွေက ဒါလောက်တောင် တိကျလွန်းနေတယ်။ ဧကန်ကတော့ တရုတ်ပြည်ဖက်က သတင်းထောက်လှမ်းသူတွေ ရှာဖွေစုဆောင်းတဲ့ သတင်းအချက်အလက်တွေပဲ ဖြစ်ရမယ်။ ဘဇူကာကျည် သုံးပြီး ငါးဗုံးဖောက်ခွဲတာ ငါတို့ တပ်မ (၄၈) က လုပ်တဲ့ကိစ္စ ဖြစ်နေတယ်လေ''

နှစ်ပါတီကိုယ်စားလှယ်များ တွေ့ဆုံပွဲပြီးဆုံးရုံကလေးမှာ ရဲဘော်ရဲထွန်းက ချက်ချင်းပဲ ဗဟိုဆက်သွယ်ရေးတပ်ဖွဲ့ ဝင်းကြီးထဲက ဗကပကိုယ်စားလှယ်အဖွဲ့စွဲထားတဲ့ စခန်းမှာ ချက်ချင်းပဲ အရေးပေါ်အစည်းအဝေးခေါ်ယူလိုက်ပါတယ်။ အစည်းအဝေးခန်းက စားသောက်ရုံကြီးမှာ ပြုလုပ်တာဖြစ်ပါတယ်။ အထဲမှာ ဧည့်ခန်းလဲ ရှိပါတယ်။ ဆိုဖာထိုင်ခုံတွေ၊ စာပွဲခုံတွေ၊ ကုလားထိုင်တွေပေါ်မှာ လူတွေ ပြည့်လျှံကုန်ပါတယ်။



ရဲဘော်ထွန်း အဖွင့်စကားပြောလိုက်ပါတယ် ''ရဲဘော်တို့ ကနေ့တရုတ်ပြည် ညီနောင်ပါတီခေါင်းဆောင် အဆင့်ရှိတဲ့ သူရဲ့ ပြောစကားနှင့် ဝေဖန်မှုကို ကြားလိုက်ရပါတယ်။ ရဲဘော်တို့ စိတ်ထဲမှာ ဒါကို ရေးကြီးခွင်ကျယ် အကြောင်းအရာတစ်ရပ်အဖြစ် သဘောမထားကြပါနဲ့။ ငါတို့ပြောသင့်ပြောထိုက် ပြောရမယ့်စကားတွေက တရုတ်ပြည်က သူတို့ပြည်သူတို့ရဲ့ သွေးစက်တွေ၊ ချွေးသီးချွေးပေါက်တွေကို ဘာတစ်ခုမှ မငဲ့ကွက်ပဲ ငါတို့ကို တခဲနက် အကူအညီတွေ ပေးခဲ့ပါတယ်။ ငါတို့ ပြောသင့်ပြောထိုက် ပြောရမယ့် စကားက တရုတ်ပြည်က ငါတို့ ဗကပတွေ ပိုပြီးတော့ နေဝင်းစစ်တပ်အစိုးရကို လက်စားချေတယ်လို့ ပြောသင့်ပြောထိုက် ပြောကြရမှာ ဖြစ်ပါတယ်။ ရဲဘော်တို့ ပေကျင်း အစရှိတဲ့နေရာတွေမှာ ရဲဘော်တို့ ကောင်းကောင်းမွန်မွန် သွားလာလည်ပတ်ကြပြီး ပညာ သင်ယူကြပါ''

ကောင်းလျံ အံ့အားသင့်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွားပါတယ်။ သူ့စိတ်ထဲမှာ တွေးလိုက်ပါတယ် ''တရုတ်မြန်မာ နှစ်ပါတီ ဆက်ဆံရေးက အေးခဲတောင့်တင်းသွားပြီ ဖြစ်တယ်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အသုံးချနေကြတယ်။ ခုအတိုင်းဆိုရင်တော့ ရေရှည်ထာဝရ ဖြစ်မှာ မဟုတ်တော့ပါ။ အဲဒီနောက်ပိုင်း နေ့ရက်တွေမှာ သူပေကျင်းမှာလည်ပတ်တာ၊ သွားလာနေထိုင်ရတာ စိတ်မပါတော့ပါ။ ဒီတခါခရီးက သူတို့ကိုယ်စားလှယ်အဖွဲ့ ဟန်ကျိုးခွန်မင်း အစရှိတဲ့ နေရာတွေဆီ (၅၃) ရက်ကြာ သွားလာလည်ပတ်ပါတယ်။ စုစုပေါင်း (၆၆) ရက် ကြာသွားပါတယ်။

ဗကပ ပြည်သူ့တပ်မတော်အတွက် တပ်ရင်း (၁၀) ရင်းစာ စစ်လက်နက် အသုံးအဆောင်ပစ္စည်း၊ အပြည့်အဝ တပ်ဆင်ပေးမယ့် တရုတ်ဘက်က အကူအညီပေးမယ့် အကြောင်းကိုပါ တရုတ်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်ချောင်စွတ်က ထုတ်ဖော်ပြောပြလိုက်တယ်။ ဒီအကူအညီအမြန်ဆုံး အကောင်အထည်ပေါ်ပေါက်ရေးကို ဗကပတို့ လိုလားကြပါတယ်။ ဒီအတွက် ဗကပတို့က အရှေ့မြောက်ပိုင်း စစ်ဒေသကို အမိန့်တစ်ရပ် ပေးအပ်လိုက်ပါတယ်။ တိုတောင်းတဲ့ ကာလအချိန်ကလေးမှာ တိုက်ပွဲ တော်တော်များများရှေ့ တိုက်ခိုက်ဖို့ကို တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။ အဲဒီလိုနိုင်လုံတဲ့ အကြောင်းပြချက် အခိုင်အခန့် ပြသပြီး တရုတ်တို့ဆီက ကတိစကားကို တောင်းခံမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်။ ဒါနဲ့ပဲ အရှေ့မြောက်စစ်ဒေသက တပ်အင်အားကို စုစည်းလိုက်ပြီး မိုင်းဆပ်တိုက်ပွဲ ခင်းကျင်းလိုက်ပါတယ်။ ရန်သူအစိုးရတပ်ရင်း (၃) ရင်း စလုံးကို အကုန်အစင် ချေမှုန်းပစ်လိုက်ပါတယ်။ မတိုင်ခင်ကာလ ကလေးမှာ ဗကပ ဗဟို ပေကျင်းဆီ စစ်လက်နက်ပစ္စည်း တပ်ဆင်ဖို့ကို တောင်းခံလိုက်ပါတယ်။ တရုတ်ဖက်က တပ်ရင်း (၄) ရင်းစာကို အရင် ပေးအပ်လိုက်ပါတယ်။ ကျန်တပ်ရင်း (၆) ရင်းစာအတွက်ကိုတော့ ကြာကြာရှည်ရှည် ဆွဲထားလိုက်ပါတယ်။ နောက်ဆုံးတော့ မပေးဖြစ်တော့ပါ။ စစ်ရေးကူညီထောက်ပံ့မှုကို စတင် ဖြတ်တောက်လိုက်ပါပြီ။

## (၂–၈) တိန့်ရှောင်ဖိန်နှင့် သခင်ဗသိန်းတင် မချေမငံဖြစ်ကြပြီ

ဦးအောင်မြင့် (တရုတ်နာမည် လီကြူလျှဲ) ယခု ဝအဖွဲ့အစည်း တာဝန်ခံ)က မြန်မာနိုင်ငံက ပညာတတ်လူငယ်တစ်ယောက် ဖြစ်ပါတယ်။ ၁၉၆၉ ခုနှစ်၊ နှစ်ဆန်းပိုင်းမှာတုန်းက ခွန်းမင်း (Overseas Chinese) ကျူရှင်ကျောင်းကနေ ဗကပပြည်သူ့တပ်မတော်ဆီ ဝင်လာတဲ့သူ ဖြစ်ပါတယ်။ (၁၀၃) တပ်ဖွဲ့၊ တပ်ရင်း (၁)၊ တပ်ခွဲ (၂) မှာ နေရာချထားပါတယ်။ ၁၉၇၉ ခုနှစ်မှာ၊ ဗဟိုဆီ ပြောင်းရွှေ့ပေးပြီး တာဝန်ထမ်းဆောင်စေပါတယ်။ ဥက္ကဋ္ဌ သခင်ဗသိန်းတင်ရဲ့ အတွင်းရေးမှူး ဖြစ်ပါတယ်။

သူက ရှေးဟောင်းနှောင်းဖြစ်တို့ကို ပြန်လည် ပြောပြပါတယ်။

၁၉၈၀ပြည့်နှစ် မေလ၊ ကိုအောင်မြင့်က ပေကျင်းမှာ ကျင်းပတဲ့ တရုတ်မြန်မာ ကွန်မြူနစ်ပါတီတို့ရဲ့ ဆွေးနွေးပွဲကို တက်ရောက်ခဲ့ပါတယ်။ ဗကပ ဗဟိုနှစ်နိုင်ငံရေးဌာန ကော်မတီဝင်အားလုံး တက်ရောက်ကြပါတယ်။ ဗကပနှင့် မြန်မာအစိုးရတို့ တစ်ကြိမ် ထပ်မံ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးဖို့ကို တိန့်ရှောင်ဖိန်က အခမ်းအနားမှာ အကြံပြုတိုက်တွန်းပါတယ်။ ဒါမှသာ အမြင်ချင်း တူနိုင်ကြမှာ ဖြစ်တယ်။ မြန်မာနိုင်ငံကို အတူလက်တွဲပြီး တည်ဆောက်ကြမယ်။ တိန့်ရှောင်ဖိန်က သူ့တရုတ်ပြည်ရဲ့ ဆင်းရဲကြပ်တည်းတာကို တစ်ကြိမ် ထပ်မံ ရှင်းလင်းပြောကြားခဲ့ပါတယ်။ ပြည်ပ အကူပေးမှုကို လျှော့ချရပါတော့မယ့် အကြောင်းကိုလည်း တိန့်ရှောင်ဖိန် ရှင်းပြပါတယ်။ ဗကပက တရုတ်ပြည်နှင့် ချိတ်ဆက်မှုကနေ လွတ်ကင်းသင့်တဲ့ အကြောင်း



ကိုယ်ဒူးကိုယ်ချွန်၊ ကိုယ့်အားကိုယ်ကိုး လုပ်ရတော့မယ့် အကြောင်းကိုပါ တိန့်ရှောင်ဖိန် ရှင်းလင်းပြောပြလိုက်တယ်။

သခင်ဗသိန်းတင်ဟာ ဒေါကန်သွားပါတယ်။ တစ်စက္ကန့်ကလေးမျှ မထောက်မထားဘဲ တုန့်ပြန်လိုက်ပါတယ် “တရုတ်ကွန်မြူနစ်ပါတီက မာ့က်စ်လီနင်ဝါဒ မူတစ်ရပ်ကို သစ္စာဖောက်လိုက်တာပဲဗျ” သူ တိန့်ရှောင်ဖိန်ကို ပီသသလေး ဘေးပစ်ပြောချလိုက်ပါတယ် “ခင်ဗျား ပြန်လည်ပြင်ဆင်ရေး လုပ်တယ်၊ ကျုပ်မလုပ်ဘူးဗျ” ကျုပ်တို့ ဗမာပြည်ကွန်မြူနစ်ပါတီက ဘယ်တော့မှ သေနက်ကိုလက်ကမချဘူးဗျ။ ရဲဘော်မော်စီတုန်းလမ်းညွှန် တိုက်တွန်းတဲ့။ လက်နက်ဖြင့် အာဏာကို အရယူဆိုတဲ့ လမ်းစဉ်အတိုင်း၊ တောင့်ခံပြီး ဆက်လျှောက်သွားမှာပဲ”

တိန့်ရှောင်ဖိန် တစ်လုံးတစ်ပါဒမှ ပြန်မပြောပါ။ မတ်တပ်ထရပ်ပြီး ထွက်သွားပါတယ်။ အစည်းအဝေးပွဲက စိတ်မချမ်းမြေ့စွာနဲ့ပဲ လူစုကွဲသွားကြပါတယ်။

လွှဲချော်တပ်ထားတဲ့ အင်္ကျီကြယ်သီးကို လီရှဲန်းလျှိုင့် ပြန်ပြင်တပ်ရင်းက ရှင်းပြပါတယ်။ “မနေ့က ရဲဘော် တိန့်ရှောင်ဖိန် ပြောတဲ့စကားက၊ အကြံပြုချက်သာ ဖြစ်ပါတယ် ခင်ဗျား။ ညီနောင်ပါတီ အချင်းချင်း အပြန်အလှန်အကြံပြုတာက သာမန်ဖြစ်ရပ် ဖြစ်ပါတယ် ရဲဘော်။ ပဋိပက္ခ ရှိကြတာကလည်း ပုံမှန်ပဲ မဟုတ်လားဗျ။ မြန်မာနိုင်ငံ တော်လှန်ရေး ဘယ်လိုဆင်နွှဲမလဲ၊ ဘယ်လိုလုပ်ကိုင်မလဲ၊ ဒါက ဗမာပြည်ကွန်မြူနစ်ပါတီ ဗကပ ရဲဘော်တို့က ဆုံးဖြတ်ရမယ့် ကိစ္စ မဟုတ်လားဗျ”

ရဲဘော်ခင်မောင်ကြီးက ပြောပါတယ် “ကျွန်တော်တို့နဲ့ အစ်ကိုကြီး တရုတ်တို့ရဲ့ ပကတိအခြေအမြစ်ကို ပိုင်းခြားစိတ်ပိုင်းလိုက်ရင် အချက်နှစ်ချက် ရှိနေပါတယ်။ ပထမအချက်က အင်တာနေရှင်နယ်ဝါဒနှင့် တိုင်းချစ်ပြည်ချစ်ဝါဒတို့ရဲ့ ဆက်စပ်မှုကို ဘယ်နည်းဘယ်ပုံ ဆောင်ရွက်ကြရမှာလဲ။ တရုတ်ပြည်က အရှေ့အာရှရဲ့ ဆိုရှယ်လစ်ဝါဒ နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်တယ်။ (၅၀) ပြည့်နှစ် ခေတ်အစောပိုင်းမှာတုန်းက တရုတ်နဲ့ ဆိုဗီယက်ယူနီယံတို့က လုပ်ငန်း ခွဲဝေဆောင်ရွက်မှုတွေ ရှိကြပါတယ်။ ဆိုဗီယက်ယူနီယံက ဥရောပ တော်လှန်ရေးကို အဓိက အားပေးထောက်ခံပါတယ်။ တရုတ်ပြည်က အာရှ

www.burmeseclassic.com

www.burmeseclassic.com



တိုက်နိုင်ငံတွေရဲ့ တော်လှန်ရေးကို အဓိက အားပေးထောက်ခံကြပါတယ်၊ ဒါ့ကြောင့် တရုတ်ပြည်က တစ်လျှောက်လုံး အာရှတိုက် အင်တာနေရှင်နယ် ကွန်မြူနစ်အရေးတော်ပုံကြီးရဲ့ ဗဟိုအချက်အချာ နိုင်ငံကြီး တစ်နိုင်ငံ ဖြစ်ပါတယ်။

(၅၀) ပြည့်နှစ် ခေတ်နှောင်းပိုင်း၊ တရုတ်- ရုရှားနှစ်နိုင်ငံက အယူဝါဒပိုင်းမှာ အငြင်းပွားကြပါတယ်။ (၆၀) ပြည့်နှစ်ထဲဆီရောက်လာတော့ တရုတ်ပြည်က ကမ္ဘာ့တော်လှန်ရေးရဲ့ အချက်အချာ ဗဟိုချက်မ ဖြစ်လာပါတယ်။ ဒီလိုမျိုး အနေအထားက သမိုင်းကြောင်းနှင့် ပထဝီကြောင်းတို့ရဲ့ သဘာဝကနေ ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။ နိုင်ငံထိုင်း၊ နိုင်ငံတိုင်းမှာ မိမိနိုင်ငံရဲ့ အကျိုးစီးပွား အားလုံး ရှိကြတာက မမှတာကိုးဗျ။ နိုင်ငံရေးပါတီတိုင်းမှာလည်း မိမိတို့ရဲ့ နိုင်ငံရေးပါတီ အကျိုးစီးပွားဆိုတာလည်းပဲ ရှိကြတာချည်းပါပဲ။ တရုတ်ကွန်မြူနစ်ပါတီက မိမိပါတီနဲ့ မိမိနိုင်ငံရဲ့ အကျိုးစီးပွားကို ကမ္ဘာ့နိုင်ငံအသီးသီးတို့ရဲ့ စစ်ရေးမဟာဗျူဟာမှာ ပူးပေါင်းဆောင်ရွက်ဖို့ တောင်းဆိုထားပါတယ်။ တရုတ်နိုင်ငံတော်လှန်ရေးနှင့် ကမ္ဘာ့တော်လှန်ရေးရဲ့ တစ်ခုလုံး အခြေအနေကို နာခံရပါတယ်။ ဒါကိုကျွန်တော်တို့ နားလည်မှုပေးနိုင်ပါတယ် ခင်ဗျား။ အိုးထဲမှာ ရှိနေမှသာ၊ ထမင်းပန်းကန်၊ ဟင်းပန်းကန်ထဲဆီ ရောက်လာနိုင်မှာပေါ့ဗျာ။ ဗကပဖြစ်တဲ့ ကျွန်တော်တို့အနေနဲ့က တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်တို့ ညီနောင်ပါတီတို့ရဲ့ အကြောင်းကိစ္စကို ကိုင်တွယ်ဆောင်ရွက်တဲ့အခါမှာ နေရာချင်းလဲပြီး စဉ်းစားတွေးတောသင့်ပါတယ် ခင်ဗျာ။ ကိုယ့်ရဲ့ တိုင်းချစ်ပြည်ချစ် အယူအဆရပ်တည်ချက်အပေါ်မှာသာ ရပ်နေဖို့ မသင့်ပါ ခင်ဗျာ။ ညီနောင်ပါတီတို့ရဲ့ အကျိုးစီးပွားကို ဆုံးရှုံးစေတာမျိုးက အင်တာနေရှင်နယ် အယူအဆတာဝန်ကို ထမ်းဆောင်ခြင်း မဟုတ်ပါ ခင်ဗျာ။

(နှစ်) အချက်က မာ့က်စ်ဝါဒရဲ့ သဘောတရားကိုယ်၌ကိုယ်က သိမြင်ယူဆချက်ခြင်း မတူကွဲလွဲတတ်ကြပါတယ်။ ကျွန်တော်တို့က သန့်စင်မွန်မြတ်တဲ့ မာ့က်စ်ဝါဒကို ခိုင်မာစွာ သက်ဝင်ယုံကြည်ပါတယ်။ တိကျတဲ့ လုပ်ငန်းကို ဆက်လက် ဆောင်ရွက်ရပါဦးမယ်။ ပြန်လည်ပြင်ဆင်ခြင်းဖြင့် တိုးတက်လာတဲ့ မာ့က်စ်ဝါဒလမ်းစဉ်ကို ဘယ် သို့လျှောက်လှမ်းကြရလေမလဲ



ဆိုတာ ရွေးချယ်ရပါမယ်။ ၁၉၇၈ ခုနှစ်က စတင်ပြီး တရုတ်ကွန်မြူနစ်ပါတီက တရုတ်ပြည်ထူးခြားတဲ့ အရောင်အသွေးရှိတဲ့ ဆိုရှယ်လစ်လမ်းစဉ်လျှောက်လှမ်းဖို့က ချမှတ်ထားပြီး ဖြစ်ပါတယ်။ ဒါက ညီနောင်ပါတီရဲ့ ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်ပါတယ်။ ကျွန်တော်တို့က ဟိုလူ့လက်ညှိုးထိုး၊ ဒီလူ့လက်ညှိုး ထိုးလုပ်လို့ မရပါဘူးခင်ဗျာ။ ဒါပေမယ့်လည်း အစ်ကိုကြီးဖြစ်တဲ့ တရုတ်ကွန်မြူနစ်ပါတီက ကျွန်တော်တို့ပါတီနှစ်ရပ်ရဲ့ ရာစုဝက်က တော်လှန်ရေး၊ ချစ်ကြည်ရင်းနှီးမှုအပေါ်ကနေပြီး ဗကပတို့က မျက်နှာစာသစ်ကို ဖွင့်လှစ်တော့မယ့် အခါသမယ အနေအထားက အောင်ပွဲခံတော့မယ့် အချိန်ကို ဆိုက်ရောက်နေပါတယ်။ နောင်ကြီးဖြစ်တဲ့ တရုတ်ကွန်မြူနစ်ပါတီက ကျွန်တော်တို့ကို ဆက်လက် ဖေးမပေးပါ ခင်ဗျာ။ ခုလို သော့ချက်ကျကျ အခါသမယမှာ အကယ်၍ နောင်ကြီးတို့ကသာ ကျွန်တော်တို့ကို ဆွဲမတင်ဘူးဆိုရင် မြန်မာနိုင်ငံရဲ့ တော်လှန်ရေးလုပ်ငန်းက ရေးရေးက ရရှိခဲ့တဲ့ အကျိုးရလဒ်အားလုံး အချည်းနှီး အလဟဿ ဖြစ်ကုန်မှာပါ ခင်ဗျာ"

လီရှုန်းလျှိုင့်က နောက်ဆုံးသဘောထားကို ချပြလိုက်ပါတယ်။

"ကဲ… ကဲ သဘောတရားရေးကနေ ကျွန်တော်တို့ ငြင်းခုန်မနေတော့ပါဘူးဗျာ။ အမှန်တရားကို ဆန်းစစ်ခြင်းရဲ့ တစ်ခုတည်းသောအချက်က လက်တွေ့ပိုင်းသာ ဖြစ်ပါတယ် ခင်ဗျာ။ တရုတ်ကွန်မြူနစ်ပါတီက ပြောတဲ့အတိုင်း ဆောင်ရွက်တတ်ပါတယ် ခင်ဗျာ။ အဆွေတို့ပါတီက စိတ်ချလက်ချထားပါ ခင်ဗျာ။ ကျွန်တော်တို့နှစ်ပါတီရဲ့ ဆက်စပ်မှုလမ်းကြောင်းကနေ သဘောတူညီနိုင်းထားတဲ့ အချက်အလက်အတိုင်း ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရဲဘော်ကြီးတို့ကို ပစ်မထားပါ။ ဂရုမစိုက်ဘဲ မနေပါ ခင်ဗျာ"

ဆွေးနွေးမှု ပြီးဆုံးသွားပြီးတဲ့နောက် ဗကပကိုယ်စားလှယ်တို့က နေထိုင်ရာဆီ ပြန်သွားကြပါတယ်။ သခင်ဗသိန်းတင်ရဲ့ ဒေါသက မပြယ်သေးပါ "ကြည့်ရတာ အင်တာနေရှယ်နယ်ဝါဒ အရေးတော်ပုံထဲမှာ (အကြီးအကဲပါတီ)နှင့် (သားငယ်လေး ပါတီ) ပြဿနာတွေ တကယ်ပဲ တည်ရှိနေသလားပဲ၊ အရင်က ကျွန်တော်တို့ ထင်တာက ဆိုဗီယက်ရုရှားတို့ကသာ နိုင်ငံကြီးသားဝါဒ ကြီးစိုးနေတယ် ထင်ထားတာပါ ခင်ဗျာ။ ယော… ခုတော့

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကပါ လူကို တောင်းဆိုတယ်ဆိုတာနဲ့ သားငယ်အဖြစ် သက်ရောက်သွားပါတော့မယ်။ သားငယ်ရယ်လို့ အဖြစ်မခံချင်ရင် အကြီးအကဲရဲ့ အစီအမံကို မနာခံတော့ဖူးရယ်လို့ ဖြစ်သွားပါတော့မယ်။ ဒါမျိုး ဖြစ်ဖို့က ကိုယ်ကိုယ်ဍှိက ကိုယ့်ဖာသာ တောင့်တင်းအောင် လုပ်ကြရတော့မယ်ဆိုတဲ့ ကိန်းကို ဆိုက်ရောက်နေပါတယ် ခင်ဗျာ"

ရဲဘော်စိုးသိမ်းက သူ့ဇက်ကြောကို "ခလောက် ခလောက်" ဆိုပြီး နှစ်ချက် သုံးချက် ဆတ်လိုက်တယ်။ "တိုက်ကြီးတာကြီးအပေါ်မှာ တစ်ခမ်းတစ်နား နေနေရတဲ့သူက၊ တဲနိမ့်တဲစုတ်ထဲနေတဲ့သူရဲ့ ဆင်းရဲဒုက္ခကို ဘယ်နှယ့်လုပ်ပြီး ကိုယ်ချင်းစာနိုင်မှာလဲ ခင့်ဗျား။ လူဆိုတာမျိုးက ကိုယ့်အကျိုးကိုမှ ကိုယ်မဆောင်ကျဉ်းရင် 'မိုးမြေတို့ပင် ပျက်သုဉ်းချေမယ်' မဟုတ်လားဗျ" လူတစ်ဦးချင်းက အဲဒီလိုမျိုး ဖြစ်သလို ပါတီအဖွဲ့အစည်းတို့လည်း ဒီပုံဒီနည်း၊ တိုင်းနိုင်ငံတို့လည်းပဲ ဒီအတိုင်းပဲ ဖြစ်ချေတော့မပေါ့ဗျာ"

သခင်ဗသိန်းတင် သက်ပြင်းချလိုက်သည်။ "ကျုပ်ကတော့ အစည်းအဝေးမှာ ဆို့နင့်နင့်ဖြစ်တာကို၊ တစ်ခါတည်း အန်ထုတ်လိုက်တယ်ဗျာ။ မပြောမပြီး မတီးမမြည်လေဗျာ။ ကျုပ်တို့က အစစအရာရာ အခြေအနေတစ်ရပ်ကြီးဆိုတာကိုချည်း လိုက်နာပြီး ကိုယ့်ကိုယ်ကိုတော့ အဆုံးရှုံးခံရမယ်။ မဟာဗျူဟာပိုင်းမှာ ပေါင်းစပ်ကြမယ်။ ခယဝပ်တွားရမယ် မှန်ပါ့ဘုရားချည်း လုပ်နေရမှာလားဗျ။ ကျုပ်တို့ တရုတ်ပြည် ရောက်လာကြတယ်။ နှစ်ပေါင်းများစွာ စောင့်ဆိုင်းပြီးခါမှ မြန်မာနိုင်ငံဆီ ပြန်လည် တိုက်ခိုက်ကြမယ့် အခွင့်အရေးကို ရလာပါတယ်။ ကျုပ်တို့ ခိုင်မာပြတ်သားစွာနဲ့ တိုက်ပွဲဝင်ခဲ့တာ ဘဝတစ်ဝက် ကျိုးသွားပါပြီ။ မုတ်ဆိတ်ပါးသိုင်းမွေးတွေ ကင်းမဲ့ရာကနေ ရှိလာပြီလေ။ ခု ဒီမှာထိုင်နေကြတဲ့ ခင်ဗျားတို့ ထပ်စောင့်နေထိုင်ကြဦးမှာလားဗျ။ ဘယ်လောက် ထပ်ပြီး ကြာကြာနေထိုင်ကြရဦးမှာလဲ ခင်ဗျာ"

ရဲဘော်ခင်မောင်ကြီးက စကားရပ် တစ်ရပ်ကို ယှူင်သုံးစွဲလိုက်ပါတယ်။ "အင်္ဂလိပ်နာမည်ကျော် နိုင်ငံရေးသမားကြီး တစ်ယောက် ပြောတဲ့ စကားတစ်ခွန်း ရှိတယ်ဗျ။ 'ထာဝရရန်သူ ထာဝရမိတ်ဆွေ မရှိပါ ထာဝရအကျိုးစီးပွားသာ ရှိပါတယ်' တဲ့ဗျ။ ပျားရည်ဆမ်းလဆိုတာမျိုးက ယာယီခဏတာလေးသာ ရှိပါတယ်တဲ့။ ဒီလှိုင်းမြင့်ကြီးကို ကျော်လွန်ရင် ချိုင့်အနိမ့်ပိုင်းဆီကို ရောက်မှာ ဧကန် ဖြစ်ပါတယ်။ ဒါက အနုပဋိလောမရုပ်ဝါဒပဲဗျ။



## (၃–စ) ဗကပနှင့် အစိုးရတို့ ငြိမ်းချမ်းရေးဆွေးနွေးခဲ့တယ်

သမိုင်းကြောင်းတစ်လျှောက်မှာ ဗကပနှင့် မြန်မာအစိုးရတို့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ စုစုပေါင်း (၄) ကြိမ် ပြုလုပ်ခဲ့ပါတယ်။ ပထမအကြိမ် (၁၉၅၃) ခုနှစ်။ ဒုတိယအကြိမ် (၁၉၅၈) ခုနှစ်။ တတိယအကြိမ်က (၁၉၆၃) ခုနှစ်။ အဲဒီသုံးကြိမ်ပြုလုပ်ခဲ့တဲ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေးက အားလုံးရန်ကုန်မြို့မှာ လုပ်တာ ဖြစ်ပါတယ်။ မြန်မာအစိုးရက တစ်လျှောက်လုံး "သုံးရပ်ပေါင်းတစ်ခု" ကို အသေဆုပ်ကိုင်ထားပါတယ်။ ၁၉၈၁ ခုနှစ်မှာက စတုတ္ထအကြိမ်ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို လုပ်ပြန်ပါတယ်။ နေရာကတော့ ရှမ်းပြည်နယ် လားရှိုးမြို့မှာဖြစ်တယ်။

စတုတ္ထအကြိမ်မြောက် ဆွေးနွေးပွဲတက်ရောက်တဲ့ ဗကပ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ဒုဥက္ကဋ္ဌ သခင်ဖေတင့် ဖြစ်ပါတယ်။ အဖွဲ့ဝင်တွေက ချူကျမ်း (ကျမ်းမာရေးဝန်ကြီး) ကျောက်ဟွာ စတဲ့ (၅) ဦးပါဝင်တဲ့ အဖွဲ့ဖြစ်တယ်။ ဒုဥက္ကဋ္ဌ သခင်ဖေတင့်က ဗကပကို ကိုယ်စားပြုပြီး အချက်သုံးချက် တင်ပြပါတယ်။

(၁) ဧရိယာအကျယ်အဝန်းကီလိုမီတာ သုံးသောင်းရှိတဲ့ ဗကပ အခြေခံဒေသကို အထူးဒေသအဖြစ် အသိအမှတ်ပြုရပါမယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိရမယ်။ အစိုးရဖက်က အမြဲတမ်း နေထိုင်တဲ့ ကိုယ်စားလှယ်ကို စေလွှတ်ပြီး စောင့်ကြပ်ကြည့်ရှုနိုင်ပါတယ်။

(၂) ဗကပရဲ့ ပြည်သူ့တပ်မတော်တပ်ဖွဲ့ကို မဖျက်သိမ်းရပါ။ ဗကပတို့ ကိုယ့်ဖာသာ ကိုယ်တွယ်ကြရပါမယ်။

(၃) ဗကပဟာ တရားဝင်ပါတီ ဖြစ်တယ်ဆိုတာကို အစိုးရက အသိအမှတ်ပြုရပါမယ်။ ငြိမ်းချမ်းရေးဆွေးနွေးစဉ်ကာလမှာ ဗကပအတွက် တရားဝင်နေရာနှင့် နေရာထိုင်ခင်း ရှိရပါမယ်။

လွတ်မြောက်နယ်မြေဒေသမှာ၊ အထူးအုပ်ချုပ်ရေးဒေသအဖြစ်၊ မြန်မာအစိုးရက သဘောတူပါတယ်။ တပ်မ နှစ်တပ်စာ ပြည်သူ့တပ်မတော်ဖက်က စစ်တပ်ဖွဲ့စည်းထားနိုင်ပါတယ်။ ဗကပကို တရားဝင်နိုင်ငံရေးပါတီအဖြစ် မူလကအတိုင်း ပြန်လည် တည်ရှိဖို့ကို မြန်မာအစိုးရက သဘောတူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လွှတ်တော်နှင့် နိုင်ငံကာကွယ်ရေး စစ်ကော်မတီမှာ ဗကပ ပြည်သူ့တပ်မတော်ကို ပါလီမန်အမတ်နှင့် စစ်ကော်မတီဝင် အရေအတွက် (၃)ဦးကနေ (၅) ဦးအထိ ပေးဖို့ရာထားပါတယ်။ ဒါပေမယ့် ဗကပတို့ဖက်က တင်ပြတာက အရေအတွက် (၁၀) ဦးကနေ (၁၅) ဦး ဖြစ်နေပါတယ်။ အခြားလူနည်းစုတိုင်းရင်းသားတို့ကလည်း အချိုးအဆအတိုင်း၊ အရေအတွက်တွဲဖက်ပေးဖို့ တောင်းဆိုပါတယ်။ အသေးငယ်ဆုံး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းကို အနည်းဆုံး လူတစ်ဦး ပေးရမှာ ဖြစ်တယ်။ ဒီပုံစံမျိုးနဲ့ဆိုရင် ဗကပ၊ လူနည်းစုတိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့၊ မြန်မာအစိုးရတပ်ဖွဲ့၊ ဒီသုံးဖက်ရဲ့ အရေအတွက်ကံ လွှတ်တော်တစ်ခုလုံးရဲ့ သုံးပုံတစ်ပုံမှာရှိနေပါတယ်။ ဒီရှည်လျားပြီး အကြပ်တွေ့တဲ့ ပါတီနှစ်ရပ်ထိပ်သီးတွေ့ဆုံဆွေးနွေးပွဲမှာ မြန်မာအစိုးရဖက်က အကြီးအကျယ် အလျှော့ပေး လိုက်လျောထားပါတယ်။ ဒါပေမယ့် ဗကပဖက်က တွယ်ကပ်နေပါတယ်။ တောင်းဆိုမှုတွေကလည်း ထူးမခြားနားချည်း ဖြစ်နေပါတယ်။ ဒီလိုနဲ့ပဲ အခွင့်အခါကောင်းကို လက်လွှတ်ဆုံးရှုံးသွားရပါတယ်။ ဒီတစ်ကြိမ် အဆင့်မြင့် ထူးခြားတဲ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲမှာ ပျက်ပြားခြင်းဖြင့် နိဂုံးချုပ်သွားပါတယ်။

## (၄–စ) သခင်ဗသိန်းတင် ရှင်းပြလိုက်တယ်

"ကျုပ် ပေကျင်းကနေ စောစောလေးတင်ကမှ အိမ်ပြန်ရောက်တာ ဖြစ်တယ်။ ကျုပ်နှင့် ပတ်သတ်ပြီး ကောလဟာလသတင်းထွက်နေတယ်လို့ ကြားမိတယ်ကွ။ ရဲဘော်တို့နဲ့ရှောင်ဖိန်နှင့် ကျုပ်စကားများ ရန်ဖြစ်ကြတယ်တဲ့ကွာ။ ရဲဘော်တို့ ဒီကိစ္စအလျဉ်းမရှိပါဘူး။ ကျုပ်တို့နှစ်ပါတီက သာမန်တွေမဟုတ်ဘူးဗျ။ အရမ်းကို သင့်မြတ်ကြပါတယ်။ ဒါ့အပြင်ကျုပ်တို့နှစ်ပါတီရဲ့ ချစ်ကြည်ရင်းနှီးမှုက ရှေးပဝေသဏီခေတ်ကတည်းက ရှိနှင့်နေတာ ရဲဘော်တို့ရဲ့။ ဟိုး ၁၉၃၉ ခုနှစ်၊ ကျုပ်တို့ပါတီစတင် တည်ထောင်ခဲ့တဲ့အချိန်က စတင်ခဲ့တာ ဖြစ်တယ်ကွ။ ကျုပ်တို့အခက်ခဲဆုံး၊ အကျပ်တည်းဆုံးအချိန်တွေမှာတုန်းက မော်စီတုန်းဦးဆောင်တဲ့ တရုတ်ကွန်မြူနစ်ပါတီရဲ့ အဖိုးတန်တဲ့ ကြီးမားတဲ့ အင်အားနဲ့ အားပေးထောက်ခံမှုတွေ ရှိခဲ့ပါတယ်။ ကဲ··· ဒီတော့



ကျုပ်တို့ ဘယ့်နှယ့်ကြောင့် ခိုက်ရန်ဖြစ်ကြ စကားများကြမှာလဲနော်။ ဒါက တစ်စုံတစ်ယောက်က ကျုပ်တို့ နှစ်ပါတီရဲ့ ခင်မင်ရင်းနှီးမှုကို တမင်ဂုံးချောတာတွေ ဖြစ်ပါတယ်။ စကားများရန်ဖြစ်တဲ့ ဖြစ်ရပ် လုံးဝကို မရှိပါဘူးကွာ။

ဉက္ကဋ္ဌက ထွက်တွေ့ ထွက်ဧည့်ခံရတာဆိုပေမယ့် ကျန်းမာရေးက တယ်ပြီးကောင်းလှတာ မဟုတ်ပါ။ အားနည်းပြီး ရောဂါတစ်ဖက်နဲ့ ကိုယ့်ရဲဘော်တွေကို ထွက်တွေ့ ထွက်ဧည့်ခံပါတယ်။ တွေ့ကြဆုံကြ စကားလက်ဆုံပြောကြနဲ့ အချိန်အတော်လေး ကြာသွားပါတယ်။ စကားပြောနေရင်းက အသံလေးလာ၊ နေးလာတယ်။ တဖန် စိတ်ထောင်းကိုယ်ကြေ ဖြစ်နေပြန်တယ်။ မြင်ရသူအဖို့ သနားကြင်နာစိတ်တွေ တဖွားဖွားပေါ်ထွက်လာပါတယ်။

ဒု-ဉက္ကဋ္ဌသခင်ဖေတင့်က ကြားဖြတ်ဝင်ပြောလိုက်တယ် "ကနေ့ ဉက္ကဋ္ဌရဲ့ စကားတွေကို (တစ် အချက်က၊ မှတ်တမ်းမှတ်ရာ စာနဲ့ရေးမှတ်တာမျိုး မလုပ်ပါနဲ့။ (နှစ်) အချက်က ထပ်ဆင့် မဖြန့်ပါနဲ့။ (သုံး) အချက်က ပြန်ပြီး မဆွေးနွေးပါနဲ့"

ဒုဉက္ကဋ္ဌဖေသိန်းတင့်ရဲ့ "မပြုရ သုံးချက်" ကို ဉက္ကဋ္ဌသခင်ဗသိန်းတင် သဘောတူပါတယ်။

ကျိုးဝန်ကောင်းက သူ့မှတ်စုစာအုပ်လေးကို အမေရိကစတိုင်ထုတ်ပြီး ဂျာကင်အိတ်ရဲ့ခါးက ခပ်ပွပွ အိတ်ထောင်ထဲ ထည့်လိုက်ဟန် လုပ်လိုက်ပါတယ်။ စောစောကအတိုင်းပဲ တိတ်တိတ်လေး ကြိတ်ပြီး ဉက္ကဋ္ဌရဲ့ "အရေးတကြီး ညွှန်ကြားချက်" ကို ရေးမှတ်လိုက်ပါတယ်။

ဉက္ကဋ္ဌက ဒုတိယအချက်ဖြစ်တဲ့ ကိုယ့်ဒူးကိုယ်ချွန်ကို ပြောတဲ့အခါမှာ ကျိုးဝန်ကောင်းက မထိန်းချုပ်နိုင်တော့ပဲ မတ်တပ်ထရပ်လိုက်ပြီး ပြောလိုက်ပါတယ် "တရုတ်ပြည်ဆီကို ပိုက်ဆံတောင်းမယ့်ကိစ္စ၊ ဉက္ကဋ္ဌတို့ခေါင်းဆောင်ပိုင်းက တောင်းလို့ပြုလို့မကောင်းဘူး ဖြစ်နေတယ်။ ကျွန်တော်တို့ မျက်နှာထွက်ပြပြီး သွားတောင်းတာပဲ ကောင်းမှာပေါ့"

ဉက္ကဋ္ဌကရှင်းပြပါတယ်။ "ရဲဘော်တို့က တရုတ်ပြည်ကို ကိုယ့်ယောက္ခမလို သဘောထားကြတာကိုးကွယ့်။ အခု ယောက္ခမကြီးက သူ့သဘောထားကို ထုတ်ပြန်လိုက်ပြီလေကွာ 'မင်းတို့ ကလေးငယ်တွေမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။ အကြောင်းကိစ္စ အများအပြားက မင်းတို့ ကိုယ့်ဖာသာသွားလုပ်ကြတော့ကွာတဲ့။ ကဲ… ကဲ၊ ကျုပ်က ကျုပ်တို့ရဲ့ မြန်မာကျေးလက်ပုံပြင်လေး တစ်ပုဒ် ပြောပြမယ်ကွာ။ သူတောင်းစားတစ်ယောက် ရှိတယ်လေကွာ။ ဗိုက်ဆာလို့ ထမင်းသွားပြီး တောင်းတယ်။ အရင်ဆုံး ထမင်းကြမ်း နည်းနည်း တောင်းလိုက်တယ်ကွာ၊ သူများက ပေးလိုက်ပါတယ်။ တစ်ခါ သူကထပ်ပြီး ချဉ်ဟင်းလေး နည်းနည်းလောက် တောင်းပြန်တယ်။ ဟိုကလည်း မငြိုမငြင်ပဲ ပေးလိုက်တယ်။ ဟော… ခုတစ်ခါကျတော့ ငါးခြောက်လေးတစ်မျှောင်းလောက် တောင်းလိုက်ပြန်ရောတဲ့ကွာ၊ ပေးတဲ့သူကလဲ ရက်ရက်ရောရော ပေးလိုက်ပြန်ရောတဲ့ကွာ။ အခေါက်ခေါက်အခါခါ တောင်းစားရတာကို သူတောင်းစားက အားမရသေးဘူး။ ကြက်သားဆီပြန်ဟင်းကို စားချင်ပြန်ရောတဲ့ကွာ။ ရဲဘော်တို့ စဉ်းစားကြည့်လေကွာ၊ အဲဒီပေးကမ်းသူက သူတောင်းစားကို အိမ့်အပြင်ဖက် မောင်းထုတ်လိုက်ပါလေရောတဲ့ကွာ။ ပုံပြင်လေးက ဒီမှာတင် အဆုံးသတ်သွားပါတယ် ရဲဘော်တို့ရေ"

ကျိုးဝန်ကောင်းက တရုတ်စကားပုံနှင့် မြန်မာစကားပုံကို ပေါင်းချုပ်လိုက်တယ် "တစ်လက်မ ရတာနဲ့ တစ်ပေကို လိုချင်တယ်" မြန်မာစကားပုံကတော့ "ရလေ လိုလေ အိုတစ္ဆေ"တဲ့။

ဥက္ကဋ္ဌပြောရင်းက အရှိန်ရလာပါတယ် တက်ကြွလာတယ်။ "ဘယ်လိုတော်လှန်ရေး လုပ်တာပဲဖြစ်ဖြစ် အားလုံး ကိုယ့်အားကိုယ်ကိုးရမှာချည်းပဲ ရဲဘော်တို့။ ရဲဘော်တို့ရဲ့ အင်တာနေရှယ်နယ် သီချင်းထဲမှာ ဒီလိုသီဆိုထားတယ်လေကွာ "ကမ္ဘာလောကကြီးမှာ ကယ်တင်ရှင်မရှိပါ။ နတ်ဒေဝါနှင့် အရှင်သခင်၊ မင်းဧကရာဇ်ကိုလည်း အားမထားပါ။ ကိုယ်ပေါ်မှာ တွဲချည်နှောင်ထားတဲ့ သံကွင်းကြိုးကို ကြေမွအောင် ချိုးဖျက်ပစ်လိုက်ပါ။ အရာရာ အားလုံး ကိုယ့်အားကိုယ်ကိုးပါ" ရဲဘော်တို့ ဟိုပြောဒီပြော ဘယ်လိုပဲပြောပြော မြန်မာနိုင်ငံတော်လှန်ရေးက ငါတို့ကိုယ်ငါတို့ကိုပဲ မှီခိုအားထားကြရမယ်။ ကိုယ့်ဒူးကိုယ်ချွန် ကိုယ့်အားကိုယ်ကိုးမှသာ ထွက်ပေါက်လမ်းကို တွေ့မှာ ဖြစ်တယ်။

ဥက္ကဋ္ဌက တတိယအခြေအနေကို ဆက်လက်ရှင်းပြပါတယ် "ကျုပ်လေးထားပြောမှာက 'ဗဟိုနိုင်ငံရေးဌာနက မျက်မှောက်တော်လှန်ရေး အနေ



အထားကို ဘယ်လိုကြည့်မလဲ ဆိုတာပါပဲ။ ဦးစီးဦးဆောင်တို့က နိုင်ငံရေးအစီရင်ခံတာကို လုပ်ကြတယ်။ လုပ်တဲ့ အကြိမ်တိုင်းက ဟိုး… နိုင်ငံဆိုင်ရာ ပြည်တွင်းအနေအထားတို့ကနေ စတင်ပြီး ပြောကြတယ်။ နိုင်ငံတကာဆိုင်ရာကိုလား။ ကဲ… ကဲ၊ ပထဦးဆုံး ကမ္ဘာ့အရေးနှင့် တရုတ်အရေးတို့ အကြီးအကျယ် ကောင်းမွန်နေပါတယ်။ ပြည်တွင်းရေး အခြေအနေကတော့ နေဝင်းစစ်အစိုးရ အနေအထားက မကောင်းပါ။ ကျုပ်တို့ရဲ့ အရှေ့မြောက်ပိုင်းစစ်ဒေသ အနေအထားက တအားကို ကောင်းမွန်နေပါတယ်။ ဒါတွေကို ကျုပ်အားလုံး မပြောတော့ဘူး။ မြန်မာနိုင်ငံ တော်လှန်ရေး အနေအထားက ကျုပ်အမြင်မှာ သုံးသပ်ချက် နှစ်မျိုး ရှိနေပါတယ်။ ပြောစရာမလိုဘဲ အားလုံးရှင်းရှင်းလင်းလင်း သိနှင့်ပြီး ဖြစ်ပါတယ်။ မြန်ရင် သုံးနှစ် နှေးရင် ငါးနှစ်၊ ဒီလို နှစ်အပိုင်းအခြားနဲ့ ငါတို့မြန်မာနိုင်ငံရဲ့ တော်လှန်ရေးအနေအထားက ကြီးမားတဲ့ အပြောင်းလဲကြီးတစ်ရပ် ပေါ်ပေါက်လာပါလိမ့်မယ်။ နိဂုံးချုပ်အဆုံးသတ်မှာက အောင်ပွဲခံခြင်း၊ ဒါမှမဟုတ်ရင် ပြုတ်ပြုတ်ပြုန်း ကျဆုံးခြင်း ဖြစ်စာယ်။ ရဲဘော်တို့ မြန်မာ့တော်လှန်ရေး အောင်ပွဲခံတဲ့ အခွင့်အလမ်းကို ရယူပိုင်ဆိုင်ခြင်းနှင့် စိန်ခေါ်မှုတို့က တစ်ချိန်တည်း တစ်ပြိုင်တည်း တည်ရှိနေပါတယ်။ အားလုံး တစ်လှေတည်း စီး တစ်ရေတည်း သောက်ကြတဲ့သူတွေ ဖြစ်တယ်။ ငါတို့ စုပေါင်းပြီး အတူတကွ အခက်အခဲ ၊ အကြပ်အတည်းကို ကျော်လွှားကြရပါ့မယ်။ ဗမာ့တော်လှန်ရေးလုပ်ငန်းရပ်ကို ရှေ့သို့ တွန်းပို့ကြရပါလိမ့်မယ် ရဲဘော်တို့။ မြန်မာတစ်နိုင်ငံလုံး လွတ်မြောက်စေရမယ်။ ကျုပ်မျှော်လင့်ထားတာက ကျုပ်တို့ တော်လှန်ရေးလုပ်ငန်းကို အောင်မြင်တဲ့ ဆိပ်ခံမှာ မူမှန်မှန်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကျက်နိုင်ပါစေဆိုတာကို မျှော်လင့်ပါတယ်။

ညဘာပေး လက်ခုပ်သံ ရပ်စဲသွားရုံလေးမှာ။ ဒုဥက္ကဋ္ဌ သခင်ဖေတင့်က ပြောလိုက်ပါတယ်။ "ကျွန်တော် အချက်တစ်ချက် ဖြည့်ဆည်းပါ့မယ်။ တရုတ်ပြည်မှာ ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်းမှာ တရုတ်ကွန်မြူနစ်ပါတီက တိန့်ရှောင်ဖိန်ကို တရုတ်ပြည်ရဲ့ နံပါတ်နှစ် အရင်းရှင်ဝါဒလမ်းစဉ်အာဏာလက်ဝယ်ကိုင်ထားသူ ဖြစ်တယ်ရယ်လို့ တိန့်ရှောင်ဖိန် အရည်အသွေးကို သတ်မှတ်ပါတယ်။ ဒါက ပါတီဝင်အဖြစ်ကိုရော တာဝန်ပိုင်းကိုပါ

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပယ်ပစ်လိုက်ပါတယ်။ ဒါကို ငါတို့ပါတီ ဗဟိုက ပါတီတစ်ရပ်လုံး စစ်တပ်တစ်ရပ်လုံးကို ကိုယ်စားပြုပြီး ဒီဖြစ်ရပ်အပေါ် လှိုက်လှိုက်လှဲလှဲ ချီးကျူးဂုဏ်ပြုခဲ့ပါတယ်။ ဒါ့အပြင် မော်စီတုန်းက 'စီရင်ချက် အမှားများ ပယ်ဖျက်ခြင်း' ဆိုပြီး အရေးယူထားတဲ့ အချက်အားလုံးကို ပယ်ဖျက်လိုက်တယ်။ ဒါ့အပြင် နဂိုမူလကအတိုင်း၊ လုပ်ငန်းတာဝန်တွေကို ပြန်လည်ထမ်းဆောင်ရပြန်ပါတယ်။ အဲဒီအချိန်မှာ ငါတို့ပါတီက ချီးကျူးဂုဏ်ပြုတာမျိုး မပြသခဲ့ဘူးကွ။ တိန့်ရှောင်ဖိန်ကို တရုတ်ကွန်မြူနစ်ပါတီ အပုပ်ချတုန်းက ငါတို့ ဗမာပြည်ကွန်မြူနစ်ပါတီက တိန့်ရှောင်ဖိန်ရဲ့ ပြစ်ချက်အားလုံးကို လျှော်ပစ်လိုက်ပြီး ပြန်လည် ချီးကျူးဂုဏ်ပြုတာမျိုးကို လုပ်တဲ့အခါမှာ ငါတို့ပါတီက ချီးကျူးဂုဏ်ပြုတာမျိုး လိုက်ပါပြီး မပြသခဲ့ဘူးကွ။ ဒီအသွင်လက္ခဏာကိုက ငါတို့ပါတီရဲ့ မရင့်ကျက်ခြင်းဆိုတာကို ထုတ်ဖော်ပြသလိုက်တာ ဖြစ်နေတယ်လေ။ နောက်ပိုင်းမှာ ပါတီနှစ်ရပ် ပြန်လည် ဆုံတွေ့ကြတဲ့ အကြိမ်မှာ ငါတို့က ရဲဘော် တိန့်ရှောင်ဖိန်ကို ဝမ်းနည်းကြောင်း ဖော်ပြခဲ့ဖူးပါတယ်။ ရဲဘော်ရှောင်ဖိန်က လက်ကို ဝှေ့ရမ်းပြီးခြင်း ဝှေ့ရမ်းရင်းက ပြောလိုက်ပါတယ်။ "ဒါတွေက နှမ်းစေ့လေးလို အသေးအမွှားလေးပါ ခင်ဗျာ။ ကျုပ်စောစောကတည်းက မေ့ပျောက်သွားပါပြီဗျာ "ပါတီရဲ့ အဆင့်မြင့် ခေါင်းဆောင်တွေဖြစ်တဲ့ ငါတို့က ဒီနောက်ပိုင်းကာလတွေမှာ ဒီလိုမျိုး သင်ခန်းစာတွေကို အလေးအနက်ထားပြီး ယူကြရမှာ ဖြစ်ပါတယ်။

## (၅–၈) သခင်ဗသိန်းတင်နှင့် ဟူရောက်ပန်းတို့ရဲ့အဖုအထစ်

၁၉၈၅ ခုနှစ်၊ ဧပြီလ၊ လကုန်ပိုင်း၊ တရုတ်ကွန်မြူနစ်ပါတီက ဗကပဗဟိုနိုင်ငံရေးဌာနမှ၊ အမြဲတမ်းကော်မတီဝင် (၇) ဦးကို ပေကျင်းဆီ လာရောက်ဖို့ ဖိတ်ကြားလိုက်တယ်။ "မေဒေး" (ကမ္ဘာ့အလုပ်သမားနေ့ အခမ်းအနား တက်ရောက်ဖို့ ဖြစ်ပါတယ်။ အမှန်တကယ်ကတော့ ဒီအချိန်မှာ ဗိုလ်နေဝင်းလည်းပဲ ပေကျင်းကို ရောက်ရှိနေပါတယ်။ ဗိုလ်နေဝင်းက ဗကပ ခေါင်းဆောင်တို့နှင့် တွေ့ဆုံချင်တယ်လို့ တင်ပြတာ ဖြစ်ပါတယ်။

၁၉၈၅ ခုနှစ်၊ မေလ (၁) ရက် မေဒေးနေ့၊ အထွေထွေအတွင်းရေးမှူး ဟူရောက်ပန်းက သခင်ဗသိန်းတင် ဦးဆောင်တဲ့ ဗကပ ကိုယ်စားလှယ်အဖွဲ့



နှင့် တွေ့ဆုံကြတဲ့အခါမှာ ပြောပါတယ်။ "ဗိုလ်ချုပ်ကြီးနေဝင်းက ရဲဘော်တို့နှင့် တွေ့ချင်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ ပါတီကနေတဆင့် တင်ပြအပ်ပါတယ်။ ဒါ့ကြောင့် ရဲဘော်တို့ကို ဖိတ်ခေါ်လိုက်ရတာ ဖြစ်တယ်"

သခင်ဗသိန်းတင်သည် တည်ကြည်လေးနက်စွာဖြင့် တင်ပြပါတယ် "ကျွန်တော်တို့ စောစောကတည်းက ခန့်မှန်းမိပါတယ်။ ရဲဘော်တို့က ကျုပ်တို့ကို လက်နက်ချအညံ့ခံခိုင်းဖို့ ဖျောင်းဖျမယ်မဟုတ်လားဗျ။ ဒါတော့ မလုပ်နိုင်ဘူးဗျ။ ကျုပ်တို့ကိုယ်ကျုပ်တို့ ရောင်းချပြီး လက်နက်ချ အညံ့မခံနိုင်ဘူးဗျ။ ကျုပ်တို့ပါတီက မော်စီတုန်းပြောတဲ့စကားကို အခိုင်အမာ ယုံကြည်တယ် ခင်ဗျ။ မော်စီတုန်း ပြောတာက "နိုင်ငံငယ်လေးက နိုင်ငံကြီးကို နိုင်အောင် တိုက်နိုင်တယ်။ အင်အားချည့်နဲ့တဲ့နိုင်ငံက အင်အားတောင့်တင်းတဲ့ နိုင်ငံကို နိုင်အောင်တိုက်ခိုက်နိုင်တယ်လို့ ပြောထားပါတယ်။ ကျုပ်တို့က လက်နက် တပ်ဆင်ပြီး အာဏာကိုအရယူနိုင်တဲ့ တော်လှန်ရေးလမ်းစဉ်ကို အခိုင်အမာ ယုံကြည်ပါတယ် ခင်ဗျား"

သခင်ဗသိန်းတင်ရဲ့ ပြန်လှန်ထိုးနှက်ချက်က ဟူရောက်ပန်းအရှိက်ကိုထိသွားပါတယ်။ ဟူရောက်ပန်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိရတော့ပါ။ တော်တော်လေး ကသိကအောက် ဖြစ်သွားပါတယ်။

ဥက္ကဋ္ဌ လီရှဲန်းလျိုင့်က ထွက်လာပြီး တင်းမာမှုလျော့ပါးအောင် ကြားဝင်ဖြန်ဖြေပေးပါတယ်။ "ကျုပ်တို့ညီနောင်ပါတီတွေပဲဗျာ။ ကဲ…ကဲ ရဲဘော်တို့ဖက်က စိတ်ချလက်ချနေပါဗျာ။ တရုတ်ကွန်မြူနစ်ပါတီတွေက ရောင်းချတဲ့ အလုပ်မလုပ်ပါဘူးဗျာ။ ကျုပ်တို့က ဗိုလ်နေဝင်း တွေးပုံတွေးနည်းတွေနှင့် သဘောထားကို တဆင့်ပြန်ပြီး ရဲဘော်တို့သိအောင် ပြောတာလောက်ပဲ ရှိပါတယ်။ ရဲဘော်တို့နိုင်ငံရဲ့ အတွင်းရေးတွေ ရဲဘော်တို့ ပါတီတွင်းရဲ့ ကိစ္စဝိစ္စတွေမှာ ကိုယ်တို့ တရုတ်ပြည်ကွန်မြူနစ်ပါတီက လုံးဝ ဝင်မစွက်ဖက်ပါဘူး ခင်ဗျာ"

တွေ့ဆုံဆွေးနွေးပွဲ ရုတ်သိမ်းချိန်မှာ ဟူရောက်ပန်းက ဗကပကို တရားဝင် ကြေညာချက် ထုတ်ပြန်ပါတယ်။ "ဗကပရဲ့ စစ်အသုံးစရိတ် ကူညီထောက်ပံ့မှု အလုံးစုံကို တရုတ်ဖက်က လုံးဝ ရပ်တန့်လိုက်ပါတယ်။ စီးပွားရေးဆိုင်ရာ ကုန်ပစ္စည်းများကိုတော့ ဆက်လက် အကူအညီပေးမြဲ ပေး

www.burmeseclassic.com

www.burmeseclassic.com



သွားပါ့မယ်'' သူက တစ်ဆက်တည်းပဲ အရေးဆို ထောက်ပြပါသေးတယ်။ မြန်မာအစိုးရအပေါ်ထားတဲ့ သဘောထားကိုပြောရမယ်ဆိုရင် မြန်မာနိုင်ငံဟာ ဆိုရှယ်လစ်နိုင်ငံလည်း မဟုတ်သလို၊ အရင်းရှင်ဝါဒီနိုင်ငံလည်း မဟုတ်ပါ။ ဘယ်လိုမျိုး လူ့ဘောင်စနစ်ဆိုတာကတော့ ဒီနောက်ပိုင်းမှာ လူတွေကနေ နိဂုံးချုပ်ပေးပါလိမ့်မယ်။ ဒါပေမယ့် လက်တွေ့ပိုင်းဖြစ်ရပ်တစ်ခု ရှိနေပါသေးတယ်။ ''မြန်မာနိုင်ငံ မျက်မှောက်ကာလမှာ ဘယ်လို နိုင်ငံရေး ဖွဲ့စည်းမှုတစ်ခုကမှ စစ်တပ်အစိုးရနေရာကို ဝင်ရောက်အစားထိုးနိုင်ခြင်း မရှိသေးပါ။ မြန်မာနိုင်ငံရဲ့ အကြောင်းကိစ္စအားလုံးကို စစ်တပ်အစိုးရပြောသမျှနဲ့ပဲ ပြီးစီးသွားရတာချည်း ဖြစ်နေပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အစိုးရက အစိုးရချင်း ပေါင်းသင်းဆက်ဆံခြင်းကို ပြုမူဆောင်ရွက်ရပါတယ်။ အဲဒီအချက်နှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံ အစိုးရကို ကျွန်တော်တို့က ဘာတစ်ခုမျှ လျှို့ဝှက်မထားပါ။ အမှန်ကို အမှန်အတိုင်း မြန်မာအစိုးရကို အသိပေးထုတ်ပြန်လိုက်ပါတယ်။

အစည်းအဝေးခန်းမထဲက ထွက်လာကြပါတယ်။ ဒေါသမပြယ်သေးတဲ့ သခင်ဗသိန်းတင်က ရဲဘော်ခင်မောင်ကြီးကို ပြောလိုက်ပါတယ်။ ''သူတို့က မျက်နှာလွှဲခဲပစ် လုပ်လိုက်တာဗျ။ ကတိသစ္စာ မတည်ကြဘူး''

ရဲဘော်တင်ရီ ဝမ်းနည်းဆို့နင့်သံဖြင့် ပြောလိုက်ပါတယ်။ ''သူတို့က ဝန်ထုပ်ကြီးကို ပစ်ချလိုက်တာပဲ''

ရဲဘော်ခင်မောင်ကြီးက ''ငမွဲနှင့် သူကြွယ် မိတ်ဆွေဖွဲ့ရ ခက်တယ်လေဗျာ။ အနေးနဲ့အမြန် ကိုယ့်လမ်းကိုယ်လျှောက်ကြရမှာပေါ့ဗျာ။ ငမွဲမှာလည်း ငမွဲရဲ့ အကြပ်အတည်း၊ အခက်အခဲရှိမယ်။ သူကြွယ်ကလည်း သူကြွယ် အကြပ်အတည်း အခက်အခဲ ရှိကြမှာပဲ။ ကျွန်တော်တို့က တစ်ချိန်လုံး သူများပေးစာနဲ့ အသက်ရှင်နေထိုင်သွားနေလို့ ဘယ်ဖြစ်မှာလဲဗျ''

## (၆-၈) မြန်မာပြည်အပြန်ခရီး လေဆိပ်မှာ ဦးနေဝင်းရဲ့အမှာစကား

ဆွေးနွေးပွဲ မဖြစ်မြောက်တော့ပါ။

ဦးနေဝင်းပေကျင်းကနေ မြန်မာနိုင်ငံကို ပြန်လာတဲ့အချိန်မှာ ဥက္ကဋ္ဌလီရှန်းလျှင့်က လေဆိပ်ဆီ လိုက်ပါပို့ဆောင်ပါတယ်။



ဦးနေဝင်းက ပြောပါတယ် ''ကျွန်တော်ရဲ့ တရုတ်ပြည်ခရီးက ဒီတစ်ခေါက်နဲ့ဆိုရင် ဆယ့်တစ်ခေါက် ရှိသွားပြီဗျ။ မော်စီတုန်း၊ ချူအင်လိုင်းတို့ သက်ရှိထင်ရှား ရှိတုန်းကဆိုရင် ကျုပ်တရုတ်နိုင်ငံဆီ ဆယ်ကြိမ် လာခဲ့ပါတယ်။ အခုတစ်ခေါက်က နောက်ဆုံးတစ်ခေါက် ဖြစ်များဖြစ်နေမလား၊ မသိနိုင်ပါဘူး ခင်ဗျာ။ မော်စီတုန်း၊ ချူအင်လိုင်း သက်ရှိထင်ရှားရှိတုန်းကဆိုရင် အားလုံးကကျွန်တော်ကို တရုတ်ပြည်ရဲ့ မိတ်ဆွေဟောင်းကြီးဆိုပြီး တရင်းတနှီး ခေါ်ဝေါ်ကြပါတယ် ခင်ဗျာ။ အခုတစ်ခေါက် ခရီးမှာ မိတ်ဆွေတို့က မိတ်ရင်းဆွေရင်း ဖြစ်တဲ့အတွက် မလွှဲသာမရှောင်သာ ဖွင့်ပြောရခက်တဲ့ ပြဿနာတစ်ရပ်ကို ထုတ်ပြောလိုက်ဦးမယ်ဗျာ။ ပြီးခဲ့တဲ့ အခေါက်က ကျွန်တော်တို့ မြန်မာနိုင်ငံသမ္မတကြီး ဦးစန်းယုရဲ့ တရုတ်ပြည်ခရီးက အတော်ကို အောင်မြင်ပါတယ်ဗျာ။ အလည်အပတ်ခရီးစဉ်ထဲမှာ တရုတ်ပြည် ပင်လယ်ကမ်းခြေက အထူးဒေသကို လိုက်လံကြည့်ရှုပါတယ်။ တရုတ်ပြည်ရဲ့ တံခါးဖွင့် ပြုပြင်ပြောင်းလဲရေးက မဟာအောင်ပွဲဆိုတာ တွေ့မြင်ခဲ့ရပါတယ်။ အထူးသဖြင့် မစ္စတာတိန့်ရှောင်ဖိန် အဆိုတင်သွင်းတဲ့ ''တစ်နိုင်ငံစနစ်နှစ်ရပ်''က ကျွန်တော်တို့နိုင်ငံကို ဉာဏ်ပွင့်လင်းလာအောင် အင်မတန် ကြီးကျယ်ခမ်းနားတဲ့ အစဖော်ပေးခြင်း ဖြစ်ပါတယ် ခင်ဗျာ။ ကျွန်တော်တို့က အဆွေတို့နိုင်ငံရဲ့ အတွေ့အကြုံကောင်းကို ကျွန်တော်တို့ နိုင်ငံဆီ ပြန်လည် သယ်ဆောင်သွားပါ့မယ် ခင်ဗျာ။ ကျွန်တော်တို့ နိုင်ငံတွင်းမှာလည်းပဲ တံခါးဖွင့် ပြုပြင်ပြောင်းလဲရေးတွေကို လုပ်ကိုင်ကြပါမယ် ခင်ဗျာ။ မြန်မာ တရုတ်နှစ်နိုင်ငံမှာ ကီလိုမီတာ (နှစ်ထောင်)ကျော် ရှည်လျားတဲ့ နယ်ခြားမျဉ်းက ရှိနေပါတယ်။ သမိုင်းကြောင်းတစ်လျှောက်မှာ ဆွေမျိုးပေါက်ဖော် တစ်အူထုံဆင်း နက်ရှိုင်းတဲ့ ချစ်ခင်မှုတွေ ရှိခဲ့ကြပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့က တရုတ်ပြည်ရဲ့ အားပေးထောက်ခံမှုနဲ့က ဘယ်လိုမှ ခွဲခြားထားလို့ မရပါဘူးခင်ဗျာ။ ကျွန်တော်တို့က တရုန်းမြန်း (ယူနန်- မြန်မာ) လမ်းမကြီးကို ဖောက်လုပ်ချင်ပါတယ်။ အဲဒီ နှစ်ပေါင်းများစွာ အိပ်မောကျနေတဲ့ လမ်းမကြီးကို အသုံးချပြီး မြန်မာ- တရုတ်ရွှေလမ်း ငွေလမ်းကို အစဉ်အဆက် သမိုင်းလမ်းကြောင်းအတိုင်း ရွှေလမ်းငွေလမ်းကို ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



ဖောက်လုပ်ကြပါစို့ ခင်ဗျာ။ ဒါကလည်းပဲ အကြောင်းရင်းခံ နှစ်ရပ် ရှိနေပါတယ်။ (ပထမအချက်)က (၅၀) (၆၀) ခုနှစ်ခေတ်တွေမှာတုန်းက ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အဆွေတော်တို့ တရုတ်နိုင်ငံက ချေးယူထားတဲ့ အကြွေးက ပြန်ဆပ်ရမယ့် အချိန်ကာလကို ရောက်လာပါပြီ ခင်ဗျာ။ ကျွန်တော်တို့နိုင်ငံအတွက် ကျွန်တော်တို့ဖြင့် ပြန်လည်ပေးဆပ်မှာ ဖြစ်ပါတယ် ခင်ဗျာ။ (ဒုတိယအချက်)က ကျွန်တော်တို့နိုင်ငံနှင့် အဆွေတော်တို့နိုင်ငံက နယ်စပ်ကုန်သွယ်ရေး လုပ်ကိုင်ကြရမှာ ဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေးဆိုတာက ကုန်ပစ္စည်းချင်း ဖလှယ်ရေး ဖြစ်ပါတယ်။ ဒီကုန်ပစ္စည်းတွေရဲ့ စီးဆင်းမှုနှုန်းထားပမာဏက အင်မတန် ကြီးမားလွန်းပါတယ်။ ဒီလုပ်ငန်းရပ်ကြီး ထမြောက်အောင်မြင်ဖို့က တျန်းမြန် (ယူနန် - မြန်မာ)လမ်းမကြီးကို အားထားရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အခု ကြူကုတ်ပြည့်တံခါးဝကနေက ဗကပတို့ သိမ်းပိုက်ထားတာကို ခံနေရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ဘက်က ကြူကုတ်ကို ပြန်လည်သိမ်းပိုက်ဖို့ လိုအပ်နေပါတယ်။ ဒါမှသာ အဲဒီအပြည်ပြည်ဆိုင်ရာ လမ်းမကြီး ပေါ်ပေါက်သွားမှာ ဖြစ်တယ်။ ကျွန်ုပ်တို့မိတ်ဆွေဟောင်းကြီးက ကျွန်တော်တို့ကို အားပေးထောက်ခံပေးပါလို့ အနူးအညွတ် တောင်းခံပါတယ် ခင်ဗျာ။ ကျွန်တော်တို့ရဲ့ ကြူကုတ်နယ်စပ်မြို့ငယ်လေးကို ပြည်လည်သိမ်းပိုက်ရေးမှာ အားပေးကူညီပေးပါ။ ပြည့်တံခါးပွင့်ရေးကို အားပေးကူညီပေးပါ ခင်ဗျာ။ ဒါ့အပြင် ကျွန်တော်တို့ရဲ့ ပြုမူဆောင်ရွက်ချက်တွေကိုပါ နားလည်ခွင့်လွှတ်ပေးပါလို့ အနူးအညွတ် ပြောကြားလိုက်ပါတယ် ခင်ဗျာ''

တရုတ်ဖက်က လီရှဲန်းလျိုင့်အဖြေက ''ဒါက အဆွေတော်တို့ရဲ့ ပြည်တွင်းရေး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိပါခင်ဗျာ''

## (၇-စ) ဗကပဗဟိုကို ဝေဖန်ခြင်း

၁၉၈၅ခုနှစ်၊ ပန်စန်းမှာ ဗကပတို့ရဲ့ တတိယအကြိမ်ပါတီကိုယ်စားလှယ်ညီလာခံ ကျင်းပပါတယ်။ သခင်ဗသိန်းတင်က ညီလာခံမှာမိန့်ခွန်း ပြောပါတယ်။ ''ဆိုရှယ်လစ်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ညီနောင်ပါတီက နိုင်ငံရဲ့စီးပွားရေး



တည်ဆောက်မှုကို ကောင်းမွန်အောင် လုပ်ဖို့အတွက်၊ နောက်ပြီး ကိုယ်ကိုယ်တိုင် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့တော်လှန်ရေးရဲ့အားပေးထောက်ခံမှုတို့ကို လက်လွှတ်လိုက်ပါတယ်။ ကျွန်တော်တို့ ဗကပတို့က အဲဒီနောက်ပိုင်းတွေရဲ့ အောင်မြင်မှုတွေ ရရှိဖို့က နိုင်ငံအာဏာကို ရယူချုပ်ကိုင်ရမှာဖြစ်တယ်။ ကမ္ဘာ့တော်လှန်ရေး အားပေးထောက်ခံမှုတို့ကို အစဉ် ထာဝရမေ့ပျောက်လိုက်လို့ မရနိုင်ပါ။ ဘယ်သူဘယ်ဝါတွေက အဲဒီအချက်ကို မေ့ပျောက်ပစ်လိုက်တာနဲ့ အဲဒီပါတီဟာ တကယ့် စစ်မှန်တဲ့ မာ့က်စ်လီနင်စနစ်နိုင်ငံရေးပါတီ မဟုတ်တော့ပါ''

ဒီတစ်ကြိမ် ညီညာခံမှာ ကောင်းလျန် တက်ရောက်ခဲ့ပါတယ်။ ဥက္ကဋ္ဌက စောင်းပါးရိပ်ခြေဖြင့် တရုတ်ကွန်မြူနစ်ပါတီကို ပြစ်တင်ပြောဆိုလိုက်ပါတယ်။ တရုတ်ပြည်ကို ဥက္ကဋ္ဌ အပြစ်ကျူးလွန်လိုက်မိပြီဆိုတာ သူသိလိုက်ပါတယ်။ ဒါ့အပြင် ထိခိုက်မှုက ဒဏ်ရာအနာတရတောင် ဖြစ်ကျန်ရစ်ခဲ့ပါသေးတယ်။ သူ့စိတ်ထဲကနေ တွေးမိပါတယ်။ ''ဗကပတို့ဟာ နေရောင်ခြည်နဲ့ မိုးနှင်းငွေ့တွေကို ငံ့လင့်နေတဲ့ ပျိုးပင်ငယ်လေးတွေလို ဖြစ်နေပါတယ်။ ဘယ့်နှယ့်လုပ်ပြီး မိုးပြင်းလေပြင်း ဆီးနှင်း အပြင်းအထန် ဒဏ်ရာဒဏ်ချက်တွေကို ခံနိုင်ရည် ရှိချေမလဲ''

ညရောက်လာပါတယ်။ ကောင်းလျန့်အိပ်မပျော်ပါ။ ဖယောင်းတိုင်မီးထွန်းလိုက်တယ်။ တလက်စတည်း ခေါင်းအုံးနံဘေးမှာ ချထားတဲ့ (တိန့်ရှောင်ဖိန်လက်ရွေးစင်ကျမ်း) ကို ကောက်ကိုင်လိုက်တယ်။ ထင်ရှားတဲ့ ခေါင်းစဉ်တစ်ခုက သူ့ကိုဖမ်းစားလိုက်ပါပြီ။ (ညီနောင်ပါတီချင်း ကိုင်တွယ်ဆောင်ရွက်ရာမှာ အလေးထားရမယ့် မူဝါဒတစ်ရပ်)

ဒါက ည ၃၁- ၅- ၁၉၈၀ မှာတုန်းက တိန့်ရှောင်ဖိန်း ပြောသွားခဲ့တဲ့ မိန့်ခွန်းထဲက အပိုဒ်တစ်ပိုဒ်ဖြစ်ပါတယ်။ ''ပါတီတစ်ခုက ပြင်ပညီနောင်ပါတီကို သဘောတရားရေးရာပိုင်းမှာ မှားတယ်၊ မှန်တယ်ဆိုတာကို ဝေဖန်သမှုပြုတဲ့အခါ အမြဲတမ်းလိုလိုပဲ ရှိနှင့်ပြီးသားဖြစ်တဲ့ ပုံသေသီအိုရီကို အခြေခံပြီး ဒါမှမဟုတ်လည်းပဲ ပုံသေအချက်အလက်အတိုင်း ပြုလုပ်လေ့ရှိကြပါတယ်။ ဒါမျိုးကတယ်ပြီး မပေါက်မြောက်ဘူးဆိုတာ လက်တွေ့ဖြစ်ရပ်တွေက သက်သေခံပြသခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံအသီးသီးတို့မှာ အနည်းနှင့်အများ

www.burmeseclassic.com

www.burmeseclassic.com



ကွဲပြားခြားနားမှုတွေ ရှိနေကြပါတယ်။ ပြည်သူလူထုရဲ့ သိမြင်သဘောပေါက်မှုတွေလည်းပဲ အနိမ့်အမြင့် မတူကြပါ။ ပြည်တွင်းရှိ လူတန်းစား အသီးသီးတို့ရဲ့ အနေအထား လူတန်းစား အဆင့်အဆင့် အင်အားနှိုင်းယှဉ်ချက်၊ အချိုးအဆကလည်း မတူညီနိုင်ပါ။ ပုံသေသတ်မှတ်ထားတဲ့ သီအိုရီနဲ့ အတင်းကာရော သွတ်သွင်းလို့က မဖြစ်နိုင်ပါ။ သင် အသုံးပြုလိုက်တဲ့ သီအိုရီက မာ့က်စ်လီနင်ဝါဒပါလို့ပဲ ဆိုဆို၊ မတူတဲ့ နိုင်ငံအသီးသီးတို့ရဲ့ လက်တွေ့ပိုင်းနှင့် လာပြီး ပေါင်းစပ်လိုက်တဲ့အခါ အမှားကျူးလွန်မှုကိုလည်း မလွဲမသွေ လုပ်မိကြမှာပါ'' ''နိုင်ငံအသီးသီး ပါတီတိုင်းရဲ့ ပြည်တွင်းလမ်းညွှန်ချက်တွေမှာက လမ်းကြောင်းမှား၏၊ မှန်၏ဆိုတာကိုက သက်ဆိုင်ရာ ပါတီနှင့် သက်ဆိုင်ရာ နိုင်ငံ ပြည်သူလူထုတို့ကသာ ပိုင်းဖြတ်သင့်ပါတယ်။ အဲဟိုနိုင်ငံရဲ့ အခြေအနေကို နားအလည်ဆုံး ဖြစ်ပါတယ် ဆိုပေမယ့်လည်း တကယ့်လက်တွေ့ပိုင်းကတော့ အဲဒီသက်ဆိုင်တဲ့ နိုင်ငံရဲ့ရဲဘော်တော်ကပဲ အသိရှိဆုံး၊ နားလည်သဘောပေါက်ဆုံး ဖြစ်ပါတယ်။ ဒါပေမယ့် ပါတီတစ်ခုနှင့် သူ့ကို ဦးဆောင်တဲ့ ပြင်ပရေးရာမူဝါဒက အကယ်၍ အခြားသော နိုင်ငံရဲ့ ပြည်တွင်းနိုင်ငံရေးကို ဝင်ရောက်စွက်ဖက်မယ်၊ တစ်ပါးသောနိုင်ငံကို တွန်းလှန်ဖြိုဖျက်မယ်၊ ကျူးကျော်နယ်ချဲ့မယ်ဆိုရင် အဲလိုအခါမှာ ဘယ်လိုပါတီကပဲဖြစ်ဖြစ် သဘောထားအမြင်ကို အားလုံး ထုတ်ပြန်နိုင်ပါတယ်'' ''အချုပ်ကို ပြောရင် နိုင်ငံအသီးသီးရဲ့ အကြောင်းကြီးငယ်ကိစ္စတိုင်းကို နိုင်ငံအသီးသီးတို့ရဲ့ ပါတီအဖွဲ့အစည်းတွေ နိုင်ငံအသီးသီးက ပြည်သူလူထုတွေက ရှိသေလေးစားရမယ်။ သူတို့ကိုယ်တိုင် လမ်းစကို ရှာရပါမယ်။ သွားပြီး စူးစမ်းရှာဖွေသုတေသနပြုလုပ်ရပါမယ်။ ဒီပုံဒီနည်းဖြင့် ပြဿနာကို ဖြေရှင်းရပါမယ်။ အခြားသော ပါတီအဖွဲ့အစည်းက ဝါရင့်ပါတီကြီးသဏ္ဌာန်ဖြင့် ဝင်ရောက်အသုံးတော်ခံခွင့် မရှိပါ။ ကျွန်တော်တို့ကိုယ်၌ကလည်း သူတစ်ပါးကို အမိန့်ပေးစေခိုင်းတာမျိုးကို လုံးဝ မပြုလုပ်နိုင်ပါ။ ကျွန်တော်တို့ကို အမိန့်ပေးစေခိုင်းတာမျိုးကို လုံးဝ ဆန့်ကျင်ပါတယ်။ ဒါက ရှိသင့်ရှိအပ်တဲ့ အလေးထားရမယ့်မှု တစ်ရပ် ဖြစ်ပါတယ်။



## (၈–၈) ဗကပဲထဲမှာ စစ်ပွဲဦးဆောင်နိုင်တဲ့ စစ်ဗိုလ်မရှိဆိုတဲ့ ဝေဖန်ချက်ဂယက်

ပါတီကိုယ်စားလှယ်ညီလာခံ လုံးဝပြီးဆုံးတဲ့နောက်၊ ဥက္ကဋ္ဌ သခင်ဗသိန်းတင်က အရှေ့မြောက်ပိုင်းစစ်ဒေသ နိုင်ငံရေးမှူး ရဲဘော်တင်ရီ၊ ဗဟိုစည်းရုံးရေးဌာန၊ သတင်းတပ်ဖွဲ့မှူး ရဲဘော်ထွန်းတို့ကို ဦးဆောင်ပြီး (၄၈) တပ်မမှာ လာရောက်စစ်ဆေးပြီး လမ်းညွှန်ပါတယ်။ တပ်ရင်းအဆင့်ကေဒါတို့နှင့် ဝိုင်းထိုင်ပြီးဆွေးနွေးကြတယ်။ ဥက္ကဋ္ဌက ပွဲဦးထွက်အဖွင့်စကားကို ပြောလိုက်ပါတယ် ''ကနေ့ ခေါ်ယူကျင်းပတဲ့ ဒီဆွေးနွေးပွဲမှာ ဗဟိုနှင့် စစ်ဒေသကေဒါတို့က နားနှစ်ဖက် သယ်ဆောင်လာပြီး နားစိုက်ထောင်ဖို့သာ ရှိပါတယ်။ အဓိက ပြောကြားမယ့်သူက အောက်ခြေအလွှာဖြစ်တဲ့ တပ်မဟာ၊ တပ်ရင်းအဆင့်ကေဒါတွေဆီက တက်လာကြသူတွေ ဖြစ်ပါတယ်။ ဒီရဲဘော်တွေက စစ်ဒေသနှင့် ဗဟိုကို အဓိကထားပြီး သူတို့ရဲ့ သဘောထားတဲ့ အကြံပြုချက်တွေကို တင်ပြကြမှာ ဖြစ်ပါတယ်''

'ဗဟိုခေါင်းဆောင်ကြီးတို့နှင့် မျက်နှာချင်းဆိုင်ပြီး အမြင်ချင်း ဖလှယ်ကြရမှာ ဖြစ်ပါတယ်။ အားလုံးရဲ့ မျက်နှာပေးတွေက အတော်လေးကိုတင်းမာနေကြပါတယ်။ ဆွေးနွေးပွဲက မိနစ်ပိုင်းလေးလောက် အေးစက်နေပါတယ်။ ရဲဘော်တင်ရီက သူ့စိတ်တွေ လှုပ်ရှားလာတိုင်း လုပ်လေ့လုပ်ထရှိတဲ့ သူ့လက်ချောင်းလေးတွေကို 'ခလောက် ခလောက်' အသံမြည်အောင် မပြတ်တမ်း ချိုးလိမ်နေပါတယ်။ သူက စတင်ပြီး 'ဗိုလ်'ကို ရွေးထုတ်လိုက်ပါတယ်။ ''ရဲဘော်ကောင်းလျှန့်၊ အားလုံးက ရဲဘော်ကို 'အမြောက်ကြီး'လို့ ခေါ်ကြပါတယ်။ ခေါင်းဆောင်ပြီး ဝုန်းဒိုင်းကျဲတတ်လို့ပေါ့ကွာ။ ကဲ··· ရဲဘော်ကောင်းလျှန့်က စပြီး 'ဝုန်း' ကွာ''

ဥက္ကဋ္ဌအစရှိတဲ့သူတွေက သူဘာကိုဆိုလိုမှန်း သဘောမပေါက်ကြပါ။ ကောင်းလျှန့်ရှင်းပြလိုက်တယ် ''ကျွန်တော်ထောက်ပြတဲ့အချက်က ဗဟိုက အလုပ်ကြီးတစ်ခုကို လုပ်ပါပြီတဲ့ ပါတီတစ်ခုလုံး စစ်တပ်တစ်ဖွဲ့လုံး၊ တစ်နိုင်ငံလုံးက ပြည်သူလူထုနဲ့ အတူပြုလုပ်ကြရပါမယ်။ ဒီလိုမှသာ အင်အားရှိမှာ ဖြစ်တယ်။ အားသာတဲ့ တပ်အင်အားကို စုစည်းလိုက်ပြီး ရန်သူကို

www.burmeseclassic.com

www.burmeseclassic.com



အပြုတ်နှံနိုင်မှာ ဖြစ်တယ်။ ဟောဒီတပ်ဖွဲ့က စစ်တိုက်၊ ဟောဟိုတပ်ဖွဲ့က ပြင်ဆင်ဖွဲ့စည်း အနားယူ၊ အလှည့်ကျ စနစ်မလုပ်ပါနဲ့။ ကျွန်တော်တို့တပ်ရဲ့ ကန့်သတ်မှုရှိတဲ့ အင်အားကို ဖြန့်ထားလိုက်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌက ခေါင်းကို တဆတ်ဆတ် ငြိမ့်နေပါတယ်။ သဘောတူ လက်ခံသင့်တဲ့ အဓိပ္ပာယ်ပါ။

ကျမ်းကို့တုန့်ကလည်း ထပ်ရင်းအဆင့်ကေဒါ ဖြစ်ပါတယ်။ ဆွေးနွေးပွဲ အနေအထားတော်တော်ကောင်းနေတာကို သူတွေ့မြင်လိုက်တယ်။ သူမတ်တပ်ထရပ်လိုက်တယ်။ ခေါင်းဆောင်အသီးသီးကို စစ်ခလေ့အတိုင်း အလေးပြုလိုက်တယ်။ “အစီရင်ခံပါတယ်။ ကျွန်တော်စကားတစ်ခွန်းပြောပါ့မယ်”

ကျမ်းကို့တုန်းရဲ့ တရုတ်ဖော့ထုန်းစကားသံကို ကြားလိုက်တဲ့ ဥက္ကဋ္ဌ ချက်ချင်းစိတ်ဝင်စားသွားပါတယ်။ မေးမြန်းလိုက်တယ်။ “ရဲဘော်က ပေကျင်းဇာတိသားလားဟေ့။။ ငါဒီဖော့ထုန်းစကားသံမျိုးကို သိပ်ကြားချင်နေတာကွ။ ရဲဘော်ရဲ့ ဖော့ထုန်းစကားပြောသံက လေယူလေသိမ်းက စံကိုက်ပဲဟေ့”

အစီရင်ခံအပ်ပါတယ် ဥက္ကဋ္ဌကြီး ကျွန်တော်က စင်ကျန်းနယ်သားပါခင်ဗျာ” ဥက္ကဋ္ဌရဲ့ ရွှင်လန်းတဲ့မျက်နှာကို မြင်နေရတဲ့ ကျမ်းကိုးတုန်း၊ ဥက္ကဋ္ဌဆီက အမှန်းတင်သံစကားကိုပါ ကြားနေမြင်နေရတော့ ကိုယ့်ကိုယ်ကို အထိန်းအကွပ်တွေ ကင်းမဲ့သွားပါတယ်။ သူပြောချင်တာကို ရဲရဲဝံ့ဝံ့ ပြောချလိုက်တယ်။ “ ကျွန်တော်ပါတီတွင်းမှာ နိုင်ငံရေးအစီရင်ခံချက်များ ပြောကြဆိုကြမယ်ဆိုရင် သုံးရက်သုံးညနဲ့တောင် ပြောမဆုံးတဲ့ ခေါင်းဆောင်ကြီးတွေ အများကြီး အများကြီး ရှိပါတယ်။ အဲ… ဒါပေမယ့် စစ်မက်ရေးရာအပိုင်းမှာ အရည်အချင်းရှိတဲ့ ကွပ်ကဲရေးမှူးက ရှားမှ သိပ်ကို ရှားပါးတယ်။ ပိုပြီး ရှာမတွေ့နိုင်တာကတော့ စစ်ပွဲကို ဦးဆောင်ကွပ်ကဲနိုင်မယ့် စစ်ဗိုလ်ဆိုတာ တစ်ယောက်မှ မရှိဘူးဗျ”

ဥက္ကဋ္ဌရဲ့မျက်နှာ မဲကနဲ၊ ရဲကနဲ ဖြစ်သွားပါတယ်။ မျက်ခုံးမွေးဖြူဖြူထက်မှာ ဆီးနှင်းဖြူတွေက ဖက်တွယ်ချိတ်ဆွဲထားသလိုပါပဲ။ သူက ကျမ်းကို့တုန်း အရှိန်ရရ ပြောနေတဲ့စကားကို ဒုန်းကနဲ ရပ်မိုင်းလိုက်တယ်။ “ဘယ်သူက ဘော်ရှီဗစ်တွေကို ဦးဆောင်ပြီး ၉ ဘုရင်ရဲ့ အာဏာကို လုယူ



ခဲ့တာလဲဗျ” မေးခွန်းထုတ်ပေးရင်းကနေ ထရော်စကီက လီနင်ကို တစ်မိနစ်ကျော်ကျော်စူးစိုက်ကြည့်စိုက်ပါတယ်။ ထရော်စကီက သူထုတ်တဲ့မေးခွန်းကို သူကပဲ အဖြေပြန်ထုတ်လိုက်ပါတယ်။ “ကျုပ်မတွေ့ရှိသေးဘူးဗျ” ဒီအခါမှာ လီနင်ကချေပစကား ပြန်ပြောလိုက်ပါတယ် “ရှိတယ် ရှိကို ရှိနိုင်တယ်” ထရောစကီ အတင်းပဲ လိုက်မေးပြန်တယ် “ဘယ်သူလဲ” လီနင်က “သူက ငါတို့ပါတီအတွင်းမှာ ရှိနေပါတယ်” ကဲ… ဒါကလီနင်ရဲ့ ထရော်စကီခေတ်တုန်းက အကြောင်းပေါ့ကွာ။ အခု မင်းက ငါ့ကို ဒီလိုမေးခွန်းမျိုး မေးခွန်းထုတ်မေးလိုက်တယ်။ ဗကပပါတီထဲမှာ စစ်ပွဲကြီးကို ကွပ်ကဲတိုက်ခိုက်တဲ့ စစ်မက်ရေးရာ အစွမ်းအစရှိတဲ့သူ ရှိသလားတဲ့။ ငါ မင်းကို ပြန်ဖြေလိုက်မယ်။ ရှိတယ်။ ငါတို့ဗမာပြည်ကွန်မြူနစ်ပါတီထဲမှာ ရှိကို ရှိနေပါတယ်။ ကဲကွာ၊ ဒါပဲ”

ကျမ်းကို့တုန်းမျက်နှာ ဖြူဆွတ်သွားတယ်။ ချွေးစေးတွေပါ ရွှဲစိုနေပါတယ်။ သူစောဒကတက် ရှင်းပြလိုက်တယ် “ကျွန်တော့ စကားကအဲဒီအဓိပ္ပာယ် မဟုတ်ဘူးခင်ဗျ။ ကျွန်တော့ စစ်ရေးကေဒါတွေမှာက၊ ဗဟိုကထူးချွန်တဲ့ လူလတ်ပိုင်းတွေ၊ လူငယ်ပိုင်းစစ်ရေးကေဒါတွေကို ဗဟိုကမြှောက်စားပင့်တင်ပေးပြီး စတင်အသုံးပြုဖို့ပါခင်ဗျာ။ သူတို့တွေက အဆင့်မြင့်တဲ့ ကွပ်ကဲရေးစခန်းထဲဝင်လာကြမယ်ဆိုရင် တရုတ်ပြည်ကခေါင်းဆောင်အရိုက်အရာကို ‘လူအို၊ လူလတ်၊ လူငယ်သုံးရပ်ပေါင်းစည်း’ ကြရပါမယ်ခင်ဗျာ”

ကျမ်းကို့တုန်းက ဥက္ကဋ္ဌသခင်ဗသိန်းတင် ဒေါသထအောင် ဆွပေးလိုက်တယ်။ အထက်တန်းလွှာ ခေါင်းဆောင်တွေကို ငြင်းဆန်ခြင်းနှင့်ထိုးနှက်တိုက်ခိုက်ခြင်းလိုမျိုး ဖြစ်သွားပါတယ်။ ဒီတော့ သူ့ရဲ့နိုင်ငံရေးအသက်က အဲဒီအချိန်အခါက အစပြုပြီး ဇီဝိန်ချုပ်ငြိမ်းသွားရှာပါတယ်။

□

www.burmeseclassic.com

www.burmeseclassic.com

# (ဆ) ကိုးကန့်တပ်ဖွဲ့ပုန်ကန်ခြင်း

## (၁–ဆ) (၃–၁၁) အရေးအခင်း

၇-၁၁-၁၉၃၇ မော်စကို ညတစ်ည။ "အက်ဖ်လော့" ပင်လယ်ကူး သင်္ဘောရဲ့ အမြောက်ပစ်သံကြီးနှင့် 'စမော့နီနန်းတော် (ဆောင်းဦးနန်းတော်)' တို့ရဲ့ အားရဝမ်းသားဟစ်ကြွေးသံ၊ ကမ္ဘာလောကကြီးမှာ ပထမဆုံးသော ကွန်မြူနစ်ပါတီ အာဏာစိုးမိုးတဲ့ နိုင်ငံတော်ကြီး၊ ပေါ်ထွန်းလာချေပြီဆိုတဲ့ လီနင်ရဲ့ ကြေညာသံတို့က ဟိန်းထတုန်လှုပ်သွားပါတယ်။

၁၅-၁၁-၁၉၉၁။ မြူတွေဖုံးအုပ်တဲ့ ညဉ့်ကာလရဲ့ တိတ်ဆိတ်ငြိမ်သက်မှု၊ ဆိုဗီယက် သရုပ်သကန်ကို အပြည့်အဝ ဖော်ညွှန်းတဲ့ တူတံဇင်တို့ ငိုက်စိုက်ကျလာတဲ့ နိုင်ငံတော်အလံက ဆောင်းနှင်းလေနှင့် တွဲဖက်ပြီး ကရင်မလင် နန်းတော်ထိပ်ဆီ တရွေ့ရွေ့ချင်းဆင်းသက်လာပါတယ်။ ဆိုရှယ်လစ်စနစ် ဆိုဗီယက်ကြီးသည် ထိုသောအချိန်က အစပြုပြီး ကမ္ဘာ့မြေပုံကားချပ်ပေါ်ကနေ ပျောက်ကွယ်သွားလေပြီ။

အမှန်တကယ်မှာက ဒီမတိုင်ခင်ကတည်းက ပေါ်ပေါက်ခဲ့ပြီးတဲ့ 'အရှေ့ဥရောပအပြောင်းအလဲဓာတ်ထုပ်' နှင့် တရုတ်ပြည်ရဲ့ 'ခြောက်လေး' လှိုင်းထန်ပိုးကြီး ပေါ်ပေါက်ခဲ့ပြီး ဖြစ်ပါတယ်။ ထပ်ဆင့်ပြီး ယခင်ကာလတွေဆီ ပြန်ကာ ကြည့်ကြပါစို့။ ခုလိုဆန်းသစ်တဲ့ခေတ်မှာ လူတိုင်းသိကြတဲ့ ဗကပရဲ့ "၃- ၁၁" အရေးအခင်း အပြောင်းအလဲကြီးက ၁၉၈၉ ခုနှစ်မှာ အထင်အရှား ပေါ်ပေါက်ခဲ့ပါတယ်။



နှစ်ဆယ်ရာစု၊ ကမ္ဘာပေါ်မှာ ကွန်မြူနစ်ပါတီ၊ ဒါမှမဟုတ် အလုပ်သမားပါတီ အဖွဲ့အစည်းပေါင်း (၂၇၀) ကျော် ပေါ်ထွန်းခဲ့ပါတယ်။ ဒီအထဲမှာ (၁၁၃) ပါတီက၊ နိုင်ငံ့အုပ်ချုပ်ရေး ယန္တယားကို ဆုပ်ကိုင်ထားပါတယ်။ အာဏာရပါတီအဖြစ် တည်ရှိပါတယ်။ ဒါ့အပြင် ဆိုဗီယက်တို့ ဦးဆောင်တဲ့ ဆိုရှယ်လစ်မိသားစု တပ်ဖွဲ့ကြီးအဖြစ် စုစည်းလိုက်ပါတယ်။ အမေရိကန် ဦးဆောင်တဲ့ အရင်းရှင်စနစ်နိုင်ငံများနှင့် အင်အားချင်း ယှဉ်ပြိုင်ကြရတယ်။ အာဏာမဲ့ပါတီ (၂၆၀) ကျော် နိုင်ငံတွေထဲမှာ မြန်မာပြည် ကွန်မြူနစ်ပါတီ အင်အားက အတောင့်တင်းဆုံးဖြစ်ပါတယ်။ အခြေစိုက်ဒေသ (၇) ဒေသ၊ လူဦးရေ (၇၅၀၀၀) အင်အားရှိတဲ့ လက်နက်ကိုင်တပ်ဖွဲ့ကြီးက ရှိနေပြန်ပါသေးတယ်။ ဒီလိုတည်ရှိတဲ့ ရာစုဝက်မှာ ဗကပတို့ ကိန်းကြီးခန်းကြီး ရှိခဲ့ပါတယ်။ မြန်မာအစိုးရနှင့် နယ်ချဲ့အရင်းရှင်နိုင်ငံတို့ ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြပါတယ်။ ဒီလိုနဲ့ပဲ မြန်မာ့တော်လှန်ရေးက နိုင်ငံအဝှမ်း အုပ်ချုပ်ရေးအာဏာ ရယူစိုးမိုးနိုင်တဲ့ အကျိုးရလဒ်အရှိဆုံး အချိန်အခါသမယမှာ ဒါ့လောက် ခိုင်ခိုင်မာမာ ခပ်တင်းတင်း ချည်နှောင်ထားတဲ့ ကြိမ်နွယ်ကြိုးက ရုတ်တရက် 'ထောင်း' ခနဲ ပြတ်ထွက်သွားပါတယ်။ အဲဒီ ဗကပမျှော်စင်ကြီးက ပြင်ပအင်အားတို့ကြောင့် ပြိုကျပျက်စီးရခြင်း မဟုတ်ပါ။ အိမ်ကြက်ချင်း အိုးမဲသုတ်ခွပ်ကြရာက ပျက်စီးဆုံးရှုံးရခြင်းသား ဖြစ်ပါတယ်။ ဒါ့ကြောင့် ဆိုရိုးစကားတစ်ရပ်လို ဖြစ်ပေါ်လာပါတယ်။ တကယ့်ကိုပဲ "ငှင်းဖွံ့ဖြိုးခြင်းက အံ့ကြွမှုသဖွယ် ဖြစ်၏။ ငှင်းပျက်ယွင်းခြင်းကလည်း ရုတ်ချည်းပင် ဖြစ်ချေ၏"

ကွန်မြူနစ်ပါတီ အင်တာနေရှင်နယ်ကြီးက၊ ဒီလိုမျိုး ချည့်နဲ့ရာကနေ၊ ခိုင်မာတောင့်တင်းလာပြီး၊ တဖန် ပြိုကွဲပျက်သုဉ်းခြင်းဆိုတဲ့ သဘောတရားကို လီနင်ရဲ့ စကားတစ်ခွန်းကနေ တွေးတောသင့်ပါတယ် "သံကြိုးကွင်းဆက်တို့ မည်သည်မှာ ငှင်း၏ အားနည်းရာ နေရာမှ ပြတ်တောက်၏"

၁- ၁- ၁၉၈၇။ ဗကပတို့ မြစ်အနောက်ဘက်ကမ်းက စပါးကျီဖြစ်တဲ့ မုန်းပေါ်ကို လက်လွှတ်လိုက်ရပါတယ်။ (၄) ရက်နေ့မှာ ဗကပတို့ အခြေခံဒေသရဲ့ 'ပထမတန်းစား' ဖြစ်တဲ့ ကြူကုတ် ဆုံးရှုံးသွားရပြန်တယ်။ ဒါ့အပြင်

www.burmeseclassic.com

www.burmeseclassic.com



မုန်းကိုးနှင့် ကိုးကန့်တို့ကလည်း ခြိမ်းခြောက်ခံရတဲ့ အဆင့်ကို ရောက်နေပါတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်က ဗကပတို့ရဲ့ မီးတောက်မီးလျှံကြီး ရဲရဲတောက် လောင်ကျွမ်းနေစဉ်တုန်းက ကျားရဲကြီး တောင်ထိပ်က ရုတ်တရက် ဆင်းချလာပါပြီ။ ဒီနယ်စပ်မြို့လေးနှစ်ခုကို သိမ်းပိုက်လိုက်ခြင်းက ကမ္ဘာကို တောင်ကိုင်လှုပ်လိုက်ပါတယ်။ ဆယ်နှစ်တာ ကုန်လွန်ပြီးတဲ့နောက် အံ့ဖွယ်ဘာနန်း သိမ်းပိုက်နိုင်ခဲ့တဲ့ ရေမြေတောတောင်ကို လွယ်လင့်တကူပဲ ပြန်ပါသွားရပါတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်တာကာလက ဗကပက ကျားရဲ့ကြီးအသွင် သရုပ်ဆောင်ပါတယ်။ မြန်မာအစိုးရ စစ်တပ်က သိုးငယ်လေးလို ကပြအသုံးတော်ခံခဲ့ပါတယ်။ ဆယ်နှစ်နောက်ပိုင်းရဲ့ သရုပ်ဆောင်ပြကွက်ပြကွက်တို့က ကပြောင်းကပြန်တွေ ဖြစ်ကုန်ပါတယ်။ ဒါက တကယ့်ကို ပြောင်မြောက်လွန်းတဲ့ သမိုင်းတွင်ရစ်လောက်တဲ့ လှောင်ပြောင်မှုကြီးလို ဖြစ်နေပါတယ်။

ကိုးကန့်ဆိုတာက၊ ဗကပတို့ ခုတ်ထွင်ရှင်းလင်းပြီး အခြေခံဒေသတည်ဆောက်မှု အစောဆုံးခရိုင် ဖြစ်ပါတယ်။ 'စံပြခရိုင်' ရယ်လို့ တွင်ကျယ်ခဲ့ပါတယ်။ ရန်သူ့ရှေ့တန်းအစပ်က ကိုးကန့်ကနေ ခြေလျင်ခရီး နှစ်ရက်တာမျှသာ ကွာဝေးပါတယ်။ ၁၉၈၇ ခုနှစ် ဇွန်လ၊ ကိုးကန့်ကို ထိန်းသိမ်းစောင့်ကြပ်တဲ့ ဗကပကေဒါ ဖုန်ကျားရှင် (တပ်မ ၄၈ စစ်ဦးစီးမှူး) လီကျုန်းရှန် (တပ်မဟာ ၆၈၃ နိုင်ငံရေးမှူး)တို့က ကိုးကန့် စစ်ဖက်ရေးရာ ယာယီကွပ်ကဲရေးအဖွဲ့ကို ဖွဲ့စည်းလိုက်ပါတယ်။ ဖုန်ကျားဖုက ကွပ်ကဲရေးမှူး (ကိုယ်စား)၊ လီကျုန်းရှန်က ဒုကွပ်ကဲရေးမှူး (ကိုယ်စား)။ ကိုးကန့်ခရိုင် အတွင်းရေးမှူးက ဟွမ်းဝန်လန်၊ (စွတ်ချွန်းတပ်သားဟောင်းဇနီး)က ဒု ကွပ်ကဲရေးမှူးချုပ် (ကိုယ်စား) ရရန်မောက်လျန်က စစ်ဦးစီးမှူး (ကိုယ်စား) အသီးသီးတာဝန်ယူထားကြပါတယ်။ သူတို့တစ်ဖက်က ဗဟိုဆီကို သတင်းပို့ တဖက်က ကြေညာချက် ထုတ်ပြန်ပါတယ်။ ပြင်ပနေရာတွေဆီ ရောက်ရှိနေတဲ့ ကိုးကန့်တွေကို ရောက်ရာအရပ်ကနေ အမြန်ဆုံး ပြန်လာကြပြီး "ကိုးကန့်တို့ ကိုယ့်ကိုကိုယ်ကို ကာကွယ်ရေး အရေးပေါ်ညီလာခံ" တက်ရောက်ဖို့ ကြေညာချက် ထုတ်ပြန်ပါတယ်။

၁၉၈၇ခုနှစ်၊ စက်တင်ဘာလ (၂) ရက်နေ့ကနေ (၁၁) ရက်နေ့ထိ



ဖုန်ကျားရှင် ခြံဝန်းကြီးထဲမှာ "ကိုးကန့် ကိုယ့်ကိုယ်ကိုကာကွယ်ရေး အရေးပေါ်ညီလာခံကြီး" ကျင်းပပါတယ်။ ပါဝင်တက်ရောက်ကြတဲ့ ကိုယ်စားလှယ်တွေကတော့ ဖုန်ကျားဖု၊ လီကျုန်းရှန်၊ ရန်မောက်လျံ၊ ရန်ကျုန်းစေ့၊ လို့ကို့ရှိး (မြောက်ပိုင်းဌာန ဘဏ္ဍာရေးဒုဝန်ကြီး)၊ ရန်မောက်အန်း (ဗဟိုပြင်ပကူသန်းရောင်းဝယ်ရေး ဌာနမှူး)၊ ကျမ်းတက်ရန် (အရှေ့မြောက်စစ်ဒေသ၅-၁အဖွဲ့ အဖွဲ့မှူး)နှင့် ဖုန်ကျားရှင်ရဲ့ သားကြီးဖုန်တက်ရင်၊ စုစုပေါင်း (၈) ဦး ဖြစ်ပါတယ်။ ညီလာခံကြီးရဲ့ အဓိကလမ်းညွှန်ချက် အတွေးအခေါ်က "လက်ရှိ ဗကပတို့ရဲ့ အနေအထားက၊ ယဲ့ယဲ့လေးသာ ကျန်ပါတော့တယ်။ စစ်မဖြစ်ခင် လေးမြှား ပြင်ထားရမယ်ဆိုလို့ အဆင်သင့် ပြင်ဆင်ထားကြရမယ်။ အမြန်ဆုံး စည်းရုံးတည်ဆောက်ဖို့ လိုအပ်နေပါတယ်။ တကယ်လို့ ဗကပ ပြိုလဲတာနဲ့ ဝင်ရောက်အစားထိုးနိုင်ရပါမယ်။ ဗဟိုချက်မခေါင်းစဉ်က (တစ်) မျက်မှောက်ပြည်တွင်းပြည်ပ အနေအထား ရှင်းလင်းပြတ်သားနေရမယ်။ (နှစ်) ဗကပဗဟိုရဲ့ မှားယွင်းမှုလမ်းစဉ်ကို ထင်ရှားပြတ်သားအောင် လေ့လာဆွေးနွေးရမယ်။ (၃) ကိုးကန့်ခရိုင်က ကိုယ့်ကိုယ်ကိုယ် ကာကွယ်တဲ့ အကြံပြုချက်ကို ဆွေးနွေးချမှတ်ပြီး ကိုးကန့်တို့ရဲ့ ထွက်ပေါက်လမ်းကို ရှာကြံရပါမယ်။

ညီလာခံကနေ အထက်ပါ ခေါင်းစဉ်ကို အားလုံး သဘောတူညီဖို့ဖြစ်တယ်။ ညီလာခံကနေ ဟညီတညွတ်တည်း ဖုန်းကျားရှင်ကို အမြင့်ဆုံး စစ်ရေးခေါင်းဆောင်အဖြစ် တင်မြှောက်လိုက်ကြပါတယ်။ ကိုးကန့်စစ်ရေးကွပ်ကဲရေးဌာနရဲ့ ယာယီကွပ်ကဲရေးမှူးအဖြစ် တင်မြှောက်လိုက်ပါတယ်။

ဖုန်ကျားရှင်နှင့် ဗကပတို့ နိုင်ငံရေးအမြင် မတူကြတာကြောင့် ဗကပတို့ရဲ့ ပထုတ်တာကို ခံရပြီး တိမ်မြုပ်သွားတာ နှစ်အတန် ကြာသွားပါတယ်။ သူက ရောဂါဝေဒနာ အကြောင်းပြပြီး သူ့ရွာဆီ ပြန်သွားပါတယ်။ သုံးပြည်ထောင်ထဲက "လျူပေ့ရဲ့ ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းအတွက် ဆင်လိုက်ပါတယ်။ ဟိုတောင်ရွာမှာ မယားအငယ်အနှောင်းတွေနဲ့ ပျော်ပါးပြီး ဇာတ်မြုပ်နေလိုက်တယ်။ ဒါ့ကြောင့် ညီလာခံက လီကျုန်းရှန်၊ ရန်မောက်အန်းနှင့် လို့ကို့ရှိးတို့ကို ပူးတွဲအမည် ဖော်ပြထားပြီး ဖုန်ကျားရှင် ပုန်းခိုရှောင်

www.burmeseclassic.com

www.burmeseclassic.com



တန်းထဲနေ ထွက်လာဖို့ ဖိတ်ခေါ်လိုက်ပါတယ်။ ကျန်တခြားလူတွေရဲ့ လုပ်ငန်းခွဲဝေမှုက လီကျုန်းရှန်၊ ရန်မောက်အန်းတို့က ဗဟိုအရံကော်မတီဝင် မြောက်ပိုင်း၀ ခရိုင်မှူး ကျောက်ညီကိုင် ပုန်ကန်မှု ဖြစ်ပေါ်လာပါတယ်။

လှူကိုရှီးက မြစ်မြောက်ဖက်ကမ်းဆီ ပြန်သွားမယ်။ မြောက်ပိုင်းဌာနလက်အောက်ခံတပ်ဖွဲ့နှင့် ကွတ်ခိုင်ခရိုင်၊ နယ်မြေခံကေဒါလုပ်ငန်းတို့က တတ်နိုင်သလောက် မြန်မြန်ဆန်ဆန်နဲ့ မြောက်ပိုင်းဌာနက ဂိုဒေါင်မှာ လှောင်ထားတဲ့ မုန်းကိုးက လက်နက်ခဲယမ်းမီးကျောက်တို့ကို ယူနိုင်သမျှယူပြီး ကိုးကန့်ဆီ သယ်ဆောင်ရပါမယ်။ ရန်ကျုန်းဝေ၊ ချဲန်တက်ဝန်တို့က ဝပြည်နယ် ဗဟိုအခြေစိုက်စခန်းဆီ ပြန်သွားကြရပါမယ်။ ပန်ဆန်းမှာ လုပ်ငန်းခင်းကျင်းရပါမယ်။

ဒီကိုးကန့်တိုင်းရင်းသား ရှေ့ပြေးကင်းကလူတွေ၊ ညီလာခံစတင်စကို အားမလိုအားမရ ခေါင်းငိုက်စိုက်ချနေကြတဲ့သူတွေ ဖြစ်တယ်။ တလိုက်လှိုက် ယူကြုံးမရ ဆွေးမြေ့နေကြပါတယ်။ သက်ပြင်းရှည်၊ သက်ပြင်းတိုတသွင်သွင် ချကြတဲ့သူတွေ ဖြစ်ပါတယ်။ ကြက်နာကျသလို လည်လိမ်နေကြပါတယ်။ ဆယ်ရက်ကြာ ညီလာခံကြီး ပြီးဆုံးသွားတာနဲ့ ချက်ချင်းပဲ အားမာန်တက်ကြွတဲ့ တိုက်ကြက်ဖကြီးလို ဆားချန်ဆီ သုတ်ခြေနှင်သွားကြပါတယ်။

၁၉၈၈ ခုနှစ်၊ မိုးရာသီ။ မြန်မာနိုင်ငံ ကျောင်းသားအရေးတော်ပုံကြီး ခြိမ့်ခြိမ့်သဲသဲနဲ့ပါ။ လမ်းမတွေပေါ်မှာ သပိတ်လှည့်လည်ပွဲကြီး မပြတ်တမ်းပေါ်ထွန်းလာပါတယ်။ (၂၆)နှစ်ကြာ မတရားစိုးမိုးတဲ့ နေဝင်းအစိုးရကို ဆင်းခိုင်းလိုက်တယ်။ အဲဒီလောက် အုတ်အော်သောင်းတင်းဖြစ်နေတဲ့ အခြေအနေကောင်းအောက်မှာ ဗကပဗဟိုရဲ့ တုန့်ပြန်ချက်က နှေးကွေးလွန်းလှပါတယ်။ လှုပ်ရှားချက်တွေကပါ အားမပါလှပါ။ ဒီလိုအချိန်မှာ ကိုးကန့်ယာယီစစ်ရေးကွပ်ကဲရေးတပ်ဖွဲ့က ဒီအချိန်မှာ ဗဟိုက အခွင့်ကောင်းယူပြီး လက်နက်အားနဲ့ အင်အားအကုန်အစင် ထုတ်သုံးပြီး တိုက်ခိုက်ခိုင်းပါတယ်။ လက်တွေ့လုပ်ဆောင်ချက်တို့ဖြင့် ကျောင်းသားအရေးတော်ပုံကြီးကို ဝိုင်းအုံကူညီပေးရမှာဖြစ်ပါတယ်။ နိုင်ငံရေးအကျိုးသက်ရောက်မှုကို ချဲ့ထွင်ရမှာဖြစ်တယ်။ အခွင့်အခါ ကြုံခိုက်မှာ နိုင်ငံရေးအာဏာကို အရယူရပါမယ်။



ဒါ့အပြင် ကြွေးကြော်စာကိုပါ ထုတ်ပြန်ရပါတယ်။ တကယ့်တကယ်မှာတော့ ဗကပဗဟိုက သူတို့ရဲ့ အကြံပြုတိုက်တွန်းချက်ကို ပူးပေါင်းဆောင်ရွက်ခြင်း မပြုလုပ်တဲ့အပြင် အထူးသံတမန်ဦးရဲဒင် (ဗဟိုကော်မတီဝင်)နှင့် ရူးခန်းချဲန် (ဗဟိုနောက်တန်း ထောက်ပို့ဒုဝန်ကြီး)တို့ကို ၁၉၈၉ ဇန်နဝါရီလမှာ ကိုးကန့်ဆီစေလွှတ်ပြီး စူးစမ်းထောက်လှမ်းပါတယ်။ ဒီအချင်းအရာရဲ့ နိုင်ငံရေးနောက်ခံကို လေ့လာစုံစမ်းပါတယ်။

ဒီဆောင်ရွက်ချက်က ကိုးကန့်သားနှင့် ဗကပတို့ရဲ့ ပဋိပက္ခကို ပိုပြီး ကြီးထွားလာစေပါတယ်။

၁၉၈၉ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့ကနေ မတ်လ (၁၀)ရက်အထိ ဗကပဗဟိုနိုင်ငံရေးဌာနက ပန်ဆန်းမှာ နိုင်ငံရေးဌာနပိုင်းဆိုင်ရာအစည်းအဝေးကို ခေါ်ယူဆွေးနွေးပါတယ်။ ဒါဟာ မှတ်တမ်းတင်လောက်တဲ့ ကမ္ဘာမှာ ရှာမှရှားတဲ့ မာရသွန်အစည်းအဝေးပွဲကြီး ဖြစ်ပါတယ်။ အစည်းအဝေးမှာ ငြင်းခုန်မှုတွေ ပြင်းထန်လာပါတယ်။ အများသဘောတူညီချက်ချဖို့ရန် အကျပ်တွေ့နေပါတယ်။ ဒါနဲ့ပဲ အစည်းဝေး ရပ်နားထားမှုတွေကို မပြတ်လုပ်နေရပါတယ်။ အကြိမ်ကြိမ်အဖန်ဖန် ထပ်မံညှိနှိုင်းရမယ်ချည်းသာ အကြောင်းပြနေကြပါတယ်။ တကယ့် အရေးအကြီးဆုံးအချက်ဖြစ်တဲ့အချက်က အစည်းဝေး ကျင်းပစဉ် ကာလအတွင်း သခင်ဗသိန်းတင်က အထူးသတင်းတပ်ဖွဲ့မှူး ဗိုလ်ကြင်မောင်ကို ခေါ်ယူတွေ့ဆုံပါတယ်။ ဖုန်ကျားရှင်ရဲ့ အနေအထားနှင့် လှုပ်ရှားမှုအသစ်ရဲ့ ဦးတည်ချက်ကို အထူးတလည် စုံစမ်းခိုင်းလိုက်ပါတယ်။ ဗိုလ်ကြင်မောင်ရဲ့ အစီရင်ခံချက်က "ကိုးကန့်က မနေးအမြန်ပြဿနာ ပေါ်တော့မှာဖြစ်တယ်။ အခုအနေအထားက ကြက်ဥထဲမှာ ကြက်သားပေါက် အကောင်လေး ဖြစ်တည်နေပြီဖြစ်တယ်၊ အမွေးအတောင်မစုံသေးခြင်းသာ ဖြစ်ပါတယ်။" ဒီလိုနဲ့ သခင်ဗသိန်းတင်က ဆုံးဖြတ်လိုက်ပါတယ်။ အစည်းဝေးရဲ့ နောက်ဆုံးနေ့မှာ "အစည်းဝေးကောက်နုတ်ချက်" ချလိုက်ပါတယ်။ အဓိကအချက်က လာမယ့်နှစ်ဝက်မှာ "ပါတီသန့်စင်ရေး" လုပ်မှာဖြစ်တယ်။ ပါတီတွင်း တပ်တွင်းမှာ သဘောထားမတူသူများကို ရှင်းလင်းပစ်မယ်။

ဒီလိုမျိုး ရှုပ်ထွေးပွေလီပြီး ဘေးအန္တရာယ်များနေချိန်မှာ တကာလ

www.burmeseclassic.com

www.burmeseclassic.com



ဟာလသတင်းတို့က ပလူပျံနေပါတယ်။ တစ်နေ့တခြား ချောက်ချားနေတဲ့ အခြေအနေအောက်မှာ အချိန်အခါကို စောင့်ကြပ်နေတဲ့ စိဝိုးရွာက ဖုန်ကျားရှင်၊ သူ့ခြံဝင်းထဲမှာ နေမထိထိုင်မသာ ဖြစ်နေပါတယ်။ "အရေးတကြီး လျှို့ဝှက်ချောစာ ပို့လိုက်ပါတယ်၊ ကိုးကန့်သားတို့ကို စိဝိုးဆီ အမြန်လာရောက်ဖို့ နှိုးဆော်လိုက်ပါတယ်"

အခြေအနေက အမျိုးသားရေး ပဋိပက္ခကနေ လူတန်းစားပဋိပက္ခထက် ကြီးထွားလာတာကို တွေ့မြင်နေရပါတယ်။ ကိုးကန့်သားတို့ တစ်ချက်ကလေး တပ်လှန့်လိုက်ရုံနဲ့ တဖွဲဖွဲ တသဲသဲ လိုက်ပါလာကြပါတယ်။

၆-၃-၁၉၈၉ ဖုန်ကျားရှင်နေအိမ်မှာ "ကိုးဦးဆွေးနွေးပွဲ" ကျင်းပလိုက်တယ်။ စည်းဝေးဆုံးဖြတ်ချက်က- "မတ်လ (၁၆)ရက်" နေ့မှာ ပုန်ကန် ကြမယ်။ "မြန်မာနိုင်ငံအမျိုးသားဒီမိုကရက် မဟာမိတ်ပါတီ" နှင့် "မြန်မာနိုင်ငံ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော်" တို့ကို တည်ထောင်လိုက်တယ်။ ဖုန်ကျားရှင်က ဥက္ကဋ္ဌနှင့် စစ်သေနာပတိအဖြစ် ထမ်းဆောင်ပါတယ်။

မတ်လ (၉) ရက်နေ့၊ တပ်ခွဲတစ်ခွဲက မြစ်အနောက်ဖက်ကမ်း အမှတ် (၁) တပ်မဟာဒေသမှာ အခြေချတပ်စွဲထားဖို့ ဖုန်ကျားရှင် အမိန့်ပေးလိုက်ပါတယ်။ လုပ်ရမယ့်တာဝန်က အရင်ဆုံး အင်အားချည့်နဲ့ပြီး အားရမယ့် တပ်မဟာ (၁) ကို ဝင်စီးရမယ်။ ထပ်တစ်ဆင့်က တပ်မဟာ (၂) ကို ရအောင် သိမ်းသွင်းရမယ်။ သိမ်းသွင်းမရရင် တွန်းလှန်ပစ်မယ်။ တစ်ဖန်မြောက်ဖက် စခန်းဌာနတွေဆီ ဆက်တက်မယ်။ မုန်းကိုးကို သိမ်းပိုက်ခိုင်းလိုက်ပါတယ်။

နောက်တစ်နေ့ ဖုန်ကျားရှင် အရေးတကြီး သတင်းရရှိလိုက်တယ်။ ပန်ဆန်းက တပ်အလုံးအရင်းနဲ့ ထွက်လာဖို့ ပြင်ဆင်နေပါတယ်။ အင်အားသုံးပြီး ကိုးကန့်ပြဿနာကို ဖြေရှင်းပါတော့မယ်။

ပန်ဆန်းနှင့် ကိုးကန့်က ကီလိုမီတာ (၃၀၀)သာ ကွာဝေးပါတယ်။ ကိုးကန့်စစ်ရေးကွပ်ကဲရေးဌာန တပ်ဖွဲ့ဝင်တွေကို ဖုန်ကျားရှင် ခေါ်ယူပြီး ချက်ချင်း ဆွေးနွေးတိုင်ပင်ပါတယ်။ အရေးပေါ် အစည်းဝေး ကျင်းပလိုက်ပါတယ်။ အစည်းဝေး ဆုံးဖြတ်ချက်က "အကြောင်းကိစ္စတို့က တုန့်နှေးမနေပါ၊ အရင် လက်ဦးမှု ယူရမယ်၊ ပုန်ကန်မှု နေ့ရက်ကို (၁၁) ရက်နေ့ (၁၁း၀၀) နာရီ (ပီကင်းစံတော်ချိန်) တိတိမှာ စမယ်"



(၁၁) ရက်နေ့ (၉) နာရီ၊ ဖုန်ကျားရှင် ခေါင်းဆောင်သော သူတို့အဖွဲ့က ပေကျင်းသို့ ဂျစ်ကားခြောက်စီးဖြင့် ရောက်လာကြပါတယ်။ လွတ်မြောက်ရေးတပ်တံဆိပ်တပ် လော်လီကားနှစ်စီးက ရာချီတဲ့တပ်မှူး၊ တပ်သားတွေကို တင်ဆောင်ပြီး အပြေး မောင်းနှင်လာပါတယ်။ ဝင့်ဝင့်ကြွားကြွားနဲ့ပဲ ခရိုင်ကော်မတီ ကွင်းပြင်ဆီကို မောင်းနှင်သွားကြပါတယ်။

မူလ ကိုးကန့်ခရိုင် ဒုခရိုင်မှူးစိုကျဲန့်ဝူက ခရိုင်ကော်မတီရုံး အဖွဲ့ဝင်လူသူအယောက် (၂၀၀) ကျော်က ကွင်းပြင်ဝင်ပေါက်အဝကနေ တန်းစီစောင့်ကြိုနေကြပြီ ဖြစ်တယ်။ နှစ်ဖက်လူတန်းရှည်ကြီးက ဖုန်ကျားရှင်တို့တပ်ဖွဲ့ကို စောင့်ကြိုနေကြပြီ ဖြစ်တယ်။ တပ်ဖွဲ့ လူတန်းရှည် တလိမ့်လိမ့် ဝင်လာပါပြီ။ အားလုံး လက်သီးလက်မောင်းတန်းပြီး ကြွေးကြော်ကာ ဝင်လာကြပါတယ်။ "စစ်သေနာပတိချုပ်" ဖုန်ကို အခိုင်အမာ ထောက်ခံကြပါတယ်။ "ဗမာလူမျိုးကြီးဝါဒကို ဆန့်ကျင်ကြ" "ကိုးကန့်က ကိုးကန့်သားတို့ရဲ့ ကိုးကန့်ဖြစ်ရမယ်" "စည်းလုံးညီညွတ်ကြလော့၊ ငါတို့ရဲ့ ရေမြေကို ကာကွယ်ကြလော့"

·(၁၀)နာရီတိတိမှာ ခမ်းနားထည်ဝါတဲ့ အလံတင်အခမ်းအနားပွဲကျင်းပပါတော့မယ်။ ခေါင်းဆောင်ကြီးဖုန်က ခေါင်းဆောင်ကြီးမော်စီတုန်းနိုင်ငံတော်အမျိုးသားအောင်ပွဲနေ့၊ ဗိုလ်ရှုသဘင်တုန်းက စတိုင်အတိုင်း ဘယ်ဖက်လက်က ခါးကိုထောက်ထားပြီး ညာဘက်လက်က ဝှေ့ရမ်းလိုက်တယ်။ အောင်မြင်ခန့်ညားတဲ့အသံနဲ့ ကြေငြာလိုက်တယ်။ "မြန်မာနိုင်ငံအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော်ကြီးကို ဒီကနေ့ တရားဝင်တည်ထောင်လိုက်ပါပြီ"

မော်စီတုန်း၏ ကိုယ်ထည်က ကြီးမားတုတ်ခိုင်လှပါတယ်။ "အရှေ့တိုင်းလူထွားကြီး" နာမည်နဲ့ လိုက်ဖက်ပါတယ်။ မော်ရဲ့ ယုန်နှုတ်ခမ်းဝဲ့ဝဲ့ဆံပင်က နွေဦးမိုးကြိုးသံလို တလိမ့်လိမ့်နဲ့ ဟိန်းထသွားပါတယ်။ ဒီအားမာန်တို့က ဂရိတ်ဝေါကြီးကို တည်ဆောက်သွားတဲ့ ချင်ရှုဝမ်ဧကရာဇ်မင်းလို ဟန့်ဝူတီမင်းဧကရာဇ်လို ဂျင်ဂျစ်စ်ခန်း (ကူပလေခန်)အင်ပါယာ မင်းဧကရာဇ်တို့အလားခန့်ထည် လှပါပေတယ်။ ခု စစ်သေနာပါတိချုပ်ကြီး ဖုန်ကိုယ်ထည်က ပါး[illegible]လုပ်၊ မျက်နှာပေါက်ကျဉ်းကျဉ်း၊ စကား လေယူလေသိမ်းက မာလိ[illegible]ဒေသ

www.burmeseclassic.com

www.burmeseclassic.com



သံဝဲတဲတဲ၊ ဒေါင်ဒေါင်မြည်တယ်ဆိုပေမယ့်လည်း တောထဲတောင်ထဲက ဗိုလ်ကျစိုးမိုးတဲ့ အဆင့်လောက်သာ ရှိပါတယ်။ အခမ်းအနားကို ဦးစီးဦးဆောင်တဲ့ လီကျူန်းရှုန်စစ်ဦးစီးမှူးက ကြေညာလိုက်ပါတယ်။ "အလံတင်အခမ်းအနား စတင်ပါပြီ၊ အားလုံး မတ်တပ်ရပ်၊ အလေးပြုကြရပါမယ်၊ မြန်မာနိုင်ငံ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်ပါတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားဒီမိုကရက်တစ် တပ်မတော်စစ်သေနာပတိချုပ် ဖုန်ကျားရှင်မှ အလံတင်ပေးပါရန် ဖိတ်ခေါ်အပ်ပါတယ် ခင်ဗျား"

ဖုန်ကျားရှင် တည်ကြည်ခန့်ငြားတဲ့ စစ်သည်တော်တို့ရဲ့ ခြေလှမ်းဖြင့် အလံတိုင်အောက်ဆီ ရောက်သွားပါတယ်။ အလံတိုင်အောက်ခြေမှာ ချည်နှောင်ထားတဲ့ကြိုးကို ဖြည်လိုက်ပါတယ်။ ကမ္ဘာတစ်ခွင်မှာ တစ်လက်တည်းသာရှိတဲ့အလံက လေမှာ တလူလူလွင့်ကာ ရွှေရောင်အလံတိုင်ထိပ်ဆီ ဟန်ချက်ညီညီ တက်သွားပါတယ်။ ဖုန်ကျားရှင်ရင်မှာ လှိုက်ဖိုနေပါတယ်။ ဒါဟာ သာမန်အချိန်အခါ မဟုတ်ပါ။ ရွှေတြိဂံရဲ့ စာမျက်နှာသစ်တစ်ရွက်ကို ဖွင့်လှစ်လိုက်ပါပြီ။ တကယ်တော့ သူဟာ တိုက်ပွဲအလီလီ ကူးသန်းလာခဲ့တဲ့သူတစ်ယောက် ဖြစ်ပါတယ်။ ဗရုတ်သုက္ခတွေထဲက ရုန်းရင်းကန်ရင်းက ပေါ်ထွက်လာတဲ့ သူ့ရဲကောင်းဖြစ်ပါတယ်။ ဒီလို အမျိုးသားရေးဂုဏ်ယူဝင့်ကြွားဖွယ်နှင့် သမိုင်းရဲ့စေစားချက်က ရုတ်တရက် ပျောက်ကွယ်သွားပါတယ်။ ငွားငွားစွင့် လွင့်တက်လာတဲ့ ဒီအလံတစ်လက်က သူပုန်သူကန်အသွင်ဘေးအန္တရာယ် ချောက်ကမ်းပါးထိပ်မှာ လျှောက်လှမ်းနေရခြင်းပါ။ သူခလား၊ ဒုက္ခလား အထင်အရှား မသိရသေးခင် အရှေ့ဆီကို ထိုးဖောက်တက်လာရခြင်းဖြစ်ပေတယ်။

သဘာပတိစင်မြင့်ထက်မှာ မူလက ကိုးကန့်ခရိုင်အတွင်းရေးမှူး၊ ကရင်တိုင်းရင်းသား "ကွေ့ကျိုးတပ်သားဟောင်း" စုးကျွတ်မိန်က တောင်တန်းလေနှင့်အတူ တလူလူလွင့်နေတဲ့ အလံနီကို မော့်ကြည့်လိုက်ပါတယ်။ အလံပေါ်မှာ အဖြူရောင်ငါးထောင့်ကြယ်ငါးလုံးကို ထိုးထားပါတယ်။ ငါးထောင့်ကြယ်အထက်မှာ ကွင်း (၇) ကွင်း ကွင်းဆက်ချိတ်ဆွဲထားပါတယ်။ သူက လျူကိုစီးအကျီလက်မောင်းစလို ဆွဲထားလိုက်တယ်။ အသံတိုးတိုးလေး မေးမြန်းလိုက်တယ်။ "အဲဒီအလံရဲ့ အရောင်နဲ့ ရုပ်ပုံဆွဲထားတာဘယ်လို အဓိပ္ပါယ်လဲဗျ"



လျူကိုစီးရဲ့အဖြေက "အလံနီဖော်ပြတာက မြန်မာနိုင်ငံရဲ့ ရေမြေက သာယာလှပပြီး ပေါများကြွယ်ဝတဲ့ ရေမြေဖြစ်တယ်၊ ကြယ်ဖြူက မျှော်လင့်ချက်ရောင်ခြည်တန်း ကြယ်ပွင့်လေးများ ဖြစ်တယ်၊ ကွင်း (၇)ကွင်းဆက်နေတာက မြန်မာနိုင်ငံ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသထားတာဖြစ်ပါတယ်ခင်ဗျာ" ဒါက ကိုးကန့်သားတို့ နိုင်ငံတော်ကြီး တည်ထောင်တဲ့ အခမ်းအနားကြီး ဖြစ်တယ်ဗျနော်"

စုးကျွတ်မိန်က ကွေ့ကျိုးလေသံဖြင့် ပြောလိုက်ပါတယ်။ သူ့စကားထဲမှာ စကားလုံး ထောက်ကြည့်တာနဲ့ မကျေနပ်ချက်တွေ အတန်သင့် ကိန်းအောင်းနေပါတယ်။

လျူကိုစီးက စကားလုံးတွေကို ပြုပြင်ပေးလိုက်ပါတယ်။ "နိုင်ငံယှဉ်ချက် မကိုက်ညီဘူးဗျ၊ ကိုးကန့်ဆိုတာ မြန်မာနိုင်ငံကနေ ဘယ်လိုမှ ခွဲခြားလို့မရတဲ့ အစိတ်အပိုင်းတစ်ခုပါဗျ၊ ကျုပ်တို့က ဗမာလူမျိုးကြီးဝါဒကိုသာ ဆန့်ကျင်တိုက်ခိုက်ကြပြီး တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ရေး၊ ကိုယ်ပိုင်ရပ်တည်ရေးအတွက်သာ တော်လှန်တိုက်ပွဲဝင်ကြတာ ဖြစ်ပါတယ်ဗျ"

စစ်သေနာပတိချုပ်ဖုန်က လက်ခုပ်သံတွေထဲကနေ (မြန်မာနိုင်ငံတဝှမ်းက သွေးချင်းများသို့ပေးစာ)ကို ကြေငြာဖတ်ကြားလိုက်ပါတယ်။ တစ်ဆက်ကည်းပဲ သူက (မြန်မာနိုင်ငံတိုင်းရင်းသား ဒီမိုကရက်တစ်မဟာမိတ်စစ်ရေးကော်မတီအဖွဲ့ ခန့်အပ်လိုက်တဲ့ နေရာစာရင်း)ကို ဖတ်ကြားလိုက်ပါတယ်။ "လီကျူန်းရှုန်က စစ်ဦးစီးမှူး၊ ဖုန်ကျားဖုက ဒုစစ်ဦးစီးမှူး (တွဲဖက်အဖြစ်) မြစ်အနောက်ဖက်ကမ်း၊ စစ်ရေးကွပ်ကဲရေးအရာရှိ ရန်မောက်လျှန်က ဒုဦးစီးမှူး(တွဲဖက်)။ ကိုးကန့်ဒေသ စစ်ရေးကွပ်ကဲရေးမှူး၊ ရန်ကျူန်းဝေက စစ်ဦးစီးမှူး(တွဲဖက်) ဝပြည်နယ်စစ်ဒေသကွပ်ကဲရေးမှူး ရန်မောက်အန်းက နိုင်ငံရေးဌာနတာဝန်ခံ၊ လျူကိုစီက ပြင်ပဆက်ဆံရေးဌာနဝန်ကြီး (တွဲဖက်) ဘဏ္ဍာရေးဝန်ကြီး၊ ကျမ်းတက်ဝန်က ကူးသန်းရောင်းဝယ်ရေးဝန်ကြီး၊ ဖုန်တက်ရင်က ဘဏ္ဍာရေးဌာန ဒုဝန်ကြီးတို့ ဖြစ်ကြပါတယ်။

နောက်ဆုံးမှာ စစ်သေနာပတိချုပ်ဖုန်က အခမ်းနားမှာ ကြေညာလိုက်ပြန်ပါသေးတယ်။ "ဒါ့အပြင် ပြန်လည်ပြီး အလေးထား ထုတ်ပြန်လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်'' ''ကျုပ်တို့ မဟာမိတ်တပ်ရဲ့ လုပ်ငန်းစဉ် အခြေခံမူက ဒီမိုကရေစီလမ်းကြောင်း လျှောက်လှမ်းမယ်၊ သာတူညီမျှမှု ရှိမယ်။ ငြိမ်းချမ်းရေးရမယ်၊ စည်းလုံးညီညွတ်ရမယ်၊ ညီညွတ်ရေးတပ်ပေါင်းစု ဖွဲ့စည်းပြီး လျှောက်လှမ်းကြမယ်၊ ကျုပ်တို့နှင့် ဗကပတို့ရဲ့ ပဋိပက္ခအသွင်က အတွင်းပဋိပက္ခ အသွင်ဆောင်ပါတယ်။ သာဓကတစ်ရပ် ထောက်ပြရရင် ''အိမ်ထောင်စုပြဿနာဖြစ်ပါတယ်၊ ညီအစ်ကိုချင်း အိမ်ထောင်ခွဲကြတာ ဖြစ်တယ်၊ ကျုပ်တို့က ပန်ဆန်းရဲ့ လမ်းစဉ်အမှားကို ဆန့်ကျင်ခြင်းသာ ဖြစ်တယ်၊ သူတို့နှင့် ရန်ဖက်ဖြစ်ခြင်း မဟုတ်ပါ၊ ဒါ့ကြောင့် ကျုပ်တို့ဖက်က ဘယ်တော့မှ ပထမဦးဆုံးသေနတ် မပစ်ဖောက်ပါ၊ ပထမဦးဆုံး သေနတ် ပစ်ဖောက်မှာက ဘယ်သူလဲ၊ အဲဒီပစ်ဖောက်သူက သမိုင်းတရားခံ ဖြစ်ရမှာပါ၊ သေနတ်ပစ်ဖောက်လိုက်တာနဲ့ သွေးချောင်းစီးမယ်၊ လူသေမယ်၊ ပြဿနာ ကြီးထွားလာတော့မယ်၊ ဓာတ်သိမ်း ခက်သွားပါလိမ့်မယ်၊ ဒါပေမဲ့ ဘယ်သူကများ ကျုပ်တို့ကို သေနတ်နဲ့ ပစ်ခတ်ရဲသလဲ၊ ကျုပ်တို့ဘက်ကလည်း ပြတ်ပြတ်သားသား ပြန်လည်တုံ့ပြန်ကြမယ်၊ ဥက္ကဋ္ဌမော် ပြောဖူးပါတယ်၊ 'လူက ငါ့ကို မကျူးလွန်ရင် ငါက ဒီလူကို မကျူးလွန်ပါ၊ လူက ငါ့ကို ကျူးလွန်ရင် ငါက ပြန်ကိုကျူးလွန်ရမှာ ဖြစ်တယ်' ဒါက ကျုပ်တို့ မဟာမိတ်တပ်မတော်ရဲ့ မူတစ်ရပ် ဖြစ်တယ်''

မွန်းလွဲနှစ်ချက်တီးမှာ စစ်သေနာပတိချုပ်ဖုန်က ပုဂ္ဂိုလ်ရေးအနေနဲ့ ဗကပဗဟိုဥက္ကဋ္ဌ သခင်ဗသိန်းတင်ဆီ ကြေးနန်းတစ်စောင် ပို့လိုက်ပါတယ်။ အဲဒီ "S-S-S" သုံးလုံးပါတဲ့ အရေးပေါ်ကြေးနန်းထဲမှာ ပါရှိတဲ့ အဓိကအချက်လက်က ''ကျွန်တော်တို့က ပြည်တွင်းပြည်ပ နိုင်ငံတကာရဲ့ အနေအထားအရ ဗကပနှင့် မတတ်သာဘဲ ခွဲထွက်လိုက်ရခြင်းဖြစ်ပါတယ်။ သီးခြားအဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်မယ်။ တပ်ဖွဲ့ ပြန်လည်ဖွဲ့စည်းတည်ဆောက်မယ်၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်မယ်၊ တော်လှန်ရေး ဆက်လက်လုပ်ကိုင်မယ်၊ ကျွန်တော်တို့က ၁၁-၃-၁၉၈၉ နေ့မှာ တရားဝင်ဖွဲ့စည်းတည်ထောင်လိုက်ပြီး ဖြစ်ပါတယ်။ 'မြန်မာနိုင်ငံ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်ပါတီနှင့် မြန်မာနိုင်ငံတိုင်းရင်းသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်' ကို ဖွဲ့စည်းတည်ထောင်လိုက်ပြီး ဖြစ်တယ်။ အရင်တုန်းက



ဦးစီးဦးဆောင်တွေနဲ့ တိုက်ဖော်တိုက်ဖက်တို့ ချစ်ခင်ရင်းနှီးမှုတွေ ဆိုးဝါးသွားမှာ၊ ပျက်ပြားသွားမှာကို မလိုလားပါ၊ ကျွန်တော်တို့မှာ ချစ်ခင်ရင်းနှီးစွာ လက်တွဲပြီး ချစ်ခင်ရင်းနှီးခြင်းနဲ့ပဲ လမ်းခွဲကြတာက ကောင်းမြတ်ခြင်းလက္ခဏာဖြစ်ပါတယ်။ အကယ်၍ ဗကပကပါ မှားယွင်းတဲ့ လမ်းစဉ်ကိုသာ ပြုပြင်ဆောင်ရွက်ကြမယ်ဆိုရင် ကျွန်တော်တို့ချင်း ပူးပေါင်းကြပြီး တူညီတဲ့ လုပ်ငန်းရပ်ကြီးကို လက်တွဲအတူ လုပ်ကိုင်ကြတဲ့ တစ်နေ့နေ့ကို ရောက်ရှိလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ သတင်းအချက်အလက် ကြားသိချက်အရ ခင်ဗျားလက်အောက်က တယူသန်အုပ်စုတို့က ကိုးကန့်ဆီ တပ်တွေ စေလွှတ်နေပြီလို့ ကြားသိရပါတယ်။ ကျွန်တော်တို့တပ်ဖွဲ့ကို နှိပ်ကွပ်ဖို့ ကြံစည်နေပါတယ်၊ ကျေးဇူးပြုပြီး အနေအထားကို လေ့လာအကဲခတ်စေချင်ပါတယ်၊ အမိန့်ကို ပြန်လည်ရုပ်သိမ်းခြင်း၊ ဒါမှမဟုတ် တားမြစ်ခြင်းကို ကျေးဇူးပြုပြီး ဆောင်ရွက်စေချင်ပါတယ်ခင်ဗျာ၊ ဒီလိုမှမဟုတ်ရင် ကျွန်တော်တို့အချင်းချင်း စစ်ပွဲတွေဖြစ်ပါလိမ့်မယ်၊ တစ်ဖက်က အကျိုးရှိသွားမှာက ကျွန်တော်တို့ရဲ့ ဘုံရန်သူ မြန်မာစစ်အစိုးရ ဖြစ်ပါတယ်''

(၁၄) ရက်နေ့ (၁၂) နာရီမှာ ဗကပတို့ ပန်ဆန်းကနေ မလွဲမရှောင်သာလို့ ပေးပို့လိုက်တဲ့ ကြေးနန်းပြန်စာကို ဖုန်ကျားရှင် လက်ခံရရှိပါတယ်။

သို့/-

ရဲဘော်ဖုန်ကျားရှင်-

ပို့လိုက်တဲ့ ကြေးနန်းစာ ရရှိပါတယ်။ စာမောင်အုပ်စုကို တိုက်ထုတ်ဖြိုလှဲပစ်မှာက ကျွန်တော်တို့ရဲ့ တူညီတဲ့ ဘုံရည်မှန်းချက်ပန်းတိုင် ဖြစ်ပါတယ်။ ကနေ့ စာမောင် အုပ်စုကို တွန်းလှန်တိုက်ခိုက်တဲ့ စစ်မျက်နှာမှာ ကျွန်တော် တို့ချင်း ပိုပြီးခိုင်မြဲတဲ့ ပူးပေါင်းဆောင်ရွက်မှုမျိုး ဖြစ်သင့် ပါတယ်။ ရန်သူကို တညီတညွတ်တည်း ရင်ဆိုင်ကြပါစို့။

သခင်ဗသိန်းတင်

၁၄-၃-၁၉၈၉

AM ၁၂:၀၀ နာရီ

www.burmeseclassic.com

www.burmeseclassic.com



## (၂-စ) တော်လှန်ပုန်ကန်ခြင်းနှင့် မြစ်နောက်ဖက်ကမ်း

၁၀-၃-၁၉၈၉ ဆည်းဆာချိန်။ ဖုန်ကျားဖုက မြစ်နောက်ဖက်ကမ်း၊ တပ်မဟာ (၁) စခန်းဆီ ရောက်လာပါတယ်။ ညနေစာစားဖို့ကိုတောင် ဂရုမစိုက်အားပါ။ ချက်ချင်းပဲ တပ်မဟာအဆင့်၊ တပ်ရင်းအဆင့် ကေဒါတွေ ခေါ်လိုက်ပြီး အစည်းအဝေးပွဲ စတင်လိုက်တယ်။ စီးပိုးအခမ်းအနား စိတ်ဓာတ်ကို တစ်ဆင့် ပြောကြားလိုက်ပါတယ်။ တပ်မဟာမှူးလီလိမင် (တရုတ်ပြည်၊ 'ဝ' တိုင်းရင်းသား)နှင့် ဒုတပ်မဟာမှူး ဝေ့ချောင်ရင် (ကိုးကန့် တိုင်းရင်းသား)တို့ရဲ့ လှုံ့ဆော်မှုကြောင့် တပ်မဟာ (၁) ကေဒါတွေ တဖွဲဖွဲ တပ်အပြောင်းအလဲကို အားပေးထောက်ခံလိုက်ကြတယ်။

လီလိမင်က သူ့ရဲ့ပြတ်သားတဲ့စိတ်ဓာတ်ကို ပြသချင်တဲ့အတွက် အထွေထွေလုပ်ငန်းဌာနမှူးကို ဆင့်ခေါ်လိုက်တယ်။ အရှည် (၂) မီတာ၊ အနံ (၁) မီတာရှိတဲ့ ပိတ်ဖြူတစ်စ ရှာခိုင်းလိုက်ပါတယ်။ လက်အောက်ငယ်သားတို့ကို ကိုယ့်ဆန္ဒနှင့်ကိုယ် လက်မှတ်ရေးထိုးခိုင်းပါတယ်။ လီလိမင် ကိုယ်တိုင် ပထမဦးဆုံး သူ့ညာဖက်လက်ညှိုးအရေပြားကို သွားဖြင့် ကိုက်ဖြတ်လိုက်တယ်။ ကျလာတဲ့ သွေးစက်ဖြင့် ရေးသားလိုက်ပါတယ်။ "စစ်သေနာပတိချုပ် ဖုန်နောက်ကို ထပ်ကြပ်မကွာ လိုက်ပါ့မယ်၊ ထာဝရသစ္စာမဖောက်ပါ" အောက်ဖက်မှာ သူ့လက်မှတ်ကို ခပ်ကြီးကြီး ရေးထိုးလိုက်ပါတယ်။ ဝေ့ချောင်ရင်ဆိုတာလည်းပဲ ကိုးကန့်သားထဲ ပါဝင်တာဖြစ်တယ်။ ရှန်မောက်အန်းနှင့်က တစ်ရွာထဲသားတွေ ဖြစ်တယ်။ အမျိုးသားရေးအမြင်နှင့် ဇာတိဒေသအမြင်ချင်းက အလေးအနက်ပြင်းထန်သူတွေ ဖြစ်ကြပါတယ်။ သူလည်းပဲ စကားတစ်ခွန်းလေးတောင် ပြောမနေပါ။ လီလိမင်လုပ်သလို လိုက်လုပ်ပြီး လက်မှတ်ရေးထိုးလိုက်တယ်။ ကျန်အနားမှာ ရှိနေကြသူတွေ အားလုံး ရှေ့ခေါင်းဆောင်တွေ လုပ်ကြသလိုမျိုး "သွေးလက်မှတ်" ရေးထိုးလိုက်ကြပါတယ်။

မြစ်မြောက်ဖက်ကမ်း တော်လှန်ပုန်ကန်မှုလုပ်ငန်းက ကြိုတင်တွက်ချက်ထားတာထက် ရှုပ်ထွေးပါတယ်။ ဒီမှာက တပ်ဖွဲ့ရဲ့လာရင်းအစိတ်အပိုင်းကပါ ရှုပ်ထွေးလှပါတယ်။ ပညာအခံ [illegible]တဲ့ တရုတ်ပြည် ပညာတတ်



လူငယ် ရှိပါတယ်။ သူတို့နှင့် ကိုးကန့်သားတို့က အသားဝါမျိုးက ဆင်းသက်လာကြတဲ့ သားစဉ်မြေးဆက်တွေ ဖြစ်ကြပါတယ်။ ဘာသာစကား တူကြတယ်။ ဓလေ့ထုံးတမ်း တူကြတယ်။ ဒါ့အပြင် အများစုက တပ်ရင်း၊တပ်ခွဲအဆင့် ကေဒါတွေ ဖြစ်ကြပြန်တယ်။ အနည်းစု ပုဂ္ဂိုလ်ဆိုရင် တပ်မဟာ၊ တပ်မအဆင့် ကေဒါတွေ ဖြစ်ကြပြန်တယ်။ အနည်းစု ပုဂ္ဂိုလ်ဆိုရင် တပ်မဟာ၊ တပ်မအဆင့်နေရာတွေကိုတောင် တက်ရောက်နေပြီးဖြစ်တယ်။ သာမန်အချိန်တွေမှာ မကျေနပ်ချက်တွေကို ဗျစ်တောက်ဗျစ်တောက် ပြောကြတယ် ဆိုပေမယ့် ပါတီရဲ့နိုင်ငံရေးလမ်းကြောင်း၊ စစ်ရေးလမ်းကြောင်းနှင့် ညီညွတ်ရေးတပ်ပေါင်းစုလမ်းကြောင်း ပြောဆိုကြရာမှာ ကဘောက်တိကဘောက်ချာ ပြောကြဆိုကြမယ်။ ဝေါဟာရစကားလုံးတွေ၊ ကြီးကြီးကျယ်ကျယ် ငြင်းခုန်ကြမယ်။ ဒါပေမဲ့ အားလုံးက ကွန်မြူနစ်ပါတီကို ဆန့်ကျင်တဲ့စကားကို ကြားလိုက်ရုံနှင့် အတွေးအခေါ်တို့က တဒင်္ဂလေးမှာ မချိုးမကွေ့နိုင်၊ မလှည့်မပြောင်းနိုင် ဖြစ်ကြရပါတယ်။ နောက်ပြီး ဝတိုင်းရင်းသား၊ ကချင်တိုင်းရင်းသား၊ ရှမ်းတိုင်းရင်းသား အစရှိတဲ့ တပ်မှူး၊ တပ်သားတွေ၊ အမျိုးသားရေး ဓလေ့ထုံးတမ်းတို့က ရိုးသားဖြောင့်မတ်ကြတယ်။ အတွေးအခေါ် လွယ်ကူရှင်းလင်းကြတယ်။ သူတို့နှင့် ဗကပတို့ အတူပူးပေါင်းကြပြီး တော်လှန်ရေးတိုက်ပွဲဝင်ခဲ့ကြတာ နှစ်ပေါင်းများစွာ ကြာသွားပါတယ်။ တလျှောက်လုံး ကွန်မြူနစ်ပါတီကို သူတို့ရဲ့ ထပ်မံမွေးဖွားပေးတဲ့ အမိအဖလိုမျိုး ရှုမြင်သဘောထားကြပါတယ်။ အခုမှ အခြားဗဟိုတစ်ခု တည်ဆောက်ထားတာကို သူတို့တွေ ပိုပြီး အတွေးမပေါက်ကြပါ။ ဦးလှည့်ဖို့ရန် ခက်နေပါတယ်။

တပ်မဟာ (၁) နိုင်ငံရေးမှူး ကောင်းလျန်ဆိုတာက တရုတ်ပြည်က စေလွှတ်တဲ့ လက်ဝဲကူညီရေးတပ်ဖွဲ့ဝင်ဖြစ်ပါတယ်။ တချိန်က ဖုန်ကျားရှင်လက်အောက်ခံ ဖြစ်ခဲ့ဖူးပါတယ်။ တပ်မှူးနော်ဆိုင်းရဲ့သမက် ဖြစ်ပြန်ပါသေးတယ်။ တလျှောက်လုံး ဗကပရဲ့ ရဲရဲတောက် နီရဲတဲ့သူပါ။ မတ်လ (၉)ရက်နေ့များ မြောက်ပိုင်းစစ်ဌာန ခေါ်ယူချက်ကြောင့် မုန်းကိုးအရေးပေါ်အစည်းဝေးကို တက်ရောက်ပါတယ်။ (၁၂) ရက်နေ့မှာ မြောက်ပိုင်းဌာနက ကိုးကန့်တပ်တွင်း စစ်ရေး ပြောင်းလဲမှုသတင်းကို ရရှိပါတယ်။ ချက်ချင်းပဲ ကောင်း

www.burmeseclassic.com

www.burmeseclassic.com



လျှံကို အမိန့်ပေးလိုက်ပါတယ်။ ကောင်းလျှံက တပ်မဟာ (၁)ရဲ့ ပင်မတပ်ဖွဲ့ တပ်ရင်း (၅၀)နှင့် တပ်ရင်း(၆)ကို ကိုးကန့်ရန်လုံရွာနှင့် ဟုန်စင်း(ကြယ်နီ) ဒေသဆီ အမြန်ဆုံး လာရောက်ဖို့ကို အမိန့်ပေးလိုက်ပါတယ်။ (တစ်)က အဲဟိုမှာရှိတဲ့ စစ်လက်နက်ပစ္စည်းနှင့် ရိက္ခာဂိုဒေါင်ကို အကာအကွယ်ပေးပြီး ရွှေ့ပြောင်းရမယ်။ (နှစ်)က ဝပြည်နယ်တပ်ဖွဲ့နှင့် ပူးပေါင်းပြီး “မဟာမိတ်တပ်”ကို နှိပ်ကွပ်ရမှာ ဖြစ်တယ်။

လီလိမင်ဆို ကောင်းလျှံကို ကြေးနန်းဖြင့် တုန့်ပြန်လိုက်ပါတယ်။ “၅၀၅ တပ်ရင်းနှင့် တပ်ရင်း (၆)ကို မုန်ဟုန်းဒေသ တာ့ချွန်းစုရွာဆီကို အမြန်ဆုံး ရွှေ့ပြောင်းရောက်ရှိပါပြီ။”

(၁၃) ရက်နေ့၊ ဖုန်ကျားဖု ကိုးကန့်ဆီ ပြန်လာပြီး လုပ်ငန်းအစီရင်မခံခင်လေးမှာ အချိန်လုပြီး ကောင်းလျှံဆီ စာတစ်စောင် ရေးခဲ့ပါတယ်။ စာထဲမှာက ကောင်းလျှံကို “ဖျောင်းဖျစာ”ဖြစ်တယ်။ လီလိမင်ပေးထားခဲ့ပါတယ်။ ကောင်းလျှံတပ်ဖွဲ့ဆီ ပြန်လည်ရောက်ရှိတာနဲ့ ဒီစာကို လီလိမင်ကိုယ်တိုင် ကောင်းလျှံလက်ထဲ ပေးဖို့ကို မှာကြားခဲ့ပါတယ်။

(၁၄) ရက်နေ့ မိုးလင်းရုံလေးမှာ ကောင်းလျှံက ကိုယ်ရံတော်တပ်စုလေးတစ်စုနဲ့ မုန်းကိုးက ထွက်လာပါတယ်။ ချွန်းစုရွာဆီဝင်ဖို့ စစ်ကြောင်းကို ဦးတည်လိုက်တယ်။ ပေကျင်းစံတော်ချိန် နံနက် (၉း၄၅)နာရီမှာ သူတို့တွေ တောင်ဖက်ပိုင်းတောင်ရိုးက ပန်ဟိုရွာအနားကို ရောက်လာပါတယ်။ ဒီနေရာမှာ တောင်ကမြင့်ပြီး တောကပါ ထူထပ်ပါတယ်။ အရင်က စစ်ဒေသဆေးရုံကို ရွာအရှေ့မြောက်ဖက်က တောင်ခါးပန်းမှာ တည်ဆောက်ထားပါတယ်။ သူ ဒီဆေးရုံမှာ တက်ရောက်ကုသခဲ့ဖူးပါသေးတယ်။ သူဟာ ဒီတောင်တွေထဲမှာ ထင်းခွေခဲ့ဖူးတယ်။ အမဲပစ်ခဲ့ဖူးတယ်။ သူ မြင်းပေါ်က ဆင်းလာရင်း ဒီအရှုပ်အထွေးမျိုးစုံတွေထဲက အကောင်းဆုံး အခွင့်အလမ်းဘယ်လို ရယူရမလဲဆိုတာ သူ ပေသီးတွက်လိုက်တယ်။

ရုတ်တရက် တောထဲကနေ ဘဲဥလုံးလောက် ကြီးမားတဲ့ ဘရူကာသေနတ်ပြောင်း ဆယ်လက်ကျော် ထိုးထွက်လာပါတယ်။ သေနတ်ပြောင်းဝတွေ ချိန်ထားပါတယ်။ ဝတိုင်းရင်းသားလေသံနဲ့ ဟန်တရုတ်စကား မပီကလာပီကလာသံတွေ တောထဲဆီက တိုးထွက်လာပါတယ်။ “မလှုပ်နဲ့၊ လက်နက်ချရင် မသတ်ဘူး”



ကောင်းလျှံ ထိတ်ခနဲ ဖြစ်သွားတယ်။ ခေါင်းမော့ကြည့်လိုက်တယ်။ သူကိုယ်တိုင် ကြပ်မတ်ပြီး လေ့ကျင့်မွေးထုတ်ခဲ့တဲ့ (၅၀၁)တပ်ရင်းက ဝတိုင်းရင်းသားတပ်ခွဲမှူး ရဲရှန့်မှန်း သိလိုက်ရတယ်။

“ကောင်းလျှံ၊ မင်း မြင်းပေါ်ကဆင်းပြီး သေနတ်မအပ်သေးဖူးလားဟေ့၊ ငါ့သေနတ်က လူမရွေးဖူးနော်”

ဘာမဟုတ်တဲ့ အသေးအမွှားကောင်က သူ့လို အထက်အရာရှိကြီးကို မလေးမခန့်ပြုတဲ့စကား သူကြားလိုက်ရတယ်။ အခြေအနေမဟန်တော့မှန်း သူသိလိုက်ပါပြီ။ တခဏလေးတော့ သူငိုင်ဆင်းသွားပါတယ်။ စိတ်တည်ငြိမ်အောင် ကြိုးစားလိုက်တယ်။ ဖြည်းဖြည်းချင်း မြင်းပေါ်က ဆင်းလိုက်တယ်။ စိတ်ဆိုးမာန်ဆိုးဖြင့် ပြောလိုက်တယ်။ “နဂါးမင်းနန်းတော်ကို ရေတိုက်စားသွားပြီတဲ့လားဟေ့၊ ကိုယ်လူချင်းတောင် မမှတ်မိတော့ဖူးလားကွ၊ ညီအစ်ကိုတွေပဲ၊ အကြောင်းရှိ ကောင်းကောင်း ပြောကြတာပေါ့ကွ၊ ကျုပ်က မင်းရဲ့ခေါင်းဆောင်လေကွာ”

ရဲရှန့်သေနတ်ကို တစ်ချက် လှုပ်ရမ်းပြလိုက်တယ်။ “ခု မင်းမှာ အရည်အချင်းနဲ့ မကိုက်ညီတော့ဘူးကွ၊ သိလား” သူ့ရှေ့ကို ခြေလှမ်းသုံးလေးလှမ်း တိုးလိုက်တယ်။ ဖုန်ကျားဖုကိုယ်တိုင် ရေးစာကို လက်လှမ်းပေးလိုက်တယ်။

ဒီစာရဲ့ မူလရည်ရွယ်ချက်က “အတူတကွ ပုန်ကန်ဆန့်ကျင်ဖို့ ဖျောင်းဖျလုံ့ဆော်တဲ့စာ ဖြစ်တယ်။ ဒါပေမဲ့ အချိန်ကာလရဲ့ ရွေ့လျားမှုကြောင့် လက်နက်ချဖို့ တိုက်တွန်းဖျောင်းဖျတဲ့စာ”သဘော သက်ရောက်သွားပါတယ်။ ကောင်းလျှံက စာအိတ်ကို ဖောက်လိုက်တယ်။ သူ့မျက်နှာအမူအယာက ပြောင်းလဲသွားတယ်။ စာကို ဖတ်လိုက်ရမှ သူသိလိုက်ပါပြီ။ တော်လှန်ပုန်ကန်သူတို့က သူ့ကို အနာတရဖြစ်စေမှာတော့ မဟုတ်ပါ။ သူ့မှာ ရဲစိတ်ရဲမာန်တက်လာပါတယ်။ သူ ခေတ္တ တွေဝေဟန်ပြုလိုက်တယ်။ ပြီးမှ “ငါက တရုတ်နိုင်ငံသားကွ၊ မင်းတို့ တိုင်းရင်းသားတွေရဲ့ အတွင်းရေးအရှုပ်အရှင်းထဲ ဝင်မပါချင်ဘူး၊ ငါ့နိုင်ငံ ငါပြန်မယ်”

ရဲရှန့်က “ဟုတ်ပြီလေ၊ လူတိုင်းမှာ ကိုယ်စီဆန္ဒ ရှိကြပါတယ်ကွာ၊ မင်းရဲ့ရွေးချယ်မှုကို ငါတို့ အလေးထားမယ်၊ ဒါပေမဲ့ လက်နက်အပ်ခဲ့မယ်၊ ဒါမှ လူကို လွှတ်မယ်”

www.burmeseclassic.com

www.burmeseclassic.com



နဖူးက ချွေးသီးချွေးပေါက်ကို ကောင်းလျှံ သပ်ချလိုက်တယ်။ မတတ်သာတဲ့ဟန်နဲ့ သူ့ကိုယ်ရံတော်တွေကို ပြောလိုက်တယ်။ ''ရဲဘော်တို့၊ ပြည်သူ့တပ်မတော်သားက ပြည်သူ့တပ်မတော်သားကို မတိုက်ဘူးဟေ့၊ ကဲ… ဒို့လက်နက်တွေ သူတို့ကို ပေးလိုက်ကြကွာ'' ပြောအပြီးမှာ သူကိုယ်တိုင်ဦးဆောင်ပြီး သူ့ပစ္စတိုကို ခါးက ဖြုတ်လိုက်တယ်။ ရဲရှန့်ဆီ ထိုးအပ်လိုက်တယ်။

ရဲရှန့်သေနတ်ကို လှမ်းယူလိုက်တယ်။ ကျန်သူတွေပါ အသီးသီးသေနတ်တွေကို ပစ်ချလိုက်ကြတယ်။ ရဲရှန့်က ''နေခဲ့ချင်တဲ့သူနေခဲ့၊ မနေချင်တဲ့သူ ကျုပ်နောက်လိုက်ခဲ့'' ;

လက်နက်မဲ့သူ့လူတွေကို ကောင်းလျှံ ခေါ်ဆောင်လာပါတယ်။ မုန်းကိုးဆီ မနားတမ်း သုတ်ခြေတင် ပြန်လာကြတယ်။

(၁၁း၃၀)လောက်မှာ ချွေးသံရဲရဲ၊ မောကြီးပန်းကြီးနဲ့ မုန်းကိုးရွာထဲအပြေးဝင်လာလိုက်တယ်။ ပြေးနေရင်းက အော်ဟစ်လိုက်တယ်။ ''အားလုံးသတိရှိကြ၊ တပ်မဟာ (၁) ပုန်ကန်ကြပြီ၊ သူတို့ ပန်ဟိုကို ရောက်နေကြပြီ၊ မုန်းကိုးကို ချက်ချင်း တိုက်ကြတော့မယ်''

ကောင်းလျှံ အမောတကော ပြေးလွှားရင်းက မြောက်ပိုင်းဌာန ဦးစီးအရာရှိဆီ ပြေးဝင်သွားလိုက်တယ်။ အမောမဖြေအားဘဲ စစ်ဦးစီးမှူးဦးအောင်ကြည်ဆီ အခြေအနေအရပ်ရပ်ကို သတင်းပို့လိုက်ပါတယ်။ ဦးအောင်ကြည်ဆိုတာက ဥက္ကဋ္ဌသခင်သန်းထွန်း ကိုယ်တိုင် ရွေးချယ်ပြီး တရုတ်ပြည်မှာပညာ သွားရောက်သင်ကြားခိုင်.လိုက်တဲ့ ပထမဆုံးအသုတ် မြန်မာနိုင်ငံကျောင်းသားလူငယ် ဖြစ်ပါတယ်။

၁၉၅၂ ခုနှစ် ဆောင်းဦး ဥက္ကဋ္ဌ သခင်သန်းထွန်း ရွေးချယ်စေလွှတ်လိုက်တဲ့ ခရီးသွား (၁၆) ယောက်က မြင်းခြံအခြေခံဒေသကနေ ထွက်ခွာလာကြပါတယ်။ မြောက်ပိုင်းဆီ တက်လာကြတဲ့ ခရီးလမ်းပန်းမှာ (၆) ယောက်က တိုက်ပွဲမှာ ကျဆုံးသွားပါတယ်။ ခြေလျင်ခရီး ထပ်မံပြီး (၂)လကျော် သွားရပြန်တယ်။ အဲဒီတော့မှ တရုတ်နိုင်ငံ အနောက်တောင်ပိုင်းနယ်စပ်က ရွှေလီနယ်ခြားနေရာဆီကို ဆိုက်ရောက်ပါတယ်။ ပေကျင်းကောလိပ်မှာ ပညာ သင်ကြားပြီးတဲ့နောက် (၄) ဦးရဲ့ အနေအထားကို စုံစမ်းမရ



တော့ပါ။ ထင်ကြေးပေးကြတာကတော့ ၁၉၆၃ ခုနှစ်၊ ဗကပနှင့် မြန်မာအစိုးရတို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်ပြီး အစိုးရဖက်ဆီ လက်နက်ချ ခိုလှုံသွားတယ်ပဲ ထင်ရပါတယ်။ ကျန် (၄) ဦးကတော့ မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်း အခြေခံဒေသ ဖောက်လုပ်စဉ်တုန်းက ပါဝင်ခဲ့ကြပါတယ်။ ရဲဘော်အုန်းကြည် (ဝါ-အောင်ကြီး)က ဒီလူတွေအထဲကတစ်ဦး ဖြစ်ပါတယ်။ သူ့အသက်က (၄၀) ကျော်ပါ။ အရပ်အမောင်းပုပြီးခန္ဓာကိုယ် ဝပါတယ်၊ အသားအရေ ညိုပါတယ်။ မျက်နှာ ဝိုင်းပြီး နှုတ်ခမ်းထူပါတယ်။ မဟာနဖူးနဲ့ပါ။ သူက ''စွတ်ချွမ်းတပ်မှူးဟောင်း'' ဖြစ်တယ်။ ပြောရဲဆိုရဲသလို လုပ်ရဲကိုင်ရဲတဲ့သူလည်း ဖြစ်ပါတယ်။ ကောင်းလျှံရဲ့ သတင်းပို့ချက်ကို တစ်ဝက်လောက်ပဲ နားထောင်လိုက်ရပါတယ်။ အခြေအနေဆိုးရွားပြီဆိုတာ သူသိလိုက်တယ်။ အချိန်ကို လုရတော့မယ်။ ဖြုန်းတီးလို့မဖြစ်တော့ပါ။ ချက်ချင်းပဲ ကောင်းလျှံကို ဌာနချုပ်ဆီ ခေါ်ဆောင်သွားပြီးနိုင်ငံရေးဌာန အမြဲတမ်းကော်မတီ ဗိုလ်ကြင်မောင် (စွတ်ချွမ်းတပ်သားဟောင်း)ဆီ သတင်းပို့ဖို့ ခေါ်သွားပါတယ်။

ဗိုလ်ကြင်မောင်ဆီ ရောက်လာတာနဲ့ ကောင်းလျှံ အစအဆုံး သတင်းပို့လိုက်ပါတယ်။ ဒါ့အပြင် ဖုန်ကျားဖုရဲ့ ''လက်နက်ချ ဖျောင်းဖျစာ'' ကိုပါ ဗိုလ်ကြင်မောင်လက်ထဲ ပေးအပ်လိုက်ပါတယ်။

ဗိုလ်ကြင်မောင်ကို ရဲဘော်ထွန်းလို့လည်း ခေါ်ကြပါတယ်။ အရပ်အမောင်းက အလယ်အလတ် ရှိပြီး အတွေးအခေါ် သုံးသပ်ချက်ပိုင်းမှာ သွက်လက်ဖျတ်လတ်တယ်။ သူက မြန်မာနိုင်ငံရေမြေကနေ ''ထုတ်လုပ်'' ပြီး ထွက်လာတဲ့ တော်လှန်ရေးကို အသက်ထက်ဆုံး လုပ်ကိုင်သွားတဲ့သူပါ။ (၇၀) ပြည့်နှစ် အစဦးပိုင်းက သူဟာ (၂၀၂) အခြေခံဒေသဆီကနေ အရှေ့မြောက်အခြေခံဒေသဆီ ရွှေ့ပြောင်းလာတာ ဖြစ်ပါတယ်။ ဗကပပြည်သူ့အသံရေဒီယို အသံလွှင့်ဌာနမှာ ဌာနမှူး လုပ်ခဲ့ဖူးပါတယ်။ ဗကပဗဟိုနိုင်ငံရေးဌာနအမြဲတမ်း ကော်မတီဝင် ဖြစ်ပါတယ်။ ၁၉၇၅ ခုနှစ်မှာ အဓိက တာဝန်ယူတာက ''မြေအောက်လုပ်ငန်း'' ဖြစ်တယ်။ ဗဟိုရန်သူ့လုပ်ငန်းဌာနမှူးဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်တာမှာ အဆင်ပြေချောမွေ့ရေးအတွက် သူ့ကို ၁၉၈၂ခုနှစ်က အစပြုပြီး မုန်းကိုးမှာ ''အထိုင်ချ''ပါတယ်။ အဲဒီ ''တံဆိပ်ကောင်း''

www.burmeseclassic.com

www.burmeseclassic.com



ခေါ့ကော့ပို့က အတွင်းနက်နက်ပိုင်း နေထိုင်ကြတာဆိုပေမယ့်လည်း မြစ်အနောက်ဖက်ကမ်းရဲ့ လက်တွေ့ပိုင်းအာဏာက သူ့လက်ထဲမှာ အခိုင်အမာဆုပ်ကိုင်ထားပါတယ်။ ဦးဖေသန်းက မြောက်ပိုင်းဌာန အတွင်းရေးမှူးဖြစ်ပါတယ်။ ဒါပေမဲ့ ကြီးမားတဲ့အကြောင်းကိစ္စ ပေါ်လာရင် ဗိုလ်ကြင်မောင်ထံ သဘောထား တောင်းခံရပါတယ်။ ဗိုလ်ကြင်မောင်မှာ ကြွယ်ဝတဲ့လက်တွေ့ပိုင်းအတွေ့အကြုံတွေ ရှိနေရုံသာမကသေးပါ။ သဘောတရားရေးရာပိုင်းမှာလည်း ထက်မြက်ပါတယ်။ ဗကပအဆင့်မြင့်ခေါင်းဆောင်တွေထဲမှာ အရည်အသွေး မြင့်မားတဲ့ လူစာရင်းထဲမှာ ရှိနေပါတယ်။ သူ အစဦးပိုင်းမှာ ဘာတစ်ခွန်းမှ ဖွင့်ဟမပြောသေးပါ။ အုတ်ကြွပ်မိုးအိမ်ထဲမှာ လက်နှစ်ဖက်နောက်ကို ပစ်ထားပြီး ခေါက်တုံ့ခေါက်ပြန် နှစ်ခေါက်လျှောက်လိုက်ပါတယ်။ ပြီးနောက် သက်ပြင်းချလိုက်ပါတယ်။ "မိုးကောင်းကင်က မိုးရွာမှာပဲ၊ မိန်းမသားမုန်ရင် အိမ်ထောင်ကျရမှာပဲ၊ ဒီကနေ့က မနေ့အမြန်တစ်နေ့နေ့ ရောက်လာမှာ မလွဲဧကန်ပါ၊ ဒါ့လောက် မြန်ဆန်လိမ့်မယ်ကိုသာ ထင်မှတ်မထားတာ ဖြစ်ပါတယ်၊ ပန်းဘဲထုတာမှာ ပင်ကိုယ်အရည်အသွေးကိုက မာကြောရပါမယ်၊ ဗကပတို့ မာကြောမှု ရှိမနေရင် ဒီသစ်သားစည်ကို ဘယ်လိုမှ ခွေဝိုက်မထားနိုင်ပါ၊ ဒီတော့ မခံနိုင်ပဲ အစည်းပြေချေတော့မပေါ့" ဗိုလ်ကြင်မောင်ဆိုတာက "ပြဿနာက ကိုယ့်ရှေ့ကို ရောက်လာတာနဲ့ အရင်ဆုံး ကိုယ့်အမြင်ကို ချပြတဲ့လူမျိုးဖြစ်တယ်၊ ပြုလုပ်တဲ့ခေါင်းဆောင်ရဲ့ ပုဂ္ဂိုလ်ရေးဆက်ဆံမှုကို ချိန်ထိုးလိုက်ပါတယ်" သူ ဒါတွေကို ချိန်ဆတွေးတောရင်း လက်နောက်ပစ်ထားကာ ထပ်မံပြီး ခေါက်တုံ့ခေါက်ပြန် နှစ်ခေါက် လျှောက်ပြန်ပါတယ်။ နောက်ဆုံး အဖြေလွှာ တွေ့သွားပါတယ်။ ကိုယ့်ဖက်က ဖုန်ကျားဖု၊ လျူကိုစီး၊ လီလိမင်တို့လက်ထဲအတင်းလုယူလိုက်တယ်၊ အော်ပြောလိုက်ပါတယ်။ "ကျုပ်က အောင်ကြည်ပါ၊ ရန်ဝန်ဂူနဲ့ စကားပြောမယ်၊ ခေါ်ပေးပါ"

ရန်ဝန်ဂူဆိုတာက တပ်မဟာ(နှစ်) နိုင်ငံရေးမှူးဖြစ်ပါတယ်။ သူလည်းပဲ တရုတ်ဖက်က စေလွှတ်တဲ့ "လက်ဝဲကူညီရေးတပ်သား"ဖြစ်ပါတယ်။ သူ စကားပြောခွက်ကို ဆုပ်ကိုင်ထားပြီး ကသောကမြော်နဲ့ အစီရင်ခံလိုက်ပါတယ်။ "တပ်ရင်း (၇၀၁)က (၁၂) ရက်နေ့ည ချောင်းထန်



မြစ် ရှေ့ဖက်စခန်းအတိုင်း မုန်းဟုန်ဖက်ဆီ တပ်ဆုတ်ခွာသွားပြီဖြစ်တယ်။ တပ်ရင်း (၃) ရဲ့ တပ်ခွဲနှစ်ခွဲက (၁၃) ရက်နေ့ နေ့ပိုင်းမှာ မိုင်းဟုတ်ဖက်ဆီကနေ ချဉ်းကပ်လာနေပါတယ်။ တပ်ရင်း (၁) က တပ်ရင်းမှူးဗိုလ်သန်းရွှေ (ဗမာတိုင်းရင်းသား ကျောင်းသားတပ်ဖွဲ့)ကို ကျောပိုးပြီး ထွက်သွားကြပါတယ်။ ဘယ်သွားရမှန်း ဦးတည်ချက် မရှိကြပါ။ ဗိုလ်သန်းရွှေက ကိုယ်ရံတော်တပ်သားတို့ကို ခေါ်ဆောင်ပြီး တပ်မဟာဌာနဆီ ရောက်တာနဲ့ ကပျာကယာ သတင်းပို့ပါတယ်။ အခု ကျွန်တော်တို့တပ်ဖွဲ့က (၃၀၃၁) တပ်ရင်း (၃၀၃၇) တပ်ရင်းရဲ့ တပ်ခွဲတစ်ခုကိုသာ ထိန်းချုပ်ထားနိုင်ပါတယ်၊ ရှေ့ဆက် ဘယ်လိုလုပ်ရမလဲ၊ ညွှန်ကြားပေးပါ"

"ကုန်ပြီ၊ ကုန်ပြီ" ဦးအောင်ကြည် ညည်းတွားလိုက်ပါတယ်၊ ရန်ဝန်ဂူကို ဖုံးဖိထားချင်သေးတဲ့အတွက် မုန်းကိုးရဲ့ ဘေးအန္တရာယ်ကျရောက်ပုံကို မပြောသေးဘဲ ဖုံးဖိထားလိုက်ပါသေးတယ်။ အမိန့်ကိုသာ အတွင်ပေးနေလိုက်တယ်။ "(၃၀၃၁) တပ်ရင်းရဲ့ တပ်ခွဲ(တစ်)ခွဲနှင့် တပ်ခွဲ(နှစ်)ကို ချက်ချင်း မုန်းကိုးကို ရွှေ့ပြောင်းလိုက်ပါ၊ ဒါ့အပြင် ဒေသခံပြည်သူ့တပ်အားလုံးကို စုစည်းပြီး တပ်ရွှေ့ပြောင်းပါ၊ ရှေ့တန်းစစ်မြေပြင်ကို အခိုင်အမာ ထိန်းသိမ်းထားပါ၊ ပုန်ကန်သူတို့ ချဉ်းနင်းဝင်ရောက်လာမှာကို ကာကွယ်ထားပါခင်ဗျာ"

ရန်ဝန်ဂူရဲ့ အင်အား (၁၀၀၀) ကျော်ရှိတဲ့ တပ်ဖွဲ့က အခု အင်အား (၂၀၀)ကျော်သာ ကျန်ရှိပါတယ်။ ဒါ့အပြင် "မဟာမိတ်တပ်" တပ်တွင်းပုန်ကန်မှုအဖြစ်မှန်အနေအထားကို အားလုံးသိရှိသွားကြပါပြီ။ စစ်သွေးစစ်မာန်တွေ ယိမ်းယိုင်ကုန်ကြပါပြီ။ တိုက်ခိုက်ရေးစွမ်းအား လုံးဝကင်းမဲ့သွားပါပြီ။ ဒီအကြွင်းအကျန်တပ်သားတွေကို ရန်ဝန်ဂူ ဘယ်လိုနည်းနဲ့မှ ထိန်းချုပ်လို့ မရတော့ပါ။ ကိုယ့်ရဲ့ ဘေးကျပ်နံကျပ်ကိုလည်း အထက်အရာရှိဆီတင်ပြရခက်ခဲနေပါတယ်။ ဒီအချိန်မှာလည်း ဦးအောင်ကြည်ဆီက အရေးပေါ်ကြေးနန်း ရောက်လာပြန်တယ်။ တပ်ခွဲနှစ်ခွဲစာ တပ်အင်အားအကူ ပို့လိုက်ပြီလားဆိုပြီး အတင်းမေးမြန်းနေပြန်တယ်။

ရန်ဝန်ဂူကြေးနန်း ပြန်ရိုက်လိုက်တယ်။ တပ်ကူက (၃း၃၀)နာရီကျော်က ထွက်သွားကြပါပြီ။ မုန်းကိုး အခြေအနေ ဘယ်လိုရှိသလဲ၊ တဆိတ်ပြန်ကြား

www.burmeseclassic.com

www.burmeseclassic.com



ပေးပါဆိုပြီး ကြေးနန်းရိုက်ပို့လိုက်တယ်။ ဦးအောင်ကြည် အဖြစ်မှန်ကို ထပ်မံမဖုံးကွယ်လိုတော့ပါ။ ကြေးနန်း ပြန်ရိုက်လိုက်ပါတယ်။ ''ပုန်ကန်တဲ့တပ်က မုန်းကိုးနောက်ဖက်ကတောင်ကို သိမ်းပိုက်လိုက်ပြီ။ မုန်းကိုးအခြေအနေ မကောင်းပါ။

ရန်ဝန်ဂူ ဒီသတင်းလည်း ရလိုက်ရော သူ့မျက်နှာတစ်ခုလုံး မဲပြာသွားပါတယ်။

ဝိုင်ယာလက်စက်နံဘေးမှာ ''တပ်နီတော်''ကေဒါသုံးဦး ရှိနေပါတယ်။ သူတို့ကတော့ ဒုတပ်မဟာမှူး လျူချိရှန်း(ဝမ်တိန်းပညာတတ်လူငယ်)တို့ ဖြစ်ကြပါတယ်။

မာပေါင်ချိုင် တမင်တည်ငြိမ်ဟန်ဖြင့် ပြောလိုက်ပါတယ်။

''မပြာကြနဲ့၊ မလောကြနဲ့၊ ပြာရင်၊ လောရင် ကိုယ့်တပ်ကိုယ်ပြန်နင်းမိလိမ့်မယ်၊ ရှုပ်ထွေးကုန်မယ်၊ သဘာဝလောကကြီးထဲမှာ ဗုံလုံတစ်လှည့်၊ ငါးဖျံတစ် လှည့်ပါဗျာ၊ ငါတို့ဦးနှောက်လေးကို လှုပ်ရှားလိုက်စမ်း၊ ရန်သူဆုတ်မယ့် နည်းလမ်းကို ရှာကြစမ်းဟေ့''

ရန်ဝန်ဂူ တွေ့မြင်နေရပါပြီ။ အင်အားစုကြီးတွေ သွားကုန်ကြပါပြီ။ လက်ချိုးကာ တွက်ချက်လိုက်တယ်။ ဒွန်ဇူးရဲ့စစ်ပညာ (၃၆)ကွက်ကို ရေတွက်လိုက်တယ်။ အကောင်းဆုံး နည်းပညာကို သူရွေးလိုက်တယ်။ တရုတ်ပြည်ဖက်ဆီ သွားပြီး တပ်ကူတောင်းမယ်ဆိုပြီး သူ အကြောင်းပြလိုက်ပါတယ်။ ခမ်းနားသိုက်ဝန်းတဲ့ ပရိယာယ်ဆင်ပြီး ထွက်ပြေးလွတ်မြောက်မယ့် နည်းလမ်းကို သူ ရွေးလိုက်ပါပြီ။ သူ့လက်စွဲတော် ကိုယ်ရံတော်တပ်သားနှစ်ယောက်ကိုပါ ခေါ်ဆောင်လိုက်တယ်။ သူ့ကိုယ်ဦ္ဌက တရုတ်ရင်မင်ပိငွေကြေးအထုပ်ကို ကျောထက်မှာ လွယ်ပိုးလိုက်ပါတယ်။ နယ်မြေပိုင်းခြားတဲ့ မုန်းကိုးမြစ်ကို ဖြတ်ကူးလိုက်တယ်။ တရုတ်ပြည်နယ်နိမိတ်ထဲဆီ ဝင်ရောက်သွားပါပြီ။ မြက်ချုံရိုင်း အပြိုင်းပြိုင်း ပေါက်ရောက်နေတဲ့ တင်းကုပ်ဟောင်းလေးထဲ ဝင်ခိုလိုက်ကြတယ်။ နှစ်ဖက်ဗိုလ်လုပွဲကို အသာ လက်ပိုက်ကြည့်နေမယ်။ ကိုယ့်ဖက်က နိုင်ရင်၊ ရောယောင်တက်လိုက်မယ်။ ကိုယ့်ဖက်က အရေးနိမ့်ရင် အသာလစ်ထွက်မယ်။ ရန်ဝန်ဂူရဲ့ ပြောစကားအရဆိုရင် သူမျှော်



လင့်ထားတာက ဦးအောင်ကြည်တို့ သေရာက ရှင်ပြန်ထလာတာကို သူမြင်ချင်ပါတယ်။ ဗကပတို့ ဘေးအန္တရာယ်တောက လွတ်မြောက်စေချင်ပါတယ်။ ရောင်ခြည်ဖြာတဲ့ သူရိန်နေမင်းကို သူပြန်မြင်ချင်ပါတယ်။ သူ ဗကပနဲ့ နှစ်ပေါင်းနှစ်ဆက်ကြာညောင်းတဲ့ လိုက်ပါတိုက်ပွဲဝင်ခဲ့တဲ့ တော်လှန်ရေးကို သူပြန်ကာ တွေးမိပါတယ်။ ရာထူးရာခံအရ တပ်မဟာမှူးအဆင့်ထိ တက်လှမ်းခဲ့ပြီဖြစ်တယ်။ အလွယ်တကူနဲ့ ရလာခဲ့တဲ့ အကျိုးရလဒ် မဟုတ်ပါ။ လက်ရှိအချိန်မှာ ပိုပြီး နာကျည်းစရာတွေ၊ အမုန်းပွားစရာတွေက သာမန်အချိန်ကာလတွေမှာ ညီရင်းအစ်ကိုလို ရင်ဆိုင်ခဲ့ကြရမယ်တဲ့။ တော်လှန်ရေးရဲဘော်ရဲဘက်တွေ ဖြစ်ခဲ့ကြတယ်။ တပ်တွင်းပုန်ကန်မှု မဖြစ်ခင်တုန်းကလည်း တစ်ယောက်မှ သူ့ကို မေးထူးခေါ်ပြောလုပ်တယ်လို့ မရှိပါ။ ကြည့်ရတာကတော့ သူ့ကို ဗကပက ခေါင်းမာတဲ့ ဘက်တော်သားလို့ အသေသတ်မှတ်ထားတဲ့ အတိုင်းပါပဲ။ ခု သူတို့ပုန်ကန်မှုက ထမြောက်အောင်မြင်သွားကြပြီ။ ကိုယ့်အတွက်ကတော့ အဆိုးဖက်မှာ ရှိနေတယ်။ ဒီတော့ ဗကပတို့ဖက်က ပြန်လည် အနိုင်ရရှိဖို့ကိုသာ သူ ကျိတ်ပြီး ဆုတောင်းလိုက်ပါတယ်။

မဟာမိတ်တပ်တို့က မုန်းကိုးနောက်ဖက်ရှိ ကုန်းအမြင့်ပိုင်းအားလုံးကို သိမ်းပိုက်လိုက်ပြီဖြစ်တယ်။ တပ်ရင်း(၆)က မန်ကောင်းတကြောကို စိုးမိုးလိုက်တယ်။ ၂၀၁ တပ်ရင်းက မန့်လီတကြော၊ ၅၀၁ တပ်ရင်းက ဖောင့်ကျုန်းတကြော၊ ၄၀၄၈ တပ်ရင်းက ယန့်ဟိုတကြောကို သိမ်းပိုက်ထားကြပါတယ်။ ဒီနယ်မြေကို မြစ်အနောက်ဖက်ကမ်းရှိ မဟာမိတ်တို့ရဲ့ အရေးပေါ်စခန်း လုပ်ထားပါတယ်။

မဟာမိတ်တို့ မြို့ရိုးတံခါးဆီ ချဉ်းကပ်လာနေပါပြီ။ ဗကပမြောက်ပိုင်းဌာနအနေအထားက လက်ခုပ်ထဲက ရေသဖွယ် ဘေးကျပ်နံကျပ်အခြေကို ဆိုက်ရောက်နေပါတယ်။

ဦးအုန်းကြည် ကပြာကယာပဲ ဗိုလ်ကြင်မောင်ကို သတင်းပို့လိုက်ပါတယ်။ ဒါ့အပြင် မြောက်ပိုင်းဌာနက ထိပ်သီးယန္တရားရုံးအဖွဲ့တွေ အမြန်ဆုံး မုန်းကိုးကနေ ဆုတ်ခွာစေချင်ပါတယ်။ ဒါပေမဲ့ မဟာမိတ်တပ်ဖွဲ့က မဟုတ်ချေဘူးဆိုတဲ့ အမြင်ကို ဆုပ်ကိုင်ထားနေတုန်းပါ။ သူပိုပြီး လက်မ[illegible]တာက သူ့လက်သူ့ခြေနဲ့ ပြုစုပျိုးထောင်မွေးထုတ်လိုက်တဲ့ တပည့်လ[illegible]သားတွေက သူ့ရဲ့ မာကြောတဲ့ အရိုးတွေကို ရိုက်ချိုးပြီး အလောင်း[illegible] ဖုန်းဆိုး

www.burmeseclassic.com

www.burmeseclassic.com



တောထဲ ပိုးစိုးပက်စက် ပစ်ထားလိမ့်မယ် မထင်ပါ။ သူက ရှေ့ဆက်ပြောပြန်တယ်။ "ငါ သေတောင် မသွားဘူးဟေ့၊ ထွက်သွားရင် ပြန်လာရခက်သွားပြီကွ၊ ဒီလိုမျိုး လက်အစုံ ပင့်မြှောက်ပြီး မုန်းကိုးကို ဒီလို သူခိုးကြမ်းပိုး (ဂျပိုး)တို့လက်ထဲ ဆက်သလိုက်မယ်ဆိုရင် ငါ့မျက်နှာ ဘယ်သွားထားရမလဲကွာ၊ ဒီနောက်ပိုင်း ဥက္ကဋ္ဌ သခင်ဗသိန်းတင်ကို ငါ ဘယ်လို မျက်နှာပြရမှာလဲကွာ"

ကောင်းလျံက ဖျောင်းဖျ နားချပါတယ်။ "မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒီကောင်တွေ စိတ်ရိုင်းဝင်ကုန်ပြီဗျ၊ လူစိတ်ပျောက်ကုန်ကြပြီဗျ၊ လူစိတ်ပျောက်ကုန်ကြပြီ၊ ဘာမဆို လုပ်ကြမယ့်ကောင်တွေဗျ၊ ခင်ဗျားအကောင်းဆုံးက နယ်နိမိတ်မျဉ်း မြစ်ကမ်းစပ်နားကို ရှောင်နေပါခင်ဗျာ၊ ဒီမှာ ကျွန်တော်တို့ တာဝန်ထားပါ၊ စိတ်ချပါခင်ဗျာ၊ ကျွန်တော်တို့ ရှိနေသရွေ့ မုန်းကိုးမကျစေရဘူး"

ကောင်းလျံတို့အုပ်စုက ဗိုလ်ကြင်မောင်ကို ဆွဲသူကဆွဲ၊ တွန်းသူကတွန်းဖြင့် အတွင်ဖျောင်းဖျနားချပြီး ပေကျင်းဂျစ်ထဲ တွန်းတင်လိုက်ကြပါတယ်။ နောက်တန်း ထောက်ပို့တပ်မှူး ကျန်းချင်း (စွတ်ချွမ်းတပ်သားဟောင်း)က နံပါတ်(၁)ခေါင်းဆောင် ကားပေါ်တက်သွားတာကိုလည်း မြင်ရော သူပါ ကားပေါ် မြန်မြန်ဆန်ဆန် တက်သွားလိုက်တယ်။

၁၄ ရက်နေ့ ညနေပိုင်း ကာကွယ်ရေးလုပ်ငန်းတွေ ဖြန့်ချထားမှုပြီးဆုံးသွားပါပြီ။ တစ်ဖက်က ဝိုင်ယာလက်စက်ဖြင့် မုန်းကိုးဆီ လှမ်းပြောလိုက်တယ်။ ဗကပမြောက်ပိုင်းဌာန "နေရာဖယ်ပေး" ခိုင်းရင်း တစ်ဖက်ကလည်း ကိုးကန့်ဌာနချုပ်ကို စီစဉ်ညွှန်ကြားနေပါတယ်။ ပြောကြားတဲ့ အဓိကအချက်မှာက "တပ်မဟာ (၂)ရဲ့ တပ်ရင်းနှစ်ရင်းခွဲစလုံး မဟာမိတ်တပ်ဖွဲ့နှင့် ပူးပေါင်းလိုက်ပြီဖြစ်တယ်။

အမြောက်တပ်ရင်းနှင့် ကိုယ်ရံတော်တပ်ခွဲတို့က (၁၃)ရက်နေ့ ညဦးမှာ မဟာမိတ်တပ်ဖွဲ့နှင့် လာရောက်ပူးပေါင်းပြီးဖြစ်တယ်။ အခုအချိန်မှာ မြောက်ပိုင်းဌာနကို ဦးအုန်းကြည်က ကွပ်ကဲရေးမှူးချုပ်အဖြစ် ထမ်းဆောင်ပြီး ကောင်းလျံက ဒုကွပ်ကဲရေးမှူးချုပ် ဖြစ်ပါတယ်။ တပ်ရင်းတစ်ဝက်နှင့် ပြည်သူ့စစ်အင်အား အယောက် (၂၀၀) ကျော်ကိုသာ အုပ်ချုပ်နေရပါ



တယ်။ မုန်းကိုးပြင်ပမှာ အပြင်းအထန် ခုခံနေပါတယ်။ ရှေ့ဆက်ဘာလုပ်ရမှာလဲ။ ညွှန်ကြားပေးပါ ခင်ဗျာ။

ဖုန်ကျားရှင် ကြေးနန်းစာ ဖတ်အပြီးမှာ စကားပြောခွက်ကို လှမ်းကိုင်လိုက်တယ်။

"ငါတို့နှင့် ဗကပတို့က မူလက တစ်အိမ်ထဲသားတွေ ဖြစ်ကြပါတယ်၊ အခုက အိမ်ခွဲတဲ့ အရေးဖြစ်တာပါ၊ အေးအေးချမ်းချမ်း ခွဲယူကြရမှာဖြစ်တယ်၊ အင်အား သုံးစွဲရာမှာ လက်နက်ကိုင်ခြင်း၊ ထိပ်တိုက်တိုးတာမျိုးကို ရှောင်ကျဉ်ပါ၊ အကယ်၍ လက်နက်ကိုင်ချင်း ရင်ဆိုင်ရပြန်ရင်လည်း ကြီးမားတဲ့ သွေးချောင်းစီးမှုကို အတတ်နိုင်ဆုံး ရှောင်ကျဉ်ပါ၊ ငါတို့ဆီမှာ ပုံမှန်တရားဝင် တပ်ဖွဲ့ (၄)ဖွဲ့ ရှိနေပါတယ်၊ ရဲဘော်တို့ ဟောဒီအကြောင်းတရားကို မှတ်သားထားကြပါ"

"ငါတို့ရဲ့အင်အား ပိုပြီးကြီးမားလေ၊ သြဇာအရှိန်အဝါ အားအင် ကပါ ပိုပြီးကြီးထွားလာပါတယ်၊ ထိပ်တိုက်တိုးမှုနှင့် သွေးထွက်သံယိုဖြစ် မှုတွေ ပိုလို့တောင် သေးမွှားနည်းပါးနေပါဦးမယ်၊ လက်ရှိအနေအထားမှာ အများစုက ဖြစ်ရပ်အထွေထွေကို မရှင်းမလင်း ရှိနေပါဦးမယ်၊ ဒါ့ကြောင့် အတတ်နိုင်ဆုံး မှားယွင်းပြီး အနာတရဖြစ်မှာကို ရှောင်ကြရပါမယ်၊ အင်အားဖြင့် လုပ်ရပေမယ့် စစ်မက်မတိုက်မခိုက်ရဘဲ အောင်ပွဲခံရမှာ ဖြစ်တယ်၊ မြစ်အနောက်ဂက်ကမ်းရဲ့ အနေအထားက ရှုပ်ထွေးလှပါတယ်၊ လျူကို့စီကို မုန်းကိုးဆီ သွားရောက်ကွပ်ကဲဖို့ ဌာနချုပ်က ညွှန်ကြားပါတယ်။

၁၅ ရက်နေ့။ ပေကျင်းစံတော်ချိန် နံနက် (၁၀) နာရီအချိန် အာဏာသိမ်း မဟာမိတ်တပ်ဖွဲ့က လျူကို့စီ တရုတ်ပြည်ဖက်လမ်းကြောင်းကို ငှားရမ်းအသုံးပြုလိုက်ပါတယ်။ ကားစီးပြီး မြင်းခွာကွေ့ကြီးကို ကွေ့ဝိုက်လိုက်တယ်။ အရပ်ဝတ် သက်တော်စောင့်နှစ်ယောက် ခေါ်ဆောင်သွားပါတယ်။ မုန်းကိုးမြစ်ကမ်းနံဘေးမှာ ဘွားခနဲ ပေါ်လာပါတယ်။

လျူကို့စီ အသက်က (၄၄)နှစ်၊ လေးထောင့်မျက်နှာ၊ ခေါင်းကညီညာနေတယ်။ မျက်ခုံးထူထူ၊ ပါးစပ်ပြဲပြဲ၊ မျက်နှာပုံပန်းပြေပြေပြစ်ပြစ်နှင့်ပါ။ ပြောတတ်ဆိုတတ်၊ ငြင်းခုန်မှုမှာ တစ်ဖက်ကမ်းခတ် တတ်လှပါတယ်။ ဗမာစကား ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်ဆိုတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုးကန့်မိုထိုက်ရှာသား ဖြစ်ပါတယ်။ ငယ်စဉ်တုန်းက ဆင်းရဲချို့တဲ့ရှာတယ်။ ဘွဲ့ရပြီးတဲ့နောက် ကိုးကန့်မှာ အလယ်တန်းကျောင်း ဖွင့်ပါတယ်။ ဖုန်ကျားရှင် ညီအစ်ကိုတွေ၊ လော်စစ်ဟန်တို့နှင့် ကျောင်းအတူနေခဲ့ကြတဲ့ ငယ်သူငယ်ချင်းတွေ ဖြစ်ကြပါတယ်။ အသက် (၁၇) နှစ်မှာ စစ်တပ်ထဲ ဝင်လာပါတယ်။ မြန်မာအစိုးရကို ဆန့်ကျင်တဲ့ လက်နက်ကိုင်တပ်ဖွဲ့ထဲ ဝင်ခဲ့ဖူးပါတယ်။ ၁၉၆၇ ခုနှစ်မှာ ဖုန်ကျားရှင် သက်တော်စောင့် လုပ်ခဲ့ပါတယ်။ ၁၉၆၈ ခုနှစ်မှာ ဗကပရဲ့ ကိုးကန့်ရန်ဟုန်ဒေသ ဒုဒေသမှူး ဖြစ်ပါတယ်။ ၁၉၆၉ ခုနှစ် မြစ်နောက်ဘက်ကမ်း ကွတ်ခိုင်ခရိုင်ဆီ ပြောင်းရွှေ့ပြီး နန်ကျွမ်းဒေသမှူး ၁၉၇၂ ခုနှစ်မှာ ကွတ်ခိုင်ခရိုင် ဘဏ္ဍာရေးဌာန တာဝန်ခံ ၁၉၇၉ ခုနှစ်မှာ ရာထူးတက်ပြီး မြောက်ပိုင်းဘဏ္ဍာရေးဌာနမှူးအဖြစ် တာဝန်တွေ ထမ်းဆောင်ခဲ့ဖူးပါတယ်။ ဗကပအတွက် သူဟာ နှစ်ပေါင်းများစွာ ဘိန်းရောင်းဝယ်မှုလုပ်ငန်း လုပ်ကိုင်ပါတယ်။

မုန်းကိုးမြစ် မြောက်ဘက်က တရုတ်နယ်စပ်နှင့် ထိတွေ့နေပါတယ်။ ရာချီတဲ့ သေနတ်လက်နက် အပြည့်အစုံ တပ်ဆင်ထားတဲ့ တရုတ်လက်နက်ကိုင် တပ်ဖွဲ့ကြီးက တင်းတင်းကျပ်ကျပ် စောင့်ကြည့်နေကြပါတယ်။ ကမ်းစပ်က မီတာ (၁၀၀)အကွာ တိုင်းမှာ အလံနီလေးတစ်လက် စိုက်ထူထားလေ့ရှိပါတယ်။

သဲသောင်ပြင်တွေ၊ လယ်ယာမြေတွေထဲမှာ မုန်းကိုးစစ်ဘေးရှောင်ဒုက္ခသည်တွေ ပြည့်နှက်နေပါတယ်။ မြောက်ပိုင်းကွပ်ကဲရေးဌာနရဲ့ စစ်သုံးရွက်ဖျင်တဲတို့ကပါ ခြောက်သွေ့တဲ့ လယ်ကွင်းတွေထဲမှာလည်းပဲ ပြည့်နှက်နေပါတယ်။ လျူကိုစီက မြောက်ပိုင်းကွပ်ကဲရေးဌာနကို ရှာတွေ့သွားပါပြီ။ ဦးအုန်းကြည်နှင့် စကားအနည်းငယ် ပြောလိုက်ပါတယ်။ ကိုးကန့်ဌာနချုပ်က မြောက်ပိုင်းဌာနဆီ ပေးခိုင်းတဲ့စာကို ပေးလိုက်ပါတယ်။

စစ်ဘေးရှောင် ဒုက္ခသည်တွေ လျူကိုစီကို တွေ့မြင်လိုက်တာနဲ့ တစ်ယောက်ကနေ တစ်ဆယ်၊ တစ်ဆယ်ကနေ တစ်ရာ အဆင့်ဆင့် ပျံ့နှံ့သွားပါတယ်။ တအောင့်အကြာလေးမှာ လူအုပ်ကြီးက လျူကိုစီကို ဝိုင်းထားလိုက်ပါပြီ။ လျူကိုစီ မလွှဲသာမရှောင်သာဘဲ ဦးအုန်းကြည်နဲ့ ပြောရာဆိုရာကနေ ရပ်ပစ်လိုက်ရပါတယ်။ သူတပ်ရင်း ရွက်ဖျင်တဲထဲကနေ ထွက်



လာပါတယ်။ လက်နှစ်ဘက် မြှောက်ပြဲ့ငြိမ်းပြလိုက်တယ်။ နောက်တော့ လက်ကို နောက်ပစ်လိုက်ပြီး အသံကျယ်ကြီးဖြင့် ပြောလိုက်ပါတယ်။

"ရှာသူရှာသားအပေါင်းတို့၊ ကနေ့ ဗရုတ်သုကှ ဖြစ်ကြတာက ကျုပ်တို့ပါတီတွင်း တိုက်ပွဲသာဖြစ်ပါတယ်၊ ပြည်သူတို့ရဲ့ အသက်အိုးအိမ် စည်းစိမ်တွေကို ဘာတစ်ခုမှ မထိခိုက်စေရပါခင်ဗျာ၊ ဒီတစ်ချက်ကို ကျုပ်တို့ ရှေးဦးစွာ အားလုံးကိုအာမခံပါတယ်၊ မဟာမိတ်တပ်ဖွဲ့ချုပ်က ခင်ဗျားတို့တွေ ကိုယ့်အိုး ကိုယ့်အိမ်ဆီ အမြန်ပြန်ကြဖို့ကို တိုက်တွန်းပါတယ်၊ ကျုပ် မုန်းကိုးကို ချက်ချင်းသွားရပါမယ်၊ အချက်အလက် အပြည့်အစုံတို့ကို မုန်းကိုး ရောက်ပြီးတဲ့နောက်မှာ ထပ်မံပြီး အသေးစိတ် ထုတ်ပြန်ပါ့မယ်ခင်ဗျာ"

ဝိုင်းရံထားကြတဲ့ လူအုပ်ကြီးက လျူကိုစီရဲ့ စကားကို ကြားလိုက်ကြတယ်။ သူတို့စိတ်တွေ တစ်စစ အေးဆေးသွားပါတယ်။ တဖြည်းဖြည်း လူစုကွဲသွားပါတယ်။

မြောက်ပိုင်းဌာန နိုင်ငံရေးတာဝန်ခံ ဇော်လီကမ်းလင့် ပေးလာတဲ့ တစ်ဝက်လောက်ရှိတဲ့ ဝါးကျည်တောက် လက်ဖက်ရည်ကြမ်းကို လျူကိုစီ လှမ်းလင့်ယူလိုက်ပါတယ်။ လက်ဖက်ရည်ကြမ်းက ပူလောင်တာကြောင့် အေးခဲလုဖြစ်နေတဲ့ လက်ကို နွေးထွေးလာစေပါတယ်။ ဦးအုန်းကြည် အစရှိသူတွေနှင့် ဆက်လက်ပြောဆိုဆွေးနွေးကြပါတယ်။ သူပြောတာက-

"ကျုပ် ဒီခရီးစဉ်က စစ်သေနာပတိချုပ် ဖုန်ရဲ့စေလွှတ်ချက်ဖြစ်တယ်၊ အထူးခရီးစဉ်တစ်ရပ်အဖြစ် မြောက်ပိုင်းဌာနက အဓိကတာဝန်ခံနဲ့ တွေ့ဆုံဆွေးနွေးဖို့ လာရောက်ခြင်းဖြစ်ပါတယ်၊ မျက်စိအောက်က လှိုင်းလေထန်မှုက ကျုပ်တို့နှစ်ဖက်မှာ တစ်ဖက်ဖက်က စတင်ပြီး ပထမဆုံး သေနတ်ပစ်ဖောက်လိုက်တဲ့သူဟာ သမိုင်းတရားခံ ဖြစ်ပါလိမ့်မယ်၊ ကျုပ် ကွမ်တော့ (မူလက ဗကပ ကွတ်ခိုင်ခရိုင်ကော်မတီ ရုံးစိုက်ရာဌာန ဖြစ်ပါတယ်၊ စစ်သေနာပတိချုပ်ဖုန်ရဲ့ ညွှန်ကြားချက်ကို တစ်ဆင့်ပြန်လည် ချပြရပါမယ်၊ သံသယတွေ ကွယ်ပျောက်အောင် ကြိုးပမ်းရပါမယ်"

ဦးအုန်းကြည်ရဲ့ မျက်လုံးထဲမှာ မျှော်လင့်ချက်ရောင်ခြည်လေး တချက်သန်းသွားပါတယ်။ ဒါနဲ့ သူတင်ပြလိုက်ပါတယ်။

"အခု လီတပ်ဖွဲ့နှင့် ကျွန်တော်တို့ဘက်တွေက စစ် အပြိုင်တိုးမယ့်

www.burmeseclassic.com

www.burmeseclassic.com



အနေအထားတွေ အသင့်ပြင်ထားနေကြပါပြီ၊ ရေ့တန်းတပ်ဖွဲ့တို့ရဲ့ မီးလျှံတို့က အရှိန်ပြင်းလှပါတယ်၊ အကြိတ်အနယ်ပွဲကြီးက အချိန်မရွေး၊ နေရာမရွေး ပေါ်ပေါက်လာနိုင်ပါတယ်၊ နှစ်ဘက်ထိပ်တိုက်တိုးမှုကို ရှောင်လွှဲဖို့အတွက် ယာယီပိုင်းခြားထားတဲ့ မျဉ်းတစ်ကြောင်း ဆွဲသင့်ပါတယ်ဆိုတာ ကျွန်တော် အကြံပြုတင်ပြလိုက်ပါတယ်ခင်ဗျာ''

လျူကိုစီ အတန်ငယ် တွေးဆလိုက်တယ်။ ပြီးတော့မှ-

''ကောင်းပြီလေ၊ မြောက်ပိုင်းဌာနက ဆေးရုံကို ဗဟိုချက်မအဖြစ်ထားရပါမယ်၊ တောင်မြောက် ပိုင်းခြားတဲ့ မျဉ်းတစ်ကြောင်း ဆွဲလိုက်ကြမယ်၊ တစ်မိသားစုဖြစ်တဲ့ ကျုပ်တို့ချင်း ထိုင်လိုက်ကြမယ်၊ ဆွေးနွေးလိုက်မယ်၊ ဒါဆိုဖြစ်တာပဲဗျ၊ ဘာ့ကြောင့် ဓားလှံလက်နက်တွေ ပါရမှာလဲဗျာ၊ မလိုပါဘူး''

''ကောင်းပြီ၊ ပြောတာကောင်းပါတယ်၊ ကျုပ်တို့စကား တည်ကြပါစို့''

ဦးအုန်းကြည်က လျူကိုစီရဲ့လက်ကို ဆုပ်ကိုင်လိုက်ပြီး ပြောလိုက်ပါတယ်။ ''ရဲဘော်ကိုစီ၊ ခင်ဗျားဟာက အချိန်ကိုက် ရှာချလိုက်တဲ့ မိုးကိုးဗျ၊ အကယ်၍ ခင်ဗျားက လီလီမင်ကို ဖျောင်းဖျနားချနိုင်မယ်ဆိုရင် ခင်ဗျားရဲ့ ဂုဏ်သိက္ခာက အနုမအက္ခပဲဗျိုး''

ဦးအုန်းကြည် ဆုပ်ကိုင်ထားတဲ့လက်ကို လျူကိုစီ လွှဲဖယ်ပစ်လိုက်တယ်။ မြစ်ကမ်းဘက်ဆီ လျှောက်သွားပါတယ်။ လမ်းကြောင်းတလျှောက်မှာ ကွတ်ခိုင်ခရိုင်ပါတီအစိုးရရုံးအဖွဲ့က လက်အောက်ခံ တပည့်တပန်းတို့နှင့် ရင်ဆိုင်တိုးနေပါတယ်။ သူတို့အားလုံးက သူနှင့်လက်တွဲလုပ်ကြမယ် ပြောကြပါတယ်။ ဒါနဲ့ပဲ လျူကိုစီက ကွတ်ခိုင်ခရိုင်ကော်မတီ ဒုအတွင်းရေးမှူး ယဲန်ကြွေကို ညွှန်ကြားလိုက်ပါတယ်။ မြောက်ပိုင်းတပ်မှူးရုံး စစ်ဆင်ရေးဌာနမှူး မုန်ဆလပ်က ပြန့်ကျဲနေတဲ့လူတွေကို ပြန်စုရပါမယ်။ ဒါ့အပြင် ဌာနကေဒါကို ကနေ့ည ကွမ်တာ့မှာ ကျင်းပမယ့် အရေးပေါ် အစည်းဝေးကို တက်ရောက်ခိုင်းလိုက်တယ်။

လျူကိုစီက အဖြစ်ထိုးထားတဲ့ မြစ်ကူးတံတားဆီ လျှောက်သွားပါတယ်။ ရုတ်တရက် တအွတ်အွတ် ငိုကြွေးသံကို ကြားလိုက်ရတယ်။ ငိုသံ



ကြားရာဆီ လှမ်းကြည့်လိုက်တယ်။ ဝါးတံတား လက်ဝဲဘက်နားက တရုတ်လက်နက်ကိုင်ရဲတပ်ဖွဲ့ကို ပြောပြရင်းက ရှိုက်ကြီးတငင် ငိုကြွေးနေပါတယ်။

လျူကိုစီ ပြောင်လှောင်ပြောလိုက်တယ်။

''ယောက်ျားရင့်မကြီးတဲ့ဟော့၊ တိတ်... တိတ်... တိတ်၊ မငိုနဲ့တော့၊ ခေါင်းပြတ်တဲ့ စစ်ဗိုလ်ချုပ်လို့သာ ကြားဖူးပါတယ်ကွာ၊ မျက်ရည်ကျတဲ့ ဗိုလ်ချုပ်လို့ မကြားဘူးပေါင်၊ တော်လှန်ရေးတိုက်ပွဲက မျက်ရည်ကို မယုံကြည်ဘူးတဲ့ဟော့''

ဒီအချိန်မှာ မြောက်ပိုင်းဌာန ကာကွယ်ထိန်းသိမ်းရေးဌာနမှူး ကျောက်ကုန်း (ကွေ့ကျိုးတပ်သားဟောင်းတပ်ဖွဲ့)က လျူကိုစီအပါးဆီ တိုးဝှေ့ဝင်လာပါတယ်။ လေသံတိုးတိုးလေးနဲ့ ပြောလိုက်ပါတယ်။

''ဘယ်လိုလုပ်ရမလဲ၊ ကျွန်တော် ခင်ဗျားညွှန်ကြားချက်ကို စောင့်နေမယ်''

ကိုယ့်တပည့်လက်သားဟောင်းကြီးမှန်း လျူကိုစီ သိလိုက်တယ်။ အသံကို တိုးတိုးလေး နှိမ့်ချပြောလိုက်ပါတယ်။

''ကနေ့ည လူခြေတိတ်ရင် မင်းရဲ့တပ်ဖွဲ့သားတွေ ကွမ်တာ့ဆီ ဆွဲခေါ်သွားပြီး သတင်းပို့လိုက်၊ ကြားလား၊ ငါ အဲဒီမှာ စောင့်နေမယ်''

ဒီစကားကို အနားမှာ တာဝန်ထမ်းဆောင်နေတဲ့ တရုတ်လက်နက်ကိုင် ရဲတပ်သားတစ်ယောက် ကြားသွားပါတယ်။ လျူကိုစီရဲ့ စိတ်ထားမမှန်တာကို သိလိုက်ရတယ်။ အိမ်နီးချင်း ကပ်လျက် နယ်စပ်က ရှုပ်ထွေးပွေလိမ်မှုတွေ၊ အရှိန်အဟုန် မြင့်တက်မှုက ပိုပြီးမြန်ဆန်အောင် တွန်းထိုးနေပါတယ်။

လျူကိုစီတို့ မြောက်ပိုင်းဌာနက ပေကျင်းလုပ် ဂျစ်နှစ်စီးပေါ် တက်လိုက်ကြတယ်။ ဂူးဆို ကွမ်တာ့ဆီ အရှိန်ပြင်းနဲ့ မောင်းထွက်သွားပါတယ်။

ကွတ်ခိုင်ခရိုင်ကော်မတီ ကိုစု (စွတ်ချွမ်းတယ်သားဟောင်း)က တရုတ်ပြည် ပြန်ပြီး ဆွေမျိုးတွေဆီ အလည်အပတ်ခရီး ထွက်သွားပါတယ်။ သွားခါနီးလေးမှာ ကွတ်ခိုင်ခရိုင်ရဲ့ ပါတီနိုင်ငံရေးအာဏာကို ခရိုင်ဘ[illegible]ရေးမှူး လုံလို့ရွှမ်းကို တာဝန်လွှဲအပ်ပေးခဲ့ပါတယ်။ လူလို့ရွှန်းက[illegible]ကန့်

www.burmeseclassic.com

www.burmeseclassic.com



သား ဖြစ်ပါတယ်။ အသက် (၁၂)နှစ်မှာကတည်းက တပ်ထဲဝင်လာတာပါ။ တစ်တပ်ထဲ ဝင်လာပါတယ်။ လျူကိုစီရဲ့ သက်တော်စောင့်အဖြစ် တာဝန်ထမ်းဆောင်လာတာ ဆယ်နှစ်ကျော်လာပါပြီ။ နောက်ပိုင်းမှာ လျူကိုစီက တာဝန်ယူပြီး သူ့ကို ပေကျင်းဆီ သွားရောက်ပြီး စီးပွားရေးထိန်းသိမ်းမှု ပညာကို သွားရောက်လေ့လာခိုင်းပါတယ်။ ပြန်လာပြီးနောက်မှာ တဟုန်ထိုးတိုးတက်သွားပါတယ်။ လျူကိုစီရဲ့ ကျေးဇူးက အလွန်ကြီးမြတ်လှပါတယ်။ လျူကိုစီရဲ့ အမိန့်ကို တသဝေမတိမ်း လိုက်နာဆောင်ရွက်ပါတယ်။ ဒါ့ကြောင့် လျူကိုစီက ကွမ်တာ့ရောက်လာတာနဲ့ လူကိုရွှန်းက သူ့ရဲ့သစ္စာခံ အားပေးထောက်ခံသူဖြစ်သွားပါတယ်။ လျူကိုစီ အုပ်ချုပ်ရေးအာဏာကို ထိန်းချုပ်လိုက်တယ်။ ချက်ချင်း လီလီမင်ကို စေလွှတ်ပြီး (၇၀၀)တပ်ရင်းကို ကွမ်တာ့ သိမ်းပိုက်ခိုင်းလိုက်ပါတယ်။

(၇၀၁) တပ်ရင်းဆီ အဲဒီည (၇)နာရီမှာ ကွမ်တာ့ကို ဆိုက်ရောက်သွားပါတယ်။ (၇း၃၀)နာရီမှာ ယဲန်ကြွေက နယ်မြေခံ ကေဒါဆယ်ယောက်ကျော်ကို ဦးဆောင်လာပြီး ရောက်ရှိကြောင်း အစီရင်ခံလိုက်ပါတယ်။ လျူကိုစီ ညတွင်းချင်းပဲ အရေးပေါ်အစည်းဝေးကို ခေါ်ယူကျင်းပပါတယ်။ ''ကိုးကန့်ကိုးဦး အစည်းဝေး'' စိတ်ဓာတ်ကို ထုတ်လွှင့်ဖြန့်ချိလိုက်ပါတယ်။ အစည်းဝေးမှာ လျူကိုစီက ကြေငြာလိုက်တယ်။ ''ကိုးကန့်ခရိုင်တပ်ဖွဲ့ကြီးနှင့် ပြည်သူ့စစ်တပ်ဖွဲ့တို့က (၁၆)ရက်နေ့ ညဉ့်ဦးယံထက် မကျော်လွန်စေရဘဲ ကွမ်တာ့ဆီကို ရောက်ရှိဖို့ လိုပါတယ်။ ပင်မတပ်အင်အားက တပ်မဟာ (၁)နှင့် ပူးပေါင်းရပါမယ်။ ထိုပူးပေါင်းတဲ့ တပ်အင်အားနဲ့ (၁၇)ရက်နေ့ လင်းအရုဏ်တက်ချိန်မှာ မုန်းကိုးကို တိုက်ရိုက်တိုက်ခိုက်ရမယ်။ မုန်းကိုးပြဿနာကို အပြတ်ရှင်းပစ်ရပါမယ်။

လျူကိုစီက နှစ်နေ့တစ်ညဉ့်လုံးလုံး မအိပ်စက်ရသေးပါ။ ဝါးကွပ်ပျစ်ထက်မှာ လဲလျောင်းလိုက်ရုံနဲ့ အိပ်ချင်နေပါတယ်။ ဒါပေမဲ့ ဘယ့်နှယ့်ကြောင့်မှန်း မသိရပါ။ ဘယ်ညာနှစ်ဘက်စလုံးရဲ့ မျက်ခွံတွေ မပြတ်တမ်း လှုပ်နေပါတယ်။ သူတွေးဆကြည့်လိုက်ပါတယ်။ ကံဆိုးခြင်းနှင့် ကံကောင်းခြင်းနှစ်ရပ်စလုံး ဖြစ်လာနိုင်ပါတယ်။ ဒီအချိန်မှာပဲ ဆက်သားဟာ အရေးပေါ်စာ တစ်စောင်ယူလာပါတယ်။ သူ ချက်ချင်းပင် ဖယောင်းတိုင် မီးထွန်းညှိလိုက်ပါတယ်။ ဦး



အုန်းကြည်ရဲ့စာမှန်း သိလိုက်တယ်။ ကပျာကယာ ထုတ်ဖတ်လိုက်တယ်။ စာထဲမှာ မြန်မာစစ်တပ်က တောင်ဘက်လမ်းကြောင်းကနေ ဟုန်းပေါ့ဆီ ချီတက်သွားပါတယ်။ လုံ့ရွှန်းတကြောက ကုန်းမြေမြင့်အားလုံးကို သိမ်းပိုက်လိုက်ပြီဖြစ်တယ်။ မြန်မာအစိုးရတပ် အရပ်လေးမျက်နှာကနေ ကြုကုတ်ဆီ တပ်စေလွှတ်လိုက်ပြီ ဖြစ်တယ်။ ဟေးမုန်းလုံ အရှေ့ဘက်တကြောက ကုန်းမြင့်ပိုင်းအားလုံးကို သိမ်းပိုက်လိုက်ပြီဖြစ်တယ်။ ရန်သူ့အင်အား အလုံးအရင်း ရှေ့မှောက်ဆီ ဆိုက်ရောက်နေပါပြီ။ ခင်ဗျား အခြေအနေရပ်ကြီးကို အလေးထားရမှာဖြစ်တယ်။ ချက်ချင်း စေလွှတ်ရမှာဖြစ်တယ်။ ရန်သူကို တားဆီးထားရမယ်။ အခြေအနေ တည်ငြိမ်အောင် ဆောင်ရွက်ရမယ်''

လျူကိုစီက လီလီမင်နှင့် အမြန်ဆုံး ဆက်သွယ်မှုရအောင် ကြိုးပမ်းလိုက်တယ်။ လီလီမင်ရဲ့ အဖြေက ရှေ့တန်းအခြေအနေ တည်ငြိမ်နေပါတယ်။ ရန်သူ့လှုပ်ရှားမှု အရိပ်အယောင်တောင် မတွေ့မြင်ရပါ။ လျူကိုစီမျက်လုံးကို တချက်ဝင့်လိုက်တယ်။ ဦးအုန်းကြည်ရဲ့ ဘယ်ခြောက်ကာ ညာလှမ်းတဲ့ အကြံဉာဏ်ကို ထိုးဖောက်မြင်လိုက်ပါတယ်။

''ခွေးမသား၊ မင်းက ငါ့တပ်အားကို အသုံးပြုပြီး ထိုးနှက်တိုက်ခိုက်မယ့် ပစ်မှတ်ကို ရွှေ့ပစ်ပြီး ထိုးနှက်တိုက်ခိုက်မယ့် ပစ်မှတ်ကို ရွှေ့ပစ်ချင်နေတာကိုး''

လျူကိုစီက ဦးအုန်းကြည်ရဲ့ ဆင်ကွက်ကို ချော်လဲရောထိုင်လိုက်ဟန်ပြုပြီး ကိုယ့်အကွက်ကိုယ် ဆင်လိုက်တယ်။ ဦးအုန်းကြည်ဆီ စာတစ်စောင် ရေးပေးလိုက်ပါတယ်။ ''ကျုပ် (၅၀၁)နှင့် တပ်ရင်း (၆) ရှေ့တန်းကနေ ရန်သူ့တပ်ကို တားလိုက်ပါပြီ''

(၁၆) ရက်နေ့ မနက်ပိုင်း လျူကိုစီက သူ့အပိုင် ခရိုင်ဒေသကျေးရွာ ကေဒါအပြင် နယ်မြေခံလက်နက်ကိုင်တပ်ဖွဲ့ဆီ ကြေငြာချက်တစ်စောင် ထုတ်ပြန်လိုက်ပါတယ်။

''ကနေ့ကစပြီး ကွတ်ခိုင်ခရိုင်ရဲ့ နယ်မြေကေဒါနှင့် ပြည်သူ့စစ်တို့ရဲ့ လှုပ်ရှားမှုမှန်သမျှ အားလုံး မဟာမိတ်တပ်ဖွဲ့ မြစ်နောက်ဘက်ကမ်း ဌာနချုပ်ရဲ့ ဦးဆောင်မှုကို နာခံရပါမယ်၊ နယ်နိမိတ်အတွင်းက ပြန့်ကျဲသွားပြီတဲ့ စစ်သည်တော်တို့က ၄င်းနယ်မြေကို အစိုးရနှင့် ပြည်သူ့တပ် အဖွဲ့အစည်း

www.burmeseclassic.com

www.burmeseclassic.com



တို့က သိမ်းဆည်းလက်ခံထားခြင်းနှင့် ဦးဆောင်မှုကို ပြုရပါမယ်၊ အာခံသူ မှန်သမျှကို တပြေးညီ ဖမ်းဆီးပြီး တရားဥပဒေအတိုင်း စီစဉ်ပါ့မယ်''

ပေကျင်းစံတော်ချိန် (၁၂း၀၀)နာရီ လျူကိုစီက ချိန်းထားတဲ့အတိုင်း မုန်းကိုးမြစ်ကမ်းနံဘေးမှာ ဦးအုန်းကြည်နှင့် တွေ့ဆုံပြီး ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးပါတယ်။

ဦးအုန်းကြည်က လျူကိုစီနှင့်တွေ့တော့ ယဉ်ကျေးမှုအရ လက်ဆွဲနှုတ်ဆက်လိုက်ပါတယ်။ နှုတ်က ဖွင့်ဟလိုက်ပြီး ဆန်းစစ်လိုက်ပါတယ်။

''မနေ့က ကျုပ်တို့နှစ်ယောက်သားက နှစ်ဘက်ကိုယ်စားလှယ် အဖြစ် အာဏာအပြည့်အဝရပြီး ဆွေးနွေးထားတဲ့ကိစ္စကို အကျိုးသက် ရောက်မှုများ ရှိပါသလားခင်ဗျာ''

လျူကိုစီက လှို့ဝှက်နက်ရှိုင်းဟန် အပြုံးဖြင့်သာ တုံ့ပြန်လိုက်ပြီး စကားတစ်ခွန်းမှ မပြောပါ။ သိလိုက်ပါပြီ။ မနေ့မနက်က ဝေ့လည်ကြောင်ပတ် ပြောသမျှစကားအရာက ခြင်းကျားနှင့် ရေခပ်တာသာဖြစ်ပြီး ဘာတစ်ခုမှ အရာမထင်ပါ။

လျူကိုစီက အနေအထားကို မြင်လေတော့ ဖုံးဖုံးဖိဖိနှင့်ပဲ ပြောလိုက်ပါတယ်။

''ခင်ဗျား စိတ်ချပါဗျာ၊ လီလိမင်နှင့် ဝေ့ချောင်ရင် ကွမ်တာ့ဆီကို ဆိုက်ရောက်နေကြပါပြီ၊ လက်တွေ့ ပြဿနာအားလုံး ဖြေရှင်းသွားတော့မှာပါခင်ဗျာ''

''ရဲဘော်လျူကိုစီ၊ မင်းနဲ့ငါ ဆွေးနွေးကြတာ အချိန်ဖြုန်းနေသလို ဖြစ်နေပြီကွာ၊ အကောင်းဆုံးက ရဲဘော် တိုက်ရိုက်ပဲ ဗိုလ်ကြင်မောင်နဲ့ ဆွေးနွေးလိုက်ရင် ပြီးစီးသွားမှာပါခင်ဗျာ''

တန်းတူညီတူအနေအထားဖြင့် လက်အောက်ခံလို အကြည့်မျိုး ကြည့်လိုက်ပါတယ်။ တဆက်တည်းပဲ ဗဟိုနိုင်ငံရေးဌာန အမြဲတမ်းကော်မတီဝင် ဗိုလ်ကြင်မောင်နှင့် ဆွေးနွေးကြပါတယ်။ ဒီအချင်းအရာက ဖိနှိပ်မှု ခံစားရတာ ကြာလှပြီဖြစ်တဲ့ လျူကိုစီအနေနဲ့က နှစ်ထောင်းအားရတဲ့ အာရုံတွေကို ခံစားရပါတယ်။

မန်ဟိုင်းမြို့ရဲ့ 'နေရာဟောင်း'။ တိုင် (ရှမ်းတရုတ်) ဟိုတယ်မှာ



လျူကိုစီက အိမ်တွင်းပုန်းဆန်ဆန် အိမ်အပြင်ဆီ ထွက်ခဲ့လှတဲ့ ဗကပအဆင့်မြင့်ပုဂ္ဂိုလ် ဗိုလ်ကြင်မောင်နှင့် တွေ့ဆုံကြပါတယ်။ ဗိုလ်ကြင်မောင်က အသက် (၇၀) အရွယ်ရှိနေပါပြီ။ အသားမည်းပြီး ပိန်ပါတယ်။ ခြစ်ခြစ်တောက်ပူလောင်တဲ့ နေပြင်းထဲက ရောက်လာရတာကြောင့် ချွေးတွေ စိုနေပါတယ်။ လက်ကိုင်ပဝါထုတ်ပြီး မနားတမ်း ချွေးသုတ်နေပါတယ်။

လျူကိုစီးက လေးလံတဲ့ မြန်မာ့ဟန် ကျွန်းကုလားထိုင်မှာ ထိုင်နေပါတယ်။ ဗိုလ်ကြင်မောင်ကို မဟာမိတ်တပ်ရဲ့ ဝါဒသဘောထားအပေါ် ဘယ့်လောက်များ သဘောပေါက်ပါသလဲလို့ တီးခေါက်လိုက်ပါတယ်။ လျူကိုစီးက–

''ကျွန်တော်တို့ရဲ့ အရေးတော်ပုံက မလွဲမရှောင်သာပဲ ဖြစ်လာရတာပါခင်ဗျာ၊ ကျွန်တော်တို့ အရေးတော်ပုံရဲ့ ရည်ရွယ်ချက်က ဗဟိုကို ဖြိုလှဲဖို့ မဟုတ်ပါ၊ ကွန်မြူနစ်ပါတီကို တွန်းလှန်ပစ်ရေးလည်း မဟုတ်ပါ၊ ပါတီတွင်းက လက်တစ်ဆုပ်စာ သူတို့ရဲ့ မှားယွင်းတဲ့ လမ်းစဉ်ကို ဦးဆောင်တဲ့ သူတွေကိုသာ ဦးတည်တာဖြစ်ပါတယ်ခင်ဗျာ၊ ဒီအချက်နဲ့စပ်လျဉ်းပြီး (၁၂)ရက်နေ့က ဥက္ကဋ္ဌ သခင်ဗသိန်းတင်ဆီ ကြေးနန်းပေးခဲ့ပြီးပါပြီခင်ဗျာ''

ဗိုလ်ကြင်မောင်က–

''ငါတို့ဗဟိုမှာ ပြဿနာတွေရှိတာကတော့ တကယ့်ဖြစ်ရပ်အမှန်ပါ၊ ဒါပေမဲ့ ပါတီတွင်း ပြဿနာက ပြည်သူအတွင်းက ပဋိပက္ခဖြစ်ပါတယ်၊ ငြိမ်းချမ်းတဲ့ ဒီမိုကရေစီကျတဲ့ နည်းလမ်းနဲ့သာ ဖြေရှင်းရမှာဖြစ်တယ်၊ ဘယ်နည်းနှင့်မှ လက်နက်အားကိုးနဲ့ ဖြေရှင်းလို့ မရနိုင်ပါ၊ လက်နက်ဖြင့် ဖြေရှင်းရင် ပါတီနှင့် ပြည်သူ့အကျိုးကိုသာ ဒုက္ခကျရောက်စေတာ ဖြစ်ပါတယ်၊ ရန်သူ့အတွက် အကျိုးရှိသွားပါတယ်၊ မင်းတို့တွေ စိတ်ကို ထိန်းချုပ်နိုင်မယ်ဆိုတာ ဗဟိုက မျှော်လင့်ပါတယ်၊ ပိုပြီး မျှော်မှန်းချက်ထားတာက မင်းတို့တွေ မှန်ကန်တဲ့ လမ်းကြောင်းဆီ ပြန်လာရေးဆိုတာပါပဲ၊ ပါတီကို သွေဖီပြီး မူဝါဒကို ဆန့်ကျင်တဲ့ လုပ်ရပ်ကို လုပ်တဲ့သူက ပြစ်မှုကျူးလွန်သူသာ ဖြစ်ပါတယ်။ ဒါတွေဟာ အနာဂတ်မှာ သမိုင်းရဲ့ ပြစ်ဒဏ်ချမှတ်တာကို ခံကြရမှာ ဖြစ်တယ်''

ဒီတစ်ကြိမ် ဖျန်ဖြေရေးအသွင်ဆောင်တဲ့ ဆွေးနွေးခြင်းဆိုတာ[illegible] လျူကိုစီရဲ့ တကယ့် ရိုးသားဖြောင့်မတ်ခြင်းမှ မဟုတ်တာ။ သူ့ရဲ့ [illegible]ပရိ

www.burmeseclassic.com

www.burmeseclassic.com



ယာယ်က အချိန်ဆွဲမယ်။ တပ်ကူရောက်လာအောင် အချိန်ကြာနိုင်သမျှ ကြာအောင်ဆွဲနေတာဖြစ်တယ်။ သူနားထောင်ရမှာ ငြီးငွေ့လာတယ်။ မှန်းတီးလာပါတယ်။ အစောကတည်းကပဲ 'ဗကပနိုင်ငံရေးသမား'ရဲ့ သွန်သင်ထောက်ပြမှုတို့ကို မကြားလိုတော့ပါ။ သူလက်ပတ်နာရီကို ကြည့်လိုက်တယ်။ (၅၅)မိနစ်တောင် ကျော်လွန်သွားပါပြီ။ သောကောရောကော သဘောထားကြီးဟန်ပြတဲ့ စကားလုံးတွေကို ရွေးထုတ်သုံးစွဲလိုက်ပါတယ်။

"လီလီမင် အစရှိတဲ့ သူတို့ရဲ့ အတွေးအခေါ်လုပ်ငန်းကို ကျွန်တော် အစွမ်းကုန် လုပ်ပါ့မယ်ခင်ဗျာ၊ ပါတီတွင်းတိုက်ပွဲ ရှောင်လွှဲဖို့ကို အင်တိုက်အားတိုက် ကြိုးပမ်းပါ့မယ်ခင်ဗျာ"

လျှုကိုစီ မတ်တပ်ထရပ်လိုက်တယ်။ ထွက်ခွာဖို့ နှုတ်ဆက်စကားပြောလိုက်တယ်။ လမ်းကြောင်းတူတဲ့ ဦးအုန်းကြည်နဲ့အတူ လမ်းလျှောက်ပြီး မှန်းကိုးကို ပြန်သွားကြတယ်။

ဒီအချိန်မှာပဲ လျှုကိုစီရဲ့ ဆက်သားက အမြန်ပြေးလာပြီး သတင်းပို့ပါတယ်။

"လီလီမင်တို့ ကွမ်တာ့ဆီကို ရောက်ပါပြီခင်ဗျာ"

ဦးအုန်းကြည် ဒီသတင်းကို ကြားလိုက်တာနဲ့ တောင်းဆိုမှုတစ်ရပ်ကို တင်ပြပါတယ်။

"ငါ မင်းနဲ့အတူ ကွမ်တာ့ဆီသွားပြီး လီလီမင်ကို တွေ့ကြမယ်"

"ရတယ်၊ လုံးဝကို ရပါတယ်" လျှုကိုစီက ဖြေလိုက်တယ်။

"ငါ့ရဲ့လုံခြုံရေးကို မင်းအပြည့်အဝ အာမခံချက် ပေးနိုင်ပါ့မလား ကွယ့်"

ရှေးလူတွေ စစ်ခင်းကြရင် သံတမန်ကို မသတ်ဖြတ်ပါ။ နောက်ပြီး ကျုပ်တို့က တစ်မိသားစုတွေကနေ ဖြစ်ပေါ်လာတဲ့ ပဋိပက္ခပါဗျ။ အရင်က ခင်ဗျားက ကျုပ်တို့ရဲ့ 'ဆရာသမား'လေဗျာ။ ခုလည်းပဲ အရင်အတိုင်းပဲ။ သက်ကြီးဝါကြီးပဲလေဗျာ။ နောက်ပြီး သူငယ်ချင်းမိတ်ဆွေဟောင်းကြီးတွေ တရင်းတနှီး ရှိကြတဲ့သူတွေ မဟုတ်လားဗျာ။ ဘာတစ်ခုမှ စိုးရိမ်စရာမလိုပါဘူးဗျာ"

ဦးအုန်းကြည်က သူနှင့်လိုက်ပါဖို့ ဖော်လီကို အဖော်ညှိလိုက်ပါတယ်။



နာရီဝက်လောက်အကြာမှာ ပေကျင်းဂျစ်သုံးစီး ကွမ်တာ့ဆီ အပြေးလေး ဆိုက်ရောက်လာပါတယ်။ လီလီမင်၊ ဝေ့ချောင်ရင် အစရှိတဲ့သူတွေ အစောကြီးကတည်းက ခရိုင်ကော်မတီတံခါးကနေ စောင့်နှင့်နေပါတယ်။ သူ့ကို ဟိုးယခင်ကအတိုင်း အထက်အရာရှိဟောင်းကြီးကို တလေးတစား ကြိုဆိုသမှု ပြုတဲ့အတိုင်း အားလုံးစောင့်ကြိုနေကြပါတယ်။ ရင်ထဲက သံသယစိတ်နှင့် စိုးရိမ်စိတ်တွေ ပျောက်လွင့်သွားပါပြီ။ လက်ဆွဲနှုတ်ဆက်ကြ၊ အလပသလပ စကားစမြည်တွေ ပြောကြပါတယ်။ အဲဒီနောက်မှာ သစ်သားပျဉ်ချပ်တွေဖြင့် အထူးတလည် ဆောက်လုပ်ထားတဲ့ အုတ်ကြွပ်မိုးတစ်ထပ်အိမ်ရဲ့ အခန်းထဲဆီ ဝင်သွားကြပါတယ်။

လျှုကိုစီက စတင်ပြီး အဖွင့်စကားပြောပါတယ်။

"ကနေ့ဟာဖြင့် စစ်ဦးစီးမှူး ဦးအုန်းကြည်နှင့် တာဝန်ခံဖော်လီ တို့က အထူးတလည်ပဲ ကွမ်တာ့ကို ရောက်လာပါတယ်၊ ရဲဘော်လီလီမင် နှင့် ရဲဘော်ဝေ့ချောင်ရင်တို့နှင့် လာရောက်တွေ့ဆုံကြပါတယ်၊ အဓိကက တော့ လာရောက်ကြပြီး လက်ရှိဖြစ်ပေါ်နေတဲ့ အရေးအခင်းကြီး ပြောင်းလဲ ပေါ်ပေါက်ရတဲ့ အကြောင်းရင်းနှင့် ဘယ်နည်းဘယ်ပုံ ဖြေရှင်းရမလဲဆိုတာကို နည်းလမ်းရှာကြံပြီး ဆွေးနွေးတိုင်ပင် သဘောထားအမြင်ချင်း ဖလှယ်ခဲ့ကြပါတယ်၊ ဒါပေမဲ့ တချို့ လက်တွေ့ဖြစ်ရပ်ပြဿနာမှာ ကိုယ့်အမြင်နှင့်ကိုယ် ဆုပ်ကိုင်ထားကြပါတယ်၊ ဘုံတူညီချက် မဖြစ်နိုင်သေးပါ၊ အခု ခင်ဗျားတို့ တိုက်ရိုက် ပြောကြတာပေါ့ဗျာ"

ဦးအုန်းကြည်က ဖျောင်းဖျမယ့် စကားပြောမယ် စဉ်းစားလိုက်ပါသေးတယ်။ စကားဝင်လုပြောလိုက်ပါတယ်။

"ဗမာပြည်ကွန်မြူနစ်ပါတီက မြန်မာနိုင်ငံရဲ့ ခေတ်အလျောက် အမွန်မြတ်ဆုံး နိုင်ငံရေးပါတီ ဖြစ်ပါတယ်ခင်ဗျာ၊ ဩဇာအရှိန်အဝါအရှိဆုံးနှင့် မျှော်လင့်ချက်အရှိဆုံးပါတီလည်း ဖြစ်ပါတယ်၊ လူ့လောကအတွင်း ဒါ့ထက်ပိုပြီး ကြီးကျယ်မြင့်မြတ်တဲ့၊ ဂုဏ်ကျက်သရေရှိတဲ့၊ ဖြောင့်မတ်မှန်ကန်တဲ့၊ ထက်မြက်ထူးချွန်တဲ့ ပါတီရဲ့ ပါတီဝင်ဖြစ်ရတာ ပိုပြီးဂုဏ်ကျက်သရေရှိတာမျိုး မရှိတော့ပါ၊ ကနေ့ ကျွန်တော် အလေးထားပြီး ဒီစကားကို ထပ်မံတစ်ကြိမ် ပြောရဦးမှာပါခင်ဗျာ၊ ခင်ဗျားတို့ဟာ ပါတီက နှစ်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



များစွာ ပြုစုပျိုးထောင်ပေးတဲ့ ရဲဘော်တွေ ဖြစ်ကြပါတယ်၊ ပါတီရဲ့ နို့ချိုကို သောက်သုံးပြီး ရှင်သန်ကြီးထွားလာကြတဲ့ ကလေးသူငယ်တွေ ဖြစ်ခဲ့ကြပါတယ်၊ ဘယ့်နှယ်လုပ်ပြီး ပြောင်းပြော့ဆိုတာလောက်လေးနဲ့ ပြောင်းလို့ရနိုင်ပါ့မလားဗျ၊ ကျိုးကန်းမျိုးကတောင် ကျွေးမွေးပြုစုခြင်းတရားကို သိနားလည်ကြတယ်၊ ဥက္ကဋ္ဌ သခင်သန်းထွန်းက ဗမာပြည် ကွန်မြူနစ်ပါတီ (၂၇)နှစ်ကြာ သမိုင်းအတွေ့အကြုံ စာတမ်းထဲမှာ ထောက်ပြထားပါတယ်။ "ပါတီတွင်းသမိုင်းကြောင်းမှာ အထက်လွှာပဲဖြစ်ဖြစ်၊ အခြေခံအလွှာပဲဖြစ်ဖြစ်၊ သစ္စာဖောက်လောက်ကောင်ဆိုတာ ထွက်ပေါ်ခဲ့ဖူးပါတယ်၊ ဒီနောက်ပိုင်းမှာလဲပဲ ဆက်လက်ပေါ်ပေါက်လာနိုင်ပါတယ်၊ ပါတီထဲ ရောနှောဝင်လာကြတဲ့ အရင်းရှင်လူတန်းစား ကိုယ်စားပြုတဲ့ ပုဂ္ဂိုလ်တွေက လူတန်းစားတိုက်ပွဲ ရေးကြီးခွင်ကျယ် ပေါ်လာတာနဲ့ အမြဲလိုလိုပဲ ရန်သူနှင့် ပေါင်းစည်းသွားကြတာပါပဲ၊ ပါတီရဲ့ လုပ်ငန်းတွေကို ဆိုးဆိုးရွားရွား ဘေးဒုက္ခပေးတော့တာပါပဲ"

"မျက်မှောက်ကာလက တော်လှန်ရေး အခြေအနေကောင်းကြီး ဖြစ်ပါတယ်၊ တွေ့ရဆုံရခဲတဲ့ တော်လှန်ရေးဒီရေအမြင့်ဆုံးကာလကို ရောက်နေပါတယ်၊ ရန်ကုန်ကျောင်းတော်သူ ကျောင်းတော်သားတို့ရဲ့ သပိတ်အရေးတော်ပုံကြီးက နိုင်ငံတဝှမ်းလုံးကိုပါ၊ ပဲ့တင်ထပ်သွားပါပြီ၊ စစ်အစိုးရအတွင်းပိုင်းတွေ၊ မြန်မာ့စီးပွားရေး အဘက်ဘက် ချွတ်ချုံကျမှုကြီးတွေ ကျွန်ုပ်တို့ပါတီ၊ ကျွန်ုပ်တို့ ပြည်သူ့တပ်မတော်က နိုင်ငံတဝှမ်းလုံးမှာ ထွက်ပြီးတိုက်ခိုက်တော့မယ့် အချိန်အခါသမယမှာ အတွင်းပိုင်းက အိမ်ကြက်ချင်း အိုးမဲသုတ်၊ တိုက်ခိုက်မှုကြီး ပေါ်ပေါက်လာပါတယ်၊ ဒါဟာ ရင်နာစရာပါ၊ ရွံမုန်းစရာကောင်းလှတဲ့ ပါတီတွင်း ကွဲပြဲမှုကြီး ပေါက်ပေါက်လာပါတယ်၊ စစ်တပ်တွင်းမှာပါ စက်ဆုပ်ရွံရှာစရာကောင်းတဲ့ အုံကြွမှုကြီး ပေါ်ပေါက်လာပါတယ်"

ဦးအုန်းကြည်ရဲ့ ရင်နင့်ဖွယ် ပြောစကားကို တွေ့မြင်ကြားသိနေရတဲ့ ဘီလိမင်၊ သူ့ရဲ့ရှည်လျားလှတဲ့ သဘောတရားရေးရာကြီးကို မတတ်သာဘဲ ဖြတ်တောက်လိုက်ရပါတယ်။ အားမနာတမ်း တုံ့ပြန်ပြောလိုက်ပါတယ်။

"ခင်ဗျားတို့ရဲ့ သဘောတရားရေး လမ်းကြောင်းတွေကို ကျုပ်တို့



နားထောင်ခဲ့တယ်၊ နှစ်နှစ်ဆယ်တောင် ကျော်လာခဲ့တယ်၊ နားမှာအသားမာတောင် တက်ကုန်ပါပြီဗျာ၊ ခင်ဗျားတို့ရဲ့ အကြောင်းတရားက မာ့က်စ်အတွေးအခေါ်ထက်တောင် 'ပိုပြီး' မာ(ပြင်း)ကျသေးတယ်။ လီနင်ထက်ပိုပြီး 'နင်(ငြိမ်ဝပ်)'နေသေးတယ်၊ စတာလင်ထက် ပိုပြီးတောင် 'တာ့'(ကြီးမား) နေပါသေးတယ်ခင်ဗျာ၊ ခင်ဗျားတို့က တကယ့်ကို ဟုတ်တိပတ်တိ ပါးစပ်ဖျားက တော်လှန်ရေးပါဗျာ၊ မာ့က်စ်ဝါဒကို ပါးစပ်ထဲ အသေခဲထားတာကိုပဲ လုပ်တတ်တယ်၊ မှားနေတာကိုတောင် မမှားပါဘူးလို့ပြောတဲ့ နိုင်ငံရေးသမားတွေပဲဗျ၊ တကယ်လို့ ခင်ဗျားတို့ ရှေ့ဆက်အုပ်ချုပ်သွားမယ်ဆိုရင် မြန်မာ့တော်လှန်ရေးက ထွက်ပေါက်အားလုံး ပိတ်ဆို့သွားမှာဗျ၊ ဒါ့ကြောင့် ခင်ဗျားတို့နှင့် ကျုပ်တို့ ကင်းကွာကြရမယ်။ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးဖို့ ကိုယ့်ဖာသာ လုပ်ကြရမယ်ဗျ၊ ကိုယ့်လမ်းကိုယ်ဖောက်မယ်၊ လျှောက်မယ်။ ချော်လဲတော့လည်း ဘယ်သူ့ကိုမှ အပြစ်ဖို့စရာ မလိုတော့ဘူးလေဗျာ။ ခင်ဗျားတို့က ပါးစပ်ဟာလိုက်တာနဲ့

"ဗကပတို့က အရင်းရှင်လူတန်းစားလူမျိုးကြီးဝါဒကို ဆန့်ကျင်တယ်ဆိုပြီး တဖွဖွ ပြောကြတယ်။ တကယ့်လက်တွေ့မှာတော့ ခင်ဗျားတို့အတိအကျ လိုက်ပါဆောင်ရွက်နေတာကိုက ဗမာလူမျိုးကြီး အာဏာရှင်ဝါဒဖြစ်တယ်ဗျ၊ ခင်ဗျားတို့ နှုတ်ပါးစပ်ပြောတာကတစ်မျိုး၊ လက်တွေ့လုပ်နေတာက တခြား ဖြစ်နေတယ်ဗျ၊ ခင်ဗျားတို့က တိုင်းရင်းသားလူနည်းစုတို့ကို တယ်ပြီးအထင်အမြင်သေးတာကိုးဗျ၊ လူနည်းစုတိုင်းရင်းသားတို့ကိုဖိနှိပ်ကြတယ်။ ခင်ဗျားတို့က ပြောတယ်လေဗျာ။ ကျုပ်တို့ ဝတိုင်းရင်းသားတွေက တနေ့တခြား အလကားဖြစ်တဲ့ကောင်တွေလို့ ပြောတယ်လေဗျာ။ ကနေ့ ခင်ဗျားတို့ကို ကျုပ်တို့ဝတိုင်းရင်းသားတွေ ဘယ်လောက်တောင်အသုံးမကျသလဲဆိုတာကို ပြမယ်ဗျာ။ အခု ကျွန်တော်တို့ မြောက်ပိုင်းဌာနကို တရားဝင်အသိပေးအကြောင်းကြားလိုက်တော့မယ်။ ကနေ့ည (၁၂)နာရီမတိုင်ခင် ကျေးဇူးပြုပြီး မုန်းကိုးကနေ ဆုတ်ခွာသွားကြပါတော့ခင်ဗျာ။ ဒီလိုမှ မလိုက်နာဘူးဆိုရင် (၁၇)ရက်နေ့ မနက်လင်းပြီး (၇)နာရီအချိန်ရောက်တာနဲ့ ကျွန်ုပ်တို့မဟာမိတ်တပ်ဖွဲ့က လက်နက်ကိုင်အင်အားနဲ့ မုန်းကိုးကို ဝင်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒီလူနည်းစု တိုင်းရင်းသား အလယ်အလတ်တန်းစားတို့က ပါတီအပေါ် ဒ့ါလောက်ကြီး မကျေမနပ် အမုန်းပွားမယ်ဆိုတာကို ဦးအုန်းကြည် မထင်မှတ်ခဲ့မိပါ။ ဒ့ါလောက်တောင် သံယောဇဉ်ပြတ်တာ၊ ဒ့ါလောက်တောင် အညှိုးအတေးကြီးတာကို ဘယ်လိုမှ တွေးဆမထားမိပါ။ လီလိမင်ရဲ့ ပြင်းထန်တဲ့ စွပ်စွဲချက်တွေကို သူ နည်းနည်းလေးတောင် တောင့်မခံနိုင်လောက်အောင် ဖြစ်လာပါတယ်။ အထူးသဖြင့် မြောက်ပိုင်းဌာနကို အချိန် ကန့်သတ်ပြီး မုန်းကိုးကနေ ဆုတ်ခွာခိုင်းလိုက်တဲ့ ရာဇသံဖြစ်တယ်။ သူ့ရဲ့သွေးပေါင်ချိန် ရုတ်တရက် မြင့်တက်လာပါတယ်။ ခေါင်းမူး ခေါင်းကိုက်လာတယ်။ မျက်နှာပြင် ရဲတက်လာပါတယ်။ အိတ်ထောင်ထဲက သွေးကျဆေး နှစ်ပြားယူပြီး သောက်ချလိုက်ပါတယ်။

ပိန်ပိန်ပါးပါး ဝေ့ချောင်ရင် သွေးထွက်သံယိုဖြစ်ပေါ်လာမှာကို စိုးရိမ်နေပါတယ်။ အေးဆေးတည်ငြိမ်သွားရေးအတွက် စူးရှတဲ့မာလိပါး (ကိုးကန့်စကား)ဖြင့် 'လိမ္မာယဉ်ကျေးစွာ'ဖြင့် သူတို့မဟာမိတ်တပ်ဖွဲ့က ယိမ်းယိုင်တုန်လှုပ်ခြင်း မရှိတဲ့ ခိုင်မာတဲ့ လေသံနဲ့…

"ခင်ဗျားတို့နှစ်ယောက်က မူလကတည်းက ကျွန်တော်တို့လေးစားအားထားရတဲ့ အထက်အရာရှိတွေ ဖြစ်ပါတယ်၊ ကျွန်တော်တို့ရဲ့ ဆရာ၊ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေ ဖြစ်ပါတယ်၊ ကျွန်တော် ခင်ဗျားတို့ကို လေးစားပါတယ်ဗျာ၊ ခင်ဗျားတို့နှစ်ဦးက ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သူတွေ ဖြစ်ပါတယ်ခင်ဗျာ၊ ဗကပ လုပ်သမျှကိုင်သမျှအားလုံး ခင်ဗျားတို့နှစ်ယောက်သား နှလုံးသားထဲမှာ ရှိနေမှာပါခင်ဗျာ၊ အထူးသဖြင့် ဇော်လီရဲ့ နိုင်ငံရေးမူဝါဒပါ၊ ခင်ဗျားက ကချင်တိုင်းရင်းသား တပ်သားဟောင်းလေဗျာ၊ တပ်မှူးကြီးနော်ဆိုင်းရဲ့ တပည့်ကြီးပဲ၊ ဗကပရဲ့ ညီညွတ်ရေးတပ်ပေါင်းစုမူဝါဒနှင့် လူမျိုးရေးခွဲခြားဆက်ဆံမှုတို့ကို ပိုပြီးခံစားရပါတယ်။ ခင်ဗျားတို့ရဲ့ ရဲဘော်ရဲဘက်ဟောင်းကြီးဇော်လွင် (အရှေ့မြောက်ပိုင်းစစ်ဒေသနိုင်ငံရေးဌာန တာဝန်ခံ) ဘယ်ပုံဘယ်နည်း အသက်ဆုံးရှုံးသွားရပါသလဲ၊ ကိုယ့်ကိုယ်ကိုယ် ဗုံးခွဲပြီး လုပ်ကြံသတ်ဖြတ်ပစ်လိုက်တယ်လေဗျာ၊ နောက်ပြီး ကျုပ်တို့ အင်မတန်လေးစားအားထားရတဲ့ တပ်ရင်းမှူးအင်ဖန် (အရှေ့မြောက်စစ်ဒေသစစ်ဦးစီးမှူး) အရည်အချင်းရှိတယ်၊ အစွမ်းအစ ရှိတယ်၊



ဘယ့်နှယ်ကြောင့် သေရည်သေရက်ကိုပဲ အဖော်ပြုပြီး စိတ်ညှိုးနွမ်းရပါသလဲခင်ဗျာ၊ ကျွန်တော် ယုံကြည်ပါတယ်ဗျာ၊ အကယ်၍ ခင်ဗျားရဲ့ ဦးနှောက်ကကြည်လင်တဲ့ မှန်သားပြင်ဖြစ်နေရင်ပေါ့ဗျာ၊ အကယ်၍ ခင်ဗျားတို့နှစ်ဦးရဲ့ အတွေးအခေါ်ကသာ လှည့်ပြောင်းကွေ့ဝိုက်သွားနိုင်မယ်ဆိုရင်ပေါ့ဗျာ၊ ကျွန်တော်တို့ရဲ့ အကြံပေးပုဂ္ဂိုလ်ကြီးတွေအဖြစ် ကျွန်တော်တို့ ဖိတ်ခေါ်ကမ်းလှမ်းပါတယ်ခင်ဗျာ၊ ဒါပေမဲ့ ခင်ဗျားတို့က ယခင်မူလကအတိုင်း မှားယွင်းတဲ့လမ်းစဉ်အတိုင်း ခေါင်းမာပြီး မပြောင်းလဲနိုင်ဘူးဆိုရင်တော့ဖြင့် ခင်ဗျားတို့နှင့် ကျွန်တော်ကတော့ မတတ်သာဘဲ ဒီနေရာမှာတင် လမ်းခွဲကြတာပေါ့ခင်ဗျာ"

ဝေ့ချောင်ရင်နှင့် လီလိမင်တို့ရဲ့ လျှောက်လဲချက်အသွင် ပြောစကားတို့ကို ဇော်လွင်နားထောင်နေပါတယ်။ သူတို့နှစ်ယောက်သား ဘယ်လိုမှဆက်လက်နေထိုင်လို့ မရတော့မယ့် အခြေအနေမှန်း ရှင်းရှင်းလင်းလင်းကြီး သိရှိလိုက်ပါတယ်။

"စစ်ဦးစီးမှူး ဦးအုန်းကြည်ရေ၊ အကြောင်းကိစ္စကတော့ ဒီအခြေအနေထိတောင် ရောက်နေပြီဗျ၊ ခင်ဗျားနဲ့ကျွန်တော် ရှင်းရှင်းလင်းလင်းသဘောပေါက်သင့်ပြီပေါ့ဗျာ၊ ဗဟိုက အာဏာလက်လွှတ်ဖို့သင့်တဲ့အကြောင်းနားချရတော့မှာပေါ့ဗျာ၊ ဒီမိုကရေစီနည်းလမ်းကျကျနဲ့ ပါတီတွင်းမှာ ရွေးကောက်တင်မြှောက်ဖို့ လိုအပ်နေပြီဗျ၊ ပါတီတစ်ရပ်လုံး၊ တပ်ဖွဲ့တစ်ဖွဲ့လုံး၊ မြန်မာနိုင်ငံ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးဖြစ်တဲ့ ပါတီဗဟိုနှင့် ခေါင်းဆောင်ပုဂ္ဂိုလ်တို့က စစ်မှန်တိကျတဲ့နည်းနဲ့ ကိုယ်စားလှယ် ရွေးချယ်တင်မြှောက်ကြရမှာ ဖြစ်တယ်ဗျ"

ဇော်လွင်က တော်လှန်ရေးမူအတိုင်း မပြောတော့ပါ။ တွေဝေယိမ်းယိုင်တာကို ဦးအုန်းကြည် အကဲခတ်မိလိုက်တယ်။ ဒေါသထွက်ပြီး မျက်နှာက အေးစက်မာကြောပြီး တင်းသွားပါတယ်။ သူက ပြင်းပြင်းထန်ထန် ဝေဖန်ပြီး ပြောလိုက်ပါတယ်။

"မာ့က်စ်၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်ကို တလျှောက်လုံး လျှောက်လှမ်းလာတာမှာ ပါတီက သေနတ်လက်နက်ကို ကွပ်ကဲအုပ်ချုပ်ခြင်းသာဖြစ်တယ်၊ သေနတ်က ပါတီကို ကွပ်ကဲတာမျိုး မဖြစ်စေရပါ၊ ရှိ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နေရင် ဒါကို ဆန့်ကျင်ကြရပါမယ်၊ အကယ်၍ သေနတ်က ပါတီကို ကွပ်ကဲတာမျိုးကို သဘောတူရင် ဒါဟာ စစ်ဘုရင်အုပ်စုက ပါတီကို ကွပ်ကဲအုပ်ချုပ်ခြင်း ဖြစ်သွားမှာဖြစ်တယ်၊ ပြန်လည်ပြင်ဆင်ရေးဝါဒီလုံးလုံး ကြီးကို ဖြစ်သွားပါပြီ၊ ပါတီတွင်းမှာ ဒီမိုကရေစီကျကျ ရွေးချယ်တင်မြှောက် ကြမယ်၊ ဒါက ပါတီရဲ့ မူဝါဒစည်းမျဉ်းစည်းကမ်းနဲ့ ကိုက်ညီပါတယ်၊ ဒါပေမဲ့ ရွေးချယ်ဆုံးဖြတ်ရမယ့် အချက်အလက်တို့က စစ်အုပ်စုတို့ရဲ့ ကွပ်ကဲရေးကြိမ်တုတ်အောက်မှာ ရွေးချယ်ရတာမျိုးကို ဘယ်နည်းနဲ့မှ လုပ်လို့ မဖြစ်နိုင်ပါ၊ မင်းတို့ကသာ လက်နက်အားကိုးတာကို စွန့်လွှတ်မယ်၊ တပ်ကို မူရင်းနေရာဆီ ပြန်လည်ဆုတ်ခွာမယ်၊ ဒီတော့မှသာ ပါတီတွင်းက အမှုကိစ္စတွေကို ဘယ်လိုစီစဉ်ဆောင်ရွက်ကြမလဲဆိုတဲ့ ပြောနိုင်တဲ့ အရည်အချင်း ရှိလာမှာဖြစ်ပါတယ်"

ဦးအုန်းကြည် သူ့ကိုယ်သူ သဘောပေါက်သွားတယ်။ သူ့ရဲ့ပုံစံက အတော်လေး လွန်ကဲသွားတာကို သူ့ဖာသာ သဘောပေါက်သွားပါတယ်။ ဒါက ပြန်လည်သိမ်းသွင်းရမယ့် လုပ်ငန်းအတွက် ဆိုးဝါးသွားစေပါတယ်။ သူ့လေသံကို ပြင်လိုက်တယ်။ မငြိုးမငြင့် သွန်သင်ခြင်းနှင့် စိတ်ကောင်း စေတနာထားပြီး ပြောလိုက်တယ်။

"ရဲဘော်လီလိမင်၊ ရဲဘော်ဝေ့ချောင်ရင် နောက်ပြီး ရဲဘော်လျူကိုစီ၊ မင်းတို့ကို ပါတီက ပြုစုပျိုးထောင်ပြီး ကြီးပြင်းလာကြတဲ့သူတွေပါ၊ မင်းတို့ရဲ့ အစွမ်းအစတို့က ပါတီရဲ့ ပြုစုပျိုးထောင်မှုတွေ ဖြစ်ပါတယ်၊ ကနေ့ မင်းရောက်တဲ့ နေရာတွေဆီ ပေါက်ရောက်ခဲ့ကြပါပြီ၊ ဘယ့်နှယ့်ကြောင့် လူ့သရမ်းတို့ရဲ့ လှုံ့ဆော်ချက်ကို ခံယူပြီး ကိုယ့်ရဲဘော်အချင်းချင်း ရန်ဘက် လို ပြုမူကြရတာလဲဗျ၊ မင်းတို့ရဲ့ နီရဲတဲ့ မျိုးစေ့တွေက ဆင်းရဲသူဆင်းရဲ သားတွေအတွက် ပျိုးပင်တွေ ပျိုးထောင်ကြဖို့ဖြစ်ပါတယ်။ မင်းတို့ဟာ အခုဆိုရင် ပါတီက အားထားရတဲ့ အလယ်အလတ်အမာခံတွေ ဖြစ်နေပါပြီ၊ မင်းတို့ရဲ့ တော်လှန်ရေး ရှေ့တက်လမ်းက နံနက်ခင်း ရှစ်နာရီ၊ ကိုးနာရီ အချိန် နေသူရိန် ဖြစ်ပါတယ်၊ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် မြန်မာနိုင်ငံ တိုင်းရင်းသားအသီးသီးတို့ရဲ့ ကိုယ်ပေါ်မှာ တည်နေပါတယ်၊ ကျုပ်တို့ တော်လှန်ရေးသမားကြီးတွေ အများစုက သက်ကြီးရွယ်အိုတွေ ဖြစ်ကုန်ပါ



ပြီ၊ တော်လှန်ရေးလုပ်ငန်းရပ်တို့ရဲ့ လက်ဆင့်ကမ်း အားယူရမယ့်အချိန်က မကြာခင်မှာ မင်းတို့ဆီကို ရောက်လာမှာ ဖြစ်ပါတယ်၊ မင်းတို့ပါတီရဲ့ ယုံကြည်ချက်တွေ မပျောက်ဆုံးပါစေနဲ့၊ ဗကပခေါင်းဆောင်တဲ့ ဗမာ့တော် လှန်ရေးတိုက်ပွဲ ယုံကြည်ချက် မပျောက်ကွယ်ပါစေနဲ့၊ ကွန်မြူနစ်စနစ် ဆန့်ကျင်သူတို့ ဖြန့်လွှင့်တဲ့ ကွန်မြူနစ်ပါတီဟာ တနေ့တခြား သေးငယ်ပြီး ပပျောက်သွားမယ်ဆိုတဲ့ တွေးခေါ်ယူဆချက်တို့ကို မယုံကြည်ကြပါနဲ့၊ ဖုန် ကျားရှင်မိသားစုညီအစ်ကိုတွေဟာ ဟိုးတချိန်တုန်းက ကိုးကန့်ရန်စော်ဘွား ရဲ့ နောက်လိုက်ခွေးနှင့် လက်ပါးစေဖြစ်ခဲ့ဖူးပါတယ်၊ (၄၀) ခုနှစ်ခေတ်တွေ ကနေ (၆၀)ခုနှစ်ခေတ်တွေမှာတုန်းက ကူမင်တန်ပါတီ နောက်လိုက်ဓားပြ အသွင်သာ ရှိပါသေးတယ်၊ ရှုံးနိမ့်သွားပါတယ်၊ လမ်းပျောက်ဆုံးပြီး ဗကပ ထဲ ဝင်ရောက်ခိုလှုံရပါတယ်၊ ဖုန်ကျားရှင်က စစ်ဘုရင်အုပ်စုက ဆင်းသက် လာတဲ့သူ ဖြစ်ပါတယ်၊ ငါတို့နှင့်က ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ် တယ်၊ ခိုင်လုံတဲ့ သတင်းအချက်အလက်မှာက မြန်မာနိုင်ငံစစ်အစိုးရက ၁၉၈၂ ခုနှစ်မှာ အထူးလှုပ်ရှားမှုအဖွဲ့ကို ဖွဲ့စည်းလိုက်ပါတယ်၊ စစ်တပ် သတင်းထောက်လှမ်းရေး ဌာနမှူး ဗိုလ်ချုပ်ခင်ညွန့်ကိုယ်တိုင် ဒီအဖွဲ့အစည်း ကို ချုပ်ကိုင်ပါတယ်၊ ဗကပဆန့်ကျင်ရေးမူဝါဒကို လုပ်ကိုင်ပါတယ်၊ ခု တလော ဖုန်ကျားရှင်နှင့် အစိုးရစစ်ထောက်လှမ်းရေးတို့ လျှို့ဝှက်ဆက်သွယ် ကြပါတယ်၊ ဒါ့အပြင် ယခုလဆန်းပိုင်းမှာ ဒီတော်လှန်ရေးဆန့်ကျင်မှုအကွက် ကို ရွှေ့လိုက်ပါတယ်၊ သူတို့က ပါတီကို အကွဲကွဲအပြားပြား ပြိုကွဲစေပါ တယ်၊ ပါတီကို ရောင်းချလိုက်တယ်၊ မြန်မာအစိုးရဆီ လက်နက်ချအညံ့ခံ လိုက်ပါတယ်၊ မင်းတို့တွေက သူလိုအတန်းစားနဲ့ တတန်းထဲ မရောယှက် ကြပါနဲ့၊ သူ့ရဲ့မာယာညွှတ်ကွင်းထဲ မသက်ဆင်းကြပါနဲ့၊ သူနဲ့လိုက်ပါပြီး မျက်ကန်းတစ္ဆေ မလျှောက်လှမ်းကြပါနဲ့၊ သမိုင်းရဲ့ အတွေ့အကြုံ ပညာပေး မှုတွေကို မှတ်သားကြပါ၊ တစ်ချက်မှားရင် တစ်သက်လုံး သွားပါလိမ့်မယ်"

လျူကိုစီက ဆေးလိပ်သရဲဖြစ်တယ်။ သူ့ရဲ့စားပွဲခုံပေါ်က ပြာခံခွက် ထဲမှာ မျှော်စင်နီတောင်တံဆိပ် စီးကရက်ဖင်စီခံတွေ ပုံနေပါတယ်။ ဦးအုန်း ကြည်ရဲ့ ပြောစကားတွေ၊ ဆုံးမစကားတွေက သူ့နှလုံးသားကို ညစ်ညူးစေ ပြီး ဒေါသထွက်လာပါတယ်။ သူ မထိန်းချုပ်နိုင်တော့ဘဲ လက်ထဲက စီး

www.burmeseclassic.com

www.burmeseclassic.com



ကရက်ဖင်စီခံကို အတင်းဖျစ်ညှစ်လိုက်ပါတယ်။ လှောင်ပြောင်ရယ်မောပြီး ပြောလိုက်ပါတယ်။

''ရဲဘော်ဖုန်ကျားရှင်က ကွန်မြူနစ်ပါတီအပေါ် သံယောဇဉ်မပြတ်ပါ၊ အတွေးအခေါ် ကြွပ်ဆတ်မာကြောတဲ့ အာဏာအတတ်ကို ကစားခုန်စားလုပ်တဲ့ တော်လှန်ရေးကို နှောင့်ယှက်ဖျက်ဆီးတဲ့ ဗကပအရေးပါသူတချို့ကိုသာ အကြင်နာမဲ့ခြင်းသာ ဖြစ်ပါတယ်၊ ရဲဘော်ဦးအုန်းကြည်ခင်ဗျာ၊ အမှန်တရားကို တင်းခံထားတယ်၊ မှားယွင်းတဲ့ လမ်းကြောင်းကို ရိုက်ချိုးတာက အပြစ်တဲ့လားခင်ဗျာ၊ ကျွန်တော်ပြောမယ်၊ ခင်ဗျားက ဒါတွေကို မျက်ကန်းတစ္ဆေ ကြောက်သလိုမျိုးဆိုရင် ဘာမှတွေးမပူပါနှင့်ခင်ဗျာ၊ ကျွန်တော်တို့အားလုံး အသက်က (၃၀)ကျော်၊ (၄၀)တွေပါခင်ဗျာ၊ ကျွန်တော်တို့နှလုံးသားရင်ခွင်ထဲမှာ ကိုယ်စီ ပေသီးတစ်ခုစီ ရှိနှင့်ကြပါတယ်ခင်ဗျာ၊ လွယ်လင့်တကူ အသုံးချခံရလိမ့်မယ်ဆိုတာ မထင်လိုက်ပါနဲ့ခင်ဗျာ၊ ဘယ်သူကမှန်၊ ဘယ်သူကမှား၊ အမှန်တရားက ဘယ်သူ့လက်ဖဝါးရဲ့ အထဲမှာ ရှိတယ်ဆိုတာ ကျုပ်တို့ ရှင်းရှင်းလင်းလင်း သိရမှာပါခင်ဗျာ''

သူက မှတ်စုစာအုပ်ကို ပိတ်လိုက်တယ်။ ခပ်တည်တည်နဲ့ ပြောလိုက်ပါတယ်။

''ဒီကနေ့ ဆွေးနွေးမှုက ဒီမှာတင် အဆုံးသတ်သွားပါပြီ၊ နှစ်ဖက်ရဲ့ အမြင်တွေ၊ တောင်းဆိုချက်တွေ အားလုံး 'လင်း'သွားပါပြီ၊ ရပ်တည်ချက် ကွာခြားမှုက သိပ်ပြီးကြီးမားလွန်းပါတယ်၊ အပြန်ပြန်အလှန်လှန် ဆွေးနွေးညှိနှိုင်းကြပေမယ့်လည်း တစ်ထပ်ထဲ သိမြင်ဖို့က ခက်လှပါတယ်၊ ကိုးကန့်ဖက်က ဖျန်ဖြေရေးကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော့်အနေနဲ့ နှစ်ဦးနှစ်ဖက်ကို ကြိုတင်သတိပေးပါ့မယ်။ နှစ်ဖက်စလုံး အေးဆေးတည်ငြိမ်စွာ ရှိကြဖို့၊ စိတ်လိုက်မာန်ပါ မဖြစ်ကြဖို့ကို ကျွန်တော်မေတ္တာရပ်ခံလိုက်ပါတယ်ခင်ဗျာ။ အဖက်ဖက်ကနေ ထိန်းချုပ်ကြပါခင်ဗျာ။ အခြေအနေတစ်ခုလုံးကို များများစားစား ဦးစားပေးတွေးခေါ်စမ်းစစ်ကြပါခင်ဗျာ၊ အကောင်းဆုံးကတော့ 'ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးခြင်း'ဖြင့်သာ ပြဿနာကို ဖြေရှင်းကြပါခင်ဗျာ၊ ဒီလိုမှ မဟုတ်ရင်ဖြင့် တွေးဆလို့ မရနိုင်တဲ့ အဆုံးရှုံးကြီး ဆုံးရှုံးကြရပါလိမ့်မယ် ခင်ဗျာ''



ခန့်မှန်းတွက်ဆလို့ မရနိုင်တဲ့ အန္တရာယ်ကို ကာကွယ်ဖို့အတွက် လျူကိုစီကိုယ်တိုင် ဦးအုန်းကြည်နှင့် ဇော်လီ ဦးဆောင်လာတဲ့ ဗကပကိုယ်စားလှယ်အဖွဲ့ကို ပြန်လည်ပို့ဆောင်ပါတယ်။

မိုးချုပ်သွားပါပြီ။ မြောက်ပိုင်းဌာနရဲ့ ကားတန်းက ကွမ်တာ့က ထွက်လာပြီး (၁)ကီလိုမီတာခန့်အရောက်မှာ (၄၁၉)တပ်ရင်းကို ဝတပ်သားတွေက တားဆီးလိုက်ပါတယ်။ လက်နှိပ်ဓာတ်မီး မီးဆလိုက်တန်းတို့က ကားအတွင်းပိုင်းဆီ ထိုးဝင်လာပါတယ်။ ဦးအုန်းကြည်နှင့် ဇော်လီတို့ရဲ့ မျက်နှာပေါ် ထိုးထားပါတယ်။

''ကားထဲမှာ ဗမာအရာရှိတွေ ထိုင်နေတယ်ဟေ့၊ သူတို့ကိုဖမ်းပစ်လိုက်ကြ''

အခြေအနေဆိုးကို ရင်ဆိုင်ကြုံတွေ့နေရတဲ့ ဦးအုန်းကြည် ကြောက်လန့်ပြီး တကိုယ်လုံး တုန်ရီနေပါတယ်။

လူကိုစီ စီးနင်းလာတဲ့ကားက တတိယအစီး ဖြစ်နေပါတယ်။ ရှေ့ကားတန်း အတားအဆီး ခံရတာကို တွေ့မြင်လိုက်တယ်။ ကပျာကယာ ကားပြတင်းပေါက်ကနေ ခေါင်းပြူထွက်ပြီး ရှင်းပြလိုက်ပါတယ်။

''သူတို့က ဆွေးနွေးပွဲကိုယ်စားလှယ်တွေဖြစ်တယ်၊ သူတို့ကို လွှတ်ပေးလိုက်ပါ''

လျူကိုစီ ကွမ်တာ့ဆီကို ပြန်လည်ဆိုက်ရောက်လာပါတယ်။ လီလိမင် ဝေ့ချောင်ရင်နှင့် လေ့လာသုံးသပ်ပြီး ဆုံးဖြတ်လိုက်ပါတယ်။ (၁၇)ရက်နေ့ (၆း၀၀)နာရီ၊ တပ်ဖွဲ့ မုန်းကိုးထဲ ဝင်လိုက်ပါတယ်။ ဒါ့အပြင် ကိုးကန့်ဌာနချုပ်ဆီ အစီရင်တောင်းခံပါတယ်။ တောင်းခံတဲ့ ကြေးနန်းစာမှာက-

စစ်သေနာပတိချုပ်ဖုန် -

(၁) ကျွန်တော့်တပ်ဖွဲ့က အဖက်ဖက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတွေကို ပြင်ဆင်ပြီးဆုံးသွားပါပြီ။ (၂) ကျွန်တော်တို့တပ်ဖွဲ့က တပ်ရင်း (၅)ရင်းအင်အားဖြင့် (၁၇)ရက်နေ့၊ နံနက် (၆း၀၀)နာရီမှာ မုန်းကိုးကိုတိုက်ခိုက်သိမ်းယူဖို့ အစီစဉ် ရေးဆွဲထားပါတယ်။ (၃)အဖက်ဖက်အရပ်ရပ် အခြေအနေ သီးတို့ရဲ့ သတင်းအချက်အလက်ကို ယခုပိုင်းခြားစိတ်ဖြာလိုက်ရင် မုန်းကိုး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်ရေးမှာ ကြီးမားတဲ့ သွေးချောင်းစီးတဲ့ ထိပ်တိုက်ရင်ဆိုင်မှုကြီး ဖြစ်နိုင်ချေ မရှိပါ။

ညွှန်ကြားချက်ပေးပါရန်-

**မြစ်နောက်ဘက်ကမ်း**

**ကွပ်ကဲရေးတပ်**

**၁၆-၃-၁၉၆၉**

**PM (၁၉:၀၀)**

ဖုန်ကျားရှင် အလျင်အမြန် တုန့်ပြန်လိုက်တယ်။ ညွှန်ကြားမှု သုံးရပ် ထုတ်ပြန်လိုက်တယ်။ (၁) မင်း ပြင်ဆင်ထားချက်အတိုင်း အကောင်အထည် ဖော် ဆောင်ရွက်ပါ။ (၂) ပထမဆုံး သေနတ်ပစ်ဖောက်ခြင်း မရှိရအောင် အစွမ်းကုန် ရှောင်လွှဲပါ။ (၃) အကယ်၍ တစ်ဘက်က သေနတ် စတင် ပစ်ခတ်လာရင် ပြတ်ပြတ်သားသားပဲ ချက်ချင်း တုံ့ပြန်ပစ်ခတ်ပါ။ ၄င်းပစ်ခတ်မှုကို အပြီးတိုင် ချေမှုန်းပစ်ပါ။

ဦးအုန်းကြည် အစရှိတဲ့သူတွေ မုန်းကမ်းမြစ်ကမ်းနဖူးက ယာယီ ကွပ်ကဲရေးစခန်းဆီကို ပြန်လည်ဆိုက်ရောက်ပါတယ်။ ချက်ချင်းပဲ တပ်ရင်း အထက်ကေဒါတွေကို ခေါ်ယူပြီး အစည်းအဝေး လုပ်ကြပါတယ်။ ဆွေးနွေး ကြတဲ့ အချက်အလက်တွေကတော့

ဒီအချိန်ရောက်တော့မှ သူ ဘာကိုတွေ့လိုက်ရသလဲဆိုတော့ မြောက် ပိုင်းဒေသ ကာကွယ်ရေးဌာန ဌာနမှူး ကျောက်ကုန်း ရောက်ပြီး လက်နက်ချ သွားပါတယ်။ မုန်းကိုးက ပြည်သူ့စစ်တပ်လည်းပဲ လျူကိုစီရဲ့ သိမ်းသွင်း ခေါ်ဆောင်တာကို လိုက်နာပြီး ကုန်းကြမ်းနှင့် နန့်စု အုပ်စုကို စုစည်းလိုက်ပါ တယ်။ မုန်းကိုးမှာ တပ်အင်အား ကင်းမဲ့တဲ့ မြို့အခွံကြီးသာ ကျန်ရစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ လျူကိုစီရဲ့ လက်ရေးစာကို ရရှိလိုက်ပြန်တယ်။

"စစ်ဦးစီးမှူးကြီး ဦးအုန်းကြည်ခင်ဗျာ၊ အင်မတန် ဝမ်းနည်းစွာနဲ့ ကြားဝင်ဖျန်ဖြေမှု ရှုံးနိမ့်သွားပါပြီလို့ ကျွန်တော် ကြေငြာချက် ထုတ်ပြန် လိုက်ရပါတယ်ခင်ဗျာ၊ လီလိမင်တပ်ဖွဲ့က နက်ဖြန်နံနက် (၆:၀၀) နာရီ အချိန်မှာ မုန်းကိုးကို အင်အားသုံးပြီး သိမ်းပိုက်ပါတော့မယ်ခင်ဗျာ၊ ခင်ဗျား ရဲ့ ဒေါသကို ထိန်းချုပ်နိုင်ဖို့ကို ကျွန်တော် မျှော်လင့်ပါတယ်ခင်ဗျာ၊ ဘယ်



လိုအကြောင်းကြောင့်ပဲ ဖြစ်ပေါ်လာပါစေ၊ ခင်ဗျားဘက်က ပထမဆုံး သေ နတ်ပစ်ဖောက်လိုက်တာ မဖြစ်ပါစေနဲ့ခင်ဗျာ၊ ပြဿနာ ကြီးထွားလာမှာကို ရှောင်လွှဲပေးနိုင်ပါစေခင်ဗျာ"

"အင်း၊ နောက်ဆုံးတော့ လျူကိုစီရဲ့ မျက်နှာဖုံးစွပ်ကို ခွာချလိုက်ရ ချေပြီပေါ့လေ၊ ရဲဘော်တို့ ပါတီတွင်းဆီ ထိုးဖောက်ရေယှက်ပြီး ဝင်ရောက် လာတဲ့ အရင်းရှင်လူတန်းစားတို့က အမြဲတမ်းပဲ သမိုင်းကြောင်းသော့ချက် အချိန်ကာလ ရောက်တာနဲ့ ရန်သူနှင့် လက်တွဲချိတ်ဆက်လေ့ရှိကြပါတယ်၊ ပါတီအတွက် အင်မတန် ဆိုးရွားတဲ့ ဘေးအန္တရာယ်ကို သယ်ဆောင်လာပါ တယ်"

ဦးအုန်းကြည် မကျေမချမ်းဖြစ်ပြီး စာကို ဇော်လီဆီ လှမ်းပေးလိုက် တယ်။ အစည်းဝေးခန်းထဲ ရှိနေကြတဲ့သူတွေလက်ထဲ စာက ဆင့်ကဲရောက် သွားပါတယ်။ စာဖတ်အပြီးမှာ အားလုံး တိတ်ဆိတ်ငြိမ်သက်သွားကြပါ တယ်။

အားလုံး တိတ်ဆိတ်ငြိမ်သက်နေကြပြီး ဘာသဘောထားမှ မတုန့် ပြန်ကြတာကို မြင်တော့ ဇော်လီက-

"အခုမြောက်ပိုင်းဌာနက အကွဲကွဲအပြားပြား ဖြစ်ကုန်နေပါပြီ၊ တပ် ဖွဲ့အဖြစ် ရှိမနေတော့ပါ၊ အဘက်ဘက်က ပြိုကွဲတော့မယ့် အနေအထားက သေချာပေါက် ရှိနေပါပြီ၊ ကိုးကန့်က အစချီတဲ့ ဒီမြေလျင် လှုပ်ခတ်မှု ကြီးက မြောက်ပိုင်းဌာနသာ မကသေးပါ၊ ကာဆီးမရနိုင်တဲ့ သံကွင်းဆက် လို တုန့်ပြန်ရိုက်ခတ်နေပါတယ်၊ ဝပြည်နယ်နှင့် တခြားတော်လှန်ရေးအခြေခံ စခန်းတွေမှာလည်းပဲ မကြာမတင်မှာပဲ မြန်ဆန်တဲ့ မြေလျင်ကြီး ရိုက်ခတ် လာပါလိမ့်မယ်၊ ကျုပ်တို့စစ်ကြောင်းက သိပ်ပြီးရှည်လျားလွန်းပါတယ်၊ တပ်အင်အားကပါ ပြန့်ကျဲနေပါတယ်၊ ဗဟိုက စိတ်ထင်ရာအတိုင်း မဖြစ် တော့ပါ၊ ကိုယ့်ရဲ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေကို တစ်စစီ အပိုင်းပိုင်း အပြတ်ပြတ် ဖြတ်တောက်နေတာကို အတိုင်းသား ငြိမ်ခံကြည့်နေရတဲ့ ဘဝ အခြေမျိုးကို ဆိုက်ရောက်နေရပါတယ်၊ ဒါက နှလုံးခုန်နေခိုက် အသက်ရှူ မရပ်နားသေးတဲ့အထိ ခံနေရဦးမှာဖြစ်တယ်"

ဦးအုန်းကြည် ထောင်းခနဲ ဒေါသထသွားတယ်။ ပေရှည်တဲ့ ဇော် လွင်ရဲ့ စကားကို ဖြတ်တောက်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ရဲဘော်ဇော်လွင်၊ ခင်ဗျားရဲ့ ငိုချင်းရှည်ကြီးကို ရပ်ထားလိုက်တော့ဗျာ၊ ရဲဘော်တို့ သေမယ်၊ ရှင်မယ်၊ သော့ချက်အချိန် ရောက်လာပါပြီ၊ ယောင်တိယောင်တောင် လုပ်နေလို့ မရပါဘူး၊ ဒါဟာ ငါတို့ပါတီဝင်တွေကို စိတ်ဓာတ်ဆန်းစစ်တဲ့ တိုက်ပွဲခေါ်သံ ဖြစ်ပါတယ်၊ ကျုပ်တို့တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်၊ ပါတီနှင့်အတူလိုက်ပါလျှောက်လှမ်းမယ်၊ ဘယ်တော့မှ မပြောင်းလဲဘူး၊ မုန်းကိုးရဲ့ 'ရန်သာ ငါညှံ့'တဲ့၊ လက်တွေ့ဖြစ်ရပ် အနေအထားမှာ ကျုပ်တို့မှာရေကြောရေနှင့် ရင်ဆိုင်တိုက်ခိုက်လို့ မဖြစ်ပါဘူး၊ တော်လှန်ရေး 'မီးတောက်မျိုးစေ့'ကို ငါတို့ထိန်းသိမ်းထားဖို့ လိုအပ်ပါတယ်၊ ရဲဘော်တို့ ကျုပ်အခိုင်အမာဆုံးဖြတ်ချက် ချလိုက်ပါတယ်၊ မုန်းကိုးက လူသူအားလုံး နယ်မြေပိုင်းခြားထားတဲ့ မြစ်မြောက်ဘက်ကမ်းဆီ ဘေးရန်ကင်းရှင်းတဲ့ဆီကို ဆုတ်ခွာပေးဖို့ကို ဆုံးဖြတ်လိုက်ပါတယ်။ ရှေ့တန်းကွပ်ကဲရေးက မန်ဟိုင်းဆီ ဆုတ်ပါ၊ မြောက်ပိုင်းဌာနမှာ ယန္တရားတပ်ဖွဲ့နှင့် ပြန်ဆုံကြမယ်၊ ပါတီဗဟိုရဲ့ ညွှန်ကြားချက်ကို စောင့်ဆိုင်းနာခံရမယ်"

ဇော်လွင်က မထီမဲ့မြင်ဟန်ဖြင့် သက်ပြင်းချလိုက်ပါတယ်။ ဗကပပြိုကွဲတာက မတိုက်မခိုက်တဲ့ လက်တွေ့ဖြစ်ရပ်ကြောင့်လို့ ကျုပ်ယူဆတယ်ဗျ။ ခေါင်းတလားထဲ အသွင်းခံရတော့မယ့် ဗကပမသာကောင် နောက်လိုက်မယ့်အစား စောစောကတည်းက ကိုယ့်လမ်းကိုထွင် လျှောက်တာပဲ ကောင်းပါလိမ့်မယ်။

လူတိုင်းမှာ ကိုယ်စီဆန္ဒရှိကြပါတယ်၊ ခြေထောက်ဆိုတာက လူတိုင်းကိုယ်စီ ကိုယ့်ခြေထောက်နေရာမှာ ပေါက်တဲ့အရာပါ၊ တော်လှန်ရေးဆက်လုပ်မယ့် ခြေထောက်က ကျုပ်နောက်က လိုက်ပါပြီး လျှောက်ကြပါ"

ဦးအုန်းကြည် ပြောနေရင်းက သူ့ဝန်စည်စလည်တွေကို ထုပ်ပိုးလိုက်တယ်။ ဒါ့အပြင် ဆက်သွယ်ရေးတပ်သားကို ဇရိယာတိုင် ဖြုတ်ချဖို့ ပြောလိုက်ပါတယ်။

ကွမ်တော့ကွပ်ကဲရေးစခန်း မီးရောင်က လင်းထိန်နေပါတယ်။ မျက်နှာသွင်ပြင်မှာက အားလုံး တည်ကြည်လေးနက်ကြပါတယ်။ တစ်ကိုယ်လုံးလက်နက်ခဲယမ်းမီးကျောက် အပြည့်အစုံ [illegible]ပ်ဆင်ထားတဲ့ စစ်သည်တော်



တွေ ပျာယာခတ်မှု မဖြစ်ဘဲ ဝင်ထွက်နေကြပါတယ်။ ဒီအခြေအနေမျိုးကမြစ်နောက်ဘက်ကမ်းဆီက မဟာမိတ်တပ်တို့ ဝင်ရောက်လာတဲ့ စစ်ရေးအနေအထားကို ဖော်ပြလိုက်တာ ဖြစ်ပါတယ်။ လျူကိုစီ၊ လီလိမင်၊ ဝေ့ချောင်ရင် အစရှိသူတို့ရဲ့ ဖြူဖတ်ဖြူလျော်မျက်နှာတို့က ထိုင်လိုက်ထလိုက်နဲ့ ဂဏာမငြိမ်ဘဲ ရှစ်တစ်(ပ့ါယီ) ဝိုင်ယာလက်စက်ကို ဝိုင်းရံနေကြပါတယ်။ အခန်းထဲမှာ တီ တီ တာ တာ လျှပ်စစ်လှိုင်းသံစဉ်တို့က လူ့ရဲ့နှလုံးသားကို ဆုပ်ကိုင်ဆွဲဆောင်နေပါတယ်။ ပွတ်ချွန်းဆေးလိပ်မီးခိုးတို့က တလူလူအုံ့ဆိုင်းဝေရီနေပါတယ်။ အသက်ရှူတောင် မွန်းကျပ်လာပါတယ်။ လီလိမင်က စကားပြောခွက်ကို ကိုင်ထားပါတယ်။ ကြိုတင်ချမှတ်ထားတဲ့အတိုင်း တပ်တို့ကို အရွှေ့အပြောင်းလုပ်နေပါတယ်။ "အမိန့် ၇၀၁ ကွမ်တော့က တပ်ထွက်၊ မုန်းကိုးမြစ်အတိုင်း ချီတက်၊ မြောက်ပိုင်းဌာနချုပ်ကို သိမ်းပိုက်" အမိန့် ၄၁၉က ၇၀၁ ရဲ့ နောက်ဆက်တွဲ အဖြစ်ရှိနေ၊ ကာကွယ်မှုပြု။ အမိန့် ၅၀၁ က နောက်ဆက်တွဲတပ်အဖြစ် မိုင်းကျတောင်ခြေကို ထိန်းချုပ်။ အမိန့် တပ်ရင်း (င) မန်ကန်းမှာ တပ်စွဲထား။ စောင့်ကြပ်ထား၊ မုန်းပိုးက အစိုးရတပ်ဖွဲ့ အခွင့်ကောင်းယူပြီး ဝင်လာမှာကို ဟန့်တားထား။ ဒါ့အပြင် ဟေးမုန်လုံ တပ်မဟာ(၂) အကြွင်းအကျန်တပ် လှုပ်ရှားမှုကို စောင့်ကြည့်။ အမိန့် အမြောက်တပ်ရင်းက မိုင်းကျနှင့် မန်ကန်းကုန်းမြေမြင့်ကို သိမ်းပိုက်ပစ်။ အကယ်၍ မုန်းကိုးကို တိုက်ရခက်ခဲရင် တပ်အင်အား အားလုံးစုပေါင်းပြီး အလုံးအရင်း တပ်လှုပြည့်။ အမိန့် တပ်အသီးသီးက နံနက်မိုးလင်း (၅)နာရီအချိန်မှာ စစ်ဆင်ရေးနေရာမှာ ရောက်နှင့်နေကြရမယ်။ (၆)နာရီမှာ ထွက်တိုက်မယ်။ တပ်ကို အနေအထားပဲဖြစ်ဖြစ်၊ မူလသတ်မှတ်ထားတဲ့ ပန်းတိုင်အတိုင်း ဆောင်ရွက်ကြရမယ်။ အမိန့် ဝိုင်ယာလက်စက်အသီးသီး အသင့်စက်ကို ဖွင့်ထားရပါမယ်။

နံနက် (၄း၃၀)နာရီ၊ တပ်အသီးသီးက မိမိတို့တပ်ဖွဲ့ သတ်မှတ်နေရာဆီ ရောက်ရှိကြောင်း သတင်းပို့လာကြပါတယ်။

နံနက် (၅း၃၀)နာရီ စကားပြောခွက်ထဲကနေ ၇၀၁ တပ်ရင်းမှူးစိုင်းပန်က ဝတိုင်းရင်းသားလေသံနဲ့ ပြောလိုက်ပါတယ်။

ကျုပ်တို့ရှေ့ပြေးတပ်က မြောက်ပိုင်းဌာနနှင့် အကွာအဝေး (၆) ကီလို

www.burmeseclassic.com

www.burmeseclassic.com



မီတာသာ ကွာဝေးနေပါပြီ၊ မည်သည့်လှုပ်ရှားမှု အရိပ်အရောင်ကိုမှ မတွေ့ရှိပါ၊ ၅၀၁ကလည်း လွင်ပြင်ထဲဆီ ဝင်ရောက်လာနေပြီးဖြစ်တယ်၊ ရန်သူ့ အရိပ်အရောင် ဘာတစ်ခုမှ မတွေ့ရှိတဲ့အကြောင်း သတင်းအသီးသီး ရောက်လာကြပါတယ်။

နံနက် (၆း၀၀)နာရီတိတိ။ လီလီမင်ရဲ့ ခံ့ညားတဲ့ အမိန့်ပေးသံက လေထဲမှာ ဟိန်းသွားပါတယ်။

"တိုက်"

ဆယ်မိနစ်အကြာမှာ စိုင်းပန်ဆီက မင်္ဂလာသတင်း ရောက်လာပါတယ်။

"ကျုပ်တို့တပ်ဖွဲ့ အောင်ပွဲခံပါတယ်၊ လမ်းတလျှောက်လုံးမှာ ခုခံမှု ဘာတစ်ခုမှ မကြုံတွေ့ရပါ၊ (၆း၁၃)နာရီမှာ မြောက်ပိုင်းဌာနချုပ်ကို သိမ်းပိုက်လိုက်ပါတယ်၊ မဟာမိတ်အလံတော်ကို မြင့်မြင့်မားမား လွှင့်ထူလိုက်ပါပြီ"

"မြောက်ပိုင်းဌာနချုပ်တပ်ဖွဲ့ ထွက်ပြေးသွားပါပြီ၊ ငါတို့အောင်ပွဲ ခံပြီ" လီလီမင် ဝမ်းသာအားရ ကြွေးကြော်လိုက်တယ်။

"ကျုပ် ရေဗူးထဲမှာ အရက်ရှိတယ်ဗျာ၊ လာ၊ တစ်ခွက် တစ်ဖလားဟေ့"

လျှူကိုစီ ပျော်ပျော်ရွှင်ရွှင်နဲ့ အကြံပြုတိုက်တွန်းလိုက်ပါတယ်။

အထက်ပါ အချက်အလက်တွေက ဗကပပြည်သူ့တပ်မတော်ထဲမှာ ပါဝင်တိုက်ခိုက်ခဲ့တဲ့ စာရေးဆရာ ကျမ်းကျဲန်ကျန်း ရေးသားတဲ့ "တနယ်တကျေးက သွေးခင်းလမ်း" တရုတ်စာအုပ်ထဲက အပိုဒ်ကို ပြန်ဆိုဖော်ပြလိုက်ခြင်းဖြစ်ပါတယ်။

## (၃–ဆ) အကောက်ကြီးမှု ထမြောက်အောင်မြင်ခြင်း

တော်လှန်ရေးအနေအထား တိုးတက်လာပုံက ပင်လယ်ဒီလှိုင်းအသွင်သဏ္ဍာန်နှင့် တူနေပါတယ်။ ၁၉၈၇ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အထိ နောက်ဆုံးတော့ ထပ်မံ ရိုက်ခတ်လာတဲ့ ဒီရေလှိုင်း သုံးကြိမ်တစ်လုံးကို ဗကပတို့



နောက်ထပ်ရင်ဆိုင်ကြုံတွေ့ရပြန်တယ်။ ကျောင်းသားများသပိတ် ရဟန်းသံဃာတော်များရဲ့ စီတန်းလှည့်လည်ဆန္ဒပြပွဲ။ အလုပ်သမားတိုင်း မှောက်တဲ့ အထွေထွေသပိတ်ကြီး။ ဈေးသူဈေးသားအရပ်သားတို့ ပါဝင်တဲ့ သပိတ်ဆန္ဒပြပွဲကြီးက အုံးအုံးထလို့ နေပါတယ်။ နိုင်ငံတကာကပါ မြန်မာ့တစ်ပါတီအာဏာရှင်အစိုးရကို ဝိုင်းဝန်းအပြစ်တင်ကြပါတယ်။ ပြုပြင်ပြောင်းလဲရေး လုပ်ဖို့ ရန်ကုန်အစိုးရကို ဂျပန်နိုင်ငံက ဖိအားပေးပါတယ်။ လိုက်နာဆောင်ရွက်ခြင်း မလုပ်ရင် အမေရိကန် ဒေါ်လာသန်း ၄၀၀၀ အကူအညီကို ရပ်ဆိုင်းလိုက်မယ်ဆိုပြီး အကျပ်ကိုင်ပါတယ်။ အမေရိကန်နိုင်ငံကလည်း ရန်ကုန်အစိုးရကို အကူညီရပ်ဆိုင်းဖို့က သတိပေးလိုက်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားငွေကြေးက အမေရိကန်ဒေါ်လာ (တစ်သန်း)မျှသာ ကျန်ရှိပါတယ်။

ကျားချောင်းချောင်းနေတဲ့ ဗကပတို့ အချိန်အခါ အခွင့်ကောင်းကို တွေ့မြင်သွားကြပါပြီ။ ကောက်ရိုးမြက်ခြောက်ပုံကို မီးစ ပစ်တင်လိုက်ပါတယ်။ သခင်ဗသိန်းတင် အရှုံးအမူးကို အားရဝမ်းသာဖြစ်နေပါတယ်။ ကိုယ်တိုင်ကိုယ်ကျ စောင့်ကြည့်ရင်း မုန်းကိုးကနေ ကွပ်ကဲစီစဉ်ပါတယ်။ ကျောင်းသားလှုပ်ရှားမှု ကြွေးကြော်သံအားလုံးက သခင်ဗသိန်းတင် ကိုယ်တိုင် စာကြမ်းရေးသားခြင်း။ ဒါမှမဟုတ်လည်း စစ်ဆေးအတည်ပြုလိုက်တဲ့ ကြွေးကြော်သံတွေ ဖြစ်ပါတယ်။

ဩဂုတ်လပိုင်းက ကြွေးကြော်သံက မတ်လပိုင်းမှာတုန်းက ခန့်မှန်းပြီး ကြိုတင်ရေးဆွဲချမှတ်ခဲ့တာတွေ ဖြစ်ပါတယ်။ ကြေးနန်းစာဖြင့် မြို့ကြီးအသီးသီးဆီ ကြိုတင်ပို့ထားတာဖြစ်တယ်။ အဲဒီလို လှုံ့ဆော်ရာမှာ အားကောင်းတဲ့ ကြွေးကြော်သံတို့က အရေးတော်ပုံ ပေါ်ပေါက်ရာဆီ တိုက်ခတ်ရောက်ရှိသွားပြီး မီးလောင်ရာလေပင့် တဟုန်းဟုန်း တောက်လောင်သွားပါတယ်။ အရေးတော်ပုံအပြီးမှာ ကြည့်လိုက်တော့ ခြေလှမ်းတို့က သွက်လွန်းအားကြီးနေပါတယ်။

"နေဝင်းကို တွန်းလှန်ပစ်"

"တစ်ပါတီ အုပ်ချုပ်ရေး ရပ်ဆိုင်းပေး"

"ဒီမိုကရေစီ ရရှိရေး၊ ဒို့အရေး"

www.burmeseclassic.com

www.burmeseclassic.com



"စစ်အစိုးရအာဏာ ပြည်သူ့လက်အပ်ပါ"
"ယာယီအစိုးရ ဖွဲ့စည်းပေး"
"တစ်ပါတီအာဏာရှင်စနစ် အလိုမရှိ"
"ပြည်သူ့အစိုးရ တည်ဆောက်ကြ"

အစရှိတဲ့ ပြင်းထန်လွန်ကဲတဲ့ ကြွေးကြော်သံတွေ ဘဝင်ညံလေတယ်။ တချိန်တည်းမှာပဲ နိုင်ငံတဝှမ်းလုံးမှာရှိတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေ စည်းလုံးညီညွတ်ကြဖို့ လှုံ့ဆော်လိုက်ပါတယ်။ မြန်မာအစိုးရကို စစ်ရေးဖြင့် ထိုးနှက်တိုက်ခိုက်ဖို့ လှုံ့ဆော်တိုက်တွန်းလိုက်ပါတယ်။ ဒီတုန်းက မြန်မာအစိုးရကို ဘေးအန္တရာယ် လေးဘက်လေးတန် ဝိုင်းရံနေပါတယ်။ ရန်ကုန်ရုပ်သံသတင်းဌာနက သတင်းမှတ်တမ်းကား ထွက်ပေါ်လာပါတယ်။ ခေါင်းစဉ်က **"လှိုင်းကြီးလေထန် ဖြစ်ရပ်မှန်"** ဖြစ်တယ်။ နှမြောစရာကောင်းလွန်းတာက ဒီအချိန်မှာပဲ ကိုးကန့်ရဲ့ အုံကြွမှုကြီးက ဗကပအတွင်းပိုင်းမှာ ပေါ်ပေါက်လာပါတယ်။ ဒါကို အပြတ်ပြောလို့လည်း ရပါတယ်။ ဖုန်ကျားရှင်ရဲ့ ပုန်ကန်မှုကြီးက ယဲ့ယဲ့လေး ကျန်နေတဲ့ ရန်ကုန်အစိုးရကို ကယ်တင်လိုက်ပါတယ်။

ဗကပမြေအောက်ပါတီ အဖွဲ့အစည်းတွေ ကိုယ်ထင်ပြလှုပ်ရှားလာကြပါတယ်။ နိုင်ငံရေးမျက်နှာစာမှာ ပါဝင်လှုပ်ရှားမှုတွေ လွန်ကဲသွားကြပါတယ်။ အရေးတော်ပုံကို ဦးစီးဦးရွက်ပြုပြီး ကျောင်းသားလှုပ်ရှားမှုနှင့် အလုပ်သမား လှုပ်ရှားမှုတို့ကို နက်ရှိုင်းကျယ်ပြန့်အောင် တွန်းထိုးလှုံ့ဆော်ရင်းကနေ ဗကပမြေအောက်လောကသားတွေ အလိုလို ကိုယ့်ဖာသာ ပေါ်ထွက်ကုန်ပါတယ်။ ၁၉၈၇ ခုနှစ် ဇူလိုင်လ၊ ဗကပ မြေအောက်ပါတီအဖွဲ့ကြီး ဆိုးဆိုးဝါးဝါး ဖျက်ဆီးခံလိုက်ရတယ်။ ဗကပမြေအောက်ပါတီကော်မတီ ဒုအတွင်းရေးမှူး ကိုသက်ခိုင်။ ကော်မတီဝင် ကိုတင်အောင်၊ အထက်ဗမာပြည် မြေအောက်တာဝန်ခံ ချဲန်လင်ဦးဆောင်တဲ့ ပါတီဝင် (၂၀၀)ကျော် ဖမ်းဆီးခံလိုက်ရပါတယ်။ မြို့ကြီးဆယ်မြို့ရဲ့ ပါတီဖွဲ့စည်းမှု အကြီးအကျယ် ဖျက်ဆီး-ခံလိုက်ရပါတယ်။ ဗကပနှင့် ဆက်သွယ်မှုရှိတဲ့ လက်ဝဲနိုင်ငံရေးခေါင်းဆောင်တွေအပြင် ကျောင်းသားလှုပ်ရှားမှု ခေါင်းဆောင်တွေပါ တွဲဖက်ပြီး အရေးယူတာကို ခံလိုက်ကြရပါတယ်။ ခင်ညွန့်က ဩဂုတ်လ



(၅)ရက်နေ့က ရန်ကုန်မြို့မှာ သတင်းထုတ်ပြန်လိုက်ပါတယ်။ ခင်ညွန့်က ပြည်တွင်းပြည်ပ သတင်းထောက်တို့ကို ဇူလိုင်လ (၁)ရက်နေ့မှာ ဖမ်းဆီးရရှိတဲ့ ဗကပမြေအောက်ပါတီရဲ့ သတင်းအတိအကျတို့ကို ထုတ်ဖော်ပြသလိုက်ပါတယ်။

၁၉၈၈ ခုနှစ် မေလပိုင်း ဗဟိုနိုင်ငံရေးဌာန ပန်ခန်းမှာ အစည်းဝေးကျင်းပပါတယ်။ သခင်ဗသိန်းတင်က ဘယ်ဗဟိုနိုင်ငံရေးဌာနကော်မတီဝင်ကိုမှ တယ်လီဖုန်း ဆက်သွယ်ခြင်း မပြုပါ။ ဗဟိုကော်မတီဝင် ဦးရဲဒင်တစ်ဦးတည်းကိုသာ တယ်လီဖုန်းသုံးကြိမ် ဆက်သွယ်ပါတယ်။ အချိန်အတော်ကြာကြာ ဆက်သွယ်ပြောဆိုပါတယ်။ ဒါက အရေးတကြီး သတင်းအစအနလေး ဖြစ်နေပါတယ်။ တရုတ်ဗဟိုဆက်သွယ်ရေးဌာနက ရရှိတဲ့ သတင်းအချက်အလက်ပေါ် မူတည်ပြီး ခွဲခြမ်းစိတ်ဖြာပါတယ်။

"သခင်ဗသိန်းတင်က ဦးရဲဒင်ကို ရွေးချယ်လိုက်တာ ဖြစ်နိုင်ချေရှိနေပါတယ်၊ အဲဒီနောက်မှာ ဦးရဲဒင်က သူယုံကြည်အားထားရတဲ့ ရန်မောက်လျံဆီ သတင်းပေါက်ထွက်သွားပါတယ်။ ဥက္ကဋ္ဌနှင့် ပေကျင်းဘက်က ဗကပရဲ့ ပထမခေတ်က ခေါင်းဆောင်ကို ပေကျင်းဆီ ပြန်လည်ခေါ်ပြုပြီး ကျန်ဘဝသက်တမ်းအတွက် အေးအေးချမ်းချမ်း နေထိုင်ရေးကို ပြင်ဆင်လိုက်ပါတယ်။ မိမိကို အရိုက်အရာ ဆက်ခံပြီး ဥက္ကဋ္ဌအရာ ဆက်ခံပြီး ဥက္ကဋ္ဌအရာ ဆက်လက်ထမ်းဆောင်စေလိုပါတယ်။ ၎င်းရဲ့ အရေးတကြီးတာဝန်က သူ့ကို ဟိုးတချိန်က တရုတ်ကွန်မြူနစ်ပါတီ အလယ်အလတ်ပိုင်း ကေဒါတွေနှင့် ပူးပေါင်းပြီး နယ်မြေတဝက်ကို တိုက်ခိုက်သိမ်းပိုက်လိုက်မယ်။ ပြီးမှ မြန်မာအစိုးရနှင့်ထိုင်ပြီး ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေးက လုပ်ကြပါမယ်။ ဒီအချက်ကကြည့်ရင် ဦးရဲဒင်ရဲ့ တပ်တွင်းအရေးအခင်း ပေါ်ပေါက်မှုက အခြေအနေကို ထိန်းထားရေး ဖြစ်နေပါတယ်။ ကိုယ့်ရဲ့အရိုက်အရာ ဆက်ခံရေးကို တည်ငြိမ်ပြီး အာမခံချက် ရှိစေရေးအတွက် ဖြစ်နေပါတယ်။ ၁၉၈၅ ခုနှစ်မှာ ဗဟိုပါတီကိုယ်စားလှယ်ညီလာခံကို ကျင်းပပါတယ်။ ဗဟိုကော်မတီနှင့် အရံကော်မတီကို ရွေးချယ်လိုက်ပါတယ်။ ကိုးကန့်သား တစ်ယောက်တစ်လေမှ ရွေးချယ်မခံရပါ။ ကိုးကန့်ကေဒါတွေအားလုံးစိတ်ဆိုးမာန်ဆိုး ဖြစ်ကုန်ကြတယ်။ ရန်မောက်လျံနှင့် လျူကိုစီ ကြိုက်ပြီး လျှို့

www.burmeseclassic.com

www.burmeseclassic.com



ဝှက်ဆွေးနွေးကြပါတယ်။ သူတို့အဖြစ်က စစ်တပ်အရေးတော်ပုံ ပြောင်းလဲမှုမှာ ဖုန်ကျားရှင်ကို တင်မြှောက်ခြင်းမပြုဘဲ ဘေးဖယ်ထားလို့ မရပါ။ သူ့ရဲ့ သြဇာအရှိန်အဝါကို အသုံးချရပါမယ်။ သူထွက်လာအောင် ဖိတ်ခေါ်ရပါမယ်။ သူ့ကို တင်မြှောက်လိုက်မယ်။ ရုပ်ပြသမ္မတအဖြစ် တစ်ကြိမ်တစ်ခါလောက် တင်မြှောက်ထားမယ်။ ဒါပေမဲ့ ထင်မှတ်မထားတဲ့ အကွက်က ပေါ်ပေါက်လာပါတယ်။ ဖုန်ကျားရှင်နှင့် လော်စစ်ဟန်တို့ လက်တွဲချိတ်မိသွားကြပါပြီ။

တိုင်းရင်းသားအရေး ထိပ်တိုက်တိုးမှု ပြဿနာကြီးကို မြန်မာအစိုးရ ဖြေရှင်းချင်တာ ကြာလှပါပြီ။ စစ်ထောက်လှမ်းရေး ဗိုလ်ချုပ်ခင်ညွန့်မှာ ပိုပြီးကြီးမားတဲ့ အာဏာတွေ ပိုင်ဆိုင်နေပါပြီ။ အစိုးရဆန့်ကျင်တဲ့ လက်နက်ကိုင်အဖွဲ့အစည်းနှင့် အပြန်အလှန် ပြောဆိုဖို့ လမ်းကြောင်းရှာရပါမယ်။ ဗိုလ်ချုပ်ခင်ညွန့်က ကိုးကန့်ကွန်မြူနစ်ဆန့်ကျင်ရေး တပ်သားဟောင်းကြီး လော်စစ်ဟန်ကို တွေ့မြင်လိုက်ပါတယ်။ လော်စစ်ဟန်ကို ဖိတ်ခေါ်ကမ်းလှမ်းလိုက်တယ်။ ကာလအတန်ကြာ ဗကပတို့ရဲ့ ဘေးဖယ်ထုတ်ခံရတဲ့ ဖုန်ကျားရှင်နဲ့ တွေ့ဆုံစကားပြောခိုင်းပါတယ်။

လော်စစ်ဟန် စစ်ချီထွက်လေပြီ။ ဖုန်ကျားရှင်နှင့် တစ်နေရာမှာ လျှို့ဝှက်တွေ့ဆုံဆွေးနွေးလိုက်တယ်။ ပဋိပက္ခအသွင်တွေကို အသုံးချလိုက်ပါတယ်။ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကိုင်လှုပ်လိုက်တယ်။ နှမြောတွန့်တိုမှုမရှိဘဲ ငွေကြေးတွေနဲ့ အလဲအလှယ်ပြု ဝယ်ခြမ်းလိုက်တယ်။ ရာထူးရာခံ အရိုက်အရာကြီးတွေ ပေးအပ်နှင်းပြီး ဖုန်ကျားရှင်ကို လော်စစ်ဟန် ဝယ်ခြမ်းလိုက်ပါတယ်။ ငွေကျည်ဆံဖြင့် အရာရှိအရာခံနေရာ ပေးအပ်ခံရတဲ့ ဒဏ်ကို ဖုန်ကျားရှင် မခံနိုင်တော့ဘဲ ကောက်ကောက်ပါသွားပါတယ်။ တဆက်တည်းမှာပဲ လော်စစ်ဟန်က ဖုန်ကျားရှင်အားကိုယူပြီး ဗကပကို တချီတည်း ပိုက်ကွန်ထဲ ကျုံးသွင်းထည့်လိုက်မယ့် ဗကပအမြစ်ပြုတ်စီမံကိန်းကို လော်စစ်ဟန် ချပြလိုက်တယ်။ ဖုန်ကျားရှင်ဘက်က ဒါ့လောက် မရက်စက်ရက်ပါ။ လော်စစ်ဟန် အကြံအစည်ကို သဘောမတူပါ။ သူ ရှေ့ရေးနောက်ရေး အမျိုးစုံ ချိန်ဆတွေးလိုက်ပါတယ်။ သူ့အတွင်းစိတ်ဓာတ်အခံမှာက သူဟာ တရုတ်ကွန်မြူနစ်ပါတီနှင့် ဗမာပြည် ကွန်မြူနစ်ပါတီတို့က သူ့ကို ပြုစုစောင့်ရှောက်ပြီး ပျိုးထောင်ခဲ့တဲ့ ကျေးဇူးတရားတွေ ရှိ



နေပါတယ်။ ပါတီအပေါ် ရှိတန်တဲ့ ခံစားချက်က သူ့မှာရှိနေပါတယ်။ အထူးသဖြင့် တရုတ်ကွန်မြူနစ်ပါတီပါ။ သူ့ရင်ထဲမှာ 'ကျေးဇူးတရား' ဆိုတဲ့ လေးလုံးသော တရားတစ်ခုက အခိုင်အမာ ရှိနေပါတယ်။ ဒီမေတ္တာတရားက သူ့ကိုဆွဲဆောင်ထားပါတယ်။ လော်စစ်ဟန် မြန်မာအစိုးရဆီက ယူဆောင်လာတဲ့ ဗကပကို အမြစ်ကစ အပြုတ်ရှင်းပစ်ရေး' စီမံကိန်းကို ဖုန်ကျားရှင် ပယ်ချပစ်လိုက်တယ်။ သူ့နည်းသူ့ဟန်နဲ့ 'သွေးချောင်းမစီး' တဲ့ ဆောင်ရွက်ချက်ကို လုပ်ဆောင်ပါတယ်။ ၁၉၈၉ ခုနှစ် မတ်လပိုင်း ဖုန်ညီနောင်နှစ်ယောက်နှင့် လော်စစ်ဟန် နောက်ဆုံးမှာ အချက်တစ်ချက်ကို တီးခေါက်ဆွေးနွေးကြည့်ကြပါတယ်။ အဲဒီနောက်ပိုင်း ဖုန်ညီအစ်ကိုနှစ်ယောက်၊ ကိုးကန့်ဆီ ပြန်သွားကြပြီး အချိန်အခါကောင်းကို သတိအနေအထားနဲ့ စောင့်ဆိုင်းနေလိုက်ကြတယ်။ လော်စစ်ဟန်က ညတွင်းချင်း ရန်ကုန်ပြန်ပါတယ်။ အခြေအနေအရပ်ရပ်ကို ဗိုလ်ခင်ညွန့်ထံ အစီရင်ခံလိုက်ပါတယ်။

ဒါကို ဗကပဗဟိုက လေသံကြားသွားတယ် ထင်ရပါတယ်။ ဦးရဲခင်ကို ကိုးကန့်ဆီ စေလွှတ်ပြီး စနည်းနာခိုင်းလိုက်ပါတယ်။ သူက ဖုန်ကျားရှင်ကို ရှာပြီး စကားစမြည် ပြောကြပါတယ်။ ဖုန်ကျားရှင်က-

"ရဲဘော်က စစ်ဒေသကော်မတီကိုယ်စား ကျုပ်ကို လာရှာပြီး စကားပြောတာပေ့၊ ဟုတ်လား၊ ကျုပ်ရဲဘော်ကို အခုအခံလေး နည်းနည်းပါးပါး ပေးမယ်ဗျာ၊ အနာဂတ်ရဲ့ အရေးတော်ပုံကြီးက တယ်ပြီးအခြေမလှဘူးဗျ၊ ခင်ဗျားတို့ 'စွတ်ချွမ်းတပ်သားဟောင်းကြီး' တွေမှာလည်းပဲ သွားဖို့လမ်းရှိကြတယ်လေ၊ ဟော... ကျွန်တော်တို့မှာဖြင့် သွားဖို့လမ်း ရှိမနေဘူး ရဲဘော်ရဲ့၊ ကျုပ်တို့ ခေါင်းမာမာနဲ့ ဆက်လက်လုပ်သွားဖို့ပဲရှိတယ်၊ တကယ်လို့ဗျာ၊ ကျုပ်တို့ အောင်ပွဲခံပါပြီတဲ့ဗျာ၊ ကြည့်လေ၊ သူတို့ဗသိန်းတင်ကပဲ ဥက္ကဋ္ဌဖြစ်နေဦးမှာလေဗျ"

အဲဒီနေ့က ထိန်ချုန်းပညာတတ်လူငယ်တပ်သား မိန်ကျဲန့်ဟွေးလည်းပဲ ကိုးကန့်မှာ ရှိနေပါတယ်။ သူက ဆွေးနွေးပွဲမှာ ပါဝင်တဲ့ ရန်မောက်လျို ကို ဖုန်ကျားရှင်ဆီ တစ်ဆင့်မှာလားလိုက်တယ်။ သူ ကိုးကန့်ကို ရောက်နေကြောင်း သတင်းမပြန့်ဖို့ လှမ်းပိတ်လိုက်ခြင်းဖြစ်တယ်။ ဒါပေမဲ့ သတင်းက ပျံ့နှံ့သွားပါပြီ။ ဦးရဲခင် နားထဲ ရောက်ရှိသွားပါပြီ။ သူ့ကို ခေါ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးရဲဒင် တရုတ်ပြည်ထဲဝင်ပြီး ပညာသင်စဉ်တုန်းက သူ့ကို 'အလံနီပါတီ'က ကိုယ်စားလှယ်အဖြစ် စေလွှတ်လိုက်တာ ဖြစ်ပါတယ်။ တရုတ်ပြည်မှာ ဦးနှောက်ဆေးကြောပြီးနောက် (အတွေးအခေါ် ပညာပေးပြုပြင်ပြောင်းလဲမှုပြုလုပ်ပြီးနောက်) သူ့ရပ်တည်ချက် ပြောင်းလဲသွားပါတယ်။ သခင်ဗသိန်းတင်နောက်ကနေ အသေကပ်ပြီး လိုက်ပါလာပါတယ်။ 'စွတ်ချွမ်းတပ်သားဟောင်းကြီး'တွေထဲက ရှေ့တန်းပေါက်မြောက်တဲ့သူ ဖြစ်တယ်။ 'မျိုးရိုးဗီဇကိုက တောထဲက ဝံပုလွေလိုပါ၊ လိုအင်ဆန္ဒ ပြည့်ဝလေတော့ သရမ်းလာတော့တယ်၊ ဦးရဲဒင်ဆိုတာ အဲဒီလူတန်းစားထဲက ဖြစ်ပါတယ်၊ အရှေ့မြောက်ပိုင်း စစ်ဒေသရဲ့ အာဏာကြီးကိုသာ သူ့လက်ထဲ ဆုပ်ကိုင်ပြီးတဲ့နောက်ပိုင်း သူ့လူတွေကိုသာ ကိုယ်ရေးကိုယ်တာအတွက် အသုံးချပါတယ်။ လူတွေက သူ့ကို ကြောက်ရွံ့ရိုသေကြပါတယ်။ ဦးရဲဒင်က တပ်ဖွဲ့ကို တာဝန်ခွဲဝေပေးပါတယ်။ ဘယ်သူ့မှ ဝင်ရောက်စွက်ဖက်လို့ မရပါ။ အကြောင်းကိစ္စရှိရင် သူ့ရှာပြီး ဖြေရှင်းရပါတယ်။ သူက(တစ်)ဆိုရင် (နှစ်)လာပြီး ပြောခွင့်မရှိပါ။ အဲဒါဆိုရင် ဘေးရန်ကင်းရှင်းပါမယ်။ ဗကပပြည်သူ့တပ်မတော်တပ်ဖွဲ့ထဲက ရန်စွတ်ချီဆိုတာက မိန်းမကိစ္စ ပြဿနာတွေပေါ်ပေါက်ပြီးတဲ့နောက်ပိုင်း အပြစ်ရှိလာတော့ ဦးရဲဒင်ဆီ ချဉ်းကပ်လာပါတယ်။ ဦးရဲဒင် ဆောင်ရွက်ပေးလိုက်ရုံနဲ့ အပြစ်က လုံးဝ လွတ်ကင်းသွားစေရမှာ ဖြစ်ပါတယ်။ ဗကပခေါင်းဆောင်ပိုင်းက ရဲဘော်တင်ရီကပါ သူ့ကို လှို့ဝှက်ထားဖို့ ပြောပါတယ်။ လူအလဲအလှယ် လုပ်ပြီး အလှည့်ကျ သူနှင့် ပြောဆိုဆွေးနွေးပါတယ်။ နောက်ဆုံး သူ့မှာ နေစရာ မရှိတော့လောက်အောင် ဖြစ်သွားပါတယ်။ တခြား ထွက်ပေါက်လမ်းကို ရှာပါတယ်။ ထိုင်းနိုင်ငံဆီ လစ်ပြေးချင်နေတယ်။ တကယ်လည်း ထိုင်းဆီ ထွက်ပြေးပါတယ်။ ဒါပေမဲ့ လမ်းတဝက်မှာ ဖမ်းခံလိုက်ရပါတယ်။ ရန်သူထံ လက်နက်ချ အညံ့ခံလိုက်ပါတယ်။

မိန်ကျဲန့်ဟွေးနှင့် ဦးရဲဒင်တို့ချင်း မတူကြပါ။ ရန်စွတ်ချီအမှုအခင်းကြီး ပြီးဆုံးသွားပြီးနောက် မိန်ကျဲန့်ဟွေးက ဦးရဲဒင်ကို ပြောပါတယ်။

"ရန်စွတ်ချီ ပြဿနာပေါ်တုန်းက ခင်ဗျားရှိမနေဘူးဗျ၊ ခင်ဗျားသာရှိနေရင် သူထွက်ပြေးပြီ၊ သစ္စာဖောက်သွားမှာ မဟုတ်ဘူးဗျ"



ဦးရဲဒင်ဆိုတဲ့သူ မြှောက်ထိုးပင့်ကော်တာ ကြိုက်တဲ့သူ ဖြစ်ပါတယ်။ ပြန်မေးပါတယ်။

"ဘာကြောင့်လဲဗျ"

မိန်ကျဲန့်ဟွေးက-

"ခင်ဗျားက အစွမ်းရှိတဲ့သူကို ချစ်မြတ်နိုးတတ်တယ်ဗျာ၊ ကေဒါတွေကို အကာအကွယ်ပေးတတ်တယ်လေဗျာ၊ ဒါ့ကြောင့် ငယ်သားတိုင်းက ခင်ဗျားကို ချစ်ကြတာဗျ"

၁၉၈၄ ခုနှစ်၊ ဆောင်းချမ်းည မိန်းကျဲန့်ဟွေး၊ စွီပင်းလင်းတို့ ဦးရဲဒင်ဆီ သွားကြပြီး မီးလှုံရင်း ခယဝပ်တွားကြပါတယ်။ မိန်းကျဲန့်ဟွေးက အရိပ်အကဲကြည့်ရင်းက ပြောလိုက်ပါတယ်၊ "ဂိုဒေါင်နောက်ဘက်နားက လူတစ်အုပ် (ဗကပဗဟိုကို ရည်ညွှန်းပါတယ်။) -

"ယုံရတဲ့သူတွေ မဟုတ်ဘူးဗျ၊ အလွန်ဆုံးမှ ငါးနှစ်ပေါ့ဗျာ၊ အနည်းဆုံးဆိုရင် သုံးနှစ်ပဲ ကြာမှာပါ၊ အနေအထားက ပြောင်းကို ပြောင်းရလိမ့်မယ်၊ သာမန် ပြောင်းလဲရုံလေးတော့ မဟုတ်နိုင်ဘူးဗျ၊ အဖြစ်နိုင်ဆုံးကတော့ စစ်ဘုရင်အုပ်စုတွေ အကွဲကွဲအပြားပြား ဖြစ်သွားမယ့် အကွဲအပြဲကြီး ဖြစ်ကိုးဖြစ်မှာဗျ၊ တရုတ်သမိုင်းဦး 'ချွန်းချူးကျဲန့်ကို' ခေတ်သမိုင်းကြောင်းအတိုင်း ပြန်ရောက်နေပြီဗျ" (မှတ်ချက် - ဘီစီ ၇၇၀ ခုနှစ်မှ ဘီစီ ၄၇၆ ခုနှစ် တရုတ်သမိုင်းမှာ တိုင်းနိုင်ငံ အစိတ်စိတ်အမွှာမွှာ အများအပြားဆုံး စစ်မက်တိုက်ခိုက်မှု အများအပြားဆုံး ခေတ်ဖြစ်တယ်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မနားတမ်း တိုက်ကြခိုက်ကြတဲ့ ခေတ်ဆိုးကြီး ဖြစ်တယ်။ မြန်မာပြန်ဆိုသူ၏ ရှင်းလင်းချက်)

"တကယ်လို့များ ခင်ဗျားရယ်၊ ရဲဘော်စိုးသိမ်းရယ်၊ ဗိုလ်တိုက်အောင်ရယ်၊ ဖုန်ကျားရှင်ရယ်၊ ခင်ဗျားတို့ ငါးယောက်သာ ညီညွတ်ရေးတပ်ပေါင်းစု ဖွဲ့လိုက်ဗျာ၊ စည်းလုံးညီညွတ်လိုက်ကြစမ်းဗျာ၊ ဗမာ့တော်လှန်ရေးက အဲဒါမှသာ ဆက်လက်တည်တံ့မှုကို တောင့်ခံထားနိုင်မှာဗျ၊ အဲ့ဟိုလူ (ဗကပဗဟို)ကိုသာ အားကိုးနေလို့ မရတော့ဘူးဗျ"

ဦးရဲဒင်ရဲ့ ရုပ်ဆင်းသဏ္ဌာန်က မာရှယ်ချင်ယီနှင့် တူပါတယ်။ ဆံပင်လုံး နည်းနည်းလေး ကျဉ်းတာလောက်ပဲ ရှိမယ်။ မိန်ကျဲန့်ဟွေးက ပြောပြန်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ရဲဘော်စိုးသိမ်းမှာ ကိုယ်ပိုင်မူ၊ ကိုယ်ပိုင်ဟန် မရှိဘူး။ လေနဲ့တိုးတော့လေ ဖြစ်သွားတယ်။ မိုးနဲ့ကြုံရပြန်တော့လည်း မိုးဖြစ်သွားပြန်ရောဗျ။ ဖိုက်တိုက်အောင်ကျပြန်တော့လည်း ဘာအရည်အချင်းမှ မရှိဘူးဗျ။ ဖုန်ကျားရှင်က ရွှေတို့ငွေတို့ကို ဘုရားလို ကိုးကွယ်တဲ့သူတွေဗျ။ တဏှာရာဂကြီးလွန်းတဲ့သူဖြစ်တယ်။ စီးပွားရေးလုပ်ဖို့၊ မယားငယ် မှိုလိုပေါက်ဖို့ပဲ အာရုံက ရှိတာဗျ"

မီးပုံပွဲ ဆွေးနွေးပွဲကြီး ပြီးဆုံးသွားပါပြီ။ လူချင်းခွဲကြတဲ့အခါမှာ ဦးရဲဒင်က မှာကြားပါတယ်။

"ဒီစကားတွေက ဒီမှာပြော၊ ဒီမှာပျောက်နော်၊ ကနေ့ညပြောတဲ့ စကားတွေ တခြားဘယ်ဆီမှာမှ ထပ်ဆင့်မဖြန့်ကြနဲ့နော်"

ဦးရဲဒင် နေအိမ်အခန်းအနောက်ဘက်မှာ လျှို့ဝှက်အခန်းတစ်ခန်း ရှိနေပါတယ်။ ဘယ်သူ့ကိုမှ ဝင်ခွင့်မပေးပါ။ အဲ့ဒီထဲမှာ ဘယ်သူမှ မသိရအောင် လက်နက်ခဲယမ်းမီးကျောက် အများအပြား သိုလှောင်ထားပါတယ်။ ဆပ်မရှင်းဂန်း ဆယ်လက်ကျော်နှင့် ပစ္စတိုသေနတ်တွေ ရှိပါတယ်။

မိန်ကျဲန့်ဟွေးက ပြောပါတယ်။ "သိပ်နည်းလွန်းတယ်"

နောက်ပိုင်းမှာ မိန်ကျဲန့်ဟွေးက တပ်ခွဲနှစ်ခွဲ ခေါ်ဆောင်ပြီး တာဝန်သွားထမ်းဆောင်ပါတယ်။ ရွာတစ်ရွာမှာ ခဲယမ်းမီးကျောက်တစ်သုတ် ထားရစ်ခဲ့ပြန်တယ်။

ဒီအချိန်မှာ ဦးရဲဒင်က သူ့ခေါ်ပြီး တွေ့ချင်တယ်ဆိုလာပါတယ်။ မိန်ကျဲန့်ဟွေး အနေရအထိုင်ရ ခက်နေပါတယ်။ ဦးရဲဒင်ကို အမှန်အတိုင်း ပြောလိုက်ရမလား။ ဒါဆိုပြန်လည်း ကိုးကန့်နောင်တော်ကြီးနဲ့က ခက်နေပြန်ရော။ လိမ်ညာပြောပြန်ရင်လည်း ကိုယ့်အထက်အရာရှိအပေါ် ဘယ်လိုမှ မကောင်းတတ်ပါ။ သူက ရန်မောက်လျံရဲ့ သဘောထားအမြင်ကို ခံယူလိုက်တယ်။ ဒါကို ဘယ့်နှယ်လုပ် ဦးရဲဒင်နှင့် ပြောရချေမလဲ။ ရန်မောက်လျံက ပြောပြပါတယ်။ ပြောတဲ့အခါမှာ ဖုန်ကျားရှင်အကြောင်းကိုသာ လှည့်ပတ်ဝေ့ဝိုက်ပြီးသာ ပြောပါတယ်။ သူ နောက်ဆုံး တွေးတောဆုံးဖြတ်လိုက်ပါတယ်။ "မတွေ့ချင်းသည် အကောင်းဆုံးဖြစ်၏" ဆိုပြီး အကြောင်းပြန်လိုက်ပါတယ်။ မနက်ဖြန် စစ်ဒေသဆီ ပြန်သွားမယ်ဆိုပြီး အကြောင်းပြလိုက်ပါတယ်။ ဒီလိုနဲ့ပဲ ဦးရဲဒင်ကို သွားမတွေ့ပါ။



ဒီနှစ်အပိုင်းအခြား ကာလတွေမှာ ဖုန်ညီနောင်နှစ်ဖော်တို့က ကာလရှည်ရှည်ကြာကြာ ကိုယ့်တာဝန်ကျရာနေရာမှာ ရှိမနေကြပါ။ ကျန်းမာရေး မကောင်းလို့၊ ရောဂါရှိလို့၊ အိမ်ပြန်နားတယ်ကြီး ပြောပါတယ်။ သူတို့ညီအစ်ကိုနှစ်ယောက် ပိုက်ဆံရရေးမှာပဲ မအားမလပ်ဖြစ်နေကြပါတယ်။ ဒါကတော့ မူးယစ်ဆေးကို ရောင်းဝယ်ဖောက်ကားလုပ်နေတဲ့ အလုပ်ထဲမှာ အလုပ်ရှုပ်ပွေနေပါတယ်။ နောက်ပြီး 'ဝက်ကလေးအစာကို စားကြတယ်' (မယားငယ်ယူခြင်း) 'ပျော်မယ်ပါးမယ် သောက်မယ်စားမယ် လောကမှာ ငါဘာမှ နားမလည်' ဆိုတဲ့ ကိန်းအတိုင်း သရုပ်ဆောင်ကပြနေကြပါတယ်။ ဗကပရဲ့ စစ်စည်းကမ်းဆိုတာ သူတို့မျက်စိထဲမှာ ရှိမနေ၊ မြင်မနေတော့ပါ။ အမှန်တကယ်တော့ ဖုန်ညီနောင်နှစ်ဖော်တို့က ခုခံတော်လှန်ဖို့ အားပြိုင်နေခြင်းဖြစ်ပါတယ်။ ဗကပတို့က သူတို့ညီနောင်နှစ်ဖော်ကို 'ပလပ်'ထားခြင်းဖြစ်တယ်။ သူတို့ကလည်း ချော်လဲရောထိုင် နေလိုက်ပါတယ်။ ဖုန်ကျားရှင်က ပြောပါတယ်။ "ဗကပတို့ရဲ့ ညီညွတ်ရေးတပ်ပေါင်းစုဆိုတာက 'ခုတ်ရာတခြား၊ ရှရာတခြား' ဖြစ်နေပါတယ်၊ ဗကပတို့မှာက 'တပ်သားရှိဖို့သာ လိုအပ်တယ်၊ တပ်ဗိုလ်တပ်မှူး၊ အရာရှိအရာခံ ရှိစရာမလို'တဲ့ မူကို ကျင့်သုံးနေပါတယ်၊ ဒါက ကျုပ် အလေးအနက် ခံစားနေရတဲ့ အချက်ပေါ့ဗျာ"

ဖုန်ညီနောင်နှစ်ဖော်တို့ရဲ့ လုပ်ကိုင်သမျှ ပြုမူကျင့်ကြံမှုတွေအားလုံးက ဗကပတို့ကို ဆိုးကျိုးတွေသာ ရိုက်ခတ်စေပါတယ်။ ဗကပဗဟိုကလည်း တစ်ယောက်ကို သတ်ပစ်လိုက်ပြီး အယောက်တစ်ရာ သတိတရား ရစေတဲ့ နည်းလမ်းကို သုံးနေပါတယ်။ ဒီပုံဒီနည်းနဲ့ အခြေအနေကို လှည့်ပြောင်းပစ်ချင်နေပါတယ်။ ဒါပေမဲ့ ဖုန်ညီနောင်နှစ်ဖော်က 'ထူးခြားပုဂ္ဂိုလ်'ဖြစ်ပါတယ်။ တချိန်ကလေးမှာ တုန့်ပြန်လို့ မရနိုင်သေးပါ။ မထင်မှတ်ဘဲ ဗကပကိုယ်၌ကလည်း နှောင့်နှေးနှုန့်နှဲ့လွန်းနေပါတယ်။ နောက်ဆုံးတော့ မြွေပေးခါးပိုက်ပိုက်တဲ့ကိန်းဆီ ဆိုက်ရောက်သွားပါတယ်။

၇ - မတ် - ၁၉၇၉။ တက်ဟုန်ပြည်နယ်ခွဲ ပြင်ပလုပ်ငန်းဌာန၊ ဦး တာဝန်ခံ ဝန်ကျွမ်းယိက လျှူကိုစီးကို မန်စွတ် (မန်စီ) ကနေ ကိုး[illegible] ပြန်ပို့ပါတယ်။ ကားက နန်းစန်နိုင်ငံ တံခါးပေါက်ဝကို ရောက်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား လက်ဆွဲပြီး နှုတ်ဆက်လိုက်ကြပါတယ်။ လျူကိုစီးက လျှို့ဝှက်ချက်တစ်ရပ်အဖြစ် ပြောလိုက်ပါတယ်။

“ကျုပ်တို့ ‘ထကြွ’ တော့မယ်၊ ဒါနောက်ဆုံးတစ်ကြိမ် တွေ့ဆုံတာဖြစ်ကောင်းဖြစ်နိုင်ပါတယ်ခင်ဗျာ”

ဝန်ကျွမ်းယီ မျက်မှန်ကို နေသားတကျ ပြင်တပ်လိုက်တယ်။

“ဒါ့လောက်ကြီးမားတဲ့ အရေးတော်ပုံကြီးဖြစ်လျက်နဲ့ ဘာ့ကြောင့် အချိန်စောစော ကျွန်တော့်ကို အသိပေးရတာတုန်းဗျ၊ ခင်ဗျား ကြိုပြောလွန်းအားကြီးတော့ အဲဒီအချိန်ရောက်ရင် ကျွန်တော်တို့ ဘယ့်နှယ်လုပ် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရတော့မှာလဲဗျာ၊ ‘ထကြွမှု’ ကို ကိုင်တွယ်ရခက်တာမျိုး ဘယ့်နှယ်ဖြစ်တော့မှာလဲဗျ၊ ကဲ…ဘယ်အချိန်လဲဗျ”

လျူကိုစီး တစ်ချက်ကလေး တွေးလိုက်ပါတယ်။ ထစ်ထစ်ငေါ့ငေါ့နဲ့ ပြောလိုက်တယ်။

“ဒီလ (၁၂)ရက်နေ့ ဒါမှမဟုတ် (၁၃)ရက်နေ့မှာပါ”

မတ်လ (၁၀)ရက်နေ့ စစ်ဒေသဌာနချုပ်က ကိုးကန့်ကော်မတီခရိုင်အတွင်းရေးမှူး ဟွမ်ဝန်လန်ကို ပန်ဆန်းဆီ အစည်းဝေးလာပြီး အမြန်တက်ရောက်ဖို့ လှမ်းအကြောင်းကြားလိုက်ပါတယ်။ အရှေ့မြောက်ပိုင်းစစ်ဒေသဆီ ဒုစစ်ဦးစီးမှူးအဖြစ် သွားရောက်တော့မယ့် ကျန်ကျွတ်မိန်က အကြောင်းကြားစာ ရလိုက်တာနဲ့ ခရီးစဉ်ကို ရွှေ့ဆိုင်းလိုက်ပြီး အစည်းဝေးတက်ဖို့ ပန်ဆန်းဆီ ထွက်လာပါတယ်၊ ဒီခရီးစဉ် အလှုပ်အရှားလေးက အထူးသတိရှိနေတဲ့ ဖုန်ညီနောင်ကို သတိပေးလိုက်သလို ဖြစ်သွားပါတယ်၊ သူတို့တွေ တချက်လေးမှ တုန့်ဆိုင်းမနေဘဲ ချက်ချင်းဆွေးနွေးတိုင်ပင်ကြပါတယ်၊ ဗကပဗဟိုက သူတို့ကို အမြန်ဆုံး ကိုင်တွယ်တော့မယ်မှန်း သိလိုက်ပြီဖြစ်တယ်၊ ဒီတော့ လက်ဦးမှု ရယူဖို့ ချက်ချင်းပဲ “ပုန်ကန်” လိုက်ပါတယ်။

မတ်လ (၁၁)ရက်နေ့။ ကိုးကန့်တပ်တွင်း ပုန်ကန်ပြောင်းလဲချိန်တုန်းက ကျန်ကျွတ်မိန်ကိုးကန့်ကို ရောက်စပဲ ရှိနေပါသေးတယ်၊ (၁၃)ရက်နေ့မှာ ယူနန်ပြည်နယ် ပြင်ပလုပ်ငန်းဌာနက ရှောင်ချူး သူ့ကို အကြောင်းကြားပါတယ်၊ ဖုန်ကျားရှင် ပြောင်းလဲသွားပါပြီ၊ ကိုးကန့်မှာ ဗကပနှင့် ဖြတ်တောက်ပစ်လိုက်ပါတယ်၊ “မြန်မာနိုင်ငံ အမျိုးသားဒီမိုကရက်တစ်



ပါတီ” နှင့် “မြန်မာနိုင်ငံအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်” ဖွဲ့စည်းတည်ထောင်လိုက်ပါတယ်၊ တချိန်တည်းမှာပဲ “ယာယီကော်မတီ” ကို ဖွဲ့စည်းလိုက်ပါတယ်၊ ဖုန်ကျားရှင်က ဥက္ကဋ္ဌနှင့် စစ်သေနတာပတိချုပ်ရာထူးကို ယူလိုက်ပါတယ်၊ ဒီသတင်းကို ကျန်ကျွတ်မိန် ကြားသိလိုက်တာနဲ့ သူအတော်လေး အံ့အားသင့်သွားပါတယ်၊ ရုတ်တရက်ကြီး ဖြစ်လွန်းလို့သာ ခံစားရတာပါ၊ သူအကြပ်ရိုက်သွားပါတယ်။

“အဖိုးအိုဖုန်က ဘာ့ကြောင့် အကြောင်းမကြားရတာလဲ၊ သူ့ကို မယုံကြည်တာကြောင့်လား၊ ဒါမှမဟုတ် တခြားအကြောင်းများ ရှိလို့ပဲလား”

ကိုးကန့်တပ်တွင်း အရေးတော်ပုံ ပြီးစီးသွားပြီးနောက် မြစ်နောက်ဘက်ကမ်း ပိုင်နက်နယ်မြေကို ဖုန်ကျားရှင် သိမ်းပိုက်လိုက်ပါတယ်။ (၁၀)ရက်နေ့မှာ ဖုန်ကျားဖုကို စေလွှတ်ပြီး လိုက်ပါပုန်ကန်ဖို့ လှုံ့ဆော်ခိုင်းပါတယ်၊ လူများသလောက် အင်အားကြီးမားတဲ့ တပ်မဟာ(တစ်)က ဝတိုင်းရင်းသား တပ်မဟာမှူး လီလိမင်၊ ကိုးကန့်သား ဒုတပ်မဟာမှူး ဝေ့ချောင်ရင်တို့ရဲ့ ဦးဆောင်မှုအောက်ကနေ လက်နက်ကိုင်ပုန်ကန်လိုက်ပြန်တယ်၊ အဲဒီနောက်ပိုင်းမှာ ကိုးကန့်အုပ်စုနှင့် မြစ်နောက်ဘက်ကမ်း အခြေခံဒေသရဲ့ အနေအထားက ထိပ်တိုက်အနေအထားဘက် သက်ရောက်သွားပါပြီ။

၁၄ ရက်နေ့၊ ကျန်ကျွတ်မိန် ပန်ဆန်းဆီ ဒုန်းဆိုင်းရောက်လာပါတယ်။ ရေဒီယိုသတင်းထုတ်လွှင့်ချက်ကနေ ဖြစ်ရပ်အမှန်ကို သူသိရှိသွားပါပြီ။ (၁၁) ရက်နေ့ ဖုန်ကျားရှင်တပ်ဖွဲ့က ကိုးကန့်ခရိုင်ကော်မတီကို ဆက်ခံလိုက်ပါပြီ၊ ခရိုင်တပ်ဖွဲ့ကြီးက ယန္တရားအဖွဲ့ကြီးနှင့် ကုန်လှောင်ရုံ အစရှိတာတွေကို ထိန်းသိမ်းထားရမှာ ဖြစ်ပါတယ်၊ (၁၃)ရက်နေ့ ဖုန်တပ်ဖွဲ့က မန်ဟုန်ဆီ တပ်စေလွှတ်လိုက်ပါတယ်၊ မူအချက်အလက်အရ ဗကပအရှေ့မြောက်စစ်ဒေသ၊ တပ်မဟာ(တစ်)ရဲ့ တပ်ရင်း(လေး)မှာ သေနတ်တစ်ချက်လေးတောင် မပစ်ဖောက်ရဘဲ ဗကပမြောက်ပိုင်း စစ်ဒေသ တည်ရှိတဲ့ မုန်းကိုးကို သိမ်းပိုက်လိုက်ပါတယ်၊ တပ်မဟာ(နှစ်) နိုင်ငံရေးမှူး ကောင်စီလျံက တပ်ကိုဦးဆောင်ပြီး တရုတ် - မြန်မာ နယ်ခြားဆီ တပ်ဆုတ်သွားပါတယ်၊ ကျန်အခြားတပ်ဖွဲ့ အများအပြားက ဖုန်တပ်ဖွဲ့နောက် လိုက်ပါသွား

www.burmeseclassic.com

www.burmeseclassic.com



ကြပါတယ်၊ ဖုန်ကျားရှင်က တပ်မဟာ(တစ်)၊ တပ်မဟာ(နှစ်)ကို တပ်မ (၈၉၃)အဖြစ် ပူးပေါင်းဖွဲ့စည်းလိုက်ပါတယ်၊ တချိန်တည်းမှာပဲ (ကိုးကန့်ပြည်သူ့သားချင်းများသို့ ထုတ်ပြန်စာ) အစရှိတဲ့ ကြေငြာစာတမ်းတို့ကို ထုတ်ပြန်လိုက်ပါတယ်။ ဗကပခေါင်းဆောင်အလွှာတို့ရဲ့ 'မဟာလူမျိုးကြီးဝါဒ'နှင့် 'ဂိုဏ်းဂဏစွဲ အကျိုးအမြတ်အုပ်စု'ကို ပြစ်တင်ရှုံ့ချထားပါတယ်၊ ပုန်ကန်ထကြွမှု သူတို့နောက်လိုက်ပါခြင်း မပြုတဲ့ တပ်သားတွေကို ဖုန်တပ်ဖွဲ့က ခရီးစရိတ် အနည်းအကျဉ်းပေးပြီး ပြန်လွှတ်လိုက်ပါတယ်။

(၁၅) ရက်နေ့ ဖုန်တပ်ဖွဲ့နှင့် မြောက်ပိုင်းဒေသတပ်ဖွဲ့တို့ နယ်ခြားမှန်းကိုးမြစ်ကမ်းစပ်မှာ ရင်ဆိုင်တိုက်ခိုက်လုနီးပါး ဖြစ်ပွားလိုက်ပါသေးတယ်၊ တရုတ်ပြည်နယ်ခြားစောင့် ရဲတပ်ဖွဲ့က အချိန်နာရီများစွာ ဝင်ရောက်ဖျန်ဖြေရှင်းလင်းပေးခဲ့ရပါတယ်၊ ဒါတောင် နဂို ထိပ်တိုက်ရင်ဆိုင်တိုးနေရတဲ့ အတိုင်း ဗကပလက်နက်ကိုင်တပ်ဖွဲ့ နယ်မြေတွင်းဝင်ရေး ပြဿနာက ဖြေရှင်းလို့ မရနိုင်သေးသလို ဖြစ်သွားရပါသေးတယ်၊ ဝန်ကွမ်းယိနှင့် လုစီးခရိုင် ပြင်ပလုပ်ငန်းတာဝန်ခံက အကြောင်းကြားချက်ကို လက်ခံရရှိပြီးနောက်ပိုင်း မန်ဟိုင်းဆီ ဆင်းဖို့ အသင့်ပြင်ဆင်လိုက်ပါတယ်၊ အချိန်ကိုက် ဖြစ်သွားပါတယ်၊ ဒီအချိန်မှာ လျှုကိုစီးက တရုတ်ပြည်နယ်နိမိတ်ကို ချေးငှားအသုံးပြုပြီး ကိုးကန့်ကနေ မန်ဟိုင်းဆီ ရောက်လာပါတယ်။ သုံးယောက်သားတစ်လမ်းတည်း အတူသွားကြပါတယ်၊ မှန်းကိုးမြစ်ကမ်းနားဆီ ရောက်လာပါတယ်၊ ဟွမ်လောင်စန်းနှင့် ဟွမ်လောင်စွတ်တို့က စပ်မရှင်းဂန်း ကျောထက်မှာ လွယ်ပိုးထားတာကို မြင်တွေ့လိုက်ရပါတယ်၊ လျှုကိုစီး အစရှိတဲ့သူတွေ အနီးအနားတဝိုက်ဆီ ရောက်လာတာကို မြင်တွေ့လိုက်ရပါတယ်၊ ဟွမ်လောင်စန်းက အသံ ကျယ်ကျယ်လောင်လောင် အော်လိုက်ပြီး သူ့သဘောထားကို ပြသလိုက်ပါတယ်။

“ဒေသမှူးလျှု၊ ကျွန်တော်တို့ ခင်ဗျားရဲ့ လက်အောက်ခံအဖြစ် ထမ်းဆောင်ကြပါမယ်ခင်ဗျာ”

ဝန်ကွမ်းယိက လျှုကိုစီးကို တစ်နေရာဆီ ခေါ်သွားလိုက်တယ်၊ လျှုကိုစီးက သူတို့ကို နယ်ခြားမြစ် တောင်ဘက်ကမ်းဆီ ဆုတ်ခွာခိုင်းလိုက်ပါတယ်။



၁၉၈၉ ခုနှစ် (၁၆) ရက်နေ့၊ တရုတ်ဘက်က ဒုဌာနမှူးကိုလျှန်ချန်း (၆၁)ဆေးရုံမှာရှိတဲ့ သခင်ဗသိန်းတင်ကို သွားရောက်တွေ့ခိုင်းလိုက်တယ်။ ဥက္ကဋ္ဌ ဆေးရုံတက်ရောက်ကုသခြင်း အကြောင်းရင်းက မတ်လ (၂) ရက်နေ့မှာ အတွင်းရေးမှူးနှင့် သက်တော်စောင့်တပ်သား စကားများရန်ဖြစ်ကြပါတယ်၊ ဥက္ကဋ္ဌက ဒေါနဲ့မောနဲ့ သူတို့ကို တော်ကြဖို့ ကြားဝင်တားပါတယ်၊ ပစ္စည်းတွေနဲ့ ကောက်ပေါက်ချိန်မှာ ခြေချော်လဲကျသွားပါတယ်။

ဥက္ကဋ္ဌနှင့်တွေ့တော့ ဌာနမှူးလင်က မေးလိုက်တယ်။

“ဖုန်ကျားရှင် တပ်တွင်းပုန်ကန်မှုလုပ်တယ်၊ အာဏာဖီဆန်ပြီး ခွဲထွက်လိုက်တယ်၊ ဗကပတို့ဘက်က ဘာများအကူအညီ လိုအပ်ပါသလဲခင်ဗျာ”

ဗသိန်းတင်က-

“ကျုပ်ပိုင်းခြားစိတ်ဖြာချက်အရကတော့ ဖုန်မိသားစုမှာက အမုန်းတရားတွေ ရှိနေမယ်၊ သူက တမင်ပြဿနာလုပ်ပြီး တစင်ထောင်မယ်ပေါ့ဗျာ၊ ဒါက ကျုပ်တို့ပါတီတွင်းက အကြောင်းကိစ္စဖြစ်တယ်လေဗျ၊ ကျုပ်တို့ဖာသာ ပြေလည်အောင် ဖြေရှင်းသွားမှာပါခင်ဗျာ”

(၁၇) ရက်နေ့ ညနေပိုင်း၊ ဥက္ကဋ္ဌက ပန်ဆန်းမှာ ဦးစီးပြီး နိုင်ငံရေးအစည်းဝေးပွဲ ကျင်းပပါတယ်၊ ကိုးကန့်တပ်အာဏာသိမ်းတဲ့ သဘောသဘာဝ၊ သတ်မှတ်ချက် စိတ်ထားဖြင့် မူဝါဒအကြောင်းတို့ကို လေ့လာသုံးသပ်ကြပါတယ်၊ စည်းဝေးပွဲ စတင်ပါပြီ၊ ဗဟိုရဲ့ ဝေဖန်သုံးသပ်ချက်က-“ဖုန်မိသားစုညီနောင်ခွဲထွက်ရေး'ဖြစ်တယ်၊ ဒါပေမဲ့ အမြန်အဆန်ပဲ ဒါဟာ သုံးသပ်ချက်အမှားမှန်း သိလိုက်ပါတယ်။ ဒီတစ်ကြိမ် အစည်းဝေးပွဲမှာ ဖုန်ကျားရှင်ရဲ့ 'ပုန်ကန်မှု' သဘောသဘာဝကတော့ 'ရန်-ငါ ပဋိပက္ခ'သာဖြစ်တယ်။ အချိန်ကာလ ကြာရှည်အောင်းထားကြတဲ့ အသေးစိတ် ကြံစည်ချမှတ်ထားခြင်းနှင့် မြန်မာအစိုးရတို့နှင့် အပေးအယူလုပ်ထားတဲ့ နောက်ခံအကြောင်းရင်းတွေ ရှိနေပါတယ်၊ စည်းရုံးသိမ်းသွင်းမှုတွေ ရှိတယ်၊ ရည်ရွယ်ချက်ရှိတဲ့ တော်လှန်ရေးပုန်ကန်မှု ဖြစ်ပါတယ်၊ ဒါဟာ ဖောက်ပြန်တဲ့ မြန်မာအစိုးရက ဗကပကို စိန်ခေါ်လိုက်ခြင်းပဲ ဖြစ်ပါတယ်၊ ကိုးကန့်အရေးအခင်းကို ဘယ်လိုသဘောထားကြမလဲ၊ ဘယ်လိုဆောင်ရွက်ကြရမလဲဆိုတာ ဗဟို

www.burmeseclassic.com

www.burmeseclassic.com



မှာ အမြင်နှစ်ရပ် ပေါ်ပေါက်ပါတယ်၊ ၁။ ငြိမ်းချမ်းစွာဖြင့် ဖြေရှင်းမယ်၊ ၂။ စစ်ရေးဖြင့် ဖိမယ်၊ ဒီနှစ်ချက်ကို လက်ညှိုးထောင်မဲစနစ်ဖြင့် ဆုံးဖြတ်ပါတယ်၊ ဒုတိယအချက်က အသာစီး ရရှိသွားပါတယ်၊ ဒါနဲ့ပဲ ပုန်ကန်မှုနှိမ်နင်းကွပ်ကဲရေးအဖွဲ့ တည်ထောင်လိုက်ပါတယ်၊ ကောင်းလျံက တပ်မဟာ(တစ်)ကို ဦးဆောင်ပါတယ်၊ ကျောက်နီလိုင်က တပ်မဟာ (၁၂)ကို ဦးဆောင်ပါတယ်၊ လီကျွတ်လူက တပ်မဟာ (၅)ကို ဦးဆောင်ပြီး ရှေ့တန်းထွက်နှိပ်ကွပ်ရပါမယ်။

အဲဒီနေ့ ညပိုင်းမှာ ဥက္ကဋ္ဌက ကျန်ကျွတ်မိန်ကို ရှာပြီး စကားပြောကြပါတယ်၊ "တရုတ်ပြည်ဘက်က ပတ်သက်တဲ့ ဌာနတွေဆီက ဖုန်ကျားရှင် ပြဿနာလုပ်ပြီး ကွဲပြဲရေး လုပ်သွားတဲ့ အခြေအနေတွေနှင့် ဝပြည်နယ် မငြိမ်သက်မှု အခြေအနေတွေ ကျွန်တော့် အသိပေးပါတယ်၊ ဖုန်ကျားရှင်ရဲ့ လှုပ်ရှားမှုက လှိုင်းလေပြင်းကြီး ထန်နိုင်လောက်အောင် အင်အားမရှိပါဘူး၊ အခုအချိန်မှာ အရေးအကြီးဆုံးကိစ္စက တခြားဒေသတွေကို သေသေချာချာ ဆုပ်ကိုင်ထားကြရမယ်၊ တည်ငြိမ်မှုလုပ်ငန်းတွေကို ဆုပ်ကိုင်ထားကြရမယ်၊ နောက်ပြီး အခြေအနေ တည်ငြိမ်အောင် လုပ်ကိုင်ထားရမယ်၊ ဝပြည်နယ် တပ်ဖွဲ့ မပြောင်းလဲနိုင်ဘူးဆိုတာကို ကျုပ်ယုံကြည်တယ်၊ ကိုယ်တို့ရဲ့ တပ်ဖွဲ့အကြောင်းက ကျုပ်တို့ကိုယ်၌က တရုတ်တို့လူတွေ နားလည်ထားတာထက် ပိုပြီးတောင် နားလည်ပါတယ်ခင်ဗျာ"

ဥက္ကဋ္ဌရဲ့ ဝေဖန်ပိုင်းခြားမှုကို ကျန်ကျွတ်မိန် ကြားလေတော့ သူ့စိတ်ထဲမှာ နားလည်လိုက်ပါပြီ၊ ဗကပအခြေအနေက ကုရာနတ္ထိ ဆေးမရှိကိန်းဆီ ဆိုက်ရောက်နေပါပြီ။

ကျန်ကျွတ်မိန်က ဥက္ကဋ္ဌနှင့် ဆွေးနွေးပြီးတဲ့နောက် သူ့နှုတ်ဖျားကနေ ကြေးနန်းရိုက်မယ့်စာကို ပြောပြနေပါတယ်၊ ကြေးနန်းစာက ဖုန်ဆီပို့မှာ ဖြစ်တယ်၊ ဖုန်ကျားရှင်ကို ဦးပြန်လှည့်ခိုင်းလိုက်တယ်၊ ပြဿနာတွေ ရှိနေပြီး ဘာတွေများ တောင်းဆိုချင်သလဲဆိုတာ ပန်စန်းဆီကို လာရောက်ပြီး ပြေပြေလည်လည် ပြောဆိုလိုပါတယ်၊ ဗဟိုက သူ့ကို အရေးယူမှာ၊ အပြစ်တင်တာ မလုပ်ပါ။ ဒါ့အပြင် သူ့ရဲ့ပုဂ္ဂိုလ်ရေး လုံခြုံမှုတွေ၊ လွတ်လပ်မှုတွေ အားလုံးကို တာဝန်ယူတဲ့အကြောင်း ရေးသားထားပါတယ်။



ဖုန်ကျားရှင်နှင့် ဦးရဲဒင်တို့က ကျန်ကျွတ်မိန်နှင့် တသီးတခြားစီ ဆွေးနွေးတိုင်ပင်ခဲ့ဖူးထားပါတယ်၊ သူတို့နှစ်ယောက်က ကျဲန့်ခန်းခရိုင်၊ ပြင်ပလုပ်ငန်းဌာန၊ ဧည့်ခန်းဆောင်၊ ချင်းရှောင်စု အခန်းလေးထဲမှာ အတူတူ အိပ်စက်လာခဲ့ကြတဲ့သူတွေ ဖြစ်ကြပါတယ်၊ ဗကပအကြောင်းကို အတော်လေး နက်နက်ရှိုင်းရှိုင်း ဆွေးနွေးခဲ့ကြပါတယ်၊ ဗကပဗဟိုအပေါ် မကျေနပ်ချက် အများအပြားကို ဖုန်ကျားရှင်က သူ့ကိုပြောပြပါတယ်၊ ဗကပဗဟိုဆိုတာက မမှားသင့်တဲ့ အမှားတွေကို အမှန်တကယ်ပဲ ချိုးဖောက်ခဲ့တယ်ဆိုတာကိုလည်း ဦးရဲဒင် ထင်မြင်ယူဆထားပါတယ်၊ ဒါ့အပြင် ဖုန်ကျားရှင်ရဲ့အပေါ် ကျရောက်လာမယ့် ဘဝကိုလည်း ဦးရဲဒင်က ကိုယ်ချင်းစာနာမှုရှိကြောင်း ထုတ်ဖော်ပြောကြားပါတယ်၊

ဖုန်ကျားရှင် ပြောလိုက်ပါတယ်

"ကျုပ်ရဲ့အရိုးက ရိုးတွင်းချဉ်ဆီ ခန်းခြောက်ကုန်ပါပြီဗျာ၊ အသုံးမကျတော့ပါဘူး၊ ကိုယ့်ဖာသာ ဘဝအပျော်လေးတွေ ရှာကြံရတော့မှာပေါ့ဗျာ၊ ဒါပေမဲ့ ခင်ဗျားတို့ ယုံကြည်ကြပါဗျ၊ လောင်ဖုန်ဆိုတဲ့ကျုပ်က ပါတီကို ဆန့်ကျင်တာမျိုး မလုပ်ပါဘူးဗျ၊ ဘာ့ကြောင့်ဆိုရင် ဗကပတို့ရဲ့နောက်ကွယ်ရာမှာ တရုတ်ကွန်မြူနစ်ပါတီ ကျောထောက်နောက်ခံ ရှိတယ်လေဗျာ"

အမှန်တကယ်တော့ ၁၉၈၅ ခုနှစ်၊ အောက်တိုဘာလ စောစောမှာကတည်းက လင်းမိန်စင့် (စိုင်းလင်း) 'ဓာတ်မြေ' မဂ်ဂလာလက်ထပ်ခန်းမှာ တကယ့်ကို အားထားရတဲ့ ထိုက်စန်းတောင်ကြီးက ဖုန်ကျားရှင်နှင့် သမက်ကြီး လင်းမိန်စင့် (စိုင်းလင်း)၊ ဒါ့အပြင် ကျန်ကျွတ်မိန်တို့ သုံးယောက်သား တိုးတိုးတိတ်တိတ် လျှို့ဝှက်ဆွေးနွေးမှု တစ်ကြိမ် လုပ်ခဲ့ပါသေးတယ် ခေါင်းစဉ်တပ်ထားတာက "ဗကပတွန်းလှန်ရေး" ဖြစ်တယ်၊ အခြေအနေကို ပိုင်းခြားစိတ်ဖြာထားပါတယ်၊ မူဝါဒကို သုတေသနပြုကြတယ်၊ ထိုစဉ်နှစ်ကာလတွေမှာတုန်းက ဖုန်ကျားရှင်ရဲ့ ရှုထောင့်အမြင်က ဆုန်ကျန်းခြေရာကို နင်းခြင်းပဲဖြစ်တယ်၊ (ရှင်းလင်းချက်- တရုတ်ပြည် ဆုန်မင်းဆက်ခေတ် (ဘီစီ ၉၆၀-၁၂၇၉) 'ကျိကုန်းဘိုးတော်ဝတ္ထုရှည်'ကြီးနှင့် တရုတ်ဂန္ထဝင်လေးအုပ်ထဲက 'ကမ်းစပ်ရေပြင်တိုက်ပွဲ' သမိုင်းနောက်ခံဝတ္ထုရှည်ကြီး ပေါ်ထွန်းခဲ့ပါတယ်၊ ဆုန်မင်းဆက် အစဦးပိုင်းမှာ ထက်မြက်တဲ့ မင်း

www.burmeseclassic.com

www.burmeseclassic.com



ဧကရာဇ်တို့ကြောင့် တရုတ်ပြည်ကြီး ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာပါတယ်၊ နောက်ပိုင်းမှာ စိုးရာဇာတို့ရဲ့ အကျင့်ပျက်ခြစားမှုကြီးတွေ ကြီးစိုးလွန်းတဲ့အတွက် ပုန်ကန်မှုပေါင်းစုံ ပေါ်ပေါက်လာပါတယ်၊ အဓိက သူပုန်အင်အားစုကြီးနှစ်ရပ်က ကမ်းစပ်ရေပြင်ထဲက 'လျံန်စန်းပေါ့တောင်' ကျွန်းမြေပြင် သူပုန်အင်အားစုကြီးနှင့် တရုတ်ပြည်တောင်ပိုင်းအရပ်က သူပုန်အင်အားစုကြီး နှစ်ရပ် ရှိကြပါတယ်၊ တိုက်ပွဲတွေမှာ ဘုရင့်တပ်ဖွဲ့တွေ ပွဲပေါင်း တော်တော်များများ ရှုံးနိမ့်ပါတယ်၊ လျံန်စန်းပေါ့ သူပုန်အင်အားစု ခေါင်းဆောင်သူရဲကောင်း အယောက် (၁၀၈) ယောက်က ခေါင်းဆောင်ကြီး ဆုန့်ကျန်းရဲ့ ဦးဆောင်မှုအောက်မှာ ညီညီတညွတ်တည်း ရှိကြပါတယ်၊ ဒီခေါင်းဆောင်လူစွမ်းကောင်း (၁၀၈) ဦးတို့ဟာ သေအတူ၊ရှင်မကွာ တိုက်ပွဲဝင်သွားကြမယ့် ညီရင်းအစ်ကိုတွေလို လက်မောင်းသွေးဖောက်ပြီး သစ္စာဆိုခဲ့တဲ့ သစ္စာခံတွေ ဖြစ်ကြပါတယ်၊ စည်းလုံးညီညွတ်တဲ့ လူစွမ်းကောင်း (၁၀၈) ဦးတို့ရဲ့ ရွပ်ရွပ်ချွံချွံ ခေါင်းဆောင်ပြီး တိုက်ခိုက်တာကြောင့် ဘုရင့်တပ်ဖွဲ့ ရှုံးပွဲအလီလီနှင့် ရင်ဆိုင်ကြရပါတယ်၊ လျံန်စန်းသူပုန်တပ် တောင့်တင်းလာပါတယ်၊ တိုက်ပွဲကာလ ရှည်ကြာလာတော့ ထိပ်ဆုံးခေါင်းဆောင်ကြီး ဆုန့်ကျန်း စိတ်မကာကို ရှောင်လွှဲချင်လာပါတယ်၊ ဘုရင့်ဆီက အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံပါတယ်၊ နောက်ဆုံးမှာ ဘုရင့်ကိုယ်စား နန်းတွင်းမှာ ခြယ်လှယ်နေတဲ့ နန်းရင်းဝန်ကြီး ကောင်းချူနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရာမှာ သဘောတူညီချက် ရသွားပါတယ်၊ သဘောတူညီချက်မှာ 'လျံန်စန်း' သူပုန်တပ်က မညှာမတာ တိုက်ခိုက်ရာမှာ တောင်ပိုင်းသူပုန်တပ်ဖွဲ့ကြီး လုံးဝ အရေးနိမ့်သွားပါတယ်၊ တောင်ပိုင်းသူပုန်ခေါင်းဆောင်ကြီးကို ချုပ်နှောင်ပြီး မင်းနေပြည်တော်ဆီ ခေါ်ဆောင်လာပါတယ်၊ ခရီးလမ်းမှာ တောင်ပိုင်းသူပုန်ခေါင်းဆောင်က လျံန်စန်းသူပုန်ခေါင်းဆောင် ဆုန့်ကျန်းကို နာနာကျည်းကျည်း ပြောလိုက်ပါတယ်၊ 'ဇာတ်တူသားစားတဲ့ဆုန့်ကျန်း'၊ မင်းရဲ့ဇာတ်သိမ်းလည်း ကျုပ်လိုဖြစ်မှာ ဧကန်မလွဲပါ၊'' လျံန်စန်းသူပုန်တပ်ဖွဲ့ လွတ်ငြိမ်းချမ်းသာခွင့် ရသွားပါတယ်၊ 'လျံန်စန်း' တပ်ကို ဖျက်သိမ်းပစ်လိုက်တယ်၊ သူပုန်ချင်း တိုက်ပွဲမှာ လျံန်စန်းအုပ်စု နိုင်တယ်ဆိုပေမယ့် ခေါင်းဆောင်သူရဲကောင်း (၁၀၈) ထဲကလည်း တော်တော်များများ တိုက်ပွဲမှာ သေကြေ အနာတရတွေ ဖြစ်သွားပါတယ်၊ တပ်



ပြန်ဖွဲ့နိုင်လောက်တဲ့ အနေအထား မရှိတော့ပါဘူး၊ သေသူသေ၊ နာသူနာ၊ လူစဥ်တောင် မမီတော့တဲ့ ဘဝ ရောက်သွားကြပါတယ်၊ မင်းမှုမထမ်းလိုသူ၊ နာမကျန်းဖြစ်တဲ့သူတွေ၊ မပို့မစို့ ထောက်ပံ့ကြေးကို ယူပြီး ကိုယ့်ရပ်ရွာနေ ပြန်သွားကြပါတယ်၊ အနည်းစုကသာ ဆုန့်ကျန်းနှင့်အတူ မင်းမှုထမ်းဘဝ လက်ခံလိုက်ပါတယ်၊ အဲဒီ မင်းမှုထမ်း လက်ခံလိုက်တဲ့သူတွေကို တစ်ဦးနှင့်တစ်ဦး ဝေးဝေးလံလံစီ နေရာချထားပါတယ်။ 'လျံန်စန်းပေါ့' လူစွမ်းကောင်းတို့ရဲ့ တိုက်ပွဲဇာတ်လမ်းကြီးက ဝမ်းနည်းဖွယ်ရာတွေဖြင့် နိဂုံးချုပ်သွားပါတယ်၊ ဘယ်လိုလဲဆိုတော့ မင်းအာဏာပိုင်သူတို့က မင်းမှုထမ်းလျံန်စန်းကလူကို တစ်ဦးနှင့်တစ်ဦး ဝေးလံကွာခြားတဲ့ တနယ်တကျေးဆီ သီးခြားတာဝန်ထမ်းဆောင်ဖို့ နေရာချထားလိုက်ပါတယ်၊ လျံန်စန်းမင်းမှုထမ်းတွေ၊ တစ်ဦးနှင့်တစ်ဦး အဆက်အသွယ် ပြတ်တောက်သွားပါတယ်၊ အကြံပက်စက်တဲ့ ဆုန့်ဘုရင်မင်းရဲ့ နန်းရင်းဝန်ကောင်းချူက မင်းမှုထမ်း လျံန်စန်းသူရဲကောင်းတို့ကို တစ်ဦးချင်းစီ အဆိပ်ခတ် သတ်ပစ်လိုက်ကြပါတယ်၊ 'လျံန်စန်းပေါ့ သူပုန်တပ်ဖွဲ့ကြီး'' တစခန်း ရပ်ဆိုင်းသွားပါတယ်။ -(စုစည်းတင်ပြသူ၏ ရှင်းလင်းချက်)

အခု ဖုန်ကျားရှင်ရဲ့ အမြင်ရှုထောင့်က ဆုန့်ကျန်းနှင့် ဘာမှမကွာခြားတော့ပါ၊ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ကြီးကို အထူးမျှော်မှန်းအားထားနေပါတယ်၊ ဒီခြေလှမ်းကို ကျန်ကျွတ်မိန် သဘောမတူပါ၊ ဘာ့ကြောင့်ဆိုရင် အဲဒီအချိန်တုန်းက 'တရားနည်းလမ်းမကျတဲ့ လူဝင်မှုကြီးကြပ်ရေးဥပဒေ'က အင်မတန် တင်းကျပ်ပါတယ်၊ ရန်စွတ်ချီအစိုးရတပ်ဖက် အညှံ့ခံပြီး ပြင်းထန်တဲ့ အပြစ်ပေးမှုကို သာဓကထားလိုက်ရင် သူတို့ကြည့်မြင်တဲ့ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် လမ်းကြောင်းက လျှောက်လှမ်းလို့ မပေါက်တဲ့ လမ်းကြောင်းဖြစ်နေပါတယ်၊ လင်းမိန်စင့်(စိုင်းလင်း) နှင့် ကျန်ကျွတ်မိန်တို့အားလုံးက ဒီမိုကရေစီစနစ်ဖြင့် ခေါင်းဆောင်ရွေးချယ်တာသာ အကောင်းဆုံးဖြစ်တယ်လို့ ယူဆပါတယ်၊ ဒါပေမဲ့ ဖုန်ညီနောင်တို့က ပါတီပြင်ပက လူပုဂ္ဂိုလ်တွေ ဖြစ်ကြပါတယ်၊ ရွေးချယ်တင်မြှောက်ပွဲလုပ်တဲ့အခါမှာ သူတို့နာမည် လွတ်ကျန်ခဲ့မှာကို စိုးရိမ်ကြပါတယ်၊ ပေါင်းချုပ်လိုက်တော့ အတွင်းပိုင်း အရေးတော်ပုံ ဖန်တီးခြင်းက ဘုံတူညီချက်ဖြစ်နေပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါပေမဲ့ ဘယ်လို တိုက်ပွဲပုံစံမျိုး ဆောင်ရွက်ကြရမလဲဆိုတာမှာ သဘောထားကွဲလွဲမှု ရှိကြပါတယ်၊ ‘လက်နက်ကိုင်’ တိုက်ပွဲလုပ်ရာမှာ ‘လိမ္မာယဉ်ကျေးစွာ တိုက်ပွဲဝင်ရေး’ အပေါ်မှာ ငြင်းခုန်ဆွေးနွေးကြရပြန်တယ်၊ အဲဒီအချိန်တုန်းက ဒီလို ခေါင်းစဉ်အောက်မှာ ပြောရဲဆိုရဲ၊ သူပုန်ထ ပုန်ကန်မှုကို ကြံစည်ရဲတာ၊ တနည်း အဲဒီခေါင်းနဲ့ကိုယ် အိုးစားကွဲရမယ့် ပြစ်မှုကို ကျူးလွန်ရဲတာက ဖုန်ကျားရှင်သာလျှင် ရှိပါတယ်၊ ဒီအချက်ကို ကြည့်ခြင်းအားဖြင့် ဖုန်ကျားရှင်က ပြောရဲ၊လုပ်ရဲတဲ့သူ တစ်ယောက်လို ဖြစ်နေပါတယ်၊ ဒါ့အပြင် ကျန်ကျွတ်မိန်ကို ယုံကြည်စိတ်ချရတဲ့သူ တစ်ယောက်လို့တောင် ယုံကြည်အားထားပါတယ်။

အဲဒီနောက်ပိုင်း ဖုန်ကျားရှင်က မွေးရပ်မြေကို ကာကွယ်စောင့်ရှောက်ရေး အကြောင်းပြလိုက်ပြီး ယူနန်ပြည်နယ် လက်နက်ကိုင်ရဲတပ်ဖွဲ့ဆီက ရင်မင်ပိယွမ် (၆) သန်းဖိုး လက်နက်ခဲယမ်းမီးကျောက်တို့ကို ဝယ်ယူလိုက်ပါတယ်၊ ဒါပေမဲ့ နောက်ဆုံး သူတို့ ယွမ် (၄)သန်းဖိုး ထုတ်ယူလိုက်တယ်၊ ဒါ့အပြင် သူနောက်ဆုံးမှာ ယွမ် (၄) သန်းဖိုး စာရင်းဖွင့်လိုက်ပါတယ်၊ သူက အကြိမ်ပေါင်းများစွာ တရုတ်ဘက်က ပြင်ပရေးရာဌာန အရာရှိဆီက နောက်သလို ပြောင်သလို ရယ်ရွှန်းပတ်ရွှန်းတွေ ပြောပြီး စကား အစဖော်ကြည့်လိုက်တယ်၊ “ကျုပ်ဆိုတဲ့ အကောင်ကြီးကဗျာ၊ အသက်ရှင်လျက်နဲ့ ဝဋ်ခံနေရတယ်ဗျ၊ ကျုပ် ပုန်ကန်ချင်လာပြီဗျာ၊ အဲဒီမဟုတ်ကဟုတ်က အကောင်တွေကို အကုန်လုံး နှင်ထုတ်ပစ်ချင်တာဗျ၊ ဒါပေမဲ့ တရုတ်တို့ဘက်က ဘာသဘောထားမှ ပြန်ဖော်မပြပါ၊ အကယ်၍များ တရုတ်တို့ဘက်ကသာ လေသံလေးတစ်ချက် ဟလိုက်ရုံလေးနဲ့ သူတို့ကို အစောကြီးကတည်းက ခြေသွက်လက်သွက် လုပ်လိုက်ပြီး ဖြစ်တယ်”

ဦးရဲဒင် ဒီလူလည်းပဲ အေးအေးဆေးဆေး မနေတတ်မထိုင်တတ်တဲ့ သူပါ၊ သူ့မှာ နိုင်ငံရေးလောဘဇောက ရှိနေပြန်ပါသေးတယ်၊ ပန်ဆန်းမှာ သူ့မိသားစုတွေ ရှိနေပါတယ်၊ သူ့နှုတ်ပါးစပ်ကိုယ်၌က ကျန်ကျွတ်မိန်ကို ထုတ်ဖော်ပြောခဲ့ပါသေးတယ်။

“ဥက္ကဋ္ဌ သခင်ဗသိန်းတင် အနားယူသွားပြီးတဲ့နောက် ဘယ်သူ ရာထူးဆက်ခံရင် ကောင်းမလဲကွ၊ အများက ဘယ်သူ့ကို ဥက္ကဋ္ဌ တင်မြှောက်ကြမှာလဲကွ”



ကျန်ကျွတ်မိန်က လေသံမှန်မှန်ဖြင့် ပြန်ဖြေလိုက်ပါတယ်၊

“ဒါက ဗဟိုနိုင်ငံရေးဌာန အမြဲတမ်းကော်မတီ ဆွေးနွေးညှိနှိုင်းရမယ့် ပြဿနာဖြစ်ပါတယ်ခင်ဗျာ၊ ကျွန်တော့်လို ပမွှားတစ်ယောက်အနေနဲ့က ဘာဝင်ပြောလို့ရမှာလဲဗျ”

ကျန်ကျွတ်မိန် ယူဆထားတာက–

“ဦးရဲဒင်ရဲ့ အတွေးဗဟိုချက်မက ဖုန်ကျားရှင်ဆိုတဲ့ မကျေနပ်ချက်ရှိတဲ့ ဒီလူ့အခြေအနေ ယိမ်းယိုင်ပြိုကျတာနဲ့ သူ့ရဲ့နိုင်ငံရေးရှုမြင်ပုံရှုမြင်နည်းကို အစွမ်းကုန် တိုးချဲ့လိုက်မယ်၊ နောက်ပြီးတော့မှ အစားထိုးနေရာဝင်ယူမယ်၊ ဥက္ကဋ္ဌ ရာဇပလ္လင်ထက်မှာ တက်ထိုင်မယ့်သူဖြစ်တယ်”

ဖုန်ကျားရှင် ပုန်ကန်စဉ်တုန်းက ကျန်ကျွတ်မိန်ကို မျက်နှာလွှဲခဲပစ်ထားရစ်တာကလည်း နောက်ပိုင်းအကျပ်တွေ့လေတဲ့ အကြောင်းရင်းတစ်ရပ်ဖြစ်ပါတယ်၊ ပုန်ကန်မှုမတိုင်ခင်တုန်းက လျူကိုစီးနှင့် တိုင်ပင်လိုက်ပြီး တပ်မဟာ (နှစ်) နိုင်ငံရေးမှူး ရန်အဲန်းရောက်နှင့် ကျန်ကျွတ်မိန်ဆီ စကားတောက်ကြည့်ပါသေးတယ်၊

“တကယ်လို့ အဖိုးကြီးဖုန် ပုန်ကန်မယ်ဆိုရင် ကျုပ်တို့ ဘယ်လိုလုပ်ရမလဲဗျ”

ကျန်ကျွတ်မိန်က ဖြစ်ရပ်အခြေနေမှန်ကို ဘာမှမသိရသေးဘဲ သိပ်ပြီးတွေးတောမနေဘဲ ပါးစပ်က လွှတ်ခနဲ ထွက်သွားပါတယ်။ “ပြတ်ပြတ်သားသား နှိပ်ကွပ်ပစ်လိုက်ရမယ်”

ဒီတစ်ကြိမ် စကားတောက်ကြည့်လိုက်တဲ့အချိန်က ၁၉၈၉ ခုနှစ်၊ နှစ်ဆန်း (၁) ရက်နေ့ ဖြစ်တယ်၊ နေရာက မန်စွတ်(မန်စီ)မှာ ရန်အဲန်းရောက်အိမ်မှာ နေ့လည်စာ တည်ခင်းဧည့်ခံကျွေးမွေးတာ ဖြစ်တယ်၊ ဖိတ်ကြားထားတဲ့သူတွေကတော့ ကျမ်းကျဲနဲ့ကျန်း၊ စူးထျန်းမိန်၊ ကောင်းဝန်ဝေ၊ ကျန်ကျွတ်မိန်တို့ ဖြစ်တယ်၊ အဲဒီအချိန်တုန်းက ကျန်ကျွတ်မိန်၊ ရန်အဲန်းရောက်၊ လျူကိုစီး၊ အမကြီးဟူ၊ ကျမ်းရွှယ်ချင်းတို့ နေထိုင်ကြတာက မန်စွတ် (မန်စီ) လမ်းမကြီး တောင်ပိုင်းက ငှားရမ်းနေထိုင်တဲ့ အိမ်တွေ ဖြစ်ကြပါတယ်။

လျူကိုစီးက ဒီအခြေအနေကို ဖုန်ကျားရှင်ဆီ အသိပေးအစီရင်ခံပြီးတဲ့နောက်မှာ ဖုန်ကျားရှင်က ကျန်ကျွတ်မိန်ကို ဘေးဖယ်ခေါက်ထားဖို့ကို

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်လိုက်ပါတယ်၊ ကျန်ကျွတ်မိန် ပန်ဆန်းသွားပြီး အစည်းဝေးတက်နေခိုက်မှာ ပုံဖော်ဖို့ ဆုံးဖြတ်လိုက်တယ်၊ ဒါ့အပြင် ကျန်ကျွတ်မိန်ရဲ့ တပ်ဖွဲ့ကို ပုန်ကန်မှု သွားရောက်လှုံ့ဆော်ဖို့ ဖုန်ကျားဖုကို စေလွှတ်ပါတယ်။

သခင်ဗသိန်းတင် ချိန်းဆိုတဲ့ ကြေးနန်းစာကို ဖုန်ကျားရှင် ဖတ်ရှုပြီးတဲ့နောက် အဲဒီညတွင်းချင်းပဲ ပြန်စာကြေးနန်း လှမ်းပို့လိုက်ပါတယ်၊ အကြမ်းဖျဉ်း ရေးထားတာက "ကိုးကန့်က ဒီတစ်လ (၁)ရက်နေ့မှာ ပုန်ကန်ထကြွမယ်၊ ဗကပဦးဆောင်မှုအောက်က ပြတ်ပြတ်သားသားပဲ နှုတ်ထွက်လိုက်မယ်၊ ကိုးကန့်က ကိုးကန့်သားတို့ရဲ့ ကိုးကန့်သာ ဖြစ်စေရမယ်၊ ဗကပဦးဆောင်မှုအောက်က ထွက်ခွာလိုက်ခြင်းက ကိုးကန့်ပြည်သူတို့ရဲ့ အလိုဆန္ဒပဲ ဖြစ်ပါတယ်၊ ရဲဘော် လာရောက်တာကို ကြိုဆိုပါတယ် ခင်ဗျာ၊ ရဲဘော်ရဲ့ လုံခြုံရေးကို ကျွန်တော်တို့ အားလုံး အာမခံပါတယ်။

သခင်ဗသိန်းတင် ကြေးနန်းဖတ်ချိန်မှာ ကျန်ကျွတ်မိန်အနားမှာ ရှိနေပါတယ်။ ကျန်ကျွတ်မိန် ဒေါကန်ပြီး ဆဲဆိုလိုက်တယ်။

"နင့်အမေကလွှားတဲ့၊ လောင်ဖုန်ကြီး၊ ကျုပ်ရဲ့လုံခြုံရေးကို မင်းကာကွယ်ပေးစရာ မလိုဘူးဟေ့"

(၁၈)ရက်နေ့၊ အရှေ့မြောက်စစ်ဒေသ တပ်ခွဲနှစ်ခွဲက ဖုန်ကျားရှင်ရဲ့ ဟို့ကောင်အိမ်ဟောင်းကို ပိုက်စိတ်တိုက် ရှာဖွေလိုက်ပါတယ်။

မြစ်နောက်ဘက်ကမ်းနှင့် ကိုးကန့်က မြစ်ကလေးတစ်မြစ်သာ ကာခြားထားပါတယ်၊ မြစ်နောက်ဘက်ကမ်းမှာ တပ်စွဲထားတဲ့ ပြည်သူ့တပ်မတော်အင်အားက တပ်မဟာနှစ်တပ် ရှိပါတယ်၊ တပ်မဟာ (၁)မှာ တပ်အင်အား (နှစ်ထောင်) ရှိပါတယ်။ အဲဒီအချိန်တုန်းက တပ်မဟာ (၁) နိုင်ငံရေးမှူးကို ဗဟိုက ကိုးကန့်ဆီ စေလွှတ်ပြီး ဖုန်ကိုနှိပ်ကွပ်ရမယ့် အမိန့်ကို လက်ခံရရှိပါတယ်၊ သူ့အဖို့ နှစ်ဘက်အတွက် အကျပ်တွေ့နေပါတယ်။ စစ်မိန့်ကို ဖီဆန်ရင် ဒါက ခေါင်းပြတ်မယ့် အလုပ် ဖြစ်တယ်၊ ဒါပေမဲ့ ညီအစ်ကိုချင်း သတ်ဖြတ်ကြမယ်၊ အတူနေချင်း ရန်ဖြစ်ကြမယ်။ သူဘယ်ဘက်ဆီကိုမှ ငဲ့ကိုက်ပါပါ။ သူဗကပထဲ ဝင်ရောက်ခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ရှိလာပါပြီ၊ ပြည်သူ့တပ်မတော်က ပြည်သူ့တပ်မတော်ကို တိုက်တာ သူတစ်ခါဖူးမှ မကြုံခဲ့ဖူးပါ၊ ဖုန်ကျားရှင်ကို တိုက်ရမယ့် စစ်ကို သူမတိုက်



ရဲလို့ မဟုတ်ပါ၊ အခိကက မလုပ်ရက်တာ ဖြစ်နေတယ်၊ သူ ချီတုံချတုံဖြစ်ရတဲ့ တစ်ချက်က ရှိနေပြန်ပါသေးတယ်၊ သူ့ရဲ့ မြန်မာကျပ်ငွေ (၇) သန်းကျော်က သံလွင်မြစ်ကမ်းနှစ်ဘက် ကမ်းခြေမှာ မြှုပ်ထားပါတယ်၊ အတွင်းစစ်ပွဲ တစ်နေ့နေ့ ပေါ်ပေါက်လာလိုက်တာနဲ့ ဒီငွေကြေးတွေကို ဘယ်လိုမှ ပြန်ယူလို့ မရနိုင်တော့ပါ၊ ဒီအချိန်မှာ ဥက္ကဋ္ဌဗသိန်းတင် သူ့ကို တွေ့ဆုံတဲ့အချိန်မှာ ပြောလိုက်တဲ့ စကားကို သူ သွားပြီး သတိရလိုက်ပါတယ်။

"တပ်ဖွဲ့အာဏာ မင်းကို ပေးအပ်လိုက်မယ်၊ လိုချန်ပေါင်နှင့် ချဲကွျို၊ မင်းတို့သုံးယောက်က တရုတ်ပြည်ကလာတဲ့ ပညာတတ်လူငယ်လေးတွေ ဖြစ်ကြတယ်လေကွာ၊ ဒါ့ကြောင့် ဗဟိုက မင်းတို့ဆိုရင် စိတ်ချရတယ်"

ခု ဒီစကားကို ပြန်ပြီးတွေးမိပါတယ်၊ သူကသာ ဗဟိုရဲ့စကားကို မနာခံရင် ဥက္ကဋ္ဌအပေါ် မျက်နှာပျက်စရာ ဖြစ်နေပြန်တယ်။

ကောင်းလျံ ချီတုံချတုံဖြစ်ပြီး ဆုံးဖြတ်ရခက်နေချိန်မှာ ဖုန်တပ်ဖွဲ့က လျူကိုစီးရဲ့ အစ်ကိုကြီးကို ဧည့်သည်အဖြစ် စေလွှတ်လိုက်ပြန်တယ်။

"နိုင်ငံရေးမှူးကောင်းရှေ့၊ ခင်ဗျားက တပ်မှူးနော်ဆိုင်းရဲ့ သားသမက်လေဗျာ၊ နောက်ပြီး ကျုပ်တို့ဟန်တရုတ်လူမျိုး မဟုတ်လားဗျ၊ ခုလိုသော့ချက်အချိန်အခါမှာ ခင်ဗျား လမ်းမှားလျှောက်လို့ မဖြစ်ဘူးနော့်"

ကောင်းလျံက- "ကျုပ်ဗဟိုဆီက ကြေးနန်းကို ရလိုက်ပါပြီဗျ၊ ကျုပ်ကို ချက်ချင်း တပ်ထွက်ခိုင်းတယ်၊ ကိုးကန့်ကို သိမ်းပိုက်ခိုင်းလိုက်တယ်၊ ဒါပေမဲ့ ကျုပ်မှာ အကျပ်တွေ့နေတယ်ဗျ၊ တိုက်ရမလား၊ ဒါလည်း မဟုတ်ပြန်ဘူး၊ မတိုက်ပြန်ဘူးတဲ့လား၊ ဒါလည်းပဲ မဟုတ်ပြန်ဘူး၊ မတိုက်ပြန်ဘူးတဲ့လား၊ ဒါလည်းပဲ မဖြစ်ပြန်သေးဘူးဗျ"

အစ်ကိုကြီးလျူက-

"ခေတ်အခြေနေကို နားလည်သူကသာ ထူးချွန်သူဖြစ်တယ်၊ ဗကပပြိုကွဲခြင်းဆိုတာက ဖြစ်ထွန်းတိုးတက်နေတဲ့ အခြေအနေကို မလွန်ဆန်နိုင်တာကြောင့်ဖြစ်ပါတယ်၊ လူ့စိတ်ဆိုတာက သမိုင်းကြောင်းရဲ့ လိုအပ်ချက်အတိုင်းသာ ဖြစ်ရမြဲပါ၊ ဒါက အားလုံးသိနှင့်ပြီးသား အကြောင်းအရာဖြစ်တယ်၊ ဘယ့်နှယ်လုပ်ပြီး လက်ပါးစေအဖြစ် ခံရမှာပဲ၊ စိတ်ထားနှလုံးသားမကောင်းတဲ့ လူ့ညစ်ညမ်းသူတို့အတွက် အသက်ကို စတေးခံရမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလျှန်က သစ်သားစားပွဲခုံကို လက်ဝါးနဲ့ အားကုန် တချက် ရိုက်ပုတ်လိုက်တယ်။

"ကျုပ် နှစ်ဘက်စလုံးနဲ့ အခင်မင် မပျက်ချင်ဘူးဗျ၊ ဗွန်ဖူးစစ်ပညာ (၃၆)ရပ်ထဲကအတိုင်း အကောင်းဆုံးနည်းပရိယာယ်အတိုင်း ကျင့်သုံးရမှာပဲဗျ"

၁၉၈၉ ခုနှစ်၊ (၁၉) ရက်နေ့ မိုင်းလားက (၈၁၅) စစ်ဌာနချုပ်ဆီ ကျန်ကျွတ်မိန် ကားမောင်းသွားပါတယ်၊ သူငယ်ချင်းဟောင်း လင်းမိန်စင့် (စိုင်းလင်း)နဲ့ တွေ့လိုက်တယ်၊ လင်မိန်စင့် ရေးလာတဲ့ စာတစ်စောင် ငါ ရလိုက်တယ်။ ဥက္ကဋ္ဌ ငါ့ဆီ ရေးလာတဲ့ စာတစ်စောင် ငါ ရလိုက်တယ်။ အကြမ်းဖျဉ်း အဓိပ္ပါယ်က

"ဖုန်ကျားရှင်တပ် ပုန်ကန်ပြီ၊ သူက မင်းရဲ့ ယောက္ခမ ဖြစ်တယ်၊ မင်းအနေနဲ့က လူတန်းစား ရပ်တည်ချက် ခိုင်မြဲနေရမယ်၊ သူ့ကို ဦးပြန်လှည့်ဖို့ ဖျောင်းဖျရမယ်"

လင်မိန်စင့်(စိုင်းလင်း) ချက်ချင်းပဲ ဥက္ကဋ္ဌဆီ စာတင်လိုက်တယ်၊

"စာပါအတိုင်း လိုက်နာဆောင်ရွက်ပါ့မယ်"

၂၅ ရက်နေ့ ကျန်ကျွတ်မိန် ကိုးကန့်ဆီ ရောက်လာပါတယ်၊ ဖုန်ကျားရှင်က သူနဲ့လာပေါင်းဖို့ ဆွယ်ပါတယ်၊ ဒုတပ်မှူးရာထူးပေးမယ် ကမ်းလှမ်းပါတယ်၊ ကျန်ကျွတ်မိန် လက်သင့်မခံပါ၊ သူတင်ပြတဲ့ သဘောထားက ပါတီတွင်းမှာ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ရွေးချယ်တင်မြှောက်ပြီး နားချပါ၊ လက်နက်နဲ့ အကြမ်းဖက် ဖြေရှင်းရင် ပါတီရော စစ်တပ်ပါ အစိပ်စိပ်အမွှာမွှာ ကွဲပြဲကုန်မှာ ဖြစ်တယ်၊ သူပိုပြီး အလေးထားတာက မြန်မာအစိုးရဆီက အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့် တောင်းဆိုတာကို ပြင်းပြင်းထန်ထန် ကန့် ကွက်လိုက်ပါတယ်၊ ဒါက သူ့ရဲ့ မူနှစ်ရပ် ဖြစ်တယ်၊ ဒါပေမဲ့ ဖုန်ညီနောင်နှစ်ဖော်က သူတို့ ပြောနှင့်ပြီးတဲ့ မူအတိုင်း ဆက်လုပ်မှာ ဖြစ်တယ်၊ ဒါ့ကြောင့် ကျန်ကျွတ်မိန် မပါဝင်ပါ၊ ကိုးကန့်က စိပိုး ဖုန်ကျားရှင်ခြံဝင်းကြီးထဲမှာ စည်းဝေးကြတဲ့ အချိန်မှာ ဖုန်ကျားရှင်၊ လီကျုန်းရှန်၊ ရန်မောက်လျှန်တို့က ပင်မနေရာမှာ ယူထားကြပါတယ်။ လျူကိုစီး၊ဖုန်ကျားဖု၊ကျန်းတက်ဝန်တို့က တွဲဖက် သရုပ်ဆောင်နေရာမှာ



ရှိနေကြပါတယ်၊ ထိုတုန်းက ယူနန်ပြည်နယ်၊ ပြင်ပရေးရာဌာန လုပ်ငန်းဆောင်ရွက်သူတို့ရဲ့ ထင်မြင်ယူဆထားချက်ချက်မှာ အသွင်သဏ္ဍာန်မျိုးစခန်းမသွားသင့်ဘူးလို့ ဆိုကြပါတယ်၊ ကိုယ့်ရဲ့သဘောထား အယူအဆကို တင်ပြနိုင်ပါတယ်၊ ပါတီစည်းမျဉ်းစည်းကမ်းဥပဒေအတိုင်း ဖြေရှင်းလို့ရမယ့်ကိစ္စပါ၊ ဖုန်ကျားရှင်ရဲ့ ပုန်ကန်မှုကို တရုတ်လုံခြုံရေးဌာနနှင့် ယူနန်ပြည်နယ် ပြင်ပဆက်ဆံရေး အစရှိတဲ့ ဌာနအားလုံး ကြိုတင်သိရှိထားပြီဖြစ်တယ်၊ ဒါပေမဲ့ သူတို့ကလည်း ဗကပဗဟိုဆီ ဖြစ်ရပ်မှန်ကို ကြိုတင်အသိပေးခြင်း မရှိကြပါ၊ ဒီအချက်ကို ကြည့်လိုက်တာနဲ့ တရုတ်ကွန်မြူနစ်ပါတီနှင့် ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဆက်ဆံရေးက အေးတိအေးစက် အသွင်သဏ္ဍာန်မှာ ရောက်ရှိနေကြပါတယ်။

ကိစ္စဖြစ်ပေါ်ပြီးမှ သိရပါတယ်၊ ကိုးကန့်ပုန်ကန်မှု မဖြစ်သင့်၊ ဖုန်ကျားရှင်က ရန်မောက်အန်းရဲ့သား လောင်းဝူကို လားရှိုးမှာနေတဲ့ လော်စစ်ဟန်နေအိမ်ဆီကို စေလွှတ်လိုက်တယ်၊ လောင်ဝူက စီးပွားရေးသမားပါ၊ ဒါ့အပြင် လော်အိမ်ထောင်စုနှင့် ဖုန်အိမ်ထောင်စုဆိုတာက ဆွေမျိုးသားချင်းလို ပတ်သက်နေကြပါတယ်။ လောင်ဝူ မကြာခဏ လော်စစ်ဟန်အိမ်ကို ဝင်ထွက်သွားလာပါတယ်၊ လူတကာ အထူးတလည် သတိမထားနိုင်ပါ၊ အထူးသံအမတ်ကြီး ရန်လောင်ဝူက ဖုန်ကျားရှင်ရဲ့ 'ပုန်ကန်မှု'စီမံကိန်းကို ကွန်မြူနစ်ဆန့်ကျင်ရေးသမားကြီး လော်စစ်ဟန်ကို အစီရင်ခံ သတင်းပို့လိုက်ပါတယ်၊ ဒါ့အပြင် သူ့ကို အောင်သွယ်တော် လုပ်ခိုင်းပါတယ်၊ သူတို့ (ဖုန်တပ်ဖွဲ့)ကို မြန်မာအစိုးရနှင့် ပေးညားကြတော့မှာဖြစ်တယ်။ အောင်သွယ်တော်ဆီက ပါးလိုက်တဲ့ ကမ်းလှမ်းချက်ကို လော်စစ်ဟန် တုန့်ဆိုင်းမနေဘဲ အမှတ် (၇)စစ်ထောက်လှမ်းရေးတပ်၊ တပ်မှူး-ဗိုလ်မှူးသန်းအေးဆီ သတင်းပို့လိုက်ပါတယ်၊ ကြီးမားလွန်းတဲ့ အရေးအခင်းကြီး ဖြစ်နေပါတယ်။ ဗိုလ်မှူးသန်းအေးကနေ အရှေ့မြောက်ပိုင်းစစ်ဒေသ တပ်မှူးကြီးဗိုလ်ချုပ်အောင်သိန်းနှင့် တွေ့ကြပြန်တယ်၊ ဗိုလ်ချုပ်အောင်သိန်းက ချက်ချင်းပဲ ရန်ကုန်စစ်ထောက်ချုပ်တပ်မှူး ဗိုလ်ချုပ်ခင်ညွန့်ဆီ လှမ်းအစီရင်ခံလိုက်ပါတယ်။ (ထိုစဉ်ကာလတုန်းက ဗိုလ်ချုပ်ခင်ညွန့်က န·ဝ·တ အစိုးရအတွင်းရေးမှူး (၁) ဖြစ်ပါတယ်။) စကြားကြားချင်းတုန်းက ဒီအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကို ဖြစ်ရပ်အမှန်အကန်လို့ သဘောမထားသေးပါ၊ ဒါ့အပြင် ဖုန်ကျားရှင်ရဲ့ လှုပ်ရှားမှု အတိုင်းအတာကိုလည်း သံသယ ရှိနေပြန်ပါသေးတယ်၊ အကြိမ်ကြိမ်အဖန်ဖန် လေ့လာသုံးသပ်ပြန်ပါသေးတယ်၊ နောက်ဆုံးမှာ ဗိုလ်ချုပ်ခင်ညွန့်က လော်စစ်ဟန်ကို အစိုးရရဲ့ အထူးသံတမန်အဖြစ် ခန့်အပ်လိုက်ပါတယ်၊ ဖုန်ကျားရှင်ကို သွားရောက်တွေ့ခိုင်းလိုက်ပါတယ်၊ တစ်ကြောင်းသွား ဆက်သွယ်ရေးပုံစံနဲ့ ဆက်သွယ်ခိုင်းလိုက်ပါတယ်၊

## (၄–ဆ) ဖုန်နှင့်လော် တိတ်တဆိတ် ချိတ်ဆက်ကြပြီ

တရုတ်စာရေးဆရာမ ဟွမ်တို့မိကံ မိန်းမသားတစ်ယောက် ဖြစ်နေပေမယ့် သက်စွန့်ဆံဖျား ရွှေတြိဂံထဲ ထိုးဖောက်ဝင်ရောက်သွားပါတယ်၊ သုံးနှစ်ကျော်ကာလတွေမှာ ရှေးဦးစွာ ကချင်အထူးဒေသထဲဆီ ဝင်ရောက်ပြီး စူးစမ်းလေ့လာပါတယ်၊ ဒုတိယအကြိမ်အဖြစ် ကိုးကန့်နယ်မြေက ဝအထူးဒေသ၊ စတုတ္ထက ရှမ်းအထူးဒေသ၊ ပဉ္စမက မဲခေါင်မြစ်ဝှမ်းဒေသတွေဆီ ဝင်ရောက်သွားပါတယ်။ "ရွှေတြိဂံထဲ ထိုးဖောက်ဝင်ရောက်ခြင်း" စာအုပ်ကို ရေးသားထုတ်ဝေပါတယ်၊ ဒါကို ကျွန်တော်က မြန်မာဘာသာ ပြန်ဆိုပြီး "မူးယစ်ဝင်္ကဘာရွှေတြိဂံ" ဆိုပြီး မော်ကွန်းမဂ္ဂဇင်းမှာ အခန်းဆက်အဖြစ် ဖော်ပြထားပါတယ်။

တရုတ်စာရေးဆရာမက ကိုးကန့်တို့၊ ဖုန်ကျားရှင်တို့ လော်စစ်ဟန်တို့အကြောင်းကို ဟောဒီလို ရေးသားထားပါတယ်။

ဗကပအတွင်းပိုင်းမှာ မူးယစ်ဆေးကုန်သွယ်မှုက သာမန်ယေဘူယျလုပ်ငန်းတစ်ရပ်လို ဝေဝေဆာဆာ ပွင့်လန်းချေပြီ၊ အဆင့်မြင့်အရာရှိ အများစုတွေ အဲဒီဝဲဂယက်ထဲ လိမ့်ဝင်သွားကြပါပြီ၊ သူတို့က မိမိတို့ရဲ့ အစွမ်းအစတွေကို ကိုယ်စီထုတ်သုံးပြီး အမြတ်ထုတ်ကြပါတယ်။ ပါတီတွင်းတိုက်ပွဲက တနေ့တခြား ပြင်းထန်လာပါတယ်၊ အမျိုးမျိုးအဖုံဖုံသော အကျိုးအမြတ်ထိပ်တိုက်တိုးမှုတွေ ပြင်းထန်လာပါတယ်၊ ပြည်သူ့တပ်မတော် နယ်ခြားစောင့် မှူးမတ်ဟောင်းကြီး ဖုန်ကျားရှင် ဘေးဖယ်ခံလိုက်ရပါတယ်၊ ညီဖြစ်တဲ့ ဖုန်ကျားဖုက ဖြုတ်ချခံလိုက်ရတယ်၊ သူတို့ညီအစ်ကိုနှစ်ယောက် အရာရှိအရာခံဝတ်စုံကို ချွတ်လိုက်ရပါတယ်၊ ကိုယ့်ရွာကိုယ် ပြန်ရပါတော့တယ်၊



ဒီလိုအချိန်အခါမှာ နှစ်ပေါင်းများစွာက ပျောက်ခြင်းမလှ ငုပ်လျှိုးပျောက်ကွယ်နေတဲ့သူတစ်ယောက်ဟာ အေးတိအေးစက် ဆက်ဆံခံနေရတဲ့ ဖုန်ကျားရှင်ရဲ့ ရှေ့မှောက်မှာ ဘွားခနဲ ကိုယ်ယောင်ပြလိုက်ချေပြီ။ ဖုန်ကျားရှင် အံ့ဩထိတ်လန့်သွားတယ်၊ ဖုန်ကျားရှင် တွေ့လိုက်ရတဲ့သူက ဖုန်ကျားရှင်ကို မျှော်လင့်ချက်ခွန်အားတွေ လာရောက်ပေးချေလေပြီ၊ သူ့ရှေ့လာရောက်ကိုယ်ယောင်ပြတဲ့သူကတော့ ထိုစဉ်ကာလတုန်းက ခေတ်ရဲ့စံတင်လောက်တဲ့သူ ဖြစ်နေပါတယ်။

ည။ မှောင်မိုက်တဲ့ည။ လေတဟူးဟူး၊ မိုးတဖြိုက်ဖြိုက် ဖုန်ကျားရှင်ဟာ စစ်ဦးစီးဌာနက သူ့ရဲ့နေအိမ်မှာ တစ်ယောက်တည်း ရှိနေပါတယ်၊ သူ တစ်စုံတစ်ယောက်ကို စောင့်နေပါတယ်။

အိမ်ခန်းထဲမှာ မီးခိုးမှိုင်းတွေ ဖုံးလွှမ်းဝေနေပါတယ်၊ သောက်ပြီးသား စီးကရက်ဖင်စီခံတို့က ကြမ်းပြင်တပြင်လုံး ပြန့်ကျဲနေပါတယ်၊ သူ့မှာ စိတ်အလိုမကျဖွယ် လူတွေနဲ့ ကင်းကွာတဲ့ နေ့ရက်မျိုးက တစ်ရက်ပြီးတစ်ရက် ထပ်ထပ်လို့တောင် ကြာသွားပါပြီ၊ ယှဉ်ပြိုင်ဘက်ရန်သူလည်းဖြစ်၊ ဆွေရင်းမျိုးရင်းလည်းဖြစ်တဲ့သူ၊ အခု သူ့ဆီ လာနေချေပြီ။ သုတိမင်္ဂလာအပေါင်း ပြည့်ဝခညောင်းတော့မယ်၊ ဝမ်းမြောက်စရာပါ။

"အို့ ဟိုးကနေ့ မိုးသည်းတာ ဒါကြောင့်ကိုး၊ နဂါးမင်းကြီး တိုင်းခန်းလှည့်ရင် မိုးကောင်းသတဲ့ဟေ့၊ ကျုပ်က လမ်းမသလားတာ နှစ်အတန်ရှိသွားပြီကွ၊ မင်းလာတော့ အကော်ပဲဟေ့၊ ဘယ့်နှယ်ကွာ၊ လူလာရုံ မဟုတ်သေးပါဘူး၊ မိုးပါ ခေါ်လာသတဲ့ဗျာ"

ဖုန်ကျားရှင်က လူသွားစင်္ကြံမှာ ပေကျံနေတဲ့ ရွှံ့ဗွက်ရေကို ခြေဆောင့်ခါထုတ်နေတဲ့ ဧည့်သည်ကို အသောလေးဖောက်ပြီး ခရီးဦးကြိုနှုတ်ဆက်လိုက်ပါတယ်။

"ဟေ…ဟေ့၊ မင်းဆိုတဲ့ မင်းကတော့ကွာ၊ အကြောအခြင်၊ အရိုးအသားတွေက ကျောက်စိုင်ကျောက်သား၊ သံမဏိနဲ့များ လုပ်ထားသလားကွာ၊ အခုအထိ သန်တုန်းမြန်တုန်းပဲလားဟေ့၊ ချလေ မာကျောလာလေဆိုရမလောက်ပဲဟေ့"

ဝင်လာသူကလည်း အားကျမခံ အရယ်အသောလေးနဲ့ ခွန်းတုံ့ပြန်လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည် ဖျော်ပေးတဲ့ သက်တော်စောင့်တပ်သား အခန်းထဲက ထွက်ခွာသွားတယ်၊ တံခါးမ ပြန်ပိတ်သွားပါတယ်၊ နှစ်ယောက်သား အင်မတန် လျှို့ဝှက်တဲ့ တိုင်းရေးပြည်ရေး တိုင်ပင်ဆွေးနွေးကြပါတယ်။

လာတဲ့သူက လော်စစ်ဟန် ဖြစ်ပါတယ်၊ အစိုးရထိပ်ဆုံးက ဗိုလ်ချုပ်နေဝင်းရဲ့ အမိန့်ကို သယ်ဆောင်လာပါတယ်၊ သမိုင်းအနှစ်သာရရှိတဲ့လူပုဂ္ဂိုလ်နှစ်ဦး ခေါင်းချင်းရိုက်ကြပါပြီ၊ သူတို့နှစ်ဦး မဆုံတော့လည်း မဆုံဆည်းခဲ့ကြပါ၊ ဟော... အခုဆုံကြပြီဆိုတာနဲ့ သမိုင်းဇာတ်ခုံပေါ်မှာ ကြီးကျယ်ခမ်းနားတဲ့ ဇာတ်လမ်းဇာတ်ကွက်ကို ခင်းကျင်းကြပါတော့မယ်၊ လော်စစ်ဟန်ဟာ ပလ္လင်ထက်မှာ စံမြန်းနေပြီဖြစ်တဲ့သူပါ၊ သူလာရောက်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်က ဖုန်ကို ဖျောင်းဖျတဲ့ စကားဆိုဖို့ ရောက်လာရခြင်းဖြစ်တယ်။

လော်စစ်ဟန်ဟာ အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ မာလိပါးလူဖြစ်တယ်၊ အစိုးရကို ကောင်းကျိုးပြုတဲ့သူပါ၊ အစိုးရက သူ့ကို အကြိမ်ကြိမ်အဖန်ဖန် ဖမ်းဆီးခဲ့တယ်ဆိုပေမယ့်လည်း ပိုမိုများပြားတဲ့ အကြိမ်တွေဟာ သူ့ကိုအခွင့်အရေးတွေ၊ အခွင့်အလမ်းတွေ အမြောက်အများ ပေးခဲ့ပါတယ်။ အထူးသဖြင့် သူနောက်ဆုံးအကြိမ် ကမ္ဘာ့ဘိန်းရာဇာအဖြစ် ထောင်ချခံလိုက်ရတယ်၊ တစ်ခါထပ်ပြီး အထူးလွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်လာပြန်တယ်လေ၊ အစိုးရက သူ့ကို ဂျိုကာတစ်ချပ်လို ထားပါတယ်၊ အာဏာကို ဆုပ်ကိုင်ထားတဲ့ ဗိုလ်ချုပ်နေဝင်းက သူအပန်းဖြေနေထိုင်တဲ့ ရန်ကုန်မြို့ အင်းလျားကန်စောင်းက အိမ်တော်ဆီကို လာရောက်ဖို့ လော်စစ်ဟန်ကို လူသူမသိရအောင် တိတ်တဆိတ် ခေါ်လိုက်တယ်၊ ဗိုလ်ချုပ်နေဝင်းက ကြိတ်ပြီး သူ့ကို ဂူထဲက ထွက်ဖို့ တိတ်တိတ်ကလေး အချက်ပေးလိုက်ပါတယ်။

မိုးကလည်းမှောင်မိုက်၊ ဆွေးနွေးချက်တို့ကလည်းလေးနက်၊ လူချင်းဆုံလိုက်တာနဲ့ စစချင်းတော့ လော်စစ်ဟန်ရဲ့ လာရင်းအကြောင်းကို ဖုန်ကျားရှင် တွက်ဆလို့ မရသေးပါ။ ဒါပေမဲ့လည်း အံ့သြဘနန်း မဖြစ်မိပါ။ ဗကပတပ်ထဲမှာ တော်လှန်ဆန့်ကျင်တဲ့ စိတ်ဆန္ဒရှိတာက မိမိတစ်ယောက်တည်း မကပါ၊ မိမိလို စိတ်နှလုံးရှိသူတွေ အားလုံးနီးပါး အစပျိုးနေကြပါတယ်၊ ကိုယ့်နိုင်ငံရေးပါတီကို တော်လှန်ဆန့်ကျင်တဲ့ အကြောင်းအရာတွေက တော်တော်ကြီးကို များမြောင်ကြီးထွားနေပါပြီ၊ စကားတွေ ပြောကြဆိုကြ ဆွေးနွေးကြတဲ့အထဲမှာ မူလအစက မိမိစိတ်ဝင်တစား အားသန်မှုအချက်များက တိတ်ဆိတ်ငြိမ်သက်ခြင်းထဲ အကြိမ်ကြိမ် နစ်မြုပ်သွားပါတယ်၊ နောက်ဆုံး မိမိရဲ့ အတွေးအမြင်ကို အာဘော်အဖြစ် မထုတ်လှစ်တော့ဘဲ တစ်ဖက်သူ ပြောတာကိုသာ တိတ်ဆိတ်နေပြီး နားထောင်လိုက်ပါတယ်။



လော်စစ်ဟန်က ဖုန်ကျားရှင်ကို အလေးအနက်ထားပြီး စဉ်းစားချင့်ချိန်ဖို့ အမှာစကားတွေကို အထပ်ထပ် မှာပြီးရင်း မှာကြားပါတယ်၊ အစိုးရရဲ့ ဆန္ဒသဘောထားကို ပြောထားရစ်ခဲ့ပြီး လားရှိုးကို ပြန်သွားပါတယ်၊ အစိုးရက လော်စစ်ဟန်ကနေ ဗကပပြည်သူ့တပ်မတော်ကို လေးညှို့ကြိုးကို တင်းလိုက်သလိုမျိုး ဆွဲတင်းလိုက်ပါပြီ၊ လော်ဖုန်နှစ်ယောက်သား တရင်းတနှီးဖြင့် လျှို့ဝှက်သွားလာကြချေပြီ။

၁၉၈၇ ခုနှစ် ဗကပတို့ တရုတ် - မြန်မာနယ်စပ်က အင်မတန်အရေးပါအရာရောက်တဲ့ အခြေစိုက်စခန်းတစ်ခု လက်လွတ်ဆုံးရှုံးသွားရပြန်တယ်၊ ထိုသောအခိုက်မှာ ဖုန်ဟာ ဖျားတာနာတာ အကြောင်းပြပြီး ရေရှည်ခွင့်ယူပြီး ကိုယ့်ရပ်ဌာနီဇာတိမြေဆီ ပြန်သွားလေတယ်၊ ဗကပအတွင်းက လူသူတွေ၊ စိတ်ဝမ်းပြန့်လွင့်ကုန်ချေပြီ၊ အခြေအနေ အနေအထားဟာ နိမ့်ပါးရာဆီ လျှောဆင်းနေပါပြီ။

လော်စစ်ဟန်အတွက် အခါအခွင့်ကြုံလာပါပြီ၊ အထူးတာဝန်တစ်ရပ်အမိန့်အဖြစ် ချမှတ်ပေးခံထားရတဲ့ လော်စစ်ဟန် ရလာတဲ့ အခွင့်အခါကောင်းကို အမိအရ ဆုပ်ကိုင်လိုက်တယ်၊ ရောဂါအကြောင်းပြကာ အိမ်တွင်းအောင်း အနားယူနေတဲ့ ဖုန်ကျားရှင်ဆီ ချောင်းပေါက်မတတ် ဝင်ထွက်သွားလာတယ်။

ထိုထိုသော နှစ်ကာလတွေမှာ ဖုန်ကျားရှင် စတင်ကာ လှုပ်လှုပ်ရှားရှား ရှိနေပါပြီ၊ ကိုးကန့်မှာ ကျောက်စိမ်းရောင်းဝယ်မှု အကြောင်းပြ ခင်ကျင်းပြီး ညီတော်သူ ဖုန်ကျားဖုနှင့်အတူ 'ကိုးကန့်စစ်ရေးစစ်ရာ ညွှန်ကြားရေးဌာန' ဆိုတဲ့ ဖဲချပ်ကို ထုတ်ရိုးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကဲ... ဗကပဗဟိုက ဒီအချိန်မှာ ဘာတွေများ လုပ်ဆောင်နေသလဲ၊ သူတို့ဘက်ဆီ ကြည့်လိုက်ကြရအောင်။

ဒီတုန်းက ဗကပဗဟိုက လမ်းစဉ်တိုက်ပွဲကြီးတွေကို ခြိမ့်ခြိမ့်သဲသဲ အုန်းအုန်းကျွတ်ကျွတ် ဆင်နွှဲနေပါကယ်၊ စစ်ဆင်ထိုးနှက်မှုဇရိယာ နယ်ပယ်ကို အသားကုန် တိုးချဲ့လိုက်တယ်၊ ဆေးကြောလျှော်ဖွပ်ခံလိုက်ရတဲ့ တပ်ဖွဲ့ဝင်တွေ အဆက်မပြတ် လွင့်စဉ်ပျောက်ပျက်ကုန်တယ်၊ အရေအတွက် ကိန်းဂဏန်း တော်တော်များများဟာ ဖုန်ရဲ့ ဝှက်ဖဲချပ်အောက်ထဲ ရောက်သွားကြတယ်၊ ဖုန်ညီနောင်တို့ရဲ့ ပိုက်ကွန်ဖြန့်ကျက်ထားချက်က ဗဟိုရဲ့ အနီးကပ်မှာ ယူဂျီပါတီတစ်ရပ် လျှို့ဝှက်ဖွဲ့စည်းလိုက်တယ်။

တနေ့တခြား လူသူလက်နက်အင်အားတွေ ကြီးထွားလာနေတဲ့ ဝှက်ဖဲချပ်ကို ဗကပဗဟိုက ခေါင်းဆောင်ကြီးတွေ မျက်စိမှောက်လို့ နေပါတယ်၊ ဒါမှမဟုတ်လည်းဘဲ အရေးမစိုက်အားလို့လည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်၊ ဒါမှမဟုတ်လည်း ကိုင်တွယ်ဆောင်ရွက်ခြင်းငှာ မတတ်သာတော့လို့ ဒီအတိုင်း လွှတ်ထားရတာမျိုးလည်း ဖြစ်နိုင်ပါတယ်။

အခြေအနေက ကြီးကျယ်တဲ့ အပြောင်းအလဲအဖြစ် စတင်နေပါပြီ၊ ဖုန်ကျားရှင်နှင့် လော်စစ်ဟန်တို့ရဲ့ ယူဂျီဆက်သွယ်မှုဟာ အဆစ်အချိုး၊ အကွေ့အကောက်၊ အဖုအထစ်တို့နဲ့ ရင်ဆိုင်တိုးနေပါတယ်။

မြန်မာ့စီးပွားရေး ဆုတ်ယုတ်ဆိုးရွားလာတယ်၊ သုံးလဆိုတဲ့ ကာလအတွင်းမှာ အစိုးရ ဆန့်ကျင်တဲ့ အုံကြွမှုအရေးတော်ပုံကြီးတွေ အဆက်မပြတ် ပေါက်ကွဲထွက်လာပါတယ်။ ဦးနေဝင်း စစ်အစိုးရ ဇကရာဇ်ထီးနန်းခေတ်ကို ဆက်လက် ကာကွယ်ထိန်းသိမ်းထားလို့ မရတော့ပါ၊ မြန်မာအစိုးရ အာဏာစက် ဆုတ်ယုတ်လျော့ကျဆင်းသလို လော်စစ်ဟန် ကိုးကန့်ဆီ ဆင်းတဲ့ အကြိမ်တွေလည်း အရေအတွက် ယုတ်လျော့ကျဆင်းလာလေတယ်၊ အခြေအနေရဲ့ ဖွံ့ဖြိုးတိုးတက်လာတဲ့အတိုင်း သွားလာလှုပ်ရှားတဲ့ ခြေလှမ်းတွေကို လော်စစ်ဟန် တုံ့ခနဲ ရပ်ပစ်လိုက်တယ်၊ ခြေစုံရပ်ပြီး စောင့်မျှော်ကာ ကြည့်နေလိုက်တယ်။

နှစ်ပေါင်း နှစ်ဆယ်ကျော် ခိုင်ခိုင်မြဲမြဲ အုပ်ချုပ်ရေး အာဏာ ဆွဲကိုင်ခဲ့တဲ့ ဦးနေဝင်း နုတ်ထွက်လိုက်ရတယ်၊ အစိုးရအာဏာကို တစ်ပါးသူလက်ထဲ



အပ်နှင်းလိုက်တယ်။ တရစပ် အုံကြွနေပြီး ဘေးကင်းလုံခြုံမှု ကင်းမဲ့နေတဲ့ကြားက တက်လာတဲ့ မူလက ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးအဖြစ် တွဲဖက်ဆောင်ရွက်တဲ့ ဗိုလ်ချုပ်ကြီးစောမောင်က ပြည်ထောင်စုအစိုးရတာဝန်ကို ဆက်ခံလိုက်တယ်။ 'နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့' ကို ဖွဲ့စည်းလိုက်တယ်။

ဗကပရဲ့ အနေအထား အနိမ့်ပိုင်းဆီ လျှောကျသွားနေတယ်ဆိုပေမယ့်လည်း အစိုးရက အထင်မသေးဝံ့တဲ့အပြင် အင်အားခိုင်မာတောင့်တင်းတဲ့ ရန်ဘက်အနေအထားမျိုးမှာ ရှိနေတုန်းပါ၊ ဗိုလ်ချုပ်ကြီးစောမောင်အစိုးရဟာ ပြုပြင်ရေးလုပ်ငန်း တသီတတန်းကြီးကို လုပ်ကိုင်လိုက်တယ်၊ ဒီအထဲမှာ "နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်ဥပဒေ" ကို ပြဋ္ဌာန်းလိုက်တယ်၊ ထိုနှစ်မှာပဲ နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်း (၁၆၀)ကျော် လာရောက်မှတ်ပုံတင်ကြပါတယ်၊ အားလုံး တရားဝင်အနေအထားမှာ ဆိုက်ရောက်လာကြပါတယ်၊ ဒါ့အပြင် အစိုးရက ၁၉၉၀ ခုနှစ်မှာ ပါတီစုံအထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပမယ်လို့ ကတိပေးလိုက်တယ်။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ ၁၅-ဩဂုတ်-၁၉၃၉ မှာ စတင် တည်ထောင်ခဲ့ပါတယ်၊ ၁၉၆၀ ပြည့်နှစ်ကာလက ရှမ်းပြည်နယ်မှာ လက်နက်ကိုင်အခြေစိုက်နယ်မြေအဖြစ် တည်ဆောက်လိုက်တယ်၊ ဗကပပြည်သူ့တပ်မတော်ဟာ ရင်ဆိုင်ရခက်ခဲတဲ့ စစ်အစိုးရနဲ့ အားချင်းပြိုင်တဲ့ လက်နက်ကိုင်အင်အားစုကြီး ဖြစ်ပါတယ်၊ နောက်ပိုင်းမှာ မီးခိုးယမ်းငွေ့တွေ တလူလူ အူထွက်နေတဲ့ စစ်တပ်ဖွဲ့ချင်း စစ်ခင်းကြတဲ့ မြေပြင်ကြီး ဖြစ်သွားပါတယ်၊ ဒီလို စစ်မီးတောက်မီးလျှံတွေကြားမှာ နယ်စပ်ဒေသတွေက အစချီပြီး ဗကပပြည်သူ့တပ်မတော်က ၁၉၈၇ ခုနှစ်မှာ စစ်ရေး အကြီးအကျယ် ရှုံးနိမ့်သွားပါတယ်၊ ဒါပေမဲ့ နောက်တစ်နှစ်မှာ အစိုးရရဲ့ နိုင်ငံရေးအာဏာ ဝှမ်းထိုးမှောက်ခုံကျဆင်းမှုက ဗကပအတွက် အရမ်းကို အကျိုးရှိပါတယ်၊ နိုင်ငံရဲ့ နိုင်ငံရေးအနေအထားက ဗကပအတွက် အကျိုးကျေးဇူးတွေ ရှိနေတယ်ဆိုပေမယ့် ဗကပရဲ့ ခံတပ်အတွင်းနံရံတွေက ဟိုးအစောကြီးကတည်းက ထိခိုက်ယုတ်လျော့ပြိုပျက်ခဲ့ပြီဖြစ်တော့ တစ်ချက်တွန်းစာလောက်သာ ကျန်ရှိနေပါတယ်၊ ၁၉၉၀ ပြည့်နှစ်၊ နိုင်ငံတဝှမ်းလုံး ခြိမ့်ခြိမ့်သဲ ကျင်းပတဲ့ ဒီမိုကရေစီ

www.burmeseclassic.com

www.burmeseclassic.com



ရွေးကောက်ပွဲကြီးမှာ ဗကပတို့အင်နှင့်အားနှင့် ဝင်ရောက်ဆင်နွှဲနိုင်စွမ်း မရှိရှာတော့ပါ။

ဗိုလ်ချုပ်မှူးကြီးစောမောင် အစိုးရသစ်ရဲ့ ပြုပြင်ပြောင်းလဲရေး မူဝါဒဟာ ပြည်သူလူထု အာရုံစိုက်မှုကို ပြန်လည်ရရှိလာပါတယ်၊ သမိုင်းကာလရှည်ကြာလှပြီဖြစ်တဲ့ အမျိုးသားရေး ပဋိပက္ခကို ပြေလည်မှု ဖြစ်စေပါတယ်၊ ဗကပပြဿနာရပ်တွေ အပါအဝင် ဗိုလ်ချုပ်မှူးကြီးစောမောင် ဦးစီးတဲ့ နဝတအစိုးရဟာ ဖြစ်ထွန်းတိုးတက်လျက်ရှိတဲ့ အခြေအနေကို မလွန်ဆန်နိုင်ပါ၊ စစ်ဘက် သတင်းတပ်ဖွဲ့ အကြီးအကဲ ဗိုလ်ချုပ်ခင်ညွန့်က ပိုမို ကြီးမားတဲ့ အာဏာအပ်နှင်းခံရပါတယ်၊ အစိုးရနဲ့ယှဉ်ပြီး လက်နက်ချင်း စစ်ခင်းတဲ့ အဖွဲ့အစည်းတွေနဲ့ စကားပြောဆိုခြင်းကို တာဝန်ယူဆောင်ရွက်ပါတယ်၊

လော်စစ်ဟန်က ဗိုလ်ချုပ်မှူးကြီးစောမောင် ခေါ်ယူတွေ့ဆုံတာကို ခံရပြီးတဲ့နောက် အစိုးရသစ်ရဲ့ အတူးသံတမန် ဖြစ်သွားပါပြီ၊ ၁၉၈၉ ခုနှစ်ဆန်းပိုင်း လော်စစ်ဟန် ကိုးကန့်ဆီ ဝင်ထွက်သွားလာမှုခြေလှမ်းက ဦးနေဝင်း ခေတ်ကာလကထက် ပိုပြီးမြန်ဆန်သွက်လက်လာပါတယ်၊ လော်စစ်ဟန်က ဖုန်ကျားရှင်ဆီ သယ်ဆောင်သွားတဲ့ အစိုးရရဲ့ စီမံကိန်းတွေက ဘာတွေများလဲဆိုရင် ဗကပသိုက်မြုံ တစ်ခုလုံးကို ဖုန်ကျားရှင်က ပိုက်ကွန်တစ်ချက်တည်းနဲ့ သိမ်းကျုံးရှင်းပစ်ရမှာဖြစ်တယ်၊ ဖုန်ကျားရှင်က သွေးချောင်းစီးတဲ့နည်းနဲ့ ကိုင်တွယ်ဖြေရှင်းတာကို လက်သင့်မခံပါ၊ နူးညံ့သိမ်မွေ့တဲ့ နည်းဖြင့်သာ ဆောင်ရွက်လိုပါတယ်၊ ဒီလိုနည်းလမ်းကို အသုံးပြုပြီး ဗကပနဲ့ အလွယ်တကူ ကင်းကွာရမှာ ဖြစ်တယ်။

ရောဂါဘယကိုလည်း အကြောင်းပြု၊ စီးပွားရေးဘက် လှည့်ပြောင်းလုပ်လိုတယ်ဆိုတာကိုလည်း အကြောင်းပြုပြီး လောက်ကိုင်ဆီ ဖုန်ကျားရှင်ပြန်သွားပါတယ်၊ ညီဖြစ်သူ ဖုန်ကျားဖုနှင့် အခွင့်အခါကောင်းကို စောင့်ဆိုင်းနေလိုက်ကြတယ်၊ မတ်လ လဆန်းပိုင်းဆီ ရောက်လာပါပြီ၊ လော်နှင့်ဖုန်နှစ်ယောက်ရဲ့ နိုင်ငံရေးဆက်သွယ်မှု အဆုံးသတ်လိုက်ပါပြီ၊ ဆိုင်းသံဗုံသံ ခြိမ့်ခြိမ့်ညံ ဓာတ်လမ်းဓာတ်ကွက်ကြီး ကပြဖို့ ကန့်လန့်ကာကို ဆွဲဖွင့်လိုက်ချေပြီ။

မတ်လ (၁၁)ရက်၊ ဖုန်ကျားရှင်က ကိုးကန့်မှာ စစ်တပ်နဲ့ အာဏာ



သိမ်းလိုက်တယ်၊ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ကင်းကင်းရှင်းရှင်း ဖြစ်ချေပြီလို့ ကြေညာလိုက်တယ်၊ တဆက်တည်းပဲ "မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်" တည်ထောင်လိုက်ကြောင်း ကြေညာလိုက်ပါတယ်၊ ဖုန်ကျားရှင်က ပါတီဥက္ကဋ္ဌနှင့် မဟာမိတ်တပ်ပေါင်းစုရဲ့ စစ်ဦးစီးချုပ် တာဝန်ယူလိုက်တယ်၊ 'ကိုးကန့်ပြည်သူသွေးချင်းများသို့ ကြေညာစာတမ်း'ကို ဖြန့်ချလိုက်တယ်။

နှစ်ရက်ကာလတိုအတွင်းမှာပဲ သေနတ်သံတစ်ချက်လေးတောင် မပစ်ဖောက်လိုက်ရဘဲနဲ့ ဖုန်ကျားရှင်ဟာ အရှေ့မြောက်စစ်ဒေသရဲ့ ရာခိုင်နှုန်းရှစ်ဆယ်ရှိတဲ့ နယ်မြေကို ထိန်းချုပ်စိုးမိုးလိုက်ပါတယ်၊ လက်နက်ကိုင်အင်အား သုံးထောင့်ငါးရာကျော် ရှိပါတယ်။

အစဦးပိုင်းအချိန်တုန်းက ဗကပဗဟိုရဲ့ ထင်မြင်ယူဆချက်က ဖုန်ညီနောင်အချင်းချင်း စစ်မက်ခင်းကျင်းပြီး နယ်မြေလုကြတာလို့ လွဲမှားစွာ ထင်မြင်ထားကြပါတယ်၊ အိပ်မက်မက်သလိုဖြစ်နေတဲ့ အချိန်မှာပဲ အနေအထားက မရှုနိုင်မကယ်နိုင်တဲ့ အခြေကို ဆိုက်ရောက်သွားပါတယ်။

အထက်ပါ အကြောင်းအရာတွေက တရုတ်စာရေးဆရာမ ဟွမ်တို့မီ ရေးသားတဲ့ "အမျိုးသမီးလည်းပဲ ရွှေတြိဂံထဲ သက်စွန့်ဆံဖျား ထိုးဖောက်ဝင်ရောက်ပါတယ်"(မော်ကွန်းမဂ္ဂဇင်းမှာက 'မူးယစ်ဝက်ဘာရွှေတြိဂံ'ဆိုပြီး အခန်းဆက်ဖော်ပြတာ ခုဆိုရင် အပိုင်း (၁၆) ပိုင်း ရှိသွားပါပြီ၊ အဲဒီစာအုပ်ထဲမှာပါရှိတဲ့ ကိုးကန့်အကြောင်းနှင့် ဖုန်ကျားရှင်အကြောင်းကို ဆွဲထုတ်ပြီး ပြုစုလိုက်ပါတယ်။

ဗကပဟာ သူ့ရဲ့အသက်သွေးကြော၊ ပြည်သူ့တပ်မတော်နဲ့ အတူတူတွဲဖက်လိုက်ပါပြီး သမိုင်းနိဂုံးချုပ်ငြိမ်းသွားလေတယ်၊ ဗကပခမျာ ၁၉၉၀ ရွေးကောက်ပွဲကြီးကိုတောင် စောင့်ဆိုင်းပြီး ပါဝင်ရွေးချယ်ခံတာကိုတောင် လုပ်မသွားနိုင်ရှာ၊ အဘယ်မည်သော နည်းနာနိဿယဆိုတာမျိုးတောင် မရှိတော့တဲ့အတွက် ကိုယ့်သက်တမ်းကို ကိုယ်တိုင် နိဂုံးချုပ်လိုက်ပါတယ်၊ အရပ်ဘက်စကားနဲ့ ပြောရရင် ကန့်သတ်ချက်ကိန်းဂဏန်းနေရာ ရောက်ချေတော့ နှစ်ငါးဆယ်သမိုင်းသက်တမ်းမျှသာ ရှည်ကြာခဲ့တဲ့ ဗကပက ဒီအချိန် ဒီကာလ အရောက်မှာ သမိုင်းစာမျက်နှာကို ဖုံးအုပ်လိုက်ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အလားတူပဲ အသက်နှစ်ဆယ်အရွယ်ရှိတဲ့ ဗကပ ပြည်သူ့တပ်မတော်ဟာ အလွယ်တကူနဲ့ပဲ ဘတ်ဂီယာထိုးလိုက်ပါတယ်၊ တချိန်က ကျစ်လျစ်ပြီး ခိုင်မာတောင့်တင်းတဲ့ ဗကပ လေးပိုင်း ကွဲထွက်သွားပါတယ်၊ ၁။ ကိုးကန့် အထူးဒေသ ၂။ 'ဝ' အထူးဒေသ ၃။ ရှမ်းအထူးဒေသ ၄။ ကချင်အထူးဒေသ ဆိုတဲ့ ဒေသသစ်လေးခု ဖြစ်ပါတယ်၊ နိုင်ငံရေး လိုအပ်ချက်တွေ မတူညီ ကွဲလွဲတဲ့ ဒေသအမျိုးသား လက်နက်ကိုင်တပ်ဖွဲ့နှင့် ဒေသအမျိုးသားရေးဝါဒီ ပါတီများအဖြစ် အသွင် ပြောင်းလဲသွားကြပါတယ်။

ဗကပပြည်သူ့တပ်မတော်၊ ဒီရဲရဲတောက် အောင်လံတံခွန်ကြီးက မားမားမတ်မတ် လွှင့်ထူခဲ့ခြင်းနှင့် ကြွေကျမြေခရတဲ့ အကြောင်းခြင်းရာက တရုတ်တို့ရဲ့ ဟိုးရှေးရှေးတုန်းအခါက ဆုံးမသွန်သင်ချက်နဲ့ ကိုက်ညီနေတာကို သတိထားလိုက်မိပါတယ်။

အေးစက်ခြောက်ကပ်ရာကနေ ဘာကြောင့်များ ဖြစ်ထွန်းအောင်မြင်ခဲ့ရတာပါလဲ၊ ထိုမှတဖန် ပြန်လည်အေးစက်ခြောက်ကပ်ပြီး ဘယ်လိုအကြောင်းကြောင်းများကြောင့် ယိုယွင်းပျက်ပြုန်းခဲ့ရတာပါလိမ့်၊ 'ပြည်သူ့တပ်မတော်' အလံတော်ကြီးကို ဖုန်ကျားရှင် ငွားငွားစွင့်စွင့် တလူလူ လွှင့်ထူခဲ့ဖူးပါတယ်၊ မြန်မာအစိုးရက ငြိမ်းချမ်းစွာ တပေါင်းတစည်းတည်း ဆောင်ရွက်ကြမယ် ဆိုတဲ့ ဆော်သြချက်အောက်မှာ ဖုန်ကိုယ်တိုင် ဒီအောင်လံကြီးကို ဆွဲချလိုက်ရပါတယ်။

ဗိုလ်ချုပ်မှူးကြီးစောမောင်ဆီကို လော်စစ်ဟန် နောက်ထပ်တစ်ကြိမ်ဝင်ထွက်မှုတွေ လုပ်လာပြန်တယ်၊ မြန်မာအစိုးရနှင့် ဖုန်ကျားရှင်အကြားလော်ရဲ့ကြားဝင်စေ့စပ်တဲ့ ဆောင်ရွက်ချက် တအားကို အောင်မြင်ပါတယ်။ ဗိုလ်ချုပ်မှူးကြီးစောမောင် ကိုယ်တိုင်ကိုယ်ကျ မြန်မာပြည်မြောက်ပိုင်းဆီ သွားရောက်ပြီး ဖုန်ကျားရှင်နှင့် တွေ့ဆုံပါတယ်။ ဖုန်ကျားရှင်လည်းပဲ လေယာဉ်စီးပြီး ရန်ကုန်နေပြည်တော်ဆီ သွားရောက်ပြီး မြန်မာအစိုးရနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးခဲ့ပါတယ်၊ ဒီလိုနဲ့ပဲ အမျိုးသားလက်နက်ကိုင်အဖွဲ့လေးဖွဲ့ ဖြစ်သွားပါပြီ၊ အစိုးရနှင့် အောင်မြင်စွာ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပါတယ်၊ အောင်မြင်မှုရလဒ်အဖြစ် အထူးဒေသတွေ ခွဲခြားတည်ထောင်လိုက်ကြပါတော့တယ်။



ဘိန်းဗိုလ်ချုပ်ကနေ ဆုတ်ခွာခဲ့ပြီး အစိုးရနဲ့ တွဲဖက်ဆောင်ရွက်တာမှာ ထပ်မံပြီး အောင်ပွဲခံလိုက်ရပါပြီ၊ မိတ်သင်္ဂဟအနေအထားကနေ မိတ်ဆွေရောင်းရင်း ဖုန်ကျားရှင်ကို ကိုးကန့်ဘုရင့်ရာဇပလ္လင်ထက်ဆီ လော်စစ်ဟန်ထိုးတင်နိုင်ခဲ့ပါတယ်၊ အဲဒီနှစ်တွေမှာ Asia World ကို လော်စစ်ဟန်က တည်ထောင်လိုက်တယ်၊ သူ့ကုမ္ပဏီက အစိုးရရဲ့ အထူးခွင့်ပြုချက်နဲ့ ကျွန်းသစ်နှင့် ကျောက်စိမ်း အရောင်းအဝယ်လုပ်ငန်းကြီးကို ဦးစီးလုပ်ကိုင်ပါတယ်၊ သတင်းစကားတစ်ရပ်အဖြစ် ပြောကြဆိုကြတာက လော်စစ်ဟန်ရဲ့ ငွေပင်ငွေရင်းဟာ မျက်မှောက်ကာလ မြန်မာနိုင်ငံမှာ အမေရိကန်ဒေါ်လာ သန်းပေါင်းခြောက်ရာတောင် ရောက်နေပါပြီ။

ဖုန်ကို ဟိုးရှေးရှေးတုန်းက ရန်သူ၊ ယခုအချိန်တိုကလေးမှာ အင်မတန် ခင်မင်ရင်းနှီးတဲ့ မဟာမိတ် မိတ်ဆွေရောင်းရင်း အပေါင်းအသင်း ရွှေတြိဂံဇာတ်ခုံထက်က လော်စစ်ဟန်-ဖုန်ကျားရှင် ဇာတ်ရုပ်နှစ်ခုက မနေ့ကတော့ ရန်သူ၊ ကနေ့ မိတ်ဆွေတွေဆိုတဲ့ လူပုဂ္ဂိုလ်တွေ ဖြစ်ကြတယ်။ ပူးချည်ခွာချည် ဤနှစ်လီက သမိုင်းခရီးလမ်းကြောင်းပေါ်မှာ နှင်လာကြသူတွေ ဖြစ်ကြပါတယ်၊ သူတို့ရဲ့ အကြောင်းအကျိုးတွေက ကမ္ဘာလောကသားတွေအားလုံး ရင်တွင်းမှာ တလှိုက်တလှဲ့ အာရုံဝင်စားကြပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ ပြည်သူ့တပ်မတော် နှစ်နှစ်ဆယ်သမိုင်း ကာလက စစ်ရေးလေ့ကျင့်တဲ့ ကွင်းပြင်စခန်းတစ်ရပ်အဖြစ် သမိုင်းကြောင်းက တွန်းပို့လိုက်သလို ဖြစ်နေပါတယ်။ အဲဒီကွင်းပြင်ကနေ မြန်မာနိုင်ငံ မြောက်ဘက်ပိုင်းမှာ အင်မတန် ခိုင်မာတောင့်တင်းတဲ့ တောင်တန်းသားတပ်ဖွဲ့ လေးဖွဲ့ကို လေ့ကျင့်ပျိုးထောင်ပေးခဲ့ပါတယ်။ အနာဂတ်ကို တင်ကူဟောကြားနိုင်မယ့် အကြားအမြင်ပေါက် ပရော်ဖက်ဆာများအနေနဲ့ အဲဒီအချင်းအရာရဲ့ ဘဝနောက်ဆုံးဇာတ်သိမ်းပိုင်းကို ဘယ်လိုများ တင်ကြိုဟောကိန်းချန် မိတ်ဖက်ထားနိုင်မှာပါလိမ့်။

❒

www.burmeseclassic.com

www.burmeseclassic.com

# (၈) ငုပ်ချည်ပေါ်ချည် ဖုန်ကျားရှင် နိုင်ငံရေးရာသီ

## ၁-၈ ဖုန်နှင့် သူ့လက်အောက်ခံ ရန်းညီနောင်တို့ရဲ့ ရန်ပွဲ

မျက်မှောက်ကာလတိုက်ပွဲတွေ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေတဲ့ ကိုးကန့်က ဖုန်ကျားရှင်အကြောင်းကို ကျွန်တော် မြန်မာဘာသာပြန်ဆိုပြီး ၂၀၁၃ ခုနှစ်၊ မတ်လမှာ ထုတ်ဝေဖြန့်ချီခဲ့တဲ့ 'အဆိပ်အတောက်ရွှေတြိဂံ' မှာ မူရင်းတရုတ်လူငယ်သတင်းထောက်နှစ်ယောက်ဖြစ်တဲ့ ကဲ့စုယာနှင့် ကျောက်စွတ်လုံတို့က 'အိမ်ကြက်ချင်း အိုးမဲသုတ် အကြိမ်ကြိမ်အခါခါ ခွပ်ကြတဲ့နယ်မြေ' ဆိုပြီး တော်တော်လေး အသေးစိတ် ရေးသားထားပါတယ်။ အခု ဒါကို ပြန်လည်ကူးယူဖော်ပြလိုက်ပါ့မယ်။

၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလမှာ ကိုးကန့်မဟာမိတ်တပ် အချင်းချင်း ပထမဆုံးအကြိမ် အိမ်ကြက်ချင်း ခွပ်ကြပါတယ်၊ လှံ့ဆော်စိုင်းပြင်းသူက ထိုစဉ်ကာလတုန်းက လက်ထောက်စစ်ဦးစီးချုပ် ရန်းမောက်လျန်အပြင် သူ့ရဲ့ညီအစ်ကိုတွေ ဖြစ်ကြပါတယ်၊ တိုက်ရိုက်ဆက်စပ်တဲ့ အကြောင်းရင်းကတော့ အာဏာလုပွဲပါပဲ။

မုန်းကိုးကို စိုးမိုးအုပ်ချုပ်ရေးဟာ အရမ်းကာရောကို ကြီးမားလှတဲ့ ညို့အားပြင်းဆွဲဆောင်မှုကြီးပါပဲ၊ အဲဒီနေရာမှာ ဘယ်သူကပဲ အာဏာချုပ်ကိုင်မှု ရှိနေပါစေ၊ အဓိကကျတဲ့ သဘောသကန်ကတော့ ဘိန်းပင်ကို စိုက်ပျိုးနိုင်ခွင့်ရှိရေး။ ဘိန်းကို ပြုပြင်မွမ်းမံနိုင်ခွင့်ရရေးနှင့် ရောင်းဝယ်ဖောက်ကားသယ်ယူပို့ဆောင်ခွင့်ရှိပြီး ဓနငွေကြေးအရင်းအမြစ် ဒီရေစီးဝင်သလို မျိုး တလိမ့်လိမ့် တအိမ့်အိမ့် ရှိရေးဆိုတာပါပဲ။

ကိုးကန့်ဒေသမှာ သမိုင်းကြောင်းတလျှောက်လုံး အချင်းချင်း အတွင်း ပဋိပက္ခတွေ အဖန်တလဲလဲဖြစ်ကြပြီး အိမ်ကြက်ချင်း မပြတ်တမ်းခွပ်ကြတာကြောင့် စစ်ပွဲတွေ အဆက်မပြတ် တိုက်ခိုက်ကြရင်းကနေ တိုက်ပွဲဒဿနတွေ အပြည့်အဝ ပေါ်ထွန်းလာပါတယ်။ ဒါ့ကြောင့်လည်း လူတကာက 'အကြိမ်ကြိမ်အဖန်ဖန် ဆန့်ကျင်တိုက်ခိုက်ကြတဲ့နယ်မြေ' ရယ်လို့ သမုတ်ကြပါတယ်။



၁၁-၃-၁၉၈၉ ဗမာပြည်ကွန်မြူနစ်ပါတီကနေ နှုတ်ထွက်တဲ့ ကြေညာချက် ထုတ်ပြန်ပြီးတဲ့နောက် ကိုးကန့်မဟာမိတ်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်လိုက်ကြပါတယ်၊ အဲဒီနောက် နောင်နှစ်ပေါင်းနှစ်ဆယ်ကျော်ကျော်ကာလအတွင်းမှာ အာဏာလုပွဲတွေ တသီတတန်းကြီး ပေါ်ပေါက်လာပါတယ်၊ ဒီအာဏာလုပွဲတွေထဲက အထူးသဖြင့် ၁၉၉၂ ခုနှစ်က ရန်းမောက်လျန်နှင့် ၁၉၉၅ ခုနှစ်၊ ၂၀၀၀ ခုနှစ်တွေထဲက လီလိမင် အစရှိတဲ့သူတွေ လှုံ့ဆော် ပေါ်ပေါက်တဲ့ အချင်းချင်း ဆော်ကြနှက်ကြမှုတွေက စံတင်လောက်တဲ့ အကွဲအပြဲတိုက်ပွဲတွေ ဖြစ်ပါတယ်။

ရန်းမောက်လျံတို့ ညီနောင်လေးဖော်က နှစ်ဆယ်ရာစု (၆၁)ခုနှစ်တွေတုန်းက တရုတ်ပြည်မကြီးကနေ မြန်မာနိုင်ငံဆီကို ထွက်လာကြတဲ့ တရုတ်ပညာတတ်လူငယ်တွေ ဖြစ်ကြပါတယ်။ သူတို့အထဲက ရန်းမောက်လျန်နဲ့ ရန်းမောက်အန်းတို့က ဗကပပါတီထဲကို ဝင်ရောက်ကြပါတယ်။ ညီအစ်ကိုနှစ်ယောက်သား မြန်မာပြည်အရှေ့မြောက်ပိုင်း စစ်နယ်မြေမှာ တာဝန်ထမ်းဆောင်ကြပါတယ်။ ရန်းမောက်လျံကတလျှောက်လုံး ရာထူးတက်လိုက်၊ ရွှေ့ပြောင်းလိုက်နဲ့ပါ။ ရာထူးက ကိုးကန့်ခရိုင်လက်ထောက်ခရိုင်မှူးအဆင့်အထိ တက်သွားပါတယ်။ ညီဖြစ်တဲ့ ရန်းမောက်အန်းကတော့ ဟိုတုန်းက ဗမာပြည်ကွန်မြူနစ်ပါတီ အရှေ့မြောက်စစ်မြေပြင် အတွင်းရေးဌာနရဲ့ ဌာနမှူး ဖြစ်ပါတယ်။ ကျန်နှစ်ယောက်ဖြစ်တဲ့ ရန်းမောက်ရှူး၊ ရန်းမောက်စိန့်တို့ကတော့ တလျှောက်လုံး ကုန်သည်စီးပွားကိုသာ လုပ်ကိုင်ကြပါတယ်။ သူတို့အထဲက စတုတ္ထမြောက် ရန်းမောက်စိန့်က မူးယစ်ဆေးဝါးတွေကို မှောင်ခိုသယ်ယူပို့ဆောင်မှု အကြိမ်ပေါင်းများစွာ ကြုံးပမ်းဆောင်ရွက်ခဲ့ပါတယ်။ တရုတ်ပြည်နယ်မြေထဲ ဝင်ရောက်ပြီး မူးယစ်ဆေးတွေကို အကြိမ်ပေါင်းများစွာ သယ်ယူပို့ဆောင်ခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာ တရုတ်ပြည်နယ်ခြားစောင့် ရဲတပ်ဖွဲ့က ယူနန်ပြည်နယ် လိန်ချွမ်းမှာ လူရောပစ္စည်းနဲ့ပါ ဖမ်းဆီးလိုက်တယ်။ လိန်ချွမ်း ပြည်သူ့တရားရုံးက သေဒဏ်ချမှတ်လိုက်ပြီး အဆုံးစီရင်လိုက်ပါတယ်။ ရန်းမောက်လျန်၊ ရန်းမောက်အန်းတို့နှစ်ယောက် ၁၁-၃-၁၉၈၉ နေ့က ဖုန်ကျားရှင် ဦးဆောင်တဲ့ မုန်းကိုးတောတွင်း ပုန်ကန်မှုအရေးတော်ပုံကြီး ပြီးဆုံးပြီးနောက်ပိုင်း ဒုဦးစီးချုပ်နှင့် နိုင်ငံရေးဝန်ကြီးဌာန ဌာနမှူးရာထူးကို အသီးသီး တက်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်ကျားရှင်ရဲ့ ကိုးကန့်မဟာမိတ်တပ်ကို ဖွဲ့စည်းတည်ထောင်ထားတာမှာ ထိပ်ပိုင်းနေရာအားလုံးနီးပါးက ကိုးကန့်တိုင်းရင်းသားများသာ ဖြစ်တယ်။ နယ်မြေစွဲ-ဒေသစွဲ ပြင်းထန်လွန်းတဲ့ အသွင်သဏ္ဍာန်ပါပဲ။ ထိုစဉ်တုန်းက ဖုန်ကျားရှင်က သေနာပတိချုပ်၊ ဦးစီးချုပ်က ဝေ့ချောင်ရင်၊ ဒုဦးစီးချုပ်က လီကျုန်းရှန် (မူလက ဗမာပြည်ကွန်မြူနစ်ပါတီ အရှေ့မြောက်ပိုင်း စစ်ဒေသ နိုင်ငံရေးဝန်ကြီးဌာန ဒုတာဝန်ခံ ညွှန်ကြားရေးမှူး) ဖုန်ကျားဖု၊ ရန်းကျုံးဝေ့ (မူလက မြောက်ပိုင်းစစ်ဒေသ တပ်မဟာမှူး) ရန်မောက်လျံ၊ နိုင်ငံရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးက ဂူကျားယို၊ ဘဏ္ဍာရေးဝန်ကြီးက ကျန်တက်ဝံ (မူလက မြောက်ပိုင်းစစ်ဒေသ တပ်ရင်းမှူး) ဒုဝန်ကြီးက ဖုန်တာ့စွန့် (ဖုန်ကျားရှင်ရဲ့ သားကြီး) အစရှိသူတွေ ဖြစ်ကြတယ်၊ ဒီကိုးကန့်စစ်ဒေသခံ လူတွေကို ခေါင်းဆောင်ဖွဲ့စည်းထားတဲ့ အဖွဲ့ဖြစ်ပါတယ်။

ဖုန်ကျားရှင်ရဲ့ ကိုးကန့်မဟာမိတ်တပ်ဖွဲ့နှင့် ဝမဟာမိတ်တပ်ဖွဲ့တို့ကို နှိုင်းယှဉ်ကြည့်ရင်း တမျိုးတဖုံစီ ပုံသဏ္ဍာန် တူမနေတာကို တွေ့မြင်ရပါတယ်၊ ထိုတုန်းက ဖုန်ကျားရှင် ကိုးကန့်မဟာမိတ်တပ်ရဲ့ လက်အောက်ခံဖွဲ့စည်းမှုက ဒီဗီဇံတပ်မ အမှတ် (၃၉၃) တပ်မတစ်ခုတည်းသာ ဖွဲ့စည်းထားတာဖြစ်တယ်၊ လီလိမင်၊ ဝေ့ချောင်ရင်တို့ ရှေ့နောက်အလှည့်ကျ အဲဒီတပ်မမှူးအဖြစ် တာဝန်ယူထမ်းဆောင်ကြပါတယ်၊ သူတို့ရဲ့ မဟာမိတ်တပ်ဖွဲ့စည်းမှုက အတော်လေး လျော့ရဲလှပါတယ်၊ ဝပြည်နယ်ညွှန့်ပေါင်းပါတီဖွဲ့စည်းပုံမျိုးနဲ့ မတူပြန်ပါ၊ နိုင်ငံရေးပါတီက အစိုးရအဖွဲ့နှင့် လက်နက်ကိုင်အဖွဲ့ကို ချုပ်ကိုင်ထားခြင်းမျိုး မဟုတ်တဲ့အတွက် နောက်ပိုင်းကာလတွေမှာ အချင်းများ အငြင်းပွားမှုတွေ အဆက်မပြတ် ပေါ်ပေါက်လာဖို့ မြုပ်နှံထားတဲ့ အန္တရာယ်မြေမြုပ်ဗုံးတွေ ဖြစ်နေပါတယ်။

၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ကိုးကန့်မဟာမိတ်တပ်မှာ ပထမဆုံးအကြိမ် အတွင်းပဋိပက္ခအာဏာလုပွဲကြီး အပြင်းအထန် ဖြစ်ပေါ်လာပါတယ်၊ အရေးတော်ပုံ ပေါ်ပေါက်လာအောင် လှုံ့ဆော်စိုင်းပြင်းသူကတော့ အဲဒီတုန်းက ဒုဦးစီးချုပ်တာဝန်ကို ထမ်းဆောင်တဲ့ ရန်းမောက်လျံနှင့် သူ့ရဲ့ညီအစ်ကိုရင်းခြာတွေ ဖြစ်ပါတယ်၊ အကြောင်းရင်းကတော့ အာဏာလုကြတာပါပဲ။



တစ်နေ့တစ်ခြား ကြီးထွားလာတဲ့ ကုလားထိုင်မှာ ထိုင်နေကြတဲ့ ရန်းညီနောင်ဖွားတို့က အထူးဒေသအစိုးရ ဥက္ကဋ္ဌရာထူးနှင့် မဟာမိတ်တပ်ဦးစီးချုပ်ရာထူးကို ဆုပ်ကိုင်ထားတဲ့ ဖုန်ကျားရှင်ကို စတင်စိန်ခေါ်ခြင်းဖြစ်တယ်၊ ဒါ့အပြင် ဖုန်ကျားရှင် ရှေ့ဆက်လျှောက်မယ့် ခရီးလမ်းကို ရန်းညီနောင်တို့ လုံးဝကို မလိုလားတဲ့လမ်း ဖြစ်နေပါသေးတယ်။

အဲဒီလမ်းကတော့ ဖုန်ကျားရှင်က လာလတ္တံ့ အချိန်ကာလကို မြင့်မြင့်မားမား ရှည်ရှည်လျားလျား လှမ်းမြင်ထားပါတယ်၊ ကိုးကန့်တို့ နိုင်ငံတကာ အသိုင်းအဝိုင်းထဲ ဝင်ဆန့်လိုတယ်ဆိုရင် မူးယစ်ဆေးဝါးအဝန်းအဝိုင်းနှင့် ကင်းကင်းရှင်းရှင်း ရှိနေရပါမယ်၊ ကိုးကန့်နယ်မြေဒေသမှာ တဖြည်းဖြည်းနဲ့ မူးယစ်ဆေးဝါး ပိတ်ပင်ဟန့်တားမှုကို ဖုန်ကျားရှင် လုပ်လိုတဲ့ ဆန္ဒရှိနေပါတယ်၊ အခြားစီးပွားရေးလုပ်ငန်းက မူးယစ်ဆေးဝါးစီးပွားရေးလုပ်ငန်းကို ဝင်ရောက်အစားထိုးတဲ့ ပုံစံကို ဖုန်ကျားရှင် အကောင်အထည်ဖော်လိုပါတယ်၊ သူ့ရဲ့လိုအင်ဆန္ဒနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုတွေကနေ တအားချမ်းသာကြွယ်ဝလာတဲ့ ရန်းညီအစ်ကိုတို့နှင့် ထိပ်တိုက်တိုးကြပါလေရော၊ နောက်ဆုံးတော့ နှစ်ဖက်အင်အားက လက်နက်ဖြင့် တိုက်ခိုက်ဖြေရှင်းရတဲ့ အဆင့်ကို ရောက်သွားပါလေရော။

ဖုန်-ရန်း ကိုးကန့်သားအချင်းချင်း ဗိုလ်လုပွဲ စတင်တိုက်ခိုက်ကြပါပြီ၊ စစချင်း မကြာခင်မှာပဲ တပ်မမှူးကြီး ဝေ့ချောင်ရင်က ရန်းညီနောင်ဘက် ပါဝင်လိုက်တယ်၊ နှစ်ဘက်တပ်ချင်း အကြိတ်အနယ် တိုက်ပွဲပေါင်းဆယ်ကြိမ် မကပါ၊ ဒါပေမဲ့ ဘယ်သူကမှ တစ်ဘက်ဘက်ကို အပြတ်အသတ် အနိုင်မတိုက်နိုင်ပါ၊ ဒီနောက်ပိုင်းမှာ ရန်းညီနောင်ဘက် ဝင်တိုက်ပေးတဲ့ တပ်မမှူးကြီး ဝေ့ချောင်ရင်က ဘယ်ဘက်နဲ့မှ မပူးပေါင်းဘဲ ကြားနေလိုက်တယ်၊ ဒါ့အပြင် ကြေငြာချက်ကိုပါ ထုတ်ပြန်လိုက်တယ်၊ သဘောကတော့ နှစ်ဘက်တိုက်ခိုက်မှု ရပ်စဲကြပြီး ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရေးကို ပြုလုပ်စေလိုပါတယ်။

အချင်းချင်း လုကြတဲ့ ဗိုလ်လုပွဲ၊ ရှည်ကြာလာပါပြီ၊ ဘယ်ဘက်ကမှ အနိုင်မပိုင်းနိုင်လေတော့ ပြည်သူ့နှလုံးသားကို မသိမ်းသွင်းနိုင်တဲ့ ရန်ညီနောင်တို့အတွက် အခြေအနေ ဆိုးရွားသထက် ဆိုးရွားလာစေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့လည်း ရန်ညီနောင်တို့ ကိုယ်တိုင်ကိုယ်ကျ တောင်ဘက်ပိုင်းက ဝအဖွဲ့အစည်းဘက်ဆီ သွားရောက်စကားဆိုလေတယ်၊ အင်အားတောင့်တင်းတဲ့ ဝပြည်ထောင်စု မဟာမိတ်တပ်က သူတို့ကို စစ်ကူပေးပြီး ဝင်တိုက်ဖို့ကို အကူအညီ တောင်းခံပါတယ်။

ဝအဖွဲ့အစည်းဟာ ထိုစဉ်ကာလတုန်းက ထိုင်းမြန်မာနယ်စပ်က ခွန်ဆာအုပ်စုနဲ့ အကြိတ်အနယ် တိုက်ခိုက်ကြတဲ့ အခါသမယ ဖြစ်နေပါတယ်၊ တခြားသူအရေးထက် ကိုယ့်အရေးက ရေးကြီးခွင်ကျယ် ရင်ဆိုင်ကြုံတွေ့ရတဲ့အချိန် ဖြစ်နေပါတယ်၊ ဒါပေမဲ့ ကိုးကန့်ဆိုတာက ခွန်ဆာစိုးမိုးတဲ့ လွိုင်မော်တောင်တန်း တိုင်းရင်းသားတို့နဲ့ အစဉ်အဆက် ကူးလူးဆက်ဆံရတာ ဖြစ်တယ်၊ ထိပ်ပိုင်းခေါင်းဆောင်ပိုင်းအလွှာ အထူးသဖြင့် ဖုန်ကျားရှင်တို့၊ ခွန်ဆာတို့ရဲ့ ပတ်သက်ရာပတ်သက်ကြောင်းကလည်း ဆက်စပ်မှုက ရှိနေပြန်ပါသေးတယ်၊ နိုင်ငံရေး၊ စစ်ရေးရဲ့ ရေရှည်အကျိုးစီးပွားကို ထောက်ရှုပြီး ဝအဖွဲ့အစည်းဟာ ရန်ညီနောင်တို့ကို အကူအညီပေးပြီး ဖုန်အင်အားစုကို တိုက်ဖို့ ဆုံးဖြတ်လိုက်ကြတယ်၊ ဒါမှသာ နောက်တန်းကို တည်ငြိမ်စေပြီး အင်အားတောင့်တင်းတဲ့ ခွန်ဆာအုပ်စု မဟာမိတ်ဖြုမှုကို ဝါးအစည်းပြေသလို ဖြိုခွင်းနိုင်မှာဖြစ်တယ်၊ ရန်ညီနောင်ဘက်က ကူတိုက်ဖို့ ဆုံးဖြတ်ချက်ချပြီးတာနဲ့ ဝတပ်ဖွဲ့ကြီးက တပ်သားအင်အား (၁၅၀၀) ခန့်ကို စေလွှတ်လိုက်ပါတယ်၊ စစ်လမ်းကြောင်း ဖွင့်ပြီး ကိုးကန့်နယ်မြေထဲ ချဉ်းနင်းဝင်ရောက်လိုက်တယ်၊ လက်နက်ကိုင်အင်အားနဲ့ ရန်ညီနောင်တို့ကို စစ်ကူပေးလိုက်ပါတယ်၊ ၁၉၉၃ ခုနှစ် မေလ၊ ဖုန်ကျားရှင်အုပ်စုက ရုတ်တရက် အင်အားတောင့်တင်းလာတဲ့ စစ်အင်အားကြီးကို ရင်ဆိုင်တိုက်ခိုက်နေရပါတယ်၊ အင်အားခြင်းတအား ကွာခြားလွန်းတဲ့အတွက် ဖုန်ကျားရှင် အရေးနိမ့်ပြီး ကိုးကန့်နယ်မြေကနေ ဆုတ်ခွာလိုက်ကြရတယ်။

အောင်ပွဲခံသွားတဲ့ ရန်မောက်လျှံတို့က ကိုးကန့်အုပ်ချုပ်ရေးအာဏာကို သိမ်းပိုက်လိုက်တယ်၊ ရန်မောက်လျှံက ဖုန်ကျားရှင် ထမ်းဆောင်ခဲ့တဲ့ ကိုးကန့်မဟာမိတ်စစ်သေနာပတိနေရာကို ဆက်ခံလိုက်တယ်၊ သူ့ညီရန်မောက်အန်းက (လက်ထောက်) သေနာပတိကို ယူလိုက်ပါတယ်၊ သေနာပတိချုပ် ရန်မောက်လျှံက အုပ်ချုပ်ရေး အာဏာယူပြီး သူ စီမံအုပ်ချုပ်တဲ့



ကာလမှာ ဘိန်းကို ယခင်ကထက် ပိုပြီးထူးထူးခြားခြား ထုတ်လုပ်ပါတယ်၊ အဲဒီအထဲက အရေးအပါဆုံး ထွက်ပေါက်နဲ့ လမ်းကြောင်းကတော့ တရုတ်ပြည်နယ်အတွင်းကနေ အလုံးအရင်းနဲ့ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုတွေ အကြီးအကျယ် အလုပ်ဖြစ်နေပါတယ်၊ ကိုးကန့်ရဲ့ မူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်းက ထိုစဉ်တုန်းက တရုတ်ပြည်နှင့် ယူနန်ပြည်နယ်မှာ အင်မတန် ကြီးမားလွန်းတဲ့ ဘေးဒုက္ခအန္တရာယ်ဆိုးကြီး ဖြစ်နေပါတယ်။

၂၆-၇-၁၉၉၅ ကိုးကန့်မဟာမိတ်တပ်ဖွဲ့အတွင်းမှာ အဆိုးရွားဆုံးဖြစ်တဲ့ အချင်းချင်း အာဏာလုတဲ့ အိမ်ကြက်ချင်း ခွပ်တဲ့ အရေးတော်ပုံကြီး နောက်ထပ်တစ်ကြိမ် ပေါ်ပေါက်လာပြန်တယ်။ ဒါ့အပြင် ဒီတစ်ကြိမ် အကွဲအပြဲ တိုက်ခိုက်မှုကြီးက ရန်ညီနောင်မိသားစုတို့ ကိုးကန့်အုပ်ချုပ်ရေးလုပ်ပိုင်ခွင့်အာဏာကို အပြီးသတ် နိဂုံးချုပ်လိုက်တဲ့ အရေးတော်ပုံတိုက်ပွဲ ဖြစ်သွားပါတယ်၊ ထိုတုန်းက ရန်မောက်အန်းက မုန်းကိုးမှာ ဦးစီးဦးဆောင်ပြီး မူးယစ်ဆေးဝါး တားမြစ်ချုပ်ကိုင်ခြင်းနှင့် တပ်ဖွဲ့ဝင်ရာထူးအပြောင်းအရွှေ့ ခန့်အပ်မှုဆိုင်ရာ အစည်းဝေးကို ခေါ်ယူကျင်းပပါတယ်၊ အစည်းအဝေးမှာ ရန်မောက်အန်းနှင့် ဒုတိယသေနာပတိချုပ် လီတက်ဟွာတို့က မူးယစ်ဆေးဝါး ကိုင်တွယ်လုပ်ဆောင်နေကြတဲ့ အုပ်စုကို အပြစ်တင်ထောက်ပြတဲ့ တရုတ်ပြည်ကို အပြင်းအထန် ဝေဖန်ရှုံ့ချမှု အစရှိတဲ့ ပြဿနာ ပေါ်ပေါက်ပြီး အငြင်းပွားကြပါတယ်၊ ပဋိပက္ခ ကြီးသထက်ကြီးထွားလာပါတယ်၊ အစည်းအဝေး ပြီးစီးသွားတဲ့နောက်ပိုင်း လီတက်ဟွာ အစရှိတဲ့ ခေါင်းဆောင်သုံးဦးက တပ်ဖွဲ့အပြောင်းအရွှေ့ကို အသုံးချပြီး အရေးတော်ပုံကြီး ဖန်တီးလိုက်ပါတယ်။

ဩဂုတ်လ (၁) ရက်၊ တပ်မဟာမှူးချုပ် လီလိမင်က သူယုံကြည်အားထားရဆုံးဖြစ်တဲ့ တပ်ရင်း(သုံး)က တပ်သားအလုံးအရင်းကို အသုံးပြုပြီး မုန်းကိုးမှာ အခြေစိုက်တဲ့ မဟာမိတ်တပ်ဖွဲ့ ဦးစီးချုပ် ဝေ့ချောင်ရင် အမှတ် (၁၂၈) တပ်မချုပ် ရန်ခေါ်ရွှင်း၊ ဝေ့စန်း၊ မုန်းကိုးခရိုင်ဝန် လီချောင်ဟွာ အစရှိတဲ့ လူတွေကို ဖမ်းဆီးထိန်းသိမ်းလိုက်တယ်၊ တချိန်တည်းမှာပဲ တပ်မရဲ့ တပ်ရင်း တပ်ဖွဲ့အားလုံးရဲ့ လက်နက်တွေကိုပါ ဖြုတ်သိမ်းလိုက်တယ်။ မုန်ဇလပ်က တပ်ရင်းနှစ်ရင်း အင်အားနဲ့ တပ် အပြောင်းအရွှေ့ နေရာချထား

www.burmeseclassic.com

www.burmeseclassic.com



ရေး လက်ဖတင်နှင် ဂျင်နရယ် ရန်းမောက်အန်းရဲ့ စတုတ္ထမြောက်သား ရန်းခေါ့ရှင်း အုပ်ချုပ်တဲ့ လက်ရုံးတပ်ရင်း (သုံး)ကိုပါ လက်နက်ဖြုတ်သိမ်း လိုက်ပြန်တယ်၊ လှုပ်ရှားမှုအချိန်က အစမှအဆုံး (၄)နာရီနှင့် ပြီးစီးအဆုံး သတ်သွားပါတယ်၊ သေနတ်တစ်ချက်တောင် မပစ်ဖောက်လိုက်ရဘဲ တပ်တွင်းအာဏာသိမ်းမှုကြီး ပြီးစီးသွားပါတယ်၊ လီလိမင်အင်အားစုက မုန်းကိုးလုံခြုံရေးတပ် စစ်ရေး၊ နိုင်ငံရေး ကော်မတီဆိုင်းဘုတ်ကို မြှောက်တင်လိုက်တယ်၊ တပြိုင်တည်းမှာပဲ 'တပ်သားများ၊ သွေးချင်းသားချင်း ညီနောင်များသို့ ကြေငြာစာတမ်း' 'ငြိမ်းချမ်းရေးကြေညာစာတမ်း'၊ 'အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းစဉ်လမ်းညွှန်စာတမ်း' 'နိုတစ်စာထုတ်ပြန်ကြေညာချက်' 'စွဲချက်တင်ရှုံ့ချတဲ့ ကြေငြာစာတမ်း (၃)ခု'ကို ထုတ်ပြန်လိုက်တယ်၊ ရန်းညီနောင်တို့ရဲ့ သမိုင်းကြောင်းတလျှောက် ကျူးလွန်တဲ့ ပြစ်မှုတွေကို စုံစုံလင်လင် အများသိအောင် ထုတ်ပြန်လိုက်တယ်။

လီလိမင် အစရှိတဲ့သူတွေရဲ့ တပ်တွင်းအာဏာသိမ်းမှုကြီး ထမြောက်အောင်မြင်သွားပါတယ်၊ ဒါပေမဲ့ လုပ်ငန်းခွင်တစ်ခုလုံးမှာ ဦးဆောင်မှုအရည်အသွေး ချို့တဲ့တဲ့အတွက်ကြောင့် လာလတ္တံ့ အနာဂတ်ရဲ့ တိုးတက်ဖွံ့ဖြိုးလာမှုကို ပိုင်းဖြတ်မှုမှာ ချို့ယွင်းအားနည်းမှုတွေ ရှိနေပါတယ်၊ သူတို့ထင်မှတ်ထားတာက ရန်းညီနောင်အင်အားစုက မုန်းကိုးကို ထိုးစစ်ဆင်တိုက်ခိုက်နိုင်စွမ်း မရှိချေလို့ ထင်မှတ်မှားကြပါတယ်။

ထပ်ဆင့်မှားယွင်းမှုတစ်ရပ်က ဝအဖွဲ့အစည်းရဲ့ လက်နက်ကိုင်ထောက်ခံအားပေးမှု ကင်းမဲ့ရင် ဦးဆောင်မှုအနေအထားက တစ်စတစ်စနဲ့ ဆုံးရှုံးပျောက်ကွယ်သွားမှာဖြစ်တယ်၊ အနိုင်ရ လီလိမင်အုပ်စုက မလွဲမရှောင်သာဘဲ မုန်းကိုးကနေ ဆုတ်ခွာလိုက်ကြပါတယ်၊ လီဦးဆောင်ပြီး လက်အောက်ခံ လူသူလက်နက်တပ်ဖွဲ့အင်အား အများစုက လီလိမင်နောက်လိုက်ပါကြပြီး ဝအဖွဲ့အစည်းထဲ ဝင်လိုက်ကြတယ်၊ ဒီလိုနဲ့ နောက်နှစ်လတာလွန်ခဲ့ပြီးတဲ့နောက် သူတို့နဲ့ ကိုးကန့်ရန်းမိသားစု ညီနောင်တို့ အင်အားစုနှင့် တိုက်ပွဲပေါင်း ဆယ်ပွဲမက အကြိတ်အနယ် တိုက်ခိုက်လာကြပါတယ်။

ရန်းညီနောင်ကို တွန်းလှန်ပုန်ကန်တဲ့ မူလက တပ်မဟာ (၈၉၃) (နောက်တော့ တပ်မဟာ ၁၂၈)၊ တပ်မဟာမှူး လီလိမင် (ဝတိုင်းရင်းသား



စစ်စစ်)၊ မူလက မုန်းကိုးခရိုင်ဝန် မုန်ဇလပ် (တရုတ်ပြည် ယူနန်ပြည်နယ် လုံ့ချွမ်းဟု ဆန့်ရှမ်းရွာသား အားချန်းတိုင်းရင်းသား)၊ ကိုးကန့်မဟာမိတ်တပ်ဖွဲ့၊ ဒုတိယသေနာပတိချုပ် လီတက်ဟွာ (ဝတိုင်းရင်းသား)တို့ ခေါင်းဆောင်တဲ့ တပ်အင်အားသုံးပြီး အထက်စီးရထားတဲ့ ဦးဆောင်မှု အနေအထားကနေ တစစ လက်လွှတ်ဆုံးရှုံးနေရပါတယ်၊ နောက်ဆုံးမှာ နယ်မြေထိန်းချုပ်မှုကိုပါ လက်လွှတ်လိုက်ရပြီး ဝပြည်ထောင်စုအဖွဲ့အစည်းရဲ့ လက်အောက်ခံတပ်ဖွဲ့အဆင့်ကို လျှောကျသွားပါတယ်။

ရန်းညီနောင်အင်အားကလည်း အဓိကရ မုန်းကိုးမြို့ကို လက်လွှတ်လိုက်ရခြင်းက အင်အားထုထည် အကြီးအကျယ် ဆုံးရှုံးလိုက်ရပြီး ၁၂၈ တပ်မဟာချုပ် ဟုန်းခေါ့ရှင်းလည်းပဲ အတင်းထိုးဖောက်တိုက်ခိုက်ရာကနေ ထိမှန်ကျဆုံးသွားပါတယ်။

ဒီတစ်ကြိမ် အချင်းချင်း စိတ်ဝမ်းကွဲ တိုက်ကြရတဲ့ အကြောင်း ကတော့ ခေါင်းဆောင်ကြီး ရန်မောက်အန်းက ၁၉၉၃ ခုနှစ် ဇွန်လမှာ သားအငယ်ကောင် ရန်းခေါ့ရှင်းကို တပ်ရင်းမှူးအဆင့်ကနေ ကျော်တက်ပြီး အဆင့်မြင့်မြင့် တရားလွန် ထိုးတင်လိုက်တာကနေ ဓာတ်လမ်းစတော့တာပါပဲ။ သားအရင်းကို အဆင့်လွန် ထိုးတင်ပြီး မူလက သစ္စာတော်ခံ (၁၂၈) တပ်မဟာမှူး လီတက်ဟွာကို ရာထူးဖြုတ်လိုက်ပါတယ်၊ စစ်အာဏာ ရုပ်သိမ်းခံလိုက်ရတဲ့ လီတက်ဟွာ မကျေမနပ်ဖြစ်ပြီး ပုန်ကန်ဖို့ကို ကြံစည်ပါတယ်၊ တချိန်တည်းမှာပဲ တိုက်ရိုက်ဆက်စပ်နေတဲ့ ပေါက်ကွဲမှုစနက်တံကို ထိပ်သီးရန်မောက်လျံက ဖန်တီးလိုက်ပြန်တယ်၊ ၁၂၈ တပ်မဟာနှင့် ၁၂၄ တပ်မဟာနှစ်တပ်ကို ရာထူးနေရာ အပြောင်းအလဲကို ကိုယ့်သဘောနဲ့ကိုယ် လုပ်လိုက်တယ်၊ ရှေးယခင်ကတည်းက ကြိုတင်ပြင်ဆင်မှု ရှိထားတဲ့ လီလိမင်၊ လီတက်ဟွာ၊ မုန်ဇလပ်တို့ ပူးပေါင်းလိုက်ကြပြီး ဝတပ်သားတို့ရဲ့ ၁၂၈ တပ်မဟာအင်အားနဲ့ လွတ်လပ်ရေး အောင်လံတော်ကို အလွယ်တကူ လွှင့်ထူနိုင်လိုက်ပါတယ်။

ဒီတစ်ချီ တပ်တွင်းအာဏာသိမ်းပွဲမှာ လီလိမင် အစရှိတဲ့ သူတို့အင်အားက ဝတို့ရဲ့ အင်အားကို ပုန်းလျှိုးကွယ်လျှိုး တိတ်တိတ်ကလေး ကြိတ်ပြီး ရန်းညီနောင်တို့ကို ပုန်ကန်တိုက်ခိုက်ကြတဲ့ လီလိမင် အစရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



သူတွေက ရန်းအုပ်စုတပ်ဖွဲ့ကြီးထဲမှာ အရှိန်အဝါ အထင်ကရ ရှိခဲ့ကြတဲ့ သူတွေပါပဲ။ နောက်ပြီး လီတက်ဟွာက ဝမဟာမိတ် ညွန့်ပေါင်းတပ်ဖွဲ့၊ သေနာပတိချုပ် ပေါင့်ယိုရှန်ရဲ့ သွေးဝေးဆွေမျိုး ဖြစ်ကြပါတယ်၊ ဝမဟာမိတ် ညွန့်ပေါင်းတပ်ဖွဲ့ရဲ့ တပ်ရင်းမှူး လုပ်ခဲ့ပါတယ်၊ ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ရန်းနဲ့ ဖုန်တို့ ပထမဆုံးအကြိမ် ဗိုလ်လုတဲ့ တိုက်ပွဲ အနိုင်အရှုံး မပေါ်သေးဘဲ သရေကျနေစဉ်တုန်းက မဟာမိတ်ညွန့်ပေါင်းတပ်ဖွဲ့ စစ်သေနာပတိ ပေါင့်ယိုရှန်၊ ဒုတိယသေနာပတိချုပ် လီကျူလူထံ စစ်ကူတောင်းပါတယ်၊ ပေါင့်၊ လီတို့ တပ်ကူစေလွှတ်ပြီး ဖုန်ကျားရှင်ကို ဝိုင်းတိုက်ကြတယ်၊ ဒီပွဲမှာ လီတက်ဟွာက အမိန့်အရ တပ်ရင်းသုံးရင်းကို လျှို့ဝှက် ဦးဆောင်ပြီး ရန်းညီနောင်တို့ကို ဝိုင်းတိုက်ကြတယ်၊ ဒါ့အပြင် ဒီတိုက်ပွဲမှာ စွမ်းစွမ်းတမံ အင်တိုက်အားတိုက် တိုက်ခိုက်ပေးတာကြောင့် နိဂုံးချုပ်လိုက်တော့ ဝအဖွဲ့အစည်းဆီက စစ်သုံးစရိတ် ငွေကြေး ချေးငှားခဲ့ရပါတယ်၊ ဒါ့အပြင် တပ်အင်အားထုတ်ပြီး လက်နက်အင်အားကို ထပ်ဆင့် ဖြည့်ဆည်းရတာကြောင့် ရန်းညီနောင်အုပ်စုတို့ အုပ်ချုပ်ရေးကာလတစ်လျှောက်လုံးလုံး ဝအဖွဲ့အစည်းရဲ့ ကြွေးမြီတွေ အထပ်ထပ် တက်လာပါတယ်၊ ကြွေးမြီတွေကို ဘယ်လိုမှ ပြန်လည်ပေးဆပ်နိုင်စွမ်းမရှိတဲ့ အနေအထားကို ရင်ဆိုင်တိုးနေပါတယ်၊ ရန်မောက်လျံ အုပ်ချုပ်မှုအောက်က ကိုးကန့်ဟာ ဝအဖွဲ့အစည်းရဲ့ အာဏာစက်အောက်ကို ကျရောက်နေသလို ဖြစ်ခဲ့ပါတယ်၊ စစ်ပွဲပြီးဆုံးတဲ့နောက် ရန်းညီနောင်အုပ်စုက ဝအဖွဲ့အစည်းရဲ့ ဖိအားအောက်မှာ တပ်ဖွဲ့ကို ပြန်လည် ဖွဲ့စည်းရလေတယ်၊ တပ်ဖွဲ့ကို ခေါင်းဆောင်လာတဲ့ ဝအဖွဲ့အစည်းက လီတက်ဟွာဟာ အစဉ်အလာကို ထိုးဖောက်ပြီး မြှောက်စားခံရလေတယ်၊ ၎င်းက လီလိမင် ၁၂၈ တပ်မရဲ့ တပ်မမှူးရာထူးကို အစားထိုး ခန့်အပ်လိုက်ပါတယ်၊ ဒါပေမဲ့ လီလိမင်ဆိုတာက ဝခေါင်းဆောင် ပေါင့်ယိုရှန်နဲ့က သာမန် မဟုတ်တဲ့ တော်စပ်မှုတွေ ရှိနေပါတယ်။

ဒါက ၁၉၆ဝ ပြည့်နှစ် ခေတ်တွေမှာတုန်းက လီတာပေါင့် တာဝန်ယူတဲ့ တပ်ဖွဲ့ကြီးရဲ့ ဝတိုင်းရင်းသားလွတ်မြောက်ရေး တပ်ဖွဲ့ကြီးထဲမှာ ဒုတပ်ဖွဲ့မှူးအဖြစ် ထမ်းဆောင်ပါတယ်၊ ၁၉၆၈ ခုနှစ်မှာ ပေါင့်ယိုရှန်နှင့် အတူ ဗကပပြည်သူ့တပ်မတော်ထဲကို ဝင်ရောက်လိုက်ကြပါတယ်။ လီလိမင်က



ဗကပရဲ့ အမှတ် ၈၉၃ တပ်မမှာ အမှတ် (၂) တပ်မဟာရဲ့ တပ်ရင်း (၁) ရဲ့ တပ်ရင်းမှူး၊ တပ်မဟာမှူး၊ ဒုတပ်မမှူး၊ တပ်မမှူးရာထူးကို ရှေ့ဆင့်နောက်ဆင့် တာဝန်ယူထမ်းဆောင်ခဲ့ပါတယ်၊ အမှတ် ၈၉၃ တပ်မမှာ ပိုမိုကျနတဲ့ အခြေခံအုတ်မြစ်ကို ချထားနိုင်ခဲ့ပါတယ်၊ တစ်ချိန်တည်းမှာပဲ လီလိမင်နဲ့ ဖုန်ကျားရှင်တို့ရဲ့ ပတ်သက်မှုက ပိုပြီးတရင်းတနှီး ရှိကြပါတယ်။ ၁၉၈၃ ခုနှစ် ရန်းအုပ်စုက ရှင်းလင်းမှုကြီး လုပ်ကြတော့ လီလိမင်ရဲ့ မူလကတည်းက ဗကပရဲ့ ကွတ်ခိုင်ခရိုင်မှူးဖြစ်ပြီး ထိုတုန်းက မုန်းကိုးခရိုင်မှူး မုန်ဇလပ်တို့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ရာထူးဖယ်ရှားခံလိုက်ကြရပါတယ်၊ နောက်ပိုင်းတော့ 'ထွက်ပေါက်လမ်းပေးခြင်း' အမည်တွင်တဲ့ မူဝါဒကြောင့် လီလိမင်ကို လားရှိုးအခြေစိုက် ကိုးကန့်စီမံခန့်ခွဲရေးတာဝန်ခံအဖြစ် စေလွှတ်ခံရပါတယ်။ မုန်ဇလပ်ကို မြစ်ကြီးနားအခြေစိုက် ကိုးကန့်စီမံခန့်ခွဲရေးတာဝန်ခံအဖြစ် စေလွှတ်ပြီး သူတို့နှစ်ဦးကို တပြိုင်တည်း ချောင်ထိုးပစ်လိုက်ပါတယ်။

ရန်းညီနောင်တို့က အဖွဲ့အစည်းရဲ့ ချုပ်ကိုင်မှုကို ဘယ်လိုမှ မလိုလားချေ၊ ဒါ့အပြင် ဝအဖွဲ့အစည်းနှင့် ပေါင့်ယိုရှန်အပေါ် မလိုမုန်းထားရှိနေပြီး ၁၉၉၅ ခုနှစ်မှာ ကိုးကန့်ဘက်ကနေ စာတမ်းတစ်စောင် ထုတ်ပြန်လိုက်ပါတယ်၊ ကြေငြာချက်စာတမ်းရဲ့ အကြမ်းဖျဉ်းအဓိပ္ပါယ်က "ကိုးကန့်ဒေသမှာ ရောင်းဝယ်ဖောက်ကားကြသူတွေ (အဓိက တရုတ်ပြည်တွင်းဆီ မူးယစ်ဆေးဝါး ရောင်းဝယ်မှု)အားလုံးဟာ ဝအဖွဲ့အစည်းတွေသာ ဖြစ်တယ်" ဒီထုတ်ပြန်တဲ့ သတင်းစာလွှာကို လီတက်ဟွာနဲ့ လီလိမင်တို့ကတစ်ဆင့် ဝအဖွဲ့အစည်းကို လက်ဆင့်ကမ်း ပေးပို့လိုက်ပါတယ်၊ ဝအဖွဲ့အစည်းက အာဏာချုပ်ကိုင်လုပ်ဆောင်ကြတဲ့ ပေါင့်ယိုရှန်ညီနောင်တွေ ဒေါသူပုန်ထကြကုန်တယ်။

၁၉၉၅ ခုနှစ် '၅-၈' အရေး တရုတ်ပြည်က ဖမ်းဆီးမိပြီး ရန်းညီနောင်ထဲက စတုတ္ထမြောက် ညီအငယ်ဆုံးကို သေဒဏ်ချမှတ်စီရင်ပစ်လိုက်ပါတယ်၊ ဘိန်းရာဇာကြီး ရန်မောက်စိန့်က 'ဝ' အဖွဲ့အစည်းရဲ့ ဖိအားကို မခံမရပ်နိုင်ဘဲ တချိန်လုံး ကလဲ့စားချေ တုံ့ပြန်မယ်လို့ အော်ဟစ်ကြိမ်းဝါးနေတဲ့ ရန်းညီနောင်တို့ဟာ ပေါ့ပေါ့တန်တန် ပုန်ကန်မထကြွဝံ့ပေမယ့်လည်း

www.burmeseclassic.com

www.burmeseclassic.com



ငွင်းမိသားစုတို့ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားတဲ့ အင်အားကလည်း လျော့ပါးမသွားပါ၊ ကိုးကန့်တို့ တရုတ်ပြည်ကို ပြုလုပ်တဲ့ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုက ဝအဖွဲ့အစည်းအပေါ် အင်မတန် ကြီးမားတဲ့ ဖိအားတွေပေးနေပါတယ်၊ ဝအဖွဲ့အစည်း ထိပ်တန်းအရာရှိကြီးတွေ အမြင်က ဒါဟာ ဝအဖွဲ့အစည်းရဲ့ စစ်ရေးမဟာဗျူဟာ အကျိုးဆက်ကို လက်တွေ့ကျကျ အကြီးအကျယ် ရိုက်ခတ်နေပြီးရယ်လို့ ထင်မြင်ယူဆလာကြပါတယ်။

ဒီတစ်ကြိမ် အတွင်းကြိတ် ပဋိပက္ခဖြေရှင်းမှုကြီးက လက်တွေ့လုပ်ဆောင်မှုအပိုင်းမှာ ဝအဖွဲ့အစည်းကြီးက ရန်းအင်အားစုတို့ လုပ်ဆောင်မှုတွေကို သွေးတိုးစမ်းကြည့်တဲ့ ဖြေရှင်းမှုတစ်ရပ်ပဲ ဖြစ်ပါတယ်၊ ဒါ့အပြင် မြန်မာအစိုးရက လက်နက်ကိုင်အဖွဲ့အစည်းအင်အားစုတို့အပေါ် သမိုင်းအစဉ်အဆက်က ပြုမူဆောင်ရွက်ခဲ့တဲ့ 'ယာလည်းညက်စေ၊ ကြက်လည်းပန်းစေ'ဆိုတဲ့ သဘောထားအတိုင်း စည်းဝိုင်းရဲ့ အပြင်ဘက်မှာ လက်ပိုက်ကာထိုင်ပြီး 'မိမိအင်အားကြီးထွားအောင်လုပ်၊ တစ်ဘက်အင်အားတွေ ကွဲပြဲချိနဲ့သွားအောင် စောင့်ဆိုင်း'ဆိုတာက မြန်မာအစိုးရရဲ့ နှစ်ကာလပေါင်းများစွာကတည်းက အင်အားစုအသီးသီးတို့ကို အပိုင်းပိုင်းအပြတ်ပြတ်ဖြစ်အောင် ရင်ဆိုင်ကိုင်တွယ်ဖြေရှင်းတဲ့ အခြေခံကျကျ နည်းဗျူဟာတစ်ရပ်ပဲ ဖြစ်ပါတယ်။

မြန်မာအစိုးရကတလျှောက်လုံး တရုတ်နွယ်ဖွားတို့အပေါ် သတိထားစောင့်ကြည့်တဲ့ စိတ်ထားရှိနေပါတယ်။ ဒါပေမဲ့ သူတို့ထက် ပိုပြီးမလိုလားတာက တရုတ်မြန်မာနယ်စပ်မှာ အထီးတည်း ရှိနေတဲ့ ဝအဖွဲ့အစည်းကြီးရဲ့ အင်အား ကြီးထွားလာမှာကို ပိုပြီးတော့ မလိုလားပါ၊ ဒါ့ကြောင့်လည်း စိတ်ထဲက တယ်ပြီး ဘဝင်မကျလှတဲ့ ရန်းညီနောင်တို့ရဲ့ အင်အားအနည်းဆုံးနဲ့ ကြွင်းကျန်တည်ရှိနေဖို့ကို လိုအပ်နေပါတယ်၊ ဒါ့ကြောင့်လည်းပဲ မြန်မာအစိုးရက တိတ်တဆိတ် ငြိမ်သက်နေပြီး ရန်းအင်အားစု တပ်အင်အားနှင့် လက်နက်ကြီး ရွှေ့ပြောင်းမှုတွေကို မြန်မာ့တပ်နယ်မြေ ကာကွယ်ရေးဒေသ ဖြတ်သန်းခွင့်ကို ခွင့်ပြုထားပါတယ်၊ တစ်ချိန်တည်းမှာပဲ ဝအဖွဲ့အစည်းကိုလည်း လက်ယပ်ခေါ် ကမ်းလှမ်းပြန်ပါသေးတယ်၊ ဒါဟာ ရန်းအင်အားစု



တွင်း ပဋိပက္ခရေးရာတွေ ဖြစ်တယ်၊ ဘယ်အင်အားစုကမှ ဝင်မစွက်ဖက်နဲ့ရယ်လို့ သတိပေးထားပြန်ပါသေးတယ်။

ဝအဖွဲ့အစည်းကြီးဟာ ဒီတစ်ကြိမ် အရေးတော်ပုံမှာ ကန့်လန့်ကာနောက်ကွယ်ကနေ ပါဝင်နေပါတယ်၊ ဒါ့အပြင် ကိုးကန့်ရန်းညီနောင်အုပ်စုရဲ့ နောက်ကွယ်ရာမှာ ပေါင်ယိုရှန်တို့ညီနောင်အုပ်စုက ကဲ့ရဲ့ပြစ်တင်ကြပါတယ်။

ပေါင်နှင့်ရန်း၊ ဝနှင့်ကိုးကန့်တို့ရဲ့ ဆက်စပ်မှုတွေက မသင့်မြတ်တဲ့ စနက်တံမိုင်းကြီးကို မြေမှာ မြှုပ်လျှိုလို့ထားကြပါပြီ။

၁၉၉၅ ခုနှစ် နိုဝင်ဘာလ ကိုးကန့်မှာ နောက်ထပ်တစ်ကြိမ် သွေးကွဲပုန်ကန်မှုကြီး ပေါ်ပေါက်လာပြန်တယ်၊ ဝခေါင်းဆောင်ပိုင်းက ရန်းကို တိုက်ဖျက်၊ ဖုန်ကို ကူညီဆိုတဲ့ ဆုံးဖြတ်ချက်ကို ချလိုက်တယ်၊ နောက်ဆုံးမှာ ကိုးကန့်ဘုရင် ဖုန်ကျားရှင် ဝှံ့ဝှံ့ကြွားကြွားနှင့် စင်ပေါ်ကို တဖန်တက်လာပြန်တယ်။

၁၁-၁၁-၁၉၉၅ ခုနှစ်၊ နှစ်ဦးပိုင်းမှာတုန်းက ရန်းအုပ်စုနဲ့ဝတို့ ပူးပေါင်းပြီး တိုက်ထုတ်ခဲ့တဲ့ ကိုးကန့်မဟာမိတ်တပ် သေနာပတိချုပ် ဖုန်ကျားရှင်ဟာ ကနေ့တော့ သူ့ရဲ့သားမက်ဖြစ်တဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်း ညွှန့်ပေါင်းတပ်ဖွဲ့ သေနာပတိ လင်းမိန်စင့်(စိုင်းလင်း)တပ်ဖွဲ့နဲ့ ပူးပေါင်းလိုက်တယ်။ လင်းဦးဆောင်တဲ့ တပ်အင်အား ၁၅၀၀ ကျော်နဲ့ ကိုးကန့်ရန်းအုပ်စုပိုင်းခြားအုပ်စိုးတဲ့ စီရင်စုနယ်မြေဆီ အတင်းဖိလာပါတယ်။

ဒီအချိန်မှာပဲ ရန်းမောက်လျံက မုန်းကိုးက 'သူပုန်' အကြွင်းအကျန် မုန်ဇလပ်ပိုင်နယ်မြေက ယူနန်ပြည်နယ် ဝမ်တိန်းနယ်မြေ အပြင်ဘက်က ခေါလင်းထန်ဟိုဆိုတဲ့ နေရာကို ထိုးစစ်ဆင်တိုက်ခိုက်ဖို့ အသင့်ပြင်ဆင်လိုက်ပါတယ်၊ ဒါပေမဲ့ အဲဒီအချိန်မှာပဲ ရန်းအုပ်စုလက်အောက်ခံ တပ်ရင်းက မြန်မာအစိုးရတပ်ဆီ လက်နက်ချအညံ့ခံသွားပါတယ်၊ ရန်းအုပ်စုလည်း ကွန်းခိုစရာ လမ်းပျောက်ပြီဖြစ်တာကြောင့် မြန်မာအစိုးရလားရှိုးစစ်နယ်မြေ တာဝန်ခံနဲ့ ကွတ်ခိုင်မှာ တွေ့ဆုံဆွေးနွေးရပါတယ်၊ ရန်းအုပ်စုက မြန်မာအစိုးရထံ အချက်သုံးချက် တောင်းဆိုတင်ပြလိုက်တယ်။

(၁) မြန်မာစစ်တပ်နဲ့ ညွှန့်ပေါင်း ဖွဲ့စည်းပြီး ဖုန်ကြားရှင်ကို ဝိုင်းတိုက်မယ်၊ နောင်အနာဂတ် ကိုးကန့်နယ်မြေကို ပူးပေါင်းအုပ်ချုပ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



(၂) မြန်မာစစ်တပ်က ကိုးကန့်နယ်မြေကို ဝင်ရောက်သိမ်းပိုက်ပြီးတဲ့နောက် ရန်းအုပ်စုတပ်ဖွဲ့ကို မြန်မာ့တပ်ဖွဲ့ထဲ သွတ်သွင်းလိုက်မယ်၊ ရဲတပ်ဖွဲ့ အသွင်သဏ္ဍာန် ရပ်တည်ခွင့်ပြုပါမယ်၊ မြန်မာအစိုးရကနေ အုပ်ချုပ်ရမှာဖြစ်တယ်။

(၃) မြန်မာအစိုးရက တခြားနေရာမှာ မြေကွက်တစ်ကွက် စီစဉ်ပေးရမယ်၊ ကိုးကန့်အမှုထမ်းတွေကို ပင်စင်ပေးပြီး "အိုမင်းသူတွေကို အနားယူအပန်းဖြေခွင့်" ပေးရပါမယ်၊ အဲဒီလူအိုရုံအပန်းဖြေစခန်းကို မြန်မာနိုင်ငံအစိုးရလက်ထဲကနေ ကိုးကန့်လက်ထဲ လွှဲပြောင်းပေးရမှာဖြစ်တယ်။

မြန်မာအစိုးရက တတိယအချက်ကို လက်သင့်ခံလိုက်ပါတယ်၊ ဖုန်ကျားရှင်ကို နောက်ထပ်တဖန် ကိုးကန့်မှာ စင်ပြိုင်တင်လိုက်ခြင်းပါပဲ။

၂၃ ရက်နေ့ မြန်မာနိုင်ငံအစိုးရတပ်ဖွဲ့၊ အရှေ့မြောက်ပိုင်း စစ်နယ်မြေက ခြေမြန်တပ်ရင်း (၇)ရင်းက ကိုးကန့်ရန်အုပ်စု စိုးမိုးတဲ့ နယ်မြေထဲ အတင်းထိုးဖောက်ဝင်ရောက်ပါတယ်၊ (၂၆)ရက်နေ့မှာ မုန်းကိုးကို သိမ်းလိုက်တယ်၊ လင်မိန်စင်နှင့် ဖုန်ကျားရှင်တို့က ရှေ့တန်းစစ်မျက်နှာမှာ မုန်းကိုးကို သိမ်းလိုက်ပါတယ်၊ လင်းမိန်စင့်(စိုင်းလင်း)နဲ့ ဖုန်ကျားရှင်တို့က ရှေ့တန်းစစ်မျက်နှာမှာ ဦးဆောင်ညွှန်ကြားနေတဲ့ ဖုန်အုပ်စုက (၂၃)ရက်နေ့မှာ ကိုးကန့်ရဲ့ တခြားနေရာဖြစ်တဲ့ ချင်းရွှေဟော်ကို သိမ်းလိုက်ပါတယ်၊ ဒါ့အပြင် ကိုးကန့်နယ်မြေဒေသ ပိုင်းထားမှုကို အကောင်အထည်ဖော်လိုက်ပါတယ်။

ကိုးကန့်နယ်မြေ အေးချမ်းလုံခြုံရေးကို ထိန်းသိမ်းထားနိုင်ရေး၊ ယင်းနယ်မြေ အေးချမ်းလုံခြုံရေး အာမခံချက်ကို အသစ်တဖန် ရေးဆွဲမှုစတဲ့ တောင်းဆိုမှုတွေကို တင်ပြပါတယ်။ မြန်မာအစိုးရက ချက်ချင်းပဲ လက်သင့်ခံလိုက်တယ်၊ နိုဝင်ဘာလ (၂၃)ရက်နေ့ မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းစစ်ဒေသမှာ ခြေမြန်တပ်ရင်း (၆)ရင်း၊ အမြောက်တပ်ရင်း (၂)ရင်းကို သွားရောက်တိုက်ခိုက်ဖို့ ညွှန်ကြားလိုက်ပါတယ်၊ တပ်ရင်း(နှစ်)ရင်းက မုန်းကိုးဒေသကို သိမ်းပိုက်လိုက်တယ်၊ ဒါ့အပြင် သံလွင်မြစ်ကို ကျော်ဖြတ်ပြီး ကိုးကန့်လောက်ကိုင်ကိုပါ သိမ်းလိုက်ပြန်တယ်၊ ထပ်မံပြီး ချင်းရွှေဟော်ကုန်းပြင်မြင့်ကိုပါ သိမ်းလိုက်ပါတ. ယ်။



၂၀- ၁၂- ၁၉၉၅၊ မြန်မာအစိုးရက ဖုန်ကျားရှင် မူလကိုးကန့်ဌာနေအုပ်ချုပ်ရေးအဖွဲ့ သုံးဦးသုံးဖလှယ် ကိုယ်စားလှယ်အင်အားနဲ့ ကိုးကန့် ယာယီအစိုးရ ဖွဲ့စည်းပေးလိုက်ပါတယ်။ မြန်မာတပ်ဖွဲ့ အဆိုအရ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ နယ်မြေအခြေအနေ တည်ငြိမ်သွားတာနဲ့ တပ်စွဲမှုကို ရုတ်သိမ်းပေးမှာဖြစ်တယ်၊ ဒါပေမဲ့ အဲ့ဒီအချိန်က အစပြုပြီး ကိုးကန့် လောက်ကိုင်ကနေ ချင်းရွှေဟော်ခရီး အကွာအဝေး (၄၂)ကီလိုမီတာ ရှည်လျားတဲ့အပိုင်းဖြစ်တဲ့ စစ်ရေးအနေအထားမှာ အမြင့်ပိုင်း အချက်အချာ နေရာအားလုံးလောက်ကို မြန်မာစစ်တပ်က ထိန်းချုပ်ထားပါတယ်၊ ကနေ့အထိ ဆုတ်ခွာရုပ်သိမ်းပေးခြင်း မရှိသေးပါ၊ ၂၀၀၀ ခုနှစ်၊ စက်တင်ဘာလ နှစ်စဉ် အဆက်မပြတ် စစ်မီးဟုန်းဟုန်းတောက်လောင်နေတဲ့ မုန်းကိုးဒေသမှာ နောက်ထပ်တဖန် သေနတ်ပစ်ဖောက်သံတွေ ဆူညံဝေလာပြန်တယ်၊ မုန်းကိုးကာကွယ်ရေးတပ် ဒုတိယသေနာပတိချုပ် လီလိမင်က တပ်တွင်း အာဏာသိမ်းမှုကို ပြုလုပ်ပြန်တယ်၊ သေနာပတိချုပ် မုန်ဇလပ်ကို ဖမ်းဆီးချုပ်နှောင်လိုက်တယ်၊ အဲဒီအချိန်ကစပြီး မုန်းကိုးဒေသရဲ့ အာဏာကြီးတစ်ခုလုံးကို ထိန်းချုပ်ကိုင်တွယ်လိုက်ပါတယ်။

မုန်းကိုးဟာ မူလအစက ဗကပမြောက်ပိုင်း အခြေစိုက်ဌာနဖြစ်ပါတယ်၊ ဗကပစိုးမိုးစဉ်ကာလတုန်းက မုန်းကိုးခရိုင်အဖြစ် တည်ထားခဲ့ဖူးပါတယ်၊ နောက်ပိုင်းမှာတော့ ကိုးကန့်အထူးဒေသရဲ့ တစိတ်တပိုင်းအဖြစ်ဖွဲ့စည်းလိုက်ပါတယ်၊ ကာလရှည်ကြာတဲ့တလျှောက်လုံး ၄င်းနယ်မြေဟာ ပေါ်ပီပင် စိုက်ပျိုးရေး၊ မူးယစ်ဆေးဝါးထုတ်လုပ်တဲ့ဒေသ ဖြစ်ပါတယ်။ မုန်းကိုးအုပ်ချုပ်ရေးနဲ့ မြူဆွယ်ဖြားယောင်းမှု ညို့ဓာတ်စွမ်းအားက အင်မတန် ကြီးမားပါတယ်၊ ဘယ်သူဘယ်ကပဲ အဲဒီနေရာမှာ အာဏာချုပ်ကိုင်ကြသူတိုင်း ယင်းဘိန်းလုပ်ငန်းတို့ကို စိုက်ပျိုးပိုင်ခွင့်၊ ပြုပြင်မွမ်းမံခွင့်၊ ရောင်းဝယ်ဖောက်ကားမှုတွေနဲ့ ငွေကြေးခနရင်းမြစ် တလိမ့်လိမ့် စီးဝင်လာခွင့်အာဏာကို ရယူပိုင်ဆိုင်လိုကြသူတွေချည်းပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း အမြဲတမ်းပဲ လူသူအချို့က လုံလောက်တဲ့ အင်အားကို စုစည်းပြီး နောက်ပိုင်း မုန်းကိုးမှာ တပ်တွင်းပုန်ကန်အာဏာသိမ်းမှုတွေ အစဉ်အမြဲ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါက်လာရမှာ မလွဲဧကန်လို ဖြစ်နေပါတယ်၊ ဒါဟာဖြင့် နယ်မြေဒေသရဲ့ ဓလေ့ထုံးတမ်း ရိုးရာအစဉ်အလာလို ဖြစ်နေသလောက်ပါပဲ။

မုန်ဇလပ် အာဏာရရှိစဉ်ကာလတုန်းက ဟုန်လောင်ဇွတ်လို့ အမည်တွင်တဲ့ ဒုတိယဦးစီးကလည်း ဖယ်ရှားနှိပ်ကွပ်တာကို ခံခဲ့ရဖူးပါတယ်။ အဲဒီနေရာဒေသက လူတိုင်း ဒီလူဟာ မူးယစ်ဆေးဝါးရောင်းဝယ်မှုကနေ တအားကို ချမ်းသာကြွယ်ဝလာတဲ့အကြောင်း အားလုံးက သိရှိထားနှင့်ကြပြီးဖြစ်တယ်၊ လီလိမင်တပ်တွင်းအာဏာသိမ်းမှု စီမံကိန်းမတိုင်ခင်က သူ့လက်အောက်မှာ တပ်အင်အား များများစားစား မရှိပါ၊ ဒီအကြောင်းအချက်နဲ့ လက်ပွန်းတတီးရှိတဲ့ ဟုန်လောင်ဇွတ်က ငွေကြေးထုတ်ပြီး ကြေးစားထပ်ငှားရမ်းပြီး တိုက်လေတယ်၊ မြန်မာပြည်မြောက်ပိုင်းနှင့် ရွှေတြိဂံနယ်မြေက ယောကျ်ားသားတွေ စစ်မှုထမ်းတိုက်ပွဲဝင်ကြတာဟာ ရှည်ကြာတဲ့ သမိုင်းကြောင်း ရိုးရာဓလေ့ထုံးတမ်းပါပဲ၊ ဘိန်းရာဇာတွေ ငွေကြေး စိုက်ထုတ်ပြီး ကြေးစားတပ်ဖွဲ့ အသုံးပြုတာက တွေ့နေမြင်နေကျအကြောင်း ကိစ္စပါပဲ၊ ၂၀၀၂ ခုနှစ် မေလမတိုင်ခင်နှင့် အဲဒီနောက်ပိုင်း မြန်မာပြည် မြောက်ပိုင်းနယ်စပ်နေ ပြည်သူတွေထဲမှာ ဟောဒီလိုမျိုး သတင်းစကားတစ်ရပ် ရေပန်းစားပြောကြဆိုကြပါတယ်။

ဘယ်လို သတင်းစကားမျိုးလည်းဆိုတော့-

မုန်းကိုးကိုသွား၊ တပ်ထဲကိုဝင်၊ စစ်တိုက်၊ တစ်နေ့ကို လုပ်ခရင်မင်ပီ ယွမ်ငွေ (၃၀၀-၅၀၀) ရတယ်၊ တချို့ကလည်း ရင်မင်ပီ ယွမ်ငွေသုံးသောင်း တစ်လုံးတစ်ခဲတည်း ရတယ်လို့လည်း ပြောကြတယ်၊ စစ်မှုထမ်းစမှာတော့ စရန်ငွေ (၁၅,၀၀၀)ယွမ် ရတယ်၊ တိုက်ပွဲပြီးဆုံးသွားတာနဲ့ ထပ်မံပြီး ယွမ် (၁၅,၀၀၀) ရပြန်ဦးမယ်၊ တချို့ကလည်း တိုက်ပွဲပြီးမှ ငွေကြေးထပ်ဆင့်ပေးလိမ့်ဦးမယ်ရယ်လို့ ပြောကြပြန်တယ်၊ ဒါ့အပြင် တချို့ကလည်း အခကြေးငွေအစား မူးယစ်ဆေးဝါး အစားထိုး ပေးလိမ့်မယ်လို့လည်း ပြောကြပြန်ပါတယ်၊ (လက်တွေ့ တကယ်ပေးတာက တစ်နေ့ကို စစ်မှုထမ်းခ တစ်ရာယွမ်ပါပဲ။) ၂၀၀၀ ခုနှစ်၊ စက်တင်ဘာလမှာ တပ်တွင်းအာဏာသိမ်းမှု အရေးတော်ပုံ ပေါ်ပေါက်လာတဲ့အခါမှာ ဟုန်လောင်ဇွတ်က ကြေးစားတပ်သား အင်အားတစ်ရာကျော်ကို ငွေပေး စုစည်းပြီးနှင့်ပါပြီ၊



တပ်တွင်း အာဏာသိမ်းမှု အောင်မြင်ပြီးစအချိန်တုန်းကတောင် တပ်ထဲဝင်ရောက်လာကြတာလည်း တဖွဲဖွဲပါ၊ အမြင့်မားဆုံး အရေအတွက်က အယောက်ပေါင်း (၇၀၀)ကျော် လာပါတယ်။

မုန်ဇလပ်ဟာ ခက်ထန်မောက်မာပြီး မာန်မာနထောင်လွှားထင်ရာ စိုင်းမှုအစဉ်အမြဲ ပြုမူကျင့်ကြံတာကြောင့် လူတွေရဲ့ ကြည်ဖြူမှုကို မရရှိ ချေ။ မုန်းကိုးတပ်တွင်းထဲက ဝတို့၊ ဟန်တရုတ်မျိုးနွယ်စုစစ်သားတို့က ယင်းကိစ္စအပေါ် မကျေမနပ် ဖြစ်လာကြပါတယ်၊ ဒုတိယသေနာပတိလီလိ မင်အစရှိသူတွေက လျှို့ဝှက်ပြီး ကိုးကန့်မဟာမိတ်တပ်၊ ဝညွန့်ပေါင်းတပ်ဖွဲ့တို့နဲ့ တိုးတိုးတိတ်တိတ် ခိုးပြီး ဆက်သွယ်ကြပါတယ်။

၂၀၀၀ ပြည့်နှစ် စက်တင်ဘာလ လီလိမင်နဲ့ သူ့ရဲ့အားထားရတဲ့ လက်ထောက်ကျန်းစန်း၊ ဘဏ္ဍာငွေထိန်းသိမ်းရေး တာဝန်ယူသူရဲ့ အားပေးလှုံ့ဆော်ချက်ကြောင့် မုန်းကိုးမြို့တွင်း ကာကွယ်ရေးတပ်တွင်းက အခြေစိုက်တဲ့ ရဲတပ်ရင်းက လက်ထောက်ချပြီး အတွင်းဒလန်အဖြစ် ပါဝင်တော်လှန်ကြပါတယ်၊ အခကြေးငွေပေးပြီး ငှားရမ်းလာတဲ့ ရာပေါင်းအတော်များတဲ့ ကြေးစားတပ်သားတွေက ဆွဲဆောင်မှု ကြီးမားတဲ့ ရောင်စုံစစ်ယူနီဖောင်း ဝတ်ဆင်ထားတာကို အမြဲတမ်း တွေ့နေကြရပြီး လက်မှာ မောင်းပြန်သေနတ်ဆွဲကိုင်ထားပြီး တိုက်ပွဲဝင်ကြပါတယ်၊ ဒါ့အပြင် သေနာပတိမုန်ဇလပ်ကို အလွယ်တကူနဲ့ပဲ ဖမ်းဆီးလိုက်ပါတယ်။ မုန်းကိုးမြို့ကို လီလိမင် အစရှိတဲ့ ရဲတပ်ရင်းနှင့် ကြေးစားတပ်သား ၁,၀၀၀ကျော်တို့က ချုပ်ကိုင်လိုက်ကြပါတယ်။

မုန်းကိုး ကျသွားတဲ့သတင်းကို မြို့ပြင်မှာရှိတဲ့ ကာကွယ်ရေးပင်မတပ်က ကြားလည်းကြားလိုက်ရော အကြီးအကျယ် အထိတ်တလန့် ဖြစ်သွားပါတယ်၊ မုန်ဇလပ်အပေါ် သစ္စာရှိကြသူတွေဟာ ချက်ချင်းပဲ တပ်အင်အား စုစည်းလိုက်ပြီး လီလိမင်အုပ်စုနဲ့ အပြင်းအထန် တိုက်ကြပါတယ်၊ သူတို့ရဲ့ခေါင်းဆောင် မုန်ဇလပ်ကို အတင်းလုယူ ကယ်ထုတ်သွားလိုက်ကြပါတယ်၊ ရက်အတန်ကြာ အကြိတ်အနယ် တိုက်ကြပြီး မုန်ဇလပ်ကို အမှန်တကယ်ပဲ ကယ်ထုတ်သွားနိုင်ပါတယ်၊ မုန်ဇလပ်ကို ကယ်ထုတ်သွားတဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းနဲ့ စပ်လျဉ်းပြီး အကြောင်းနှစ်ချက်ကို ကနေ့အထိ ပြောကြဆိုကြတုန်းပါပဲ။

ပထမအချက်က ကာကွယ်ရေးတပ်က တပ်တွင်းအာဏာသိမ်းတဲ့ အစောင့်တပ်ကို အတင်းထိုးဖောက်ပြီး ကယ်ထုတ်သွားတာဖြစ်တယ်၊

ဒုတိယအချက်က ကာကွယ်ရေးတပ်ဖွဲ့က ငွေကြေးအမြောက်အမြား မုန်ဇလပ်ကို စောင့်ကြပ်တဲ့ တပ်သားကိုပေးပြီး အစောင့်တပ်သားက တိတ်တိတ်ကလေး လွှတ်ပေးလိုက်တာကြောင့်လို့လည်း ပြောကြပြန်တယ်၊

မုန်ဇလပ်ကို သူ့လက်အောက်ငယ်သားတွေ ကယ်သွားပြီးတဲ့နောက် နှစ်ဖက်တပ်က မုန်းကိုးမြို့ပတ်လည် လေးဘက်လေးတန်မှာ တောင်ပေါ်တွေထက်မှာ၊ တရုတ်-မြန်မာနယ်စပ်မြစ်ချောင်းတလျှောက်မှာ ပြင်းထန်တဲ့ တိုက်ပွဲ အတော်များများ ဖြစ်သွားပါတယ်၊

၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ ရောက်လာပါတယ်၊ မုန်းကိုးမြို့ကို လီလိမင်က ထိန်းချုပ်ထားပါတယ်၊ မုန်းကိုးမှာ အခြေစိုက်နေထိုင်ကြသူတွေ၊ ထိမှန်သေဆုံးသူတွေ၊ ဒဏ်ရာရသူတွေ အတော်များပါတယ်၊ လူသူအများအပြားလည်းပဲ အိုးမဲ့အိမ်မဲ့တဲ့သူတွေ၊ ကလေးငယ်လေးတွေကို လက်ဆွဲထမ်းပိုးကာ မြစ်ချောင်းတွေကို ဖြတ်ကူးပြီး တရုတ်ပြည်မန်ဟိုင်းဆီ ထွက်ပြေးတိမ်းရှောင်ကြပါတယ်၊ စစ်ပြေးဒုက္ခသည်ပေါင်း ၃၀၀၀ ကျော်ပါတယ်။

လီမုန်နှစ်ဘက်တပ်အချင်းချင်း တိုက်ကြတာ ခြေကုန်လက်ပန်းကျကုန်ပါပြီ၊ နှစ်ဘက် သေကြေဒဏ်ရာရကြ၊ နှစ်ဘက် နာကြပါတယ်၊ တလျှောက်လုံး တောင်ထိပ်မှာ အမြင့်သားထိုင်ပြီး ကျားနှစ်ကောင်တိုက်ကြ၊ ခိုက်ကြတာကို ဇိမ်ခံကြည့်နေတဲ့ မြန်မာအစိုးရစစ်တပ်က မုန်းကိုးကို သိမ်းပိုက်ဖို့က အချိန်တန်ပြီရယ်လို့ သုံးသပ်မိကြပါတယ်၊ ဒီလိုနဲ့ တောင်ပိုင်းဆီက အင်အားကို ရွေးထုတ်ရွှေ့ပြောင်းပြီး တပ်မ (၉၃)နှင့် ၁၉၇၀ပြည့်နှစ် ခေတ်ကာလအပိုင်းအခြားက အစပြုပြီး ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့စစ်တပ်ဖွဲ့နှင့် စစ်ဆင်တိုက်ခိုက်ခဲ့တဲ့ တပ်မ ၉၉ အင်အားစုတပ်ဖွဲ့တွေ မုန်းကိုးဒေသကို ဝိုင်းရံလိုက်ကြတယ်၊ တပ်အင်အား ထောင်ပေါင်းများစွာ သုံးထားတဲ့ အစိုးရတပ်က ထိုးဖောက်သတ်ဖြတ်လာပါပြီ၊ မုန်ဇလပ်ခမျာ ညည်းတွားရုံကလွဲပြီး တုန့်ပြန်စွမ်းအား ကင်းမဲ့သွားပြီဖြစ်တယ်၊ ဒီတော့လည်း အစိုးရတပ်ဆီ အညံ့ခံလက်နက်ချရပါတယ်၊ အစိုးရတပ်က မုန်ဇလပ်နဲ့ သူ့ရဲ့အားထားရတဲ့ လက်အောက်ခံ ငယ်သားတွေကို အကျယ်ချုပ် ချုပ်နှောင်ထားလိုက်ပါတယ်၊ မုန်ဇလပ်ကာကွယ်ရေးတပ်ဖွဲ့ဟာ ချောင်ထိုးခံလိုက်ရပါတယ်၊ အစိုးရတပ်ကလည်း လီလိမင်ကိုပါ သိမ်းသွင်းလိုက်တယ်။



မြန်မာအစိုးရစစ်တပ်နှင့် အသေးအမွှားတိုက်ပွဲလေးတွေ အကြိမ်အနည်းငယ်လောက်သာ ဖြစ်ကြပြီးတဲ့နောက် လီလိမင်က အမြဲတမ်းဖွဲ့စည်းတည်ဆောက်ထားတဲ့ စစ်တပ်နဲ့ ရင်ဆိုင်တိုက်ခိုက်လာရတာကို အတော်လေး အကျပ်အတည်း တွေ့နေရပါတယ်။ မြန်မာစစ်တပ်က သတင်းစကားတွေကို ဝါဒ ဖြန့်ချီလိုက်ပါတယ်၊ မုန်ဇလပ်ကို အကျယ်ချုပ် ချုပ်နှောင်ထားလိုက်ပါပြီ၊ မုန်းကိုးဟာ ငြိမ်းချမ်းရေး လိုအပ်နေပါပြီ၊ ဒီတော့ လီလိမင်တို့ဘက်က အစိုးရစစ်တပ်နဲ့ တွေ့ဆုံဆွေးနွေးနိုင်တယ်ရယ်လို့ သတင်းဖြန့်လွှင့်လိုက်ပါတယ်။

လီလိမင်က နိုဝင်ဘာလ လကုန်ပိုင်းမှာ အစိုးရစစ်တပ်နဲ့ တွေ့ဆုံဆွေးနွေးဖို့ကို သဘောတူလိုက်ပါတယ်။

၂၄-၁၁-၂၀၀၀ ခုနှစ်၊ နေ့လယ် (၁)နာရီခန့်လောက်မှာ ကြိုတင်သတ်မှတ်ထားတဲ့အတိုင်း လီလိမင်က တပ်အင်အား တစ်ရာကျော်ကို ဦးဆောင်ပြီး မုန်းကိုးနဲ့ ကီလိုမီတာ (၂၀)ကွာဝေးတဲ့ ဟေးမုံးလုံမြို့ကို ရောက်လို့လာပါတယ်၊ စောစောကတည်းက ကြိုတင်ရောက်လင့် စောင့်ဆိုင်းနေတဲ့ အင်အားသုံးရာကျော်ရှိတဲ့ အစိုးရတပ်နဲ့ သွားရောက်တွေ့ဆုံပါတယ်၊ မြန်မာအစိုးရတပ်က တပ်ရင်းမှူးတစ်ယောက်နှင့် တွေ့ကြပါတယ်၊ လီလိမင်နှင့် မြန်မာတပ်ရင်းမှူးတို့က အနီးကပ် သက်တော်စောင့် တပ်သားအနည်းအပါးနဲ့ အိမ်တစ်လုံးထဲဆီကို ဆွေးနွေးဖို့ ဝင်သွားကြပါတယ်၊ ဒီအချိန်မှာ နှစ်ဘက်တပ်သားတွေ တစ်ဘက်နှင့်တစ်ဘက် ထိပ်တိုက်ရန်စောင်ခြင်း မရှိသေးပါ၊ ရှုပ်ရှုပ်ထွေးထွေးတော့ ဖြစ်နေပါတယ်၊ သိပ်ပြီးမကြာလှပါ၊ အိမ်ထဲက သတ်ပုတ်သံတွေ ထွက်လာပါတယ်၊ တစ်ဆက်တည်းမှာပဲ သေနတ်သံတွေ ထွက်ပေါ်လာပါတယ်။

အခင်းဖြစ်ပွားပြီးတဲ့နောက် ကံကောင်းပြီး အသက်ရှင်ကျန်ရစ်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



အစိုးရတပ်သားရဲ့ ပြောစကားအရဆိုရင် အစိုးရတပ်က ဒီတစ်ကြိမ်မှာ တပ်အင်အား အလုံးအရင်း မုန်းကိုးဆီ ရွှေ့ပြောင်းချထားပြီးဖြစ်တယ်၊ ဒါကလည်း ဖြစ်သင့်တာပါပဲ၊ သူတို့စိတ်ဆန္ဒက မုန်းကိုးကို မြန်မာအစိုးရ ထိန်းချုပ်မှုအောက်ကို အမှန်တကယ်ပဲ ရောက်ရှိလိုကြပါတယ်၊ တွေ့ဆုံ ဆွေးနွေးခြင်းဆိုတာက လီလိမင်ကို သွေးဆောင်ပြီး ဖြားယောင်းတဲ့ ငါးစာပဲ ဖြစ်တယ်၊ မြန်မာတပ် ငါးစာချပြီး လီလိမင်ကို လိမ်ညာမှု ပြုလုပ်လိုက် ချေပြီ၊ အကျအဆုံး အများအပြား မရှိဘဲ လီလိမင်အုပ်စုကို အလွယ်တကူ ရှင်းပစ်နိုင်တဲ့ ဉာဏ်နီဉာဏ်နက် နည်းပရိယာယ် သုံးလိုက်ခြင်းပါပဲ၊ အိမ် ထဲမှာ သိပ်မကြာလိုက်ရပါဘူး၊ မြန်မာတပ်ရင်းမှူးက ဝှက်ယူလာတဲ့ ဓား မြှောင်နဲ့ လီလိမင်ကို တအားထိုးစိုက်လိုက်တယ်၊ လီလိမင် တဘက်က ခုခံရင်း တဘက်ကလည်း "မလုပ်နဲ့၊ မလုပ်နဲ့"ရယ်လို့ အော်ဟစ်ဟန့်တား လိုက်ပါတယ်၊ ဒါပေမဲ့ မြန်မာတပ်ရင်းမှူးက လုံးဝကို အရေးမစိုက်ပါ။ လီလိမင်တစ်ကိုယ်လုံး နီရဲတဲ့ သွေးတွေ ရွှဲရွှဲစိုပြီး လဲကျသွားတာကိုလည်း မြင်ရော မြန်မာတပ်ရင်းမှူးက ပစ္စတိုဆွဲထုတ်ပြီး ပစ်ချလိုက်ပြန်တယ်၊ ဒီအချိန်မှာ လီလိမင်အပြင် နှစ်ဘက်နောက်လိုက်နောက်ပါတွေပါ သေနတ် တွေ ဆွဲထုတ်ကြပါတယ်၊ သေးငယ်ကျဉ်းကျုတ်တဲ့ အိမ်ကလေးထဲမှာ သွေး တွေ၊ အသားစတွေ ပြန့်ကျဲသွားပါတယ်၊ နှစ်မိနစ်၊ သုံးမိနစ်နောက်ပိုင်း လီလိမင်နှင့် မြန်မာတပ်ရင်းမှူးတို့အားလုံး သေဆုံးသွားကြပါတယ်၊ အိမ်ခန်း ကျဉ်းကျဉ်းလေးထဲမှာ ဒဏ်ရာရတဲ့ မြန်မာတပ်သား နှစ်ယောက်သုံးယောက် သာ အသက်ရှင်ကျန်ရစ်ပါတယ်။

အိမ်အပြင်ဘက်မှာ စောင့်နေကြတဲ့ မုန်းကိုးတပ်က တပ်သားတွေ တုံ့ပြန်ချိန် မရလိုက်ခင်မှာပဲ စောစောကတည်းက ကြိုတင် ပြင်ဆင်ထားတဲ့ မြန်မာ့တပ်သားတွေရဲ့ အနီးကပ် ပစ်ခတ်တာကို ခံလိုက်ရတယ်၊ အချိန်တို ကာလလေးမှာ မုန်းကိုးတပ်သားတွေ ပိုးစိုးပက်စက် အတုံးအရုံး သေသွား ကြပါတယ်၊ တချို့ ထွက်ပြေးသွားကြသူတွေကိုလည်း လေးဘက်လေး တန်က ကြိုတင် အကွက်ချထားတဲ့ စက်သေနတ်တွေနဲ့ ရက်ရက်စက်စက် ပစ်သတ်ခံလိုက်ရတယ်၊ မုန်းကိုးတပ်သားတို့ရဲ့ အလောင်းတွေ သွေးအိုင် ထဲမှာ အတုံးအရုံးပါပဲ၊ တချို့တပ်သားတွေက ဒူးထောက်သေနတ်မြှောက်



ပြီး လက်နက်ချအညံ့ခံကြပါတယ်၊ ဒါပေမဲ့ မြန်မာတပ်သားတွေက လက် နက်ချအညံ့ခံတဲ့သူတို့ကို အညှာအတာ ကင်းမဲ့စွာနဲ့ ရက်ရက်စက်စက်ပဲ ပစ်သတ်လိုက်ပြီး မြေပေါ်လဲကျသွားတာကိုတောင် လှံစွပ်နဲ့ မသေမချင်း ထိုးသတ်ပြန်ပါသေးတယ်၊ တစ်ယောက်မကျန် အကုန်အစင် သတ်ပစ်လိုက် ကြပါတယ်။

ဒီအရေးတော်ပုံ ပေါ်ပေါက်ပြီးတဲ့နောက် ဟေးမုန်းလုံမြို့က မျက်ဝါး ထင်ထင် မြင်တွေ့ခဲ့တဲ့ အရပ်သူ၊ အရပ်သားတွေရဲ့ ပြောပြချက်အရ လီလိမင် ရဲ့ တပ်သားထဲက ခပ်ဝေးဝေးမှာ ရန်ပြုနေတဲ့ တပ်သားအနည်းအပါးလောက် သာ တောတောင်တွေထဲ ပြေးဝင်ကြလို့သာ အသက်မသေကြတာဖြစ်တယ်၊ ဒါပေမဲ့လည်းပဲ အသက်ရှင်ကျန်ရစ်သူ အရေအတွက်က ဆယ်ယောက် မကျော်ပါ၊ တိုတောင်းလှတဲ့ ဆယ်မိနစ်ကျော်ကျော်လေးမှာပဲ လီလိမင်ခေါ် ဆောင်လာတဲ့ တပ်သားတစ်ရာကျော်ဟာ မြန်မာတပ်ရဲ့ ချေမှုန်းခြင်းကို ခံလိုက်ရပါတယ်၊ ဒီသတင်း မုန်းကိုးမြို့ဆီ ရောက်သွားပြီးတဲ့နောက် လီလိ မင်ရဲ့ လက်အောက်ငယ်သား ဟုန်လောင်စွတ်၊ ကျန်းစန်း အစရှိတဲ့သူတွေ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားကြတယ်၊ ဒါပေမဲ့ သူတို့ရဲ့သက်ပြင်း ချသံ မပြီးဆုံးခင်လေးမှာပဲ အစိုးရတပ်က တပ်အင်အား အလုံးအရင်းနဲ့ စတင်ပြီး ထိုးစစ်ဆင်ပါလေရော၊ အတွေ့အကြုံရှိတဲ့ မြန်မာအစိုးရတပ်က တရုတ်ပြည်မန့်ဟိုင်းမြို့ရဲ့ နယ်ခြားမြစ်လမ်းကြောင်းကို လက်ဦးမှုယူ အရင် ပိတ်ဆို့လိုက်တယ်၊ တပ်တွင်း အာဏာသိမ်းပိုက်ခြင်းနဲ့ ပြောင်းလဲပစ်ချင်တဲ့ တပ် တရုတ်ပြည်ဘက် ထွက်မပြေးနိုင်အောင် ပိတ်လိုက်ခြင်းဖြစ်တယ်။ ဒါ့အပြင် မုန်းကိုးမြို့ကို ဝိုင်းရံထားတာက သံစည်ပိုင်းကြီးလိုပါပဲ၊ ထိုစဉ် တုန်းက မုန်းကိုးမြို့ရဲ့ တဘက်မျက်နှာချင်းဆိုင်ဘက်က တရုတ်နယ်စပ်မှာ နေထိုင်ကြတဲ့ တရုတ်ပြည်သူ အများအပြား မှန်ပြောင်းတွေ အသုံးပြုခြင်း၊ ဒါမှမဟုတ် ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင် တွေ့မြင်ကြတဲ့သူတွေက ပြောပါတယ်။

ထွက်ပြေးကြတဲ့သူတွေကို မြန်မာတပ်သားတွေ လိုက်လံသတ်ဖြတ် ခံရတဲ့ တစ်ယောက်စ၊ နှစ်ယောက်စ မုန်းကိုးတပ်သားတွေမှာ အမဲလိုက် သတ်ဖြတ်ခံရတဲ့ သားကောင်တွေကိုပဲ ဟိုမှာတစ်ယောက် လဲကျသေသွား

www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ ဒီမှာတစ်ယောက် လဲကျသေသွားလိုက်နဲ့ပေါ့၊ မုန်းကိုးတပ်သား အမြောက်အမြား အသက်လုပြီး မြစ်ဖြတ်ကူးကြပြီး တရုတ်ပြည်ဘက် တိမ်းရှောင်ကြမယ့် မုန်းကိုးတပ်သား အများအပြားဟာ အစိုးရတပ်ရဲ့ မပြတ်တမ်း ပစ်ခတ်တဲ့ စက်သေနတ်အောက် နယ်ခြားမြစ်နဲ့ မလှမ်းမကမ်း နေရာတွေမှာ အတုံးအရုံး သေသွားကြပါတယ်။

နောက်တော့ သေမထူး နေမထူးတော့ဘဲ မုန်းကိုးတပ်သားတွေဟာ ဝိုင်းရံထားတဲ့ မြန်မာတပ်ကို အတင်းထိုးဖောက်တိုးထွက်ပြီး ဟာကွက်တစ်ကွက်ကို အတင်းထိုးဖောက်ထွက်ပြေးကြတယ်၊ အဲဒီပေါက်ထွက်လာတဲ့ အပေါက်ကနေ မုန်းကိုးတပ်သားတွေ အလုအယက် တိုးထွက်ပြီး တောကြီးမျက်မည်းထဲ တိုးဝင်ကြပါတယ်၊ ဒီအချိန်မှာ ကိုးကန့်မဟာမိတ်တပ်နှင့် ဝညွှန့်ပေါင်းတပ်ဖွဲ့တို့က တပ်ကူတစ်ထောင်ကျော် စေလွှတ်လိုက်တယ်၊ ဒါလည်းပဲ မြန်မာ့တပ်က လမ်းတစ်ဝက်ကနေ ချုံခိုတိုက်ခိုက်ကြပြန်တယ်၊

ကိုးကန့်နဲ့ ဝညွှန့်ပေါင်းတပ်ဖွဲ့တို့ မုန်းကိုးတိုက်ပွဲမှာ ပါဝင်လာတာကို မြန်မာအစိုးရတပ် စိုးရိမ်ပူပန်မိတယ်၊ နောက်တစ်ခုကလည်း မြန်မာစစ်တပ်က မုန်းကိုးကို သိမ်းပိုက်ထားပြီး အခွင့်ကောင်းယူပြီး ကိုးကန့်နှင့် ဝတို့ကို ထိုးစစ်ဆင်နိုင်ချေ ရှိကောင်းရှိလာနိုင်တဲ့အတွက် ကိုးကန့်တပ်နှင့် ဝညွှန့်ပေါင်းတပ်ဖွဲ့တို့က ကပျာကယာ ဆုတ်ခွာကြပြီး ခံစစ်ကြောင်းယူလိုက်ပါတယ်၊ ဒါဟာ နေရာနှစ်ရပ်ကလူတွေ အကြီးအကျယ် စိုးရိမ်ထိတ်လန့်ကုန်ကြပါတယ်။

၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလကုန်ပိုင်း မြန်မာတပ်က မုန်းကိုးဒေသကို လုံးဝ သိမ်းပိုက်လိုက်ပါတယ်၊ မြန်မာတပ်တွေ ကြီးကျယ်ခမ်းနားတဲ့ မြို့ဝင်ပွဲကို ကျင်းပပါတယ်၊ မြန်မာနိုင်ငံအလံဟာ ပထမဦးဆုံးအကြိမ် မုန်းကိုးမြို့ဦးမှာ တလူလူ လွင့်ထူလိုက်ပါတယ်၊ မုန်းကိုးဟာ နှစ်ပေါင်းခြောက်ဆယ်တလျှောက်လုံး လွတ်လပ်ရေးက မြန်မာအစိုးရအပဖြစ်တဲ့ အသွင်သဏ္ဍာန်ကနေ နိတ္ထိတံ နိဂုံးချုပ်သွားပါပြီ။ အစိုးရတပ်က မုန်ဇလပ်ကာကွယ်ရေးတပ်ရဲ့ လက်နက်တွေကို သိမ်းဆည်းလိုက်ပါတယ်၊ ၄င်းတပ်ဖွဲ့အင်အား အများအပြားကို ဖျက်သိမ်းပစ်လိုက်ပါတယ်၊ ဖျက်သိမ်းခံလိုက်ရတဲ့ သူတို့ကို နောက်ထပ်စစ်မှုထမ်းခွင့် မပြုတော့ပါ၊ မုန်းကိုးမြေနေရာအနေအထားက ဝေးသီခေါင်ဖျား ချောင်ကျလွန်းတာလည်း ဖြစ်နိုင်ပါတယ်၊



မြန်မာအစိုးရတပ်က တဒင်္ဂကာလမှာ ထိန်းသိမ်းစောင့်ကြပ်နိုင်အား ကင်းမဲ့တဲ့အတွက် မုန်းကိုးကာကွယ်ရေးတပ်က တပ်ရင်းမှူးတစ်ယောက်ကို မုန်းကိုးနဲ့ ကီလိုမီတာ (၇၀)ကျော် အလှမ်းဝေးတဲ့ မုန်းပိုးမှာ ကာကွယ်ရေးတပ်ကို ထပ်မံ ဖွဲ့စည်းခွင့်ပြုလိုက်ပါတယ်၊ ဒါပေမဲ့ မုန်းကိုးမြို့ဟာ မြန်မာစစ်တပ်ရဲ့ ထိန်းသိမ်းစောင့်ကြပ်မှုအောက်မှာ ကျရောက်နေပါတယ်။

မုန်ဇလပ်နှင့် သူ့ရဲ့အားထားရတဲ့ လက်ထောက်တွေအားလုံးကို ရှမ်းပြည်နယ် ရုံးစိုက်မြို့တော် မန္တလေး အနီးအနားမှာ ဖမ်းဆီးချုပ်နှောင်ထားလိုက်ပါတယ်၊ တဆင့်စကား ပြောကြားချက်အရ သူ့ကို ရာသက်ပန် အကျဉ်းချထားလိုက်တာ ဖြစ်ပါတယ်၊ အဓိကစွဲချက်ကတော့ 'မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်မှုနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု' ဆိုတဲ့ ပြစ်မှုနဲ့ စွဲချက်တင်ထားပါတယ်။

အမှန်တကယ်တော့ ယူနန်ပြည်နယ် တက်ဟုန်ကျိုး ပြည်သူ့လုံခြုံရေးဌာနက ဟိုးစောစောပိုင်း ၂၉-၁၀-၁၉၉၇ ကတည်းက ကြေငြာချက်ထုတ်ပြန်ထားပြီးသားပါ၊ ကြေငြာချက်မှာ ပါဝင်တာက အခုမြန်မာနိုင်ငံ မုန်းကိုးကာကွယ်ရေးတပ်ဖွဲ့ ဦးစီးချုပ် မုန်ဇလပ်ဟာ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နှင်းရေးမှာ တရုတ်အစိုးရနှင့် ရန်ဘက်သဘောဆောင်နေပါတယ်၊ ယခုအချိန်ကစပြီး တရားဝင်ကြေငြာချက် ထုတ်ပြန်လိုက်ပါတယ်၊ ကနေ့ ဒီကြေငြာချက် ထုတ်ပြန်လိုက်တဲ့အချိန်က အစပြုပြီး မုန်ဇလပ်ကို တရုတ်ပြည်နယ်နိမိတ်ထဲ အဝင်မခံတော့ပါ။

တက်ဟုန်ကျိုး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကော်မတီက မြန်မာနိုင်ငံ ရှမ်းပြည်နယ် မုန်းကိုးကာကွယ်ရေးတပ်နှင့် ၄င်းတို့ရဲ့ အပေါင်းပါတို့ကို ထုတ်ပြန်လိုက်တဲ့ ကြေငြာချက်ထဲမှာလည်း အလားတူ သဘောထားမျိုးကို ထုတ်ပြန်ပါတယ်။ အကြောင်းရင်းခံကတော့ ဒီအရေးတော်ပုံ မပေါ်ပေါက်ခင်မှာ မူးယစ်ဆေး အပြည့်တင်ဆောင်လာတဲ့ ကားတစ်စီးပေါ် မှာ Ice (ရေခဲ) မူးယစ်ထုတ်လုပ်တာမှာ အဓိကသုံးစွဲတဲ့ ကုန်ကြမ်းတင်ဆောင်လာတဲ့ကားက အပြင်းမောင်းဝင်လာပြီး မန်ဟိုင်းမြို့ရဲ့ တရုတ်နယ်ခြားစောင့်ဂိတ်ကို အတင်း ထိုးဖောက်ပြီး မောင်းဝင်သွားပါတယ်၊ ဒါကို

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ရှိတဲ့ မုန်ဇလပ်က တလျှောက်လုံး ပူးပေါင်းဆောင်ရွက်ပြီး ဖမ်းဆီးတယ်ရယ်လို့ မရှိပါ။

မုန်းကိုးတိုက်ပွဲ အရေးတော်ပုံကြီး ပြီးဆုံးသွားပြီးတဲ့နောက် မြန်မာအစိုးရဘက်က ထုတ်ပြန်တဲ့ သေကြေဒဏ်ရာရတဲ့ စာရင်းကတော့ အစိုးရတပ်သားသုံးယောက်သေ၊ ဒဏ်ရာအများအပြားရ။ မုန်ဇလပ်တို့ရဲ့ ကာကွယ်ရေးတပ်သားဘက်က ၁၉ ယောက်သေ၊ ဒဏ်ရာအများပြားရ။ သူပုန်လီလိမင်တပ် (ရဲကာကွယ်ရေးတပ်နှင့် ကြေးစားတပ်သား အပါအဝင်) သေ ၂၇၀-၃၀၀၊ အများအပြား ဒဏ်ရာရ၊ အရပ်သား (၈)ယောက်သေ၊ အများအပြား ဒဏ်ရာရ။

အတွင်းသိတို့ရဲ့ ထုတ်ဖော်ပြောကြားချက်အရ လီလိမင်တပ်ဖွဲ့ရဲ့ သေစာရင်းမှာ အဓိကသေတာက ကြေးစားအငှားတပ်သားတွေဖြစ်တယ်၊ အယောက် (၂၀၀)ကျော် ပါလိမ့်မယ်၊ မုန်းကိုးနေ အရပ်သူအရပ်သားတို့ရဲ့ ပြောကြားချက်အရ အစိုးရတပ် ပစ်သတ်လို့သေတာ မနည်းမနောပါ၊ မြှုပ်နှံသင်္ဂြိုဟ်ဖို့တောင် အချိန်မရလိုက်ပါ၊ ဒါ့ကြောင့်လည်း ငွေပေးပြီး မြှုပ်နှံခိုင်းရပါတယ်၊ ဒီစကားကို တရုတ်ပြည် မန်ဟိုင်းဘက်က မြို့သူမြို့သား တွေရဲ့ ပြောစကားနဲ့လာပြီး ဆက်စပ်လိုက်မယ်ဆိုရင်တော့

"အလောင်းတွေ လာရောက်မြှုပ်နှံပေးကြရတာ နှစ်ရက် သုံးရက်နဲ့ တောင် မပြီးစီးနိုင်ဘူးဗျ၊ သေတဲ့အလောင်းတွေမှန်သမျှကို ဟေးမုန်လုံနှင့် ဟုန် နှစ်နေရာမှာ ခွဲမြှုပ်ထားပါတယ်၊ ဒီအထဲမှာ ဟေးမုန်လုံက ကျင်းတွေမှာ အများဆုံး မြှုပ်နှံပါတယ်၊ တစ်ကျင်းထဲမှာ (၉၈) လောင်းတောင် ရှိပါတယ်"

မုန်းကိုးမြို့ထဲက အိမ်အများစုက တိုက်အိမ်တွေ ဖြစ်ကြတယ်၊ အတွင်းအလယ်မှာ အထူးအထောက်အကူပြုပစ္စည်းတွေ ကြားခံထားတဲ့ တကယ့်ခံမ်းနားတဲ့ အဆောက်အဦတွေပါ။ အဲဒီနေရာကလူတွေရဲ့ အပြောက အဲဒီတိုက်အိမ်တွေက ဘိန်းရာဇာကြီးတို့ရဲ့ ကိုယ်ပိုင်နေအိမ်တိုက်တာတွေ ဖြစ်ပါတယ်၊ လူတွေ ပြောကြဆိုကြတာက မုန်းကိုးက ဘိန်းရာဇာကြီးတို့ ရဲ့ ခနငွေကြေးပိုင်ဆိုင်မှုကို ရင်မင်ပိငွေ ယွမ်ဘယ်ရွေ့ဘယ်မျှ ပိုင်ဆိုင်ပါ သလဲဆိုတဲ့ ကိန်းဂဏန်းနဲ့ စီနီယာ စီကြရပါတယ်။

မူလက ကာကွယ်ရေးဦးစီးချုပ်ရုံးရဲ့ နံရံတွေပေါ်မှာရယ်၊ မုန်းကိုး



မြစ်ကမ်းနံဘေးက တည်းခိုခန်းတစ်ခုရဲ့ မှန်ချပ်တွေပေါ်မှာပါ ကျည်ဆံရာ အပေါက်တွေ အများအပြားကို အခုတိုင် ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါ သေးတယ်၊ အထင်အရှား အတော်များများ တွေ့ရတာက ပေယင်ပစ် အမြောက် ကြီးတွေရဲ့ ကြီးမားတဲ့ ကျည်ရာတွေ ဖြစ်နေပြန်တယ်၊ ဒါဟာ တိုက်ပွဲ အရှိန် ဘယ်လောက်ပြင်းထန်တယ်ဆိုတာကို အထင်အရှား ပြသနေတာပါ ပဲ၊ မုန်းကိုးမြစ် (တရုတ်မြန်မာနယ်ခြားမြစ်)မှာ နယ်ခြားကျောက်တိုင် မရှိတဲ့ အတော်များများ နေရာတွေမှာ မြန်မာအစိုးရရဲ့ အလံကို လွှင့်တင်ထား ပါတယ်၊ ဒါဟာ မြန်မာအစိုးရက ဒီနေရာကို သိမ်းပိုက်လိုက်ခြင်းနှင့် စိုး မိုးထိန်းချုပ်လိုက်ပြီးဆိုတာကို သက်သေပြလိုက်တာလည်း ဖြစ်နိုင်ချေရှိပါ တယ်၊ မုန်းကိုးမြစ်ကမ်းနံဘေးမှာ အင်မတန် ထည်ဝါခန့်ညားလွန်းလှတဲ့ တိုက်တာကြီးတစ်လုံး ရှိပါတယ်၊ လူတွေပြောစကားအရ သိရတာက လီ ပိုင်ကန်းဆိုတဲ့ ဘိန်းရာဇာကြီးရဲ့ အဆောက်အဦ ဖြစ်ပါတယ်တဲ့၊ ရည်ရွယ် ချက်က မူးယစ်ရောင်းဝယ်တဲ့ စခန်းလည်း ဖြစ်ပါတယ်တဲ့၊ ဒါပေမဲ့ ဒီတစ် ချီတိုက်ပွဲမှာ အဲဒီတိုက်အိမ်ကြီးတစ်ခုလုံး မြေမှာ ပြားပြားဝပ်ကျသွားပါ တယ်၊ ရုပ်ပျက်ဆင်းပျက် ကြွင်းကျန်ခဲ့တဲ့ နံရံတွေ၊ ဇကာပေါက်လို ဖြစ်နေတဲ့ ကျည်ရာတွေကို ကြည့်နေရင်းကနေ ရင်တုန်စရာ၊ ပန်းတုန်စရာများတောင် ဖြစ်လာပါတယ်။

များမြောင်များပြားလှတဲ့ လုပ်ငန်းတွေကို အစွမ်းကုန် ကြိုးစားပမ်း စား လုပ်ကိုင်နေပါတယ်ဆိုပေမယ့် မြန်မာအစိုးရဟာ မုန်းကိုးကို သိမ်းပိုက် ပြီးတာနဲ့ လပိုင်းနောက်မှာ ၄င်းနေရာဒေသမှာ မှီကင်းနေထိုင်ကြတဲ့သူတွေ ကို ပေါ်ပီပင် မစိုက်ပျိုးရေးဆိုတဲ့လုပ်ငန်းကိုတော့ မြေလှန်ရှင်းမပစ်နိုင်ပါ၊ ၂၀၀၁ ခုနှစ် နွေဦးရောက်လာတော့ တရုတ်ပြည်နယ်နိမိတ် မန်ဟိုင်းမြို့လေး ကနေ ခပ်ဝေးဝေးကို လှမ်းမျှော်ကြည့်လိုက်တဲ့အခါမှာ မုန်းကိုးရဲ့တောင် တန်းမြေပေါ်တွေမှာ ရွှန်းစိုလှပတဲ့ ပေါ်ပီပန်းတွေ တောင်တခွင်လုံးမှာ လေ ယူရာ ယိမ်းထိုးနေတာကို မြင်တွေ့ရပါလိမ့်မယ်၊ လအတန်ကြာမှာ တောင် ပေါ်ရွာက ပျိုပျိုအိုအို မိန်းမယောက်ျား ကလေးများပါမကျန် အားလုံး ပေါ်ပီစိုက်ခင်းထဲ ဆင်းသွားကြပါတယ်၊ အထူးသတိထားပြီး ရင့်မှည့်နေတဲ့ ဘိန်းသီးက အဆီကို ဓားပြားငယ်လေးနဲ့ ခြစ်နေကြပါတယ်၊ သူတို့အနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် ဘိန်းဆိုတာက နှစ်တစ်နှစ်အချိန်ကာလရဲ့ သူတို့အတွက် လက်ငင်း ငွေပေါ်သီးနှံပါပဲ၊ ဘိန်းရှိလာပြီဆိုရင် ရွှေတွေ၊ ငွေတွေ၊ လက်ဝတ်တန်ဆာ တွေ၊ နောက်ပြီး စားနပ်ရိက္ခာတွေ၊ တိရစ္ဆာန်တွေ၊ ရေဒီယို၊ တီဗွီ-ဗွီဒီယို အပေါစက်အောက်စက်တွေ၊ ကက်ဆက်တွေ၊ နောက်ဆုံး သေနတ်၊ လက် နက်၊ လက်ပစ်ဗုံး ခဲယမ်းမီးကျောက်တွေ လိုချင်တာ အကုန်လည်းယူနိုင် တယ်။ နောက်ပြီး တစ်နှစ်ပတ်လုံး ရောဂါဘယတွေကို ကုသနိုင်တဲ့ "အကောင်းဆုံး နတ်ဆေးဝါး"ကိုပါ ရနိုင်ပါသေးတယ်တဲ့။

မုန်းကိုးတိုက်ပွဲမှာ သေသွားတဲ့ ကြေးစားတပ်သားတွေတလျှောက် လုံး ဘယ်လိုငွေကြေးမျိုးမှ မရသေးပါတဲ့၊ သူတို့မိသားစုတွေဟာ နစ်နာ ကြေးလေးတွေကို ရယူလိုက်ကြပါတယ်၊ သူတို့ဆီကို လာရောက်စုဆောင်း ခေါ်ငင်သွားတဲ့ ဟုန်လောင်စွတ် အစရှိတဲ့သူတွေကို မျှော်လင့်ချက်တွေထား ပြီး ရှာပါတယ်၊ အချိန်တွေသာ ကြာလာတယ်၊ ဘယ်လိုမှ ရှာမတွေ့ဖြစ် နေတယ်၊ သေသူတွေရဲ့ အရိုးတွေကိုတောင် ပြန်လည်ရှာဖွေပြီး ပြန်ယူဖို့ တောင် ခက်ခဲနေပါတယ်၊ သေဆုံးသူတို့ရဲ့ အိမ်သူသက်ထား မိသားစုများ တိုးတိုးတိတ်တိတ် ခိုးကြောင်ခိုးဝှက်နဲ့ မုန်းကိုးကို သွားကြရပါတယ်၊ သေလွန်သွားတဲ့ သူတို့သားချင်းတို့ရဲ့ အရိုးကို ပြန်ရလိုရငြားပေါ့၊ နောက် ဆုံးတော့ မျှော်လင့်ချက်တွေ ပျောက်ဆုံးပြီး ပြန်လာကြရပါတယ်၊ မြန်မာ စစ်တပ်က ဒီလူတွေ သူတို့ရဲ့သားချင်း၊ ကြေးစားတပ်သားရဲ့ အရိုး ပြန်လို ချင်တဲ့သတင်းကို ကြားသိပေမယ့် ကောင်းမွန်တဲ့ သဘောထား မပြသဘဲ နေကြပါတယ်။

တပ်သားဆင့်ခေါ်စုဆောင်းခဲ့တဲ့ ကျန်းစန်းက သူ့မိတ်ဆွေတွေကို ပြောခဲ့ဖူးတယ်ဆိုတဲ့ ပြောစကားက-

"နောင်ဆိုရင် ကြေးစားတပ်တွေ ထပ်ပြီးငှားမနေတော့ဘူးဗျာ၊ သူ တို့ရဲ့ တိုက်ခိုက်ရေးစွမ်းရည်က ချာတူးလန်နေတာဗျ၊ နောက်ပြီး ကြောက် ကလည်း တအားကြောက်တတ်တဲ့သူတွေပါပဲ၊ တဖက်က သေနတ်ပစ် ဖောက်သံ ကြားလိုက်တာနဲ့ ခေါင်းလှည့်ပြေးရင်ပြေး၊ ဒါမှမဟုတ်လည်း မြေပြင်မှာ ပြားပြားဝပ်နေတာပဲ၊ တဘက်ရန်သူ အနားရောက်လာရင် သေ နတ်တွေမြှောက်၊ လက်တွေမြှောက် အညံ့ခံတာကိုးဗျ၊ မုန်းကိုးတိုက်ပွဲရဲ့



ကုန်ကျစရိတ်က များပြားလွန်းပါတယ်၊ ဟိုတုန်းက M-16 တစ်လက်ဈေးက အမေရိကန်ဒေါ်လာ (၁၀၀)နဲ့ ရတယ်၊ အခု အနည်းဆုံး ဒေါ်လာ (၃၀၀-၄၀၀)မှ ဝယ်လို့ရနိုင်ပါတယ်၊ ကျည်ဆန်ကတော့ တစ်တောင့်ကို နှစ် ဒေါ်လာ ရှိတယ်ခင်ဗျာ"

မုန်းကိုးတိုက်ပွဲက ထိုစဉ်တုန်းက အင်မတန် ပြင်းထန်ပါတယ်၊ ကိုး ကန့်မဟာမိတ် စစ်ဦးစီးချုပ် ဝေ့ချောင်းရင် (ကနေ့ ၃-တပ်မှူးကြီး၊ ကိုးကန့် ကုန်သည်ကြီးများ ဖိတ်ခေါ်ကမ်းလှမ်းရေးဌာနမှူး၊ ပြည်သူ့လုံခြုံရေးမှူး)ရဲ့ အတွင်းရေးမှူး ဆုန့်နန်က ပြောပါတယ်။

"မြန်မာအစိုးရစစ်တပ် ဒီတချီ တိုက်ပွဲ အကြီးအကျယ် အောင်ပွဲခံ သွားပါတယ်၊ ခန့်မှန်းခြေ လူအယောက် ၂၅၀ လောက် ပစ်သတ်ပါတယ်၊ သေတဲ့သူတွေအထဲမှာ ကိုးကန့်မဟာမိတ်တပ် ၇၀-၈၀လောက် သေတယ်၊ သွားသမျှလူတွေအားလုံး လူစုကွဲပြီး ပြန့်ကျဲသွားပါတယ်၊ တပ်ပျက်လို့ ထွက်ပြေးကြတဲ့ တပ်သားတွေကို ရက်အတန်ကြာ မနည်းကို ပြန်စုရပါတယ်၊ ဒါ့အပြင် တရုတ်နိုင်ငံဘက်နဲ့ ပြောဆိုပြီး တရုတ်နယ်နိမိတ်ကို ဖြတ်ပြီး ဆုတ်ခွာရတယ်၊ မြန်မာနိုင်ငံမြောက်ပိုင်း ပြောက်ကျားစစ်ရဲ့ သာမန်အနေ အထားရဲ့ ပမာဏအနေအထားအရ ပြောရရင် မုန်းကိုးတိုက်ပွဲမှာ ပါဝင်တိုက် ခိုက်ကြတဲ့ လူဦးရေအရေအတွက်ပိုင်းရယ်၊ သေကြေဒဏ်ရာရတဲ့ လူအရေ အတွက်နှင့် တိုက်ပွဲအချိန်ကာလရယ်၊ ဒီအပိုင်းတွေက ပြောရရင် အရမ်းကို ပြင်းထန်လွန်းလှတဲ့ တိုက်ပွဲဖြစ်ပါတယ်၊ ဒါလောက် အနေအထားမှာ ဒါ့ လောက် ပြင်းထန်လွန်းတဲ့ဟာတွေဟာ အမျိုးသားရေး လက်နက်ကိုင်တိုက်ပွဲ တစ်ရပ်အနေနဲ့ ပြောရရင် အရမ်းကို ကြောက်ရွံ့စရာပါဗျာ"

မြန်မာပြည်မြောက်ပိုင်း၊ ပန်ဆန်းနယ်စပ်မြို့လေးမှာ နေထိုင်တဲ့ ရှန်မြန် ဟွာက ကြေကွဲဝမ်းနည်းလွန်းပြီး ပြောပြပါတယ်။ ဒါ့အပြင်လည်း သူ့ ယောကျ်ားက တစ်နေ့ ရင်မင်ပီ (၁၀၀)ယွမ်ကို သူမက်မောမိတာကို အကြီး အကျယ် နောင်တရသွားပါတယ်၊ သူ့ယောကျ်ားက လီလိမင်တပ်အတွက် စစ်ထွက်တိုက်တယ်လေ၊ ၂၄-၁၁-၂၀၀၀ နေ့တုန်းက ဒါဟာ လီလိမင် အသတ်ခံရတဲ့ နေ့ပေါ့၊ သူ့ယောကျ်ားလည်း အသတ်ခံလိုက်ရတယ်၊ အဲဒီ အချိန်က အစပြုပြီး စီးပွားရေးရင်းမြစ်တွေ၊ ငွေတွေ ပျောက်ကွယ်သွားရလေ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူ့ရဲ့ခင်ပွန်းသည် အသတ်ခံလိုက်ရတာကြောင့်လည်း ကျေးကောက် (ဂျဂေါင်)က သူ့အိမ်ရဲ့ လောင်းကစားဝိုင်းလည်းပဲ အပိုင်စီးခံလိုက်ရပါတယ်၊ သူ့ဖခင် ရှန်ခိုင်ဆိုတာက 'ယဉ်ကျေးမှုတော်လှန်ရေးကြီး'တုန်းက မြန်မာပြည်ဆီ ထွက်ပြေးလာပြီး ဗကပပြည်သူ့လွတ်မြောက်ရေးတပ်မတော်ထဲ ဝင်ပါလိုက်တယ်၊ ဘဝတလျှောက်လုံး တိုက်ပွဲအလီလီ ကြုံတွေ့ခဲ့ရပါတယ်၊ သေနတ်ဒဏ်ရာတွေလည်း ရခဲ့ပါတယ်၊ အခက်အခဲကြီးတွေ၊ ဘေးကျပ်နံကျပ်တွေ တွေ့ကြုံခဲ့ရပေမယ့် ကံဇာတာကြောင့် မသေမပျောက်သေး၊ ခုတော့ ခင်ပွန်းသည်ယောက်ျားက သေပြီလေ၊ မိသားစု စားဝတ်နေရေးအတွက် တထောင့်တစွန်း ဘဝအေးချမ်းရေးအတွက် ငွေရှာရင်းက အသက်စွန့်သွားရလေတယ်၊ ဒါနဲ့ပေါက်တဲ့နဖူး မထူးတော့ဘူးလေ၊ ကဲ…မုဆိုးမလေး ရှန့်မြဲန်ဟွာ မထူးဇာတ်ကို အပိုင်ကြံလိုက်တယ်။ ဘိန်းရာဇာ "မမလေးအမှတ် (၃)"ကို ကူညီပြီး တရုတ်ပြည်ချုံချင့်(ချုံကင်း)မြို့ဆီ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းချပေးပါတယ်၊ ဒါပေမဲ့ ခရီးပန်းတိုင်ချုံချင့် (ချုံကင်း)ဆီ မရောက်သေးဘဲ လမ်းခုလတ်က စွတ်ချွမ်းပြည်နယ် ယိပင်းမှာပဲ တရုတ်ရဲတပ်ဖွဲ့က ပစ္စည်းရောလူပါ လက်ပူးလက်ကြပ်ဖမ်းဆီးလိုက်ပါတယ်။

ကိုးကန့်ရဲ့ အနေအထားက ထိုစဉ်ကာလတုန်းက ကြည့်လိုက်ရင် အင်မတန့်ကို တုန်လှုပ်ချောက်ခြားစရာပါ၊ အထူးသဖြင့် ခေါင်းဆောင်ပိုင်းဆုန့်နန်းက ပြောပါတယ်၊ မျက်မှောက်ကာလမှာ ကိုးကန့်တပ်သားဦးရေက (၁၀၀၀)တောင် မကျော်ပါ၊ သူတို့အားလုံး ဗမာတွေ (မြန်မာအစိုးရကို ရည်ညွှန်းခြင်းပါ)ကို ယှဉ်လို့မရနိုင်ပါ၊ အရေးတော်ပုံကြီး ဖြစ်ပွားပြီးတဲ့နောက်ပိုင်းကို နိဂုံးချုပ်လိုက်ပြီး အဘက်ဘက်က အခြေအနေကို ကြည့်လိုက်ရင် ခုတစ်ကြိမ် ဗမာတွေဟာ အရင်နဲ့ လုံးလုံးမတူတော့ပါဘူး၊ သူတို့ရဲ့ ရက်စက်ယုတ်မာမှုရဲ့ မြန်ဆန်မှုက ကိုးကန့်သားတွေ ထင်မှတ်ထားတာထက်တောင် ကျော်လွန်နေပါတယ်၊ ကိုးကန့်တွေ နှစ်တွေဆယ်ကြိမ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ အစိုးရတပ်နဲ့ စစ်ခင်းတဲ့ အတွေ့အကြုံတွေအတိုင်း ဆက်လက်ကျင့်သုံးလို့ မရတော့ပါဘူး၊ ဗမာတပ်က ခုတစ်ကြိမ်တိုက်ပွဲမှာ အမျိုးသားသစ္စာဖောက် (မုန်ဇလပ်ကို ရည်ညွှန်းပါတယ်)ရဲ့ အကူအညီ



အပံ့အပိုးကိုယူပြီး ချုံခိုတဲ့ အင်မတန် အောက်တန်းကျတဲ့ အောက်လမ်းနည်းတွေနဲ့ တိုက်တာဖြစ်တယ်၊ နောက်ပိုင်း ထပ်မံကြားရပြန်တယ်၊ ကိုးကန့်အထူးဒေသအစိုးရ အတွင်းရေးမှူး လီကျန့်မိန့်နှင့် ဝဿန့်ပေါင်းတပ်ရင်းမှူး တစ်ယောက်တို့လည်း မုန်းကိုးတိုက်ပွဲမှာ ပစ်သတ်ခံရတယ်ဆိုတာပါ ကြားရပြန်တယ်။

စာရေးသူ (တရုတ်သတင်းထောက်) ၂၀၀၂ခုနှစ်တုန်းက ကိုးကန့်ဆီသွားပြီး သတင်းစုဆောင်းတုန်းက ကိုးကန့်ပြည်သူ့လုံခြုံရေးအဖွဲ့ဝင်တွေက သူတို့ရဲ့ 'လူစွမ်းကောင်း'အကြောင်း စာရေးသူ(တရုတ်သတင်းထောက်)ကို ပြောပြလိုက်ပါသေးတယ်၊ ၂၀၀၂ ခုနှစ် နိုဝင်ဘာရဲ့ မုန်းကိုးတိုက်ပွဲ အရေးတော်ပုံတုန်းက ကိုးကန့်ဘက်က လမ်းပြလုပ်တဲ့ အစိုးရအတွင်းရေးမှူး လီကျန့်မိန့်ဟာ မြန်မာအစိုးရစစ်ဘက်က လူတွေရဲ့ ဖမ်းဆီးတာကို ခံလိုက်ရပြီးတဲ့နောက် ရက်ရက်စက်စက် ညှင်းပန်းနှိပ်စက်ပြီး စစ်ကြောတာကို ခံရပါတယ်၊ ဗမာစစ်ထောက်လှမ်းရေးတွေက ပလာယာနဲ့ လီကျန့်မိန့်ရဲ့ ခါးမှာပတ်ချီထားတဲ့ သံနန်းကြိုးကို တင်းတင်းပြီး အတင်းစစ်ဆေးမေးမြန်းပါတယ်၊ လီကျန့်မိန့်က သူ့ကို ဘယ်သူက တပ်ကိုခေါ်ဆောင်လာခိုင်းသလဲဆိုတာ ဖြေကိုမဖြေဘူး။ သူ အဆက်မပြတ် ဝန်ခံပြောတာက သူ့ဖာသာ တပ်ကိုခေါ်ထုတ်တာလို့ပဲ ဖြေတယ်၊ နောက်ဆုံး သူ့ခါးမှာ ရစ်ပတ်တင်းထားတဲ့ သံနန်းကြိုးမျှင်လေးဟာ လက်တစ်ဝါးစာ အကွာအဝေးလောက်သာ ကျန်ပါတော့တယ်။ အရှင်လတ်လတ်နဲ့ ခါးပြတ်ပြီး သေသွားပါတယ်၊ အသေသာခံသွားပါတယ်၊ ဘယ်သူ့က သူ့ကို တပ်ကိုခေါ်ထုတ်တာတို့ မုန်းကိုးတပ်တွင်း အာဏာသိမ်းရေးကို ဘယ်သို့ဘယ်ပုံဆောင်ရွက်မယ်ဆိုတဲ့အကြောင်း တစ်လုံးတစ်ပါဒမှ ထုတ်ဖော်မပြောခဲ့ပါဘူး၊ တကယ့်ကို အာဇာနည်ယောက်ျား သူရဲကောင်းတစ်ယောက်ပေါ့ဗျာ"

ဆွေးနွေးမှု ရက်ပိုင်း သိပ်မကြာလိုက်ရပါဘူး၊ ကိုးကန့်နှင့် အစိုးရတပ်တို့ သဘောတူချက်တွေ ရသွားပါတယ်၊ နှစ်ဘက်စလုံးက လီကျန့်မိန့်က သူ့ရဲ့တသီးပုဂ္ဂလအကြံအစည်နဲ့ တပ်ကိုခေါင်းဆောင်ပြီး တပ်တွင်းပုန်ကန်အာဏာသိမ်းတာကို လုပ်တာဖြစ်တယ်၊ ကိုးကန့်တို့၊ ဝဿန့်ပေါင်းတပ်တို့ အစရှိတဲ့ နယ်မြေအစိုးရနဲ့ ဘာတစ်ခုမှ မပတ်သက်ပါဘူးဆိုပြီး ဇာတ်သိမ်းလိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုးကန့်ဘက်က အရေးအခင်းပြီး နောက်ပိုင်းတွေမှာ မုန်းကိုးမှာ ထပ်မံဖော်ဆောင်မယ့် စီမံကိန်းတစ်ခု လျှို့ဝှက်ပြီး ရေးဆွဲကြပြန်တယ်၊ သတင်းပျံ့ထွက်သွားပါတယ်၊ မကြာခင်မှာပဲ ကိုးကန့်ခေါင်းဆောင်ပိုင်းတွေက သူတို့ရဲ့ မိသားစုတွေက အကောင်းစား အိမ်ထောင်ပရိဘောဂတွေကို တရုတ်ပြည် နန်းဆန်ဆိပ်ကမ်းဆီကို ပို့ထားလိုက်ကြပါတယ်၊ ဒီနောက်မှာ လောင်းကစားဒိုင်ကြီးတွေ၊ လောပန်ကြီးတွေလည်းပဲ သူတို့ရဲ့ ခရုဥစ္စာတွေကို စတင် ရွှေ့ပြောင်းကြပါတယ်၊ ဒီလို လှုပ်လှုပ်ရွရွတွေကို ကြည့်ပြီး ကိုးကန့်သားတွေရယ် တရုတ်ပြည်ဘက်ကနေ ဒီဘက်ဆီ ကူးလာပြီး အရောင်းအဝယ် လုပ်ကြတဲ့ ကုန်သည်လေးတွေ အထိတ်တလန့်တွေ ဖြစ်ကုန်ကြပါတယ်၊ တစ်နေ့ထက်တစ်နေ့ ပိုမိုပြီး ထွက်ပြေးကြမယ့် အရိပ်အရောင်တွေက အထင်အရှား ပြသလာနေပါတယ်၊ နေ့စဉ်နေ့တိုင်းပဲ ကားတွေ ကားတွေပေါ်မှာ အကောင်းစား အိမ်ထောင်ပရိဘောဂပစ္စည်းတွေ တင်ဆောင်ပြီး တရုတ်ပြည်ဘက်ဆီ မောင်းနေတာကို မမြင်ချင်အဆုံး တွေ့မြင်နေရပါတယ်၊ နောက်ထပ် တွေ့မြင်ရတာက ခြေလျင် ကုန်းကြောင်းခရီးနဲ့ တရုတ်ပြည်ဘက်ဆီ အစုလိုက်အစုလိုက် ပြေးဝင်သွားကြတဲ့ မြင်ကွင်းဖြစ်ပါတယ်၊ လောက်ကိုင်က ကုန်စုံဆိုင်လေးတွေ ဖွင့်ထားကြတဲ့ ကုန်သည်လေးတွေ တရုတ်ပြည်ဘက်ဆီ ဝင်ပြေးကြတာ လောက်ကိုင်မှာ ပြောင်တလင်းခါသွားတာပါပဲ။

လမ်းတွေပေါ်မှာ တံမျက်စည်းတွေ၊ ကြက်မွေးတံတွေ လှည့်လည်ရောင်းချနေကြတဲ့ ဗမာလူမျိုး အထမ်းသမားတွေကို တွေ့မြင်လိုက်တိုင်း လူတွေ အထူးကို သတိမထားဘဲ မနေနိုင်ပါ၊ တိုးတိုး တိုးတိုး တွတ်ထိုးပြောနေကြတာက အဲဒီလူတွေဟာ မြန်မာအစိုးရတပ်က လျှို့ဝှက်ထောက်လှမ်းရေးတွေ ဖြစ်ပါတယ်တဲ့၊ ဘာ့ကြောင့်ဆိုရင် သူတို့အားလုံးဟာ ကိုးကန့်သားတွေ မဟုတ်ကြတာကြောင့် လူတွေရဲ့ ထင်ကြေးပေးကြတာဖြစ်တယ်၊ သူတို့အားလုံးဟာ ဒေသခံကိုးကန့်သားတွေ မဟုတ်ကြပါ၊ ထမ်းပိုးပြီး လှည့်လည်ရောင်းချတဲ့ တံမြက်စည်းတွေကို ဘယ်လိုကိုးကန့်သားကမှ မဝယ်ကြပါ၊ ဒီတော့ ဒါလေးရောင်းချပြီး ဘဝဝမ်းစာရေး ရှာနေတဲ့သူတွေ မဟုတ်ဘူးဆိုတာက အထင်အရှားပါပဲ၊ သူတို့ရဲ့ အနေအထားက လူတကာ



သိထားတဲ့ လျှို့ဝှက်လုပ်ငန်းတွေပဲ ဖြစ်နေပါတယ်၊ ဒါပေမဲ့လည်း အဲသလို လူမျိုးတွေက ဟိုမှာသုံးလေးယောက်၊ ဒီမှာသုံးလေးယောက်နဲ့ အစု အစုတွေက တရုတ်ပြည်ရဲ့ ပိုင်နက်နယ်နိမိတ် နန်းဆန်ဆိပ်ကမ်း အနီးအနားဆီကို ကပ်ကပ်လာပြီး သူတို့ရဲ့ တံမျက်စည်းတွေ၊ ကြက်မွေးတံတို့ကို ရောင်းမြဲ လှည့်လည်ရောင်းချနေပါတယ်။

ဘယ်လိုမှ ထိန်းချုပ်လို့ မရနိုင်တဲ့ အခြေအနေကို ဒီလိုပဲ ကြည့်နေရပါတယ်၊ ကိုးကန့်အစိုးရ ဥက္ကဋ္ဌ ဖုန်ကျားရှင် မတတ်သာဘဲ ကိုးကန့်ရုပ်သံလွှင့်ဌာနကနေ ကြွေးကြော်လှုံ့ဆော်လိုက်ပါတယ်။

"ကြားနေရတဲ့ ကောလာဟလသတင်းတွေကို နားမယောင်ကြပါနဲ့ ခင်ဗျာ၊ ကိုယ့်အလုပ်ကိုယ် စိတ်အေးချမ်းသာစွာ လုပ်ကိုင်ကြပါ၊ ဟိုဟို သည်သည် ထွက်မပြေးကြပါနဲ့ ခင်ဗျာ"

မြန်မာနိုင်ငံအစိုးရရဲ့ ပြည်ထဲရေးဝန်ကြီးလည်းပဲ ရဟတ်ယာဉ်နဲ့ ကိုးကန့်နယ်မြေဆီ ရောက်ရှိလာပြီး ပြည်သူတွေကို နှစ်သိမ့်အားပေးပါတယ်၊ ကိုးကန့်မှာ တပ်ခွဲအခြေစိုက်ထားတဲ့ အစိုးရတပ်ခေါင်းဆောင်ပိုင်း ဗိုလ်ချုပ်ကြီးစိုးဝင်းကလည်း ကိုးကန့်ခေါင်းဆောင်တွေရယ်၊ သတင်းမီဒီယာအဖွဲ့အစည်းတွေကို ကိုးကန့်ဦးစီးချုပ် တည်ရှိတဲ့နေရာဆီ အတင်းဖိတ်ခေါ်ပါတယ်၊ ဗိုလ်ချုပ်ကြီးစိုးဝင်းကို ကိုးကန့်သားတွေက အဖန်တလဲ ရှင်းလင်းပြောပြတာက မုန်းကိုးမှာ တစ်စုံတစ်ရာ လူတစ်စုက မြန်မာအစိုးရကို ပုန်ကန်ချင်ကြတယ်၊ ဒါ့ကြောင့် လက်နက်သုံးနှိမ်နင်းဖို့ကို လိုအပ်နေပါတယ်။ ဒါက ကိုးကန့်သားတွေနဲ့ လုံးဝမသက်ဆိုင်ပါ၊ ကိုးကန့်သားတွေ နဂိုအတိုင်း နေထိုင်ကြမယ်ဆိုရင် ကိုးကန့်ရဲ့ အခြေအနေဟာ ပြန်လည်တည်ငြိမ်သွားပါလိမ့်မယ်။

ဒါပေမဲ့ ဦးစီးမှူး ဝေချောင်းရင်က အရေးတော်ပုံ ပြီးသွားတဲ့နောက်မှာ ပြောပါတယ်။

"ဒီလိုမျိုး တစ်ပွဲတစ်လမ်း ဆော်ကြ၊ နှက်ကြ ရှုပ်ယှက်ခတ်ကုန်ကြတာပဲဗျာ၊ တရုတ်ပြည်က ကုန်သည်တွေရော၊ တရုတ်ပြည်က ဝင်လာတဲ့ ရင်းနှီးမြှုပ်နှံမှု ငွေကြေးတွေရော စီးမျောပျောက်ကွယ်သွားတာ မနည်းဘူးဗျ၊ ကိုးကန့်ဟာ နောင်နှစ် အတန်ကြာတော့မှ နလံထူပြီး အရှိန်ရချိန်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်နိုင်မှာ ဖြစ်တယ်၊ ကိုးကန့်က တိတ်တဆိတ် ကြံစည်လုပ်ဆောင်တဲ့ ဒီတချီစစ်ပွဲကို ကြည့်လိုက်မယ်ဆိုရင် လူသူရော၊ ခနငွေကြေးရော နှစ်ရပ်စလုံး ဗလာချီတွေ ဖြစ်ကုန်ပါပြီဗျာ၊ တကယ့်ကို အခြေခံကစ ဆုံးရှုံးမှုကြီးတွေပါ''

## (၂-ဇ) သတင်းထောက်တွေ သုံးသပ်ကြတဲ့ ကိုးကန့်

သက္ကရာဇ် ၂၀၀၂ခုနှစ်ရောက်တော့ ကိုးကန့်အထူးဒေသ တည်ဆောက်တာ (၁၃) နှစ် ရှိသွားပါပြီ၊ ကိုးကန့်လမ်းတွေပေါ်မှာ လောင်းကစားဝိုင်းတော်ကြီးတွေကို နေရာတကာမှာ မြင်တွေ့ရပါတယ်၊ ကိုးကန့်တောင်တန်းမြေရဲ့ လမ်းမကြီးတွေ၊ လမ်းသွယ်လမ်းမြောင်လေးတွေမှာ ပျော်စရာ၊ ရွှင်စရာပေါင်းစုံ ခြိမ့်ခြိမ့်ကိုညံလို့ပါ။ မီးရှူးမီးပန်း ဖျောက်အိုးပစ်ဖောက်သံတို့ကလည်း စီစီညံလို့ပါ၊ လောင်းကစားဒိုင်(အိမ်) အသွယ်သွယ်ကလည်း ဈေးဦးတွေ ပေါက်နှင့်ပြီးကြပါပြီ၊ အသက် (၇၀) ဇရာအရွယ်ထဲ ချဉ်းနင်းဝင်ရောက်နေပြီဖြစ်တဲ့ အထူးဒေသအစိုးရ ဥက္ကဋ္ဌကြီး ဖုန်ကျားရှင်ကိုယ်တိုင် လောင်းကစားဝိုင်းဖွင့်ပွဲ အခမ်းအနားကို တက်ရောက်ပြီး ဖဲကြိုးဖြတ် ဖွင့်လှစ်လိုက်ပါတယ်၊ ဖဲကြိုးဖြတ်အပြီးမှာ ဟောသလိုမျိုး ကြွေးကြော်လိုက်ပါတယ်။

''ငါ ဖွံ့ဖြိုးတိုးတက်အောင် မင်းက ငါ့ကို လာပြီးကူညီတယ်၊ ငါက မင်း ကြီးပွားချမ်းသာအောင် ကူညီမှာပါ'' ဖိတ်ကြားခံရသူတွေထဲမှာ ဒီစာအုပ်ကို ရေးသားပြုစုတဲ့ သတင်းထောက် စာရေးဆရာ ကဲ့စုရာလည်း ပါဝင်ပါတယ်၊ ကိုးကန့်ဘက်က အရေးပါသူတွေရယ်၊ ယူနန်ပြည်နယ်ပြင်ပရေးရာ ဆောင်ရွက်သူတွေ တရားဝင် ဆွေးနွေးကြပါတယ်၊ ဆွေးနွေးတဲ့ အဓိက အချက်အလက်တွေကတော့ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးတွေရယ်၊ နယ်နိမိတ် ထိန်းသိမ်းစောင့်ရှောက်ရေးရယ်၊ နယ်စပ်ကုန်သွယ်ရေးအကြောင်းတွေ ပါဝင်ပါတယ်၊ ကိုးကန့်ဘက်က တောင်းဆိုတာက ယူနန်ဘက်ကနေ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးအတွက် စီးပွားရေး အကူအညီတွေ ပေးရပါမယ်၊ ကိုးကန့်ရဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးမှာ အကျိုးသက်ရောက်မှု ရှိတာကို ဗွေဆော်ဦး စတင် မြင်တွေ့ရတာကို



ယူနန်ဘက်က အသိအမှတ်ပြု ချီးကျူးကြောင်း ထုတ်ဖော်ပြောကြားပါတယ်၊ မူးယစ်ဆေးဝါးက အခုဆိုရင် ကိုးကန့်ကနေ တရုတ်ပြည်ဘက်ဆီ စီးဝင်လာတဲ့ ဆယ်ပုံတစ်ပုံမျှသာ ရှိပါတော့တယ်။ ကိုးကန့်အထူးအစိုးရ ဖုန်ကျားရှင်က သတင်းထောက် ကဲ့စုရာကို ပြောပါတယ်။

''ကိုးကန့်ကို လာကြပါခင်ဗျာ''

ဟိုးစောစော ၂၀၀၀ပြည့်နှစ်တွေထဲမှာ ကိုးကန့်မဟာမိတ်တပ်ဦးစီးချုပ်ဌာန ကိုးကန့်အစိုးရက ''ယန်းချဲန်ညနေသတင်းစာ''နှင့် စာရေးသူ(ကဲ့စုရာ)ကို ဖိတ်စာပေး ဖိတ်ကြားလိုက်ပါတယ်၊ သတင်းထောက်ကို ဖိတ်ကြားရတဲ့အကြောင်းက ကိုးကန့်နယ်မြေမှာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး တိုးတက်မှု လက်တွေ့ဖြစ်ရပ်မှန်ကို သတင်းရေးသားဖို့ ဖိတ်ခေါ်လိုက်ခြင်းဖြစ်တယ်၊ ၂၀၀၂ခုနှစ်၊ ဧပြီလကုန်ပိုင်းလောက်က နိုင်ငံတကာ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးအဖွဲ့က မူးယစ်ဆေးဝါးရင်းမြစ်နေရာဒေသရဲ့ အကျိုးသက်ရောက်မှု အစစ်အမှန်ကို သတင်းရယူရေးအတွက် သတင်းထောက်တွေ ကိုးကန့်ကို ရောက်ရှိလာကြပါတယ်၊ သတင်းထောက်တွေ ကိုးကန့်နယ်မြေဆီကို လာရောက်ဖို့ မျက်နှာပြဖိတ်ခေါ်သူကတော့ မဟာမိတ်တပ် ဒုတိယတပ်မှူးချုပ် ဝေ့ချောင်ရင် ဖြစ်ပါတယ်။ ဝေ့ချောင်ရင်က ၁၉၅၂ခုနှစ်မှာ မွေးဖွားပါတယ်။ ကျန်းစီးဇာတိသားဖြစ်တယ်၊ 'ယဉ်ကျေးမှုတော်လှန်ရေး'တုန်းက တရုတ်ပြည် ပညာတတ်လူငယ်ဖြစ်ပြီး ဗကပလက်နက်ကိုင် ပြောက်ကျားတပ်ထဲ ဝင်ရောက်လာသူဖြစ်တယ်၊ စောစောပိုင်းတုန်းက ဖုန်ကျားရှင်ရဲ့ ကိုယ်ရံတော်တပ်သား ဖြစ်ပါတယ်၊ နောက်ပိုင်းတွေမှာ ဗမာပြည်ကွန်မြူနစ်ပါတီ လက်နက်ကိုင် ပြောက်ကျားတပ်ဖွဲ့ရဲ့ စစ်ဦးစီးတာဝန်ကိုယူပြီး တိုက်ပွဲတွေမှာ ပါဝင်တိုက်ခိုက်ပါတယ်၊ ယခုအခါမှာ စစ်တပ်ဖွံ့နှင့် ကုန်သည်စီးပွားတွေကို ဖိတ်ခေါ်ကမ်းလှမ်းရေးတာဝန်ကို ယူထားပါတယ်၊ တချို့က သူဟာ ဖုန်ကျားရှင်ရဲ့ အရိုက်အရာကို ဆက်ခံမယ့်သူရယ်လို့ သုံးသပ်ထားကြပါတယ်။

## ၃ (ဇ)- သတင်းထောက်တွေ တွေ့မြင်နေရတဲ့ လောက်ကိုင်

ကိုးကန့် လောက်ကိုင်မြို့ကို ရွှေတြိဂံက လူတွေက တရုတ်မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



နယ်စပ်က 'မကာအို' လို့ တင်စားခေါ်ဝေါ်ကြပါတယ်၊ မျက်မှောက်အချိန်မှာ ယူနန်ကနေ ကိုးကန့်သွားမယ်ဆိုရင် အဓိက နယ်ခြားဂိတ်စခန်းနှစ်ခုကို ဖြတ်သန်းရပါတယ်၊ အဲဒီနေရာတွေက မတ်စောက်ပြီး ကြမ်းတမ်းလွန်းတဲ့ တောင်ပေါ်လမ်းတွေရယ်၊ ဆင်းရဲမွဲတေတဲ့ ယူနန်ပြည်နယ် လိန်ချန်းနယ်မြေမှာ တည်ရှိနေပါတယ်၊ ပထမဂိတ်စခန်းကတော့ ကျဲန့်ခန်းခရိုင်ရဲ့ နန့်စန်(မြို့) ဂိတ်စခန်း ဖြစ်တယ်၊ ဂိတ်စခန်းကနေ ထွက်လာလို့ (၈)မိုင်တာလောက်ဆိုရင် မြို့တော်လောက်ကိုင်ကို ရောက်သွားပါပြီ၊ ဒုတိယဂိတ်စခန်းက ခိုင်မာတိုင်းရင်းသား၊ ဝတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ရေးခရိုင်ရဲ့ မုန်းတင့်မြို့ဂိတ်စခန်း ဖြစ်ပါတယ်၊ အဲဒီဂိတ်စခန်းကနေ မြို့တော်လောက်ကိုင်နဲ့ဆိုရင် ကီလိုမီတာ (၁၀၀) မျှသာရှိပါတယ်၊ လမ်းပန်းခက်ခဲကြမ်းတမ်းတယ်၊ ဒါ့အပြင် ကိုးကန့်ဆိုတာက မူးယစ်ဆေးဝါး စတင်ထွက်ရှိတဲ့ ရွှေသောက်မြစ်ထဲက တစ်ခုဖြစ်နေပါသေးတယ်၊ လမ်းတလျှောက်မှာ တရုတ်ပြည် ပြည်သူ့လုံခြုံရေးနယ်စပ် အစောင့်တို့ရဲ့ မူးယစ်ဆေးဝါး ဖမ်းဝရမ်းထုတ်ပြန်ထားတဲ့ နေရာဖြစ်တယ်၊ ရှာဖွေစစ်ဆေးရေး အင်မတန် စေ့စပ်သေချာပြီး တင်းကျပ်လွန်းလှပါတယ်။

အခုပြောနေကြတဲ့ မြန်မာနိုင်ငံ ရှမ်းပြည်နယ် အထူးဒေသ (ကိုးကန့်နယ်မြေဒေသမှာ) မြန်မာနိုင်ငံအစိုးရက ခရိုင်(၁)၊ မြို့(၁)၊ အထူးဒေသ (၁)၊ ရွာ (၂၀)၊ ကျေးလက်တောရွာ (၂၆၃)ရွာ ရှိနေပါတယ်။ ကိုးကန့်ဟန်လူမျိုးတွေ အဓိကနေထိုင်ကြတာက ၄င်းစီရင်စုနယ်မြေအတွင်းက အဓိကလေးနေရာ ပိုင်းခြားထားပါတယ်၊ လူနည်းစုတိုင်းရင်းသားတွေက တောင်ကုန်းမြင့်တဲ့နေရာတွေမှာ နေထိုင်ကြပါတယ်၊ ကိုးကန့်သားတွေ တကယ်လို့များ ဘိန်းစီးပွားရေးကို အားမထားရင် သူတို့ရဲ့ဘဝဟာ တအားကို ဆင်းရဲနွံချာလွန်းမှာ အသေအချာပါပဲ၊ သူတို့ရဲ့ဝင်ငွေပမာဏက တရုတ်ယူနန်ပြည်နယ်က တောင်သူလယ်သမားတွေထက် အများကြီး နိမ့်ပါးနေပါတယ်၊ အစိုးရက တပ်မှူးကနေ တပ်သားငယ်လေးအထိ တစ်လဝင်ငွေပမာဏ ပျမ်းမျှခြင်း တစ်ယောက်ကို ရင်မင်ပိ (၆၀)ယွမ်၊ ဒါမှမဟုတ်ဆန် (၄၀)ပိဿာလောက်ပဲ ရကြပါတယ်၊ (မှတ်ချက်- ခု အသုံးပြုထားတာက တရုတ်ပိဿာဖြစ်ပါတယ်။ မြန်မာ ၁ ပိဿာ = ၃·၂၉၃၁ ပိဿာ



(ကျင်း)ဖြစ်တယ်၊ မြန်မာပြန်ဆိုသူ၏ ရှင်းလင်းချက်) ဒါပေမဲ့ ကိုးကန့်ခေါင်းဆောင်တွေ အားလုံးကတော့ အရမ်းကို ပိုက်ဆံ ချမ်းသာကြပါတယ်ကြားရတဲ့ စကားအရဆိုရင်- ရင်မင်ပိယွမ်ငွေ ထရီလန် (သန်းတစ်သောင်း)ချီတဲ့ ငွေကြေးတွေကြားမှာ စီးဝင်ပျံ့နှံ့နေပါတယ်၊ အကယ်၍ ယွမ်ငွေသန်းပေါင်း လေးသောင်းငွေကို လူ နှစ်သိန်းနှုန်းနဲ့ မျှဝေတွက်ချက်လိုက်မယ်ဆိုရင် ကိုးကန့်သားတို့ရဲ့ တစ်ဦးချင်း ရင်းနှီးမြှုပ်နှံပြီး လည်ပတ်တဲ့ငွေက ပျမ်းမျှခြင်း နှစ်သိန်းစီ ရှိကြမှာဖြစ်တယ်၊ ဒါကလည်း ဟိုးအရင်က အဓိကရှိခဲ့တဲ့ မူးယစ်ဆေးဝါး စုစည်းမြှုပ်နှံတဲ့ အရင်းအနှီး ဓနငွေကြေးတွေသာ ဖြစ်တယ်၊ ၂၀၀၂ ခုနှစ် ရောက်လာပါပြီ၊ ကိုးကန့်အထူးဒေသ တည်ထောင်တာ (၁၃) နှစ် ရောက်လာပါပြီ၊ ကိုးကန့်ရဲ့ လမ်းတွေပေါ်မှာ လောင်းကစားတွေကို နေရာတကာမှာ တွေ့မြင်နေရပါတယ်၊ ကိုးကန့်ရဲ့ လမ်းမကြီးတွေ၊ လမ်းသွယ်လမ်းမြောင်တွေမှာ အရောင်အသွေး စုံလင်လှတဲ့ လောင်းကစားဝိုင်းတွေက စီစီကို ညံလှပါပေ့၊ ဆိုင်းသံဗုံသံ တညံညံ၊ မီးအိုး ဗျောက်အိုးပစ်ဖောက်သံတို့ကလည်း ဝေဝေလျှံလို့ပေါ့၊ တစ်အိမ်နဲ့ တစ်အိမ်၊ တစ်ဝိုင်းနဲ့ တစ်ဝိုင်း ဆက်ကာနေပါတယ်၊ ပြောရမယ်ဆိုရင် အိမ်တိုင်းအိမ်တိုင်းနီးပါး လောင်းကစားဝိုင်း ဖွင့်ထားကြပါတယ်၊ အသက် (၇၀)အရွယ် ဇရာထောင်းနေပြီဖြစ်တဲ့ (မှတ်ချက်- တရုတ်စာရေးဆရာမ ဟွမ်တို့မီ ဖုန်ကျားရှင်နဲ့ သွားတွေ့ဆုံတဲ့ ခုနှစ်က ၂၀၀၂ ခုနှစ် ဖြစ်ပါတယ်။ ဖုန်အသက်က ၇၀ကျော်ကာလ ဖြစ်တယ်- မြန်မာပြန်ဆိုသူ) ကိုးကန့်အထူးဒေသ ဥက္ကဋ္ဌ ဖုန်ကျားရှင်ကိုယ်တိုင် တက်ရောက်ပြီး ဖဲကြိုးဖြတ်အခမ်းအနား ဖွင့်ပေးပါတယ်။ အခမ်းအနားဖွင့်ပွဲမှာ သူပြောတဲ့ စကားကတော့-

"ငါ ဖွံ့ဖြိုးတိုးတက်အောင် မင်းက ငါ့လာပြီး ကူညီတယ်၊ မင်းကြီးပွားချမ်းသာအောင် ငါ တလှည့် ကူညီပါ့မယ်"

လူတွေပြောတဲ့စကားအရ သိရတာက ဥက္ကဋ္ဌဖုန်ကျားရှင်ဟာ ဒီလောင်းကစားဝိုင်းရဲ့ ၈၀%ကို စိုးမိုးထားပါသတဲ့၊ သူ့ရဲ့ သားကြီးဖြစ်တဲ့ အထူးဒေသ ဒုတိယဥက္ကဋ္ဌ ဖုန်တက်ရင်ကလည်း အင်မတန် ခမ်းနားခန့်ထည်တဲ့ 'ရှန်ဖုန်း' ပျော်စရာရှင်စရာကစားပွဲကုမ္ပဏီကြီးကိုလည်း ဖွင့်လှစ်ထားပါတယ်။ အဲဒီဟိုတယ်ကတော့ ၂၀၀၂ ခုနှစ် ကိုးကန့်မှာ အသစ် ဖွင့်လိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်တွေထဲက အကောင်းဆုံး တည်းခိုနိုင်တဲ့ ဟိုတယ်ကြီးဖြစ်တယ်။ လောင်းကစားကက်စီယို အဆောက်အဦကြီးတွေရဲ့ရှေ့မှာ ခေတ်မီကားမျိုးစုံ ရပ်ထားတာကိုပါ တွေ့မြင်ရမှာဖြစ်တယ်။ တရုတ်ပြည်က လာရောက်ကြသူတွေကလည်း မနည်းမနောပါပဲ၊ ကျားကျားမမ လောင်းကစား ရွှေဒည့်သည်တွေ စားပွဲခုံနံဘေးမှာ အကျအန စတိုင်ထုတ်ကြပြီး ယွမ်ငွေစက္ကူရင်မင်ပိတွေကို အရသာခံပြီး မျက်စိစားပွဲထိုင်နေကြပါတယ်၊ ဒီလမ်းမကြီးကဖြင့် ကာမဂုဏ်တွေ၊ လောင်းကစားတွေကို အမိကထားတဲ့ လမ်းမကြီးပါ၊ အသက်ပါပါ သင်းရနံ့တို့ကို ဖြာလို့နေပါတယ်။ လမ်းမကြီးရဲ့ အဆုံးစွန် ထိပ်မှာတော့ ဥက္ကဋ္ဌကြီးဖုန်ကျားရှင်ရဲ့ အိမ်ဂေဟာပဲ ဖြစ်ပါတယ်၊ အဝင်တံခါးဝမှာ အစောင့်တပ်သားတွေက စောင့်ကြပ်နေကြပါတယ်၊ ဘာ့ကြောင့်များလဲဆိုတော့ အဲဒီလမ်းမကြီးမှာ ဆောင်ကြာမြိုင်တွေကလည်း အများအပြား စုပြုံနေတာကြောင့်လည်း ဖြစ်ပါတယ်၊ ဒါကြောင့်လည်းပဲ အဲဒီဒေသက လူတွေက ဖုန်ကျားရှင်ကို "နာမည်ကျော် ပြည့်တန်ဆာ အထိန်းအသိမ်း ကျွမ်းကျင်သူကြီး" ရယ်လို့ ခေါ်ကြပြန်ပါသေးတယ်။

ဒီလိုနေရာမျိုးမှာ လောင်းကစားဝိုင်းကြီး ဖွင့်မယ်ဆိုရင် အခြေခံတစ်ရပ်အနေနဲ့က နိုင်ငံရေးမှာ အရေးပါအရာရောက်တဲ့ နယ်ခံရဲ့ ကျောထောက်နောက်ခံ ရှိရပါမယ်၊ လောင်းကစားဒိုင်တစ်ခု ဖွင့်တာဟာ တကယ်တော့ တရုတ်ပြည်တွင်းက ကုန်သွယ်ရေးမြို့တော်တစ်ခု ဖွင့်တာဟာ အတူတူပါပဲ၊ ပြီးတော့မှ လောင်းကစားဝိုင်းရဲ့ လောင်းကစား စားပွဲခုံအမျိုးမျိုး လောင်းကစားခန်းမကိုလည်းပဲ ကုန်သည်ပွဲစားငယ်လေးတွေ ဝမ်းရေးအတွက် လာပြီးငှားရမ်းရင်လည်း ခွဲဝေပေးရပြန်ပါသေးတယ်၊ ငှားရမ်းကြသူတွေ၊ လောင်းကစားဝိုင်းမှာ အမှုထမ်းတဲ့သူတွေဟာ အနယ်နယ်အရပ်ရပ်က လာရောက်ကြတဲ့သူတွေ ဖြစ်ကြပါတယ်၊ တရုတ်ပြည် ကွမ်ကျိုး၊ ရှံဟဲ၊ ချဲန်တူး၊ စိန်းကျဲန့်၊ ကျဲ့ယန်း၊ ဖုကျန့်၊ မကာအို အစရှိတဲ့ ဒေသတွေက ရောက်လာကြတဲ့ လူအမျိုးမျိုးအဖုံဖုံပါပဲ။ ကိုးကန့်လောင်းကစားဝိုင်းကြီးတွေက မကာအိုရဲ့ ပေါ်တူဂီရွှေမြို့တော် လောင်းကစားဝိုင်းကြီးပါပဲ၊ စိန်ဒိုင်းမွန်းခန်းမကြီး၊ ရွှေနဂါးခန်းမကြီး စသည်စသည်တို့ ဖြစ်ကြပါတယ်၊ အလုပ်ဝန်ထမ်း အမျိုးမျိုးတို့က သေသပ်ကျန၊ စမတ်ကျလှတဲ့ တူညီဝတ်စုံတွေနဲ့



ဂျူတီဆင်းရပါတယ်၊ လောင်းကစားဝိုင်းတိုင်းရဲ့ အပေါက်ဝမှာ တစ်ခုနဲ့တစ်ခု လူအရေအတွက် မတူတဲ့ လက်နက်ကိုင်အစောင့်တွေက သတိအနေအထားနဲ့ စောင့်ကြပ်နေပါတယ်၊ လောင်းကစားဝိုင်းရဲ့ အပြင်အဆင်အားလုံးဟာ ပေါ်တူဂီမြို့တော် ဖုကျင်းရဲ့ Blue Plan အတိုင်း ပုံစံကူးယူထားတာဖြစ်ပါတယ်၊ ဝိုင်းထဲမှာ ဂဏန်းစေ့အလုံးတွေကို ဆင့်ထပ်ထားတာရယ်၊ ကိန်းဂဏန်းအမှတ်အသား ပြထားတာတွေ ရှိပါတယ်၊ ကစားဝိုင်းတံခါးပေါက်မှာ ကျောက်ခဲတုံးတစ်တုံးလို့ ထင်ရပါတယ်၊ အဲဒါကို ပိတ်စအနီနဲ့ ထုပ်ထားပြီး ချိတ်ဆွဲထားပါတယ်၊ ဘယ်လိုအဓိပ္ပါယ်များလည်းတော့ ကျွန်တော်တို့လည်း မသိပါ၊ အတော်လေး ရေးကျလွန်းမယ့် အဓိပ္ပါယ် အယူအဆ သေချာပေါက် ရှိလိမ့်မယ်လို့ပဲ တွေးဆကြည့်ရပါတယ်၊

ခုတလော ကိုးကန့်ရဲ့ လောင်းကစားဝိုင်းတွေက တစ်စတစ်စနဲ့ သာမန်ပြည်သူ့အသွင် ပြောင်းလဲသွားပါပြီ၊ တရုတ်ပြည်ကလာတဲ့ လူကုံထံရွှေဒည့်သည်ကြီးတွေ ကြာလေ အလာနည်းပါးလေဖြစ်ပြီး ရေရှည်အနေနဲ့ ကြေးကြီးကြီး လောင်းကြေးထပ်ကြတဲ့ ကစားသမားတွေကိုချည်း အားထားလို့ မရတော့ပါ၊ ပိုပြီး အားထားရမှာက ပိုပြီး များပြားတဲ့ နေ့စဉ်ရက်ဆက်လာကစားကြတဲ့သူတွေကိုပဲ ပိုပိုပြီး အားထားရမှာဖြစ်ပါတယ်၊ အခု ကိုးကန့်မှာ စိတ်ဝင်စားမှုအရှိဆုံးကတော့ လောင်းကြေးရင်မင်ပိ ယွမ် နှစ်သိန်းပဲ ဖြစ်တယ်။ အနည်းဆုံး လောင်းကြေးက ဆယ်ယွမ်ပါ။ လမ်းမကြီးတန်း လမ်းဘေးကစားဝိုင်းဆိုရင် (၁) ယွမ်နဲ့လည်း ကစားလို့ရပါတယ်၊ ဒီတော့ လူတိုင်းလူတိုင်း ပါဝင်ကစားနိုင်ကြပါတယ်၊ ဗုဒ္ဓဘာသာနိုင်ငံတစ်နိုင်ငံ ဖြစ်လျက်နဲ့ နိုင်ငံနယ်နိမိတ်အတွင်းမှာ ဆောင်ကြာမြိုင်လုပ်ငန်းတွေ၊ လုပ်ပြီး အသက်မွေးဝမ်းကျောင်းကြတာဟာဖြင့် တကယ့်ပြစ်မှုကြီးတွေပါပဲ၊ ဒါပေမဲ့ မြန်မာအစိုးရက ဒါကို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့ နည်းပရိယာယ်မူဝါဒတွေ ရှိနေပါတယ်၊ အထူးဒေသဂိတ်တွေကို ကိုးကန့်မဟာမိတ်တပ်က တာဝန်ယူပြီး ဒုတိယဂိတ်ကမှ မြန်မာအစိုးရ ထိန်းချုပ်တဲ့ တကယ့်ဂိတ်ဖြစ်ပါတယ်၊ ဒီတော့ နှစ်ဦးနှစ်ဘက်ဟာ ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲနိုင်မယ် မဟုတ်ပါလား၊ ဒါဟာ "နယ်မြေအတွင်း အပြင်ဘက်ဂိတ် ဆိုတဲ့ ကိစ္စပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ကိုးကန့်လောက်ကိုင်မှာ လူဦးရေ ခန့်မှန်းခြေတစ်သိန်းလောက် မှီတင်းနေထိုင်ကြပါတယ်၊ ဒါပေမဲ့ တကယ့်ဒေသခံ ဇာတိအမှန်နေထိုင်သူက သုံးသောင်းလောက်သာ ရှိပါတယ်၊ ကျန်အများစုက တရုတ်ပြည်သားတွေ ဖြစ်ကြပါတယ်၊ ဒီတရုတ်ပြည်ကြီးသားတွေ ကိုးကန့်ရောက်လာဖို့ဆိုတာက တရုတ်နယ်နိမိတ်ဂိတ်ဝမှာ 'တရုတ် မြန်မာနယ်စပ် ခရီးသွားအထောက် အထားလက်မှတ်' လုပ်ထားလိုက်ရုံနဲ့ ပြီးစီးပါတယ်၊ အဲသလိုမျိုး 'ခရီးသွား အထောက်အထားလက်မှတ်'ရဲ့ သက်တမ်းက နေ့တစ်နေ့ကနေ နှစ်တစ်နှစ် မက နေလို့ရပါတယ်၊ ဖြတ်ကျော်ပြီး မြန်မာပြည်ဘက်ကို ရောက်လိုက်တာ နဲ့ ဒီဘက်ကလည်း ဘာညာသာရကာတွေ ထုတ်ပေးလိုက်ရုံနဲ့ အခြေခံအား ဖြင့်တော့ ရှာတာဖွေတာ စစ်ဆေးတာတွေ မရှိပါဘူး၊ ဒါ့ကြောင့်လည်း တရုတ် ပြည်ကြီးသား အများအပြားဟာ ဘာညာသာရကာလောက်ပဲ ပြုလုပ်ပြီး ဟုတ်တိပတ်တိ သွားလုပ်တယ် မရှိပါဘူး၊ ဒီဘက်က သုံးစွဲနေတဲ့ လျှပ်စစ် က တရုတ်ပြည်ဘက်ကနေ ကြိုးသွယ်တန်းပြီး ပေးတာဖြစ်တယ်၊ နယ်မြေဒေသအတွင်းက အသုံးပြုနေတဲ့ တယ်လီဖုန်းတွေ၊ လက်ကိုင်ဖုန်းတွေ အားလုံးဟာ တရုတ်ပြည်ရဲ့ ဖုန်းလိုင်း၊ အင်တာနက်လိုင်းတွေက နံပါတ်တွေ ချည်းဖြစ်တယ်၊ နယ်မြေသင်္ကေတ အမှတ်အသားက ယူနန်ပြည်နယ် လိန် ချန်းဒေသရဲ့ (၀၈၈၃)ပါပဲ၊ အများသုံးဖုန်းရုံကလေးက ပြည်တွင်းသို့ အော် တိုရတယ်ဆိုတာက တရုတ်ပြည်ရဲ့ ပြည်တွင်းကို ရည်ညွှန်းတာ ဖြစ်ပါတယ်၊ မြန်မာနိုင်ငံကို ရည်ညွှန်းတာ မဟုတ်ပါဘူး၊ တရုတ်ပြည် ကြေးနန်းနှင့် စာပို့လုပ်ငန်းခွင် ကြော်ငြာစာကို နေရာအနှံ့အပြား ကပ်ပြထားပါတယ်၊ တရုတ်ပြည်ကုမ္ပဏီ အမြောက်အမြားက ဒီနေရာလာပြီး သူတို့ယန္တရားတွေ ဖွင့်လှစ်ကြတယ်၊ လမ်းမတွေပေါ်မှာ ပြေးဆွဲနေတဲ့ အငှားကား အများစုက တရုတ်ပြည်ကလုပ်တဲ့ ချန်းဟို အသေးစားမော်တော်ယာဉ်နှင့် အောက်ထို့ ချာလီကားတွေ ဖြစ်တယ်၊ ရှူပါမားကတ်၊ မီနီမားကတ်ဆိုင် ကြီးကြီးမား မားတွေ၊ သေးသေးငယ်ငယ်တွေရယ်၊ လယ်ယာလုပ်ငန်းဈေးကွက်က ရောင်း ကုန်တွေ အားလုံးနီးပါးက တရုတ်ပြည်ထုတ်ကုန်တွေချည်း ဖြစ်ပါတယ်၊ ဟောဒီနေရာမှာ သုံးစွဲနေတဲ့ ငွေကြေးက တရုတ်ပြည် ရင်မင်ပီ ယွမ်ငွေကြေး တွေပဲ ဖြစ်တယ်၊ မြန်မာငွေကြေးကို သုံးစွဲသူ မရှိသလောက်ပါ၊ ဘာ့ကြောင့် ဆိုရင် လောင်ပန်(သူဌေး)တွေက လက်သင့်မခံကြလို့ပါ။



## (၄-၈) ကိုးကန့်တို့ရဲ့လူနေမှုစနစ် ယဉ်ကျေးမှုရေးရာနှင့် လူမျိုးရေး အစွဲအလန်း

ကိုးကန့်တွေမှာ စာပေအက္ခရာ တင်မထားတဲ့ စည်းကမ်းချက် တစ်ရပ် အလိုအလျောက် ချမှတ်ထားသလို ရှိနေပါတယ်၊ ကိုးကန့်မြေပေါ်မှာ ဘယ် သူမဆို လာရောက်ပြီး ကာမဂုဏ် ပျော်ပါးနိုင်တယ်၊ လောင်းကစားလည်းပဲ စိတ်ကြိုက် ပြုလုပ်နိုင်တယ်၊ ဒါပေမဲ့ အကြွေးတော့ သည်းခံပါ၊ တကယ်လို့ အကြွေးထားတယ်၊ ပိုက်ဆံတု ထုတ်လုပ်တယ်၊ ဒါမျိုးတွေ ကျူးလွန်လို့ ကတော့ ကြီးလေးရင် ပစ်သတ်ပါတယ်၊ အမှုအခင်းက သေးငယ်ရင် ဒကောက်ကွေး အကြောကို ဖြတ်ပစ်ပါတယ်၊ ဒါ့ကြောင့်လည်း ခိုးတာ၊ ဝှက်တာ၊ လုယက်တာ၊ ခါးပိုက်နှိုက်၊ ဓားပြတိုက်တာဆိုတဲ့ အမှုအခင်း တွေက ပြည်တွင်းထက် အများကြီး နည်းပါးပါတယ်၊ လမ်းမတွေပေါ်မှာ သွားလာနေရင်းက လမ်းသွားလမ်းလာတွေဟာ ဖြစ်သလို ပိုက်ဆံထုပ်ကြီး တွေ၊ အဖိုးတန်ပစ္စည်းတွေကို လက်မှာဆွဲကိုင်ပြီး သွားလာနေတာကို တွေ့ မြင်ရမှာပါ၊ လုမှာယက်မှာ၊ ဓားပြတိုက်မှာကို နည်းနည်းလေးမှ စိုးရိမ်စရာ မလိုပါ၊ ဒါ့အပြင် သေနတ်တွေကို လက်မှာ ကိုင်သူကကိုင်၊ ကျောလွယ်သူ က လွယ်ပြီး ဥဒဟိုကင်းလှည့်နေကြတဲ့ တပ်သားတွေကိုလည်း တွေ့ရပါ လိမ့်မယ်၊ ဒီလိုမျိုး ရယူခံစားခွင့်ကို ပေးသမျှယူဆိုတဲ့ လစာလေးမှ ရင်မင်ပီ ၄၀ ယွမ်မျှသာ ရတဲ့ တပ်သားတွေဟာ အစွမ်းကုန် တာဝန်ကျေပွန်ပါတယ်၊ မျက်မှောက် ကိုးကန့်ရဲ့ ရာဇဝတ်သားတွေအပေါ် ချမှတ်တဲ့ 'ဥပဒေ'မှာ သတ်မှတ်ထားတာက အမြင့်ဆုံး ပြစ်ဒဏ်ကျခံကာလက ၆နှစ်၊ ဒီထက် တက်သွားလို့ကတော့ 'သေဒဏ်'ပါပဲ၊ ဒါ့ကြောင့် သေဒဏ်ဆိုတဲ့ ပြစ်မှု ကျခံမှုဆိုတာ လွယ်လွယ်လေးနဲ့ ကျခံသွားရမှာ ဖြစ်တယ်၊

ကိုးကန့်ရဲ့ အုပ်ချုပ်ပုံက ဗမာပြည် ကွန်မြူနစ်ပါတီကာလနဲ့ တူတူ ပါပဲ၊ တရုတ်တို့ရဲ့ ပုံစံမျိုးကို ကူးယူပြီး ကိုယ့်ရဲ့မူပိုင်လုံခြုံရေးဌာန၊ ရဲဌာန၊ ယာဉ်ထိန်း အစရှိတဲ့ ယန္တရားတွေနဲ့ ဖွဲ့စည်းထားပါတယ်၊ ဒါပေမဲ့ အံ့ဩ စရာကောင်းတာက စာရေးသူ (သတင်းထောက်) မျက်ဝါးထင်ထင် တွေ့ မြင်ခဲ့ရတာက အင်မတန် စည်ကားလွန်းလှတဲ့ လောက်ကိုင်ရဲ့ လမ်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ တာဝန်ထမ်းဆောင်နေတဲ့ ယာဉ်ထိန်းရဲတွေရဲ့ လက်ထဲမှာ (M-16) အော်တိုမက်တစ်သေနတ်တွေ ကိုင်ဆောင်ထားကြပါတယ်၊ ဒါ့အပြင် ကျည်ပါထိုးထားပါတယ်၊ လုံခြုံရေးခလုတ် ဖွင့်ထားသလား၊ ပိတ်ထားသလားတော့ စာရေးသူ (သတင်းထောက်ကဲ့စုရာ) မသိရပါ၊ သူတို့ရဲ့ လုပ်ငန်းသဘောထားနှင့် စိတ်ထားတွေက သူတို့က လူရိပ်လူကဲခတ်ပြီးမှ ဆောင်ရွက်ပါတယ်၊ ခုကျွန်တော်တို့ဒေသခံ အရာရှိကလိုက်ပါပြီး ပြသတဲ့ ဧည့်သည်မျိုးကိုတော့ သူတို့ဘာအနှောင့်အယှက်မှ မပေးတဲ့အပြင် ကားပါတားပြီး ဂုဏ်ပေးလိုက်ပါတယ်၊ တချိန်တည်းမှာပဲ သူတို့ဟာ တခြားသာမန် တရုတ်ပြည်သားတွေကို ငေါက်လား၊ ငမ်းလား၊ ကြိမ်းမောင်းလား လုပ်တာတွေကို ကျွန်တော် မြင်တွေ့ခဲ့ရပါတယ်၊ ဒါပေမဲ့ ကိုးကန့်တွေဟာ တရုတ်လူမျိုးတွေကို အလိုလိုပဲ မေတ္တာစေတနာ ရှိကြပါတယ်၊ သူတို့ အရွှံမုန်းဆုံးကတော့ နှစ်ပေါင်းများစွာကတည်းက ရန်ဘက်လိုမြင်ရတဲ့ ဗမာတွေကိုပါပဲ၊ လက်ထဲမှာ (M-16) ကိုင်ထားတဲ့ လမ်းပေါ်က လမ်းပြရဲတွေရဲ့ ပြင်ပက လာတဲ့သူတွေကို အော်ငေါက်မာန်မဲနေတာကို ကြည့်ပြီး တွေ့ရတဲ့လူအဖို့ နှလုံးတုန်ဖြစ်စရာပါပဲ။

ယောက်ျားလေးတွေ အသက်အရွယ် (၁၃-၁၄) နှစ်မှာ အားလုံး စစ်မှုထမ်းဖို့ကို သတ်မှတ်ထားပါတယ်၊ လူဦးရေ နည်းလှတာကြောင့် စစ်မှုထမ်းလိုက်တာနဲ့ ပြန်ထွက်လို့ မရတော့ပါ၊ အကယ်၍ နောက်ပိုင်းမှာ စစ်တပ်ထဲ မရှိတော့ဘူးဆိုပေမယ့်လည်း သူ့ကို ခွင့်ရက်ပေးလိုက်တယ်လို့ပဲ သတ်မှတ်ထားပါတယ်၊ စစ်ရေးစစ်ရာ ပေါ်ပေါက်လာတာနဲ့ ပြန်ထွက်လို့ မရတော့ပါ၊ ချက်ချင်း တပ်ထဲ ပြန်ဝင်ရပါတယ်။

## (၅-၈) သမိုင်းကြောင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် ကိုးကွယ်မှုဆိုင်ရာ ယုံကြည်မှု

ကိုးကန့်လောက်ကိုင်မြို့နားမှာ တရုတ်ပြည်မန်ချူးခေတ် အစဦးပိုင်းတုန်းက ဆောက်လုပ်ခဲ့တဲ့ ကိုးကန့်ဘုရားကျောင်းတစ်ကျောင်း ရှိပါတယ်၊ ကျောင်းဝင်းထဲမှာ ဘိုးတော်ကွမ်းကုန်းနဲ့ ကွမ်ရင်မယ်တော်တို့ရဲ့ ရုပ်ထု



တော်တွေ ရှိပါတယ်။ ကွမ်းကုန်းရဲ့ လက်ယာဘက်လက်က သူ့ရဲ့မုတ်ဆိတ် ပါးသိုင်းမွေးကို ဆွဲသနေပြီး လက်ဝဲဘက်လက်က "ချွန်းချူး" စာအုပ်ကိုင်ထားပြီး စာဖတ်တဲ့ရုပ်တုဖြစ်တယ်၊ ဒီဘုရားကျောင်းတော်ကြီးရဲ့ အသွင်အပြင်၊ အထားအသို အားလုံးဟာ ဟန်ယဉ်ကျေးမှုအမျိုးအစားသန့်သန့်များသာ ဖြစ်တယ်၊ တရုတ်လူမျိုးတို့ အင်မတန် လေးစားအားထားတဲ့ လူစွမ်းကောင်းကြီး ကွမ်းကုန်းဘိုးတော်နှင့် ကွမ်ရင်မယ်တော်ကြီးတို့ကို ရောယှက်ထားတဲ့ ဘုရားကျောင်းတော်ကြီး ဖြစ်ပါတယ်၊ နေ့စဉ်နေ့တိုင်း ပန်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် လာရောက်ပူဇော်ကြသူတွေ မနည်းမနောလှပါ၊ တစ်ခါတစ်ရံများ ဒါတွေဟာ တရုတ်ပြည်မြေပေါ်က တစ်စုံတစ်ခုသော ဘုရားကျောင်းတော်ကြီးဆီကိုများ ရောက်နေသလားလို့တောင် ထင်မှတ်ရပါတယ်၊ နှစ်စဉ်နှစ်တိုင်း တရုတ်သက္ကရာဇ် နှစ်လပိုင်း (၉) ရက်နေ့ ရောက်ရှိလေတိုင်း ဘုရားပွဲတော် ခင်းကျင်းပါတယ်။ ဘုရားပွဲတော်လာ လူတွေ ကြိတ်ကြိတ်တိုးစည်ကားလှပါတယ်ဆိုပြီး ပြောကြပါတယ်။ ဘုရားကျောင်း ဆိုင်းဘုတ်ကြီးတစ်ခုမှာ ရေးထွင်းထားတဲ့ စာကြောင်းတစ်ကြောင်းမှာက -

✧ အနိဋ္ဌာရုံ
အလုံးစုံကား
များလှဒုက္ခ
လွန်ကြီးလှ
ငရဲတမျှ
ဆိုးလှပေစွ။
ကိုးကန့်နယ်မြေ
တောတောင်တွေမှာ
မှော်ကာဦးခေါင်း
ရှုဆိုင်းလေပြီ
တံပိုးစည်သံ
စစ်မောင်းဟာန်
ခြိမ့်ညံမစဲ

www.burmeseclassic.com

www.burmeseclassic.com



တသဲသဲဖြင့်
မှိုင်းမှိုင်းညို့ညို့
တောင်တန်းတို့ကား
စစ်ရိပ်စစ်ရောင်
မီးခိုးမှောင်လား
တောင်ခိုးလား
ဝိုးတိုးဝါးတား
ရောပွမ်းယှက်ဖြာ
အာကာထက်ဆီ
တိုးတက်လို့နေချေပြီ။
နှစ်ကိန်းဂဏန်းရာချီ
အလီလီသမိုင်းဟောင်း
ပြောင်းခဲ့နှောင်းခဲ့
ခေတ်ရဲ့မိန်တောင်ပိုင်း
ထိုမှာပိုင်းက
မှူးကြီးမတ်ရာ
ဝိုင်းရံကာဖြင့်
ဗိုလ်ပါစစ်သည်
စစ်ချီခရီးပြင်း
ခြွေရံသင်းပင်း
တောင်ဆင်းတောင်တက်
တောလုံးနင်းလျက်
မင်းမန်ချူးပိုင်နက်က
အသက်လုလျက်
ပြေးထွက်ခဲ့ရတဲ့
ရင်နင့်ဖွယ်အတိတ်သမိုင်းဟောင်း
ထိုမှဤသို့
မင်းပြောင်းမင်းလွှဲ



စစ်မက်ခေတ်ကာလထဲမှာ
ကြမ်းကြုတ်ရက်စက်
မန်ချူးလက်ထဲ
ဝကွက်ကာ အပ်နှံမခံရအောင်
အတင်းသာမောင်းနှင်ကာထွက်ပြေး
တရပ်တကျေးဆီ
ခရီးပြင်းတွေ
နှင်ရချေတယ်။
နှင်ခဲ့လေတဲ့ အတိတ်ကာလ
ရောက်ရာအရပ်
သေသေသပ်သပ်
အခြေရပ်ကာ
ဘဝရပ်တည်
နေကြသည်မှာ
တီတွတ်မြေးမြစ်
မျိုးဆက်သစ်တို့ရဲ့
မွေးရပ်ဇာတိ
ဌာနေအစစ်
ဖြစ်ရပ်ချေပြီတကား
တောရိုင်းမြက်မည်းထဲမှာ
လူးလွန့်ကာဖြင့်
သဘာဝဒဏ်
စစ်မက်ဒဏ်များ
မနားတမ်း
ပင်ပန်းကြီးစွာ
ခံရပါသည့် ဘဝကြမ်း။
နောက်ထပ်တဖန်
ခံရတာက

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးဒဏ်
မှုးယစ်ဒဏ်
ဆင့်ပွားဒဏ်များ
တိုးပွားခံစားရမှ
ကမ္ဘာ့လူ့ယဉ်ကျေးမှု
ရေစီးကြောင်းနှင့်
ဝေးသထက်ဝေးကွာ
ခရီးတာကို ရောက်ရပြန်တယ်။
ညစ်ပတ်စုတ်ပွဲ
တံထွေးစက်တွေ
နံစော်နေ၊ ပုတ်ဟောင်လေတဲ့
အနံ့ဆိုးလေတွေက
ကိုးကန့်သားတွေရဲ့
ခန္ဓာကိုယ်တွေမှာ
စွန်းထင်းပေကျံကုန်ချေပြီ။
ဒါ့အပြင်
ပွေလီရှုပ်ထွေး
ရှုံက်ငင်ငိုကြွေးနေတဲ့
လောကဇာတ်ခုံထက်မှာ
တစ်ကွက်ပြီးလျှင်နောက်တစ်ကွက်
ဆက်လက်ကာ ကပြသရုပ်ဆောင်နေကြရတဲ့
ကိုးကန့်သားတို့ရဲ့ ဘဝအခြေပါတကား
အခုတော့
သူတို့တတွေဟာ
ဘယ်-ညာလက်မောင်းနှစ်ဘက်
ဖြောင့်ဖြောင့်တန်းတန်း
ဆန့်ထွက်-ထုတ်ကားထားပြီး
တရုတ်ပြည်သူပြည်သားတို့ကို



'လာပါ-လာပါ'နဲ့
လိုက်လံပျူငှာ
ကြိုဆိုသမှုတွေ ပြုကြချေပြီ။
ကိုးကန့်သားတို့က
သူတို့ရဲ့သွေး
သူတို့ချွေးဖြင့်
လဲလှယ်ရယူလာတဲ့
ဒီရေဒီမြေမှာ
လာရောက်ပြီး
ရင်းနှီးမြှုပ်နှံသမှု
အခြေပြုသွားလာနေထိုင်မှုတွေကို
ဖက်လှဲတကင်း
ကြိုဆိုသမှုတွေ
ပြုနေချပြီတကား။ ။

## (၆-၄) ကိုးကန့်နှင့် ဘိန်း

ကိုးကန့်သားတွေဟာ လာလတ္တံ့ အနာဂတ်မှာလည်းပဲ ဘိန်းတွေအရပ်လေးမျက်နှာဆီကို သယ်ယူဖြန့်ဖြူးကြမယ့် ကမ္ဘာလောကကို ရှုပ်ထွေးစေမယ့် ဘိန်းရာဇာများသာ ဖြစ်ချေဦးမယ်၊ ဗြိတိန်မှာပဲဖြစ်ဖြစ်၊ ဂျပန်၊ တရုတ်၊ နောက်ဆုံး မြန်မာ၊ ဘယ်နိုင်ငံ၊ ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ ဘယ်အမျိုးသားရေးဝါဒပဲဖြစ်ဖြစ်၊ ကွန်မြူနစ်ဝါဒပဲဖြစ်ဖြစ် တဖန်ပြည်ထောင်စုကြီးပဲလား၊ ရှမ်းပြည်နိုင်ငံတော်ကြီးပဲ ဖြစ်လာဖြစ်လာ၊ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ပဲ အေးချမ်းအေးချမ်း၊ သေနတ်သံ၊ အမြောက်စည်မောင်းသံတွေပဲ ညံနေညံနေ၊ ကိုးကန့်သားတို့ကတော့ လေညာက အနေသာနေမှာပါ။ ဘယ်လိုမှ ပြောင်းလဲကြမှာ မဟုတ်ပါ၊ သူတို့ဟာ 'ငါ့မြင်းငါ့စိုင်း' စိုင်းနေကြဦးမှာပါ၊ ဆောင်းကုန်တော့ နွေလာပြန်ပြီးတော့ မိုးကိုရောက် ရာသီစက်ဝန်းတွေ သူ့ဘာသာ လည်သွားမှာပါ၊ ကိုးကန့်သားတို့ကတော့ ရှေးကျတဲ့ ကျေးလက်တောချင်းကို သီကြွေး၊ ဘိန်းတင် လားဝန်တွေနဲ့ ခရီးပြင်းတွေ နှင်ကြပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ကျုံးပတ္တာတရုတ်ယဉ်ကျေးမှုတွေနဲ့ လျှောက်လှမ်းကြပြီး ရှေ့နောက်တောင်မြောက် အရပ်လေးမျက်နှာဆီ ခြေစကြာ ဖြန့်ကြပါတယ်၊ ကုန်သည်လားဝန်တင်ယာဉ်တန်းကြီးက ရေညှိရေမော်စိမ်းတွေ တွယ်ကပ်တက်နေတဲ့ ကျောက်ပြားကျောက်လွှာချပ်ကြီးတွေကို နင်းပြုကြပြီး နက်ရှိုင်းတဲ့ခြေရာချိုင့်ခွက်ကြီးတွေကို ထားရစ်ခဲ့ကြမယ်၊ ဒါလည်းပဲ သူတို့ရဲ့ နှလုံးသည်းပွတ်တွေမှာ နက်ရှိုင်းလှတဲ့ ဒဏ်ရာဒဏ်ချက်ကြီးတွေ၊ မှိုင်တွေညှိုးလျော်မှုကြီးတွေကို ချန်လှပ်ထားရစ်ခဲ့ချေတော့မယ်၊ ကိုးကန့်သားတွေအထဲက လူနည်းစုတိုင်းရင်းသားအများအပြားက ဘုရားကျောင်း ဒီနေရာက ထွက်လာကြ၊ ပျောက်ကွယ်သွားကြပါတယ်၊ ဝတ်ဆင်ထားပုံတွေက ခြေဆုံးခေါင်းဆုံးတစ်ကိုယ်လုံး အနက်ဝတ်စုံ။ ချဉ်စော်ကားသီးတွေ၊ သစ်ချသီးတွေ ခင်းချပြီး ရောင်းချနေကြပါတယ်၊ တချို့တိုင်းရင်းသူတွေက ငွေပြားတွေသီးပြီး ဆံကေသာထက်မှာ အလှအပ စီခြယ်ထားကြပါတယ်၊ ယွမ်ကြေးငွေအကြွေစ (မန်ချူးမင်းဧကရာဇ် ပြုတ်ကျသွားတဲ့နောက် သုံးစွဲတဲ့ တရုတ်ကြေးပြားငွေ အကြွေစ)တွေကို အပေါက်ဖောက်သီပြီး ဆင်မြန်းထားကြပါတယ်၊ ဒီလိုဝတ်စုံမျိုး ဝတ်ဆင်ထားကြတော့ ခန္ဓာကိုယ်ကို လှုပ်ရမ်းလိုက်တိုင်း ငွေအကြွေစေ့တို့ရဲ့ ရိုက်ခတ်သံ သာသာယာယာကို ကြားလိုက်ရပါတယ်၊ တိုင်းရင်းသူမိန်းမသားတို့က သူတို့ရဲ့ရင်သားအလှတို့ကို လှစ်ဟပြထားမလောက်ကို ဝတ်ဆင်ထားကြပါတယ်၊ လှပတဲ့သူတို့ရဲ့ ပုဇွန်မျက်လုံးပြူးပြူးလေးတွေက တဏှာရာဂခိုးတွေ လုံးဝကင်းမဲ့ကြပါတယ်၊ ပိတ်ထည်စကော်လာအဝိုင်း၊ လက်အိုးပွပွကြီးတွေ၊ ဦးခေါင်းထက်မှာ သံပုရာခြမ်းဦးထုပ်ငယ်လေးတွေကို ဆောင်းပြုထားကြတဲ့ တောင်တန်းသူတောင်တန်းသားတွေရှေ့ မျက်နှာချင်းဆိုင်ကနေ တန်းတန်းမတ်မတ် လျှောက်လှမ်းလာကြလေတိုင်း သူတို့လေးတွေရဲ့ ဦးခေါင်းနောက်ဘက်ဆီက ကျစ်ဆံမြီးတစ်ချောင်းကလည်း ခန္ဓာကိုယ်ကို လှုပ်ရမ်းလိုက်တိုင်း လိုက်ပါပြီး ဟိုသည်ယိမ်းကာနေကြပါတယ်။ ဒေသခံတွေဆီက ကြားသိရသလောက်ကတော့ ဟိုးရှေးရှေးရုပ်ပုံပန်းချီကားချပ်တွေထဲက နောက်ပြီး မန်ချူးခေတ်တုန်းက ဝတ်စားဆင်ယင်မှုတွေကနေ အထည်ကြီးပျက်တို့က ဆင်းသက်လာကြတဲ့ သားမြေးမြစ်မျိုးဆက်တွေ ဖြစ်ပါသတဲ့။ သူတို့အားလုံးဟာ တောင်ပေါ်အတက်အဆင်း



လမ်းကလေးအတိုင်း လျှောက်လှမ်းလာကြပြီး မြို့ဆီဈေးဝယ်သွားကြပါသတဲ့၊ သူတို့တွေအထဲက အနည်းစုကတော့ ရိတ်သိမ်းရလာတဲ့ ဘိန်းစေးရိုင်းတွေကို သယ်သွားကြပြီး လမ်းထိပ်တွေမှာ ရောင်းချလိုက်ကြပါတယ်၊ ရလာတဲ့ မပို့မစို့ကြေးစလေးတွေနဲ့ ဆန်တို့၊ ဆားတို့၊ လယ်ယာသုံးပစ္စည်းတွေနဲ့ ဖလှယ်ရောင်းဝယ်ကြပါတယ်၊ ဘိန်းရောင်းဘိန်းဝယ်မှုက တင်းကျပ်တဲ့စနစ်ဖြင့် အဖိုးနှုန်းထား တွက်ချက်မှုစနစ်က တရုတ်ပြည်ရှေးဟောင်းငွေကြေး ရောင်းဝယ်မှုစနစ်အကြွင်းအကျန်က ဒီနေရာမှာ တွင်တွင်ကျယ်ကျယ် ကျန်ရစ်နေပါသေးတယ်၊ တရုတ်ပြည်မှာဆိုရင် ရုပ်ရှင်တွေထဲမှာသာ မြင်ရတော့တဲ့ မြေပိုင်ရှင်ကြီးတွေက တောင်သူလယ်လုပ် ဓားမခုတ်တွေအပေါ် မတရားရက်စက်အနိုင်ကျင့်ကြတဲ့ 'ပြည်တောင်းအငယ်ထဲဆီဝင်၊ ပြည်တောင်းအကြီးထဲကထွက်' ဆိုတဲ့ ဖြောင်ကျကျ မတရားဂုတ်သွေးစုပ်တဲ့ အခြင်အတွယ်ပစ္စည်းကိရိယာတွေကို ကိုးကန့်နယ်မြေတွေမှာ အသုံးချကိုင်တွယ်နေကြပါတယ်၊ ခရီးသွားတရုတ်ပြည်သားများအဖို့ ဖော်မပြနိုင်လောက်တဲ့ ခင်မင်ရင်းနှီးမှုသံယောဇဉ်မေတ္တာတရားတွေ တဖွားဖွား ပေါ်ပေါက်လာရပါတယ်။

ဘုရားကျောင်းကြီးနားဆီ ပေါက်ရောက်တဲ့လမ်းခွဲ၊ လမ်းမြောင်၊ လမ်းဆုံက အိမ်ကလေးဆိုရင် ဘိန်းတွေ လက်ခံဝယ်ယူသိလှောင်တဲ့ စခန်းလေးတစ်ခုပါပဲ၊ အိမ်ရှင်က ခြံဝင်းထဲမှာ ဝှက်ထားတဲ့ မန်ချူးမင်းလက်ထက်က အချင်အတွယ်ပစ္စည်းတွေကို ထုတ်ယူလိုက်တယ်၊ အဲဒါကတော့ ရှေးဟောင်းတရုတ်ချိန်ခွင် တစ်လက်နဲ့ ပျဉ်ချပ်တစ်ချပ်ပါပဲ။ ပျဉ်ချပ်ရဲ့ အလယ် ဗဟိုချက်မမှာ ရှေးဟောင်းငွေဒင်္ဂါးပြားတွေ ထပ်ထားတယ်။ ပျဉ်ချပ်ရဲ့ တစ်ဘက်မှာတော့ ခပ်ချိုင့်ချိုင့် မြောင်းတစ်မြောင်း ထွင်းဖော်ထားပါတယ်၊ ကူမင်တန်ခေတ်က ငွေဒင်္ဂါးပြားတွေကိုပါ အစီအရီ တန်းစီချထားပါတယ်၊ ဒါတွေဟာ ဘိန်းစိမ်းအရောင်းအဝယ်လုပ်ရာမှာ အချင်အတွက် အလေးအဖြစ် အသုံးချမယ့် ပစ္စည်းကိရိယာတွေ ဖြစ်ပါတယ်၊ ကျွန်တော်တို့ ဖတ်ရှုခဲ့ရဖူးတဲ့ ရွှေတြိဂံဘိန်းကုန်သွယ်ရာ စာအုပ်တွေထဲက စီကာပတ်ကုံး ရေးသားထားတဲ့ အချင်အတွယ် ကိရိယာတန်ဆာပလာတို့နဲ့က တထပ်တည်းတူနေပါတယ်။ ဒီပစ္စည်းအားလုံးကို ကြည့်လိုက်ရုံနဲ့ အင်မတန်ကို ရှေးကျ

www.burmeseclassic.com

www.burmeseclassic.com



လွှန်းနေတာကို တွေ့မြင်ရပါတယ်၊ အသုံးပြုတဲ့ ပျဉ်ချပ်တုံးကြီးဆိုလည်း ဝါကျင့်ကျင့်နဲ့ ဆီရောင်တွေ လက်နေတာပါပဲ၊ ချိုင့်ကျသွားတဲ့ မြောင်းဆိုလည်း မည်းညစ်ညစ်ဆီချေးတွေ အလိမ်းလိမ်း ကပ်တွယ်နေပါတယ်၊ အဲဒီရေးကျတဲ့ ပစ္စည်းတွေရဲ့ နံဘေးမှာ လေးထောင့်စပ်စပ် အနက်ရောင် ဘိန်းစိမ်းတွေ ချထားပါတယ်၊ အတွင်းက ခရုတ်စက္ကူ (Kraft Paper) ကိုသုံးပြီး အပြင်ဘက်ကတော့ ငှက်ပျောရွက်စိမ်းနဲ့ ထုပ်ထားပါတယ်၊ အရောင်အသွေးကြည့်ပြီး ခန့်မှန်းနိုင်ဖို့အတွက် စက္ကူနဲ့ ငှက်ပျောဖက်ကို လုပ်ပေးထားပါတယ်၊ အိမ်ရှင်ဝတ်ဆင်ထားတာက ဟန်တရုတ်လူမျိုးတို့ရဲ့ အဝတ်အစားပါ၊ ဘေးနားမှာ လူနည်းစုထိုင်းရင်းသားတို့ရဲ့ ဝတ်စားဆင်ယင်မှုအတိုင်း ဝတ်ဆင်ထားကြတဲ့ တိုင်းရင်းသူတွေ ဖြစ်ကြပါတယ်၊ မိန်းမသားတို့က တချို့လည်း အသက်ကြီးလှပါပြီ။ တချို့တော့လည်း ငယ်ငယ်ရွယ်ရွယ် အရွယ်ကောင်းလေးတွေ ရှိပါသေးတယ်၊ သံသယဝင်နေစရာ မလိုပါဘူး၊ ဒီမိန်းမသားတို့က ဘိန်းလာရောင်းကြသူတွေ ဖြစ်ပါတယ်၊ အဲဒီလမ်းမကြီးမှာ အင်မတန် အရေးကြီးတဲ့ ပစ္စည်းနှစ်မျိုး ရှိနေပြန်ပါသေးတယ်၊ ကျောက်တုံးနှစ်တုံးပေါ့၊ တစ်တုံးက ဗြိတိသျှအင်ပါယာကြီးနှင့် ဂရိတ်မန်ချူးကောတို့ရဲ့ နှစ်နိုင်ငံနယ်နိမိတ်သတ်မှတ်ချက် ကျောက်တိုင်ကြီး၊ နောက်တစ်တုံးကတော့ ဗြိတိန်ဆိုင်ရာ မြန်မာအစိုးရက ကွတ်ခိုင်စော်ဘွားကို အမိန့်အာဏာနဲ့ ကွပ်ကဲခန့်အပ်တဲ့ ကျောက်တုံး ဖြစ်တယ်၊ ဗြိတိသျှအစိုးရလက်ထက်တုန်းက ကိုးကန့်နယ်မြေဒေသဟာ ကွတ်ခိုင်စီရင်စုနယ် တစ်နယ် ဖြစ်နေပါတယ်။

## ၇-(ဓ) ကိုးကန့်ပညာရေး

ကိုးကန့်လမ်းမတွေပေါ်က ဈေးဆိုင်တွေ၊ ထမင်းဆိုင်တွေအားလုံးကို မြန်မာစာ-တရုတ်စာ ရောနှောပြီး ရေးသားထားပါတယ်၊ ဒါပေမဲ့ အထင်အရှား တွေ့နိုင်မှာကတော့ တရုတ်စာကို အဓိကထားပါတယ်၊ မြန်မာစာကိုတော့ အဆင်တန်ဆာတစ်ရပ်အဖြစ် ထားပါတယ်၊ စာအုပ်ဆိုင်တွေမှာ မြန်မာလို ပုံနှိပ်ထားတဲ့ စာအုပ်မျိုး အင်မတန် တွေ့ရခဲပါတယ်၊ ရောင်းတဲ့ စာအုပ် အားလုံးလိုလိုဟာ တရုတ်ပြည်က ‌‌ စာအုပ်တွေ၊ ဂျာနယ်၊ မဂ္ဂဇင်း၊



သတင်းစာစောင်တွေပါပဲ၊ အကြောင်းအရာစုံစာအုပ်နှင့် လိင်မှုဆိုင်ရာစာအုပ်တွေ၊ ကားချပ်တွေ၊ စီဒီခွေတွေကိုလည်း ဖြောင်ချပြီး ရောင်းချပါတယ်၊ ကိုးကန့်မှာ ကိုယ်ပိုင်သတင်းဂျာနယ်၊ မဂ္ဂဇင်းစာစောင်တွေနှင့် ရုပ်မြင်သံကြားအသံလွှင့်ရုံတွေ ရှိပါတယ်၊ အားလုံး တရုတ်ဘာသာတွေချည်းဖြစ်တယ်၊ ညဥ့်လိုင်းဇည့်ခန်းမတွေဆီမှာ ပြသတဲ့ ရုပ်သံအစီအစဉ်တွေက တရုတ်ပြည်မကြီးက အစီအစဉ်ဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ်ရင် ဟောင်ကောင် အစီအစဉ်သာ ဖြစ်ပါတယ်၊ အစီအစဉ်တစ်ရပ်အနေနဲ့ မြန်မာလို ထုတ်လွှင့်တာ တစ်ခုပဲရှိပါတယ်၊ ဒါကတော့ မြန်မာဘာသာနဲ့ ထုတ်လွှင့်တဲ့ သတင်းကဏ္ဍတစ်ခုတည်းသာ ဖြစ်တယ်၊ ကိုးကန့်ဟာ မြန်မာရေမြေပေါ်မှာ ရှိနေပါတယ်ဆိုပေမယ့် ရုပ်သံတွေ၊ ဓာတ်လမ်းခွေတွေ တွေ့ရမြင်ရဖို့ဟာ အတော့်ကို မလွယ်တဲ့ ကိစ္စတစ်ရပ်ပါ။

ကိုးကန့်အထူးဒေသအစိုးရက နောက်မျိုးဆက်သစ်တွေရဲ့ ပညာရေးကို အင်မတန် အလေးထားပါတယ်၊ စီရင်စုကျေးရွာ (၁၃)ရွာမှာ မူလတန်းကျောင်းတွေ ကောင်းကောင်းဖွင့်နိုင်ဖို့ ရင်းနှီးမြှုပ်နှံထားပါတယ်၊ ကိုးကန့်မှာ အခုကျောင်း (၇)ကျောင်း ရှိပါတယ်၊ ဒီအထဲမှာ အလယ်တန်းကျောင်း (မြန်မာ့စနစ်နဲ့ဆိုရင် အထက်တန်းကျောင်း) ၃ကျောင်း။ မူလတန်း (အလယ်တန်းပါ ပါဝင်နေပါတယ်) ကျောင်းက ၄ကျောင်း။ ကျောင်းဆရာပေါင်း ၃၀၀ကျော်၊ ကျောင်းတက်နေတဲ့ ကျောင်းသားဦးရေက ၁၀,၀၀၀ကျော် ရှိပါတယ်။ အရေအတွက် ၉၀% ရှိတဲ့ ကျောင်းဆရာတွေရဲ့ လစာက တရုတ်ငွေကြေး ရင်မင်ပီ ၆,၀၀၀ယွမ် ပေးပြီး တရုတ်ပြည်ကနေ ဖိတ်ခေါ်ခန့်ထားပါတယ်၊ ကျောင်းရဲ့ပညာရေးဟာ တရုတ်ဘာသာကို အဓိကပင်မထားပါတယ်၊ တရုတ်စာလုံးတွေကို အဟောင်းရော၊ အသစ်ပါ ရောနှောသုံးထားပါတယ်။ (တစ်နည်း-မူရင်းအဟောင်းစာလုံးအခက်နှင့် ခေတ်သစ်ပြုပြင်မှု အလွယ်စာလုံး) အခြေခံအားဖြင့် လက်ရှိတရုတ်ပြည်တွင်းက သင်ရိုးညွှန်းတန်းကိုပဲ ပြဋ္ဌာန်းပါတယ်၊ ဒါပေမဲ့ ကိုးကန့်ပြင်ပဘက်ဆီက မြန်မာအစိုးရ ထိန်းချုပ်ထားတဲ့ ဒေသတွေမှာရှိတဲ့ တရုတ်ကျောင်းတွေက အခြေခံအားဖြင့် ထိုင်ဝမ် ဒါမှမဟုတ် အရှေ့တောင်အာရှတွေဆီက အခမဲ့ပေးဝေတဲ့ သင်ရိုးညွှန်းတမ်းတွေကိုသာ အသုံးပြုသင်ကြားပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံရဲ့ တရုတ်စာပညာရေးဟာ ၆၀ ခုနှစ်ကာလတုန်းက လှျမ်းလှျမ်းတောက် ဝေဆာဖွံ့ဖြိုးခဲ့ဖူးပါတယ်၊ ထိုစဉ်တုန်းက ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပဲခူး၊ တောင်ငူ၊ တောင်ကြီး၊ လားရှိုး၊ မြစ်ကြီးနား၊ ဗန်းမော်၊ ကျောက်မဲ၊ နမ္မတူ၊ မိုးကုတ် အစရှိတဲ့ မြို့တွေမှာ တရုတ်ကျောင်းတွေ ဖွင့်လှစ်ထားပါတယ်၊ မြန်မာတစ်နိုင်ငံလုံးမှာ တရုတ်ကျောင်းပေါင်း ၂၀၀ ကျော်ကျော် ရှိပါတယ်၊ ၁၉၆၅ ခုနှစ် ရောက်လာတော့ မြန်မာအစိုးရက ပညာရေး၊ ကျန်းမာရေးတွေကို နိုင်ငံပိုင်လုပ်ငန်း မူဝါဒ ကျင့်သုံးလိုက်တယ်၊ မြန်မာနိုင်ငံသားတွေ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံခြားသားတွေ၊ ဘာသာရေးအသင်းအဖွဲ့တွေက ဖွင့်လှစ်တဲ့ ကျောင်းတွေ၊ သတင်းစာတွေ၊ ရုပ်ရှင်တွေ၊ ဆေးရုံတွေ အားလုံးကို နိုင်ငံပိုင် (ပြည်သူပိုင်လို့လည်း ခေါ်တွင်ပါတယ်) သိမ်းလိုက်ပါတယ်။ အဲဒီအချိန်က အစပြုပြီး တရုတ်ဘာသာ စာသင်ကျောင်းတွေ ရပ်စဲသွားပါတယ်၊ ဒါပေမဲ့ အဲဒီအချိန်က အစပြုပြီး တချို့ နေရာတွေမှာတော့ 'တစ်ခုလုံးကို အစိတ်စိတ်အပိုင်းပိုင်း ခွဲခြမ်းလိုက်ခြင်း' နည်းဗျူဟာဖြင့် သိသိသာသာရော တိုးတိုးတိတ်တိတ် ခိုးဝှက်ပြီးတော့ရော၊ ဖြည့်ဆည်းပညာရေးစနစ်နဲ့ရော နည်းအမျိုးမျိုး၊ လမ်းအသွယ်သွယ်နဲ့ ကြံ့ကြံ့ခိုင်ခိုင် ဇွဲရှိရှိနဲ့ တရုတ်ဘာသာစာပေကို ဆက်လက် သင်ကြားကြပါတယ်၊ ဘယ်တုန်းကမှ အဆက်ပြတ်သွားတယ်ရယ်လို့ မရှိဘဲ အစဉ်အဆက် ကြိုးပမ်းသမှုပြုတာနဲ့ ဥပမာသာဓကကတော့ ကိုးကန့်တွေပါပဲ။

၁၉၆၈ ခုနှစ်၊ ကိုးကန့်ကာကွယ်ရေးတပ်ဖွဲ့ခေါင်းဆောင် လော်စစ်ဟန်က ပညာရေး စစ်ရေး နှစ်မျိုးနှစ်ဘာသာ ပူးတွဲပါဝင်တဲ့ ကျောင်းမျိုးကို လွယ်ရိုးခေါ်တဲ့ လားရှိုးကြီးမှာ ဖွင့်လှစ်လိုက်ပါတယ်၊ အဲဒီအထဲမှာ စစ်ရေးပညာသင်ကျောင်းက 'သမိုင်းပေးတာဝန် အပြည့်အဝရှိနေခြင်း'ဆိုပြီး အပိတ်ခံလိုက်ရပါတယ်၊ အခုဆိုရင် နောက်ထပ်ပြီး တစ်ထစ်တောင် တက်လိုက်ပြန်ပါသေးတယ်၊ မူလတန်း၊ အလယ်တန်းကနေ တိုးတက်လာလိုက်တာ ခုဆိုရင် အထက်တန်းအဆင့်ကိုတောင် ရောက်ရှိနေပါပြီ၊ ဒီကျောင်းဟာ နောက်ပိုင်းမှာ လားရှိုးနဲ့ ကိုးကန့်စာပေ အထက်တန်းကျောင်း ဖြစ်သွားပါပြီ။

ဒီခုနှစ် အပိုင်းအခြားတွေမှာ မြန်မာအစိုးရက တရုတ်တွေရဲ့ ပညာ



ရေးလုပ်ဆောင်မှုအပိုင်းတွေမှာ အတော်လေး အလျှော့ပေးထားတာကြောင့် မြန်မာပြည်မြောက်ဘက်ပိုင်း မြို့တွေ၊ ရွာတွေ၊ တောင်တန်းတွေ စတဲ့နေရာဒေသတွေမှာ ဗုဒ္ဓဘာသာပြန့်ပွားရေးတွေ၊ ကွန်ဖြူးရှပ်ဘာသာ ဖြန့်ကျက်ရေးတွေ၊ ဒါမှမဟုတ်လည်း ဖြည့်ဆည်းပညာရေး (တရုတ်အခေါ်အဝေါ် ပူစိပန်း = ကျူရှင်) အစရှိတဲ့ နည်းလမ်းအသွယ်သွယ်၊ ပုံစံအမျိုးမျိုးနဲ့ ပြောင်တဝက်၊ လှို့ဝှက်တစ်ဖုံ နည်းမျိုးစုံနဲ့ တရုတ်စာသင်ကြားရေးကို စခန်းသွားခဲ့ကြပါတယ်။ ဒီနည်းလမ်းတွေနဲ့ ဖြစ်ညှစ်ပြီး အစိုးရရဲ့ မြန်မာကျောင်းတွေ မတက်ခင် အပိုင်းလေးကို တန်ဖိုးရှိရှိ အချိန်လုပြီး တရုတ်စာပညာရေး ဒီရေပူစီးကြောင်းကို ကျားကုတ်ကျားခဲ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်၊ ကျောင်းတွေ ကျောင်းတွေဟာ နည်းရာမှများလာ။ ပမာဏတွေ သေးငယ်ရာမှ ကြီးထွားလာ၊ မူလတန်း အငယ်စားလေးတွေကနေ အလတ်တန်း-အထက်တန်းတွေအထိပါ တိုးမြှင့်လာကြပါတယ်။ ဒါတွေဒါတွေဟာဖြင့် တရုတ်စာပညာရေးရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေရဲ့ ရှင်ကြည်နူးစရာ သုတိမင်္ဂလာရှုခင်းအဖြာဖြာပဲ ဖြစ်ပါတယ်။

စာတတန်ပေတတန် အထူးဖွဲ့နွဲ့ ရေးခြယ်ထိုက်တဲ့ အကြောင်းအရာကတော့ဖြင့် လားရှိုးမြို့ရဲ့ တရုတ်ဘာသာစာပေသင်ကြားမှုပညာရေးပါပဲ။

၁၉၆၅ ခုနှစ်မတိုင်ခင်တုန်းက တစ်မြို့လုံးမှာက ကျုံးဟွာ၊ ကျုံးစန်း၊ ချောင်ကွမ်း၊ ဟွနန်ဆိုတဲ့ တရုတ်ကျောင်းလေးကျောင်း ရှိခဲ့ဖူးပါတယ်၊ အခုတော့ မိုးမြေသိမ့်သိမ့်တုန်လောက်အောင် အပြောင်းလဲကြီး ပြောင်းလဲသွားပါပြီ။ မှတ်တမ်းမှတ်ရာစာရင်းအရဆိုရင် ကိုးဝံ၊ စိန့်ကွမ်း၊ ကိုးမင်၊ ကိုးပန်း၊ ကိုးချန်၊ ဟေးမုန်လုံ၊ မိန့်တက် အထက်တန်းကျောင်းက (၈)ကျောင်း၊ ကိုးဝန်အထက်တန်းကျောင်းက (၁)ကျောင်း၊ မူလတန်းကျောင်းကတော့ ဆယ်ဂဏန်း အတော်များများ ရှိနေပါတယ်၊ ကျောင်းသားဦးရေပေါင်း (၄,၀၀၀)ကျော် ရှိပါတယ်။

တချိန်တည်းမှာပဲ လားရှိုးယဉ်ကျေးမှုအဖွဲ့ကြီးရဲ့ ဦးဆောင်မှုအောက်မှာ လားရှိုးမြို့ ယဉ်ကျေးမှုနှင့် ပညာရေးအသင်းအဖွဲ့ကြီးကို အထူးတီထွင်ဖွင့်လှစ်လိုက်ပါတယ်၊ ကျောင်းကြီး (၉)ကျောင်းကပါ တစိတ်တဝမ်းတည်းပူးပေါင်းကြပြီး ယဉ်ကျေးမှုနှင့် ပညာရေးလုပ်ငန်းတွေကို ထိန်းသိမ်းဆောင်ရွက်ကြပါတယ်၊ မြန်မာပြည် မြောက်ပိုင်းမှာ တရုတ်ယဉ်ကျေးမှုနှင့် ပညာ


www.burmeseclassic.com

www.burmeseclassic.com



ရေးကဏ္ဍတွေ အညွန့်တလူလူနှင့် တနေ့တခြား ဖွံ့ဖြိုးတိုးတက်လာစေမှာ ဖြစ်ပါတယ်၊ ကနေ့ လားရှိုးယဉ်ကျေးမှုနှင့် ပညာရေးအဖွဲ့အစည်းထဲကို ကျောင်းပေါင်း (၄၀)ကျော် ဝင်ရောက်လာပြီး ဖြစ်တယ်၊ ကျောင်းသားဦးရေပေါင်း (၁၇,၀၀၀)ကျော် လာပါပြီ၊ မြန်မာတစ်နိုင်ငံလုံးမှာ သရုပ်ဆောင်းထားပါတယ်၊ မြန်မာပြည်မြောက်ပိုင်းက တရုတ်ဘာသာသင် ပညာရေးကမိုးရေစက်တွေရဲ့ နောက်တော်ပါးက မျှစ်စို့ကြီးတွေလိုပါပဲ၊ ဟိုနေရာသည်နေရာ အနှံ့အပြောက်အများ ပေါ်ထွက်လာနေပါပြီ၊ မြန်မာနိုင်ငံ နိုင်ငံရပ်ခြား တရုတ်အမျိုးသားတွေရဲ့ ယဉ်ကျေးမှုနှင့် ပညာရေးလုပ်ငန်းဆောင်တာကို တတပ်တအားနဲ့ ငွေကြေးတွေ ထည့်ဝင်ကူညီမှုတွေကလည်း တကယ့်ကို ကောင်းမြတ်သော အမှုအကျင့်တွေ ဖြစ်ချေလေပြီတကား။


❐



တရုတ် - မြန်မာ နယ်စပ်

www.burmeseclassic.com

www.burmeseclassic.com



မကွယ်လွန်မီ ရန်ကုန်မြို့နေအိမ်တွင်တွေ့ရသည့် လော်စစ်ဟန်



လော်စစ်ဟန်ကို စစ်အစိုးရ အခမ်းအနားတစ်ခုတွင် တွေ့ရစဉ်



ရန်ကုန်မြို့တွင်တွေ့ရသည့် လော်စစ်ဟန်၏ နောက်ဆုံးခရီး

www.burmeseclassic.com

www.burmeseclassic.com



ဘိန်းဘုရင်ဟုနာမည်ကြီးသော ခွန်ဆာ



ခွန်ဆာနှင့် သူ၏တပ်



ခွန်ဆာနှင့်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်တင်ထွတ်

www.burmeseclassic.com


www.burmeseclassic.com



ခွန်ဆာနှင့် သူ့ကိုထောက်ခံသူများ



ခွန်ဆာ အထိမ်းအမှတ်ရုပ်တု




ဘိန်းပြောင်းဖြင့် ဘိန်းရှုနေသူနှစ်ဦး



မြန်မာနိုင်ငံအတွင်းဝင်ရောက်လာသည့် တရုတ်တံဆိပ်နှင့် ဘိန်းဖြူများ

www.burmeseclassic.com

www.burmeseclassic.com




လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်ပွားမှုပြမြေပုံ

## ၈၂– ဟွမ်တို့မီ ပြောတဲ့ ဖုန်ကျားရှင်

ဗမာပြည်ကွန်မြူနစ်ပါတီ ဝါးအစည်း ပြိုကွဲခဲ့ပြီးတဲ့နောက် တရုတ်ပြည်က စာရေးဆရာမဟွမ်တို့မီဟာ ကြံတုန်းကြိုက်တုန်း ရွှေတြိဂံဆီ ထိုးဖောက်ဝင်ရောက်ခဲ့ပါတယ်။ ထိုးဖောက်မှုက တစ်ကြိမ်တည်း မဟုတ်ပါ။ အကြိမ်ကြိမ်ပါပဲ၊ သုံးနှစ်တာကာလအတွင်းမှာ အကြိမ်ပေါင်း ငါးကြိမ်ရှိပါတယ်၊ ရာဇဝတ်မှုတွေ ထူပြောလှတဲ့ ကမ္ဘာဖြစ်တာကြောင့် သူ့အစားကျော်ချမ်းကြပါတယ်၊ ရင်ဖိုကြတယ်၊ သူ့အစား စိုးရိမ်ပူပန်ကြတယ်။

ရွှေတြိဂံဆီ ထိုးဖောက်ဝင်ရောက်ပြီး စူးစမ်းဖော်ထုတ်တဲ့ ပထမဆုံးအမျိုးသမီး စာရေးဆရာမ ဖြစ်ပါတယ်၊ သူတွေ့မြင်ခဲ့ရသမျှတွေ၊ ကြားသိသမျှတွေကို မှတ်တမ်းတင်ထားပါတယ်၊ အခု သူ ကိုးကန့်ဆီရောက်စဉ်တုန်းက ဖုန်ကျားရှင်နဲ့ တွေ့ဆုံခဲ့တဲ့ အကြောင်းချင်းရာကို ဖော်ပြပါ့မယ်။

### ၁–(၈၂) ဖုန်ကျားရှင်ရဲ့ ဇာမဏီမြို့နှစ်မြို့

လောက်ကိုင်ဟာ ကိုးကန့်တို့ရဲ့ အချက်အချာမြို့တော် ဖြစ်တယ်၊ လောက်ကိုင်မှာ မြို့ဟောင်းမြို့သစ်ဆိုပြီး ရှိတယ်။

၁၉၉၅ ခုနှစ်နောက်ပိုင်း မြို့နှစ်မြို့ အပြင်ဘက်မှာ အဆောက်အအုံသစ်တွေ တစုတဝေးကြီး တည်ဆောက်လာကြတယ်၊ နောက်ထပ် မြို့အသစ်တစ်မြို့ ဖြစ်လာပါတယ်။

"ဇာမဏီနှစ်ဖော်မြို့"

www.burmeseclassic.com

www.burmeseclassic.com



မြို့ဟောင်းနှင့် မြို့သစ်ရဲ့ အမည်နာမတွေက လူတွေချိန်းဆိုစုဝေးပြီး နာမည်ပေးကင်ပွန်းတပ်စရာ မလိုဘဲ သူ့အလိုအလျောက်နဲ့ အမည်နာမအသစ်တစ်ခု ထွန်းပေါက်လာပါတယ်။ ဒါဟာ လူတစ်ဦးချင်း လိုက်ပါခေါ်တွင်တဲ့ အရောင်အသွေး လန်းဆန်းစိုပြေလှပလေတဲ့ မြို့အမည်နာမ ဖြစ်ပေါ်လာပါတယ်။

မြို့အဟောင်းမှာ လူဟောင်းကြီးတွေ နေထိုင်ကြတယ်၊ နောက်ပြီးတော့ မြင်းဝန်တင်ခေတ်ကာလတွေတုန်းက ကြွင်းကျန်ရစ်ခဲ့တဲ့ အိပ်မက်တွေရယ်၊ ဘုရားဘုံကျောင်းတွေ၊ အမွေးနံ့သာဆီမီးတိုင်ဟောင်းတွေရဲ့ အခြင်းအရာတွေလည်း ကျန်ရစ်နေဆဲပါ၊ မြို့အသစ်မှာက အာဏာစက်တွေ လျှမ်းလျှမ်းတောက်တဲ့ နေရာပါ၊ ဘာများလည်းဆိုရင် မြန်မာအစိုးရက ကိုးကန့်မှာ အခြေစိုက်တဲ့ ရုံးပြင်ကန္တားတစ်ခု ဖြစ်ပါတယ်။

အမှန်တကယ်တော့ ရုံးဆိုတဲ့ အမည်နာမသာ ရှိနှင့်ပြီး လက်တွေ့ဘာဆိုဘာမှ မရှိသေးတဲ့ ရင်ခွင်ပိုက် နို့စို့ကလေးလိုမျိုးသာ ဖြစ်ပါတယ်၊ နောက်တစ်ခုက ရှမ်းပြည်နယ် အထူးဒေသ (၁) အစိုးရဖုန်ကျားရှင် ဦးဆောင်တဲ့ ကိုးကန့်မဟာမိတ်တပ်က ဦးဆောင်ပါတယ်၊ လက်တွေ့ပိုင်းမှာ အာဏာရှိပါတယ်။

မြို့သစ်အပြင်ဘက် တစ်ကီလိုမီတာသာ အလှမ်းကွာဝေးတဲ့ ဖုန်းဆိုးမြေထက်မှာ ဝင်းခြံကြီးတစ်ခု တည်ဆောက်လိုက်တယ်၊ ကုန်သွယ်မှုလုပ်ငန်းခွင်တွေရှိတဲ့ လမ်းပါ၊ ဒါဟာဖြင့် ဗကပပြိုကွဲခဲ့တဲ့နောက် ဖုန်ကျားရှင်က ကိုယ့်ရဲ့ ကိုးကန့်ကို နှစ်ကြိမ်နှစ်ခါ စိုးမိုးအုပ်ချုပ်ခဲ့တဲ့ သရုပ်သကန်ဖြစ်နေပါတယ်၊ ဒါ့ကြောင့် 'ဓာမဏီနှစ်ဖော်မြို့' အမည်နာမပေးလိုက်ခြင်းဖြစ်တယ်။

ကုန်သည်လမ်းရဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေက သဘာဝကျောက်တုံးကျောက်ခဲကြီးတွေနဲ့ စီထပ်ထားတဲ့ အဆင့်မြင့်နံရံ ကိုင်တွယ်ထားပါတယ်၊ အများစုကဖြင့် ဖုန်မျိုးနွယ်စုတွေ ရင်းနှီးမြှုပ်နှံထားကြတာ ဖြစ်တယ်။

ငြိမ်းချမ်းရေး ရရှိတဲ့ တည်ဆောက်ရေးကာလ နှစ်တွေမှာ ဖုန်မျိုးနွယ်စုရဲ့ စီးပွားရေးအင်အားပမာဏက သူ့အလိုလို ပေါ်ထွန်းလာပါတယ်၊ နောက်မှ ပေါ်ထွန်းလာတဲ့ ရွှေကြာပင် 'ဓာမဏီမြို့' နှင့် မြို့ဟောင်းမြို့သစ်



တို့ဟာ မြို့သစ်ဈေးကွက်ရယ်၊ မြို့ဟောင်းဈေးကွက်ရယ် ဒါတွေက မြို့သူမြို့သားတို့ရဲ့ စိတ်နှလုံးသားကို ဆွဲဆောင်ထားချေလိမ့်မယ်လို့ ကြိုတင်တွက်ဆထားကြပါတယ်။

ကုန်သည်လမ်းမကြီးထိပ်က ဓာမဏီမြို့ရဲ့ ထိပ်လည်းဖြစ်ပါတယ်၊ မြို့ထိပ်(လမ်းထိပ်)အိမ်က ဖုန်ကျားရှင် တထီးတနန်း ဆောက်ထားတဲ့ နေအိမ်ဝင်းအသစ်ဖြစ်မယ့် လေးဆောင်တွဲတစ်ထပ်အိမ်ဝင်း ဖြစ်ပါတယ်၊ စည်းရိုးခြံဝင်း လုံးဝကာရံမထားပါ၊ လမ်းသွားလမ်းလာတို့က ရင်ခေါင်းလောက်သာမြင့်တဲ့ ပြတင်းပေါက်ကနေ အတွင်းဘက်ဆီ လှမ်းကြည့်ရုံလေးနဲ့ အိမ်ဝင်းအတွင်း ဘာလုပ်လို့ဘာကိုင်နေမှန်း အထင်းသား သိမြင်နိုင်ပါတယ်၊ အိမ်ဝင်းက စည်းရိုးခြံဝင်းကာရံခြင်း မရှိရုံတင် မဟုတ်သေးပါ၊ အဝင်ပေါက် တံခါးမကြီးရဲ့ မုခ်ဦးအဝင်တံခါးတောင် ရှိမနေပါ။

ဝင်းတစ်နေရာ ကိုယ်ရံတော်တပ်သားတို့ရဲ့ အိမ်တွေက စီတန်းဆောက်လုပ်ထားပါတယ်၊ တံခါးချပ်တိုင်းရဲ့ တံခါးရွက်တို့က အလယ်ဘက်ဆီမှာ ဖောက်ထားကြပါတယ်၊ အချိန်မရွေး ရင်ဆိုင်တိုက်ခိုက်နိုင်အောင် လုပ်ထားတာဖြစ်တယ်၊ ထောင့်မှန်ဆက်စပ်နေတဲ့ တစ်ဖက်မှာ စကြံလမ်းတစ်ဝက် လုပ်ထားပါတယ်၊ တစ်ဝက်မှာက ဆလွန်းကားငယ်လေးနှစ်စီး ထားနိုင်လောက်တဲ့ ကားဂိုဒေါင်ဖြစ်တယ်၊ ဂိုဒေါင်တံခါးက ရှိမနေပြန်ပါ။

ကားစက်နှိုးထားတဲ့ အသံကို ကြားနေရတယ်၊ ကားဟာ ခေါင်းလှည့်လိုက်ရုံလေးနဲ့ ဂူးခနဲ မောင်းထွက်သွားနိုင်ပါတယ်၊ ရေပြင်ဆိပ်ကမ်းကွေ့ကလေးက ဆိုက်ကပ်ထားတဲ့ လှေသမ္ဗန်တွေအတိုင်းပါပဲ၊ ရေလှိုင်းဂယက်တို့၊ လှေသင်္ဘောတို့ရဲ့ နောက်ဘက်ဆီက ကျန်ရစ်ခဲ့ပါတယ်၊ ခုလိုပြင်ဆင်ထားမှုက ခံစစ်ရော တိုက်စစ်ပါ အားကောင်းလှတဲ့အသွင်ပါ၊ အိမ်ခေါင်မိုးက သွပ်ပြားမိုးထားပါတယ်၊ ဖုန်ကျားရှင်ရဲ့ ဒီဟန်ပန်က လောက်ကိုင်ရဲ့ ရိုးရိုးသာမန်လို အဖြစ်ဆုံး အရှိဆုံး အဆောက်အအုံ ဖြစ်တယ်။

မနက်ပိုင်းတုန်းက စာရေးသူ(ဟွမ်တို့မီ)တို့ရဲ့ မော်တော်ကားက တောင်ပူစာအောက်ခြေက လမ်းမကြီးအတိုင်း မောင်းလာပါတယ်၊ ကွေ့တစ်ကွေ့ကို ချိုးကွေ့လိုက်တယ်၊ 'ဓာမဏီဦးခေါင်း' ဆီ မောင်းဝင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သက်တော်စောင့်တွေနေတဲ့ အိမ်တံခါးရှေ့မှာ ကားကိုရပ်ထားလိုက်တယ်၊ ကားပေါ်က ဆင်းလိုက်ပြီးနောက် စာရေးသူတို့ရဲ့ ဓားစာခံက စာရေးသူတို့ကို ကဲ့ရဲ့စန်းခရိုင်မှူး ကျန်းကျင့်ရူးဆီ ခေါ်ဆောင်သွားပါတယ်။

သုံးခန်းတွဲ တန်းပြီးဆောက်လုပ်ထားတဲ့ တစ်ထပ်တိုက်ပုလေးတွေရဲ့ အိမ်တံခါးပေါက်တွေ ဖွင့်လို့ထားပါတယ်၊ အိမ်ထဲဝင်ကြည့်လိုက်ပါတယ်၊ အစောင့်တပ်သားတစ်ယောက်တလေကိုတောင် မတွေ့ရပါ၊ ဝင်းရဲ့အပြင်ဘက်မှာလည်း ကင်းအစောင့်ချထားတာ မတွေ့ရပါ၊ ချပ်ဝတ်တန်ဆာ အပြည့်အစုံ ဝတ်ဆင်ထားပြီး သေနတ်လက်နက် အပြည့်အစုံ တပ်ဆင်ထားတဲ့ ထိတ်လန့်ချောက်ချားစရာ အသွင်အပြင် ဘာတစ်ခုမှ မရှိပါ၊ မျက်စိရှေ့မှာက ဘာလုံခြုံရေးအစောင့်အကြပ်မှ မရှိတဲ့ ပေါ့လျော့တဲ့အသွင်သဏ္ဌာန်သာ ရှိနေပါတယ်၊ ရိုးရိုးသာမန်အရပ်သူအရပ်သား ရပ်ကွက်ထဲရောက်ရှိနေတဲ့အတိုင်းပါပဲ။

တင်းကျပ်မှု အသွင်ကင်းမဲ့လေ စာရေးသူတို့အုပ်စု ပိုလို့တောင် စိုးတထိတ်ထိတ်ဖြစ်လေပါ၊ ခြေလှမ်းတွေ ရှေ့ကို တိုးတိုးလာလိုက် ကြောက်စိတ်တွေကပါ အရှိန်တိုးတိုးလာပါတယ်၊ စာရေးသူတို့ ဘယ်လိုတွေးကြောက်နေသလဲဆိုတော့ ဘယ်လိုမှ ကြိုတင် တွက်ချက်ထားလို့ မရနိုင်တဲ့ ယန္တရားဂိတ်တွေ၊ လျှို့ဝှက်နက်ရှိုင်းတဲ့ လုံခြုံရေး အစီအမံတွေ ရှိကောင်းရှိချေမယ်လေဆိုတဲ့ တွေးပူစိတ်တွေပေါ့၊ စိုးရိမ်စိတ်က ကြာလေ ပိုပြီး လွန်ကဲလာလေဖြစ်လာတယ်၊ အလိုလိုနေရင်းက တကယ့်ကိုပဲ ထောင်ချောက်ထဲ သက်ဆင်းမိနေသလို ခြေမကိုင်မိလက်မကိုင်မိ ဖြစ်ပြီး ဘာဆက်လုပ်ရမှန်း မသိတော့ပါ။ အသင့် ယူဆောင်လာတဲ့ လက်ဆောင်ပစ္စည်းကိုသာ ဟိုပွတ်ဒီသပ်နဲ့ လုပ်နေမိတယ်၊ စိတ်အိုက်အိုက်နဲ့ အစောင့်အိမ်ခန်းရှေ့က ရွှံ့မြေပေါ်မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေလိုက်တယ်၊ ပါလာတဲ့ လက်ဆောင်အထုပ်ကို ကြိုးဖြည်လိုက်၊ ပြန်ချည်လိုက်နဲ့ လှုပ်ရှားနေတဲ့ စိတ်ကို ကြိုးစားထိန်းထားနေရတယ်၊ စာရေးသူတို့ ထောင်ချောက်အတွင်း သက်ဆင်းမိနေပြီလို့ တွေးထင်မိကြတယ်၊ ကိုယ့်ဟာကိုယ် လွတ်လပ်မှုတွေ ကင်းမဲ့သွားပါတယ်၊ ဒါပေမဲ့ စာရေးသူတို့ကို ဘယ်သူက ဘယ်လိုဟာနဲ့ ထိန်းချုပ်ထားတယ်ဆိုတာကိုတော့ စဉ်းစားဝေခွဲလို့ မရပါ၊ အသွင်သဏ္ဌာန် ထုထည် ကင်းမဲ့တဲ့



အင်အားစုကြီးတွေက စာရေးသူတို့ကို ဝိုင်းထားနေတယ်ရယ်လို့ ခံစားနေရပါတယ်၊ အားလုံး စကားစမြည် တခွန်းတလေတောင် မပြောမဆိုကြပါ၊ ဒါပေမဲ့ တစ်ယောက်မျက်လုံးတစ်ယောက် ခိုးခိုးကြည့်ပြီး အကဲခတ်နေကြတယ်၊ ကိုယ်စီကိုယ်စီရဲ့ မျက်လုံးတွေထဲမှာ ဘာကိုမှန်း ဖော်မပြနိုင်တဲ့ ပဟေဠိမေးခွန်းတွေ ပေါ်နေမှန်း အကဲခတ်မိကြတယ်။

ခြံဝင်းကြီးထဲ ရောက်သွားပါပြီ၊ ရုပ်ရှင်ထဲကလိုမျိုး သေနတ်ကိုင်အစောင့်တွေ တင်းတင်းကျပ်ကျပ် ချထားတာမျိုး မတွေ့ရပါ၊ ကျွန်မတို့စိတ်လိုစိတ်ရအတိုင်း သွားလာပြောဆိုလို့ ရနေပါတယ်၊ အားလုံး ပေါ့ပါးဖျတ်လတ်သွားတယ်၊ စောစောက ကိုယ့်ဖာသာ တွေးထင်ထားတဲ့ ကြောင့်ကျဗျာပါဒတွေ နိဂုံးချုပ် ပျောက်ကွယ်သွားပါပြီ။

ကျွန်မတို့အားလုံး စိတ်လက်ပေါ့ပါးသွားခိုက်မှာပဲ ရှေ့ဘက်အလယ်ဗဟိုချက်မအကျဆုံး ခန်းမထဲက လူအုပ်ဆီ ဦးတည်လျှောက်လာကြတယ်၊ သူတို့ထဲက လူတစ်ယောက်က အဖြူရောင်ရုပ်အင်္ကျီ ဝတ်ထားပါတယ်၊ အင်္ကျီအောက်ဘက်ပိုင်းက ဘောင်းဘီထဲ ထိုးထည့်ထားပါတယ်၊ လက်ဖက်ရည်ကြမ်းအရောင် မျက်မှန်တပ်ထားပါတယ်။ အနက်ရောင်ဆံပင်ကို နောက်ဘက်လှန်ဖြီးထားတာက တစ်မျိုးတစ်ဘာသာ ဆန်းပြားနေပါတယ်၊ အသားအရေက မည်းနက်တဲ့ဘက် ယိမ်းနေတယ်၊ ကိုယ်ထည်က ခပ်ပိန်ပိန်ရယ်၊ ကျွန်မတို့ကို လာကြိုတဲ့ လူအုပ်အလယ်ကနေ လျှောက်လာကြတယ်၊ သူ့ကိုဝိုင်းအုံထားတဲ့လူတွေထက် သူ့အရပ်က နည်းနည်းလေး ပုနေတယ်၊ ဝတ်စားထားတာက ရိုးရိုးသာမန်ကလေးရယ်၊ ဗိုလ်ုင်းအုပ်ထဲက ကျေးတစ်ကောင်လို သိသာထင်ရှားနေပါတယ်။

အပြင်ပုံပန်းသဏ္ဌာန်က ဘာထူးခြားချက်တစ်ခုမှ မရှိပါ၊ ဒါပေမဲ့ သူ့ကိုယ်ကနေ ရောင်စဉ်တန်းတွေ ထွက်လာနေသလိုလို ခံစားရပါတယ်၊ မမြင်ရတဲ့ ရောင်စဉ်တွေက ကျွန်မတို့ရဲ့ အမြင်အားကို ညှို့ယူဆွဲဆောင်ထားလိုက် ပျောက်ကွယ်သွားလိုက် ဖြစ်နေပါတယ်၊ အလင်းတန်းအားမြူတိမ်အလား ပျောက်ချည်ပေါ်ချည် ဖြစ်နေပါတယ်။

သူ့ရဲ့ ပေါ်ထွက်လာမှုက ကြည့်မယ့်သူတိုင်း အလင်းများကန့်ထဲမှာ ကိန်းဝပ်နေပြီး ကျန်လူသူအားလုံး မှိန်ပျပျတွေ ဖြစ်ကုန်ကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ထူးခြားမှုတစ်ရပ်ပေါ့ရှင်၊ ဒီလိုမှမဟုတ်လည်း 'ဘုရင်ဇကရာဇ်' တို့ရဲ့ ထွက်သက်ဝင်သက်ကနေ ဖြစ်စေပျက်စေတာမျိုး ဖြစ်များဖြစ်နေမလား မသိရပါ။

ကျွန်မတို့ ရမ်းသမ်းပြီး မှတ်ချက်ချလိုက်တယ်၊

သူ··· ဖုန်ကျားရှင် ဖြစ်ရမယ်၊

ကျွန်မတို့ သူတို့ဘက် ရှေ့ဆက်တိုးသွားလိုက်တယ်၊ လက်ဆွဲနှုတ်ဆက်လိုက်တယ်၊ သံလိုက်ဓာတ်ဆွဲငင်အားဖြင့် ဖမ်းယူဆုပ်ကိုင်ထားခြင်းခံလိုက်ရသလိုပါပဲ၊ စောစောက လုံခြုံစိတ်ချရမှု မရှိဘူးဆိုတဲ့ ကြောက်ရွံ့စိတ်တွေ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားပါတယ်။

ကွန်ကရစ်လှေကားထစ်တွေကို နင်းပြုပြီး စင်ပေါ်ကို ရောက်လာကြပါတယ်၊ ဧည့်ခန်းမ အဆောင်ကြီးထဲဆီ တန်းဝင်သွားပါတယ်၊ တံခါးဝရဲ့ တဘက်မှာ စားပွဲခုံတစ်လုံး ချထားပါတယ်၊ ခုံပေါ်မှာ တယ်လီဖုန်းနှစ်လုံး တင်ထားပါတယ်၊ ယူနန်ပြည်နယ် တယ်လီဖုန်းနံပါတ်စာအုပ် တစ်အုပ် ချထားပါတယ်၊ ပုံစံကတော့ အချိန်မရွေး လှန်လှောရှာနိုင်အောင် ဖြစ်ပါလိမ့်မယ်၊ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ရုံနဲ့ ထင်းခနဲ သိသာထင်ရှားနေပါတယ်၊ ဒီတယ်လီဖုန်းတွေနဲ့ ယူနန်ပြည်နယ်နဲ့က အချိတ်အဆက်မိနေတယ်ဆိုတဲ့ သရုပ်သကန်ပါပဲ။

## ၂–(ဈ) ဖုန်ကျားရှင်ရဲ့ ပုံပန်းသဏ္ဌာန်

ကျွန်မတို့အခန်းထဲ ဝင်လိုက်ပါတယ်၊ အခန်းရဲ့ သုံးဘက်မှာက နံရံနဲ့ တန်းပြီး ကျွန်းသားထိုင်ခုံတွေ ချထားပါတယ်၊ နံရံပေါ်မှာ ဘာတစ်ခုမှ ချိတ်ဆွဲမထားပါ။

ဖုန်ကျားရှင်နှင့် လိုက်ပါပြီး ကျွန်မတို့ လာကြိုတဲ့သူတွေ တံခါးအပြင်ဘက်မှာ နေကျန်ရစ်ခဲ့ကြတယ်၊ သူတို့ဘက်က ဖုန်ကျားရှင်တစ်ဦးတည်းသာ ကျန်ရစ်ခဲ့ကြတယ်၊ ကျွန်မတို့လူတွေ နေရာပြုပြီး ထိုင်လိုက်ကြတယ်၊ ကျွန်မတို့သွားကြသူတွေက အများစု ဖုန်ကျားရှင်ဗေဒါက တစ်ပင်တည်း၊ ကျွန်မတို့ လူက များတော့ အင်အားရှိတာပေါ့၊ လူအားများတာကြောင့်လည်း စောစောက စိုးရိမ်ကြောက်ရွံ့မှုတွေ များများစားစား လွင့်ပါးပျောက်ကွယ်သွားပါပြီ။



တံခါးရဲ့ ခပ်စွေစွေထောင့်က ခုံပေါ်မှာ လက်ဖက်ရည်ပွဲ ကျွန်းသစ်လင်ပန်း တင်ထားပါတယ်၊ အတော်အဆင့်မြင့်တဲ့ တရုတ်ပြည်လုပ် ကြွေပန်းအိုးကြီးထဲမှာ ဥဒေါင်းတောင်တွေ ထိုးစိုက်ထားပါတယ်၊ ကျွန်မ မြင်တွေ့ခဲ့ဖူးတဲ့ ဒေါင်းတောင်တွေထဲမှာ ဒါဟာ အကြီးဆုံးဒေါင်းတောင် ဖြစ်နေပါတယ်၊ ကျွန်မ ဆက်စပ်တွေးကြည့်မိတယ်၊ ဒေါင်းမင်းဘုရင်ကြီးမှသာ ကြီးမားပြန့်ကားတဲ့ ဒေါင်းတောင်တွေ ရှိလိမ့်မယ်၊ ဒီဥဒေါင်းကြီးသာ သူ့ရဲ့ ဒီအတောင်ကို ဖြန့်ကားပြလိုက်ရင် အားပါး ဘယ့်လောက်များ ကြည့်လို့ကောင်းလိုက်မလဲရှင်၊ အရှင်သခင် ဘုရင်မင်းမြတ်တို့ရဲ့ ဘုန်းတန်ခိုး အာနုဘော်များ တယ်ပြီး ကြီးကျယ်ခမ်းနားလှပါတကား။

တစ်စုံတစ်ဦးက ဒေါင်းမင်းဘုရင်မြတ်ရဲ့ ဖင်ပိုင်းကျောနောက်ကွယ်ရာမှာ ရှိနေပါတယ်၊ ကြီးမားပြန့်ကားတဲ့ ဒေါင်းတောင်တွေက အကြင်ထိုသူကို လုံလုံခြုံခြုံ ဖုံးကွယ်ထားပါတယ်၊ ဒီလိုအနေအထားမျိုးမှာ ဝမ်းတွင်းကျိတ် ကြံစည်ထားတဲ့သူတစ်ယောက်က သူ့အိတ်ကတ်ထဲမှာ မှတ်စုစာအုပ်က အရံသင့် ရှိနေပါတယ်၊ မှတ်စုစာအုပ် အသင့်ပြင်ထားသူရဲ့ မျက်စိရှေ့မှောက်မှာ ဒေါင်းတောင်နောက်ဘက်က ကွယ်ရာမှာ ရှိနေတဲ့သူကို ထင်းခနဲ တွေ့ရှိနေပါတယ်၊ သူပါ ရောယောင်ထိုင်ချလိုက်ပြီး အပြင်ဘက်ဆီ ခိုးခိုး ကြည့်လိုက်လေတယ်။

ခြောက်ဆယ်ပြည့်ပြီး (ငါး)သို့ပင် ဆိုက်ရောက်လာတဲ့ ဖုန်ကျားရှင်ဟာ ခရိုင်ဝန် ကျန်းကျင့်ဝူးနှင့် ယှဉ်ပြီး ထိုင်လိုက်တယ်၊ အိမ်တစ်ခန်းလုံးပြည့်နှက်နေတဲ့ တရုတ်ပြည်ဘက်ကလာတဲ့ ဧည့်သည်တွေနဲ့ ရယ်ကာမောကာ တွေ့ဆုံပြောဆိုလေတယ်၊ အင်မတန်ကို ချစ်ခင်ရင်းနှီးလှတဲ့ ပုံစံပါပဲ။

ဖုန့်အသံက နည်းနည်း ပြာတယ်။ ပြောဟန်ဆိုဟန်က တောခလေ့ဆန်နေတယ်၊ စကားလုံးတွေက အကြွားပိုဟန်ပေါက်နေတယ်၊ သူ့နဲ့ စကားပြောဖော်တွေနဲ့ ပြောဆိုတာမှာ စိတ်လွတ်ကိုယ်လွတ်ကို ပြောဆိုကြတဲ့ပုံပါ၊ သူက ဒီလောက် ပျူငှာပွင့်လင်းလေ ပြောဘက်တွေမှာတော့ အနေကျုံ့လေဖြစ်နေရတယ်၊ အထူးသဖြင့် အရယ်အသော အပြုံးဆင်ပြီး ပြောဆိုလိုက်တဲ့အခါမျိုးမှာပေါ့၊ ဖြူဆင်းနေတဲ့ သွားတန်းလေးတွေ ထင်းခနဲ ပေါ်လာတယ်၊ ဒါဟာ သူ့ရဲ့ ဖြူစင်ရိုးသားမှု၊ ဟန်ဆောင်မှုကင်းမဲ့မှုဆိုတဲ့ ဂုဏ်အင်္ဂါတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို လှစ်ဟာဖော်ညွှန်းပြလိုက်သလိုပါပဲ၊ ဒီတော့ မူလအစက ခိုအောင်းနေတဲ့ ကျွန်မတို့ရဲ့ စိုးရိမ်ပူပန်စိတ်တွေ ပိုလို့သာ ပေါ့ပေါ့ပါးပါး ဖြစ်ကုန်ပါတယ်။

ကျွန်မတို့အဖို့ ကြံရွယ်မတွေးဆနိုင်ဆုံးသော အကြောင်းကိစ္စက ပေါ်ပေါက်လာပါတယ်၊ ခရိုင်ဝန်ကျန်းကျင့်ရူး ဒဲ့ဒိုးကြီး တင်ပြလိုက်တဲ့ အချက်ကြီးပါ၊ ဒါကို ဖုန်ကျားရှင်က ဘာမှအမှုမထားသလိုမျိုး ရှင်းလင်းပြောပြပါတယ်၊ သူ့ရှင်းချက်စကားက အရှောင်အတိမ်း၊ အဝေ့အဝိုက် ဘာတစ်ခုမှ ပရိယာယ် စွက်ဖက်မထားပါ၊ အရှိကိုအရှိအတိုင်း ဘွင်းဘွင်းကြီးကို ဖွင့်ချပြလိုက်တယ်။

မူးယစ်ဆေးဝါးက ပြဿနာရပ်ကြီးပါ၊ နောက်ပြီး သူ့နဲ့ ကင်းကင်းရှင်းရှင်းလိုမျိုး မဟုတ်ပါ၊ သူထိန်းချုပ်ကိုင်တွယ်တဲ့ ပိုင်နက်နယ်မြေထဲမှာ ပေါ်ပီနှင့် ဟီးရိုးအင်းပြဿနာရပ်ကြီးတွေ ဖြစ်တယ်။

ဒီပြဿရပ်က ကျွန်မတို့ ဒီနယ်မြေထဲ ဝင်ရောက်လာခြင်း မရှိခင်ကတည်းက တစိုးတစိလေးမှ ထိဝံ့တို့ဝံ့တဲ့အကြောင်းကိစ္စ မဟုတ်ပါ၊ ဘယ့်နှယ့်လုပ်ပြီး 'ကျားခံတွင်းက သွားကိုနှုတ်ယူ' ရမှာလဲ၊ ခု ဖုန်ကျားရှင်နှုတ်ဖျားကနေ ရွှေတြိဂံရဲ့ အရေးပါအရာရောက်ဆုံးတွေကို နားနဲ့ ဆတ်ဆတ်ကြားရချေပြီကော။

ပြဿနာရပ်ရဲ့ တိုးတက်လာမှုက စုန်းကဝေ၊ နတ်ဒေဝါတွေ ဖမ်းစားစေခိုင်းသလိုမျိုး အံ့မခန်းစရာတွေပါ၊ ကြိုတင်မှန်းဆချက်နဲ့က တက်တက်စင် လွဲချော်နေပါတယ်။

ဖုန်ကျားရှင်နဲ့ တွေ့ဆုံဆွေးနွေးမှုက ကျွန်မတို့အားလုံးရဲ့ စိတ်ထဲမှာ သူဟာ လုံခြုံရေးအကာအကွယ် ဘာတစ်ခုမှ မထားရှိဘဲ ကျွန်မတို့နှင့် တွေ့ဆုံတာဖြစ်လေခြင်းလို့ ကျွန်မတို့ စိတ်အာရုံထဲမှာ စွဲစွဲမြဲမြဲ ထင်ဟပ်ကျန်ရစ်ခဲ့ပါတယ်။ တကယ့်ကို မိတ်ဆွေပေါင်းသင်းအရင်းအချာတို့နဲ့ တွေ့ဆုံလေခြင်းရယ်လို့ အခိုင်အမာ ထင်ဟပ်ကျန်ရစ်ခဲ့ပါတယ်၊ ဒီဖြစ်အင်ကို ကျွန်မ ဘယ်တော့မှာ မေ့ပျောက်လိမ့်မယ် မဟုတ်ပါ၊ အသက်ရဲ့ ဘေးအန္တရာယ်ဆိုတာ ခေါင်းထဲက ပျောက်ကွယ်သွားပါတယ်။

သူ့ရဲ့ အလိုလိုက် အကြိုက်ဆောင်မှုကို ထိတွေ့ မြင်သိရတဲ့ ကျွန်မက



အလိုက်ကန်းဆိုးမသိ ရဲရဲဝံ့ဝံ့နှင့် တစ်ခုတော့ တောင်းဆိုလိုက်ပါတယ်၊ ဘာများလည်းဆိုတော့ သူ့နှင့် တွေ့ဆုံပြောကြားကြတဲ့ စကားတွေကို စာလုံးအသွင် ပြောင်းလဲပစ်ပြီး မှတ်တမ်းမှတ်ရာအဖြစ် မှတ်သားခွင့်ကို ခွင့်ပန်တောင်းဆိုလိုက်တယ်၊ နောက်ပြီး မှတ်တမ်းမှတ်ရာတွေကို ပြန်လည်ခင်းကျင်းပြီး ကိုးကန့်မူးယစ်ဆေးပြဿနာရပ်နဲ့ သက်ဆိုင်တဲ့ ဆောင်းပါးမှာ သူ့ကို လက်မှတ်ရေးထိုးခိုင်းပါတယ်၊ ဒါလည်းပဲ ဖုန်ကျားရှင် သဘောတူလက်ခံပါတယ်၊ သူကတောင် အဲ့သလို လုပ်ကိုင်သင့်ကြောင်း ပြန်တောင် အကြံပြု တိုက်တွန်းလိုက်ပြန်ပါသေးတယ်။

အလို… မြတ်စွာဘုရား… ကျွန်မ အံ့အားသင့်လွန်းလို့ ဘုရားတောင်တမိတယ်၊ မိုးမြေတို့ တစ်ခုပြီးတစ်ခု ပြုတ်ကျသွားသလို ဖြစ်နေတယ်၊ မှတ်စုစာအုပ်က ကျွန်မရဲ့ အရှင်သခင်လို ဖြစ်သွားပါတယ်၊ သူက နေ သူ့ရဲ့ကျေးကျွန်ကို နက်ရှိုင်းတဲ့ ချောက်ကမ်းပါးထဲ တွန်းချနေပါတယ်၊ ဒါမှမဟုတ်လည်းပဲ မဲဇာတောင်ခြေဆီ အတွင်သာ တွန်းပို့နေပါတယ်၊ ကျွန်မဆိုတဲ့ ကျွန်မကလည်း လိုလိုလားလားပဲ ချောက်အချခံ၊ အတွန်းခံလိုက်ပါတယ်၊ ဒီတော့လည်း ကျွန်မရဲ့ ခေါင်းမာမှုကို အောင်ပွဲခံလိုက်ရတဲ့အတွက် ခေါင်းတောင်မှ မူးတူးကုန်ပါလေရော။

## ၃-(ဈ) ဖုန်ရဲ့ ညေ့ခံညစာစားပွဲ

ညနေခင်း၊ ဝင်းကြီးရဲ့ အရိပ်ကောင်းကောင်း အေးမြတဲ့ နေရာမှာ စားပွဲစုံ အကြီးတစ်လုံးနဲ့ အသေးတစ်လုံး ချထားပါတယ်၊ စားပွဲခုံပေါ်မှာ စားကောင်းသောက်ဖွယ် ထမင်းဟင်းလျာတွေကို ပြင်ဆင်ထားပါတယ်၊

ဖုန်ကျားရှင်နဲ့ ဧည့်သည်တွေက စားပွဲခုံကြီးမှာ ထိုင်ကြပါတယ်၊ စားပွဲခုံငယ်မှာက အမျိုးသမီးဦးရေက ပိုများနေတယ်၊ နောက်တော့မှ သိရပါတယ်၊ စားပွဲခုံငယ်လေးမှာ ဖုန်ရဲ့ဇနီးတစ်ယောက် ပါရှိနေပါသတဲ့၊ ဇနီးသည်နှင့် ဖုန်ရဲ့အသက်ချင်းက မိုးနဲ့မြေတမျှ တအားကို ကွာခြားနေပါတယ်။ ဒါ့ကြောင့်လည်း ကျွန်မတို့ သတိမထားမိခြင်း ဖြစ်ပါတယ်၊ နောက်တစ်ချက်ကလည်း ဖုန်ဟာ သူ့ရဲ့ ချစ်ဇနီးငယ်လေးနှင့် ကျွန်မတို့ကို မိတ်ဆက်ပေးမှု မရှိတာလည်း ပါပါသေးတယ်၊ အဲဒီချစ်ဇနီးငယ်လေးကပါ ဧည့်သည်ဖြစ်တဲ့ ကျွန်မတို့ကို နှုတ်ဆက်ခြင်းမျိုး မပြုလုပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲခုံနှစ်ခုံ အတန်အသင့် အလှမ်းဝေးပါတယ်၊ အပေါ်ယံကြောက ကြည့်လိုက်ရင်တော့ ဘာဆက်သွယ်မှုမျိုးမှ မရှိသလိုပါပဲ၊ ဘာနဲ့သွားတူနေသလဲဆိုရင် စားသောက်ဆိုင်ထဲက စားပွဲခုံတွေလိုပါပဲ၊ နီးကပ်နေပေမယ့် သိကျွမ်းခြင်းက မရှိပါ။

စားပွဲခုံပေါ်က ထမင်းဟင်းထည့်တဲ့ ပန်းကန်လုံး၊ ပန်းကန်ပြားတွေအားလုံး အဟောင်းတွေချည်း ဖြစ်တယ်၊ ဟင်းလျာဆိုတာကလည်း လတ်ဆတ်တဲ့ အသားတို့၊ ဟင်းရွက်တို့ဖြင့် ချက်ပြုတ်ထားတာမျိုး မဟုတ်ပါ၊ ဆားနယ်ပြု အခြောက်လှမ်းထားတဲ့ အသားခြောက်တို့၊ မုန့်ညင်းချဉ် အစရှိတဲ့ အမျိုးအစားတွေနဲ့ ချက်တဲ့ဟင်းလျာတွေ ဖြစ်ကြတယ်၊ ဖုန်ကျားရှင်နှုတ်ဖျားက ပြောထွက်လာတဲ့ စကားမှာက

"စားစရာတွေအားလုံး တရုတ်ပြည်ဘက် သွားဝယ်ရတာဗျ"

အဲသလို သူ့ပြောစကားထဲကနေ ကျွန်မတို့ မူလဇစ်မြစ်ကို သိလိုက်ရတယ်၊ စားပွဲဆိုပေမယ့် အရက်ဆိုလို့ တစ်ခွက်တစ်ဖလားမှ မပါပါ၊ ဘယ့်နှယ်လုပ်ပြီး ဧည့်ခံစားပွဲဝိုင်းရယ်လို့ ခေါ်ရမှာလဲ၊ နောက်ပိုင်းမှာ ဒီအကြောင်းစကားစပ်မိလို့ ပြန်ပြောလေ့ရှိပါတယ်၊ ဒီစကားမျိုးကို ဟောဒီကလူတွေကို ကျွန်မတို့ ပြန်လည် ပြောပြလိုက်တဲ့အခါမှာ သူတို့ဆီက တစ်လေသံတည်း ကျွန်မတို့ကို ပြန်ပြောပြကြပါတယ်။

"ခင်ဗျားတို့ကို တကယ့်စားပွဲနဲ့ တကူးတက ဧည့်ခံတာ၊ တကယ့်ကို အဟုတ်အမှန်ပါဗျ၊ ဖုန်ကျားရှင် စားနေကျ ထမင်းဝိုင်းဟာ ဘာတစ်ခုမှ ထူးထူးထွေထွေ မရှိဘူးနော်၊ လူသာမန်တွေ စားကြသလိုမျိုးပဲ စားတာဗျ"

ဖုန်ကျားရှင် ထမင်းပန်းကန်လုံးနှင့် တူကို ကောက်ကိုင်လိုက်တယ်၊ အသံတိုးတိုးလေးနဲ့ သူ့နံဘေးက ဧည့်သည်တွေကို စားခိုင်းလိုက်တယ်၊ စားပွဲဝိုင်းဟာ အားနာတာတို့ ဘာတို့တွေ ရှိမနေတော့ပါ၊ မိသားစုထမင်းဝိုင်း စတင်တဲ့အတိုင်းပါပဲ၊ စားပွဲနှစ်ဝိုင်းစလုံး အတော်လေး တိတ်ဆိတ်ငြိမ်သက်နေပါတယ်၊ အိမ်ရှင်ရယ်၊ ဧည့်သည်ရယ်လို့ ကတ္တားခြားမနေပါ၊ ဒါပေမဲ့ တစ်ဦးနှင့်တစ်ဦးက လေးစားမှုတွေ၊ ယဉ်ကျေးမှုတွေက အပြည့်ပါ။

ဖုန်ကျားရှင် ပထမဦးဆုံး ထမင်းပန်းကန်နဲ့ တူကို ချထားလိုက်တယ်၊ စားပွဲဝိုင်းက ထွက်ခွာသွားပါတယ်၊ အားလုံးကိုတော့ ဖြည်းဖြည်းချင်း သုံးဆောင်ကြဖို့ မှာကြားသွားပါတယ်၊ အိမ်ရှင်ကို ရိုင်းပြတဲ့ ပြုမူနေသလိုမျိုး ဖြစ်မိတယ်၊ ဖုန်ကျားရှင်ကို ဘာ့ကြောင့် စားသောက်တာ ဒါ့လောက် မြန်ရပါသလဲလို့ ဝိုင်းမေးကြတယ်။



"သြော်… သြော်၊ စစ်တိုက်ရာက ရလာတဲ့ အကျင့်ပေါ့ဗျာ"

ဖုန်က အရယ်အသွမ်းလေးနှောပြီး ဖြေလိုက်တယ်၊ ပြောအပြီးမှာ စားပွဲခန်းမက ထွက်လာပြီး ဧည့်ခန်းမထဲက ကြိမ်ကုလားထိုင်ခုံမှာ ထိုင်ပြီး ဆေးလိပ်သောက်နေပါတယ်၊ ဖိမ်ကျကျနဲ့ ကိုယ့်ကိုကျွေးပြီး စမတ်ကျကျထိုင်ပြီး ဆေးလိပ်ဖွာနေပုံက ဘာဟိတ်ဟန်တွေမှ မရှိဘဲ ရိုးရိုးသာမန်လူတစ်ယောက်အတိုင်းပါပဲ၊ စီးကရက်ထိပ်ဖျားက အပြာရောင်ဘက် နည်းနည်းပါးပါး ယိမ်းတဲ့ မီးခိုးငွေ့တွေ အဆက်မပြတ် သူ့ခေါင်းထက်ဆီဝေ့ဝိုက်တက်သွားပါတယ်။

## ၄–(ဈ) ဟွမ်တို့မီရဲ့ ရေးဖွဲ့ခဲ့တဲ့ ဖုန်ရဲ့ကေသာ

စီးကရက်မီးခိုး ဝေ့ဝိုက်ထိုးတက်သွားတဲ့ ဖုန်ကျားရှင် ဦးခေါင်းပိုင်းကို စာရေးဆရာမ ဟွမ်တို့မီ သတိထားကြည့်လိုက်ပါတယ်။

ဖုန်ကျားရှင် ပိတုန်းရောင် ဆံပင်ဟာ ကြည့်မိတဲ့သူကို ငေးငိုင်စေနိုင်ပါတယ်၊ အားကောင်းကောင်းနဲ့ နောက်ဖက်လှန်ပြီး ဖီးထားပါတယ်၊ ဘာနဲ့များ အလားသဏ္ဌာန် တူပါသလဲဆိုရင် ဒုန်းစိုင်းပြေးနေတဲ့ မြင်းထက်က ခန္ဓာကိုယ်တစ်ခုလုံး ပြားပြားဝပ်ထားပြီး ရန်သူကို ပစ်ခတ်နေတာနှင့် တစ်ပုံစံတည်းဖြစ်နေပါတယ်၊ လူနှင့်မြင်း တဖြောင့်တည်း ဖြစ်နေတဲ့အတိုင်းပါပဲ၊ တိုက်ပွဲ စစ်မြေပြင်တလင်းထက်မှာသာ လေအဟုန်က ဒီအသွင်မျိုးကို ဆောင်စေနိုင်သလို သူ့လိုလူရဲ့ အသွေးအသားကသာ သူ့ကို ဖန်တီးနိုင်ပေလိမ့်မယ်၊ ဘယ့်လောက် အဆင့်မြင့်ပါတယ် ဆိုတဲ့ ဆံသသမားတစ်ယောက်ကတောင် သူ့လို လေထန်တဲ့ ပုံစံမျိုးကို ဖန်တီးလို့ မရနိုင်ပါ၊ ထွားထွား[illegible]တုတ် နက်မှောင်တဲ့ သူ့ရဲ့ ဆံပင်အချောင်းတိုင်း အချောင်းတိုင်းမှာ [illegible]ယ်တွေကို တွေ့နိုင်ပါတယ်၊ တကယ်လို့များ သူ့ရဲ့ ကျော်ဇောတိ[illegible]မကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို အနည်းအကျဉ်းကလေးများ သတိထားနိုင်မယ်ဆိုရင် အံ့အားသင့်သွားမှာ မလွဲပါ၊ သူ့နဖူးပြင်ထက်က ထယ်သွားကြောင်းလို အရေးအတွန့်တွေက ဟောဒီဘက် ဆံစနားသယ်စပ်ကနေ ဟောဟိုဘက် နားသယ်စပ်အထိ ထင်းခနဲ လင်းခနဲ ဖြစ်နေပါတယ်၊ အရေးအကြောင်းတိုင်းက (၁) လက်မ လောက် နက်များနေမလား မသိရပါ၊ သူ့ရဲ့ မျက်ဝန်းထောင့်က အရေး အတွန့်ကလည်းပဲ ဝိုးတဝါးတား မဟုတ်ဘဲ အထင်အရှားပါပဲ၊ မျက်နှာ တစ်ခုလုံးက ကြောက်ရွံ့ခြင်းကင်းမဲ့ဟန်၊ လေဒဏ်၊ မိုးဒဏ် ဖန်တစ်ရာတေ ခံခဲ့ရလေတဲ့ လှိုမြောင်တွေလိုပါပဲ။ ထူထဲမည်းနက်တဲ့ မျက်ခုံးမွေးကို မို့မောက် တဲ့ နဖူးပြင်က အားကုန်ဖိထားပါတယ်၊ အဲဒီအောက်က မျက်လုံးတွေက ကြည်လင်တောက်ပနေပါတယ်၊ ဒါပေမဲ့ နှုတ်ခမ်းထောင့်စွန်းကနေ လေး ကိုင်းသဏ္ဌာန်နှုတ်ခမ်းနှစ်သွယ်က ဟန်ပါပါ မာန်အပြည့်နဲ့ နေရာယူထား ပါတယ်၊ မျက်နှာရဲ့ အောက်ဘက်ပိုင်း၊ နှုတ်ဖျားထွက်စကားတွေက အရင် အတိုင်းပဲ၊ ပြောင်းလဲပစ်မရပါ၊ ဘာနဲ့များ အလားတူသလဲဆိုရင် သေနတ် ကျည်ဆံဆိုတာမျိုးက လူလူသူသူကို အမှတ်သညာ မထားပါ၊ ဒီအချိန်အခါ မှာ သူ့ရဲ့ဟန်ပန်မူယာတွေ စီးကရက်မီးခိုးမှိုင်းငွေ့တွင်းမှာ သိမ်းဆည်းကာ ထားလိုက်ပါတယ်၊ စိတ်အစဉ်တစ်ခုလုံးကို ဆေးလိပ်တစ်လိပ်ရဲ့ မီးခိုးငွေ့ နတ်စည်းစိမ်ထဲမှာ ထမင်းလုံး စီနေလိုက်ပါတယ်။

ကြိမ်ကုလားထိုင်ခုံ ကပ်ရပ်ချထားတဲ့ နံရံက ညှော့ခန်းတံခါးနှင့် အနီရောင်ဖဲခန်းဆီ ချိတ်ထားတဲ့ အခန်းကြားမှာ တည်ရှိနေပါတယ်၊ အနီ ရောင်ဖဲခန်းဆီ ချိတ်ကာထားတဲ့ အခန်းက ဖုန်ကျားရှင်ဇနီးမောင်နှံရဲ့ အိပ် ခန်းပါ၊ နံရံမျက်နှာပြင်ထက်မှာ ကြောင်ကြောင်ကျားကျားတွေ ချိတ်ဆွဲ ထားပါတယ်၊ မှန်ဘောင်မှာက ဘိုးရာကျော်ပန်းချီကားချပ်က နေရာယူထား ပါတယ်၊ ပန်းချီကားချပ်ဘေးနှစ်ဘက်မှာ ဂုဏ်ပြုကဗျာစာတမ်း ရေးထိုး ထားပါတယ်။ နောက်မှန်ဘောင်မှာ တရုတ်စာလုံးချည်း ရေးဆွဲထားပါတယ်။ အရောင်က အနီရောင်စာလုံးပါ။ စာမှာက "မြင့်မိုရ်တောင်အလား၊ သက် တမ်းအခွန့်ရှည်ပါစေသား၊ ချမ်းသာသုခ၊ ကြွယ်ဝများပြား၊ အရှေ့ပင်လယ် အလား"



## ၅-(၅) ဘိန်းအကြောင်း ဖုန်ကျားရှင် နှုတ်ထွက်စကား

ဒီအကြောင်းပြောဖို့က အရင်ဆုံး ရန်ညီနောင်အကြောင်းကနေ အစ ချီမှဖြစ်မှာပါ။

ရန်ညီနောင်တွေဆိုတာက တရုတ်ပြည် 'ယဉ်ကျေးမှုတော်လှန်ရေး ကြီး'ကာလက ကိုးကန့်ဆီကို ဝင်ရောက်လာကြတဲ့ တရုတ်ပြည်သားတွေ ဖြစ်ပါတယ်၊ ဟိုးစောစောပိုင်းတုန်းက ဖုန်ကျားရှင် ပြောခဲ့ဖူးတာက ရန် မောက်လျံဟာ သူ့ရဲ့ 'မြင်းဇက်ကြိုးဆွဲတဲ့ ဇက်ကြိုးဆွဲသမား'တို့ရဲ့ ပုန်ကန်မှု ကို ဖုန်အောင်ပွဲ ခံလိုက်ပါတယ်။ ဒါပေမဲ့ ဝအဖွဲ့အစည်းအကြောင်းကိုတော့ ဖုန်ကျားရှင် တစ်လုံးတစ်ပါဒမှ ထုတ်ဖော်မပြောပါ။ ဒါပေမဲ့ 'မြင်းဇက် ကြိုးဆွဲသူ'အပေါ်ကိုတော့ စိတ်ဆိုးမပြေသေးပါ၊ ဒီလိုမျိုး ပြောပြပါတယ်။

"၁၉၈၈ ခုနှစ်၊ ကျုပ်က ကိုးကန့်တောင်ဘက်လမ်းကြောင်း မှာ ဗမာစစ်တပ်နဲ့ ဆုံးဖြတ်တိုက်ပွဲ တိုက်နေတာဗျ၊ ကျုပ်ရဲ့ မြင်း ဇက်ကြိုးဆွဲတဲ့ ရန်မောက်လျံက ဖျားနာတယ် အကြောင်းပြပြီး နောက်တန်းမှာ ချန်ရစ်ခဲ့တယ်၊ ထိုတုန်းက ကိုးကန့်ခရိုင် ကောင်စီ အတွင်းရေးမှူးယီက သူ့ကို အရက်ချက်စက်ရုံဆီ ခေါ်သွားလိုက် တယ်၊ ဘယ်ကလာ အရက်ချက်စက်ရုံ ရမှာလဲဗျာ၊ အမှန်တကယ်က နံ့ပါတ်(ဖိုး) ဟီးရိုးအင်းစက်ရုံဗျ"

ဒါဟာ ရန်မောက်လျံ နောက်ပိုင်းတွေမှာ ဖုန်ကျားရှင်ကို အာခံတဲ့ ရှေ့ပြေးနိမိတ်များ ဖြစ်ချေမယ်ဆိုတာ ပြောရခက်ပါတယ်၊ ဘာ့ကြောင့်ဆို ရင် ဗမာပြည်ကွန်မြူနစ်ပါတီ ပြည်သူ့တပ်မတော် အရှေ့မြောက်ပိုင်းစစ် ဒေသက ဘိန်းကုန်သွယ်မှုကို ရှေးဦးဆုံး လုပ်တာပါ၊ ဆက်လက်ပြီးလည်း အခြေစိုက်ဒေသတစ်ခုလုံးရဲ့ နယ်မြေတွေမှာ ဒီလိုအနေအထားကြီးတွေ ပေါ် ထွန်းလာပါတယ်၊ ဘိန်းကနေ အကျိုးအမြတ် သယ်ယူတဲ့ လုယက်ပွဲကြီးက လူသိရှင်ကြား ပေါ်ထွန်းလာပါတယ်၊ ကြီးပွားမှု ဖြစ်ထွန်းလာတဲ့ လူတစ် သုတ် ပေါ်ထွန်းလာပါတယ်၊ တစ်ဦးတစ်ယောက်ချင်းရဲ့ 'အထူးကုန်(ဘိန်း)' ရောင်းဝယ်မှုဝင်ငွေက ကိုင်းဘတ်ငွေ သန်းတစ်ရာကျော်အထက်မှာ ရှိနေ ပါတယ်၊ ယီဟာ တရုတ်ပြည်ဘက်ကနေ ဝရမ်းထုတ်ထားတဲ့ ဘိန်းရာဇာ ကြီး ဖြစ်သွားပါတယ်၊ နောက်ပိုင်းတော့ ယီ သေသွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အရက်ချက်စက်ရုံကိစ္စရပ်က လက်တွေ့ပိုင်းမှာ ဖုန်ကျားရှင်အတွက် စိတ်ညစ်ညူးဖွယ် အသစ်ဖြစ်လာပါတယ်။

"၁၉၈၈ခုနှစ်မတိုင်ခင်က ကျုပ်နံပါတ် (4) ဟီးရိုးအင်းကို မမြင်ဘူးသေးပါ၊ သူတို့နှစ်ယောက်သား နောက်တန်းမှာ 'အရက်ချက်ရုံ' လုပ်ကြတယ်၊ အဲဒီတော့မှ နံပါတ် (4) ဆိုတာ ဒါပါလား လို့ သိလိုက်ရတယ်"

ဒီစကားရပ်ထဲကနေ ဗကပဟာ နောက်ပိုင်းကာလတွေမှာ စည်းမဲ့ကမ်းမဲ့ ဖြစ်လာတာတွေ၊ အကျင့်ပျက်ခြစားတာတွေကို တွေ့မြင်လာရပါတယ်။ ကိုဦးဆောင်ပြီး ရှေ့တန်းစစ်မြေပြင်မှာ အသက်ပေးတိုက်နေကြသူက တိုက်နေချိန်မှာတပ် နောက်တန်းလူတွေက 'ဘုံလုပ်ငန်း' ဆိုင်းဘုတ် တင်ပြီး မိမိတို့ရဲ့ မူးယစ်ဆေးပြုပြင်မွမ်းမံမှုတွေကို အင်တိုက်အားတိုက် လုပ်နေကြပါတယ်။ အဲဒီလုပ်ငန်းကြီးထဲ အစုရှယ်ယာတွေ ထည့်ကြ၊ အမြတ်အစွန်းတွေ ခွဲဝေယူကြနဲ့ စမတ်ကိုကျနေကြတယ်။ 'ဘုံလုပ်ငန်း' ရဲ့ ငွေကြေးတွေဟာ မိမိတို့ရဲ့ 'အထူးကုန်' ရောင်းဝယ်မှုထဲ ပြေးဝင်သွားကြပါတယ်၊ ဗကပရဲ့ မူးယစ်ဆေး ပြုပြင်မွမ်းမံထုတ်လုပ်တဲ့ စက်ရုံက ယခင်နှစ်တွေက 'စိန်ဝါ' ကိုသာ မွမ်းမံထုတ်လုပ်ခဲ့တာပါ၊ ၁၉၈၆ ခုနှစ်ရောက်တော့မှ ပထမဦးဆုံး ဟီးရိုးအင်း မွမ်းမံထုတ်လုပ်တဲ့ အလုပ်ရုံ ပေါ်ပေါက်လာပါတယ်၊ အဲဒီ မွမ်းမံထုတ်လုပ်တဲ့ အလုပ်ရုံ စတင်ဖွင့်လှစ်သူဟာ ထိုစဉ်ကာလတုန်းက ဗကပထဲမှာ အတော်ဆုံး၊ အထက်ဆုံးသူ တစ်ယောက်လို့ သတ်မှတ်လိုက်ပါတယ်။

ဖုန်က ပြောပါသေးတယ်...

"၁၉၈၈ ခုနှစ်ကနေ ၁၉၉၃ခုနှစ်ကြား ကမ္ဘာ့နိုင်ငံအသီးသီး မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေး အဖွဲ့အစည်းတွေ ကိုးကန့်ဆီ လာရောက်စူးစမ်းလေ့လာတာ အကြိမ်ပေါင်း (၁၇)ကြိမ် ရှိပါတယ်၊ ပေါ်ပီပင် ဖျက်စီးပစ်တာ၊ မူးယစ်ဆေးမျိုးစုံကို မီးရှို့ဖျက်ဆီးပစ်တာ၊ မူးယစ်ဆေးဝါး မွမ်းမံထုတ်လုပ်တဲ့ အလုပ်ရုံ၊ စက်ရုံတွေကို မီးရှို့ဖျက်စီးပစ်တာတွေ သုံးကြိမ်ပြုလုပ်ခဲ့ပါတယ်၊ ဒါဟာ နိုင်ငံတကာ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးအဖွဲ့တွေနှင့် လက်တွဲဆောင်ရွက်ခဲ့တာတွေ ဖြစ်တယ်၊ ကိုးကန့်ရဲ့ မူး



ယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးသတင်းက အပြည်ပြည်ဆိုင်ရာရဲ့ သတင်းမှာ ပထုတ်ခံထားရပါတယ်၊ အဆုံးသတ် ဘယ်လိုဖြစ်မလဲဆိုတာ အတော်လေး ပြောရခက်ပါတယ်ခင်ဗျာ"

ဖုန်ကျားရှင် ခဏ အနားယူလိုက်တယ်၊ ပြီးနောက်မှာ သူ့စကားကို ဆက်ပြောပြန်တယ်။

"မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးရဲ့ နိဂုံးချုပ်ကိုလား၊ စကားတစ်ခွန်းလောက်နဲ့ ပြောလို့ဆိုလို့ ကုန်ခဲ့ပါတယ်ခင်ဗျာ"

"၁၉၉၀ခုနှစ် နိုဝင်ဘာလ ကုလသမဂ္ဂ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးအဖွဲ့ လောက်ကိုင် ရောက်လာပါတယ်၊ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေး ညီလာခံကြီးကို တက်ရောက်လာခြင်းဖြစ်တယ်၊ ချူဖိန်ကျူဆီကို သွားကြပြီး ဘိန်းစိုက်ခင်း ဧကငါးရာကျော်ကို မြေလှန်ဖျက်စီးပစ်ခဲ့တယ်၊ ဟီးရိုးအင်း ကီလိုဂရမ် (၃၀၀) ကျော် စိန်ဝါ ကီလိုဂရမ် (၁၀၀) ကျော်၊ ဘိန်းစိမ်းက ကီလိုဂရမ် (၁,၀၀၀)ကျော်၊ မူးယစ်ဆေးဝါးချက်တဲ့ ဓာတုဆေးရည်တွေနှင့် စက်ကိရိယာပစ္စည်းတွေကို မီးရှို့ဖျက်စီးခဲ့တယ်၊ လောက်ကိုင်က ဟီးရိုးအင်း မွမ်းမံထုတ်လုပ်တဲ့ အလုပ်ရုံ (၂) ရုံကိုပါ မီးရှို့ဖျက်စီးခဲ့ပါတယ်၊ နောက်တစ်နှစ် ဖေဖော်ဝါရီလမှာ ချူဖိန်ကျူမှာပဲ ကုလသမဂ္ဂ ညီလာခံကြီး ထပ်တစ်ကြိမ် ကျင်းပပြန်တယ်၊ အောက်ကျူရွာဆီသွားရောက်ပြီး ဘိန်းစိုက်ခင်း ဧက (၃၀၀)ကျော် မြေလှန်ဖျက်ဆီးပစ်တယ်၊ ဟီးရိုးအင်း ကီလိုဂရမ် (၂၀၀)၊ ဘိန်းစိမ်း ကီလိုဂရမ် (၃,၀၀၀)ကျော်၊ စိန်ဝါကီလိုဂရမ် (၁၀၀)ကျော်ကို မီးရှို့ဖျက်ဆီးလိုက်တယ်၊ နောက်ပြီး ကိုးကန့်ရဲ့ သံလွင်မြစ်နားက မုန်းကိုးရဲ့ ဟီးရိုးအင်း မွမ်းမံထုတ်လုပ်တဲ့ အလုပ်ရုံသုံးရုံကို မီးရှို့ဖျက်ဆီးခဲ့တယ်၊ တတိယနှစ် ဖေဖော်ဝါရီလ ကုလသမဂ္ဂ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးညီလာခံကြီး အောက်ကျူရွာမှာ ကျင်းပပါတယ်၊ အလားတူပဲ ဘိန်းခင်းတွေကို မြေလှန်တာ၊ မူးယစ်ဆေးဝါးတွေ မီးရှို့ပစ်တာတွေ လုပ်ခဲ့ပါတယ်"

"ကျွန်တော်တို့က အားကြိုးမာန်တက်နဲ့ လုပ်သာလုပ်ကြရတယ်၊ ဒါပေမဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးစရိတ်က ငွေကြေးတစ်ပြား တစ်ချပ်မှ မရဘူးဗျ၊ မြန်မာအစိုးရက နှစ်စဉ်နှစ်တိုင်း အမေရိကန်ဒေါ်လာ

www.burmeseclassic.com

www.burmese classic.com



သန်း (၂၀) ရရနေတယ်လေ၊ အဲဒီထောက်ပံ့တဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေး ရံပုံငွေကြေး၊ ကျွန်တော်တို့လက်ထဲ လုံးဝကို ရောက်ရှိမလာပါဘူး၊ မြန်မာအစိုးရဆီက ဆန်ပိဿာချိန် နှစ်သောင်း ထောက်ပံ့အားပေးတာ မျိုးပဲ ရှိတယ်ခင်ဗျာ"

ဖုန်ကျားရှင် ပြောနေရင်းက ကိုယ်ကို တစ်ချက်မတ်လိုက်တယ်၊ စီးကရက် ကိုင်ထားတဲ့လက် လေထဲမှာ ရပ်သွားပါတယ်၊ လှုပ်ရှားမှုမရှိဘဲ ငြိမ်နေလိုက်တယ်၊ သူ့ရဲ့ အေးခဲသွားတဲ့ လှုပ်ရှားမှုကိုလိုက်ပြီး ကျန်လူတွေပါ တိတ်ဆိတ်ငြိမ်ဆင်းသွားကြတယ်။

ကျွန်မတို့အာရုံစူးစိုက်ပြီး ဆက်လာတဲ့စကားကို နားထောင်ကြပါတယ်...

"ကျွန်တော်ဟာ မြန်မာနိုင်ငံ ရှမ်းပြည်နယ် မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးကော်မတီရဲ့ ကော်မတီဝင်အဖြစ် ထမ်းဆောင်ပါတယ်၊ ပထမဆုံးအကြိမ် ကျင်းပတဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးညီလာခံမှာ တက်ရောက်စကားပြောခဲ့ပါတယ်၊ အပြည်ပြည်ဆိုင်ရာက လာရောက်ကူညီထောက်ပံ့ဖို့ လက်ကိုဆန့်တန်း ကြွေးကြော်ခဲ့ပါတယ်၊ ကိုးကန့်မှာ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးညီလာခံကိုလည်း ကျွန်တော် မပျက်မကွက်ဆက်ပြီးတက်ရောက်ခဲ့ပါတယ်၊ ကျွန်တော့်စကားကိုပဲ ထပ်ဆင့်အလေးတင်းပြောခဲ့ပါတယ်၊ နိုင်ငံတကာ အကူအညီရဲ့ ပြင်ပအသိုင်းအဝိုင်းရဲ့ အကူအညီတွေ အထူးလိုအပ်နေမယ်ဆိုတာကို ထပ်မံပြောခဲ့ပြန်တယ်၊ ဒါမှသာ ကျွန်တော်တို့အတွင်းပိုင်းမှာ လက်တွေ့လုပ်ငန်းပိုင်းနဲ့ လယ်ယာအစားထိုးလုပ်ငန်းကို လုပ်ကိုင်နိုင်ကြပါလိမ့်မယ်၊ နောက်ပိုင်းမှာ ကုလသမဂ္ဂလယ်ယာနှင့် စားနပ်ရိက္ခာအဖွဲ့ လာရောက်ပြီး စူးစမ်းလေ့လာပါတယ်၊ ကျွန်တော်တို့ရဲ့ လယ်ယာလုပ်ငန်းခွင်ဘက်မှာ ဖွံ့ဖြိုးလာအောင် အကူအညီပေးဖို့ ပြင်ဆင်ကြပါတယ်၊ ဒီတုန်းက ကျွန်တော် အကြံပေးတိုက်တွန်းပါတယ်၊ သိပ္ပံနည်းကျ စိုက်ပျိုးရေးလုပ်ဖို့ ရှေးယခင်မားမတို့နဲ့ ခုတ်ထွင်တောင်ယာမီးရှို့စနစ်ကို ပြုပြင်ဖို့ လယ်ယာအစားထိုး သီးနှံစိုက်ဖို့ စက်မှုလုပ်ငန်းနဲ့ လယ်ယာလုပ်ငန်းမှာ ပြောင်းလဲပစ်ဖို့တွေကို ကျွန်တော် အကြံပြုတိုက်တွန်းပါတယ်၊ ကျွန်တော့်ရဲ့ သဘောထားကို သူတို့ နားထောင်ကြပြီးတဲ့နောက်



သူတို့ပြောတာက သူတို့ဟာ ပြန်သွားပြီး မြန်မာအစိုးရနဲ့ ဆွေးနွေးတိုင်ပင်ရဦးမယ်လို့ ပြောပါတယ်၊ ဒီနောက် သူတို့ပြန်သွားကြတယ်၊ ခုထိ ဘာစကားသံမှ ပြန်မလာပါဘူး"

ဖြစ်ရပ်တွေအထဲက အနက်အဓိပ္ပါယ် ကွယ်ဝှက်ပြီး ကွေ့လိမ်တဲ့စကားဖြင့် ဝေဖန်ချက်တွေကို နားထောင်လိုက်ရုံဖြင့် သိသာထင်ရှားနေပါတယ်၊ အကြောင်းအရာအသီးသီးတွေထဲက ပြောရခက်ကြပြီး အားလုံးဖုန်-ရန်တို့ ဗိုလ်လုပွဲမှာ လာပြီးစုပြုံလေတယ်။

ဖုန်က သူ့ခံစားချက်ကို ဆက်လိုက်ပြန်တယ်

"ရှေ့ဆင့်နောက်ဆင့် သုံးကြိမ်ပြုလုပ်တဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရာမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းငါးရာကျော်ဖိုး ဖျက်ဆီးခဲ့တယ်၊ ကျွန်တော်တို့ တစ်ပြားတစ်ချပ်မှ ထောက်ပံ့ကူညီမှု မရပါဘူး၊ ကျွန်တော်တို့ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းမှုက ဘာအားပေးထောက်ခံမှုမှ မရပါဘူးခင်ဗျာ၊ ကျွန်တော်တို့ ဒါ့လောက်များပြားလှတဲ့ ပမာဏကို မီးရှို့ဖျက်ဆီးခဲ့တယ်လေ၊ ဘယ်မှာလဲ၊ ထောက်ပံ့မှုငွေကြေးတွေ၊ စရိတ်စကတွေ၊ အလကား မီးရှို့ပစ်လိုက်တာပဲ၊ ကျွန်တော်တို့ မီးရှို့ပစ်လိုက်လို့ မွဲပြာကျသွားပြီးရော အကောင်းလုပ်တာဟာ အဆိုးလုပ်သလို ဖြစ်သွားတယ်၊ တကယ်လို့ ပြည်သူလူထုရဲ့ စားဝတ်နေရေးဘဝရဲ့ စီးပွားရေးလမ်းကြောင်းကို ဖြေရှင်းပေးမယ်ဆိုရင် မူးယစ်ဆေးဝါးအကုန်လုံးကို တိုက်ဖျက်နှိမ်နင်းပစ်နိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ မူးယစ်ဆေးဝါးကို မီးရှို့ဖျက်ဆီးခဲ့တယ်၊ ပိုက်ဆံတော့ မရဘူး၊ အရပ်သူအရပ်သားတွေ ကျွန်တော်တို့ကို မကျေနပ်ကြတော့ဘူး၊ သူတို့စိုက်ပျိုးတဲ့ ဘိန်းရောင်း မထွက်တော့ဘူးဗျာ၊ ဒီလိုနဲ့ ကျွန်တော်တို့အချင်းချင်း မကျေနပ်မှုတွေ ကြီးထွားလာတယ်၊ အိမ်ကြက်ချင်း အိုးမဲသုတ်၊ ခွပ်ကြလေရောဗျာ၊ ကျွန်တော့်ရဲ့ မြင်းဇက်ကြိုးဆွဲတဲ့ လက်အောက်ငယ်သားက အရပ်သူအရပ်သားတွေကို စည်းရုံးလှုံ့ဆော်တော့တယ်၊ အရပ်သူအရပ်သားတွေကို လှုံ့ဆော်တဲ့လူတွေက မူလက ဘိန်းတစ်ဆွဲစိုက်ရင် တရုတ်ငွေ ရင်မင်ပိယမ် (၄,၀၀၀) ရတယ်၊ အခု မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးကို လုပ်တယ်၊ သူတို့က အရပ်သူအရပ်သားတွေကို စည်းရုံးလှုံ့ဆော်ပြီး ကျွန်တော်တို့ကို ဆန့်ကျင်ကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဒီဟာလည်းပဲ သူဖြစ်လိုတဲ့ သဘောဆန္ဒအတိုင်း ဖြစ်မလာဘူးလေ၊ ဒီအခါမှာ ကျွန်တော် လျှောက်လှမ်းတဲ့လမ်းကို ဟန့်တားပိတ်ဆို့ကြတော့တာပဲလေ၊ ဘိန်းရောင်းမထွက်တော့ဘူးဗျ၊ အရပ်သူအရပ်သားတွေ ကျွန်တော့်ဆီလာပြီး မေးကြမြန်းကြတယ်၊ ကျွန်တော်လည်းပဲ ဘိန်းမစိုက်ချင်ပါဘူးဗျာ၊ ဘိန်းကို မစိုက်တော့ ကျွန်တော်တို့ ဘာကိုစိုက်ကြမှာလဲ၊ ဘာစားကြရမှာလဲ"

ဖုန်ကျားရှင် ကိုယ်ကို တစ်ချက်တွန့်လိုက်တယ်၊ မျက်လုံးက ကြည့်နေရင်းကနေ လက်ထဲက ဆေးလိပ်ပြာကို ပြာခံခွက်မှာ ခြွေချလိုက်တယ်၊ တွေးတောနေလိုက်တယ်၊ စကားကို မဆက်သေးဘဲ အချိန်အတော်ကြာလေး ရပ်ထားလိုက်တယ်။

ဖုန်ကျားရှင် စကားပြောတဲ့ နှုန်းထားကို လျှော့ချလိုက်တယ်၊ ဖြည်းဖြည်းလေးလေးကြီး ပြောနေပါတယ်၊ သံစဉ်နိမ့်ချပြီး ပြောလိုက်တယ်။

"ဘိန်းဟာ စိုက်ရခက်ပါတယ်၊ မိုးလေမှန်မှ ဖြစ်တာဗျ၊ နှင်းကျမယ်၊ မိုးခေါင်မှုနဲ့ ကြုံမယ်၊ ဒါဆိုဘာမှ ရမလာတော့ဘူးဗျာ၊ အရင်းတောင်ပြန်မရနိုင်ဘူးဗျ၊ အရပ်သူအရပ်သားတွေက ပြောကြပါတယ်၊ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းပြီးတဲ့နောက်မှာ ကျွန်တော်တို့ ထမင်းစားဖို့ လမ်းလေးတစ်ခုတော့ ဖောက်ပေးကြပါတဲ့ခင်ဗျာ"

"၁၉၉၂ ခုနှစ်မှာ နိုဝင်ဘာလက အစပြုပြီး ကျွန်တော့်ရဲ့ လက်အောက်ငယ်သား မြင်းဇက်ကြိုးဆွဲတဲ့ကောင်က တပ်တွင်းပုန်ကန်ရေး လုပ်တယ်လေဗျာ၊ ကျွန်တော်က အချင်းချင်း ချတာနက်တာတွေ မလုပ်ချင်ပါဘူး၊ သူနှင့်သူ့လက်အောက်ကလူတွေက ကျွန်တော့်လက်၊ ကျွန်တော့်ခြေတွေကနေ ပြုစုပျိုးထောင်ခဲ့တဲ့သူတွေချည်းကိုးဗျ၊ ကျွန်တော့်ကိုတိုက်ဖို့ သူတို့ တော်တော် တွန်းခဲ့ပါတယ်၊ ကျွန်တော် အမျိုးမျိုး ရှောင်ခဲ့ပါတယ်၊ သူတို့က တိုက်ပြီလေ၊ နောက်တစ်ရက်ခြား တိုက်လာပြန်ပါရော၊ ၁၉၉၃ ခုနှစ်၊ မတ်လအထိ တိုက်လာတယ်၊ ဝအဖွဲ့အစည်း တပ်မဟာ (၂) တပ်အင်အားက ရန်မောက်လျံဘက်က ဝင်တိုက်ပေးတယ်၊ နှစ်ဘက်သေကြေဒဏ်ရာရကြတာ ရာကျော်တယ်၊ နဂိုက မတိုက်ချင်တဲ့ ကျွန်တော် ဆုတ်ပေးလိုက်တယ်၊ မိုင်းလားဆီကို ဆုတ်ခွာပေးပြီး မိုင်းလားမှာပဲ အခြေချနေထိုင်လိုက်တယ်"



အဲဒီတုန်းက ဝအဖွဲ့အစည်း တပ်မဟာ (၃)၊ တပ်အင်အား (၁,၅၀၀) ကျော်တဲ့တပ်က ချင်းရွှေဟော်တဝိုက်ကနေပြီး ကိုးကန့်ထဲ ထိုးဖောက်ဝင်ရောက်လာတယ်။ ဖုန်ကျားရှင်ရဲ့အင်အား (၄,၀၀၀)ရှိတဲ့တပ်က ဆုတ်ခွာခဲ့ကြတယ်၊ အသက်အရွယ် (၆၀) ရှိနေတဲ့ ဖုန်ကျားရှင်ဟာ အဲဒီတုန်းက အပြင်းဖျား ဖျားနာနေတယ်၊ အိပ်ယာထဲ လဲနေရတဲ့ အခြေမျိုးပါ၊ တိုက်ပွဲသတင်းရောက်လာချိန်မှာ သူ့နံဘေးမှာ သူ့ရဲ့တတိယဇနီးဖြစ်မယ့်သူလေးက သူ့အပါးမှာ ပြုစုပေးနေပါတယ်၊ ကနေ့ သူ့အပါးမှာ အမြဲလိုလိုရှိနေတဲ့ တတိယမြောက်ဇနီးလေးက အိပ်ယာထက် လဲနေတဲ့သူ့ကို ကျောပေါ်တင်ပိုးပြီး ထွက်ပြေးရပါတယ်၊ သူမက သူ့ကို တရုတ်ပြည်ဘက် ကျောပိုးထွက်ပြေးကြတယ်၊ တရုတ်ပြည်ဘက်က ဆေးရုံတင်ပြီး ခွဲစိတ်ကုသလိုက်တော့မှ သူ့အသက်ကို ကယ်တင်နိုင်လိုက်တယ်။

တရုတ်ပြည်ဘက်က ဆေးရုံက ဆင်းလာပြီးတဲ့နောက် ဖုန်ကျားရှင်ဟာ သမက်ဖြစ်တဲ့ ရှမ်းအထူးဒေသ ဥက္ကဋ္ဌ လင်းမိန်စင့်(စိုင်းလင်း)ဆီ သွားရောက်ခိုလှုံပါတယ်၊ ကာလအတိုင်းအတာလေးတစ်ခုတော့ စိတ်ဓာတ်တော်တော်လေး ကျသွားပါတယ်၊ ဖုန် ပြောတာကတော့ -

"ကျွန်တော့်သမက်ရဲ့ နယ်မြေထဲမှာ အိမ်တစ်လုံးဆောက်ပြီး နေထိုင်လိုက်တယ်၊ အသက်ကလည်း (၆၀) ကျော်လာပြီလေ၊ တိုက်ချင်ခိုက်ချင်စိတ်တွေ ကုန်နေပါပြီဗျာ၊ ကိုးကန့်ဆီလည်း ပြန်မနေတော့ပါဘူးဗျာ"

ရန်မောက်လျံတို့ ကိုးကန့်အရှင်သခင်တွေ ဖြစ်ကုန်ကြတယ်၊ ညီအစ်ကိုလေးယောက်မှာ နှစ်ယောက်က စစ်အာဏာနှင့် အုပ်ချုပ်ရေးကို ကိုင်တွယ်ထားတယ်၊ နောက်နှစ်ယောက်က ကုန်သွယ်မှုစစ်ရေးမှာ ထင်တိုင်းကြဲနေကြတယ်။

ရန်မောက်လျှန်ညီအစ်ကိုတွေလက်ထက်မှာ ကိုးကန့်ရဲ့ မူးယစ်ဆေးဝါးဟာ အစစအရာရာမှာ ထိန်းချုပ်မှုတွေ ဗရမ်းဗတာဖြစ်ကုန်တယ်၊ ထုတ်လုပ်မှုတွေ ထုတ်ချင်တိုင်း တိုးထုတ်ကြတယ်၊ တရုတ်ပြည်ဟာ သယ်ယူမှုရော၊ ရောင်းချမှုမှာပါ အရေးပါအရာရောက်ဆုံး လမ်းကြောင်းဖြစ်သွားကြတယ်၊ ရန်ညီနောင်လေးယောက်ထဲက တစ်ယောက်ဟာ ဒုတိယနေ့မှာပဲ တရုတ်ပြည် ရဲဘက်ရဲ့ ဖမ်းဆီးမှုကို ခံလိုက်ရတယ်၊ သေနတ်နဲ့ပစ်သတ်ခံ

www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်၊ ဒါကို ကျန်သုံးယောက်က မကျေမချမ်း ဖြစ်ကြတယ်၊ ဒါကြောင့် ထိုစဉ်တုန်းက တရုတ်ပြည်နယ်စပ်မှာ လုံခြုံရေးတွေ တင်းတင်းကျပ်ကျပ် ဖြစ်သွားတယ်၊ စိုးရိမ်တကြီးနဲ့ ရန်ညီနောင်တို့ရဲ့ ကလဲ့စားချေမှုကို စောင့်ကြည့်နေကြတယ်၊ နောင်တော့လည်း ရန်ညီနောင်တွေ တပ်ကိုချထားပြီး ငြိမ်ကုပ်သွားကြပါတယ်၊ ရန်ညီနောင်တွေက ဝအဖွဲ့အစည်းဆီက တပ်ကူရော၊ ငွေကြေးရော ချေးငှားအကူအညီယူထားတာ ဖြစ်တယ်၊ ဒီတော့လည်း ဝအဖွဲ့အစည်းရဲ့ ဦးဆောင်မှုကို အသိအမှတ်ပြုလက်ခံရတယ်၊ ဝအဖွဲ့အစည်းက ရန်ညီနောင်တို့အပေါ် ချုပ်ကိုင်ထားလိုက်ပါပြီ၊ ဒါ့ကြောင့်လည်း ရန်ညီနောင်တို့က ဖုန်ကျားရှင်နှင့် စာရင်းရှင်းတာမျိုးကို ပေါ်တီးပေါ်ဆ မလုပ်လိုကြတော့ပါ။

ဖုန်ကျားရှင်ဟာ တရုတ်မြန်မာနယ်စပ် တောင်တန်းငယ်လေးတစ်ခုမှာ လိပ်ခွံလိုသဘောထားကာ ခိုအောင်းနေရပါတယ်၊ သူ့အနေအထားက ဘေးလူရဲ့အမြင်မှာ တော်တော်လေး အောင့်သက်သက်နေရပါတယ်။

ကိုးကန့်တို့ဘက်က ကြည့်လိုက်ရင် ရေမြေတွေ လက်လွှတ်ဆုံးရှုံးခဲ့ရတယ်၊ ကိုယ်ကိုယ်၌ကိုက ဘဝတစ်ခုလုံး တိုက်ခဲ့ခိုက်ခဲ့ရတယ်၊ ပြီးဆုံးသွားတာတောင် ကိုယ့်ရပ်ကိုယ့်ဌာနေဆီကို ပြန်ရတာမျိုးကမရှိ၊ စိုးနောင့်ဗျာပါ ပူဆွေးစရာကောင်းလှပါတယ်၊ ဒုက္ခသည်အဖြစ် တောင်တန်းငယ်လေးမှာ ပုန်းအောင်းခိုလှုံနေရတဲ့ဘဝ လှိုက်ဖိုမောကာ ဇရာနှောင်းပြီး ဘယ်ကစပြီး လုပ်ကိုင်ရမှန်း မျက်ခြေပြတ်သွားပါတယ်၊ တောင်တန်းငယ်လေးမှာ အခြေချပြီး ကျန်ရစ်တဲ့ ဘဝနှောင်းပိုင်းအတွက် အမောစိုက်နေရရှာတယ်။ ဖုန်ကျားရှင် ကိုယ့်ရဲ့အိမ်မြေအသစ်ရဲ့ ဝရံတာကနေ ကိုယ်နှင့် မပိုင်မဆိုင်တော့တဲ့ ကိုးကန့်ဆီကို လှမ်းမျှော်ကြည့်လိုက်တယ်၊ အထီးကျန် တစ်ကောင်ကြွက် ဖြစ်နေရှာတဲ့ ကိုယ့်ရဲ့ဘဝမှာ ဘာကိုလုပ်ရကိုင်ရမှန်း မသိရတော့ပါ။

ကိုးကန့်ရဲ့ အနေအထားက ကြီးကြီးကျယ်ကျယ် ပြောင်းလဲနေပါတယ်၊ ရန်ညီနောင်အုပ်စုဟာ နံ့ချာတဲ့ "လက်အောက်ခံဘုရင်" အဖြစ် ဆက်လက်ရပ်တည်လိုစိတ် မရှိတော့ပါ၊ အတွင်းပိုင်းက ဝအဖွဲ့အစည်းတွေကို အဆက်မပြတ် ကန်နေလေတယ်၊ အခြားတဘက်ကလည်း မူးယစ်ဆေး



အကျိုးအမြတ်ရအောင် အားခွန်စိုက်ထုတ်လုံးပန်းနေရပြန်တယ်၊ ဒါကို ဖုန်ကျားရှင်က ဟောသလို ပြောပြပါတယ်။

"ရန်မောက်လျံတို့ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းမှု အတုအယောင်တွေ လုပ်ပြကြတယ်၊ သံလွင်မြစ် အနောက်ကမ်းနှစ်ဘက်က ဘိန်းစိမ်းတွေ၊ စိန်ဝါတွေနဲ့ ဟီးရိုးအင်းတွေကို မောင်ပိုင်စီးဖို့ ကြံရွယ်ကြတယ်၊ လက်အောက်ငယ်သားတွေနဲ့ အရပ်သူအရပ်သားတွေ မကျေမနပ်ဖြစ်လာကြတယ်၊ ရန်တို့က တပ်နဲ့ နှိမ်နင်းလိုက်ကြတယ်၊

ရန်ညီနောင်တို့နှင့် တပ်ဖွဲ့က တပ်ဗိုလ်တပ်သားတွေနဲ့ ကတောက်ကဆတွေ ဖြစ်လာကြတယ်၊ နောက်ပြီး အရပ်သူအရပ်သားတွေနဲ့က မူးယစ်ဆေးဝါး အကျိုးအမြတ်နဲ့ စပ်လျဉ်းပြီး ပဋိပက္ခတွေ များပြားလာတယ်။ ရက်လတွေ ကြာလာတော့ တစစ အခြေပျက်လာတယ်။ ထိန်းမနိုင်အုပ်မရ ဖြစ်ပြီး လူသိရှင်ကြား ထချကြပြန်ရော။ အချင်းချင်း တိုက်ခိုက်မှုတွေ ပြန်လည်ပေါ်ပေါက်လာပြန်တယ်။ ၁၉၉၅ ခုနှစ် တပ်တွင်းပုန်ကန်မှု ပေါ်ပေါက်လာပြန်တယ်။

ဝအဖွဲ့အစည်းက ရန်မိသားစုအပေါ် ပိုင်းခြားသတ်မှတ်လိုက်တာက "လူရွေးမှားခြင်း" လို့ ဆိုလိုက်တယ်၊ ဒါနဲ့ပဲ ကပြောင်းကပြန်တွေဖြစ်ပြီး ဖုန်ကျားရှင်ကို အသစ်တဖန် အသိအမှတ်ပြုလိုက်ရတယ်၊ ဖုန်ကျားရှင်ကို အကာအကွယ်ပြု ဖြည့်ဆည်းပေးဖို့ကို ဆုံးဖြတ်လိုက်တယ်။

ရန်ညီနောင်တို့မှာ ဝအဖွဲ့အစည်းရဲ့ ချစ်ခင်ကြင်နာမှုတွေ လက်လွှတ်ဆုံးရှုံးသွားရပါပြီ၊ ချက်ချင်းပဲ မြန်မာအစိုးရဘက်ဆီ ကူးပြောင်းလိုက်တယ်၊ အုပ်ချုပ်ရေးအာဏာ၊ စစ်ရေးအာဏာကို အစိုးရလက်ထဲ အပ်နှင်းပါ့မယ်ရယ်လို့ အစိုးရထံ တင်ပြပါတယ်။ အဲဒီလိုမျိုး လုပ်ရပ်ကနေ ခြေချနိုင်ရေးဖြင့် အလဲအလှယ်လုပ်လိုက်ပါတယ်၊ ဒါနဲ့ပဲ မြန်မာအစိုးရတပ်ကို အိမ်ထဲ ခေါ်သွင်းလိုက်တယ်၊ ဒီအချက်တွေဟာ ကိုးကန့်ရော၊ ဝတို့ကပါ လက်သင့်မခံနိုင်တဲ့အချက်တွေ ဖြစ်နေတယ်"

နိဝင်ဘာလ ဖုန်ကျားရှင်ဟာ ဝအဖွဲ့အစည်းတပ်ဖွဲ့ကို ဦးဆောင်ပြီး ကိုးကန့်ဆီ တိုက်ခိုက်ဖို့ ပြန်ဝင်လာပါတယ်။

ချိုးဖဲ့ခံလိုက်ရတဲ့ ကိုးကန့်က နှစ်နှစ်ဆိုတဲ့ကာလပိုင်းလေးမှာ လမ်းတွေပေါ်မှာ လူသွားလူလာတွေ ကျိုးတို့ကျဲတဲကြီး ဖြစ်သွားပါပြီ၊ ဒါ့အပြင်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာအစိုးရတပ်ဖွဲ့က နှစ်သုံးဆယ်ကာလအတွင်း သံလွင်မြစ် အရှေ့ဘက်ကမ်းဆီ ကူးဖြတ်ပြီး ဆိုက်ရောက်လာတာဟာ ပထမဆုံးအကြိမ် ဖြစ်သွားပါတယ်၊ ဗမာတပ် ကိုးကန့်မှာ အခြေစိုက် ခိုင်ခိုင်မာမာ နေထိုင်သွားပါပြီ၊ ''ဘေးဆိုးအန္တရာယ်''ထဲ ကျဆင်းနေတဲ့ ကိုးကန့်သားတွေက ''ကိုးကန့်ဘုရင်'' ဖုန်ကျားရှင်ကို အိမ်အပြန်လမ်းကနေ ပိုင်းဝန်းကြိုဆိုကြလေတယ်၊

ဖုန်ကျားရှင်က သူ့ကိုယ်သူ ''ငှက်ဇာမဏီ''လို့ အမွှန်းတင်လိုက်တယ်၊ ''ဇာမဏီငှက်'' ဒုတိယအကြိမ် ကိုးကန့်ဆီ ပျံသန်းလာပါပြီ၊ သူတို့ကို တိုက်ခိုက်နှင်ထုတ်ခဲ့တဲ့ ဝအဖွဲ့အစည်းတပ်ဖွဲ့က သူတို့ပြန်လာရေးကို ကူညီအားပေးလိုက်တာ ဖြစ်တယ်၊ ဖုန်ကျားရှင် သူ့ရဲ့မူလအိမ်ဝင်းကြီးဆီ ပြန်မနေတော့ပါ။ ရိုးစင်းတဲ့ ''ဇာမဏီနှစ်ဖော်မြို့''သစ် တည်ပြီး နေထိုင်လေတယ်။ ဖုန်က-

''ကျွန်တော် မိုင်းလားမှာ အိမ်ဆောက်လိုက်တယ်၊ ကိုးကန့်ဆီ ပြန်မလာချင်တော့ဘူးဗျာ၊ ဒါပေမဲ့ အိမ်ကဆောက်ပြီးရုံလေးသာ ရှိတယ်၊ ကောင်းကောင်း မွမ်းမံရတယ် မရှိသေးပါဘူး၊ ကိုးကန့် ပြန်လာဖို့ တိုက်တွန်းကြပြန်တယ်၊ ပြည်သူတွေရဲ့ ဖိတ်ခေါ်ချက်နဲ့ ကျွန်တော် ကိုးကန့်ဆီ ပြန်လာရပြန်တယ်''

ဖုန်ဟာ ပေါ့ပေါ့ပါးပါးနဲ့ပဲ ထိုစဉ်က ဖြစ်စဉ်တွေကို ပြောပြပါတယ်၊ ဝအဖွဲ့အစည်းနဲ့ စပ်လျဉ်းတဲ့ အကြောင်းအချက်ကိုတော့ တစ်လုံးတပါဒမှ ဖွင့်ဟမပြောပါ၊ အချက်အလက်တိုင်း ရန်ညီနောင်အပေါ် အပြစ်ပုံချပါတယ်၊ ဖုန်ရဲ့ နာကြည်းခံပြင်းမှုကနေ ထွက်လာတဲ့ အမျက်ဒေါသက ရေးလို့မကုန်နိုင်ပါ။ သူ ဒေါနဲ့မောနဲ့ ပြောလိုက်တာက-

''ကိုးကန့်ဟာ သေဆုံးပျောက်ကွယ်မယ့် လမ်းကြောင်းပေါ်ဆီ ရောက်နေပါပြီ...

ဖုန်ကျားရှင် ဆုတ်ခွာလိုက်တယ်၊ သမက်လင်းမိန်စင့်(စိုင်းလင်း) နယ်မြေလိပ်ခွံထဲ ဆုတ်ခွာလာတယ်၊ အရင်ကနဲ့ လုံးဝကို မတူတော့ပါ၊ ရှေ့ဆီမတိုးဘဲ 'အနားယူအပန်းဖြေ'ပြီး အေးအေးလူလူ နေထိုင်လိုက်ပါတော့တယ်။ တကယ့်ကို 'လက်မှိုင်ကာ ခဝါချ'လိုက်ခြင်း ဖြစ်လေတယ်၊ ဒါပေမဲ့ သူ့ဘဝက 'ကိုးကန့်ဘုရင်'ဆိုတဲ့ ဘုန်းတန်ခိုးကံဇာတာက လုံးဝ ပျက်သုဉ်းနေသေးတာ မဟုတ်ပါ၊ ဒီတော့ သူဟာ ကဗျာ့ဉာဏ်အတွေးတွေနဲ့ သူ့ကိုယ်



သူ မီးလျှံတွင်းက ပြန်လည်ကာ မီးရှူးသန့်စင်လေတဲ့ ဇာမဏီငှက်နှင့် နှိုင်းနှိုင်းလိုက်လေတယ်၊ ဒါဟာ တရုတ်တို့ရဲ့ အနံ့အသက်တွေက တသင်းသင်း ထုံမွှေးပျံ့သင်းလေတယ်။

ဖုန် ပြောပါတယ်။

''ကျွန်တော့်တပ်အင်အား ခြောက်ရာကျော်၊ တပ်မှူးတပ်သားတွေ ခေါင်းဆောင်ပြီး ပြန်လာပါတယ်၊ သေနတ်တစ်ချက်မှ မဖောက်လိုက်ရပါ၊ ရန်ညီနောင်အဖွဲ့တွေဟာ ကျွန်တော် ပြန်လာပြီဆိုတဲ့ သတင်းစကားလေး ကြားလိုက်ရုံလေးနဲ့ တဖွဲဖွဲ ကျွန်တော့်ဆီ ကူးပြောင်းလာကြပါတယ်၊ ကိုးကန့်ဟာ ပုံမကျပန်းမကျ ဖြစ်သွားပါပြီ၊ လောက်ကိုင်မှာ ကားတစ်စီးမှ မတွေ့ရပါ၊ အိမ်အတော်များများ ဟာလာဟင်းလင်း ဖြစ်ကုန်ကြတယ်၊ လူသူတစ်ဦးတစ်ယောက်မှ မတွေ့မြင်ရတော့ပါ၊ အရပ်သူအရပ်သားတွေ နယ်စပ်ဆီ ထွက်ပြေးကုန်ကြတယ်၊ နေရာတကာမှာ စိမ်းမြမြ ဘိန်းပျိုးပင်တွေ ထိုးထိုးထောင်ထောင် ပေါက်ရောက်နေကြပါပြီ၊ (၈၉)%ရှိတဲ့ ကိုးကန့်သားတွေ ဘိန်းပြန်စိုက်ကြတယ်၊ ဒါပေမဲ့ ဒုတိယနှစ်မှာ အထွက်နှုန်းညံ့ပါတယ်''

ဖုန်ကျားရှင် စကားကို ဆက်ပြောပြန်တယ်။

''ကျွန်တော် ပြန်လာပါပြီ၊ ရင်ဆိုင်ကြုံတွေ့ရတဲ့ အရေးအကြီးဆုံးအချက်က မူးယစ်ဆေးဝါးကို ဘယ်လိုတိုက်ဖျက်နှိမ်နင်းရလေမလဲပေါ့လေ၊ ပြည်သူလူထုလည်း ဝမ်းဝ ခါးလှ ရှိဦးမယ်လေဗျ၊ ဟိုးအရင်အကြိမ်တွေ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးမှာ ကျွန်တော် အရေးရှုံးနိမ့်ခဲ့တယ်လေ၊ ကျွန်တော် အတော့်ကို စိုးရိမ်မိတာဗျ၊ သင်ခန်းစာ ရယူပြီးတဲ့နောက် ကျွန်တော် ပိုင်းခြားပြီး ရှေ့တက်လှမ်းဖို့ ကြံရွယ်ပါတယ်၊ လက်ဦးဆုံးအနေနဲ့က တရုတ်ပြည်နယ်နိမိတ်နဲ့ ဆက်စပ်နေတဲ့ နေရာတပိုက်မှာရယ်၊ လမ်းမကြီးနှစ်ဘက်မှာရယ် ဘိန်းမစိုက်ကြဖို့ကို ကျွန်တော် ကြိုးပမ်းမယ်ဗျာ၊ နောက်ပြီး တခြားသီးနှံစိုက်ပျိုးလို့ ရမယ့်နေရာမှာ ဘိန်းကို မစိုက်ဘူးဗျာ၊ ကဲ... ဒါဆို ဘိန်းစိုက်တဲ့ မြေဧရိယာ ရာခိုင်နှုန်းခြောက်ဆယ် လျော့ကျမသွားဘူးလားဗျာ၊ ဟော... အခုဆို မြေပြန့်လွင်ပြင်တွေမှာ ဘိန်းပင်တွေ မတွေ့ရတော့ဘူးလေ၊ ဒုတိယခြေလှမ်းက တခြား စက်မှုလက်မှုလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ အကောင်အထည်ဖော်ပြီး လယ်ယာလုပ်ငန်းကို အစားထိုးမယ်ဗျာ၊ နယ်စပ်ကို ဖွင့်ပေးလိုက်မယ်၊ စီးပွားရေးလုပ်ငန်းတွေကို ရှင်သန်စေမယ်လေ၊ အကောင်းဆုံး အားသာချက်တွေနဲ့ ပြင်ပကုန်သွယ်မှု ကူးသန်းရေးတွေ လုပ်ကြမယ်ဗျာ''

ပြောရင်းက ရွှင်လန်းအားတက်လာတဲ့ ဖုန်က ဆက်ပြီး

''ဟောဒီဖုန်းဆိုးမြေပေါ်မှာ ကျွန်တော် မြို့သစ်တစ်ခု တည်လိုက်ပြီလေ၊ ဓာမဏီနှစ်ဖော်မြို့လို့ ခေါ်တွင်လိုက်တယ်၊ ကျွန်တော် နှစ်ချီနှစ်လား ကိုးကန့်ဆီ ပြန်လာပြီး ငြိမ်းချမ်းရေးကို သရုပ်ဖော်ကိုယ်စားပြုတဲ့ အမည်နာမပေါ့ဗျာ၊ ဓာမဏီနှစ်ဖော်မြို့မှာ အခြေခံကျတဲ့ လမ်းနှစ်သွယ် ဖောက်ထားပါတယ်၊ ဆိုင်ပြင်ကန္တားပေါင်း ထောင်ချီရှိတယ်၊ ကုန်သွယ်မှု လုပ်ငန်းကို အကြီးအကျယ် အားပေးအားမြှောက်မယ်၊ ပြည်သူပြည်သားတွေ ကြွယ်ဝလာစေရမယ်၊ အခုဆိုရင် ကျွန်တော်ဟာ တောက်တိုမယ်ရ ဟင်းလျာစားချင်ရင်တောင် တရုတ်ပြည်သွားဝယ်ရတယ်ခင်ဗျ၊ နောက်နှစ်မှာ သစ်လွင်တဲ့ ပုံစံသစ်မြို့ကို တည်လိုက်ပါပြီ၊ အခုဆိုရင် တရုတ်ပြည်က စီးပွားရေးတည်ဆောက်မှုတွေ အကြီးအကျယ် လုပ်နေပါတယ်၊ ကျွန်တော်တို့ ဒီမှာလည်း တိုက်ပွဲတော့ ဘယ့်လောက်မှ မရှိတော့ပါဘူး၊ အားလုံးဟာ သဘောထားကြီးကြီးနဲ့ ကြိုးပမ်းအားထုတ်ကြပြီး ချမ်းသာကြွယ်ဝတဲ့ဆီ ခြေလှမ်းနေကြပါပြီ၊ စစ်ပွဲကို မတိုက်ချင်ကြတော့ပါဘူး''

လောက်ကိုင်က စီးကရက်စက်မှုလုပ်ငန်း အဟုန်ပြင်းပြင်းနဲ့ ဖွံ့ဖြိုးတိုးတက်လာပါတယ်။ စက်ရုံအသီးသီးဟာ တရုတ်ပြည်ဆီ သွားတဲ့လူတွေက ထုတ်လုပ်မှုကို ဦးစီးလုပ်ကိုင်ကြပါတယ်။ စန်းရှင်း (ကြယ်သုံးပွင့်)၊ ရွှီးအော(အတိတ်ကအလှ)တံဆိပ်၊ ကျင့်(သန့်မာခြင်း)တံဆိပ်၊ ကျင်းယွီ(ရွှေငါး)တံဆိပ် စီးကရက်ထုပ်ပိုးမှုက အတော့်ကို ဟန်ကျပါတယ်။ မြန်မာနိုင်ငံအနှံ့မှာ တော်တော်လေးကို ရောင်းချရတယ် ကြားရပါတယ်။ ဒါဟာ ကိုးကန့်ရဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးလုပ်ငန်းတွေထဲက တစ်ခု ဖြစ်ပါတယ်၊

သူနဲ့ အလွမ်းတော်တော်လေးသင့်တဲ့ ခွန်ဆာနဲ့ စပ်လျဉ်းပြီး ဖုန်ကျားရှင် နည်းနည်းလေးမှ ထောက်ထားဖုန်းကွယ်မထားပါ၊ သူ့ အထင်အမြင်အတိုင်း သူ ပြောပါတယ်။



''ခွန်ဆာရှိတုန်းကပေါ့ဗျာ၊ (၁၉၆၆) ဇန်နဝါရီလမှာ အစိုးရထံ ခွန်ဆာလက်နက်ချ အညံ့ခံပါတယ်၊ အဲဒီနေ့ရက်မတိုင်ခင်ကို ဖုန်ကျားရှင် ပြောတာဖြစ်တယ်။ (မူရင်းစာရေးဆရာမ ဟွမ်တို့မီရဲ့မှတ်ချက်) အဲဒီနယ်မြေဒေသက လူသူအဖွဲ့အစည်းတွေနဲ့ စည်းလုံးညီညွတ်မှုတွေ ရှိခဲ့ပါတယ်၊ အခု ခွန်ဆာလဲကျသွားပါပြီ၊ အဲဒီနေရာတွေမှာ ဦးဆောင်ဦးရွက် ကင်းမဲ့သွားပါတယ်၊ သူပုန်သူကန်တွေ၊ တောပုန်းဓားပြတွေ အလျှိုလျှို ထွက်လာကြတယ်ဗျ''

ဖုန်ကျားရှင်နှင့် ခွန်ဆာ ချစ်ခင်ရင်းနှီးကြပါတယ်၊ ဒါကို မြန်မာအစိုးရ ရှင်းရှင်းလင်းလင်း သိရှိထားတယ်၊ လွတ်မြောက်ရေးလက်နက်ကို အဖွဲ့အစည်းလေးဖွဲ့ထဲမှာ ဖုန်ကျားရှင်ဟာ ခွန်ဆာနဲ့ အလွမ်းအသင့်ဆုံး ခေါင်းဆောင်ဖြစ်တယ်၊ အစဦးတုန်းက ခွန်ဆာဟာ ဖုန်ကျားရှင်ရဲ့သမက် လင်မိန်စင်း(စိုင်းလင်း)နယ်မြေထဲ သွားရောက်ခိုအောင်းဖို့ ရည်ရွယ်ခဲ့ပါသေးတယ်၊ အဲဒီတုန်းက ဖုန်ကျားရှင်ဟာ တောင်တန်းလေးထဲမှာ မခံမရပ်တာမျိုး ခံစားနေရပါတယ်။

တကယ်လို့ အနေအထားကို တစ်မျိုးတစ်ဖုံ ပြောင်းလဲပစ်ရင် ဘယ်လိုများ ဖြစ်လာချေမလဲ၊ ဥပမာ- ဖုန်ကျားရှင်က သူ့ရဲ့ကိုးကန့်မှာပဲ နေတယ်၊ ဖုန်ကျားရှင်တို့ အာဏာလုတိုက်ပွဲ မရှိတဲ့အတွက် ကိုးကန့်ထဲဝင်လာတဲ့ အခွင့်အလမ်းတွေလည်း မရှိဘူးဆိုရင် ခွန်ဆာ ကိုးကန့်ဆီလာပြီး ခိုလှုံတာမျိုးဟာ မဖြစ်နိုင်ဘူးလို့ မဆိုနိုင်ပါ၊ တစ်ခုတော့ ရှိတာပေါ့၊ ပထဝီမြေကြောက လင်းမိန်စင့်(စိုင်းလင်း)နေရာလောက် နေရထိုင်ရ အဆင်မပြေနိုင်ပါ။

ခွန်ဆာ ပြိုလဲသွားပါတယ်၊ ဖုန်ကျားရှင်အပေါ် ရိုက်ခတ်မှုက နည်းနည်းနောနော မဟုတ်ပါ၊ ကျွန်မတို့ ဆက်လက် ပြောကြဆိုကြမယ့် စကားသံတွေထဲကနေ ကြားကြရမှာပါ၊ ဖုန်ပြောပြတာက…

''ကျွန်တော်တို့ အခု မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေး နည်းဥပဒေကို ချမှတ်ကြပါတယ်၊ တော်တော်လေးတော့ အသုံးကျပါတယ်၊ အပြည့်အစုံတော့ ဟန်ကျပန်ကျ မရှိသေးဘူးပေါ့ဗျာ၊ ဘာ့ကြောင့်ဆို [illegible] မိသားစုမှာ သေနတ်တွေ ဖုံးထားကွယ်ထားဝှက်ထားတာတွေ ရှိနေသေးလို့ ပေါ့ဗျာ''

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးမှာ အဦး စတင် ဆောင်ရွက်တုန်းက သိပ်ပြီး အလောတကြီးနိုင်လွန်းတယ်ဗျာ၊ မူးယစ်ဆေး ကို တိုက်ဖျက်နှိမ်နင်းပါပြီတဲ့၊ ကဲ… သူတို့အိမ်ထောင်စုကို ဘာနဲ့ ကျွေး မလဲဗျာ၊ ကျွန်တော်တို့အတွင်းပိုင်းကလည်း အိမ်ကြက်ချင်း အိုးမဲသုတ်၊ ဆော်ချင်နက်ချင်နေကြတယ်၊ အခုတော့ ကျွန်တော့်မှာ အတွေ့အကြုံတွေ ရှိလာပြီလေ၊ အလောတကြီး လုပ်လို့မရဘူးဗျ၊ တစ်ဘက်က ပိတ်ပင်ဟန့် တားမယ်၊ တစ်ဘက်ကလည်း စီးပွားရေး ဖွံ့ဖြိုးလာအောင် ကြိုးပမ်းပေး ရမယ်၊ ကျွန်တော့်မှာ တပ်သား ငါးရာကျော် ခြောက်ရာ တောင်ပေါ်မှာ ကြံပင်တွေ စိုက်နေကြပြီဗျ"

လက်နက်ချပြီးတဲ့နောက် ခွန်ဆာရဲ့ ဖြောင့်ချက်ကောက်နုတ်ချက် တပိုင်းတလေကို အနောက်တိုင်းသတင်းထောက်တွေ သိရှိရလေအောင် ကျွန်မ (တရုတ်စာရေးဆရာမ ဟွမ်တို့မိ)တို့ ဖောက်သည်ချလိုက်ပါ့မယ်။ ခွန်ဆာက–

"ကျွန်တော်က ဘိန်းရာဇာကြီး တစ်ယောက်ပါလို့ အမေရိကန်တွေ တလျှောက်လုံး ပြောနေဆိုနေတဲ့နှစ်တွေ များလှပါပြီ၊ ဒါပေမဲ့ ကျွန်တော် မူးယစ်ဆေးဝါး ရောင်းဝယ်မှုလုပ်နေတယ်ဆိုတဲ့ ခိုင်လုံတဲ့ သက်သေ အထောက်အထားကို အမေရိကန်တို့ ထုတ်မပြနိုင်ပါဘူး၊ အရင်က ကျွန် တော့်သဘောထားကို အထပ်ထပ် ပြောခဲ့ဖူးပါတယ်၊ ကျွန်တော်လည်းပဲ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းတာကို သဘောတူပါတယ်၊ မူးယစ်ဆေး ဝါးကို ပိတ်ပင်ဟန့်တားမယ်ဆိုရင် ကျွန်တော်ကိုယ်တိုင် ကူညီချင်ပါတယ်၊ ခင်ဗျားတို့က လေယာဉ်တွေ၊ အမြောက်တွေနဲ့ ပစ်တယ်၊ ကြဲချတယ်ဗျာ၊ ဒါပေမဲ့ မိုးလေးတပြိုက်နှစ်ပြိုက် ရွာလာရင် ပြန်ပြီးထွက်လာတာပဲ မဟုတ် လားဗျ၊ ကျွန်တော့်ရဲ့ မူးယစ်ဆေး ပိတ်ပင်ဟန့်တားထားမှုက ကျူပင်ခုတ် ကျူငုတ်မပျောက်စေတဲ့ မြေလှန်နည်းဗျ၊ ဒါပေမဲ့ တစ်ခုတော့ ရှိပါတယ်။ ဘဝကို ဖြည့်ဆည်းပေးဖို့ လိုအပ်ပါတယ်ခင်ဗျာ၊ တခြားသီးနှံ ကူးပြောင်း စိုက်ပျိုးဖို့ကို ကျွန်တော် ဖျောင်းဖျရမှာဖြစ်တယ်၊ ကျွန်တော့်ရဲ့ ခြောက်နှစ် တာ မူးယစ်ဆေးဝါး ပိတ်ပင်ဟန့်တားရေးစီမံကိန်းကို တင်းခံထားနေတဲ့ အတွက်ကြောင့် ရှမ်းပြည်နယ်တခွင်လုံးရဲ့ စီးပွားရေးကို ယုတ်လျော့ကျဆင်း



စေခဲ့ပါတယ်၊ မူးယစ်ဆေးဝါးကို ပိတ်ပင်ဟန့်တားဖို့အတွက် ဒီနှစ်တွေမှာ ကျွန်တော်က ဘိန်းထုတ်လုပ်မှုနယ်မြေကို ရာခိုင်နှုန်းလေးဆယ်အထိ လျော့ ချလိုက်ပါတယ်၊ တခြားသီးနှံ ပြောင်းလဲစိုက်ခိုင်းပါတယ်၊ ဒါပေမဲ့ ရှမ်း ပြည်နယ် ပတ်ဝန်းကျင် လယ်ယာလုပ်ငန်းခွင်က အရမ်းကို ဆိုးဝါးနေပါ တယ်၊ တပြိုင်တည်းမှာပဲ ကျွမ်းကျင်သူတို့ရဲ့ စီစဉ်ညွှန်ကြားမှုတွေ လျော့ နည်းနေပါတယ်၊ သာဓကတစ်ခုကို ထောက်ပြရရင် တောင်သူလယ်သမား တွေ လိုင်ချီးပြောင်းစိုက်ကြတယ်၊ မိုးရာသီရောက်လာတော့ ရေဓာတ်ကို တအားစုပ်ယူလိုက်တယ်၊ မိုးရာသီလည်း ရပ်ရော၊ ပြင်းပြတဲ့နေရောင်အောက် အချိန်အကြာကြီး အပူရှိန်ခံနေရတယ်၊ ရှိရှိသမျှ လိုင်ချီးအားလုံး အက်ကွဲ ကုန်တယ်၊ လုံးဝကို ရောင်းမထွက်တော့ဘူးဗျ၊ နောက်တစ်ခုက တောင်သူ လယ်သမားတွေ ပြောင်းစိုက်ကြတယ်၊ ဆွတ်ခူးတော့မယ်လည်းလုပ်ရော ကြွက်စားလို့ ပြောင်ပါလေရော၊ အရင်က ကျွန်တော်တို့ ပြောခဲ့ဖူးပါတယ်၊ ဘိန်းစိုက်တာက ပြည်သူတွေဖြစ်တယ်၊ ကျွန်တော်က ဘိန်းခွန်လောက်ပဲ ကောက်ခံတာပါ၊ ကျွန်တော် ဘိန်းစိုက်ခင်းမြေဧရိယာကို လျှော့ချလိုက် တယ်၊ ဒီတော့ ဘိန်းအတွက် လျော့ကျမသွားတော့ဘူးလားဗျာ၊ ကျွန်တော့် ရဲ့ ဘိန်းခွန် ကောက်ခံရတာကလည်း နည်းသွားတာပေါ့ဗျာ၊ အခွန်ငွေ လျော့နည်းသွားတယ်၊ တခြားသီးနှံကလည်း ရောင်းလို့က မထွက်၊ ကဲ… မခက်ဘူးလားဗျာ၊ ကျွန်တော်တို့ လယ်သမားတွေကို ကျောက်စိမ်းအရောင်း အဝယ်လုပ်ဖို့ တိုက်တွန်းလိုက်တယ်၊ ဒါပေမဲ့ လယ်ယာကိုသာ လုပ်တတ် တဲ့ လယ်သမားတွေက ကုန်သည်စီးပွားလုပ်ငန်းမျိုးမှာ အတွေ့အကြုံမှ မရှိ ကြတာ၊ ပြင်ပကလာတဲ့ လူလိမ်တွေနဲ့ မကြာခဏတိုးပြီး ပိုက်ဆံတောင် ပြန်မရတော့ဘူးဗျ၊ ဒီလိုနဲ့ နှစ်အတန်အသင့်လည်း ကြာရော အရင်းပါပြုတ် ရောဗျာ"

ဖုန်ကျားရှင်ဟာ ဟိုတချိန်က အာဏာလုပ်ပွဲမှာ အတွန်းလှန်ခံခဲ့ရပြီး တဲ့နောက်ပိုင်း မူးယစ်ဆေးဝါး ပိတ်ပင်ဟန့်တားရေး ပြဿနာရပ်တွေမှာ ရင့်ကျက်ပြီး လူရည်ဝလာပါတယ်။ သာဓကအနေနဲ့ သူ့စကားနဲ့ပဲ ပြောရ ရင် ယခင်တုန်းက မူးယစ်ဆေး ပိတ်ပင်ဟန့်တားတာမှာ သိပ်ပြီး အလောကြီး လွန်းအားကြီးနေတယ်။ ဒါကြောင့် လက်သပ်မွေးထားတဲ့ သူ့ရဲ့ "မြင်းဇက်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးဆွဲ'တဲ့ သူက သူ့ရဲ့အာဏာလုခံရတဲ့ အဖြစ်မျိုးနဲ့ ရင်ဆိုင်တိုးခဲ့ရပါတယ်၊ ယနေ့ကာလက မူးယစ်ဆေးကို ပိတ်ပင်ဟန့်တားတဲ့လမ်းကို မလျှောက်လို့ကို မရတော့ပါဘူး၊ တစစနဲ့ ပိတ်ပင်ဟန့်တားရေးထဲ တိုးဝင်ရမှာဖြစ်တယ်၊ ဒီလိုလုပ်မှပဲ သူ့ရဲ့နယ်မြေစိုးမိုးမှုဟာ တည်တံ့ခိုင်မြဲမှုရှိမယ်ဆိုတာ သူယုံကြည်နေပါတယ်။

ကနေ့လိုမျိုး ကိုးကန့်ဘုရင်ဖုန်ကျားရှင်ကို တညီတညွတ် အကောင်းမြင်ကြပါတယ်၊ အရပ်သူအရပ်သားတွေအားလုံး သူ့ကို အသိအမှတ်ပြုကြပါတယ်၊ ဘယ်သူကမှ သူ့နေရာဝင်အစားထိုးလို့ မရနိုင်ပါ၊ ဖုန်ကျားရှင်ဟာ အိမ်နီးချင်းဆိုတဲ့ ပတ်သက်မှုကြောင့် မိတ်ဆွေလိုပဲ ချစ်ခင်ရင်းနှီးကြတဲ့ လွတ်လပ်ရေးလက်နက်ကိုင် အဖွဲ့အစည်းလေးဖွဲ့နဲ့ 'ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးမျဉ်း'မှာ မဟာမိတ်ဥဿျှောင်ရယ်လို့ လေးစားသမှု ခံရပါတယ်၊ မြန်မာအစိုးရတပ်က သံလွင်မြစ်ရှေ့ဘက်မှာ တပ်စွဲထားပါတယ်၊ ဒါကြောင့်လည်း ကိုးကန့်သားတွေက ပိုမိုပြီး ဖုန်ကျားရှင်ကို ဘုရင်တစ်ဆူလို ချစ်ခင်လေးစားကြပါတယ်၊ ဒါ့ကြောင့်လည်း ဖုန်ကျားရှင်ဗကပဘက် သေနတ်ပြောင်းလှည့်တဲ့ အကျိုးပြုမှုကို မှတ်တမ်းပြုပေး၊ အသိအမှတ်ပြုမှုကြောင့် နယ်ခြားဒေသ အေးချမ်းသာယာရေးကို ထိန်းသိမ်းဖို့ ဖုန်ကျားရှင်ကို အားထားရပါတယ်။

အနောက်တိုင်းသားတို့ရဲ့အမြင်မှာ ဖုန်ကျားရှင်ဟာ အစဉ်အဆက်တလျှောက်လုံးပဲ လော်စစ်ဟန်ရဲ့ နေရာဟောင်းက ခေါင်းဆောင်တစ်ယောက်လို့ပဲ ရှုမြင်ကြပါတယ်။

ဖုန်ကျားရှင်ရဲ့ ဒီအကြောင်းအရာတွေကို အမျှင်မပြတ်တမ်း ပြောပြပါတယ်၊ ပြောနေချိန်မှာ ကုလားထိုင်ကနေ တစ်ချက်ကလေးမှ ထမလာပါ၊ ရေတောင်တစ်စက်ကလေး မသောက်ပါ၊ သူ့ရှေ့စားပွဲပေါ်က သူသောက်ဖို့ရာ ငှဲ့ပေးထားတဲ့ အကြမ်းပန်းကန်လုံးထဲမှာ လက်ဖက်ရည်ကြမ်းက အပြည့်ရှိနေတုန်းပါပဲ၊ ပြာခံခွက်ထဲမှာ အဆက်မပြတ်လောက်အောင် သောက်ပစ်လိုက်တဲ့ ဆေးလိပ်ပြာတွေရယ်၊ ဖင်စီခံတွေ ပုံထားတာ ခွက်ထဲပြည့်နေတာပါပဲ၊ တံခါးပေါက်နားက စားပွဲခုံပေါ်မှာ ချထားတဲ့ တယ်လီဖုန်းနှစ်လုံးဟာ ဘာဖုန်းခေါ်သံကိုမှ မကြားရပါ၊ သူတို့ရဲ့ အရှင်သခင် ပြောပြတာတွေကို စိတ်ဝင်စားပြီး နားထောင်နေသလား မသိရပါ။



အပြင်ဘက်ခြံဝင်းထဲမှာ မိုးသီးရေခဲတုံးတွေ ဖုံးလွှမ်းလို့နေပါတယ်၊ လေသရမ်းမွှေ့ရမ်းလိုက်တဲ့ မိုးသီး ရေခဲတုံးတွေက မာကျောတာမှဖြင့် ကျည်ဆန်တွေအတိုင်းပါပဲ၊ မိုးမှောင်ကျစဉ်တုန်းက မည်းမှောင်နေပေမယ့် မိုးလည်း တိတ်ရော ရာသီက ကြည်လင်သွားပြန်တယ်၊ ကြည်လင်ရာကနေ တမဟုတ်ချင်း မည်းမှောင်ကျသွားပြန်တယ်၊ မိုးသီးနှင်းခဲတွေ ဒုတိယအကြိမ် ကျဆင်းလာပြန်တယ်၊ ရာသီဥတု ဘယ်လိုရှိမယ်ဆိုတာကို ဘယ်လိုမှ ကြိုတင် တွက်ဆထားလို့မရတဲ့ ကိုးကန့်ပါ။

ဒါဟာ ရွှေတြိဂံရဲ့ ကမ္ဘာလောက ဖြစ်တယ်။

ဖုန်ကျားရှင်ရဲ့ ဧည့်ခန်းဆောင်က ရွှေတြိဂံမိုးသက်မုန်တိုင်းရဲ့ ဗဟိုချက်မထဲက တစ်ခုဖြစ်နေပါတယ်၊ ခုနေခါတော့ တကယ့်ကို တိတ်ဆိတ်ငြိမ်သက်တဲ့ နေရာပါ၊ ဘာ့ကြောင့်ဆိုရင် မိုးသက်မုန်တိုင်းတို့ရဲ့ အလယ်ဗဟိုချက်မတိုင်းဟာ တိတ်ဆိတ်ငြိမ်သက်လေ့ရှိပါတယ်။

## ၆–(စ) ဟွမ်တို့မီပြောတဲ့ ဖုန်ကျားရှင်၏ ဖနီးများ

ကျွန်မတို့ရဲ့ စကားဝိုင်းအချိန်တွင်းမှာ လုံချည်ဝတ်တဲ့ လူလတ်ပိုင်းအရွယ် အမျိုးသမီးတစ်ယောက် ဝင်လာပါတယ်၊ အမျိုးသမီးက ဖုန်ကျားရှင် ရှေ့မှောက်ဆီ တည့်တည့်မတ်မတ်ကြီး လျှောက်လာပါတယ်၊ သူ့လက်ကောက်ဝတ်မှာ တင်ထားတဲ့ အပေါ်အင်္ကျီကို ဖုန်ကျားရှင်လက်ထဲ လှမ်းကာပေးလိုက်တယ်၊ စကားတစ်ခွန်းမှ မပြောမဆိုဘဲ ချာခနဲ လှည့်ထွက်သွားပါတယ်၊ သူမရဲ့ ဒီလိုမျိုး ဘာကိုမှ မမှုဘဲ ရဲတင်းပုံတွေ၊ ယဉ်ယဉ်ကျေးကျေးသိမ်သိမ်မွေ့မွေ့လည်းရှိတယ်၊ ဖုန်ကျားရှင်အပေါ်ကို စေ့စေ့စပ်စပ် အလေးမူဂရုပြုပါတယ်၊ ဒါတွေကိုကြည့်ပြီး ဒီအမျိုးသမီးဟာ တော်တော်တန်တန်အမျိုးအစားတော့ မဟုတ်တန်ရာ၊ ဖုန်ကျားရှင်အပါးက အင်မတန် အရေးပါအရာရောက်တဲ့သူဖြစ်ဖို့က သေချာနေပါတယ်။

နေ့လယ်စာ စားကြတော့ သူမဟာ ကူဖော်လောင်ဖက် မိန်းကလေးတွေနဲ့ တစ်စားပွဲတည်း ထိုင်လိုက်ပါတယ်၊ ထူးထူးထွေထွေ မွမ်းမံခြယ်သထားခြင်းလည်း မရှိ၊ ဝတ်ဆင်ထားတာကလည်း ရိုးရိုးကလေးရယ်၊ သူမရဲ့ သွားလာလှုပ်ရှားပုံတွေက ဣန္ဒြေရရ တည်ငြိမ်လေးနက်မှု ရှိပါတယ်၊ ဒါဟာ ရိုးရိုးသာမန် မိန်းမသား တစ်ယောက်တော့ မဟုတ်တန်ရာ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ဘယ်သူကမှ ကျွန်မတို့ကို မိတ်ဆက်မပေးပါ၊ ဒါပေမဲ့ ဘယ်သူမှ ဝိုဝိုးရဲရဲ ထင်ရာစိုင်းမဝင်သင့်တဲ့နေရာမျိုးမှာ သူမဟာ အသံမပေးဘာမပေးဘဲ နှစ်ကြိမ်တောင် ပေါ်ထွက်လာခဲ့ပါတယ်၊ သေချာပေါက် တွက်ဆလို့ ရသွားပါပြီ၊ သူမလည်းပဲ ဒီက အရှင်သခင်မ ဖြစ်ချေလိမ့်မယ်။

ကျွန်မတို့ ကိုးကန့်ကနေ ထွက်ခွာဖို့ နှုတ်ဆက်ကြတော့လည်း ဖုန်ကျားရှင်ဟာ ကျွန်မတို့ကို အဲဒီအမျိုးသမီးနဲ့ တရားဝင်မိတ်ဆက်ပေးမှု မပြုပါ၊ ဒါပေမဲ့ သူမဟာ ဖုန်ကျားရှင်နံဘေးမှာ တတွဲတွဲ သွားလာပြနေတာဟာ သူမဘာဆိုတာ သိသာထင်ရှားအောင် မိတ်ဆက်ပေးသလိုမျိုး ဖြစ်နေပါတယ်၊ သူမမှာ ဝင်းလက်တောက်ပတဲ့ ဖာမဏီငှက်ရဲ့ မျက်လုံးတွေ ရှိနေပါတယ်၊ ကျွန်မတို့ အဲဒီဝင်းလက်တောက်ပတဲ့ မျက်လုံးနဲ့ ဆုံလိုက်တာနဲ့ သူမရဲ့ မျက်လုံးတွေက ကျွန်မတို့ကို တရင်းတနှီး ဖိတ်ခေါ်ကမ်းလှမ်းလိုက်သလိုမျိုး ခံစားလိုက်ရပါတယ်၊ တော်တော်လေး ဖော်ရွေရင်းနှီးတတ်မယ့် သူကလေးပါလေ။

ဖာမဏီမျက်လုံးရှင် အမျိုးသမီး ယူဆောင်လာတဲ့ တွန့်ကြေနေတဲ့ အနွေးထည်ကို ဖုန်ကျားရှင် လှမ်းယူလိုက်ပါတယ်၊ ဒီအခြင်းအရာကို တွေ့မြင်လိုက်ရတော့ သာမန်မဟုတ်တဲ့ အမျိုးသမီးလို့ ကောက်ချက်ချလိုက်ပါတယ်။

ဖုန်က ကျွန်မတို့ကို ပြောပါတယ်၊ စစ်ပွဲကာလတွေတုန်းက မကြာခဏ ထမင်းစားရတယ်မရှိပါ၊ တစ်လနှစ်လလောက် အစားကောင်းကောင်း စားရတယ်မရှိပါ၊ အလေ့ကျပေါက်နေတဲ့ အသီးအရွက်ကို ခူးပြီး ထမင်းအစား စားကြရတယ်၊ ဗကပပြည်သူ့တပ်မတော် ရှေးဦးပိုင်းအချိန်တွေတုန်းက နိုင်ငံရေးယုံကြည်ချက်အရ စစ်ကိုတိုက်ကြတယ်၊ စားဝတ်နေရေးတော်တော့်ကို ဒုက္ခဆင်းရဲခံကြရတယ်၊ အထူးသဖြင့် တပ်ဖွဲ့ကြီးနှင့် ပိုပြီးအလှမ်းဝေးကွာတဲ့ အမှတ် (၁၀၁) စစ်နယ်မြေဒေသ ကချင်တိုင်းရင်းသားအရာရှိအရာခံအကြပ်တပ်သားတွေက ပိုပြီးဒုက္ခခံရပါတယ်၊ သူတို့တွေဆားရည်ကိုဖျော်ပြီး ဝမ်းကိုဖြည့်ကြရတယ်၊ တစ်ခါတစ်လေများ သစ်ခေါက်တို့၊ အလေ့ကျ ပေါက်တဲ့ သစ်သီးဝလံကို စားကြရတယ်၊ ဖုန်ကျားရှင်



စစ်သည်တော် ဘဝနဲ့ နေခဲ့ရတာ နှစ်ပေါင်းလေးဆယ် ရှိလာပါပြီ၊ ဖြစ်သလိုစားတဲ့ အကျင့်ကို ရနေပါတယ်၊ ခုလည်းပဲ အကျင့်ဟောင်းက ဖျောက်မရပါ၊ သူ ကျွန်မတို့နှင့် ဝင်းထဲမှာ အတူ စားကြတိုင်း သူတကာထက် စားတာ နည်းလှတယ်။

နေရေးထိုင်ရေးအကြောင်း ဘာတွေဘယ်လိုပြောပြော ကနေ့ တွေ့ကြမြင်ကြတဲ့ ဖုန်ကျားရှင်ဟာ သူဌေးသူကြွယ်စာရင်း ပေါက်နေတဲ့သူပါ၊ ညာဘက်လက်ရဲ့ လက်ခလယ်မှာ လက်မအရွယ်အစားရှိတဲ့ ကျောက်စိမ်းလက်စွပ် ဝတ်ဆင်ထားပါတယ်၊ လူက ပိန်ကျသွားတော့ လက်စွပ်က လက်ခလယ်မှာ ချောင်နေပါတယ်၊ လက်ချောင်းတည့်တည့်မှာ ရှိမနေဘဲ ချောပြီး ဘေးကို စောင်းစောင်းပြီး လျှောကျလာပါတယ်။

ဖုန်ကျားရှင် နှုတ်ထွက်စကားကနေ သိလာရတာက သူ့မှာ ကိုယ်ပိုင်ကျောက်စိမ်းတွင်း ရှိနေပါတယ်၊ လက်မှာ စွပ်ထားတဲ့ ကျောက်စိမ်းက တရုတ်ငွေ ရင်မင်ပီယွမ်နှစ်သိန်းကျော် တန်ဖိုးရှိပါတယ်၊ ဖုန်ကျားရှင်က သူ့ရဲ့ကျောက်စိမ်းလက်စွပ်ပေါ်က အမည်းစက်ကလေးကို ကျွန်မတို့ကို ပြသပါတယ်၊ အဲဒီသေးငယ်တဲ့ အပြစ်အနာအဆာလေးကြောင့် တန်ဖိုးက ယွမ်နှစ်သိန်းလောက်ပဲ တန်သွားတာတဲ့၊ ဒါလေးသာမရှိရင် ဒီထက်တန်ဖိုးမြင့်တက်သွားပါလိမ့်မယ်လို့ ပြောပြပါတယ်၊ သူ့စကားအရ အခုသူနေတဲ့အိမ်နဲ့ ခြံဝင်းကို ကျွန်မတို့ ခန့်မှန်းတွက်ချက်ကြည့်လိုက်တယ်၊ သူ့ရဲ့လက်စွပ်လောက်တောင် အဖိုးသားနား မရှိဘဲ ဖြစ်နေပါတယ်။

ဖာမဏီမျက်လုံးရှင် သခင်မလေးရဲ့ လက်တံ၊ လည်တံတွေမှာ ပြိုးပြိုးပြောင်ပြောင် စိန်ရွှေရတနာတွေ တွဲရရွဲ ဆင်မြန်းထားလို့ ရနိုင်ပါတယ်၊ ခြေတစ်လှမ်း လှမ်းအလိုက် ဖြူနီပြာဝါ ရောင်စဉ်တန်းတွေ ဝင်းလဲ့တောက်ပ ရွှန်းတင့်လှပတာတွေ ညွတ်နေအောင် ဆင်မြန်းထားနိုင်ပါတယ်၊ ခြေတစ်လှမ်းကို ကုဋေတစ်သန်းတန်တဲ့ သခင်မလေးလို လှလှပပ နေနိုင်ပါတယ်၊ ဒါပေမဲ့ အရှင်သခင်မလေးရဲ့ ကိုယ်ခန္ဓာထက်မှာ ရွှေကိုလည်းမဆင်၊ ငွေကိုလည်း မဆင်၊ စိန်ရွှေကျောက်မျက်ရတနာ ဘာတစ်ခုမှ ဝတ်ဆင်မထားပါ၊ ရိုးရာဓလေ့ (ရှမ်းတိုင်းရင်းသူ) လုံချည်ထဘီကိုပဲ ရိုးရိုးလေး ဝတ်ဆင်ထားပါတယ်၊ ဒါမှလည်းပဲ အချိန်မရွေး ပေါ်ပေါက်လာမယ့် စစ်ချိန်အတွက်အတွက် အသင့် ပြင်ဆင်ထားတာလည်း ဖြစ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူရဲကောင်းနှင့် မိန်းမလှတို့ရဲ့အကြောင်းက ဝတ္ထုပုံပြင်တို့တွေ များပြားလှပါတယ်၊ နောက်ပြီး ယောကျ်ားကောင်း မောင်းမတစ်ထောင်တဲ့၊ ဒီတော့လည်း ဖုန်ကျားရှင်မှာ မယားကြီး၊ မယားငယ်တွေ အများအပြား ရှိတယ်ရယ်လို့ အပြင်လောကကလူတွေက ပြောကြပါတယ်၊ သူ့မှာ သားသမီးတွေလည်း တစ်စုတစ်ပြုံကြီးနဲ့တဲ့၊ ရှေးခေတ်တွေတုန်းက ပဒေသရာဇ်မင်းဧကရာဇ်တွေလို မိဖုရားမောင်းမမိသံတွေ အမြောက်အများရှိတဲ့ ဖုန်ကျားရှင်ရယ်လို့ သရုပ်ဖော်ပြောကြတဲ့အကြောင်း ကျွန်မတို့က သူ့ကိုပြောပြလိုက်တော့ သူ အားရပါးရ ရယ်လိုက်လေတယ်။

"မဟုတ်ရပါဘူးဗျာ၊ မယားသုံးယောက်သာ ရှိပါတယ်၊ သားကငါးယောက်၊ သမီးမိန်းကလေးက (၁၂) ယောက်တော့ ရှိတယ်၊ သားအကြီးဆုံးက မန္တလေးမှာနေတယ်၊ ဒုတိယနဲ့ တတိယသားတို့ကလည်း အဲဟိုမှာ ကျောက်မျက်ရတနာဆိုင် ဖွင့်ထားကြတယ်၊ နောက်ပြီး ကျောက်စိမ်းတွင်းနှစ်တွင်း၊ ပတ္တမြားတစ်တွင်း တူးကြပါတယ်၊

ဇနီးသုံးယောက်အကြောင်း ပြောတာမှာ သူက 'အကြီး' နဲ့ ပတ်သက်တာကိုသာ ပြောပါတယ်၊ နောင်တော့မှ တခြားသူတွေဆီကနေ ဒုတိယနဲ့ တတိယဇနီးသည်အကြောင်းတွေကို သိရပါတယ်၊ ဒုတိယနဲ့ တတိယဇနီးနှစ်ယောက်က ညီအစ်မရင်းတွေ ဖြစ်ကြတယ်၊ ရှမ်းမလေးတွေပါ။

ဖုန်ကျားရှင်က အငယ်မလေးကို ဒုတိယဇနီးအဖြစ်နဲ့ ပေါင်းသင်းပါတယ်၊ နောက်တော့မှ အစ်မဖြစ်တဲ့သူကို တတိယဇနီးအဖြစ် ယူလိုက်တာပါ၊ ဒါပေမဲ့ တတိယဇနီးသည်ကို တရားဝင် လက်မထပ်ရသေးပါ၊ ဖုန်ကျားရှင် အသက် (၆၀) ပြည့် မွေးနေ့ပွဲမှာ အစ်မဖြစ်တဲ့ တတိယဇနီးသည်က မွေးကာစ သမီးကလေးကို ချီပွေ့ပြီး ဖုန်ကျားရှင်ဘေးမှာ ရပ်နေပါတယ်၊ ဖုန်ကျားရှင်နှင့်အတူ မွေးနေ့ပွဲလာ ဧည့်သည်တွေကို ဧည့်ခံတွေ့ဆုံပါတယ်၊ ဖုန်ကျားရှင် ဇရာပိုင်းရောက်လေမှ သမီးလေးတစ်ယောက် ထပ်ပြီး တိုးပွားလာတာကို ဝမ်းမြောက်ဝမ်းသာ ဖြစ်မိနေကြပါတယ်၊ သမီးငယ်လေးရဲ့ မိခင်နဲ့အတူ သူ့ရဲ့ ဘေးမှာ မိတ်ဆွေတွေနဲ့ ပြုံးပျော်နေကြပါတယ်၊ ဒုတိယဇနီးကတော့ လဲတဲ့ မိုင်းလားမှာ နေထိုင်ပါတယ်၊ ဖုန်ကျားရှင် အိမ်နိမ့်စံဘဝ ရောက်ခဲ့စဉ်တုန်းက နေထိုင်ခဲ့တဲ့ တောင်တန်းလေးမှာပါ။



ကျွန်မတို့နှစ်ရက်တာ ထိတွေ့ကြတာမှာ မယားအငယ်လေးက ဖုန်ကျားရှင်ရဲ့အပါးမှာ ဘာအသံမှ မပေးဘဲ တိတ်ဆိတ်ငြိမ်သက်ပြီး အရိပ်ပမာ နေပါတယ်၊ သူမရဲ့ သတိလက်မလွှတ်တဲ့ လှပတဲ့ မျက်လုံးလေးတွေက အမြဲတမ်းပဲ ရှင်သန်နေပါတယ်၊ ရန်မောက်လျှံညီအစ်ကိုတွေ တော်လှန်ပုန်ကန်စဉ်တုန်းက သူမဟာ တည်တည်ငြိမ်ငြိမ်နဲ့ အပြင်းဖျားနေတဲ့ ဖုန်ကျားရှင်ကို အိပ်ရာထဲကနေ ကားပေါ်အတင်းဆွဲတင်ပါတယ်၊ သေနတ်ကျည်ဆံတွေကြားကနေ အတင်းပဲ ထိုးဖောက်ထွက်လာကြတယ်၊ ထိုစဉ်တုန်းက ဖြစ်အင်ကို အခုနေအခါမျိုးမှာ တွေ့မြင်လိုက်ရရင်ဖြင့် တကယ့်ကို သည်းထိတ်ရင်ဖိုစရာပါပဲ။

အထက်ပါအကြောင်းအရာတွေကတော့ ကျွန်တော် မြန်မာဘာသာပြန်ဆိုပြီး 'မော်ကွန်းမဂ္ဂဇင်း' မှာ အခန်းဆက်အဖြစ် အပိုင်း (၁၆)ပိုင်းမှာ ပါရှိတဲ့ 'မူးယစ်ဝက်ဘာရှေ့တိုက်'' ထဲက ပြန်လည်ကူးယူဖော်ပြထားခြင်းဖြစ်တယ်။ အဲဒီ ဖုန်ကျားရှင် မယားများတဲ့အကြောင်းကိုပဲ ဗမာပြည်ကွန်မြူနစ်ပါတီ ပြည်သူ့တပ်မတော်ထဲမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်တိုက်ခိုက်ခဲ့တဲ့ ဟန်တရုတ်နွယ်ဖွားနှင့် ပိုင်လူနည်းစုတိုင်းရင်းသား (တရုတ်နိုင်ငံ)ဖြစ်တဲ့ စာရေးဆရာ ကျမ်းကျဲန့်ကျန်းက သူ့ရဲ့ **"ဗမာပြည်ကွန်မြူနစ်ပါတီသွေးခင်းလမ်း"** စာအုပ်မှာ တစ်မျိုးတစ်ဘာသာ ရေးသားဖော်ပြထားပြန်တယ်။

ကျမ်းကျဲန့်ကျန်းရဲ့ ဖော်ပြထားချက်မှာက-

ဖုန်ကျားရှင်ရဲ့ ပထမဦးဆုံးဇနီးက သူ့ကိုတော်လှန်ပုန်ကန်တဲ့ 'မြင်းဇက်ကြိုး' ဆွဲတဲ့ ရန်မောက်အန်း လက်ရှိပေါင်းသင်းနေတဲ့ ဇနီးဖြစ်ပါတယ်၊ ရှေ့ဆုံးဆွေမျိုးစုစာလုံးက 'ဟူ'ဖြစ်တယ်၊ အဲဒီပထမဦးဆုံး ဖုန်ကျားရှင်ရဲ့ မယားကြီးက ခရီးပြင်းနှင်ရင်း အနားယူအပန်းဖြေခိုက်မှာ လွတ်ခနဲ လေလည်သွားပါတယ်၊ ကိုးကန့်သားတို့ရဲ့ ဓလေ့ထုံးတမ်းမှာက ဒါဟာ အမင်္ဂလာတစ်ရပ်ရယ်လို့ အစွဲအလမ်းရှိကြပါတယ်၊ ဒါ့ကြောင့် ဖုန်ကျားရှင် သူ့ကို ကွာပစ်လိုက်တယ်။

ဒုတိယဇနီးရဲ့ ရှေ့ဆုံးမျိုးနွယ်စုဆွေမျိုးစာလုံးက 'ကျန်'ဖြစ်တယ်၊ ဖုန်ကျားရှင်ဘက်ကလူတွေ သဘောမတူကြတဲ့အတွက် ဒါကိုလည်း ဖျက်ထားလိုက်ပြန်တယ်၊ တတိယမြောက်ဇနီးက အခုဆိုရင် အိမ်ကြီးသခင်ဖြစ်နေပါပြီ၊

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဖုန်ကျားရှင်က ဗမာပြည်ကွန်မြူနစ်ပါတီဝင်တစ်ယောက် ဖြစ်ဖို့ လျှောက်ထားတာ ကာလအတန်ကြာပါပြီ၊ သူ့ရဲ့ မယားတွေ မှီလိုက်ပေါက် မှုကြောင့် ပါတီက သူ့ကို "ထစ်" ထားပါတယ်၊ နောက်ပြီး နောက်ပိုင်းမှာ သူ့ရဲ့ တိုက်ခိုက်ရေး(စစ်ပွဲ)တွေက ဆုံးရှုံးမှုတွေများတာကြောင့်လည်း ပါတီဝင်ဖြစ်ရေးမှာ အထစ်အငေါ့ဖြစ်နေပြန်တယ်။

ကိုယ်ရေးကိုယ်တာ အဆင်မပြေမှုတွေ အဖုံဖုံအလီလီတို့ကြောင့် 'ဝုတောင်'ဆိုတဲ့ ကျွန်းကလေးမှာ သွားရောက်အနားယူ အပန်းဖြေပါတယ်၊ အရက်ကလေး ခပ်ထွေထွေရှိနေခိုက် ကုန်ရောင်းကုန်ဝယ်သွားလာနေတဲ့ ကျိုင်းတုံက ရှမ်းမလေးတစ်ယောက်နဲ့ မျောက်မှားမိပြန်ပါရော၊ ရှမ်းမလေး နာမည်က အန်းကြောင်းတဲ့၊ သမီးလေးတစ်ယောက် မွေးဖွားပါတယ်၊ တဖန် ဟို့တောင်ဆိုသူရဲ့ သမီးငယ်လေး နှစ်ယောက်နဲ့လည်း ညိစွန်းသွား ပြန်တယ်၊ စတုတ္ထမြောက်နဲ့ ပဉ္စမမြောက် ဇနီးမယားတွေ ဖြစ်လာပြန်တယ်၊ လင်လုဘက်ဒီညီအစ်မနှစ်ယောက်က ရန်ပွဲ တကျက်ကျက် ဖြစ်ကြပါတယ်၊ လင်လုဘက်ညီအစ်မရန်ပွဲမှာ ဖုန်ကျားရှင် ဘယ်လိုမှ ဝင်ထိန်းမရတဲ့အဆုံး သူပါ ဒေါသပေါက်ကွဲပြီး အိုးခွက်ပန်းကန်တွေနဲ့ ရိုက်ခွဲ ပေါက်ခွဲရတဲ့ အဆင့်ထိ မကြာခဏ ရောက်ရောက်သွားပါတယ်။

တဏှာရာဂ လွန်ပြင်းပြတဲ့ ဖုန်ကျားရှင်ရဲ့ သတင်းအနံ့ဆိုးတွေ ပျံ့လွင့်ထွက်လာတယ်၊ ဗမာပြည်ကွန်မြူနစ်ပါတီက သူ့ကို ဘယ်လိုမှ ပါတီဝင်အဖြစ် အသိအမှတ်မပြုနိုင်ပါ၊ ဒါ့အပြင် သူ့ရဲ့တာဝန်တွေကို ရုတ်သိမ်းပြီး ချောင်ထိုးထားလိုက်တယ်၊ သူလည်းပဲ ကျန်းမာရေး မကောင်းဘူးဆိုပြီး အကြောင်းပြပါတယ်၊ ရှာပြန်ဆင်းနေလိုက်တယ်။

ဟိုးလွန်ခဲ့တဲ့ ၁၉၆၈ ခုနှစ်မှာတုန်းက တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ တိုက်တွန်းချက်နဲ့ ဖုန်ကျားရှင်ဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပြည်သူ့တပ်မတော်မှာ ကြီးကြီးမားမား တာဝန်ထမ်းဆောင်ပါတယ်၊ သူ့ရဲ့ ကိုးကန့်သား လွတ်မြောက်ရေးတပ်ဖွဲ့ကို ဦးဆောင်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီ ပြည်သူ့တပ်မတော်အတွက် ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်ခဲ့ပါတယ်၊ စစ်အောင်ပွဲကြီးတွေ အလီလီ ရရှိခဲ့ပါတယ်၊ ဒီအောင်ပွဲကြီးတွေက ဖုန်ကျားရှင်ရဲ့ အစွမ်းအစတွေ ပါဝင်နေပါတယ်။

BURMESE CLASSIC .com



အခုတော့ သူ အင်မတန် ဖြစ်ချင်တဲ့ ဗကပပါတီဝင်လည်း ဖြစ်ခွင့်မရ၊ ရာထူးချထားပြီး ချောင်ထိုးထားပြန်တယ်၊ ဒီလိုအချိန်မှာ မြန်မာစစ်အစိုးရ စေလွှတ်တဲ့ တမန်တော် လော်စစ်ဟန်နဲ့ တွဲဖက်မိပြန်တယ်၊ ဒီလိုနဲ့ပဲ သူ့ကို လျှော့တွက်ထားတဲ့ ဗကပဗဟိုကော်မတီရဲ့ အရှိက်ကို ထိုးနှက်လိုက်တယ်၊ ဗမာပြည်ကွန်မြူနစ်ပါတီ ဘုံးဘုံးလဲကျသွားပါတယ်။

ဖုန်ကျားရှင် အာဏာသိမ်းပိုက်လိုက်ပြီး မြန်မာအစိုးရရဲ့ ကျောထောက်နောက်ခံအင်အား အလုံးအရင်းကို ယူပြီး မြန်မာနိုင်ငံ ရှမ်းပြည်နယ် ကိုးကန့် အထူးဒေသကို တည်ထောင်လိုက်ပါတယ်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

# တစ်ကျော့ပြန် ဖုန်ကျားရှင်

မန်းမိုးအေး
(ဝါးခယ်မ)
စုစည်း
ပြန်ဆိုသည်

www.burmeseclassic.com